# LIFT

# နှစ်ပတ်လည် အစီရင်ခံစာ ၂၀၁၅







Livelihoods and Food Security Trust Fund

## ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံရှိ ကျေးလက်နေ နွမ်းပါးသူများ၏ အသက်မွေးမှုနှင့် စာနပ်ရိက္ခာဖူလုံမှုတို့ ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် ထည့်ဝင်လှူဒါန်းကြသော ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပ သမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက် ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စု အစိုးရများကို ကျေးဇူးတင်ရှိပါသည်။ အသက်မွေးဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT)ကို ပံ့ပိုးကူညီကြခြင်းအတွက် ကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။ ထို့ပြင် LIFT ၏ ပထမဦးဆုံးသော ပုဂ္ဂလိကကဏ္ဍမှ အလှူရှင်ဖြစ်သည့် မစ်ဆူဘီရှိ ကော်ပိုရေးရှင်းကိုလည်း ကျေးဇူးတင်ပါသည်။


## အသိပေးကြေငြာချက်


ဤအစီရင်ခံစာကို ၂၀၁၅ခုနှစ်အတွင်း LIFT က ရန်ပုံငွေ ပံ့ပိုးခဲ့သော စီမံချက်များမှ ရရှိသည့် အချက်အလက်များအပေါ် အခြေခံပြီး ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပ သမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက် ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စု နှင့် မစ်ဆူဘီရှိ ကော်ပိုရေးရှင်းတို့၏ ဘဏ္ဍာရေး အထောက်အပံ့ဖြင့် ရေးသားပြုစုထားပါသည်။ ဤအစီရင်ခံစာတွင် ရေးသားဖော်ပြထားသော အမြင်များသည် LIFT တွင် ထည့်ဝင်လှူဒါန်းထားကြသည့် အလှူရှင်များ၏ တရားဝင်အမြင်များဟု မယူဆနိုင်ပါ။


ငွေလဲလှယ်နှုန်း ။ ဤအစီရင်ခံစာတွင် မြန်မာကျပ်ငွေကို ကန်ဒေါ်လာနှင့် လဲလှယ်နှုန်းမှာ ၁၂၀၀ : ၁ ဖြစ်သည်။ ယင်းမှာ တစ်နှစ်တာလုံး ငွေလဲလှယ်နှုန်းကို ပျမ်းမျှယူထားခြင်းဖြစ်သည်။


ဓါတ်ပုံများကို  Jacquetta Hayes, Anna Laming, Abigail Samuelsen, Hsu Mon Aung, Save the Children, Jennifer Macintyre, Minzayar Oo,  Kaung Htet and Daniel Urrutia Carlos တို့မှ ရိုက်ကူးထားပါသည်။

ဤအစီရင်ခံစာ ကို www.lift-fund.org တွင် ရယူနိုင်ပါသည်။

LIFT is managed by the United Nations Office for Project Services

UNOPS

# မာတိကာ


၁။ အနှစ်ချုပ်တင်ပြချက် ၁
၂။ အကျိုးရလဒ်များ ၁၀
၃။ နယ်မြေဒေသများ ၂၇
  ၃.၁။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ၂၈
  ၃.၂။ အပူပိုင်းဇုန် ၃၇
  ၃.၃။ တောင်တန်းဒေသ ၄၄
  ၃.၄။ ရခိုင်ဒေသ ၅၂
၄။ ဒေသစီမံကိန်းများကို ပံ့ပိုးခြင်း ၆၁
  ၄.၁။ LIFT၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း ၆၁
  ၄.၂။ ပုဂ္ဂလိကကဏ္ဍ နှင့် ထိတွေ့ဆောင်ရွက်မှု ၆၇
  ၄.၃။ အရပ်ဘက်လူမှုအဖွဲ့အစည်း နှင့် လက်တွဲဆောင်ရွက်ခြင်း ၇၀
  ၄.၄။ LIFT၏ရွှေ့ပြောင်းသွားလာရေး စီမံကိန်းသစ် ၇၄
၅။ စနစ်အပြောင်းအလဲကို အားထုတ်ခြင်း ၇၆
  ၅.၁။ အစိုးရကို ပံ့ပိုးခြင်း ၇၇
  ၅.၂။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု ၇၈
  ၅.၃။ အားလုံးပါဝင်သော စိုက်ပျိုးရေး တန်ဖိုးကွင်းဆက် ၇၉
  ၅.၄။ မြေယာလုပ်ပိုင်ခွင့်အာမခံ ၈၀
  ၅.၅။ အာဟာရဆိုင်ရာ ၈၂
  ၅.၆။ လူမှုကာကွယ်စောင့်ရှောက်ရေး ၈၄
  ၅.၇။ ရာသီဉတု အပြောင်းအလဲကို ကြံ့ကြံ့ခံနိုင်မှု ၈၆
  ၅.၈။ ကျားမရေးရာ ၈၈
  ၅.၉။ လေ့လာမှု နှင့် စစ်တမ်းများ ၉၁
၆။ ရန်ပုံငွေစီမံခန့်ခွဲခြင်း ၉၂
  ၆.၁။ အုပ်ချုပ်ရေး ကိစ္စရပ်များ ၉၃
  ၆.၂။ LIFT၏ရန်ပုံငွေခွဲဝေမှု ၉၃
  ၆.၃။ ရန်ပုံငွေစီးဆင်းမှု နှင့် မိတ်ဖက်များ၏ စွမ်းဆောင်ရည် ၉၅
  ၆.၄။ ဆက်သွယ်ရေး ၉၈
  ၆.၅။ တာဝန်ခံမှု နှင့် သင်ယူမှုတို့အတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း(MEAL) ၉၉
  ၆.၆။ ဘဏ္ဍာရေး ၁၀၁
  နောက်ဆက်တွဲများ ၁၀၂
  နောက်ဆက်တွဲ၁။ LIFT ဆောင်ရွက်သောစီမံချက်များနှင့် စီမံချက်နယ်မြေများ ၁၀၃
  နောက်ဆက်တွဲ၂။ ၂၀၁၅ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော/ပိတ်သိမ်းခဲ့သော စီမံချက်များ ၁၀၅
  နောက်ဆက်တွဲ၃။ LIFT၏ယုတ္တိဗေဒမူဘောင် ၂၀၁၅-၂၀၁၈ ၁၁၀
  နောက်ဆက်တွဲ၄။ မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်၊ တောင်တန်းဒေသ၊ ရခိုင်ဒေသတို့တွင် စီမံချက် ဆောင်ရွက်ချက်များ ၁၁၆
  နောက်ဆက်တွဲ၅။၂၀၁၅ခုနှစ်နှစ်ကုန်ရှိ LIFT၏ အသေးစား ငွေရေးကြေးရေး မိတ်ဖက်တို့၏ အကောင်အထည်ဖော်နိုင်မှုများ ၁၃၆
  နောက်ဆက်တွဲ၆။၂၀၁၅ခုနှစ် မူဝါဒဆိုင်ရာ ထိတွေ့ဆောင်ရွက်မှုများ ၁၃၇
  နောက်ဆက်တွဲ၇။၂၀၁၅ခုနှစ် တင်ပြခဲ့သော LIFT၏လေ့လာမှုများ ၁၄၅

# အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| ASEAN | Association of Southeast Asian Nations |
| CBO | community-based organisation |
| BMP | best management practice |
| CSO | civil society organisation |
| DALMS | Department of Agricultural Land Management and Statistics |
| DAR | Department of Agricultural Research |
| DC | Donor Consortium |
| DoA | Department of Agriculture |
| DoF | Department of Fisheries |
| DRD | Department for Rural Development |
| DSW | Department of Social Welfare |
| FMO | Fund Management Office |
| FB | Fund Board |
| FDI | foreign direct investment |
| FRD | Financial Regulatory Department |
| FSWG | Food Security Working Group |
| FSIN | Food Security Information Network |
| GEN | Gender Equality Network |
| GIS | geographic information system |
| GRET | Group de Recherches et d'Echanges Technologiques |
| IFC | International Finance Corporation |
| IGA | income-generation activity |
| INGO | international non-governmental organisation |
| IP | implementing partner |
| LBVD | Livestock Breeding and Veterinary Department |
| LCG | Land Core Group |
| LEARN | Leveraging Essential Nutrition Actions To Reduce Malnutrition project |
| M&E | Monitoring and Evaluation |
| MAHFP | Months of adequate household food provisioning |
| MADB | Myanmar Agriculture Development Bank |
| MCT | maternal cash transfer |
| MEAL | monitoring and evaluation for accountability and learning |
| MFI | microfinance organisation |
| MFI | microfinance institution |
| MMFA | Myanmar Microfinance Association |
| MMK | Myanmar Kyat |
| MOAI | Ministry of Agriculture and Irrigation |
| MoLFRD | Ministry of Livestock, Fisheries and Rural Development |
| NLD | National League for Democracy |
| NLUP | National Land Use Policy |
| NNC | National Nutrition Centre |
| PGMF | Pact Global Microfinance |
| PoVAW | Prevention of Violence Against Women Law |
| PwD | people with disabilities |
| QSEM | Qualitative Social and Economic Monitoring (report) |
| REVEAL | Reducing Economic Vulnerability through an Equitable/Inclusive Approach to Livelihoods |
| SLRD | Settlement and Land Record Department |
| RCT | randomised control trial |
| SP | social protection |
| SPPRG | Social Policy & Poverty Research Group |
| SRG | self-reliance groups |
| SRI | system of rice intensification |
| TOC | theories of change |
| UNOPS | United Nations Office for Project Services |
| USAID | United States Agency for International Development |
| VDC | village development committee |
| VSLA | village savings and loan association |
| WASH | water, sanitation and hygiene |
| WHH | Welthungerhilfe |

# အားလုံးပါဝင်သောအသွင်ကူးပြောင်းလဲမှုဖြစ်စေရန် ဆောင်ရွက်ခြင်း




၂၀၁၀-၂၀၁၅ခုနှစ်ကာလအတွင်း LIFT နှင့်ထိတွေ့ခဲ့သော မိသားစုအရေအတွက် စုစုပေါင်း

မြန်မာနိုင်ငံမှ ကျေးလက်နေလူထုတို့ အာဟာရကောင်းမွန်လာခြင်း၊ ဝင်ငွေရလမ်း အမျိုးမျိုးရှိလာခြင်း၊ ကျွမ်းကျင်မှုများ ဖြစ်ထွန်းလာခြင်းတို့ဖြင့် စီးပွားရေးအလားအလာ အပြည့်အဝရှိလာစေရန်အတွက် အလှူရှင်အများက စုပေါင်း ထည့်ဝင်ထားသည့် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT)သည် ၂၀၁၀ခုနှစ်မှစ၍ ကူညီခဲ့သည်။

မြန်မာနိုင်ငံ၏ဖွံ့ဖြိုးရေးတွင် လုပ်ကွက်ငယ်တောင်သူများနှင့် လယ်မဲ့မြေမဲ့များ ပါဝင်လာနိုင်မည့် အခွင့်အလမ်းများ နှင့်အတူ အားလုံးပါဝင်သော တိုးတက်မှုကို ဖြစ်ထွန်းစေခြင်းဖြင့် မြန်မာ့ကျေးလက်စီးပွားရေး၏ အသွင်ပြောင်းလဲမှုကို ထောက်ပံ့သည်။ အသိပညာအသစ်၊ နည်းပညာအသစ်၊ ငွေကြေးနှင့် ဈေးကွက် လက်လှမ်းမီမှုတို့ကို LIFTက ဖြည့်ဆည်းပေးသည်။ ထို့ပြင် ကျေးလက်နေ နွမ်းပါးသူတို့၏ဘဝကို တိုးတက်ကောင်းမွန်စေမည့် မူဝါဒများကို ရေးဆွဲရာတွင် ကျောထောက်နောက်ခံပြုရမည့် အထောက်အထား အချက်အလက်များကိုလည်း ဖော်ထုတ်ပေးသည်။ ဤနိုင်ငံ၏ ကျေးလက်နေလူထု၏ ၁၀%ခန့် ဖြစ်သော လူပေါင်း သုံးသန်းခွဲကျော်ထံသို့ ကန်ဒေါ်လာ ၂၀၇သန်း တန်ဖိုးရှိသော LIFT၏ အထောက်အပံ့များ ရောက်ရှိခဲ့ပြီး ဖြစ်သည်။

ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍစသည်တို့မှ မိတ်ဖက်အဖွဲ့များဖြင့် စီမံချက်များကို အကောင်အထည်ဖော်နေသည်။ LIFTသည် မြန်မာနိုင်ငံအစိုးရသို့လည်း နည်းပညာအထောက်အပံ့နှင့် လမ်းညွှန်မှုများကို ပေးအပ်သည်။

၂၀၁၅ခုနှစ်တွင် ရန်ပုံငွေတောင့်တောင့်တင်းတင်းဖြင့် မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်ဒေသ၊ ရခိုင်ဒေသ၊ တောင်တန်းဒေသ စီမံကိန်းများတွင် အဆင့်သစ်များကို စတင်ခဲ့သည့်အပြင် ရွှေ့ပြောင်း သွားလာမှု၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုတို့နှင့် သက်ဆိုင်သော စီမံကိန်း များကိုလည်း စတင်ခဲ့သည်။ ဤစီမံကိန်းများသည် အသစ်မွမ်းမံ ထားသော LIFT၏ ၂၀၁၄ခုနှစ် မဟာဗျူဟာကို အသက်ဝင်စေမည်ဖြစ်ပြီး ဦးတည်အကျိုးခံစားခွင့်ရှိသူ အုပ်စုများ၊ စီးပွားရေးတန်ဖိုးကွင်းဆက်များသို့ "တက်လှမ်း" နိုင်စေရန်၊ ဝမ်းစာမဖူလုံသော လယ်ယာလုပ်ငန်းမှ ပို၍ ဝင်ငွေကောင်းသော စိုက်ပျိုးရေး နှင့် စိုက်ပျိုးရေးပြင်ပ အထောက်အပံ့လုပ်ငန်းများထံသို့ "ထွက်ခွာ" နိုင်စေရန်၊နောင်အခါတွင် "တက်လှမ်း" သို့မဟုတ် "ထွက်ခွာ" နိုင်ရေးအတွက် ကျွမ်းကျင်မှုများရရှိလာစေရန်၊ အာဟာရ ပြည့်ဝလာစေရန် "တောင့်ထား" နိုင်စေရန်အတွက် ကူညီနိုင်မည် ဖြစ်သည်။

LIFTကို ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွစ်ဇာလန်၊ ဆွီဒင်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုတို့က ထောက်ပံ့သည်။ မစ်ဆူဘီရှီကော်ပိုရေးရှင်းသည် ပထမဦးဆုံးသော ပုဂ္ဂလိကကဏ္ဍမှ အလှူရှင်ဖြစ်သည်။ အကူအညီ ထိရောက်စေရေးအတွက် ရန်ပုံငွေကို စုပေါင်းကာ အသုံးပြုသည်။ UNOPS၏ စီမံအုပ်ချုပ်မှုဖြင့် အလှူရှင်တို့၏ ဆန္ဒနှင့်အညီ ရန်ပုံငွေအဖွဲ့၏ လုပ်ပိုင်ခွင့်ကို နှစ်ကြိမ်တိုင်တိုင် တိုးချဲ့ခဲ့ပြီးဖြစ်သည်။ လုပ်ငန်းများကို အနည်းဆုံး ၂၀၁၈ခုနှစ် နှစ်ကုန်အထိ ဆောင်ရွက်ရန် မျှော်မှန်းထားသည်။

# စတိဗ် ဒိုဝေါလ်အား အမှတ်ရလျက်



စတိဗ် ဒိုဝေါလ် သည် LIFT၏ နည်းပညာ ဦးဆောင် အရာရှိအဖြစ် ၂၀၁၃ခုနှစ်မှ ၂၀၁၅ခုနှစ် နိုဝင်ဘာလအတွင်း တောင်တက်ရာမှ မတော်တဆဖြစ်ကာ အချိန်မသင့်ဘဲ ကွယ်လွန်သည့်အချိန် အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၅ခုနှစ် အတွင်းတွင် အဆိုပြုလွှာ ဂရန့်ကြိမ် ခေါ်ဆိုရာတွင် အဖွဲ့ကို ဦးဆောင်လမ်းပြခဲ့သည်။ သူ၏ လုပ်ငန်းကျွမ်းကျင်မှု နှင့် မွန်ရည်မှု ကို အားလုံးက အသိအမှတ်ပြုကြသည်။ "စတိဗ်က ကျွန်တော်တို့ကို အမြဲပဲ အချိန်ပေးတယ်" ဟု ရတနာရောမှ ဦးသူရအောင်က ပြောသည်။ "ဗဟုသုတကြွယ်ဝတယ်၊ စေ့စပ်တယ်၊ ညှာတာတတ်တယ်၊ အတူယှဉ်ဖို့ ကောင်းတဲ့သူတစ်ယောက် ဖြစ်ပါတယ်" စတိဗ် ၏ စံချိန်မြင့်မြင့်ထားမှု၊ အလုပ်ကြိုးစားမှု၊ အာရုံစူးစိုက်မှု၊ ပျော်ပျော်ရွှင်ရွှင်နေတတ်မှုနှင့်အတူ ကြင်နာတတ်မှုတို့ကြောင့် ကျေးဇူးတင်နေကြသော မိတ်ဖက်အဖွဲ့အားလုံးက သူ့ကို အလွန်တရာ အောက်မေ့ အမှတ်ရလျက် ရှိနေကြပါသည်။

# အနှစ်ချုပ်တင်ပြချက်

**၁။ ၂၀၁၅ခုနှစ်သည် LIFTက မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်ခဲ့သည့် ၆နှစ်မြောက်ဖြစ်သည့်အပြင် LIFT၏ စီမံကိန်းများနှင့် ထိတွေ့သည့်လူ အရေအတွက် တိုးတက်လာသည်မှာလည်း ၆နှစ်မြောက်ခဲ့ပြီဖြစ်သည်။** ဤနှစ်ကုန်တွင် မြန်မာ့ကျေးလက်နေ လူဦးရေ၏ ၁၀%ခန့်ဖြစ်သော လူပေါင်း၃.၆သန်းက LIFT၏အထောက်အပံ့ကို ရရှိခဲ့ကြပြီးဖြစ်သည်။ ၂၀၁၅ခုနှစ်တွင် LIFTသည် တိုင်းနှင့်ပြည်နယ် ၁၃ခုရှိ ၉၃မြို့နယ်တွင် လုပ်ငန်းဆောင်ရွက်ခဲ့သည်။

**၂။ LIFTသည် ရလဒ်ကောင်းများကို ဆက်လက်ပေးနေဆဲ ဖြစ်သည်။** ကိန်းဂဏန်းများ ရှိသည့်ပြင် ရည်မှန်းချက်များလည်း ချမှတ်ထားသော အညွှန်း ၁၅ခု တို့အနက် ၁၄ခု ကို ပြည့်မီရုံမက ကျော်လွန်ခဲ့သည်။ ယင်းတို့တွင် ကျေးလက်ဒေသ ဝင်ငွေကောင်းမှု၊ကြံ့ကြံ့ခံနိုင်မှု၊ အာဟာရပြည့်ဝမှုတို့တွင် ရလဒ်များ အဆင့်မြင့်ကြောင်းကိုပြသည့် အညွှန်းတို့လည်း ပါဝင်သည်။ လူပေါင်း၂သန်းကျော်သည် သိသာစွာ ရိက္ခာဖူလုံခဲ့သည်။ လူပေါင်း ၆၈၀,၀၀၀ သည် ဝင်ငွေတိုးလာသော အိမ်ထောင်စုများတွင် နေထိုင်ကြသည်။ လူပေါင်း ၈၈၀,၀၀၀ သည် အိမ်ထောင်စု၏ကြံ့ကြံ့ခံနိုင်မှုကို တိုင်းတာသည့် စံတခုဖြစ်သော အသုံးအဆောင်များ တိုးလာသည့် အိမ်ထောင်စုများတွင် နေထိုင်ကြသည်။ နွမ်းပါးသည့် အခြေအနေအတွင်းမှ အားလုံးထွက်ခွာနေကြပြီဖြစ်သည်။ တစ်လလျှင် ကျပ် ၅၀,၀၀၀ အောက်သာ ဝင်ငွေရှိသည်ဟု တင်ပြသော အိမ်ထောင်စုမှာ ၃၃% လျော့ကျသွားပြီး၊ တစ်လလျှင် အနည်းဆုံး ကျပ် ၁၀၀,၀၀၀ ဝင်ငွေရှိသည်ဟု တင်ပြသော အိမ်ထောင်စုမှာ ၂၄% တိုးတက်လာသည်။ ကလေးများတွင် ဖြစ်ပွားနေသော ကလေးပုညက်မှုသည်လည်း ၉% လျော့ကျသွားသဖြင့် သိသာသောတိုးတက်မှုပင် ဖြစ်သည်။ သို့သော် ဤလျော့နည်းမှု မည်သို့ဖြစ်လာသည်ကို သေချာစွာနားလည်အောင် ဆက်လက် သုံးသပ်ရန် လိုအပ်မည်။ အခြားအဓိကရလဒ်တို့တွင် ဥပဒေနှင့်ညီသော ငွေရေးကြေးရေးဝန်ဆောင်မှုများကို အသုံးပြုမှု သိသာစွာ တိုးတက်ခြင်း၊ သီးနှံအထွက်တိုးခြင်းတို့လည်း ပါဝင်သည်။ LIFTသည် အမျိုးသမီးတို့ကို ဆက်လက် ထောက်ပံ့နေသည်။ အထူးသဖြင့် မိခင်ဘဝတွင် အာဟာရပြည့်ဝစေရန်၊ ငွေရေးကြေးရေးနှင့် ပတ်သက်၍ ပိုမို သိရှိစေရန်၊ ချေးငွေများကို ပိုမိုလက်လှမ်းမီစေရန် ထောက်ပံ့ခဲ့သည်။ LIFTက ထောက်ပံ့ထားသော အသေးစား ငွေရေးကြေးရေး လုပ်ငန်းတို့၏ ဝန်ဆောင်မှုအသုံးပြုသူ ၉၃%မှာ အမျိုးသမီးများ ဖြစ်သည်။ ထို့ပြင် အလုပ်နှင့်ငွေ ဖလှယ်သည့် လုပ်ငန်းများတွင် အမျိုးသမီး နှင့် အမျိုးသားတို့ကို လုပ်အားခ ညီတူညီမျှ ပေးချေစေခဲ့သည်။ (အသေးစိတ်ကို အခန်း ၅တွင် ကြည့်ပါ)။

**၃။ နိုင်ငံတဝန်းတွင် အသက်မွေးမှု ကောင်းမွန်ရေးအတွက် ဆောင်ရွက်သော နည်းလမ်းများသည် စိုက်ပျိုး-ဂေဟဇုန်များအလိုက် ကွဲပြားသော်လည်း LIFT၏ဆောင်ရွက်ချက်များသည် ခိုင်မာသော စည်းရုံးသော မဟာဗျူဟာကို ထင်ဟပ်နေသည်။** အမျိုးစုံလင်ပြီး ပိုမိုကောင်းမွန်သော အသက်မွေးမှု၊ ပို၍ ကြံ့ကြံ့ခံနိုင်မှု၊ ကျန်းမာရေးနှင့် ပို၍ကိုက်ညီသော အာဟာရ ရရှိမှု၊ များပြားလာသော အခွင့်အလမ်းတို့ဖြင့် လူထုကို နွမ်းပါးမှုမှ ရုန်းထွက်လာနိုင်စေမည့်လုပ်ငန်းများကို ဆောင်ရွက်ရန် ရေးဆွဲထားသည်။ ဒေသအခြေအနေ နှင့် ကိုက်ညီစေရန် ရေးဆွဲထားသော်လည်း LIFT၏အထောက်အပံ့ခံ စီမံချက်များသည် ဤမဟာဗျူဟာနှင့် ကိုက်ညီကြသည်။ ထို့ပြင် လုပ်ငန်းဆောင်ရွက်နေသော စိုက်ပျိုး-ဂေဟဇုန်အားလုံးတွင် အောင်မြင်မှုများ ရှိခဲ့သည်။ ဧရာဝတီ**မြစ်ဝကျွန်းပေါ်ဒေသ**တွင် ဆန်စပါးတန်ဖိုးကွင်းဆက်တွင် ပါဝင်ဆောင်ရွက်မှုသည် ခရီးရောက်လျက်ရှိသည်။ LIFTက ထောက်ပံ့ထားသော ပညာပေးဝန်ဆောင်မှုမှာ တောင်သူ ၅၇,၀၀၀ထံသို့[1] ရောက်ရှိခဲ့သည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းကာ စပါးမျိုးစေ့ထုတ်လုပ်သူ ၉၀တို့က မျိုးစစ်မျိုးမှန် မျိုးစပါးတင်း ၇,၇၀၀ကို ထုတ်လုပ်ခဲ့သည်။ စပါးသိုလှောင်ရုံအသစ် ၁၈လုံးကို တည်ဆောက်ခဲ့သည်။ ရိတ်သိမ်းချိန်လွန် နည်းပညာအသစ်များကို စမ်းသပ်ပြီး ကိုက်ညီအောင်ပြုလုပ်ပြီး မိတ်ဆက်ပေးခဲ့သည်။ တောင်သူအုပ်စု ၂၂စု သည် သွင်းအားစုဝယ်ယူရာတွင် စည်းကမ်းချက်များ ပိုကောင်းစေရန် နှင့် သီးနှံရောင်းချရာတွင် ဈေးပိုမိုရရှိစေရန် ဆန်စက်လုပ်ငန်းရှင် ၈ဦး၊ သွင်းအားစုပေးသွင်းသူ ၂ဦးတို့နှင့် စာချုပ်ချုပ်ဆိုခဲ့သည်။ **အပူပိုင်းဇုန်**တွင် LIFT၏ အထောက်အပံ့ရရှိသည့် အသေးစားငွေချေးသူတို့က ကျေးရွာ ၃၅ရွာရှိ ဝန်ဆောင်မှုအသုံးပြုသူ အသစ် ၃၅,၀၀၀ထံသို့ ငွေထုတ်ချေးပေးနိုင်ခဲ့သည်။ ထို့ပြင် ကုန်သွယ်ရေး၏ ဗဟိုချက် ဖြစ်သည့် အပြင် ပြည်တွင်းနှင့် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူတို့၏ အခြေအမြစ်ဖြစ်သော ဤဒေသနှင့် ဆီလျော်သည့် ချေးငွေပုံစံအသစ်တို့ကိုလည်း ဖန်တီးပေးခဲ့သည်။ **တောင်တန်းဒေသ**တွင် LIFT၏မိတ်ဖက်အဖွဲ့တို့က ကြက်သွန်ဖြူနှင့် အာလူးသီးနှံတို့အတွက် ဘက်စုံပိုးမွှားနှိမ်နင်းရေး သင်ရိုးညွှန်းတမ်းအသစ်ကို ပြုစုခြင်းဖြင့် တန်ဖိုးမြင့်ဟင်းသီးဟင်းရွက်ကဏ္ဍကို စီးပွားဖြစ်စေရန် ထောက်ပံ့ခဲ့သည်။ ဤကဏ္ဍအတွက် အားလုံးပါဝင်စေသော မဟာဗျူဟာကို ရေးဆွဲမည့် အစိုးရ၊ ပုဂ္ဂလိက၊ အရပ်ဘက် လူမှုအဖွဲ့အစည်း တို့ပါဝင်သော ဟင်းသီး ဟင်းရွက်ကဏ္ဍ အရှိန်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းနိုင်ရန် LIFTက ဆောင်ရွက်ပေးခဲ့သည်။ **ရခိုင်ဒေသ**တွင် LIFT၏ မိတ်ဖက်အဖွဲ့တို့က တည်ဆောက်ခဲ့သော အလျား ၁၄၈ကီလိုမီတာ ရှိသည့် ရေကာတာတို့၏ ၉၄ရာခိုင်နှုန်းသည် ကိုမန်မုန်တိုင်း၏ အဖျက်စွမ်းအားကို ကြံ့ကြံ့ခံနိုင်ခဲ့ကြသည်။ စိုက်ပျိုးမြေ ဧက၂၂,၀၀၀ကို ကာကွယ်ပေးသည့် ဤတာတို့ကို အလုပ်နှင့်ငွေဖလှယ်မှုဖြင့် တည်ဆောက်ခဲ့ရာ လူပေါင်း ၂၆,၀၀၀တို့ အခြေခံဝင်ငွေ ရရှိအောင် ဖန်တီးပေးနိုင်ခဲ့သည်။

**၄။ ဤရလဒ်များကို နေရာတိုင်းလိုလိုတွင် တိုးတက်ကောင်းမွန်နေသော ကျေးလက်စီးပွားရေးမှ ရရှိနေခြင်းဖြစ်သည်။** ၂၀၁၅ခုနှစ်တွင် LIFTသည် အိမ်ထောင်စုစစ်တမ်းကို ကျယ်ကျယ်ပြန့်ပြန့်ကောက်ယူခဲ့သည်။ နိုင်ငံ၏ စီးပွားရေးလွတ်လပ်ခွင့်ကို ကောင်းစွာအသုံးချလိုက် နိုင်ကြောင်းကို မှတ်တမ်းတင်လိုက်ခြင်းပင် ဖြစ်သည်။

---

1 ၂၀၁၀ပြည့်နှစ်မှ ၂၀၁၅ခုနှစ် နှစ်ကုန်ထိ။

ဤစစ်တမ်းမှ ကိန်းဂဏန်း အချက်အလက်များကို သုံးသပ်မှုမှာ အချို့အဝက်သာ ပြီးစီးသေးသော်လည်း အညွှန်းများအရ မြန်မာနိုင်ငံတဝန်းလုံးရှိ ကျေးလက်အိမ်ထောင်စုများ၏ ဘဝတွင် သိသာစွာ တိုးတက်လာခဲ့ကြောင်းကို ပြနေသည်။ သို့သော် ၂၀၁၃ခုနှစ်တွင် ကောက်ယူခဲ့သော စစ်တမ်းတွင်ပါသည့် နှုန်းများထက် လျော့နည်းသည်။ ဤ ကိန်းဂဏန်းများကို ၂၀၁၆ခုနှစ် ပထမနစ်ဝက်အတွင်းတွင် ဆက်လက်သုံးသပ်ကာ LIFT၏ မည်သည့် ဆောင်ရွက်မှုသည် မည်သို့ အကျိုးသက်ရောက်သည်၊ LIFT၏ စီမံကိန်းများကြောင့် မည်သူတို့က အကျိုးအရှိဆုံး ဖြစ်သည်တို့ကို ဖော်ထုတ်မည်နိုင်ရန် ဆောင်ရွက်မည်

၅။ ဤသို့ အထွေထွေတိုးတက်မှုရှိခဲ့သော်လည်း LIFTလုပ်ငန်းဆောင်ရွက်နေသော နေရာအများအပြားရှိ အသက်မွေးမှုလုပ်ငန်းများကို ကသောင်းကနင်း ဖြစ်ခဲ့စေသည့် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော ရေကြီးမှု မြေပြိုမှုတို့ကြောင့် အချို့အိမ်ထောင်စုများ အကြီးအကျယ် ထိခိုက်ခံခဲ့ကြရသည်။ LIFTသည် အလျင်အမြန်တုံ့ပြန်ကာ ကန်ဒေါ်လာ တစ်သန်း ကို အသက်မွေးမှု ပြန်ထူထောင်ရန်နှင့် ရိက္ခာဖူလုံမှုရှိစေရန် ချထားပေးခဲ့သည်။ ဩဂုတ်လမကုန်မီမှာပင် လက်ရှိ မိတ်ဖက်အဖွဲ့များသို့ အောက်ပါတို့ကို ဆောင်ရွက်စေရန် အတွက် ရန်ပုံငွေများကို အပြည့်အဝ ခွဲဝေပေးခဲ့သည်_(၁) အဓိကအသက်မွေးမှုလုပ်ငန်းများကို ပြန်စရန်၊(၂) အိမ်ထောင်စုများ၏ ကြွေးတင်မှုကို အနည်းဆုံးသာ ဖြစ်စေရန်၊ (၃) ကြွေးဆုံးသောကြောင့် LIFT၏ အသေးစား ငွေရေးကြေးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့များ၏ ရေရှည်တည်တံ့မှုကို မထိခိုက်စေရန်နှင့် နွမ်းပါးသော အိမ်ထောင်စုများသည်လည်း နောင်တွင် အတိုးနှုန်း သက်သာသည့် ချေးငွေကို လက်လှမ်းမမီမှု မဖြစ်စေရန်။ အောက်တိုဘာလတွင် ရေဘေးထူထောင်ရေး ရန်ပုံငွေ များကို ထပ်မံထုတ်ပေးခဲ့ရာ နစ်ကုန်သောအခါ LIFTသည် ရေဘေးသင့်ပြည်သူ ၃၆၀,၀၀၀ကျော်ကို ကန်ဒေါ်လာ ၄.၃သန်းအထိ အထောက်အကူပြုပေးနိုင်ခဲ့သည်။

၆။ ဤ ၂၀၁၅ခုနှစ် ရေကြီးမှု၊ မြေပြိုမှုတို့ကြောင့် မိမိ၏စီမံကိန်းတို့တွင် ရာသီဥတုဒဏ် ကြံ့ကြံ့ခံနိုင်ရေးကိုပါ ထည့်သွင်းရေးဆွဲရန် မည်မျှ အရေးကြီးကြောင်း ထင်ရှားလာသည်။ လယ်ယာမြေဧက ၁.၄သန်းကျော် ရေလွှမ်းခဲ့ပြီး သီးနှံစိုက်ဧက ၈၄၁,၀၀၀ကျော် ပျက်စီးခဲ့ကာ မွေးမြူရေး တိရစ္ဆာန်ကောင်ရေ ၂၄၂,၀၀၀ခန့် သေကြေခဲ့သည်။[2] လူထုနှင့် ရပ်ရွာတို့၏ ကြံ့ကြံ့ခံနိုင်မှု တည်ဆောက်ခြင်းကို LIFT၏ မဟာဗျူဟာတွင် အခိုင်အမာထည့်သွင်း စဉ်းစားထားပြီး အဓိကမှာ ရာသီဥတုပြောင်းလဲမှုကို ကြံ့ကြံ့ခံနိုင်ခြင်းပင်ဖြစ်သည်။ ၂၀၁၅ခုနှစ်တွင် LIFTသည် အောက်ပါလုပ်ငန်းတို့ကို အာရုံစိုက်ခဲ့သည်_ (၁) ကြံ့ကြံ့ခံနိုင်သော စိုက်ပျိုးရေးစနစ်များကို တောင်သူတို့က ထူထောင်နိုင်ရန်အတွက် ကြံ့ကြံ့ခံနိုင်သော မျိုးစေ့ထုတ်လုပ်ခြင်း၊ ရာသီဥတုကိုအလေးထားသော အကြံဉာဏ်ပေးခြင်း၊ ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုကိုလျော့ချခြင်း တို့ဖြင့် ထောက်ပံ့ခြင်း။(၂) လယ်ယာပြင်ပ စီးပွားရေးလုပ်ငန်းငယ်များဖြင့် အိမ်ထောင်စုဝင်ငွေ အမျိုးမျိုး ရှိလာစေခြင်း။ (၃) လယ်ယာ သစ်တော ရောနှောစိုက်ပျိုးရေး၊ ဘုံသစ်တော၊ ကောင်းမွန်သော ရေစီမံခန့်ခွဲမှုတို့ဖြင့်သယံဇာတစီမံခန့်ခွဲမှုကို တိုးတက်ကောင်းမွန်စေခြင်း။ (၄) ကျေးရွာ လုပ်ငန်းစီမံချက်နှင့် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုတို့ကို ထောက်ပံ့ခြင်း။(အသေးစိတ်ကို အခန်း၅တွင် ကြည့်ပါ)

*ဇယား ၁.၁။ ၂၀၁၅ ခုနှစ်အတွင်း LIFTက အဆိုပြုလွှာခေါ်ယူမှု*

| | ငွေပမာဏ (ကန်ဒေါ်လာသန်း) | ရက်စွဲ (ဖွင့် - ပိတ်) | လက်ခံအဆိုပြုလွှာ | ငွေထောက်ပံ့သော စီမံချက်များ |
|---|---|---|---|---|
| ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၄၄.၀ | ဖေဖော်ဝါရီ ၁၁ မှ မတ်လ ၂၃ | ၃၂ | ၇(၂၂%) |
| မြစ်ဝကျွန်းပေါ်၃ | ၁၆.၀ | မတ်လ ၁၂ မှ ဧပြီလ ၂၇ | ၂၉ | ၈(၂၈%) |
| ရခိုင် (ခေါ်ယူမှုပိတ်ပြီး) | ၂၇.၂ | ဇန်နဝါရီလ မှ ဇူလိုင် ၃၁ | ၇ | ၇(၁၀၀%) |
| အပူပိုင်းဇုန် | ၂၁.၀ | ဧပြီလ ၂၄ မှ ဇွန်လ ၅ | ၃၃ | ၆(၁၈%) |
| တောင်တန်းဒေသ | ၄၂.၀ | ဇူလိုင်လ ၁၀ မှ ဩဂုတ်လ ၂၄ | ၇၅ | ၆(၈%) |
| ရွှေ့ပြောင်းသွားလာရေး (ပထမအကြိမ်ခေါ်ယူမှု) | ၄.၀ | ဇူလိုင်လ ၁၇ မှ ဩဂုတ်လ ၂၁ | ၂ | ၂(၁၀၀%) |
| ရခိုင်တွင်ကျွမ်းကျင်မှု သင်တန်းပေးခြင်း | ၄.၂ | ဒီဇင်ဘာလ ၂၂ မှ ဖေဖော်ဝါရီလ ၂၉ရက် ၂၀၁၆ | ၆ | ၂(၃၃%) |
| စုစုပေါင်း | **၁၅၈.၄** | | **၁၈၄** | ၃၈(၂၁%) |

၇။ ၂၀၁၅ခုနှစ်အတွက် အဓိကဦးတည်ချက်မှာ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင်မွမ်းမံထားသော LIFT၏မဟာဗျူဟာကို[3] အသက်ဝင်စေရန်ဖြစ်သည်။ နိုင်ငံ၏စိုက်ပျိုး-ဂေဟဇုန်များအလိုက် အသက်မွေးမှု ကောင်းမွန်ရေးအတွက် ဆောင်ရွက်သောနည်းလမ်းများမှာ ကွဲပြားသောကြောင့် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်၊ ရခိုင်ဒေသ၊ ပဋိပက္ခဒဏ်ခံဒေသများသို့ပါ တိုးချဲ့မည့် တောင်တန်းဒေသတို့အတွက် စီမံကိန်းအသစ်များ၏ ဒီဇိုင်းများကို LIFTက ရေးဆွဲပြီးဖြစ်သည်။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုစီမံကိန်း၊ ပုဂ္ဂလိက ကဏ္ဍနှင့် ထိတွေ့ဆောင်ရွက်မှုတို့ကို တိုးချဲ့ခဲ့သည့်ပြင်၊ ရွှေ့ပြောင်းသွားလာရေးကို ဦးတည်သော စီမံကိန်း အသစ်တစ်ခုကိုပင် စတင်ခဲ့သည်။ စုစုပေါင်း ကန်ဒေါ်လာ

2 မြန်မာသည် တစ်ကမ္ဘာလုံးတွင် ရာသီဥတုပြောင်းလဲမှုဒဏ် ခံရဖွယ်အရှိဆုံး ၁၀နိုင်ငံတွင် ပါဝင်သည်။ ၂၀၅၀ပြည့်နှစ်တွင် မုန်တိုင်းဒီရေဒဏ် ခံရမည့်နေရာတို့တွင် နေထိုင်သူတို့မှာ ၂.၈သန်းမှ ၄.၆သန်းထိ ရှိလာနိုင်သည်။

3 နိုင်ငံရေး၊ စီးပွားရေး အပြောင်းအလဲတို့ကို အကျိုးအရှိဆုံး အသုံးပြုနိုင်ရန် LIFTသည် ၂၀၁၄ခုနှစ်တွင် မဟာဗျူဟာအသစ်ကို ထုတ်ဝေခဲ့သည်။

၁၅၈.၄သန်း တန်ဖိုးရှိသော စီမံကိန်းအသစ်များအတွက် အဆိုပြုလွှာကို ဂုကြိမ် ခေါ်ယူခဲ့သည်။ စုစုပေါင်း စီမံချက်အသစ် ၃၇ခုကို စတင်ကာ ၂၈ခုကို ပိတ်သိမ်းခဲ့သဖြင့် ၂၀၁၅ခုနှစ်အတွင်း ဆောင်ရွက်ဆဲစီမံချက်မှာ ၅၄ခု ရှိသည်။

**၈။ LIFTသည် စီမံကိန်းအသစ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ငွေကြေးထည့်ဝင်မှုအသစ်တို့ကို ထိရောက်စွာ စည်းရုံးခဲ့သည်။** အီတလီ နှင့် လူဇင်ဘတ်တို့ကို အလှူရှင်အဖွဲ့သို့ ကြိုဆိုခဲ့ပြီး၊ ပထမဆုံး ပုဂ္ဂလိက ကဏ္ဍအလှူရှင်အဖြစ် မစ်ဆူဘီရှီကော်ပိုရေးရှင်းက ပါဝင်လာသဖြင့် အလှူရှင် ၁၄ဦး အထိ ရှိလာသည်။ ယူနိုက်တက်ကင်းဒမ်း၊ ဥရောပသမဂ္ဂ၊ ဆွစ်ဇာလန်၊ အမေရိကန်တို့ထံမှ ထည့်ဝင်ငွေအသစ်များ သိသိသာသာ ရရှိလာသည်။ နှစ်ကုန်တွင် အလှူရှင်များက လက်မှတ်ရေးထိုးကာ ကတိကဝတ်ပြုထားသော အလှူငွေစုစုပေါင်းမှာ ကန်ဒေါ်လာ ၄၂၈သန်းအထိ ရှိလာသည်။

**၉။ စိုက်ပျိုးရေး-ဂေဟဇုန် လေးခုစလုံးတွင် ကျေးလက်ဒေသ ငွေရေးကြေးရေးဝန်ဆောင်မှုများကို လက်လှမ်းမီမှုသည် LIFT၏ လုပ်ငန်းချဉ်းကပ်နည်းတွင် အဓိကကဏ္ဍမှ ပါဝင်သည်။** ငွေရေးကြေးရေး ဝန်ဆောင်နိုင်အားနှင့် အသေးစား ငွေရေးကြေးရေးဝန်ဆောင်မှုများကို လက်လှမ်းမီမှုတို့၏ ကွာဟချက်ကြီးမှာ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာတွင် အကြီးမားဆုံးသော အခက်အခဲပင် ဖြစ်သည်။ အသေးစားငွေရေးကြေးရေး ဆိုင်ရာတွင် အားလုံးပါဝင်စေမှုသည် LIFT၏အကြီးမားဆုံး စီမံကိန်းပင် ဖြစ်နေသည်။ ၂၀၁၅ခုနှစ် နှစ်ကုန်တွင် နိုင်ငံအနှံ့ရှိ ကျေးရွာ ၁၂၆,၅၀၄ရွာ ရှိ ဝန်ဆောင်မှုအသုံးပြုသူ တစ်သန်းခန့် (ဝန်ဆောင်မှုအသုံးပြုသူ ၉၃၄,၅၀၀၊ ၉၃% မှာ အမျိုးသမီးများ) ထံသို့ ရောက်ရှိနေသော အသေးစား ငွေရေးကြေးရေးမိတ်ဖက်အဖွဲ့ ၄၁ဦး ကို LIFTက ထောက်ပံ့နေသည်။[4] ယင်းသည် မြန်မာနိုင်ငံရှိ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ၁၆၈ခု၏ ဝန်ဆောင်မှုအသုံးပြုသူ အင်အားစုစုပေါင်း၏ ၅၆ရာခိုင်နှုန်း ဖြစ်သည်။ ချေးငွေအားလုံး၏ ၅၀ရာခိုင်နှုန်းခန့်မှာ စိုက်ပျိုးရေးချေးငွေ ဖြစ်သည်။ ၂၀၁၅ခုနှစ်တွင် LIFT၏ အသေးစား ငွေရေးကြေးရေး မိတ်ဖက်အဖွဲ့တို့သည် ဝန်ဆောင်မှု အသုံးပြုသူ ၄၅၀,၀၀၀ကျော်ထံသို့ စိုက်ပျိုးရေး ချေးငွေအဖြစ် ကန်ဒေါ်လာ ၁၂၅သန်းခန့်ကို ထုတ်ပေးထားသည်။

**၁၀။ စိုက်ပျိုး-ဂေဟဇုန် လေးခုလုံးတွင် ညီတူညီမျှအရေးပါသည့်အလျောက် စီးပွားရေးဆန်သော စိုက်ပျိုးရေး တန်ဖိုးကွင်းဆက်အတွင်းသို့ လုပ်ကွက်ငယ်တောင်သူများနှင့် စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းရေးကို LIFTက ဆက်လက်ထောက်ပံ့သည်။** လုပ်ကွက်ငယ်စိုက်ပျိုးရေးတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ရင်းနှီးမြုပ်နှံရန် လှုံ့ဆော်ပေးသည့် ပုဂ္ဂလိကကဏ္ဍ အစုစပ်လုပ်ငန်း ဖြစ်ထွန်းရေးကို ဦးတည်သည့် အားလုံးပါဝင်သော တန်ဖိုးကွင်းဆက် ဖြစ်ပေါ်စေရန် LIFTက ဆောင်ရွက်သည်။ LIFT၏ ပုဂ္ဂလိကကဏ္ဍ အစုစပ်လုပ်ငန်းကို မိမိ၏ ပုဂ္ဂလိကကဏ္ဍနှင့် ထိတွေ့ဆောင်ရွက်မှုဆိုင်ရာ မူဝါဒများက လမ်းညွှန်နေပြီး ရင်းနှီးမြုပ်နှံမှု နယ်ပယ်နှစ်ရပ်ကို အာရုံစိုက်သည်။ ယင်းတို့မှာ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့် အကျိုးတူလယ်ယာတို့ဖြစ်သည်။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုနှင့် ပတ်သက်၍ ၂၀၁၅ခုနှစ်တွင် LIFTသည် အစုစပ်လုပ်ငန်းနှစ်ခုကို ထူထောင်ခဲ့သည်။ ယင်းတို့မှာ ရိုးမဘဏ်နှင့် ငွေကြေးလဲလှယ်ရေးအဖွဲ့ တို့နှင့် ဖြစ်သည်။ ယင်းတို့နှစ်ခုပေါင်းလျှင် ပုဂ္ဂလိကရင်းနှီးမြုပ်နှံမှု ကန်ဒေါ်လာသန်း ၂၀၀မှ ၂၅၀ အထိကို ဆွဲဆောင်လာနိုင်မည်ဖြစ်ပြီး လုပ်ကွက်ငယ် တောင်သူတို့အတွက် တာရှည်ခံသည့် ဈေးကွက်အချိတ်အဆက်များ၊ အထောက်အပံ့ဝန်ဆောင်မှုများကို ဖန်တီးလာနိုင်မည်။ အလားတူ LIFTသည် ပုဂ္ဂလိကကဏ္ဍစီမံချက် အသစ်နှစ်ခုကို စိုက်ပျိုး-စားကုန်လုပ်ငန်းနှစ်ခုနှင့် စတင်ခဲ့သည်။ ယင်းတို့ကြောင့် ပညာပေးမှုများ အားထားရသော ဈေးကွက်များကို လုပ်ကွက်ငယ်တောင်သူ ၆,၀၀၀ တို့က အကျိုးတူလယ်ယာပုံစံဖြင့် လက်လှမ်းမီစေမည်။ အသေးစိတ်ကို အခန်း ၄ တွင် ကြည့်ပါ။

**၁၁။ ဒေသခံအရပ်ဘက်လူမှုအဖွဲ့အစည်းတို့ကို ထောက်ပံ့သည့် နည်းလမ်းသစ်များကို LIFTက ပြုစုခဲ့သည်။** LIFT၏ ၂၀၁၄ခုနှစ် မဟာဗျူဟာတွင် အစိုးရ ပုဂ္ဂလိကကဏ္ဍတို့ နည်းတူ လူမှုအဖွဲ့အစည်းတို့ကိုလည်း အားဖြည့်ပေးခြင်း သည် ပို၍ ခိုင်မာသော ရေရှည်ခံသော အသက်မွေးမှုစနစ်များကို ဖြစ်ထွန်းစေကြောင်း အထူးတလည်ပင် အသိအမှတ်ပြုထားသည်။ ရိက္ခာနှင့် အသက်မွေးမှု လုံခြုံစေရေးအတွက် ထောက်ပံ့မည့် ဒေသခံအုပ်စုများကို အားဖြည့်ပေးရေးဆိုင်ရာ စီမံကိန်းအဆင့် ရလဒ်တခုကိုလည်း ထားရှိသည်။ ၂၀၁၅ခုနှစ်တွင် LIFTသည် ဤရလဒ် ကို အထမြောက်စေရန် ယန္တရားနှစ်ရပ်ကို စတင်ခဲ့သည်။ ယင်းတို့မှာ_(၁) မြို့နယ်အဆင့်တွင် အခြေပြုထားသော လူထုအဖွဲ့အစည်းများ လူမှုအဖွဲ့များအတွက် LIFT၏ ပင်မနယ်မြေစီမံကိန်းများအလိုက် အသေးစား အထောက်အပံ့ရန်ပုံငွေများ သီးသန့်ထူထောင်ခြင်း၊ (၂) တူညီသော ဖွံ့ဖြိုးရေး ရည်မှန်းချက်များနှင့် အသိအမြင် ဝေမျှပေးမှု တို့ကို အခြေခံလျက် CSOများနှင့် အကန့်အသတ်ဖြင့် မဟာဗျူဟာမြောက် မိတ်ဖက်ပြုခြင်း တို့ဖြစ်သည်။ စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (FSWG)၊ မြေယာမဏ္ဍိုင်အုပ်စု (LCG) ၊ ကျားမတန်းတူညီမျှရေးကွန်ရက်(GEN) တို့နှင့် ဤသို့မိတ်ဖက်ပြုထားသည်။ အခြား CSO ၃ဖွဲ့ နှင့်လည်း ဤသို့ဆောင်ရွက်ရန် ဆွေးနွေးလျက်ရှိသည်။

**၁၂။ LIFTသည် မိမိ၏ အုပ်ချုပ်မှုအဆောက်အအုံကို ပြောင်းလဲလာသော အခြေအနေနှင့် လိုက်လျောအောင် ဆက်လက်ဆောင်ရွက်နေသည်။** LIFT၏ အုပ်ချုပ်မှုတွင် အစိုးရနှင့် အခြားပတ်သက်ဆက်နွယ်သူတို့ကို ပိုမို နေရာပေးရန်အတွက် အစိုးရက ဦးဆောင်သော အထက်တန်းအတိုင်ပင်ခံအုပ်စုကို ထူထောင်ခဲ့သည်။ ဤအုပ်စု၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၅ခုနှစ်ဇူလိုင်လတွင် ကျင်းပခဲ့ရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ဘဏ္ဍာရေး၊ အမျိုးသားစီမံကိန်း နှင့် ဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာ၊ အလုပ်အကိုင် အလုပ်သမားနှင့် လူမှုဝန်ထမ်း ဟူသော ဝန်ကြီးဌာနတို့မှ အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ထို့ပြင် ပြည်တွင်း နှင့် နိုင်ငံတကာမှ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့သည်။ ၂၀၁၆ခုနှစ် နှစ်ဆန်းတွင် LIFT၏ အုပ်ချုပ်မှုတွင် အစိုးရက ပိုမိုပါဝင်လာစေရန်

4 LIFT၏ အထောက်အပံ့ခံ MFIတို့အကြောင်း အသေးစိတ်ကို နောက်ဆက်တွဲ၅တွင် ကြည့်ပါ။

ခြေတစ်လှမ်းတိုးသည့်အနေဖြင့် LIFTရန်ပုံငွေဘုတ်အဖွဲ့တွင် ပါဝင်ရန် အစိုးရကို ဖိတ်ခေါ်ဖို့ အလှူရှင်များက သဘောတူခဲ့သည်။ ဤသည်မှာ အထူးပင် အချိန်အခါ သင့်လှပေသည်။ အကြောင်းမှာ LIFT၏မဟာဗျူဟာသည် NLD ခေါင်းဆောင်သော အစိုးရသစ်က ကြေညာထားသည့် လယ်မဲ့မြေမဲ့ အိမ်ထောင်စုများနှင့် လုပ်ကွက်ငယ်တောင်သူတို့ကို အကျိုးပြုမည့် ကျေးလက် စီးပွားရေး ဖွံ့ဖြိုးမှုကို အလေးပေးထားသည့် ဦးစားပေးလုပ်ငန်းများ နှင့် အထူးပင် ကိုက်ညီနေသောကြောင့် ဖြစ်သည်။

**၁၃။ မြေပြင်တွင်ရရှိသော ရလဒ်များအပြင် ထိရောက်သော စနစ်အပြောင်းအလဲကို ဆက်လက်ကူညီနေသည်။** "စလုပ်"ရန် "တိုးချဲ့"ရန် အားပေးသည့်အနေဖြင့် ရလဒ်များကို ရှင်းလင်းပြခြင်း ဆက်သွယ်ပြောကြားခြင်း၊ ကျေးလက်ဖွံ့ဖြိုးရေးကို ဟန့်တားနေသော စနစ်အတွင်းရှိ အတားအဆီးများကို ကိုင်တွယ်ခြင်းတို့ဖြင့် ဆောင်ရွက် နေသည်။ ဥပမာအားဖြင့် ၂၀၁၅ခုနှစ်တွင် LIFTသည် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍတို့နှင့် လက်တွဲကာ မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးကဏ္ဍတွင် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံရန် နှောင့်နှေးမှုများကို လျှော့ပါးစေရန်အတွက် ရင်းနှီးမြှုပ်နှံသူရော အသေးစား ငွေကြေးထုတ်ချေးသူများပါ ငွေသားဆုံးရှုံးမှုမှ ကာမိစေမည့် အခံရန်ပုံငွေ ထားရှိပြီး ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းကို ရှာခဲ့သည်။ ထို့ပြင် LIFTသည် အမျိုးသား စီးပွားလူမှုအကြံပေးကောင်စီ၊ မြန်မာစိုက်ပျိုးရေးကွန်ရက်၊ USAID တို့နှင့်အတူ စိုက်ပျိုးရေးမူဝါဒဆိုင်ရာ အဓိက ထိတွေ့ဆောင်ရွက်မှုများကို ဖော်ပြထားသည့်လုပ်ငန်းစာစောင်ကို ရေးသားကာ ယင်းကို အစိုးရသစ်နှင့် ဆွေးနွေးမည်။ ထို့ပြင် LIFTသည် မြေယာမှတ်ပုံတင်ရေးစနစ်ကို ကောင်းမွန်စေရန် အစီအစဉ်သစ်များကို ရေးဆွဲပြုစုခြင်း၊ စမ်းသပ် ဆောင်ရွက်ခြင်းတို့ကို ဆက်လက်ထောက်ပံ့နေသည်။ အမျိုးသားမြေအသုံးချမှုဝါဒတွင် အရေးကြီးသော ကျားမရေးရာကိစ္စရပ်တို့ကို မူဝါဒရေးဆွဲသူတို့ အား ထည့်သွင်းစေနိုင်ခဲ့သဖြင့် မြေယာပြုပြင်ပြောင်းလဲရေးတွင် LIFT၏ထောက်ပံ့မှုသည် အောင်မြင်ခဲ့သည်။ အသေးစိတ် ကို အခန်း၄တွင် ကြည့်ရှုနိုင်သည်။ ထို့ပြင် နောက်ဆက်တွဲ၆ တွင် LIFT၏ မူဝါဒဆိုင်ရာတွင် ထိတွေ့ဆောင်ရွက်မှုကို ဇယားဖြင့် ဖော်ပြထားသည်။

**၁၄။ စနစ်အပြောင်းအလဲကို ထိရောက်ရန် LIFT၏ အခြားအားထုတ်မှုတစ်ခုမှာ** အာဟာရကောင်းမွန်လာခြင်း၊ ကျွမ်းကျင်မှုဖြစ်ထွန်းလာခြင်း၊ ဝင်ငွေအမျိုးအမည် များပြားလာခြင်းတို့ကြောင့် လူထုတွင် စီးပွားရေးအလားအလာ အပြည့်အဝရှိလာအောင် ကူညီခြင်းပင်ဖြစ်သည်။ LIFT၏ အထူးခြားဆုံး အာဟာရဆိုင်ရာ ဆောင်ရွက်မှုတစ်ခုမှာ ရခိုင်ဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်တို့မှ မိခင်တို့ကို ငွေကြေးထောက်ပံ့ခြင်း ဖြစ်သည်။ ရခိုင်ဒေသတွင် ၂၀၁၄ခုနှစ် မှစတင်ကာ ကလေးဘဝ၏ ပထမရက်၁၀၀၀ (သန္ဓေတည်ချိန်မှ၂နှစ်မြောက် မွေးနေ့အထိ)တွင် မိခင်တို့ကို တစ်လလျှင် ငွေကျပ် ၁၃,၀၀၀(ကန်ဒေါ်လာ၁၁ဒေါ်လာခန့်)အား အာဟာရပြည့်ဝသည့် အစားအစာများကိုဝယ်ရန်၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် လက်လှမ်းမီစေရန် ထောက်ပံ့သည်။ ကိုယ်ဝန်သည်နှင့် မိခင်များသည် ငွေကြေးပံ့ပိုးမှုရသည်သာမက အမျိုးအမည်စုံလင်ပြီး အာဟာရပြည့်ဝသော အစားအသောက်၏ အရေးကြီးကြောင်းကိုလည်း သိမြင်ခဲ့ကြသည်။ ရခိုင်ဒေသ၏ ရှေ့ပြေးအစီအစဉ်မှာ ထူးထူးခြားခြား အောင်မြင်ခဲ့သည်။[5] ထို့ကြောင့် အလားတူစီမံချက်ကို မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်ဒေသတို့တွင်လည်း စတင်ခဲ့သည်။ စုစုပေါင်း ကန်ဒေါ်လာ ၁၄.၅သန်းဖြင့် မိခင် ၅၄,၀၀၀ နှင့် ကလေးများကို ငွေကြေးထောက်ပံ့မည်။ ငွေကြေး ပံ့ပိုးမှုနှင့်အတူ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာတို့ကိုပါ တင်ပြရန် အထိရောက်ဆုံး နည်းလမ်းကို ဖော်ထုတ်နိုင်ရန်အတွက် စီမံချက်များ၏ ထိရောက်မှုကို တိုင်းတာမည့် စနစ်များကိုလည်း ဒီဇိုင်း ထုတ်ထားပြီး ဖြစ်သည်။

**၁၅။ LIFTသည် အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင် နှင့် ယင်းကို အကောင်အထည်ဖော်မည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဆက်လက်ထောက်ပံ့ခဲ့သည်။** ၂၀၁၄ ခုနှစ်တွင် ယင်းဝန်ကြီးဌာန၏ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(DRD)တွင် ဤမဟာဗျူဟာမူဘောင်အတွက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုရန် အကြံပေးပုဂ္ဂိုလ် ၂ဦးကို LIFTက ခန့်ထားပေးခဲ့သည်။ ၂၀၁၅ခုနှစ်တွင် ယင်းတို့အပြင် LIFTက စုဆောင်းထားသော ပြည်တွင်းအတိုင်ပင်ခံ ၂၅ဦးကိုပါ ထပ်မံစေလွှတ်ပြီး DRD၏ အဓိကလုပ်ငန်း၂ခုတွင် ထောက်ကူနေသည်။ ပထမတစ်ခုမှာ DRD၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှု ၃နှစ် စီမံချက်ကို စတင်အကောင်အထည်ဖော်နိုင်ရန် ကူညီခြင်းဖြစ်သည်။ လုပ်ဆောင်မှု ၁၅စုံအနက် ၃စုံကို လျာထားသည့်အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ သည်။ နောက်တစ်ခုမှာ ကျေးရွာစီမံချက်ရေးဆွဲမှု အမျိုးသားအဆင့်ပုံစံကို DRDက ပြုစုရာတွင် ကူညီခဲ့ခြင်းဖြစ်သည်။ ရှေ့ပြေး ဆောင်ရွက်မှုအနေဖြင့် ကျေးရွာ ၁၇၀ရွာ၏ ဖွံ့ဖြိုးရေးစီမံချက်များကို အချိန်မီရေးဆွဲနိုင်ခဲ့သည်။ ထိုဆောင်ရွက်မှုမှ ရရှိသော ရလဒ်နှင့် သင်ခန်းစာတို့ကို အခြေခံ၍ နိုင်ငံတော်အဆင့်နှင့် မြို့နယ်အဆင့်တို့တွင် မူဝါဒစီမံချက် ရေးဆွဲနိုင်စွမ်းကို ဦးတည်ကာ ကျေးရွာစီမံချက်ရေးဆွဲရေးလုပ်ငန်းစဉ်ကို တိုးချဲ့သွားမည်ဖြစ်သည်။ ဤပုံစံများကို နိုင်ငံတော်သမ္မတက အတည်ပြုခဲ့သည်။

**၁၆။ LIFTသည် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာ ချဉ်းကပ်ပုံ နှင့် နည်းလမ်းများကို ပြန်လည် ရေးဆွဲခဲ့သည်။** မဟာဗျူဟာအသစ်နှင့် ကိုက်ညီစေရန် M&E ရလဒ်များ ပိုမို တိကျသက်ဆိုင်စေရန် သင်ယူမှုကို ပိုမို အာရုံစိုက်စေရန်အတွက် ဖြစ်သည်။ ဤပြောင်းလဲမှုသည် တာဝန်ခံမှုနှင့် သင်ယူမှုအတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာ မူဘောင်(MEAL)[6] အသစ်အရ ဖြစ်သည်။ ရည်ရွယ်ချက်မှာ LIFTနှင့် မိတ်ဖက်အဖွဲ့များတွင် ခိုင်မာသော အထောက်အထားများကို ဖော်ထုတ်ကာ ယင်းတို့ကို အသုံးပြုလျက် လုပ်ဆောင်ချက်များကို တိုင်းတာနိုင်သည့် ကောင်းမွန်အောင် ဆောင်ရွက်နိုင်သည့် စွမ်းရည်၊ မြန်မာနိုင်ငံ ကျေးလက်ဖွံ့ဖြိုးရေးမူဝါဒနှင့် လက်တွေ့ဆောင်ရွက်မှုတို့ကို လွှမ်းမိုးနိုင်သည့် စွမ်းရည်များ တိုးတက်လာစေရန် ဖြစ်သည်။ ၂၀၁၅ခုနှစ်တွင် စတင်ခဲ့သော ဤမူဘောင်အသစ်ကို ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းတို့ကြောင့် FMOနှင့် မိတ်ဖက်အဖွဲ့တို့၏ M&E စနစ်များ၊ လုပ်နိုင်စွမ်းများ၊ လုပ်နည်းလုပ်ဟန်များ သိသိသာသာ တိုးတက်ခဲ့သည်။

---

5 ဤစီမံချက်မှ မိခင်တို့သည် စီမံချက်ပြင်ပ အလားတူ ကျေးရွာများမှ မိခင်တို့ထက် ပိုမိုထွားကြိုင်းသောကလေးများကို မွေးကြသည်။ မိခင်နို့သက်သက် တိုက်ကျွေးမှုမှာ နှစ်ဆတက်ခဲ့ပြီး ပုညှက်မှုမှာ ၅% လျော့ကျသွားသည်။

6 MEALမူဘောင်နှင့် အပြောင်းအလဲသီအိုရီကို LIFT၏ ဝက်ဘ်ဆိုက် www.lift.fund.orgတွင် တွေ့နိုင်သည်။

# အသက်ဝင်နေသော LIFT၏ မဟာဗျူဟာ "တက်လှမ်း" "ထွက်ခွာ" "တောင့်ထား"

မြန်မာ့ကျေးလက်ဘဝသည် မူဝါဒအပြောင်းအလဲများ အခွင့်အလမ်းသစ်များနှင့် လျော်ညီစွာ အလျင်အမြန် ပြောင်းလဲနေကြောင်းကို LIFT၏ အိမ်ထောင်စုစစ်တမ်းတို့က ဖော်ပြနေသည်။ ထို့ကြောင့် LIFTသည်လည်း သက်ရောက်မှုနှင့် သက်ဆိုင်မှု အများဆုံးရရှိစေရန်အတွက် ယင်း၏မဟာဗျူဟာကို ၂၀၁၄ခုနှစ် နှစ်ကုန်တွင် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် မွမ်းမံခဲ့သည်။ ၂၀၁၅ခုနှစ်တွင် စတင်ခဲ့သော စီမံကိန်းအသစ်များသည် ဤမဟာဗျူဟာအသစ်ကို အသက်ဝင်စေသည်။

ဤအစီရင်ခံစာတွင် မဟာဗျူဟာဆိုင်ရာ ဝေါဟာရအချို့ကို သုံးစွဲထားသည်။ ယင်းတို့ကို အောက်တွင် ရှင်းပြထားသည်_


LIFT စီမံကိန်းများ၏ ပင်မအကျိုးခံစားခွင့်ရှိသူများမှာ ကျေးလက်နေ လယ်မဲ့မြေမဲ့များ အပါအဝင် ကျေးလက်အိမ်ထောင်စုများ ဖြစ်ကြသည်။ LIFTသည် အောက်ပါဦးတည်အုပ်စုများသို့ အရင်းအမြစ်များကို အဓိက ထောက်ပံ့ပါမည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့် _

၁။ လယ်မြေ၊ လုပ်အားစသော စီးပွားဖြစ်နိုင်စွမ်းများကိုပိုင်ဆိုင်သည့် ကျေးလက်အိမ်ထောင်စုများကို *တက်လှမ်း* နိုင်အောင် ကူညီပါမည်။ လုပ်အားနှင့် ထုတ်လုပ်နိုင်စွမ်းကိုသာမက ထုတ်ကုန်ကို ဈေးကွက်သို့ တင်ပို့နိုင်စွမ်းကိုပါ မြှင့်တင်ပေးခြင်းဖြင့် ဆင်းရဲမွဲတေမှုမှ လွတ်မြောက်ကာ အဆင့်ဆင့် တက်လှမ်းသွားနိုင်ကြပါမည်။

၂။ ကျေးလက်အိမ်ထောင်စုဝင်များကို စိုက်ပျိုးရေးမှ[7] *ထွက်ခွာ* နိုင်ပြီး စီးပွားဖြစ်ထွန်းနိုင်မည့် အခြားသောကဏ္ဍများတွင် ပါဝင်နိုင်အောင် ကူညီပါမည်။ ထိုသို့ ထွက်ခွာရာတွင် ဒေသအတွင်းရှိ လယ်ယာလုပ်ငန်းမဟုတ်သော ဝင်ငွေကောင်းသည့် အလုပ်အကိုင်များကို ရှာဖွေရန် ဒေသတွင်း ထွက်ခွာခြင်းလည်း ဖြစ်နိုင်သကဲ့သို့ အခြားဒေသများရှိ အလုပ်အကိုင်အခွင့်အလမ်းများ ထံသို့ ရွှေ့ပြောင်းထွက်ခွာခြင်းလည်း ဖြစ်နိုင်သည်။

၃။ စီးပွားဖြစ်နိုင်စွမ်းများကို မပိုင်ဆိုင်သည့် သို့မဟုတ် ထွက်ခွာနိုင်စွမ်းမရှိသည့် အိမ်ထောင်စုများကို *တောင့်ထား* နိုင်ရန် ကူညီပါမည်။ မြန်မာ့စီးပွားရေး အသွင်ကူးပြောင်းဆဲကာလတွင် စိုက်ပျိုးရေးကို သက်စောင့်ပိုက်ကွန်အဖြစ် အသုံးပြုကာ ရိက္ခာဖူလုံစေရန်နှင့် အဟာရပြည့်ဝစေရန် ဖြစ်သည်။


*ပုံ ၁.၁။ တောင်သူများနှင့် လယ်မဲ့မြေမဲ့များ၏ ကွဲပြားသောအသက်မွေးမှုမဟာဗျူဟာများ*[8]




7 မိမိလယ်ကို မိမိအိမ်ထောင်စုလုပ်အားဖြင့် လုပ်သူကို ဆိုလိုသည်။
8 ဤဇယားသည် အချိုးကိုက်မဟုတ်ပါ။

# အောင်မြင်ပြီးစီးခဲ့သော ရလဒ်များ


## ၂၀၁၀ - ၂၀၁၅



LIFT ၏ ပံ့ပိုးမှုများသည်
လူဦးရေ

**၃.၆ သန်း**

ကို ရောက်ရှိခဲ့ပြီ ဖြစ်သည်



လူဦးရေ **၁ သန်း** သည်

LIFT မှ ထောက်ပံ့ပေးသည့် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများမှ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများကို ရရှိကြပြီး ၎င်းတို့ထဲမှ ၉၃% မှာ အမျိုးသမီးများ ဖြစ်ကြသည်



လူဦးရေ

**၂.၁ သန်း**

ခန့်သည်
တစ်လထက်ပို၍ စားနပ်ရိက္ခာ ဖူလုံလာကြသည်



အသက် ၅ နှစ်အောက် ကလေးငယ်များ၏ ပုညှက်မှုနှုန်းကို

**၉%**

အထိ လျော့ကျစေခဲ့သည်
(၃၂% မှ ၂၉% သို့)



အိမ်ထောင်စုပေါင်း

**၁၅၄,၀၀၀** ခန့်က

ဝင်ငွေတိုးတက်လာသည်ဟု တင်ပြကြသည်



အိမ်ထောင်စုပေါင်း

**၁၉၆,၀၀၀** ခန့်


အာဟာရပိုမိုပြည့်ဝစွာ စားသုံးလာကြသည်



အရပ်ဘက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်

**၃၅၇,၀၀၀** သည်


LIFT ရန်ပုံငွေထောက်ပံ့သော သင်တန်းများတွင် တက်ရောက်ခဲ့ကြသည်



အိမ်ထောင်စုပေါင်း

**၄၃,၀၀၀** ခန့်

ဈေးကွက်အချက်အလက်နှင့် အချိတ်အဆက်များ ရရှိခဲ့ကြသည်



အိမ်ထောင်စုပေါင်း

**၃၂,၀၀၀** သည်

ကျေးရွာလည်ပတ်ရန်ပုံငွေ ပံ့ပိုးမှုများ ရရှိခဲ့ကြသည်

# ၂။ အကျိုးရလဒ်များ

## ၂.၁။ နိဒါန်း

ရိက္ခာဖူလုံမှု၊ ဝင်ငွေတိုးမှု၊ အစားအသောက်အမည်စုံ စားသောက်နိုင်မှု၊ သီနံအထွက်တိုးမှု၊ ငွေကြေးဝန်ဆောင်မှု များသို့ လက်လှမ်းမီမှုစသည့် နယ်ပယ်တို့တွင် သိသိသာသာတိုးတက်မှုများ ရှိနေပြီး ခိုင်မာသော ရလဒ်ကောင်း များကို LIFTက ဆက်လက်ပေးနေဆဲ ဖြစ်သည်။ ၂၀၁၃ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း ကလေးပုညှက်မှုသည်လည်း ၉%လျော့ကျသွားသဖြင့် သိသာသော တိုးတက်မှုပင်ဖြစ်သည်။[9]

ဤရလဒ်များသည် မိတ်ဖက်အဖွဲ့များ၏ တင်ပြချက်များနှင့် ရွာ ၉၂ရွာ တွင် ၂၀၁၁ ခုနှစ်၊ ၂၀၁၃ခုနှစ်၊ ၂၀၁၅ ခုနှစ်တို့တွင် ကောက်ယူခဲ့သော အိမ်ထောင်စုစစ်တမ်းများမှ ကိန်းဂဏန်း အချက်အလက်များ ပေါင်းစပ်ထားသည်ကို အခြေခံသည်။

၂၀၁၁ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း LIFT စီမံကိန်းများသည် အညွှန်း ၁၈ခု ကို အခြေခံကာ အစီရင်ခံခဲ့ကြသည်။ ယင်းတို့အနက် ၁၅ခုမှာ စီမံကိန်းများသို့ တာဝန်ပေးထားသည့် ရည်မှန်းချက်များ ဖြစ်ကြသည်။ ၁၅ခု အနက် ၁၄ခု မှာ ပြည့်မီရုံမက ကျော်လွန်ခဲ့သည်။ ယင်းတို့တွင် ဝင်ငွေတိုးမှု၊ ကြံ့ကြံ့ခံနိုင်မှု၊ အာဟာရတိုးတက်မှုတို့နှင့် သက်ဆိုင်သော တာဝန် အဆင့်အညွှန်း ၅ခု အပါအဝင် ဖြစ်သည်။ အညွှန်း၁၁ခုတွင် ၁၀ရာခိုင်နှုန်းကျော် ကျော်လွန်ခဲ့ပြီး ကျန်၃ခုတွင် ပြည့်မီခဲ့သည်။ အညွှန်းတစ်ခုသာ ရည်မှန်းချက် မပြည့်မီခဲ့သော်လည်း ယင်းမှာ မိတ်ဖက်အဖွဲ့များက လျော့၍ အစီရင်ခံထားကြောင်း တွေ့ရှိရသည်။

## ၂.၂။ တာဝန်အဆင့်နှင့် စီမံကိန်းအဆင့် အညွှန်းရလဒ်များ

၂၀၁၅ခုနှစ်သည် LIFTအတွက် ၂၀၁၂ခုနှစ် မဟာဗျူဟာနှင့် ကိုက်ညီထားသောစီမံချက်များမှ ၂၀၁၄ခုနှစ် မဟာဗျူဟာနှင့် ကိုက်ညီထားသော စီမံချက်များအဖြစ်သို့ အသွင်ကူးပြောင်းသောနှစ် ဖြစ်သည်။ မဟာဗျူဟာ ပြောင်းလဲမှုကြောင့် ယုတ္တိဗေဒမူဘောင်ပါ ပြောင်းလဲသွားသောကြောင့် ရလဒ်များကို အစီရင်ခံရာတွင် ရှုပ်ထွေးသွားသည်။ အောက်တွင် အစီရင်ခံ ထားသော ရလဒ်တို့တွင် ၂၀၁၅ခုနှစ်တွင် စတင်သော LIFT၏ စီမံချက်အသစ်များ မပါဝင်ပါ။ LIFT၏ စီမံချက်တို့တွင် ၂၈ခုမှာ ပြီးစီးပိတ်သိမ်းသွားပြီး အသစ် ၃၇ခုကို လက်မှတ်ရေးထိုးခဲ့သည်။

LIFT၏ ယုတ္တိဗေဒမူဘောင်ဟောင်းတွင် အညွှန်း၃၀ ပါဝင်သည်။ LIFT၏ ယုတ္တိဗေဒမူဘောင်အသစ်ကိုမူ တော်တော်များများ ပြင်ဆင်ခဲ့ရာ အညွှန်း၃၆ခု ပါဝင်သည်။ ယင်းတို့အနက် ၂၄ခုမှာ အသစ် သို့မဟုတ် ပြင်ဆင်ထားချက် ဖြစ်သည်။ နောက်စာမျက်နှာတွင် ပါသော ဇယား ၂.၁ နှင့် ၂.၂ တို့တွင် ဖော်ပြထားသည်တို့မှာ ယုတ္တိဗေဒ မူဘောင် အညွှန်းအသစ်များနှင့် တိုက်စစ်ထားသော၊ LIFT၏ ယုတ္တိဗေဒမူဘောင် အဟောင်းရော အသစ်တွင်ပါပါရှိသော အညွှန်းများ သို့မဟုတ် ၂၀၁၁ခုနှစ်နှင့် ၂၀၁၃ခုနှစ်တို့မှ ကိန်းဂဏန်းအချက်အလက်များကို ရရှိထားသော ယုတ္တိဗေဒမူဘောင် အညွှန်းအသစ်များနှင့် တိုက်စစ်ကာ အစီရင်ခံထားသော ရလဒ်များ ဖြစ်ကြသည်။ ယုတ္တိဗေဒမူဘောင်အသစ်၏ အညွှန်း ၃၆ခု၏ စာရင်းကို နောက်ဆက်တွဲ ၃ တွင် ကြည့်ပါ။

ဤအညွှန်းတို့အတွက် ကိန်းဂဏန်းအချက်အလက်များကို မိတ်ဖက်အဖွဲ့တို့၏ အစီရင်ခံစာများမှ လည်းကောင်း၊ အိမ်ထောင်စု စစ်တမ်းများမှ လည်းကောင်း ရရှိသည်။ အညွှန်းအများစုမှာ စစ်တမ်းကောက်နမူနာ၏ အချိုးအဖြစ် ဖော်ပြထားသော အိမ်ထောင်စုစစ်တမ်း တွေ့ရှိချက်များကို LIFT၏ ဦးတည်လူဦးရေနှင့် ဆက်စပ်ဖန်တီးပြီး တိုင်းတာသည့် လက္ခဏာနှင့် ကိုက်ညီသော ခန့်မှန်းအိမ်ထောင်စုဦးရေကိုသာ အစီရင်ခံထားပါသည်။ နမူနာကောက်ယူသည့် အရွယ်အစား တို့၏ ညှိနှိုင်းမှုကြောင့် အချို့ရလဒ်တို့သည် ယခင်အစီရင်ခံစာတို့တွင် ပါရှိသော ရလဒ်တို့နှင့် မသိမသာ ကွာဟနိုင်သည်။[10]

ပြင်ပအကြောင်းရင်းများဖြစ်ကြသော အထွေထွေစီးပွားရေး၊ ဈေးကွက်အခြေအနေ၊ ရာသီဥတု အခြေအနေ စသည် တို့သည်လည်း LIFT၏စီမံချက်ကျေးရွာတို့၏ အောင်မြင်မှုတို့ကို ဩဇာသက်ရောက်နိုင်ပါသည်။ ကိန်းဂဏန်း အချက်အလက်များကို ထပ်မံသုံးသပ်ရန် လိုအပ်နေသေးသောကြောင့် LIFT၏ လုပ်ဆောင်ချက်များကြောင့် ရလဒ်မည်မျှ ရရှိခဲ့သည်ဟု ဤအစီရင်ခံစာတွင် ဆုံးဖြတ်မထားပါ။ LIFT၏ စီမံကိန်းနယ်မြေနှင့် စီမံကိန်းပြင်ပ အလားတူနယ်မြေတို့ကို နှိုင်းယှဉ်ထားသော အသေးစိတ်သုံးသပ်ချက်များ ပိုမိုပါဝင်သည့် ၂၀၁၅ခုနှစ် LIFT၏ အိမ်ထောင်စုစစ်တမ်းကို ၂၀၁၆ ခုနှစ် နှောင်းပိုင်းတွင် ထုတ်ဝေမည်။

---

9 ဤကိန်းဂဏန်းတို့ကို ပိုမိုနားလည်စေရန်၊ စိစစ်ရန် လိုမည်။ PO ၃.၃ကို ကြည့်ပါ။

10 ဥပမာအားဖြင့် ၂၀၁၅ခုနှစ် အိမ်ထောင်စုစစ်တမ်း ကိန်းဂဏန်းကို သုံးသပ်သောအခါ မူလ ရွာ၉၇ရွာမှ ၅ရွာကို ဖြုတ်လိုက်ရသည်။ အကြောင်းမှာ ယင်းတို့မှာ အထောက်အပံ့ခံရွာလည်း မဟုတ် စီမံချက်ပြင်ပ အလားတူရွာလည်း မဟုတ်တော့သောကြောင့် ဖြစ်သည်။

*ဇယား ၂.၁။ တာဝန်အဆင့်အညွှန်းများ နှင့် နှစ်အလိုက် အကောင်အထည်ဖော်မှု*

| အညွှန်း | ရလဒ် | | | ၂၀၁၅ ရည်မှန်းချက် | ပြီးစီးမှု % | အချက်အလက် အရင်းအမြစ် |
|---|---|---|---|---|---|---|
| | ၂၀၁၁ | ၂၀၁၃ | ၂၀၁၅ | | | |
| တာဝန် (Purpose - PO)။ မြန်မာနိုင်ငံရှိ နွမ်းပါးသူများ၏ အသက်မွေးမှု ကြံ့ကြံ့ခံနိုင်စွမ်းနှင့်အာဟာရပြည့်ဝမှု တိုးတက်လာရန် | | | | | | |
| PO ၁။ ကျေးလက်နေ အိမ်ထောင်စုများ ဝင်ငွေတိုးတက်ခြင်း | | | | | | |
| PO ၁.၁။ ဝင်ငွေ တိုးလာသော LIFTအိမ်ထောင်စု အရေအတွက် | ၃၉,၂၈၈ | ၅၇,၀၀၀ | ၁၅၄,၂၃၈ | ၁၁၀,၀၀၀ | ၁၄၀% | အိမ်ထောင်စု စစ်တမ်း |
| PO ၂။ ဆင်းရဲသော ကျေးလက် အိမ်ထောင်စုများ ချောက်ချားမှု၊ ဖိစီးမှု၊ အကျိုးမဲ့မည့် အခြေအနေတို့နှင့် ရင်ဆိုင်ပါကကြံ့ကြံ့ခံနိုင်ခြင်း | | | | | | |
| PO ၂.၁။ ပစ္စည်းပိုင်ဆိုင်မှု တိုးတက်လာသော LIFTအိမ်ထောင်စု အရေအတွက် * | ၄၀,၄၀၄ | ၁၂၆,၃၄၂ | ၂၀၀,၅၉၁ | ၁၀၀,၀၀၀ | ၂၀၁% | အိမ်ထောင်စု စစ်တမ်း |
| PO ၃။ အမျိုးသမီးများနှင့် ကလေးများ အာဟာရ တိုးတက်ကောင်းမွန်ခြင်း | | | | | | |
| PO ၃.၁။ ရိက္ခာပိုမို/ အမည်စုံ စားသုံးနိုင်သော LIFTအိမ်ထောင်စု အရေအတွက် | ၈၄,၈၂၇ | ၈၈,၀၀၀ | ၁၉၆,၄၈၁ | ၂၀၀,၀၀၀ | ၉၈% | အိမ်ထောင်စု စစ်တမ်း |
| PO ၃.၂။ ရိက္ခာဖူလုံမှု ၁လထက် တိုးလာသော LIFT အိမ်ထောင်စု အရေအတွက် | N/A | ၂၉၀,၀၀၀ | ၄၉၂,၄၃၅ | ၂၀၀,၀၀၀ | ၂၄၆% | အိမ်ထောင်စု စစ်တမ်း |
| PO ၃.၃။ LIFTရွာများမှ ပုညှက်သော ၅နှစ်အောက် ကလေး ရာခိုင်နှုန်း | N/A | ၃၂% | ၂၉% | N/A | N/A | အိမ်ထောင်စု စစ်တမ်း |

*ယခင်အစီရင်ခံစာများတွင် မိတ်ဖက်အဖွဲ့များထံမှ ရသော ကိန်းဂဏန်းများကို ဤအညွှန်းများဖြင့် တိုင်းတာသည်။ ယခုအခါ LIFT၏ အိမ်ထောင်စု စစ်တမ်းမှ ရသော ကိန်းဂဏန်းများကို တိုင်းတာသည်။[11] ထို့ကြောင့် ယခုဖော်ပြထားသော ရလဒ်များသည် ယခင် အစီရင်ခံစာများမှ ရလဒ်များနှင့် မတူညီပါ။

# တာဝန်အဆင့် အကျိုးများကို ဆွေးနွေးခြင်း

## PO ၁ ။ ကျေးလက်နေအိမ်ထောင်စုများ ဝင်ငွေတိုးတက်ခြင်း

### PO ၁.၁ ။ ဝင်ငွေတိုးလာသော LIFT အိမ်ထောင်စုအရေအတွက်


LIFT၏ အိမ်ထောင်စုစစ်တမ်းများအရ ယမန်နှစ်က သီးနှံစိုက်ပျိုးခဲ့သော အိမ်ထောင်စု (၂၀၁၁ခုနှစ်တွင် ၅၁.၇ ရာခိုင်နှုန်း မှ ၂၀၁၅ခုနှစ်တွင် ၅၃.၂ ရာခိုင်နှုန်းအထိ အမျိုးမျိုးရှိသည်) တို့အနက် ဝင်ငွေတိုးလာသည်ဟု တင်ပြကြသော အိမ်ထောင်စု ရာခိုင်နှုန်းသည် ၂၀၁၁ခုနှစ်တွင် ၁၈ရာခိုင်နှုန်းမှ ၂၀၁၃ခုနှစ်တွင် ၂၆ရာခိုင်နှုန်း၊ ၂၀၁၅ခုနှစ် တွင် ၃၅ရာခိုင်နှုန်း အထိ မှန်မှန်တိုးတက်လာသည်။ ဤရလဒ်ကို LIFT စီမံကိန်းများက ၂၀၁၁ခုနှစ်မှ ၂၀၁၅ခုနှစ် အတွင်း လွှမ်းခြုံခဲ့သောရွာများမှ အိမ်ထောင်စုဦးရေနှင့် ဆက်စပ်ကြည့်ပါက ဝင်ငွေတိုးလာသော အိမ်ထောင်စု သည် အကြမ်းဖျင်းအားဖြင့် ၂၀၁၁ခုနှစ်တွင် ၄၀,၀၀၀၊ ၂၀၁၃ခုနှစ်တွင် ၅၇,၀၀၀၊ ၂၀၁၅ခုနှစ်တွင် ၁၅၄,၀၀၀ အသီးသီးရှိပေမည်။ ၂၀၁၅ခုနှစ်တွင် တဟုန်ထိုး တိုးတက်လာရခြင်းမှာ ဤကာလများအတွင်းတွင် တိုးချဲ့ စိုက်ပျိုးခြင်း၊ ငွေကြေးဝန်ဆောင်မှု လက်လှမ်းမီခြင်း၊ စိုက်ပျိုးရေး နည်းနာသစ်များကို သုံးစွဲနိုင်ခြင်း စသည်တို့၏ စုပေါင်းသက်ရောက်မှုကြောင့် ဖြစ်ဖွယ်ရာရှိသည်။ စီမံကိန်းများကို တောက်လျှောက် တိုးချဲ့နိုင်သောကြောင့် LIFT၏ မူလရည်မှန်းချက်ဖြစ်သော အိမ်ထောင်စု ၁၁၀,၀၀၀ ထက် ၄၀ရာခိုင်နှုန်း ကျော်လွန်ခဲ့သည်။

အိမ်ထောင်စုစစ်တမ်းများအရ အိမ်ထောင်စုတို့သည် ဝင်ငွေနိမ့်ကျသည့် အဆင့်မှ အလယ်အလတ် အဆင့်သို့ ပြောင်းလဲလာကြောင်း တွေ့ရှိရသည်။ အထက်ပါ ပုံ၂.၁တွင် တွေ့ရသကဲ့သို့ လစဉ်ဝင်ငွေ ကျပ်၅၀,၀၀၀ အောက်သာ ရှိကြောင်း တင်ပြသော

11 စီမံချက်ထံမှ တိုက်ရိုက်ပစ္စည်းများ ရယူကြောင်း၊ မိတ်ဖက်အဖွဲ့ အများကပင် တင်ပြကြသည်။ မွေးမြူရေးတိရစ္ဆာန်များ၊ အသက်မွေးသင်တန်းဆင်းအပြီး လက်သုံးကိရိယာများကို ဝယ်ခြင်းမျိုး ဖြစ်သည်။ သို့သော် ယင်းသို့ဝယ်ခြင်းမှာ စီမံချက်၏ အကျိုးပြုခြင်းကြောင့် ဟုတ်မဟုတ်ကို စစ်တမ်းကောက်သူ မိတ်ဖက်အဖွဲ့ အနည်းငယ်သာရှိသည်။ ထို့ကြောင့် ယင်းကိန်းဂဏန်းတို့မှာ အမှန်ထက်လျော့၍ တင်ပြခြင်း ဖြစ်နိုင်သည်။

အိမ်ထောင်စုမှာ တဟုန်ထိုးလျော့ကျ(၃၃ရာခိုင်နှုန်းခန့်)သွားခဲ့သည်။ ယင်းနှင့် ခြားနားလှစွာ လစဉ်အနည်းဆုံး ကျပ်၁၀၀,၀၀၀ ဝင်ငွေရှိကြောင်း တင်ပြသော အိမ်ထောင်စုမှာလည်း တရှိန်ထိုး တိုးတက်လာခဲ့သည်။(၂၄ရာခိုင်နှုန်း)

*ပုံ ၂.၁။LIFT၏အိမ်ထောင်စုစစ်တမ်းမှ လစဉ်ဝင်ငွေအခြေအနေ*




## PO ၂။ ကျေးလက်အိမ်ထောင်စုများ ရပ်ရွာများခြောက်ခြားမှုများ ဖိစီးမှုများ၊ အကျိုးမဖြစ်ဖွယ် အခြေအနေများကို ကြံ့ကြံ့ခံနိုင်မှုတိုးတက်ခြင်း။

### PO ၂.၁ ။ ပစ္စည်းပိုင်ဆိုင်မှုတိုးတက်လာသော LIFT အိမ်ထောင်စုအရေအတွက်[12]

LIFT အိမ်ထောင်စုစစ်တမ်းများတွင် LIFT ရွာအများအပြားကပင် LIFTသက်တမ်းအတွင်းတွင် ယင်းတို့၏ ပစ္စည်းပိုင်ဆိုင်မှုနှင့် ဓနအင်အား တိုးတက်လာသည်ဟု တင်ပြကြသည်။ ၂၀၁၅ခုနှစ်တွင် ရွာသား ၂၄ရာခိုင်နှုန်းက ယခင်၂နှစ်ကထက် ပစ္စည်းများ ပိုမိုပိုင်ဆိုင်လာကြောင်း တင်ပြကြသည်။ ၂၀၁၁ခုနှစ်ကမူ ၁၈ရာခိုင်နှုန်းသာ တင်ပြခဲ့သည်။ ဤတွေ့ရှိချက်များကို LIFT၏ ဦးတည်လူဦးရေနှင့် ဆက်စပ်ကြည့်ပါက ၂၀၁၅ခုနှစ်တွင် အိမ်ထောင်စု ၂၀၀,၀၀၀သည် ပစ္စည်းပိုင်ဆိုင်မှု တိုးတက်လာသည်ဟု ဆိုရမည်။ ယခင်၂နှစ်ကမူ အိမ်ထောင်စု ၈၈,၀၀၀သာ တိုးတက်မှုရှိခဲ့သည်။ *LIFTသည် ၂၀၁၅ခုနှစ် ရည်မှန်းချက်၏ ၂၀ရာခိုင်နှုန်း ကို ရရှိခဲ့သည်။*

လူထုက ပိုင်ဆိုင်ခဲ့သော ပစ္စည်းအမျိုးအစားများမှာလည်း မှတ်သားဖွယ်ဖြစ်သည်။ အများဆုံးပိုင်ဆိုင်လာကြသည့် ပစ္စည်းငါးမျိုးကို အောက်တွင်ဖော်ပြထားသည်။

*ဇယား ၂.၂။ သတ်မှတ်ပစ္စည်းများကို ပိုင်ဆိုင်သော LIFTကျေးရွာအိမ်ထောင်စုများ၏ ရာခိုင်နှုန်း အပြောင်းအလဲ*

| အမျိုးအမည် | တိုးတက်မှု(၂၀၁၁ မှ ၂၀၁၅) |
|---|---|
| လက်ကိုင်ဖုန်း | ၅၂% |
| နေရောင်ခြည်ပြား | ၄၂% |
| ရွှေ/ လက်ဝတ်လက်စား | ၂၄% |
| တီဗီ/ ဂြိုဟ်တုစလောင်း | ၁၈% |
| မော်တော်ဆိုင်ကယ် | ၁၇% |

ဤကိစ္စနှင့်သက်ဆိုင်သော နောက်ထပ် တွေ့ရှိချက်မှာ ယခင်၂နှစ်အတွင်း ပစ္စည်းပိုင်ဆိုင်မှုတိုးလာသည်ဟု ဖြေဆိုသူမှာ ၂၀၁၁မှ ၂၀၁၅ခုနှစ်အတွင်း ၁၈ရာခိုင်နှုန်း လျော့သွားခြင်း ဖြစ်သည်။ ယင်းသည် ငွေကြေး မချောင်လည်မှုကြောင့် အိမ်ထောင်စုများက ပစ္စည်းများကို ချရောင်းလိုက်ရကြောင်းကို ပြနေသည်။ မည်သည့် အိမ်ထောင်စုမျိုး၏ ပစ္စည်းပိုင်ဆိုင်မှုသည် အကြီးအကျယ် ပြောင်းလဲခဲ့ကြကြောင်းကို ဆုံးဖြတ်နိုင်ရန် ထပ်မံ သုံးသပ်ရဦးမည်။

12 စာမျက်နှာ၈၄ရှိ ကြံ့ကြံ့ခံနိုင်မှုအကွက်ကိုကြည့်ပါ။ LIFTသည် ကြံ့ကြံ့ခံနိုင်မှုကို တိုင်းတာမည့်အညွှန်း တစ်ခုကို ပြုစုနေသည်။

မိတ်ဖက်အဖွဲ့များက ၂၀၁၃ခုနှစ်တွင် အိမ်ထောင်စု ၄၄,၀၀၀ ကျော်က လည်းကောင်း ၂၀၁၅ခုနှစ်တွင် အိမ်ထောင်စု ၅၄,၀၀၀က လည်းကောင်း ပစ္စည်းပိုင်ဆိုင်မှု တိုးတက်လာကြောင်း တင်ပြကြသည်။ ဤအရေအတွက်မှာ အတော်အတန် တိုးတက်လာသည် ဖြစ်သော်လည်း LIFT၏ မူရင်းရည်မှန်းချက်၏ ၅၄ရာခိုင်နှုန်းသာ ရှိသည်။ ကျေးရွာလည်ပတ်ရန်ပုံငွေဖြင့် မွေးမြူရေးတိရစ္ဆာန်များ ဝယ်ယူခြင်း၊ အသက်မွေးမှုသင်တန်းအဆင်းတွင် လက်သုံးကိရိယာများ ဝယ်ယူခြင်း အပါအဝင် စီမံကိန်းထံမှ ပစ္စည်းများကို တိုက်ရိုက်ဝယ်ယူသော အိမ်ထောင်စု အရေအတွက်ကို မိတ်ဖက်အဖွဲ့တို့က အစီရင်ခံထားသည်။ သို့သော် ယင်းသို့ ပစ္စည်းများဝယ်ယူခြင်းသည် စီမံချက်ထံမှ အကျိုးခံစားရခြင်းကြောင့် ဟုတ်မဟုတ်ကို မိတ်ဖက်အဖွဲ့ အနည်းငယ်ကသာ စစ်တမ်းကောက်ခဲ့ကြသည်။ သို့ဖြစ်ရာ မိတ်ဖက်အဖွဲ့တို့ တင်ပြသော ပစ္စည်းပိုင်ဆိုင်မှု အပြောင်းအလဲ တင်ပြချက်သည် လျော့နည်းဖွယ်ရှိသည်။ ဤအညွှန်းနှင့်ပတ်သက်၍ အိမ်ထောင်စု စစ်တမ်းများကို ထပ်မံသုံးသပ်မှသာ ပိုမိုပြည့်စုံစွာ သတင်းပို့နိုင်မည် ဖြစ်သည်။


## PO ၃.၁။ ရိက္ခာပိုမို /အမည်စုံ စားသုံးလာနိုင်သော LIFT အိမ်ထောင်စုအရေအတွက်

အိမ်ထောင်စုစစ်တမ်းများအရ LIFTကျေးရွာများတွင် အိမ်ထောင်စုရိက္ခာအမည်စုံမှုရမှတ် (Household and Individual Dietary Diversity score - HDDS) တိုးတက်လာသော အိမ်ထောင်စုအချိုးမှာ မှန်မှန်တိုးတက်နေသည်။ ရမှတ် ၆မှတ်နှင့်အထက် ရရှိသော အိမ်ထောင်စု အချိုးမှာ ၂၀၁၁ခုနှစ်တွင် ၃၈ရာခိုင်နှုန်း၊ ၂၀၁၃ခုနှစ်တွင် ၅၇ရာခိုင်နှုန်း၊ ၂၀၁၅ခုနှစ်တွင် ၆၂ ရာခိုင်နှုန်း အသီးသီးရှိကြသည်။ ဤရလဒ်များကို LIFT၏အထောက်အပံ့ခံ အိမ်ထောင်စုအရေအတွက်နှင့် ဆက်စပ်ကြည့်ပါက ၂၀၁၅ခုနှစ် နှစ်ကုန်တွင် အိမ်ထောင်စု ၁၉၆,၀၀၀သည် ရမှတ်၆မှတ်နှင့် အထက် ရရှိကြောင်း ခန့်မှန်းရသည်။ *ယင်းသည် ၂၀၁၅ခုနှစ်အတွက် ရည်မှန်းချက်ဖြစ်သော အိမ်ထောင်စု ၂၀၀,၀၀၀၏ ၉၈ရာခိုင်နှုန်းဖြစ်သည်။*

## P.O ၃.၂။ ရိက္ခာဖူလုံမှုအနည်းဆုံး ၁လနှင့်အထက် တိုးတက်လာသော LIFTအိမ်ထောင်စုအရေအတွက်

အိမ်ထောင်စုစစ်တမ်း ၃ကြိမ်ကောက်ယူ နှိုင်းယှဉ်ချက်အရ အိမ်ထောင်စုများ ရိက္ခာဖူလုံမှု တိုးတက်လာကြောင်း တွေ့ရသည်။ ၂၀၁၃ခုနှစ် စစ်တမ်းတွင် ၇၆ရာခိုင်နှုန်းသော အိမ်ထောင်စုတို့က ယမန်နှစ်က ရိက္ခာမလုံလောက်သည့် လအချို့ ရှိခဲ့ကြောင်း တင်ပြခဲ့သည်။ ၂၀၁၁ခုနှစ်တွင် ယင်းရာခိုင်နှုန်းမှာ ၈.၅သို့ လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ၅.၁သို့ လည်းကောင်း ကျဆင်းလာသည်။ ၂၀၁၁ ခုနှစ်က LIFT စစ်တမ်းကောက်ကျေးရွာတို့တွင် ပျမ်းမျှ ရိက္ခာဖူလုံသောလ(MAHFP)မှာ ၉.၆ သာ ရှိခဲ့သည်။ ထို့နောက် ၂၀၁၃ခုနှစ်တွင် ၁၁.၈ လ၊ ၂၀၁၅ခုနှစ်တွင် ၁၁.၉ လသို့ အသီးသီးတိုးတက်လာသည်။ ၂၀၁၁နှင့် ၂၀၁၅ခုနှစ်အတွင်း၌ စီမံချက်ပြင်ပ အလားတူကျေးရွာတို့တွင်လည်း MAHFP တိုးတက်လာကြောင်း တွေ့ရှိရသဖြင့် ဤရလဒ်အားလုံးတို့မှာ LIFT၏အထောက်အပံ့ခံ စီမံချက်များကြောင့်ဟု မပြောသာပေ။

*ပုံ ၂.၂။ ၂၀၁၁-၂၀၁၅အတွင်း ရိက္ခာမဖူလုံသောလ လျော့နည်းလာသော အိမ်ထောင်စု*




အခြားစစ်တမ်းရလဒ်များကလည်း ရိက္ခာဖူလုံမှုမှာ တိုးတက်လျက်ရှိကြောင်း ပြနေသော်လည်း နှုန်းမှာ ယခုလောက်မများပေ။ ၂၀၁၁ခုနှစ်တွင် လွန်ခဲ့သောနှစ်နှင့်စာလျှင် ၁၂လအတွင်း ရိက္ခာရရှိကြောင်း တင်ပြ သည့် အိမ်ထောင်စုမှာ ၁၄% ရှိသည်။ တိုးတက်လာသည်ဟု တင်ပြသော အိမ်ထောင်စုအချိုးမှာ ၂၀၁၃ခုနှစ် တွင် ၂၄% အထိ သိသာစွာတိုးတက်ခဲ့ပြီး ၂၀၁၅ခုနှစ်တွင်မူ ၂၀%သာရှိသည်။

MAHFPရလဒ်များကို ၂၀၁၅ခုနှစ်ကုန်တွင် LIFTအထောက်အပံ့ခံ အိမ်ထောင်စုအရေအတွက်နှင့် ဆက်စပ်ပါက ၆၀% သို့မဟုတ် အိမ်ထောင်စု ၄၉၂,၄၃၅စု သည် ၁၀လ သို့မဟုတ် ၁၁လအောက် သို့မဟုတ် ၁၂လအထိ တိုးတက်လာမည်ဖြစ်သည်။ *ဤအောင်မြင်မှုသည် မူရင်းရည်မှန်းချက်ဖြစ်သော အိမ်ထောင်စု ၂၀၀,၀၀၀ထက် ၁၄၆% ကျော်လွန်ခဲ့သည်။*

### P.O ၃.၃။ LIFT ကျေးရွာများရှိ ၅နှစ်အောက်ကလေးများ၏ အလွန်အမင်း/ အသင့်အတင့် ပုညက်မှုရာခိုင်နှုန်း

ကလေးများ ပုညက်မှုဆိုင်ရာအညွှန်းသည် ၂၀၁၃ခုနှစ် နှစ်ကုန်တွင် ၃၃%ရှိရာမှ ၂၀၁၆ခုနှစ် နှစ်ဆန်းတွင် ၂၉%သို့ သိသာစွာ ၃% လျော့ကျသွားသည်။ LIFTလုပ်ငန်းဆောင်ရွက်နေသော ကျေးရွာများတွင် ၉%အထိ လျော့ကျသွားခြင်းဖြစ်သည်။ ဤသို့ လျော့ကျရခြင်း၏ အကြောင်းရင်းများမှာ ရိက္ခာအမည်စုံလင်လာခြင်း (အညွှန်းPO3.1)၊ ရိက္ခာအထူးဖူလုံလာခြင်း(အညွှန်းPO3.2)တို့ ဖြစ်သည်။ သို့သော် စာရင်းဇယားအရ ပုညက်မှု အမှန်တကယ် လျော့ကျခြင်းရှိမရှိကို လည်းကောင်း၊ ဤသို့ ဖြစ်ရခြင်းမှာ LIFT၏ဆောင်ရွက်မှုကြောင့်ဟုတ်မဟုတ်ကိုလည်းကောင်းသေချာစွာသိရှိရန် ဆက်လက်စုံစမ်းရမည်ဖြစ်သည်။ ဤအပြောင်းအလဲနှင့် LIFT၏ ဖြစ်နိုင်သော အခန်းကဏ္ဍကို ပိုမိုနားလည်ရန်အတွက် အာဟာရဆိုင်ရာလုပ်ဆောင်ချက်များနှင့် သက်ဆိုင်သူတို့ ထိတွေ့မှုရှိမရှိ၊ အသက်အရွယ်အလိုက် ကလေးများ၏ ပုညက်မှုနှုန်းနှင့် နယ်မြေ၊ မိခင်၏ အာဟာရအခြေအနေ၊ မိခင်နို့တိုက်ကျွေးမှု၊ ရေနှင့် သန့်ရှင်းရေးဆိုင်ရာ အလေ့အထများတို့ကို ဆက်လက်သုံးသပ်ရန် စီမံထားသည်။

# စီမံကိန်းအဆင့်ရလဒ်များ Programme-Level (PR)နှင့် ဆွေးနွေးချက်

ရေ့စာမျက်နှာပါဇယား၂.၃ကို ရည်ညွှန်းရန်

**စီမံကိန်းရလဒ်၁။** လုပ်ကွက်ငယ်တောင်သူများ၏ ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းနှင့် လယ်ယာအခြေပြုထုတ်လုပ်မှုများ

### PR ၁.၁ ။ အကြံပေးဝန်ဆောင်မှုရောက်ရှိသည့် LIFTအိမ်ထောင်စုအရေအတွက်

မိတ်ဖက်အဖွဲ့၁၀ဖွဲ့တို့က ၂၀၁၄နှင့် ၂၀၁၅ခုနှစ်တို့တွင် အိမ်ထောင်စု ၄၆၅၁၉စု ထံသို့ အကြံပေးဝန်ဆောင်မှုပေးအပ်ခဲ့ကြောင်း တင်ပြကြသဖြင့် စုစုပေါင်းအိမ်ထောင်စု ၁၃၉,၀၉၀ ထံသို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။[13] မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တို့တွင် LIFT၏ စီမံကိန်းအသစ်များ စတင်ခဲ့ပြီး ရခိုင်ဒေသတွင်လည်း လုပ်ငန်းတိုးချဲ့ခဲ့သဖြင့် ဤ လုပ်ဆောင်မှုမှာလည်း သိသိသာသာ တိုးတက်ခဲ့သည်။

အကြံပေးဝန်ဆောင်မှုကို ဆောင်ရွက်ရာတွင် စီမံချက်များသည် - သရုပ်ပြစိုက်ခင်းများ၊ တောင်သူကျောင်းများ၊သင်ယူရေးဌာန များ၊ နည်းပညာသင်တန်းများ၊ မိသားစုလယ်ယာများသို့ စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးခြင်း၊ အပြန်အလှန် လည်ပတ်ခြင်း၊ လေ့လာရေးခရီးများ၊ စိုက်ပျိုးရေးပြပွဲများစသည့် နည်းအမျိုးမျိုးကို အသုံးပြုကြရသည်။ ရှမ်းပြည်နယ် တောင်ပိုင်းတခွင်၌ Mercy Corps နှင့် East-West Seed တို့၏ ကွင်းဆင်းအဖွဲ့များသည် တောင်သူများထံသို့ အိမ်တိုင်ရာရောက်သွားရောက်ပြီး ပျိုးဗန်းများ၊ မြေဖုံးပလပ်စတစ်စများ၊ နိုင်လွန်ဆန်ကာများ အသုံးပြုနည်းကို သင်ကြားပေးခဲ့သည်။ TDHသည် တောင်သူများကို မြေမဲ့စိုက်ပျိုးနည်း၊ ရေအစက်ချ စိုက်ပျိုးနည်း၊ ပိုးမွှားနှိမ်နင်းနည်းတို့ကို လေ့ကျင့်ပေးခဲ့သည်။ နိုင်ငံတကာဆန်စပါးသုတေသနဌာန IRRIသည် စိုက်ပျိုးရေး ဌာနဝန်ထမ်းများ၊ NGOဝန်ထမ်းများ၊ တောင်သူများကို သီးနှံစီမံခန့်ခွဲမှု အလေ့အကျင့်များ၊ ဒဏ်ခံနိုင်သော သီးနှံမျိုးများ၊ ရိတ်သိမ်းချိန်လွန်နည်းစနစ်များကို မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တို့တွင် အကြံပေး ဆောင်ရွက်ခဲ့သည်။ LEADသည် တောင်သူကျောင်းများတွင် မျိုးစေ့ထုတ်လုပ်ရေး၊ အိမ်ခြံစိုက်ပျိုးရေး၊ တီကောင်မွေးမြူရေးတို့ကို လေ့ကျင့်ပေးခဲ့သည့်အပြင် စိုက်ပျိုးမွေးမြူရေး ပညာပေး လုပ်သားများကို မွမ်းမံသင်တန်း ပေးခဲ့သည်။ *ဤအညွှန်းအတွက် LIFTသည် ၂၀၁၅ခုနှစ်ရည်မှန်းချက်၏ ၁၁၁ရာခိုင်နှုန်းကို အကောင်အထည်ဖော်နိုင်ခဲ့သည်။*

*ဇယား ၂.၃ ။ စီမံကိန်းအဆင့်အညွှန်းများနှင့် နှစ်အလိုက် အကောင်အထည်ဖော်မှုနှင့် ၂၀၁၅ခုနှစ်ရည်မှန်းချက်*

| အညွှန်း | ရလဒ် | | | ၂၀၁၅ ရည်မှန်းချက် | ပြီးစီးမှု% | အချက်အလက် အရင်းအမြစ် |
|---|---|---|---|---|---|---|
| | ၂၀၁၁ | ၂၀၁၃ | ၂၀၁၅ | | | |
| PR ၁။ လုပ်ကွက်ငယ်တောင်သူများ စိုက်ပျိုးရေး နှင့် လယ်ယာအခြေပြုထုတ်လုပ်မှု တိုးတက်ကာ ရေရှည်တည်တံ့ခြင်း | | | | | | |
| PR ၁.၁။ အကြံပေးဝန်ဆောင်မှုရောက်ရှိသော LIFT အိမ်ထောင်စုအရေအတွက် * | ၁၈,၉၇၃ | ၉၂,၅၇၁ | ၁၃၉,၀၉၀ | ၁၂၅,၀၀၀ | ၁၁၁% | မိတ်ဖက်အဖွဲ့ |
| PR ၁.၃။ သီးနှံထုတ်လုပ်မှုတိုးတက်လာသော LIFT အိမ်ထောင်စုအရေအတွက် | ၂၆,၇၈၄ | ၆၀,၀၀၀ | ၉၆,၂၁၈ | ၉၀,၀၀၀ | ၁၀၇% | အိမ်ထောင်စု စစ်တမ်း |

13 ဤအညွှန်းအတွက် သင်တန်းသားတစ်ဦးသည် အိမ်ထောင်စုတစ်စုကို ကိုယ်စားပြုသည်ဟု ယူဆသည်။

| | | | | | | |
|---|---|---|---|---|---|---|
| PR ၂။ လုပ်ကွက်ငယ် တောင်သူများ ဈေးကွက်လက်လှမ်းမီမှုနှင့် ဈေးကွက်အခြေအနေတိုးတက်လာခြင်း | | | | | | |
| PR ၂.၁။ ထုတ်လုပ်သူအုပ်စုဝင် LIFT အိမ်ထောင်စု အရေအတွက်* | ၉,၉၁၁ | ၃၈,၀၈၅ | ၄၅,၆၂၀ | ၃၈,၇၀၉ | ၁၁၈% | မိတ်ဖက်အဖွဲ့ |
| PR ၃။ လုပ်ကွက်ငယ် တောင်သူများနှင့် လယ်မဲ့မြေမဲ့များအတွက် လယ်ယာနှင့် မဆိုင်သော အလုပ်အကိုင် တိုးတက်လာခြင်း | | | | | | |
| PR ၃.၁။စိုက်ပျိုးရေး မဟုတ်သော ကျွမ်းကျင်မှု ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ခံရသော LIFT အိမ်ထောင်စု အရေအတွက်* | ၇,၄၃၆ | ၁၁,၉၁၄ | ၁၅,၃၄၆ | ၁၃,၄၈၆ | ၁၁၄% | မိတ်ဖက်အဖွဲ့ |
| PR ၃.၂။ လုပ်ငန်းထူထောင်နိုင်သော/ အလုပ်ရသော သင်တန်းဆင်းဦးရေ* | N/A | ၂၉,၁၅၅ | ၇၄,၀၃၄ | ၇၁,၂၁၉ | ၁၀၄% | မိတ်ဖက်အဖွဲ့ |
| PR ၃.၃။ စိုက်ပျိုးရေး မဟုတ်သော အလုပ်ဖြင့် ဝင်ငွေတိုးတက်လာသော LIFT အိမ်ထောင်စု အရေအတွက်* | N/A | ၁၇,၁၆၄ | ၁၈,၇၆၅ | ၃၀,၀၀၀ | ၆၃% | မိတ်ဖက်အဖွဲ့ |
| PR ၄။ လုပ်ကွက်ငယ် တောင်သူများနှင့် လယ်မဲ့မြေမဲ့များအနေဖြင့် သက်သာသော ငွေကြေးဝန်ဆောင်မှုများကို လက်လှမ်းမီလာခြင်း | | | | | | |
| PR ၄.၃။ ငွေကြေးဝန်ဆောင်မှုများသို့ လက်လှမ်းမီသော LIFT အိမ်ထောင်စု အရေအတွက်* | ၈,၁၀၃ | ၁၅၁,၂၁၂ | ၉၃၄,၅၁၁** | ၁၃၀,၀၀၀ | ၇၁၁% | မိတ်ဖက်အဖွဲ့ |
| PR ၅။ အာဟာရ၊ ရေနှင့် သန့်ရှင်းမှု၊ တကိုယ်ရည် သန့်ရှင်းမှု တိုးတက်ခြင်း | | | | | | |
| PR ၅.၁။ အာဟာရဆိုင်ရာသတင်းအချက်အလက်များသို့ လက်လှမ်းမီသော LIFT အိမ်ထောင်စု အရေအတွက်* | N/A | ၇,၅၁၅ | ၆၅,၈၄၂ | ၄၂,၃၉၄ | ၁၅၅% | မိတ်ဖက်အဖွဲ့ |
| PR ၅.၆။ စိတ်ချရသော ရေအရင်းအမြစ်ကို သုံးစွဲနေသော LIFT အိမ်ထောင်စု အရေအတွက်* | ၂၆,၉၃၀ | ၈၂,၇၈၉ | ၁၆၂,၈၄၇ | ၁၁၄,၆၀၂ | ၁၄၂% | မိတ်ဖက်အဖွဲ့ |
| PR ၆ ။ လုပ်ကွက်ငယ် တောင်သူများနှင့် လယ်မဲ့မြေမဲ့များ သယံဇာတများကို လက်လှမ်းမီရေး နှင့် ရေရှည်အသုံးပြုနိုင်ရေး အာမခံချက်ရှိခြင်း | | | | | | |
| PR ၆.၂။ သယံဇာတကို ကာကွယ်/ စီမံခန့်ခွဲရာတွင် ပါဝင်သော LIFT အိမ်ထောင်စု အရေအတွက် * | N/A | ၃၂,၈၅၄ | ၃၇,၉၁၄ | ၃၂,၀၀၀ | ၁၁၈% | မိတ်ဖက်အဖွဲ့ |
| PR ၇။ အသက်မွေးမှုနှင့် စားနပ်ရိက္ခာ ဖူလုံစေရေးတွင် ထောက်ပံ့ရန်အတွက် နှင့် ဖြစ်ထွန်းစေရန်အတွက် ရပ်ရွာလူထု၊ ဒေသအစိုးရ၊ CSOများ၊ ပုဂ္ဂလိက လုပ်ငန်းများတို့၏ စွမ်းဆောင်ရည်ကို အားဖြည့်ပေးခြင်း | | | | | | |
| PR ၇.၁။ ပြည်တွင်းအဖွဲ့အစည်းများက စီမံခန့်ခွဲနေသော LIFT၏ ရန်ပုံငွေ ရာခိုင်နှုန်း * | ၂၁% | ၂၄% | ၁၄% | N/A | N/A | မိတ်ဖက်အဖွဲ့နှင့် ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး |
| PR ၇.၂။ ရိက္ခာနှင့် အသက်မွေးမှု ဖူလုံစေရေးတွင် ပါဝင်ရန်အတွက် အထောက်အပံ့ခံရသော ဒေသခံ NGO အမျိုးအစားနှင့် အရေအတွက် * | N/A | ၂၀၀ | ၂၀၆ | ၄၀ | ၅၁၅% | မိတ်ဖက်အဖွဲ့ |
| PR ၈။ ဆင်းရဲနွမ်းပါးသူများ အကျိုးရှိစေမည့် ဖွံ့ဖြိုးရေးအတွက် မူဝါဒ နှင့် သက်ဆိုင်သော အထောက်အထားများကို ပြုစုခြင်း | | | | | | |
| PR ၈.၁။ LIFTက ထောက်ပံ့ကာ ကျင်းပခဲ့သော မူဝါဒဆိုင်ရာ အခမ်းအနား အရေအတွက် * | N/A | N/A | ၅၄ | N/A | N/A | မိတ်ဖက်အဖွဲ့နှင့် ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး |

*ကိန်းဂဏန်းများမှာ စုပေါင်းဖော်ပြထားသည်။


**၂၀၁၅ခုနှစ်အတွက် ဤအညွှန်းများတွင် အဖွဲ့အစည်းဆိုင်ရာ အထောက်အပံ့ကိုရရှိသော ငွေကြေးလုပ်ငန်းများ၏ ဝန်ဆောင်မှု အသုံးပြုသူများလည်း ပါဝင်သည်။

### PR ၁.၃။ သီးနှံအထွက်တိုးသော LIFT အိမ်ထောင်စုအရေအတွက်

စစ်တမ်းကိန်းဂဏန်းများအရ LIFTကျေးရွာများရှိ အိမ်ထောင်စုများသည် LIFTစီမံကိန်းများသက်တမ်းတလျှောက်တွင် သီးနှံအထွက်နှုန်း မှန်မှန်တိုးတက်လာကြောင်း ပြနေသည်။ စစ်တမ်း ၃ကြိမ်လုံးတွင် ယမန်နှစ်က သီးနှံစိုက်ပျိုးခဲ့သူ အားလုံး၏ လေးပုံတစ်ပုံခန့်သည် သီးနှံအထွက်တိုးလာကြောင်း တင်ပြခဲ့ကြသည်။ ဤရလဒ်များသည် LIFT၏ဦးတည်ကျေးရွာများရှိ အိမ်ထောင်စုအရေအတွက်နှင့် ဆက်စပ်ကြည့်ပါက အကြမ်းဖျင်းအားဖြင့် ၂၀၁၁ခုနှစ် တွင် ၂၆,၀၀၀၊ ၂၀၁၃ခုနှစ်တွင် အိမ်ထောင်စု ၆၀,၀၀၀၊ ၂၀၁၅ခုနှစ် အိမ်ထောင်စု ၉၆,၀၀၀ အသီးသီး သီးနှံအထွက် တိုးလာခဲ့ကြသည်။ *ဆိုလိုသည်မှာ LIFTသည် ၂၀၁၅ခုနှစ်ရည်မှန်းချက်၏ ၁၀၇ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်သည်။*

ထို့ပြင် LIFTသက်တမ်းတလျှောက်တွင် ဆန်စပါးသီးနှံ၏ ပျမ်းမျှအထွက်နှုန်းမှာလည်း မှန်မှန်တိုးတက်နေကြောင်း စစ်တမ်းကိန်းဂဏန်းများက ပြနေကြသည်၊ ပုံ ၂.၃တွင် မိုးစပါးသာမက နွေစပါးပါ ပျမ်းမျှအထွက်နှုန်းသည် ၂၀၁၁ မှ ၂၀၁၅ခုနှစ်အတွင်း တစ်ဧကလျှင် ၆တင်းခန့် တိုးတက်ခဲ့သည်ကိုပြနေသည်။

*ပုံ ၂.၃။ LIFTအိမ်ထောင်စုစစ်တမ်းနယ်မြေအတွင်း ပျမ်းမျှစပါးအထွက်နှုန်း*




### **စီမံကိန်းရလဒ်၂။** လုပ်ကွက်ငယ်တောင်သူများ ဈေးကွက်လက်လှမ်းမီခြင်းနှင့် ဈေးကွက်အခြေအနေ တိုးတက်လာခြင်း

### PR ၂.၁။ ထုတ်လုပ်သူအုပ်စုဝင် LIFTအိမ်ထောင်စုအရေအတွက်

၂၀၁၁ခုနှစ်မှ ၂၀၁၃ခုနှစ်အတွင်း LIFTအထောက်အပံ့ခံ စီမံချက်၂၇ခုမှ တဆင့် ထုတ်လုပ်သူအုပ်စု အသင့်အတင့် ကို ဖွဲ့စည်းခဲ့သည်။ ထိုအုပ်စုများတွင် စိုက်ပျိုးရေးထုတ်လုပ်သူအုပ်စု၊ မွေးမြူရေးထုတ်လုပ်သူအုပ်စု၊ ရေလုပ်ငန်း ထုတ်လုပ်သူအုပ်စုတို့ ပါဝင်သည်။ ၂၀၁၃ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း Mercy Corps/ Swiss Contact, EDNA-ဆစ်ဒနီတက္ကသိုလ်တို့နှင့် တက်လမ်းစီမံကိန်းမှ မိတ်ဖက်အဖွဲ့များက အိမ်ထောင်စု ၇,၅၃၅စုကို ထုတ်လုပ်သူ အုပ်စုဝင်များအဖြစ် ဖွဲ့စည်းပေးခဲ့ကြသည်။ ထို့ကြောင့် ၂၀၁၅ခုနှစ်တွင် စုစုပေါင်းအိမ်ထောင်စု ၄၅,၀၀၀ကျော် သွားပြီ ဖြစ်သည်။ *LIFTသည် ရည်မှန်းချက်ဖြစ်သော အိမ်ထောင်စု ၄၀,၀၀၀ထက် ၁၁၈ ရာခိုင်နှုန်း ကျော်လွန်သွားပြီ ဖြစ်သည်။*

ဤရလဒ် တစိတ်တဒေသမှာ လုပ်ကွက်ငယ်တောင်သူများနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ အကျိုးတူလယ်ယာလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့်ဖြစ်သည်။ ယင်းလုပ်ငန်းတို့တွင် ပြည်တွင်းဈေးကွက်နှင့် အခြားအာဆီယံနိုင်ငံများသို့ တင်ပို့ရန် တန်ဖိုးမြင့် ဟင်းသီးဟင်းရွက် ထုတ်လုပ်ခြင်းလည်း ပါဝင်သည်။

### **စီမံကိန်းရလဒ်၃။** လုပ်ကွက်ငယ်တောင်သူများနှင့် လယ်မဲ့မြေမဲ့များအတွက် လယ်ယာနှင့်မဆိုင်သော အလုပ်အကိုင်တိုးတက်လာခြင်း

### PR ၃.၁။ စိုက်ပျိုးရေးမဟုတ်သော ကျွမ်းကျင်မှုဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ခံရသော LIFTအိမ်ထောင်စု အရေအတွက်

၂၀၁၁မှ ၂၀၁၃ခုနှစ်အတွင်း အိမ်ထောင်စု ၂၁,၀၀၀ခန့်သည် မိတ်ဖက်အဖွဲ့ ၁၆ဖွဲ့မှ စိုက်ပျိုးရေးမဟုတ်သော ကျွမ်းကျင်မှု ရရှိရေးအတွက် အထောက်အပံ့ကို ရရှိခဲ့ကြသည်။ ဤအထောက်အပံ့မှာ အုပ်ချုပ်ခြင်း၊ စက်ပြင်ခြင်း၊ အစားအသောက်ထုတ်လုပ်ခြင်း ယက်ကန်းရက်ခြင်းစသည့် အသက်မွေးပညာသင်တန်းများဖြစ်ကြသည်။ ၂၀၁၃မှ ၂၀၁၅ခုနှစ် အတွင်းတွင် LIFTသည် နောက်ထပ် အိမ်ထောင်စု ၃,၄၀၀ကို စိုက်ပျိုးရေးမဟုတ်သော ကျွမ်းကျင်မှု အတွက် အထောက်အပံ့ပေးခဲ့ရာတွင် ကျွန်ပျူတာသုံး စာရင်းကိုင်ပညာ နှင့် ပျားမွေးမြူရေးတို့လည်း ပါဝင်သည်။ *LIFTသည် ၂၀၁၅ခုနှစ်ရည်မှန်းချက်၏ ၁၁၄ရာခိုင်နှုန်းကို ရရှိခဲ့သည်။*

### PR ၃.၂။ လုပ်ငန်းထူထောင်နိုင်သော/အလုပ်ရသောသင်တန်းဆင်းဦးရေ

၂၀၁၁မှ ၂၀၁၃ခုနှစ်အတွင်း သင်တန်းဆင်း၂၉,၀၀၀သည် လုပ်ငန်းငယ်များကို ထူထောင်နိုင်သည်၊ သို့မဟုတ် အလုပ်အကိုင်ရရှိသည်ဟု စီမံချက်၁၈ခုတို့က အစီရင်ခံခဲ့သည်။ ၂၀၁၃မှ၂၀၁၅ခုနှစ်အတွင်း နောက်ထပ် သင်တန်းဆင်း ၄၅,၀၀၀သည် ကိုယ်ပိုင်လုပ်ထူထောင်သည် သို့မဟုတ် အလုပ်အကိုင်ရရှိသည်ဟု မိတ်ဖက်အဖွဲ့များက အစီရင်ခံခဲ့ကြသည်။ ဤတိုးတက်မှုမှာ စီမံချက်တစ်ခုတည်းမှ အများစုရရှိခြင်းဖြစ်ပြီး ၉၈ရာခိုင်နှုန်း အမျိုးသမီးများ ဖြစ်ကြသော ဝန်ဆောင်မှု အသုံးပြုသူများက ချေးငွေများထုတ်ယူပြီး မွေးမြူရေးလုပ်ငန်း၊ ကုန်စုံဆိုင်လုပ်ငန်း၊ စားသောက်ကုန် လုပ်ငန်း၊ အရောင်းအဝယ်၊ ယက်ကန်းလုပ်ငန်းစသည်တို့ကို ထူထောင်ကြသည်။ ထို့ပြင် မြစ်ဝကျွန်းပေါ်ဒေသ တွင် လောင်စာချွေတာသော မီးဖိုများကို ထုတ်လုပ်နိုင်ရန် စီမံချက်တစ်ခုက ထောက်ပံ့ခဲ့သည်။

ဤချေးငွေများသည် တောင်သူများကိုသာမက လယ်မဲ့မြေမဲ့အိမ်ထောင်စုများကိုလည်း အကျိုးပြုသည်။ လုပ်ငန်း ထူထောင်နိုင်ခဲ့သော သင်တန်းဆင်း ၇၄,၀၀၀အနက် ၉၆ရာခိုင်နှုန်းမှာ လယ်မဲ့မြေမဲ့ သို့မဟုတ် လုပ်ကွက်ငယ် တောင်သူ အိမ်ထောင်စုများမှ အမျိုးသမီးများဖြစ်ကြသည်။ *LIFTသည် ၂၀၁၅ခုနှစ်ရည်မှန်းချက်၏ ၁၀၄ ရာခိုင်နှုန်းကို ရရှိခဲ့သည်။*

### PR ၃.၃။ စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းဖြင့် ဝင်ငွေတိုးတက်လာသော LIFTအိမ်ထောင်စုအတွက်

၂၀၁၃ခုနှစ်တွင် အိမ်ထောင်စု ၁၇,၁၀၀သည် စားသောက်ကုန်လုပ်ငန်း၊ PUFချုပ်လုပ်ငန်း၊ အိုးလုပ်ငန်းစသော လယ်ယာပြင်ပ လုပ်ငန်းများဖြင့် ဝင်ငွေတိုးလာကြောင်း မိတ်ဖက်အဖွဲ့များက အစီရင်ခံခဲ့ကြသည်။ ၂၀၁၅ခုနှစ်တွင် ဤအရေအတွက်မှာ ၁၈,၇၀၀သာရှိပြီး LIFTရည်မှန်းချက်၏ ၆၃ရာခိုင်နှုန်းသာ ရှိခဲ့သည်။ သို့သော် မိတ်ဖက်အဖွဲ့များက တင်ပြသော ဤအရေအတွက်မှာ လျှော့ထားကြောင်း ယုံကြည်ရန် အကြောင်းရှိသည်။ ပထမအချက်မှာ ၂၀၁၅ခုနှစ်တွင် လယ်ယာပြင်ပလုပ်ငန်းများဖြင့် ဝင်ငွေတိုးစေရန် အကောင်အထည်ဖော်နေသော မိတ်ဖက်အဖွဲ့ အများအပြားရှိသော်လည်း ၁၃ဦးကသာ ဤအညွှန်းနှင့် ပတ်သက်၍ အစီရင်ခံကြသည်။ ဒုတိယအချက်မှာ အိမ်ထောင်စုစစ်တမ်းမှ ကိန်းဂဏန်းများအရ LIFT၏ အထောက်အပံ့ခံရွာများရှိ အိမ်ထောင်စု ၁၇၇,၀၀၀သည် လယ်ယာပြင်ပလုပ်ငန်းများဖြင့် ဝင်ငွေတိုးလာကြောင်း တွေ့ရှိရသည်။ ယင်းသည် LIFT၏ ၂၀၁၅ခုနှစ် ရည်မှန်းချက်ကို သိသာစွာကျော်လွန်နေသည်။ သို့သော် ယမန်နှစ်များမှ စုဆောင်းထားသော ကိန်းဂဏန်းများနှင့် တသမတ်တည်းဖြစ်စေရန် မိတ်ဖက်အဖွဲ့များက အစီရင်ခံသော ပိုနည်းသည့် ကိန်းဂဏန်း ကိုသာ ဤအစီရင်ခံစာတွင် အသုံးပြုထားသည်။

### **စီမံကိန်းရလဒ်၄။** လုပ်ကွက်ငယ်တောင်သူများနှင့် လယ်မဲ့မြေမဲ့တောင်သူများသည် သက်သာသော ငွေရေးကြေးရေးဝန်ဆောင်မှုများကို လက်လှမ်းမီလာခြင်း

### PR ၄.၃။ ငွေရေးကြေးရေးဝန်ဆောင်မှုများသို့ လက်လှမ်းမီသော LIFT အိမ်ထောင်စုအရေအတွက်

LIFTအထောက်အပံ့ခံကျေးရွာများတွင် ချေးငွေလက်လှမ်းမီသည့် အိမ်ထောင်စုအရေအတွက်မှာ အလွန်များပြားလာသည်။ ၂၀၁၁မှ၂၀၁၃ခုနှစ် အတွင်းရှိ ကိန်းဂဏန်းများမှာ မိတ်ဖက်အဖွဲ့များထံမှ ရရှိခြင်းဖြစ်ပြီး ချေးငွေနှင့် လုပ်ငန်းကုန်ကျစရိတ်ကို LIFTက တိုက်ရိုက်ကျခံခြင်းကြောင့် ဤသို့ရရှိခြင်းဖြစ်သည်။ ကုန်စုံဆိုင်များ၊ အထည် အလိပ်ဆိုင်များ၊ စက်ပြင်အလုပ်ရုံများ၊ ယက်ကန်းများစသည့် အသေးစားနှင့် အလတ်စား လုပ်ငန်းများတွင် စိုက်ပျိုးရေးချေးငွေ သာမက၊ စိုက်ပျိုးရေးမဟုတ်သော ချေးငွေများကိုပါ တိုးတက်သုံးစွဲလာကြသည်။

*ဇယား ၂.၄။ LIFT မိတ်ဖက်အဖွဲ့တို့ထံမှ ချေးငွေရရှိသော အိမ်ထောင်စုအရေအတွက်*

| နှစ် | စိုက်ပျိုးရေးချေးငွေ ရယူသူ | စိုက်ပျိုးရေးမဟုတ်သော ချေးငွေရယူသူ | စုစုပေါင်း အိမ်ထောင်စု |
|---|---|---|---|
| ၂၀၁၀ | ၇,၅၈၇ (၉၄%) | ၅၁၉ (၆%) | ၈,၁၀၆ |
| ၂၀၁၃ | ၁၃၀,၀၂၅ (၈၆%) | ၂၁,၁၈၇ (၁၄%) | ၁၅၁,၂၁၂ |
| ၂၀၁၅ | ၃၇၀,၇၇၉ (၃၁%) | ၈၁၃,၁၇၄ (၆၉%) | ၉၃၄,၅၁၁ |

၂၀၁၃ခုနှစ်ကတည်းက အသေးစားငွေရေးကြေးရေးလုပ်ငန်း(MFI)များကို ငွေကြေးအရရော ဖွဲ့စည်းပုံအရပါ အထောက်အကူ ပြုခဲ့ရာ ၂၀၁၅ခုနှစ်တွင် လုပ်ငန်းပေါင်း၄၁ခုတို့ လျင်မြန်စွာ တိုးတက်လာသည်။ ဤနှစ်အကုန်တွင် ဤလုပ်ငန်းများတွင် ဝန်ဆောင်မှုအသုံးပြုသူပေါင်း ၉၃၅,၀၀၀ခန့်ရှိလာပြီး ယင်းတို့၏ ၉၃ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်သည်။ အသေးစိတ်ကို အခန်း ၄ ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှုတွင် ကြည့်ပါ။

## **စီမံကိန်းရလဒ်၅။** အာဟာရ၊ ရေနှင့်သန့်ရှင်းမှု၊ တကိုယ်ရည်သန့်ရှင်းမှုတို့တိုးတက်လာခြင်း

### PR ၅.၁။ အာဟာရဆိုင်ရာသတင်းအချက်အလက်များသို့ လက်လှမ်းမီသော LIFTအိမ်ထောင်စုအရေအတွက်

၂၀၁၁မှ ၂၀၁၃ခုနှစ်အတွင်း မိတ်ဖက်အဖွဲ့ ၆ဖွဲ့ တို့သည် အိမ်ထောင်စု ၇,၅၀၀ထံသို့ အာဟာရဆိုင်ရာ သတင်းအချက်အလက်တို့ကို အသိပညာပေးသင်တန်းများဖြင့် ပို့ချမျှဝေပေးခဲ့သည်ဟု တင်ပြခဲ့သည်။ ၂၀၁၅ခုနှစ် နှစ်ကုန်တွင် မိတ်ဖက်အဖွဲ့ ၃ဖွဲ့တို့သည် နောက်ထပ် အိမ်ထောင်စု ၅၈,၀၀၀တို့ထံသို့ အာဟာရဆိုင်ရာ အသိပညာ ပညာပေးခဲ့ကြသည်။ အထူးခြားဆုံးအောင်မြင်မှုကို ရခိုင်ဒေသတွင် တက်လမ်းစီမံကိန်းက ရရှိခဲ့သည်။ ကျေးရွာ ငွေစု/ချေး အသင်းများ၊ စိုက်ပျိုးရေးအုပ်စုများ၊ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်နေသော အခြားအုပ်စုများသို့ အာဟာရဆိုင်ရာ သတင်းအချက် အလက်များကို ပေးခဲ့သည်။ ပါဝင်သော အကြောင်းအရာများမှာ ဖြည့်စွက်အစာ ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အတွက် အာဟာရပြည့်ဝသော အစားအစာများ၊ အစားအစာ သန့်ရှင်းရေး၊ တကိုယ်ရည် သန့်ရှင်းရေး တို့ဖြစ်သည်။ ထို့ပြင် တက်လမ်း စီမံကိန်း ဝန်ထမ်းများအတွက် နည်းပြသင်တန်းတွင် အစာအာဟာရနှင့်ဆိုင်သော အမူအကျင့်ပြောင်းလဲရေး သတင်းစကား ပြောကြားခြင်းကိုပါ ထည့်သွင်းထားသည်။ LEARNစီမံချက်သည်လည်း အာဟာရဆိုင်ရာဆွေးနွေးပွဲများကို LIFT၏ မိတ်ဖက်အဖွဲ့များအတွက် ကျင်းပပေးခဲ့သည်။ ထို့အတူ နို့စို့ကလေးနှင့် ကလေးငယ်များ အစားအစာကျွေးမွေးမှု နှင့် ဆိုင်သော သင်တန်းများကိုလည်း ဖွင့်ခဲ့သည်။

LIFT၏မိတ်ဖက်အဖွဲ့များသည် အထူးသဖြင့် ၂၀၁၅ခုနှစ်တွင် ဤအညွှန်းနှင့် စပ်လျဉ်း၍ ထူးထူးခြားခြား ဆောင်ရွက်နိုင်ခဲ့ကြသည်။ *LIFTသည် ၂၀၁၅ခုနှစ်ရည်မှန်းချက်၏ ၁၅၅ရာခိုင်နှုန်းကို ရရှိခဲ့သည်။*

### PR ၅.၆။ စိတ်ချရသော ရေအရင်းအမြစ်ကို သုံးစွဲနေသော LIFTအိမ်ထောင်စုအရေအတွက်[14]

၂၀၁၁ မှ ၂၀၁၃ခုနှစ်အတွင်း အိမ်ထောင်စု ၅၅,၈၅၉စုတို့သည် စိတ်ချရသော ရေအရင်းအမြစ်ကို သုံးစွဲနေကြောင်း မိတ်ဖက်အဖွဲ့ ၈ဖွဲ့တို့က သတင်းပို့ခဲ့သည်။ ၂၀၁၃မှ ၂၀၁၅ခုနှစ်အတွင်းတွင် ဤအရေအတွက်မှာ ၁၆၃,၀၀၀ အထိ အံ့သြဖွယ် တိုးတက်ခဲ့သည်။ အဓိကမှာ ငွေနှင့်အလုပ်ဖလှယ်သော လုပ်ငန်းစဉ်အရ ရပ်ရွာရေကန်များကို ပြန်ဖော်ကာ ပြုပြင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ဤအိမ်ထောင်စုများသည် ဝင်ငွေသာမက ရေကောင်းရေသန့်ကိုပါ လက်လှမ်းမီခဲ့ကြသည်။ *LIFTသည် ၂၀၁၅ခုနှစ် ရည်မှန်းချက်၏ ၁၄၂ရာခိုင်နှုန်းကို ရရှိခဲ့သည်။*

## **စီမံကိန်းရလဒ်၆။** လုပ်ကွက်ငယ်တောင်သူများနှင့် လယ်မဲ့မြေမဲ့များ သယံဇာတများကို လက်လှမ်းမီရေးနှင့် ရေရှည်အသုံးပြုနိုင်ရေးအတွက် အာမခံချက်ရှိခြင်း

### PR ၆.၂။ သယံဇာတကို ကာကွယ်ရာ/စီမံခန့်ခွဲရာတွင် ပါဝင်သော LIFTအိမ်ထောင်စုအရေအတွက်

၂၀၁၃ခုနှစ်တွင် သယံဇာတစီမံခန့်ခွဲရေး သို့မဟုတ် ပြန်လည်ထိန်းသိမ်းရေးတွင် အိမ်ထောင်စု ၃၃,၀၀၀ခန့်တို့က ပါဝင်ဆောင်ရွက်ခဲ့ကြောင်း မိတ်ဖက်အဖွဲ့ ၁၂ဖွဲ့တို့က တင်ပြခဲ့ကြသည်။ ၂၀၁၅ခုနှစ်တွင် ယင်းထက် အနည်းငယ်သာပိုသော အိမ်ထောင်စု ၃၇,၀၀၀တို့က ဆောင်ရွက်ကြောင်း မိတ်ဖက်အဖွဲ့ ၃ဖွဲ့တို့က တင်ပြသည်။ *ဤအညွှန်းနှင့်ပတ်သက်၍ LIFTသည် ရည်မှန်းချက်ထက် ၁၈ရာခိုင်နှုန်းကျော်လွန်ခဲ့သည်။*

## **စီမံကိန်းရလဒ်၇။** ရိက္ခာနှင့် အသက်မွေးမှုဖူလုံရေးအတွက် ကူညီထောက်ပံ့နိုင်ရန်အတွက် ရပ်ရွာလူထု၊ ဒေသအာဏာပိုင်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတို့၏ စွမ်းဆောင်ရည်ကို အားဖြည့်ခြင်း


### PR ၇.၁။ LIFT၏ရန်ပုံငွေကို ခန့်ခွဲနေသော ပြည်တွင်းအဖွဲ့အစည်း ရာခိုင်နှုန်း

၂၀၁၁ခုနှစ်တွင် LIFTရန်ပုံငွေ၏ ၂၁ရာခိုင်နှုန်းကိုလည်းကောင်း၊ ၂၀၁၃ခုနှစ်တွင် ၂၄ရာခိုင်နှုန်းကို လည်းကောင်း၊ ၂၀၁၅ခုနှစ်တွင် ၁၄ရာခိုင်နှုန်းကို လည်းကောင်း ပြည်တွင်းအဖွဲ့အစည်းများက စီမံခန့်ခွဲနေကြောင်း ဇယား၂.၄တွင် တွေ့နိုင်သည်။ နောက်စာမျက်နှာရှိ ပုံတွင် မြန်မာCSOများ စီမံခန့်ခွဲသော LIFTစီမံချက် ရန်ပုံငွေများ မည်သည့် အချိုးအဆဖြင့် ပြောင်းလဲလာကြောင်း အသေးစိတ်တင်ပြထားသည်။

ပုံ ၂.၄တွင် CSOများက စီမံခန့်ခွဲနေသော အချိုးအဆမှာ ကျဆင်းသွားကြောင်း ပြနေသည်။ ယင်းအချိန်မှာ LIFTက အဆိုပြုလွှာ အများအပြားကို ခေါ်ယူနေသည့် ၂၀၁၅ခုနှစ်တွင် ဖြစ်နေသည်။ မြန်မာCSOများ တင်သွင်းသော အဆိုပြုလွှာတို့ကို စီစစ်ရာတွင် ဘုံတူညီသော ကိစ္စရပ်၂ခုကို တွေ့ရသည်။ ဒေသခံCSOတို့သည် ယင်းတို့၏ အကြံဉာဏ်များနှင့် LIFT၏ စီမံချက်မူဘောင်တို့ကို မကိုက်ညီနိုင်ကြခြင်း၊ ယင်းတို့၏ အတွေ့အကြုံ ကို လည်းကောင်း ၊ ယင်းအတွေ့အကြုံသည် ဤမူဘောင်နှင့် သက်ဆိုင်မှု ရှိကြောင်းကို လည်းကောင်း ဖော်ပြရန် ကြိုးစားအားထုတ်ကြခြင်းတို့ ဖြစ်သည်။ LIFTသည် ဤအခက်အခဲတို့ကို တိုက်ဖျက်ကာ CSOတို့၏ လျှောက်လွှာများ အောင်မြင်စေရန် နည်းအမျိုးမျိုးကို စတင်ခဲ့သည်။ ဥပမာအားဖြင့် အဆိုပြုလွှာရေးသားနိုင်စေရန် အထောက်အပံ့ငွေ အနည်းငယ်စီ ထုတ်ပေးခြင်းဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ အသေးစိတ်ကို အခန်း ၄.၃တွင် ကြည့်ပါ။

14 စိတ်ချရသော ရေအရင်းအမြစ်ဆိုသည်မှာ WHO/UNICEFတို့၏ သတ်မှတ်ချက်အရ 'ကောင်းမွန်သော' ရေလည်း ပါဝင်သည်။ ရပ်ရွာ၏လိုအင်နှင့် ကိုက်ညီစေရန် အိမ်သုံးအတွက် ကန်အသစ်များ တူးခြင်း၊ ကန်ဟောင်းများ ပြုပြင်ခြင်းတို့ကို LIFTက ထောက်ပံ့ခဲ့သည်။

*ပုံ၂.၄။ LIFTရန်ပုံငွေကို စီမံခန့်ခွဲနေသော ပြည်တွင်းအဖွဲ့အစည်းအရေအတွက်နှင့် စီမံခန့်ခွဲနေသော ရန်ပုံငွေ အချိုးအဆ*




### PR၇.၂။ ရိက္ခာနှင့် အသက်မွေးမှုဖူလုံစေရေးတွင် ပါဝင်ရန်အတွက် အထောက်အပံ့ခံရသော ဒေသခံNGO အရေအတွက်နှင့် အမျိုးအစား

၂၀၁၃ခုနှစ်မတိုင်မီက ရိက္ခာနှင့်အသက်မွေးမှု ဖူလုံရေးဆောင်ရွက်နေကြသော ပြည်တွင်းNGOအဖွဲ့ ၂၀ဝကို မိတ်ဖက်အဖွဲ့ များက ထောက်ပံ့နေကြောင်း သိရသည်။ ၂၀၁၅ခုနှစ်တွင် ၂၀၆ဖွဲ့ ရှိလာသည်။ ယင်းအဖွဲ့များကို စီမံချက် အုပ်ချုပ်မှု၊ ငွေရေးကြေးရေးစီမံခန့်ခွဲမှုနှင့် အခြားနည်းပညာဆိုင်ရာ သင်တန်းများဖွင့်ခြင်းတို့ဖြင့် မိတ်ဖက်အဖွဲ့များက ထောက်ပံ့နေကြသည်။ဥပမာအားဖြင့် ၂၀၁၅ခုနှစ်တွင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် FSWGတို့သည်ပြည်တွင်းNGOများကို ရိက္ခာဖူလုံမှု စောင့်ကြပ်စစ်ဆေးရေးဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးစေရန် ထောက်ပံ့ခဲ့သည်။ *LIFTအောင်မြင်မှုသည် မူရင်း ရည်မှန်းချက်ထက် ၄၀၀ရာခိုင်နှုန်း ကျော်လွန်သည်။*

**စီမံကိန်းရလဒ်၈။** နွမ်းပါးသူများအကျိုးကို ဦးတည်သော ဖွံ့ဖြိုးရေးမူဝါဒနှင့် သက်ဆိုင်သည့် အထောက်အထားများကို ပြုစုခြင်း

### PR ၈.၁။ LIFTက ထောက်ပံ့ခဲ့သော မူဝါဒဆိုင်ရာ အခမ်းအနား အရေအတွက်

၂၀၁၅ခုနှစ်တွင် မိတ်ဖက်အဖွဲ့၈ဖွဲ့က မူဝါဒဆိုင်ရာအခမ်းအနား ၂၈ခု ကို စီစဉ်ကျင်းပခဲ့သည်ဟု တင်ပြသည်။ ယင်းတို့မှာ-လူမှုကာကွယ်စောင့်ရှောက်ရေးအလုပ်ရုံ ဆွေးနွေးပွဲ ၄ကြိမ်၊ မြစ်မ်းရောင် ကျေးရွာစီမံကိန်းနှင့် ပတ်သက်သော အလုပ်ရုံ အစည်းအဝေး ၂ကြိမ်၊ အမျိုးသမီးများအား အကြမ်းဖက်ခြင်းမှ ကာကွယ်သည့် ဥပဒေဆွေးနွေးပွဲ ၈ကြိမ်တို့ ပါဝင်သည်။ FSWG သည် အခမ်းအနား ၁၄ခုကို ကျင်းပခဲ့ရာ ကျားမရေးရာနှင့် ရိက္ခာဖူလုံမှု၊ ရာသီဥတုနှင့်လိုက်လျောသည့် စိုက်ပျိုးရေး၊ ဩဂဲနစ်လယ်ယာ၊ ရာသီဥတု အပြောင်းအလဲ နှင့် စိုက်ပျိုးရေးစသည့် အကြောင်းအရာများနှင့် သက်ဆိုင်သည်။

ထို့ပြင် LIFTရန်ပုံငွေစီမံခန့်ခွဲမှုရုံးသည် မူဝါဒဆိုင်ရာ အခမ်းအနား၂၆ခုကို စီစဉ်ကျင်းပခဲ့ရာတွင် ၁၂ခုကို နေပြည်တော်တွင် ကျင်းပခဲ့ပြီး ယင်းတို့သည် ကျေးလက်ငွေရေးကြေးရေးနှင့် သက်ဆိုင်သည်။

## ၂.၃။ LIFTရလဒ်များ၏ အကျိုးသက်ရောက်မှု (၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ)

ပြီးခဲ့သောအခန်းများတွင် ဖော်ပြခဲ့သည့်အတိုင်း ကျေးလက်ဝင်ငွေတိုးတက်မှု၊ ကြံ့ကြံ့ခံနိုင်မှု၊ အာဟာရ ပြည့်ဝမှုနှင့် ပတ်သက်သော ရလဒ်များကို ရရှိနေကြောင်း LIFT၏ယုတ္တိဗေဒမူဘောင်တွင် ပါရှိသော ၂၀၁၅ခုနှစ် အထိ ရည်မှန်းချက်များဖြင့် တိုင်းတာ တိုက်စစ်ပြီးဖြစ်သည်။ လူပေါင်း ၂သန်းကျော်သည် သိသာစွာ ရိက္ခာဖူလုံလာခဲ့သည်။ လူပေါင်း ၆၈,၀၀၀သည် ဝင်ငွေတိုးလာသော အိမ်ထောင်စုများတွင် နေထိုင်ကြသည်။ လူပေါင်း ၈၈၀,၀၀၀သည် အိမ်ထောင်စု၏ ကြံ့ကြံ့ခံနိုင်မှုကို

တိုင်းတာသည့် စံတစ်ခုဖြစ်သော အသုံးအဆောင်များ တိုးလာသည့် အိမ်ထောင်စုများတွင် နေထိုင်ကြသည်။ ထို့ပြင် ကလေးများတွင် ဖြစ်ပွားနေသော ကလေးပုညှက်မှုသည်လည်း ၉ရာခိုင်နှုန်း လျော့ကျသွားသဖြင့် သိသာသောတိုးတက်မှုပင် ဖြစ်သည်။ ဤလျော့ကျမှုသည် မည်သို့ဖြစ်လာသည်ကို သေချာစွာ နားလည်အောင် ဆက်လက်သုံးသပ်ရန် လိုအပ်မည်။

LIFT၏လက်ကျန်သက်တမ်း (၂၀၁၆ခုမှ ၂၀၁၈ခုနှစ်)၏ ရည်မှန်းချက်များသည် ပို၍ပင်ကြီးမားသည်။ LIFT၏ နှစ်စဉ်အသုံးစရိတ်သည် လာမည့်၃နှစ်အတွင်းတွင် တိုးတက်ရန် မျှော်လင့်ထားပြီး[15] စီမံချက်များသည်လည်း မဟာဗျူဟာအသစ်နှင့် အပြောင်းအလဲသီအိုရီတို့နှင့် ပို၍ ကိုက်ညီထားသည်။ ၂၀၁၅ခုနှစ်တွင် LIFTက တည်ထောင်ခဲ့သော နယ်မြေအလိုက်စီမံကိန်းများမှ အထူးအောင်မြင်ခဲ့သော လုပ်ငန်းများကို တိုးချဲ့နိုင်မည် ဖြစ်ပြီး မအောင်မြင်ခဲ့သော လုပ်နည်းကိုင်နည်းများကို ပြန်လည်ညှိနှိုင်းနိုင်မည် ဖြစ်သည်။ ဥပမာအားဖြင့် စိုက်ပျိုးရေးဆိုင်ရာ အထောက်အပံ့များသည် စီးပွားဖြစ်ထုတ်လုပ်နိုင်မည့် လယ်မြေပိုင်ဆိုင်သူ လုပ်ကွက်ငယ်တောင်သူများသို့ အဓိကဦးတည်သော်လည်း အချို့လုပ်ငန်းများသည် ဝမ်းစာဖူလုံရုံရှိသော တောင်သူများ အတွက် ဦးတည်မည် ဖြစ်သည်။ ယင်းတို့မှာ ရာသီဥတုနှင့် လိုက်လျောသော စိုက်ပျိုးရေးနည်းပညာများ ဖြစ်သည်။ သင်တန်းများသည်လည်း ရှေ့အလားအလာကို ပို၍ ကြိုတင်မျှော်တွေးမည်ဖြစ်ပြီး လူငယ်များကို မိမိပတ်ဝန်းကျင် ကျေးလက်ဒေသများတွင်သာမက အခြားနေရာများတွင်လည်း နောင်အခါ အလုပ်အကိုင်ရနိုင်စေမည်၊ အနာဂတ်တွင် လိုအပ်လာမည့် အလုပ်အကိုင်များအတွက်ပါ အဆင်ပြေစေမည်။ ထို့ပြင် LIFT၏ စီမံကိန်း အသစ်များတွင် ရပ်ရွာအဆင့် အသက်မွေးမှု လုပ်ငန်းအငယ်စားများအတွက် လျှော့၍သုံးစွဲမည်။ အကြောင်းမှာ ယင်းတို့သည် မိသားစုတစ်ခု၏ အသက်မွေးမှု လမ်းကြောင်းကို ပြောင်းလဲနိုင်စွမ်း မရှိလှသောကြောင့် ဖြစ်သည်။

နယ်မြေအလိုက် စီမံကိန်းအသစ်များကိုလည်း သက်ဆိုင်ရာ ဒေသအခြေအနေနှင့် ကိုက်ညီအောင် ရေးဆွဲမည်။အကြောင်းမှာ ဝင်ငွေတိုးတက်စေမည့် ကြံ့ကြံ့ခံနိုင်စေမည့် အာဟာရပြည့်ဝစေမည့် နည်းလမ်းများသည် စိုက်ပျိုးဂေဟဇုန်ကို လိုက်၍ နိုင်ငံတဝန်းလုံးတွင် ကွဲပြားနေသောကြောင့် ဖြစ်သည်။ သို့သော် ယင်းစီမံကိန်းအားလုံးတွင် ဘုံအကြောင်းအရာ တစ်ခုရှိသည်။ ယင်းမှာ အထက်ဖော်ပြပါ တိုးတက်မှုများကို မောင်းနှင်နေသော ဥပဒေနှင့်ညီသည့် ရေရှည် တည်တံ့သော ငွေရေးကြေးရေးဝန်ဆောင်မှုများ ဖြစ်သည်။ ၂၀၁၅ခုနှစ် နှစ်ကုန်တွင် LIFTသည် အသေးစား ငွေရေးကြေးရေးလုပ်ငန်း မိတ်ဖက်အဖွဲ့အဖွဲ့ ၄၀ကို ထောက်ပံ့နေခဲ့ပြီး ယင်းတို့သည် နိုင်ငံတဝန်းရှိ ကျေးရွာ ၁၂,၈၃၈ ရွာရှိ ဝန်ဆောင်မှုအသုံးပြုသူ တစ်သန်းခန့် (၉၃၄၅၁၁)ထံသို့ ရောက်ရှိနေသည်။ ဤဝန်ဆောင်မှုတို့ကြောင့် လူထုသည် ပိုမိုကောင်းမွန်သော လယ်ယာသွင်းအားစုများအတွက် ရင်းနှီးလာနိုင်သည်။ လုပ်ငန်း တိုးချဲ့လာနိုင်သည်။ တစ်နှစ်ပတ်လုံး ဝင်ငွေအဆင်ပြေလာနိုင်ကြသည်။ သို့သော် လူထုစိတ်ကြိုက် အသက်မွေးမှုကို အမှန်တကယ် ပြောင်းလဲနိုင်ရန်မှာ ချေးငွေများများ လိုအပ်ကြောင်း ထင်ရှားသည်။ စီးပွားရေး လုပ်ငန်းများကို စတင်ထူထောင်နိုင်စွမ်းရှိသော ဝန်ဆောင်မှုအသုံးပြုသူတို့ကို အချိန်ကြာကြာ ချေးငွေများများ ထုတ်ပေးရန် အသေးစား ငွေရေးကြေးရေးဝန်ဆောင်သူတို့ကို LIFTက တိုက်တွန်းအားပေးမည်။ ဘဏ်များကိုလည်း အလားတူ ဆောင်ရွက်ရန် တိုက်တွန်းအားပေးမည်။

ဤရလဒ်များကဲ့သို့ အရေးကြီးသည်မှာ LIFT၏လုပ်ငန်းများသည် မြန်မာ့ကျေးလက်လူဦးရေ၏ ၁၀ရာခိုင်နှုန်း ထံသို့သာ ရောက်ရှိသေးသည်။ ထို့ကြောင့် LIFTသည် ဤလုပ်ငန်းများမှရရှိသော အထောက်အထားများ သိနားလည်မှုများကို အသုံးပြုကာ စနစ်အပြောင်းအလဲကို ကူညီရန် လိုအပ်ကြောင်း ထင်ရှားသည်။ ကူညီရာတွင် အောက်ပါအတိုင်း ဆောင်ရွက်မည်_"စလုပ်"ရန် "တိုးချဲ့"ရန် အားပေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနေသော စနစ်အတွင်းရှိ အတားအဆီးများကို ကိုင်တွယ်ခြင်း၊ အစိုးရနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းတို့၏ မူဝါဒရေးဆွဲနိုင်စွမ်း အကောင်အထည်ဖော်နိုင်စွမ်းတို့ကို တည်ဆောက်ပေးခြင်းတို့ဖြစ်သည်။ ဤအချက်သည် လာမည့် ၃နှစ်အတွင်း LIFT၏လုပ်ငန်းတွင် အရေးတကြီး ဆောင်ရွက်ရမည့် အချက် ဖြစ်လာသည်။ ၂၀၁၆ခုနှစ် တွင် အစိုးရအပြောင်းအလဲကြောင့် အားလုံးပါဝင်စေသော ကျေးလက်ဒေသပြောင်းလဲရေးတွင် အစိုးရနှင့် ပုဂ္ဂလိက တို့၏ အရင်းအနှီးတို့ကို အစွမ်းကုန်အသုံးပြုနိုင်ရန်အတွက် LIFT၏ အထောက်အထားနှင့် အတွေ့အကြုံတို့ကို အသုံးပြုလာနိုင်လိမ့်မည်။

# ၂.၄။ လုပ်ငန်းစောင့်ကြည့်စစ်ဆေးမှု

၆လလျှင်တစ်ကြိမ် LIFT၏ မိတ်ဖက်အဖွဲ့များသည် မိမိတို့လုပ်ငန်းဆောင်တာအတွက် သတ်မှတ်ထားသော အညွှန်းများနှင့် တိုက်စစ်ကာ ရလဒ်များကို အစီရင်ခံရသည်။ ယင်းတို့မှာ စုစုပေါင်းစာရင်းများဖြစ်ပြီး ခန့်မှန်းချက်များအဖြစ် ယူဆသည်။ ၂၀၁၅ခုနှစ် ဒီဇင်ဘာလကုန်တွင် ရှိသော ကိန်းဂဏန်းအချက်အလက် အကျဉ်းချုပ်ကို အောက်ပါဇယားတွင် ဖော်ပြထားသည်။ ၂၀၁၅ခုနှစ်တွင် စီမံချက်၂၈ခု ပိတ်သိမ်းခဲ့ကြောင်း မှတ်သားရမည်။ LIFT၏ နိုင်ငံအနှံ့ လွှမ်းခြုံမှုမှာလည်း ၂၀၁၄ခုနှစ်တွင် မြို့နယ် ၁၅၇ခု ၌ လုပ်ငန်းဆောင်ရွက်ခဲ့ရာမှ ၉၃မြို့နယ် သို့ လျော့ချခဲ့သည်။ ထို့ပြင် အချို့စီမံချက်များသည်လည်း လုပ်ငန်းများကို လက်စသတ်နေပြီ ဖြစ်သည်။ ထို့ကြောင့် အချို့အညွှန်းများအတွက် ရလဒ်များ နေးကွေးလာခြင်း ဖြစ်သည်။ စီမံကိန်းအသစ်များ စတင်လာသောအချိန်တွင် လွှမ်းခြုံမှုနှင့် လုပ်ငန်းရလဒ်များမှာလည်း သိသာလာမည် ဖြစ်သည်။

15 ၂၀၁၅ခုနှစ်အထိ ၆နှစ်အတွက် LIFT၏ စုစုပေါင်းအသုံးစရိတ်မှာ ကန်ဒေါ်လာ၂၀၇သန်း ဖြစ်သည်။ နောက်သုံးနှစ်တွင်လည်း ဤပမာဏခန့်ကိုပင် သုံးစွဲရန် မျှော်လင့်ထားသည်။

*ဇယား ၂.၅။ လုပ်ငန်းစောင့်ကြည့်စစ်ဆေးမှု ၂၀၁၀-၂၀၁၅*

| | ပြီးစီးမှု | | | | | | စုစုပေါင်း ၂၀၁၀-၂၀၁၅ |
|---|---|---|---|---|---|---|---|
| | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | |
| တိုက်ရိုက်အကျိုးခံစားခွင့်ရှိသော အိမ်ထောင်စု အရေအတွက် စုစုပေါင်း | ၁၅၃,၈၀၈ | ၆၉,၄၂၁ | ၁၄၉,၂၉၉ | ၁၃၈,၉၇၇ | ၁၁၆,၉၂၂ | ၁၉၃,၆၆၈ | ၈၂၂,၀၉၅ |
| အမျိုးသမီး ဦးစီးသည့် အိမ်ထောင်စု အရေအတွက် | | ၃,၆၉၁ | ၁၆,၉၄၀ | ၁၉,၇၃၃ | ၁၄,၆၃၇ | ၄၂,၅၁၁ | ၉၇,၅၁၂ |
| မသန်စွမ်းသူ ဦးစီးသည့် အိမ်ထောင်စု အရေအတွက် | - | ၁,၀၆၄ | ၂,၃၅၄ | ၃,၁၁၁ | ၁,၅၀၈ | ၁,၅၈၀ | ၉,၆၁၇ |
| စိုက်ပျိုးရေးလုပ်ငန်း(သီးနှံ) | | | | | | | |
| စိုက်ပျိုးရေးလုပ်ငန်းအတွက် ထောက်ပံ့ခဲ့သော အိမ်ထောင်စု အရေအတွက် | ၄၃,၄၅၄ | ၁၅,၇၀၁ | ၄၂,၈၅၄ | ၅၂,၃၁၀ | ၂၀,၆၅၉ | ၁၄,၈၈၇ | ၁၈၉,၈၆၅ |
| ဈေးကွက်သတင်းနှင့် အချိတ်အဆက် အကျိုးကိုခံစားရသော အိမ်ထောင်စု အရေအတွက် | - | ၃,၃၂၄ | ၂၁,၅၂၃ | ၃,၁၇၇ | ၁၀,၆၉၁ | ၄,၀၆၄ | ၄၂,၇၇၉ |
| မွေးမြူရေးလုပ်ငန်း | | | | | | | |
| မွေးမြူရေးလုပ်ငန်းအတွက် ထောက်ပံ့ခဲ့သော အိမ်ထောင်စု အရေအတွက် | ၇,၉၃၁ | ၁,၈၁၃ | ၆,၆၅၃ | ၃,၉၅၈ | ၁,၄၄၇ | ၁,၁၇၄ | ၂၂,၉၇၆ |
| ရေလုပ်ငန်း | | | | | | | |
| သဘာဝငါးဖမ်း လုပ်ငန်းအတွက် ထောက်ပံ့ခဲ့သော အိမ်ထောင်စု အရေအတွက် | ၄,၇၉၉ | - | ၃,၁၇၇ | ၁,၉၅၆ | ၁,၆၅၄ | ၃,၉၄၈ | ၁၅,၅၃၄ |
| အခြားဝင်ငွေ( စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းတို့မှ အပ) | | | | | | | |
| အခြားဝင်ငွေရ လုပ်ငန်းများအတွက် ထောက်ပံ့ခဲ့သော အိမ်ထောင်စု အရေအတွက် | ၁၁,၆၃၅ | ၃,၇၀၀ | ၂,၆၂၀ | ၆,၁၅၇ | ၂,၆၃၆ | ၇၅၂ | ၂၇,၅၀၀ |
| ကျေးရွာလည်ပတ် ရန်ပုံငွေ | | | | | | | |
| ကျေးရွာလည်ပတ် ရန်ပုံငွေဖြင့် ထောက်ပံ့ခဲ့သော အိမ်ထောင်စု အရေအတွက် | - | ၂,၁၁၂ | ၁၇,၂၁၁ | ၈,၀၂၁ | ၄,၁၃၃ | ၈၇၇ | ၃၂,၃၅၄ |
| သင်တန်း | | | | | | | |
| သင်တန်းသား စုစုပေါင်း | ၂၁,၄၉၁ | ၃၆,၃၄၂ | ၆၉,၅၅၇ | ၈၄,၂၇၀ | ၈၀,၅၂၀ | ၂၆,၀၄၆ | ၃၁၈,၂၂၆ |
| စိုက်ပျိုးရေးဆိုင်ရာ (မွေး/ရေအပါအဝင်) သင်တန်းသားဦးရေ | ၁၀,၄၄၃ | ၈,၅၃၀ | ၄၁,၂၃၁ | ၃၂,၃၆၇ | ၃၇,၁၇၁ | ၉,၃၄၈ | ၁၃၉,၀၉၀ |
| အခြားလုပ်ငန်းဆိုင်ရာ (စိုက်/မွေး/ရေ မပါ) သင်တန်းသားဦးရေ | ၆,၂၉၃ | ၁,၁၄၃ | ၁,၇၅၉ | ၂,၇၁၉ | ၁,၅၇၂ | ၁,၈၆၀ | ၁၅,၃၄၆ |
| သဘာဝငါးလုပ်ငန်းဆိုင်ရာ သင်တန်းသားဦးရေ | - | - | ၁၉၅ | ၁၂၁ | ၂၈၃ | ၂,၅၀၄ | ၃,၁၀၃ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| စိုက်/မွေး/ရေ ပညာပေးသင်တန်း သားဦးရေ | ၃,၈၀၁ | ၅၆ | ၁,၄၂၂ | ၆,၉၂၁ | ၃,၀၁၈ | ၂,၁၄၃ | ၁၇,၃၆၁ |
| သဘာဝဝန်းကျင် ထိန်းသိမ်း/ ကာကွယ်ရေး သင်တန်းသားဦးရေ | ၉၅၄ | ၁,၅၈၀ | ၆,၄၇၇ | ၇,၂၂၃ | ၆,၉၇၆ | ၂၇၁ | ၂၃,၄၈၁ |
| CBOများ စီမံမှုစွမ်းရည်ဆိုင်ရာ သင်တန်းသားဦးရေ | - | ၂၅,၀၃၃ | ၁၈,၄၇၃ | ၃၄,၉၁၉ | ၃၁,၅၀၀ | ၉,၉၂၀ | ၁၁၉,၈၄၅ |
| **အလုပ်နှင့်ငွေဖလှယ်ခြင်း** | | | | | | | |
| အလုပ်နှင့်ငွေဖလှယ်ခဲ့သော လူ-နေ့ ဦးရေ | - | ၃၇၄,၄၆၉ | ၆၇၁,၁၁၆ | ၅၈၈,၅၀၆ | ၃၀၁,၉၅၇ | ၂၀၉,၆၅၀ | ၂,၁၄၅,၆၉၈ |
| အလုပ်နှင့် ငွေဖလှယ်ခဲ့သော အမျိုးသမီးနေ့ ဦးရေ | - | ၁၆၄,၁၉၁ | ၂၄၆,၈၂၁ | ၂၆၉,၉၃၇ | ၁၂၀,၂၈၁ | ၁၂၅,၇၃၀ | ၉၂၆,၉၆၀ |
| အလုပ်နှင့်ငွေဖလှယ်ကာ ထောက်ပံ့ခဲ့သော အိမ်ထောင်စု အရေအတွက် | ၃၃,၄၉၃ | ၃၁,၄၁၀ | ၄၃,၂၂၇ | ၃၈,၄၈၈ | ၇၄,၅၉၈ | ၂၀,၁၀၃ | ၂၄၁,၃၁၉ |
| **ရပ်ရွာအခြေပြုအဖွဲ့အစည်းများ** | | | | | | | |
| ဖွဲ့စည်း (သို့မဟုတ်) အားဖြည့်ခဲ့သော CBOအရေအတွက် | ၁,၆၈၂ | ၁,၇၈၅ | ၂,၉၂၄ | ၂,၉၉၈ | ၁,၆၁၃ | ၆၄၀ | ၁၁,၆၄၂ |



# မုတ်သုံရာသီ ရေကြီးမှုကို တုံ့ပြန်ခြင်း

၂၀၁၅ ခုနှစ် ဇူလိုင်လနှောင်းပိုင်းနှင့် ဩဂုတ်လတို့တွင် ဆိုင်ကလုန်း ကိုမန်မုန်တိုင်း ဝင်ရောက်ပြီးနောက် နိုင်ငံ့နေရာ အများအပြားတွင် ရေကြီးခြင်းနှင့် မြေပြိုခြင်းတို့ကို ခံစားခဲ့ရသည်။ ပြည်နယ်နှင့်တိုင်းဒေသ ၁၄ခုအနက် ၁၂ခုရှိ လူပေါင်း ၉သန်းကျော် ထိခိုက်ခဲ့ကြသည်။ အနည်းဆုံး လူပေါင်း ၁၇၂ဦး အသက်ဆုံးရှုံးခဲ့ရသည်။

အရေးပေါ်တုံ့ပြန်မှုကို အစိုးရက ဦးဆောင်သည်။ အသက်မွေးမှု အပျက်အစီးအနေဖြင့် လယ်ဧက၁.၄သန်း (၅၂၇,၀၀၀ ဟက်တာ)ကျော် ရေလွှမ်းခဲ့သည်။ စိုက်ဧက ၈၄၁,၀၀၀ကျော် (၃၄၁,၀၀၀၀ ဟက်တာ) ပျက်စီးခဲ့သည်။ မွေးမြူရေး တိရစ္ဆာန်ကောင်ရေ ၂၄၂,၀၀၀ခန့် သေဆုံးခဲ့သည်။

LIFTသည် အဆိုပါ ပျက်စီးဆုံးရှုံးရမှုများကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်သည့် အနေဖြင့် ကန်ဒေါ်လာ၁သန်းကို အသက်မွေးမှု ပြန်လည်ထူထောင်ရန်နှင့် ရိက္ခာဖူလုံမှု ရရှိစေရန် ဩဂုတ်လမကုန်ခင်ပင် ခွဲဝေချထားပေးခဲ့သည်။ ယင်းရန်ပုံငွေဖြင့် မိတ်ဖက်အဖွဲ့များမှ အောက်ပါတို့ ဆောင်ရွက်ရန် ဖြစ်သည်

• အဓိက အသက်မွေးမှုလုပ်ငန်းများကို ပြန်လည်စတင်ရန်၊

• အိမ်ထောင်စုများ၏ ကြွေးတင်မှုကို အနည်းဆုံးဖြစ်စေရန်၊

• ကြွေးဆုံးခြင်းကြောင့် LIFT၏ အသေးစားငွေကြေးဆိုင်ရာ မိတ်ဖက်အဖွဲ့များ၏ ရေရှည်တည်တံ့မှုကို သက်ရောက်မှု နည်းစေရန် အတွက် လည်းကောင်း၊ နွမ်းပါးသော အိမ်ထောင်စုများအနေဖြင့် အတိုးနှုန်းသက်သာသော ချေးငွေကို နောင်တွင် လက်လှမ်းမီစေရန် လည်းကောင်း။

LIFT သည် ရေဘေးပြန်လည်ထူထောင်ရေး ရန်ပုံငွေများကို အောက်တိုဘာလတွင်လည်း ထပ်မံထုတ်ပေးခဲ့ရာ နှစ်ကုန် သောအခါ ရေဘေးသင့်ပြည်သူပေါင်း ၃၆၀,၀၀၀ကျော်ကို ကန်ဒေါ်လာ ၄.၃သန်းအထိ ပံ့ပိုးကူညီပေးနိုင်ခဲ့သည်။



*ဇယား ၂.၆။ ၂၀၁၅ခုနှစ် ဇူလိုင်နှင့်ဩဂုတ်လ ရေကြီးမြေပြိုမှုအပြီး LIFT၏ ပါဝင်ဆောင်ရွက်မှုများ*

| နေရာ | ထိခိုက်မှု | မိတ်ဖက်အဖွဲ့ | LIFT၏အထောက်အပံ့ |
|---|---|---|---|
| ရခိုင်<br>ကျောက်ဖြူ<br>ပေါက်တော<br>မင်းပြား<br>မြေပုံမြို့နယ်များ | တက်လမ်း စီမံကိန်း<br>နယ်မြေမှ စပါး ၃၆၀၈၆<br>ဧက<br>ရေကာတာဇုကီလိုမီတာ<br>ရေကန်၇၀<br>ရေငန်ဝင်ရောက် | တက်လမ်းအဖွဲ့<br>International Rescue<br>Committee (IRC)၊<br>Save the Children၊<br>Oxfam၊ Better Life<br>Organization | • ရွာသား ၃၉၆၇ဦး (မ-၈၂၅ ၊ ကျား ၂၁၄၂)တို့အလုပ်နှင့်ငွေဖလှယ်သည့် အစီအစဉ်များတွင် ပါဝင်ခဲ့၊ ၂လအတွင်း ရေကန် ၇၀နှင့် တာရိုး ၉ကီလိုမီတာ ပြုပြင်ခဲ့<br>• မင်းပြားနှင့် မြေပုံမြို့နယ်တို့တွင် မိုးစပါးပြန်စိုက်ရန် သက်တမ်းတိုအထွက်တိုး မျိုးစပါးတင်း ၁၆၀၀ ဖြန့်ဝေခဲ့၊ |
| တောင်တန်းဒေသ<br>ကလေး<br>တီးတိန်<br>တွန်းဇန်<br>ထန်တလန်<br>ဖလမ်း<br>ဟားခါးမြို့နယ်များ | မြေပြို၍ လမ်းများ၊<br>တံတားများ၊<br>အဆောက်အအုံများ၊<br>အိမ်များ၊<br>လှေကားထစ်လယ်<br>များ၊ရေသွယ်စနစ်များ<br>ပျက်စီး | CORAD, အရက်ဦး,<br>ချင်း Microfinance<br>Institution (MFI)၊<br>TAG International | • ရွာ ၅၅ ရွာတွင် လှေကားထစ်လယ်များ၊ ရေသွယ်စနစ်များပြန်ပြင်ဆင်၊ သွင်းအားစုတို့တွင် အလုပ်နှင့်ငွေဖလှယ်ခြင်း၊ ရေပိုက်များ၊ မျိုးစေ့များပါဝင်၊ အိမ်ထောင်စု ၁,၆၁၅ စုကို ထောက်ပံ့ခဲ့၊ အိမ်ထောင်စု ၂,၅၀၀အကျိုးရှိခဲ့၊<br>• ငွေချေးသူ ၄,၆၀၆ ဦး၏ အကြွေးများကို လျှော်ပစ်ခဲ့၊ ချေးငွေသစ်ထုတ်ပေးခဲ့၊<br>• ပျားများ၊ ပျားအုံများ ဆုံးရှုံးသွားသော ပျားမွေးမြူသူများကို ထောက်ပံ့ခြင်း |
| အပူပိုင်းဇုန်၊<br>မြစ်ဝကျွန်း<br>ပေါ်နှင့် ပဲခူးတိုင်း<br>(ရေဘေး<br>သင့်မြို့နယ် ၂၃<br>မြို့နယ်) | ရေကြီးသဖြင့်<br>အိမ်များ၊သီးနှံ၊ လယ်<br>မြေပျက်စီး မွေးမြူရေး<br>တိရစ္ဆာန်များသေ | Pact Global<br>Microfinance၊<br>ရတနာမေတ္တာ၊<br>Proximity Designs၊<br>Vision Fund<br>(World Vision's<br>microfinance<br>institution) | • အထိနာဆုံး နှစ်မြို့နယ်တွင် ကြွေးလက်ကျန်များ လျှော်ပစ်၊ အရာတော်-(စစ်ကိုင်း)နှင့် ပွင့်ဖြူ(မကွေး)<br>• ဝန်ဆောင်မှုအသုံးပြုသူ ၃၆,၅၄၀ ဦးသို့ ကယ်ဆယ်ရေးအထောက်အကူပေး (PGMF၏ ဝန်ဆောင်မှုအသုံးပြုသူများအား လူမှုဖူလုံရေး ရန်ပုံငွေကို LIFTက တချို့တဝက် ငွေရင်းထည့်ပေးသည်။)<br>• ဆောင်းကြို ပဲတီစိမ်း၊ မတ်ပဲ စိုက်ရန် သီးနှံချေးငွေအသစ် ၁၂,၂၀၀ ဦးသို့ ထုတ်ပေး<br>• ပုသိမ်မြို့နယ်မှ ဝန်ဆောင်မှုအသုံးပြုသူ ၁,၉၅၀ဦး၏ ကြွေးကျန်များကို လျှော်ပစ်ကာ ချေးငွေသစ်များထုတ်ပေး |
| နိုင်ငံအဝန်း | အမျိုးသမီးနှင့် အမျိုးသား<br>ထိခိုက်ပုံမတူညီ | ကျားမရေးရာ<br>တန်းတူညီမျှမှု ကွန်ရက်<br>(GEN) | • လုပ်ငန်းလမ်းညွှန် အဖြစ်သုံးရန် သဘာဝဘေးကျရောက်ပြီးနောက် အမျိုးသမီးနှင့် ကလေးတို့၏ လိုအင်များကို သုံးသပ်ခြင်း |

# ရေကြီးပြီးနောက်

## ကံကောင်းတဲ့နေရာ



ချင်းပြည်နယ် ဆိုဇန်းရွာလမ်း၏အစပ်မှ ငုံ့ကြည့်လိုက်ပါက ယှက်သန်းနေသော ပိုက်အပြာများသည် အောက်မှာရှိသော တောင်ကြားထဲသို့ ဆင်းသွားသည်ကို မြင်ရပေမည်။ ယင်းပိုက်တို့သည် မိုင်အနည်းငယ်ဝေးသော ဖူနုံရွာသို့ တောင်ကျစမ်းရေကို သွယ်ပေးနေသည်။ အိမ်ထောင်စု ၁၄၀ထံသို့ ရေပေးနေသော ထိုရွာ၏ အသက်သွေးကြောပင် ဖြစ်သည်။ သို့သော် ဇူလိုင်လနှောင်းပိုင်းတွင် မိုးသည်းထန်စွာရွာပြီး ကြောက်မက်ဖွယ် လေမုန်တိုင်းတိုက်ပြီးနောက်တွင် မြေပြိုကျပြီး ယင်းပိုက်များပျက်စီးသွားလေရာ ရွာ၏အသက်သွေးကြောလည်း ပြတ်တောက်သွားလေသည်။

ရွာသားအများစုမှာ ရေသွယ်စနစ်ကိုသာမက သီးနှံများပါ ဆုံးရှုံးကုန်သည်။ “ပန်းသီးတွေ ၈၀%လောက် ဆုံးရှုံးတယ်၊ ကြွေကျကုန်တယ်လေ၊ ကျန်တာတွေလည်း ဈေးကို ပို့လို့မရဘူး၊ လမ်းတွေပိတ်နေလို့”ဟု ခုပ်ဇာတောင် (ဓါတ်ပုံပါ) က ပြောသည်၊ သူသည် ဖူနုံရွာ၏ ကျေးရွာကော်မတီစာရင်းကိုင် ဖြစ်သည်။

ရွာသားတို့သည် အရေးပေါ်အစည်းအဝေးခေါ်ကာ CORAD (Chokhlei Organization for Rural and Agriculture Development)ထံမှ အကူအညီတောင်းခဲ့ကြသည်။ ယင်းသည် ယမန်နှစ်က ဤရွာအတွက် ရေသွယ်စနစ်ကို ကူညီပေးခဲ့သော LIFT၏အထောက်အပံ့ခံ GRET (Groupe de Recherches et d’Echanges Technologiques) ၏ ဒေသခံမိတ်ဖက်အဖွဲ့ ဖြစ်သည်။

CORADက ထောက်ပံ့သော ပိုက်များကိုဆက်ရန် အတွက် ရွှံ့ထူထူ မိုးသည်းသည်းထဲတွင် လုပ်အားပေးခဲ့သော အမျိုးသမီးရော အမျိုးသားများပါ ရွာသားများကို တနေ့လျှင် ကျပ်၅၀၀၀ ပေးကာ အလုပ်နှင့်ငွေ ဖလှယ်သော အစီအစဉ်တွင် ပါဝင်စေခဲ့သည်။ ဤသို့အပင်ပန်းခံကာ ဆောင်ရွက်မှုမှရသော လုပ်ခဖြင့် မိသားစုစားသောက်ရန် အဓိကရိက္ခာအမည်များကို ဝယ်ယူနိုင်သည်။

LIFTသည် ၂၀၁၀ခုနှစ်ကတည်းက ချင်းပြည်နယ်တွင် CORAD/ GRETတို့၏ လုပ်ငန်းကို ရန်ပုံငွေထောက်ပံ့ခဲ့သည်။ သီးနှံအထွက်တိုးရေးအတွက် တောင်သူများကို အသိအမြင်များ ပေးအပ်ခဲ့သည်။ စီမံချက်ရွာ ၁၀၅ ရွာတွင် တောင်သူအုပ်စုများ ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ တောင်သူများနှင့် စီမံချက်အသင်းတို့မှာ မိတ်ဆွေများ ဖြစ်ကာ ယုံကြည်မှုလည်း ရှိကြသည်။

"တောင်သူအုပ်စုတွေ ကျေးရွာကော်မတီတွေ မပါရင် ရေဘေးထူထောင်ရေးမှာ ကျွန်တော်တို့ ခုလုပ်ခဲ့သလို လုပ်နိုင်မှာမဟုတ်ဘူး"ဟု CORADအစီအစဉ်မန်နေဂျာ ကီလ်တွားလ်က ပြောသည်။ ချင်းတောင်ရှိရွာများမှာ ချောင်ကျပြီး ရေကြီးပြီးနောက် လမ်းများပိတ်ကာ ရွှံ့ထူနေသောကြောင့် သွားလာရန် ခက်ခဲသည်။ ရေဘေးဒဏ်ခံ ကျေးရွာ ၅၅ရွာ အနက် အချို့ရွာများသို့ မော်တော်ဆိုင်ကယ်များဖြင့် သွားလာခဲ့သော အစီအစဉ် အဖွဲ့သည် ကိန်းဂဏန်းအချက်အလက် စုဆောင်းရန်၊ ဦးစားပေးလုပ်ငန်း ဖော်ထုတ်ရန်၊ လူထုကို စည်းရုံးရန်အတွက် တောင်သူအုပ်စုများကိုသာ အားထားရသည်။



"မုန်တိုင်းလည်းကျပြီးရော အားလုံးကုန်တာပဲ"ဟု နော်ဇွပ်စင်းပေွက ကြက်သွန်ဖြူခင်းတွင် ပေါင်းနုတ်နေရင်း ပြောပြသည်။ ကျွန်မယောကျာ်းရော ကျွန်မရော ဘာလုပ်ရမှန်းမသိတော့ဘူး၊ CORAD ရောက် လာတာက တော်တော်စောတယ်။ အချက်အလက် တွေကောက်တယ်။ ဘယ်သူတွေက ဘာဆုံးရှုံးသလဲပေါ့။ ပြီးတော့ ဆောင်းသီးနှံစိုက်ဖို့ မျိုးစေ့တွေ ပေးတယ်။ ကျွန်မတို့ကတော့ ဖားကန့်ပဲ၊ ခြံပဲနဲ့ ဒါကို ရွေးလိုက်တယ်" ဟု အခင်းကို မေးငေ့ါပြသည်။ "မိုးတွင်း မှာ ဆုံးသွားတာတွေကို ပြန်ထေဖို့ပေါ့"

ရေကြီးပြီး ၆လကြာသောအခါ ဖူနုံရွာမှာ နဂိုနေသို့ ပြန်ရောက်နေပေပြီ။ အိမ်များ ဟင်းခင်းများကိုရေပေးနေသော ရေပိုက်များသည် တဝေါဝေါတဝူးဝူး ဖြင့် အသံပေးနေသည်။ ဝင်ငွေရသီးနှံတို့ဖြင့် ရွာမှာ စိမ်းစိုနေသည်။ ကော်ဖီပင် အုပ်အုပ်များတွင် အသီးများ မှည့်နေပြီး ကြက်သွန်ဖြူခင်းများကို ရေဖျန်းစက်ဖြင့် ရေပေးနေသည်။

နော်ဇွပ်စင်းပေွက သူတို့ရွာ၏အမည်မှာ ချင်းစကားဖြင့်ဆိုလျှင် "ကံကောင်းတဲ့နေရာ"ဟု အဓိပ္ပာယ်ရှိကြောင်း ရှင်းပြသည်။ "ကျွန်မတို့က သိပ်ကံကောင်းခဲ့တာ။ ပထမ ရေသွယ်လို့ရတယ်။ ပြီးတော့ ရေကြီးပြီးတာနဲ့ ချက်ချင်းပဲ အရင်အတိုင်း ပြန်ဖြစ်သွားတယ်" ဟုပြောသည်။ "ပြီးတော့ ငွေလည်းမချေးရဘူး၊ မျိုးစေ့တွေကိုဝယ်ဖို့ ကြွေးလည်း မတင်ဘူး၊ အဲဒါ သိပ်ကျေးဇူးတင်တယ်။"

LIFTအထောက်ပံ့ခံ ရေဘေး အသက်မွေးမှု ပြန်လည်ထူထောင်ရေး စီမံချက်ဖြစ်သော *ချင်းပြည်နယ်မြောက်ပိုင်းမှ ဘေးဒုက္ခခံမိသားစုများ၏ ရိက္ခာနှင့်ပစ္စည်း ပြန်လည်ထူထောင်ရန် ထောက်ပံ့ခြင်း* အရ CORAD သည် ရေကြီးမှု မြေပြိုမှု ဘေးသင့်ခဲ့သည့် ကျေးရွာ ၅၅ရွာကို အလွန်လိုအပ်နေသော အထောက်အပံ့များကို ပေးအပ်ခဲ့သည်။


# ၃။ နယ်မြေဒေသများ

ဤအခန်းတွင် LIFTက လုပ်ငန်းဆောင်ရွက်နေသော ပထဝီဝင်ဇုန်လေးခုဖြစ်သည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ အလယ်ပိုင်း အပူပိုင်းဇုန်၊ ကချင်၊ ကရင်၊ ချင်း၊ ရှမ်းပြည်နယ်များမှ တောင်တန်းဒေသများ၊ ရခိုင်ပြည်နယ်တို့တွင် ယမန်နှစ်က ဖြစ်ထွန်းမှုများကို အထူးပြု တင်ပြပါမည်။ မြစ်ဝကျွန်းပေါ်၂၊ နိုင်ငံတဝန်း၊ သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်းဟူသော လုပ်ကွက်များမှ စီမံချက်များကို ပိတ်သိမ်းပြီးဖြစ်သောကြောင့် ယခုနှစ်တွင် LIFT သည် မြို့နယ်၃၃၀ အနက် ၉၈မြို့နယ်တွင်သာ လုပ်ငန်းဆောင်ရွက်နေသည်။ ယခင်ကမူ မြို့နယ် ၁၆၉မြို့နယ် တွင် လုပ်ငန်းဆောင်ရွက်ခဲ့သည်။ ၂၀၁၆ခုနှစ်တွင် စီမံကိန်းအသစ်များ စတင်သောအခါ LIFT၏ နယ်ပယ်လွှမ်းခြုံမှုသည်လည်း ကျယ်ပြန့်လာမည်။


ကြံ့ကြံ့ခံနိုင်မှုနှင့် အားလုံးပါဝင်စေသော ဖွံ့ဖြိုးမှုဆီသို့ သွားသော နည်းလမ်းတို့မှာ စိုက်ပျိုး-ဂေဟဇုန်ကိုလိုက်၍ ကွဲပြားကြသည်။ ဇုန်တစ်ခုစီ၏ အခြေအနေနှင့်လုပ်ဆောင်ချက်ကို မှန်ကန်စွာ တွဲဖက်ပေးခြင်းဖြင့် အသက်မွေးမှု၊ အာဟာရ၊ ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ ရလဒ်များ ကောင်းမွန်အောင်၊ ငွေကုန်ကျရကျိုးနပ်အောင်၊ တိုးချဲ့အောင် ဆောင်ရွက်နိုင်ကြောင်း သရုပ်ပြသနိုင်မည့် စီမံကိန်းဒီဇိုင်းကို LIFTက ရေးဆွဲပါသည်။

ဤဇုန်များရှိ စီမံချက်များ၏ အရေးပါသော နောက်ဆုံးအခြေအနေတို့ကို အသေးစိတ်ဖော်ပြထားသော ဇယားများကို နောက်ဆက်တွဲ၄တွင် တွေ့နိုင်သည်။ ဇုန်အားလုံးတွင် ဆောင်ရွက်နေသော ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ ရွှေ့ပြောင်းသွားလာရေးစီမံကိန်းတို့ကို အခန်း၄တွင် အသေးစိတ် ဖော်ပြထားပါသည်။

*ပုံ၃.၁။ ၂၀၁၀-၂၀၁၅ LIFT၏ နိုင်ငံတဝန်းလွှမ်းခြုံမှု*




*ပုံ၃.၂။ ၂၀၁၀-၂၀၁၅ စိုက်ပျိုး-ဂေဟဇုန်အလိုက် ထောက်ပံ့ငွေချထားပေးမှု*



# ၃.၁။ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ






## ခြုံငုံဖော်ပြချက်

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းမှာ အလားအလာရှိသည့်အပြင် စိုက်ပျိုးရေးကဏ္ဍတွင်လည်း တိုးတက်ရင်းနှီးမြှုပ်နှံမှုများရှိသောကြောင့် လူပ်ရှားတက်ကြွနေသောနယ်မြေဒေသ ဖြစ်ပြီး နိုင်ငံ၏ အဓိက စပါး ထုတ်လုပ်ရာနယ်မြေ ဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသသည် လယ်မဲ့မြေမဲ့နှင့် ထိခိုက်လွယ်သောလူထု ရာခိုင်နှုန်း အများဆုံးနေထိုင်ရာဒေသ ဖြစ်သည်။ အသေးစားရေလုပ်ငန်းငယ်များကို မှီခိုနေရသူ အများအပြားရှိသည်။[16] ၂၀၀၈ခုနှစ်တွင် နာဂစ် ဆိုင်ကလုန်းမုန်တိုင်းက လူပေါင်း ၁၃၆,၀၀၀ခန့်၏ အသက်ကို[17] ယူသွားကာ စပါးစိုက်ဧက ၄.၃သန်း[18] ကိုလည်း ဖျက်ဆီးခဲ့ရာ အသက်ရှင်ကျန်ရစ်သူတို့၏ အသက်မွေးမှုမှာလည်း ဆိုးရွားစွာ ထိခိုက်ခဲ့သည်။ ယခုနှစ်တွင်လည်း မြစ်ဝကျွန်းပေါ် ဒေသမြောက်ပိုင်းတွင် ရေကြီးမှုကြောင့် ပျက်စီးခဲ့ရပြန်သည်။ သဘာဝဘေး အကြိမ်ကြိမ် ကျရောက်ခဲ့သော်လည်း ဤနယ်မြေ၏ စီးပွားရေးအလားအလာအများစုသည် ပြန်လည် နာလန်ထူလာသည်။ သို့ဖြစ်စေကာမူ လူဦးရေ၏ ၂၆ ရာခိုင်နှုန်း အထိရှိနေသော ဆင်းရဲနွမ်းပါးမှုကို လျော့ပါးစေရန် များစွာ ဆောင်ရွက်ရဦးမည် ဖြစ်သည်။[19]

မြစ်ဝကျွန်းပေါ်ဒေသ၏ အပြောင်းအလဲကို မောင်းနှင်နေသော အဓိကအားတစ်ခုမှာ အထူးသဖြင့် ရန်ကုန်တွင် ဖြစ်သည့် အလုပ်အကိုင်အခွင့်အလမ်းရှိရာသို့ ပြောင်းရွှေ့သွားလာမှုပင် ဖြစ်သည်။ LIFT၏ ဦးတည်မြို့နယ်များ အတွင်းရှိ လယ်မဲ့မြေမဲ့အိမ်ထောင်စုများ (၆၆ရာခိုင်နှုန်း)တွင်[20] ထိုသို့ရွှေ့ပြောင်းသွားသူ မိသားစုဝင်များ ပို၍ရှိကြသည်။[21] ထို့ကြောင့် အရေးကြီးဆုံး အချိန်ဖြစ်သော ကောက်စိုက်ချိန် ကောက်ရိတ်ချိန်တို့တွင် လုပ်သားရှားပါးနေသည်။ ထို့ကြောင့် ရာသီအလိုက် လုပ်အားခနှုန်းမှာ တက်နေပြီး စက်မှု လယ်ယာသို့ ကူးပြောင်းမှုမှာလည်း အလျင်အမြန် ကြီးထွားနေသည်။ လယ်ထွန်စက်များ၊ ခြွေလှေ့စက်များဖြင့် စီးပွားရေးသမား အငယ်စားများသည် စီးပွားဖြစ်နေကြသည်။

LIFTသည် ဤဒေသတွင် နာဂစ်မုန်တိုင်းအပြီး၌ အရေးပေါ် ကာလအလွန် အစီအစဉ်အဖြစ် ၂၀၁၀ခုနှစ်တွင် လုပ်ငန်းစတင်ခဲ့သည်။ မြစ်ဝကျွန်းပေါ်-၂ အစီအစဉ်ဖြင့် တိုးချဲ့ ထောက်ပံ့ခဲ့ပြီး ဤဒေသ၏ ထုတ်လုပ်မှု အလားအလာကို ပိုကောင်းလာစေရန် သုံးနှစ်စီမံချက် များဖြင့် ဆောင်ရွက်ခဲ့သည်။ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာမြို့နယ် တို့တွင် ဆောင်ရွက်နေသော အသက်မွေးမှုစီမံချက် ၁၃ခုမှာ စီးပွားရေး ဖွံ့ဖြိုးမှုကို ဦးတည်ကာ ကုန်ထုတ်လုပ်မှု တိုးတက်ရန်၊ ထုတ်လုပ်သူနှင့် ဈေးကွက်ကို ချိတ်ဆက်ပေးရန်၊ အလုပ်အကိုင်ဖြစ်ထွန်းစေရန်၊ ငွေကြေးဝန်ဆောင်မှုများကို လက်လှမ်းမီစေရန်၊ ဝင်ငွေ တိုးတက်စေရန် ဦးတည်သည်။



*ပုံ ၃.၃ ။ ၂၀၁၅ခုနှစ် မြစ်ဝကျွန်းပေါ်ဒေသတွင် LIFT၏ လုပ်ငန်းဆောင်ရွက်မှုများ*

ရလဒ်များကို စုစည်းမိစေရန်နှင့် သင်ယူမှုကို အားပေးရန်အတွက် စီမံချက်အများစုကို ၂၀၁၅ ခုနှစ် နှစ်လယ်အထိ စတုတ္တနှစ်အဖြစ် တိုးချဲ့ခဲ့သည်။ မိတ်ဖက်အဖွဲ့တို့ကလည်း မျိုးစပါး စိုက်ပျိုးထုတ်လုပ်ခြင်း၊ လုပ်ကွက်ငယ် တောင်သူများနှင့် ဆန်စက်ပိုင်ရှင်များကို ချိတ်ဆက်ပေးခြင်း၊ လယ်ယာပြင်ပ အသက်မွေးမှုများ ဖြစ်ထွန်းစေရန် ကျေးရွာလည်ပတ် ရန်ပုံငွေကို သုံးစွဲခြင်း စသည်တို့နှင့် ပတ်သက်သော သင်ခန်းစာ များကို ဖော်ထုတ်လျက်ရှိသည်။ မိတ်ဖက်အဖွဲ့တို့၏ အတွေ့အကြုံကို အခြေခံထားသည့် "သင်ယူအတူတကွ ဧရာဝတီဒေသ" အစီရင်ခံစာကို ထည့်သွင်းကာ ဒီဇိုင်းထုတ်ထား သော မြစ်ဝကျွန်းပေါ်၃ စီမံကိန်းကို ၂၀၁၅ခုနှစ် မတ်လတွင် စတင်ခဲ့သည်။

16 LIFTအိမ်ထောင်စုစစ်တမ်း၂၀၁၃
17 ၂၀၀၈ခုနှစ် နှစ်ကုန်တွင် အစိုးရ၏ခန့်မှန်းချက်
18 USDA BURMA Widespread Cyclone Damage in Major Rice Production Regions May 2008.
19 LIFTအိမ်ထောင်စုစစ်တမ်း၂၀၁၃
20 LIFTအိမ်ထောင်စုစစ်တမ်း၂၀၁၃
21 QSEMပဥ္စမအကြော့ အစီရင်ခံစာ၂၀၁၅

*ဇယား ၃.၁ ။ ၂၀၁၅ခုနှစ် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ LIFTအထောက်အပံ့ခံ စီမံချက်များ*

| | မိတ်ဖက်အဖွဲ့ | တည်နေရာ | ဦးတည်ချက် |
|---|---|---|---|
| ၁ | ActionAid | ဘိုကလေး၊ မော်လမြိုင်ကျွန်း | ရပ်ရွာဖွံ့ဖြိုးရေး၊ CSO အားဖြည့်ရေး |
| ၂ | International Organization of Migration (IOM) | ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ | ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေး ၊ အထောက်အပံ့၊ |
| ၃ | International Rice Research Institute (IRRI) | ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ | စိုက်ပျိုးရေးသုတေသန |
| ၄ | IRRI-Research | ဘိုကလေး၊ မအူပင်ခရိုင်၊ လပွတ္တာ | စိုက်ပျိုးရေးသုတေသန |
| ၅ | Link Emergency Aid & Development (LEAD) | လပွတ္တာ | စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်ပင် စိုက်ပျိုးရေး |
| ၆ | Mercy Corps Ar Yone Oo | လပွတ္တာ | စိုက်ပျိုးရေး၊ တန်ဖိုးကွင်းဆက် အားဖြည့်ခြင်း |
| ၇ | Mercy Corps Ar Yone Oo Swiss Contact | လပွတ္တာ | တောင်သူ ထုတ်လုပ်ရေးလုပ်ငန်း များကို ထောက်ပံ့ခြင်း။ လယ်မဲ့မြေမဲ့ မိသားစုများကို အသက်မွေးမှု၊ စီးပွားရေး၊ ဘဝဆိုင်ရာကျွမ်းကျင်မှု ရရှိစေခြင်း၊ ရွှေ့ပြောင်းသွားလာရေး ဆိုင်ရာ သတင်းအချက်အလက်၊ ရန်ကုန်မှ လုပ်ငန်းရှင်များ နှင့် ချိတ်ဆက်ပေးခြင်းတို့ဖြင့်ထောက်ပံ့ခြင်း |
| ၈ | Pact – Delta II | ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ | အသေးစား ငွေရေးကြေးရေး |
| ၉ | Proximity Designs | ညောင်တုံး၊ ဒေးဒရဲ၊ ပန်းတနော်၊ ဖျာပုံ၊ ဘိုကလေး၊ မအူပင်၊မော်လမြိုင်ကျွန်း၊ မြောင်းမြ၊ လပွတ္တာ၊ | အသေးစား ငွေရေးကြေးရေး |
| ၁၀ | Proximity Designs | ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ | အငယ်စားအခြေခံအဆောက်အအုံ၊ စိုက်ပျိုးရေး၊ |
| ၁၁ | Radanar Ayar | ဘိုကလေး၊ | စိုက်ပျိုးရေး၊ မျိုးစပါးထုတ်လုပ်ရေး |
| ၁၂ | Save the Children | လပွတ္တာ | ကလေး၏ ပထမရက်၁၀၀၀အတွင်း မိခင်အား ငွေကြေးထောက်ပံ့ခြင်း၊ အမူအကျင့် ပြောင်းလဲရေး သတင်းစကားပြောကြားခြင်း |
| ၁၃ | Welthungerhilfe (WHH) | ဘိုကလေး၊ မော်လမြိုင်ကျွန်း | စိုက်ပျိုးရေး၊ တန်ဖိုးကွင်းဆက် အားဖြည့်ခြင်း |
| ၁၄ | Welthungerhilfe (WHH) | ဘိုကလေး၊ မော်လမြိုင်ကျွန်း | တောင်သူအုပ်စုတို့ကို ထောက်ပံ့ခြင်း၊ လယ်မဲ့မြေမဲ့၊ ထိခိုက်လွယ်မိသားစုများနှင့် စီးပွားရေးသမားအငယ်များကို လယ်ယာ မဟုတ်သော အသက်မွေးမှု လုပ်ငန်းဆိုင်ရာ ထောက်ပံ့ခြင်း၊ အာဟာရကောင်းမွန်မှု၊ အခြေခံ တကိုယ်ရည်သန့်ရှင်းမှု အလေ့အကျင့်တို့ကို ဖြစ်ထွန်းစေခြင်း |
| ၁၅ | WorldFish | ကျိုက်လတ်၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး | လယ်ယာအတွင်း သုတေသနပြုရန် ထောက်ပံ့ခြင်း၊ အိမ်ထောင်စုအခြေပြု ငါးမွေးမြူရေး အငယ်စားများ (ကန်၊ လှောင်အိမ်၊ လယ်ကွင်း)ကို တိုးချဲ့ခြင်း |
| ၁၆ | World Vision International Myanmar | ဘိုကလေး | အသက်မွေးမှုအမျိုးမျိုးကို ဖြစ်ထွန်းစေရန် ထောက်ပံ့ခြင်း |

# ၂၀၁၅ခုနှစ်မှ စိတ်ဝင်စားဖွယ်များ

## တောင်သူများအတွက် အဆင့်မြင့်မျိုးစပါးများ ပိုမိုရရှိလာခြင်း

နာဂစ်မုန်တိုင်းမတိုင်မီကပင် မျိုးစပါးအရည်အသွေး ညံ့ဖျင်းမှုကြောင့် စပါးထုတ်လုပ်မှု လျော့ကျနေ၏။ သီးထွက်ကို သာမက စပါးအရည်အသွေးကိုပါ ထိန်းသိမ်းနိုင်ရန်အတွက် တောင်သူတို့သည် သုံးနှစ်လျှင် တစ်ကြိမ်ကျ မျိုးစပါးများကို အသစ်လဲလှယ်နေရသည်။ မျိုးစပါးကောင်းကောင်းမှာလည်း အမြဲတမ်း ရှားပါးနေသည်။ အဆင့်မြင့်မျိုးစပါးများ ပိုမိုရရှိနိုင်ရေးမှာ LIFT၏ ဦးစားပေးမှုများတွင် ပါဝင်သည်။ မိတ်ဖက်အဖွဲ့တို့က တောင်သူများ အဆင့်မြင့်မျိုးစပါးတို့ကို စိုက်ပျိုးထုတ်လုပ်ရာတွင် ကူညီရန်၊ အရည်အသွေး ထိန်းချုပ်ရေးဆိုင်ရာ ကိစ္စများကို စီမံခန့်ခွဲရန်၊ တောင်သူတို့ထုတ်လုပ်သော မျိုးစပါးများ ဈေးကွက်သို့ ရောက်ရှိရန် ဆက်လက် ဆောင်ရွက်နေသည်။

GRETနှင့် ရတနာရောတို့သည် ဆန်စပါးအထွက်တိုးရန်ရော အရည်အသွေးကောင်းရန်ကိုပါ ဆောင်ရွက်နေကြသည်။ ရတနာရောစီမံချက်မှ[22] မျိုးစစ်မျိုးမှန် မျိုးစပါးတင်း ၃၀၀၀၀ကျော်(၁၄မက်ထရစ်တန်)ကို လယ်ဧက ၆၀၀မှ ထုတ်လုပ်ခဲ့သည်။ တင်း၁၇,၀၀၀ကျော်(၈မက်ထရစ်တန်)ကို အနီးအနား ရွာများမှ တောင်သူ ၃,၂၀၀ထံသို့ ဖြန့်ဝေ၊ လဲလှယ်၊ ရောင်းချခဲ့ကာ မှတ်တမ်းတင်ထားသည်။

မှတ်ပုံတင်မျိုးစပါးများကို ထုတ်လုပ်သည့် ပင်မတရားဝင်ဌာနမှာ စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲ ဖြစ်သည်။ သို့သော် ယင်းသည် ဝယ်လိုအားကို မဖြည့်ဆည်းနိုင်ပေ။ ကျေးရွာအဆင့်ရှိ ရေရှည်တည်တံ့သော မျိုးစေ့ထောက်ပံ့ရေး ကွင်းဆက်တစ်ခု၏ အခြေခံမှာ အဆင့်မြင့် မျိုးစပါးတောင်းဆိုချက်ကို ဖြည့်ပေးမည့် ဈေးကွက်တစ်ခုကို ထူထောင်ရန် ဖြစ်သည်။ ယင်းဈေးကွက်တွင်းသို့ မှတ်ပုံတင် မျိုးစပါးအသစ်များကို မှန်မှန် ဖြည့်သွင်းပေးရမည့်အပြင် သိုလှောင်ရုံများ၊ အရည်အသွေး ထိန်းချုပ်သည့်စနစ်များလည်း ရှိရမည်။ မျိုးစပါး၏ ဈေးနှုန်းမှာလည်း တောင်သူများက ထောက်ပံ့ငွေကို မလိုဘဲ ဝယ်ယူနိုင်ရမည့်ဈေးနှုန်း ဖြစ်ရမည်။ ၂၀၁၅ခုနှစ်တွင် ရေရှည်တည်တံ့ရေးဆိုင်ရာ ကိစ္စများကို စီမံချက်က ကိုင်တွယ်ရန်အတွက် မျိုးစပါးထုတ်လုပ်ရေးကို ဦးတည်သော တောင်သူအုပ်စုများကို ထူထောင်ခဲ့သည်။ စိုက်ပျိုးရေးဦးစီးဌာန၏ အထောက်အပံ့ဖြင့် မျိုးစပါးထုတ်လုပ်သူ ၅၄ဦးက မှတ်ပုံတင်မျိုးစပါး ၄၂၃တင်းကို နွေစပါးအဖြစ် ထုတ်လုပ်ခဲ့သည်။[23] ဆောင်ရွက်ချက်များတွင် ဤဦးစီးဌာနနှင့် ပိုမိုပူးပေါင်းခြင်း၊ ဤစီမံချက်၏ မျိုးစပါးထုတ်လုပ်သူများကို မှတ်ပုံတင်မျိုးစပါး ၂၉၄တင်း ထောက်ပံ့ခြင်း၊ စီမံချက်ရပ်ရွာများက သိုလှောင်ရုံ၁၈ခန်း ဆောက်လုပ်ပေးခြင်း၊ မြန်မာ့ဆန်စပါးအဖွဲ့ချုပ် (Myanmar Rice Federation - MRF) နှင့် ပုဂ္ဂလိက မျိုးစေ့ကုမ္ပဏီများ ကဲ့သို့သော လက်ကားဝယ်သူများနှင့် ဈေးကွက်အချိတ်အဆက်သစ်များ ရှာဖွေခြင်းတို့ပါဝင်သည်။

GRETသည် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းကာ မျိုးစပါးထုတ်လုပ်သူ အသင်းတစ်ခုကို စတင်ထူထောင်ခဲ့သည်။ ယင်းသည် အစိုးရက အသိအမှတ်ပြုပေးသော လုပ်ငန်းစဉ်အစား အားလုံးပါဝင်အာမခံသောစနစ်(Participatory guarantee system PGS)ကို ထူထောင်မည်။ ယင်း၏ ရေရှည်ရည်မှန်းချက်မှာ ဒေသခံတောင်သူထုအတွက် အာမခံသော အဆင့်မြင့် မျိုးစပါးများကို ထုတ်လုပ်နိုင်မည့် လွတ်လပ်သော မျိုးစပါးထုတ်လုပ်သူ ကွန်ရက်ကြီးတစ်ခု ရရှိရန် ဖြစ်သည်။ ဤအာမခံစနစ်တွင် အခြားတောင်သူများနှင့် အစိုးရတို့က အဆင့်မြင့်မျိုးစပါးများ ထွက်ရှိအောင် စိုက်နိုင်သည် ဟု သုံးသပ်ထားသော စိုက်နည်းစနစ်များကို အသုံးပြုမည့် တောင်သူများ ပါဝင်မည်။ ရှေ့ပြေးအစီအစဉ် (နည်းစနစ်၊ စောင့်ကြည့်စစ်ဆေးမှုတို့ အပါအဝင်) ကို ၂၀၁၄ခုနှစ်တွင် စတင်ခဲ့ရာ တောင်သူ ၁၆ဦး တို့က ဆန္ဒအလျောက် ပါဝင်ခဲ့ပြီး ယင်းတို့ကို အုပ်စုသုံးစု ခွဲထားခဲ့သည်။ GRETက နည်းပညာ အထောက်အပံ့ကို ပေးအပ်ခဲ့သည့်ပြင်၊ စိုက်ပျိုးရေးဦးစီးဌာန၏ အထောက်အကူဖြင့် တောင်သူများ ပူးပေါင်းကွင်းဆင်းစစ်ဆေးမှုကိုလည်း ထောက်ပံ့ခဲ့သည်။

၂၀၁၅ခုနှစ် မိုးစပါးရာသီတွင် စီမံချက်တောင်သူတို့က အဆင့်မြင့်မျိုးစပါး ၁၇၄၂တင်းကို ထုတ်လုပ်ခဲ့သည်။ မျိုးမှန်ကန်ကြောင်း အသိအမှတ်ပြုရေးနှင့် မျိုးစပါးများ ဈေးကွက်တင်ရေး အဆင်ပြေစေရန် PGSကွန်ရက်တစ်ခုကို ဖန်တီးရန် ထောက်ပံ့ခဲ့သည်။ ၂၀၁၅ခုနှစ်ဒီဇင်ဘာလကုန်တွင် ထုတ်လုပ်သူ အဖွဲ့အစည်းများ၊ စပါးလှောင်ချေးငွေ စနစ်များ၏ အထောက်အကူဖြင့် မျိုးစပါး ၁,၂၇၃တင်းကို သိုလှောင်ခဲ့သည်။ ယင်းစပါးများကို ရောင်းချသောအခါ စပါးပေါ်ချိန်တွင် တလင်းအရောက် ဝယ်ယူသောဈေးထက် ကျပ် ၅,၅၀၀ သို့မဟုတ် ၈၄ရာခိုင်နှုန်း ဈေးပိုရရှိသည်။ (ဘေးကျားလေး စပါးမျိုး၊ ၂၀၁၅ခုနှစ် မေလ) ၂၀၁၅ခုနှစ်တွင် မျိုးစပါးထုတ်လုပ်သူအသစ် ၁၆ဦး တိုးလာပြီး ရွာ၁၉ရွာမှ စုစုပေါင်း ၃၂ဦးတို့သည် လယ်မြေ ၃၆ဧကတွင် စပါးရမျိုးကို ထုတ်လုပ်ခဲ့ကြသည်။

မျိုးစပါးထုတ်လုပ်ရေးစီမံချက်သည် မြစ်ဝကျွန်းပေါ်၃စီမံကိန်းတွင် ဆက်လက်ပါဝင်မည်။ မျိုးစစ်မျိုးမှန် မျိုးစပါးများ ကို ထုတ်လုပ်ရောင်းချမည့် မျိုးစပါးထုတ်လုပ်သူကွန်ရက်တခု ထူထောင်ရန် GRETနှင့် ရတနာရောတို့က ဆောင်ရွက်ကြမည်။

## အသိအမြင်အသစ် နည်းပညာအသစ်တို့ဖြင့်ရိတ်သိမ်းချိန်လွန် အလေအလွင့်ကို လျှော့ချခြင်း

၂၀၁၃ခုနှစ်တွင် နိုင်ငံတကာဆန်စပါးသုတေသနဌာနက မော်လမြိုင်ကျွန်းမြို့နယ်တွင် သင်ယူမှုမဟာမိတ် အဖွဲ့တစ်ခုကို ထူထောင်ခဲ့သည်။ ယင်းသည် ပတ်သက်ဆက်နွှယ်သူအများ ပါဝင်သည့် စင်မြင့်တစ်ခုဖြစ်ပြီး ဆန်စပါး တန်ဖိုးကွင်းဆက် အမျိုးမျိုးမှ ပတ်သက်ဆက်နွှယ်သူများ စုဝေးကာ အကြံဉာဏ်များ ဝေမျှခြင်း၊ တီထွင် ဆန်းသစ်သော နည်းပညာများကို ကွင်းဆင်းစမ်းသပ်ခြင်းနှင့် ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။ ဥပမာအားဖြင့် ကုန်သည်များက အကျိုးအမြတ်ကို

22 ဘိုကလေးမြို့နယ်တွင် လူမှုစီးပွားနှင့် ပတ်ဝန်းကျင်ဖွံ့ဖြိုးမှု စီမံချက်

23 မျိုးသန့်စပါးများကို DOAမျိုးစေ့ဌာနမှ ထုတ်လုပ်ကာ ပညာပေးဌာနမှ ဖြန့်ဝေပေးသည်။ ယင်းဌာနက တောင်သူတို့အား မျိုးစစ်မျိုးမှန် မျိုးစပါးများ ထုတ်လုပ်ရန် ဖြန့်ဝေပေးသည်။

အများဆုံးရစေမည့် အဆင့်မြင့်စပါးကို ဝယ်လိုကြသည်။ တောင်သူတို့က သီးနှံများအတွက် ဈေးကောင်းကောင်းကို လိုချင်ကြသည်၊ ရိတ်သိမ်းချိန်လွန် အလေအလွင့်ကို လျှော့ချလိုကြသည်။ သင်ယူမှုမဟာမိတ်အဖွဲ့က တောင်သူများ၊ ကုန်သည်များ၊ သုတေသီများ၊ အစိုးရပညာပေး ဝန်ထမ်းများ၊ NGOများ၊ ဆန်စက်ပိုင်များတို့၏ တူညီသောအချက်ကို ဖော်ထုတ်ပေးသည်။ မဟာဗျူဟာများကို ဆွေးနွေးပြီး တိုက်တွန်းအားပေးမည့် ယန္တရားများကို ရှာဖွေခဲ့ကြသည်။ ပတ်သက်ဆက်နွယ်သူတို့အချင်းချင်း အပြန်အလှန် အတုံ့အလှည့် ပါဝင်ဆောင်ရွက်သော လုပ်ငန်းစဉ်ကို ဤချဉ်းကပ်နည်းက အလေးထားသည်။

၂၀၁၃ခုနှစ်ဇူလိုင်လတွင်[24] ကျင်းပခဲ့သော အလုပ်ဆွေးနွေးပွဲတစ်ခုတွင် တိုးတက်ကောင်းမွန်သော ရိတ်သိမ်းချိန်လွန် နည်းစနစ်များကို လိုအပ်ကြောင်း အသိအမှတ်ပြုခဲ့ကြသည်။ နည်းပညာအသစ်များဖြစ်သည့် - အပြန့်လိုက် အခြောက်ခံစက်၊ လေလုံပိတ် သိုလှောင်ရေးစနစ်၊ နေရောင်ခြည်သုံး အခြောက်ခံစက်၊ တီစီ၈၀၀ အပေါ့စားခြွေလှေ့စက်၊ ကောက်ရိတ်စက်တို့ကို မိတ်ဆက်ပေးကာ သင်ယူမှုမဟာမိတ်ဖွဲ့၏ အထောက်အကူဖြင့် ကျေးရွာများတွင် လက်တွေ့စမ်းသပ်ခဲ့ကြသည်။ သို့သော် အဆင့်မြင့်စပါးကို ဈေးပိုပေးဝယ်မည့် ထိပ်တန်းဈေးကွက်နှင့် အလှမ်းမမီပါက အချို့သောနည်းပညာတို့သည် စီးပွားရေးအရ တွက်ခြေကိုက်မည်မဟုတ်ကြောင်း ထင်ရှားသည်။

ထို့ကြောင့် ၂၀၁၃ခုနှစ်တွင် သင်ယူမှုမဟာမိတ်အဖွဲ့သည် တောင်သူများ ဆန်စက်ပိုင်ရှင်များနှင့် ပူးပေါင်းကာ ဈေးကောင်းပေးမည့် ဈေးကွက်အခွင့်အလမ်းသစ်တို့ကို ဖော်ထုတ်ခဲ့သည်။အရည်အသွေးကောင်းလျှင် ဈေးကောင်းပေးမည့် ရန်ကုန်ရှိလက်ကားဒိုင်များနှင့် တောင်သူများ ချိတ်ဆက်နိုင်ခဲ့သည်။ ၂၀၁၅ခုနှစ်တွင် ပထမဆုံး တောင်သူတစ်ဦးသည် အပြန့်လိုက်အခြောက်ခံစက်ဖြင့် လှမ်းကာ ဒေသခံဆန်စက်တွင် ကြိတ်ခွဲထားသော ဆန်ကို ရန်ကုန်ရှိ ကုန်သည်တစ်ဦးထံ ရောင်းချနိုင်ခဲ့ရာ တစ်ဧကအတွက် အမြတ်ငွေ ကန်ဒေါ်လာ၅၆ ပိုမိုရရှိခဲ့သည်။[25] ဤစီမံချက်က အခြေခံကောင်းကို တည်ဆောက်ပေးခဲ့ပြီ ဖြစ်သော်လည်း တိုးချဲ့ရန်အတွက်မှာ အရင်းအနှီးများနှင့် ပုဂ္ဂလိကကဏ္ဍ၏ပါဝင်မှုတို့ အထူးလိုအပ်ဦးမည်။[26] မြစ်ဝကျွန်းပေါ်၃မှ မိတ်ဖက်အဖွဲ့ တို့သည် ဆန်စပါးတန်ဖိုး ကွင်းဆက်လုပ်ဆောင်မှု အနေဖြင့် ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် ပတ်သက်၍ ဆက်လက်လုပ်ကိုင်ကြမည်။

## တောင်သူအဖွဲ့အစည်းများနှင့် ဆန်စက်ပိုင်ရှင်များ၏ အကျိုးတူဆောင်ရွက်မှုသည် ဈေးကွက်အချိတ်အဆက်ကို ပိုမိုကောင်းမွန်စေလျက် ရှိသည်

Mercy Corps နှင့် ပြည်တွင်းမိတ်ဖက်အဖွဲ့ အရုဏ်ဦးတို့သည် တောင်သူ ထုတ်လုပ်သူအုပ်စုများ (စုစုပေါင်း တောင်သူ၂,၃၀၆ဦး ပါဝင်သော အုပ်စု၅၅စု)နှင့်အတူ လပွတ္တာမြို့နယ်တွင် စိုက်ပျိုးရေးနည်းနာများ ကောင်းမွန်စေရန်နှင့် ဆန်စပါး တန်ဖိုးကွင်းဆက်တွင် ပိုမို ပေါင်းစည်းနိုင်ရန် ဆောင်ရွက်နေသည်။ ပထမသုံးနှစ်တွင် ဤစီမံချက် သည် အိမ်ထောင်စုအဆင့် ထုတ်လုပ်မှုနှင့် အရည်သွေးကို ဦးတည်ပြီး ဈေးကွက်ဆိုင်ရာ လှုပ်ရှားမှုကို ဦးစားမပေးခဲ့ပေ။ ၂၀၁၃ခုနှစ်တွင်မူ ဤစီမံချက်သည် တောင်သူအုပ်စုတို့ကို ဆန်စက်ပိုင်ရှင်များနှင့် တိုက်ရိုက် ချိတ်ဆက်သည့် ချဉ်းကပ်ပုံကို ပြောင်းလဲခဲ့သည်။ တောင်သူအုပ်စုများသို့ သွင်းအားစုများအတွက် အကြွေးပေးရန် သို့မဟုတ် ကြိုတင်ငွေထုတ်ပေးရန် ချေးငွေစာချုပ်များကို ချုပ်ဆိုဆောင်ရွက်နိုင်ခဲ့သည်။ ပြန်ဆပ်ရန် အချိန် ပေးထားသဖြင့် တောင်သူတို့လည်း ဈေးကောင်းရသည့်အချိန်အထိ သီးနှံများကို သိုလှောင်ထားနိုင်သည်။

နောက်နှစ်တွင် ဤစီမံချက်သည် တောင်သူအုပ်စုများနှင့် ဆန်စက်ပိုင်ရှင်ကြီးများ (တစ်နေ့အနည်းဆုံး ၁၅တန်ကျ)နှင့် ချိတ်ဆက်ပေးခဲ့သည်။ စပါးလက်ခံရေးစခန်း၁၁ခုကို ရပ်ရွာလူထုကဆောက်လုပ်ခဲ့ကြရာ ကုန်ကျစရိတ်၏ ၇၅ရာခိုင်နှုန်းကို LIFT၏ ရန်ပုံငွေမှ ကျခံသည်။ ဤသဘောတူညီချက်ဖြင့် စပါးကို အစုလိုက် အပြုံလိုက် စုပေါင်းရောင်းချနိုင်သည်။ ပါဝင်သော အုပ်စုတို့သည် ယင်းတို့၏စပါးများကို အမြတ်ရအောင် ရောင်းနိုင်သည်။ ယင်းအမြတ်ကို အဖွဲ့ဝင်ချင်း ခွဲဝေယူပြီး ယင်းတို့အုပ်စု၏ အရင်းအနှီးအဖြစ် အသုံးချသည်။

ဈေးကွက်အချိတ်အဆက်များမှာ အခြေတည်စသာ ဖြစ်နေသေးသော်လည်း အလားအလာမှာ သိသာလှသည်။ ဖေဖော်ဝါရီလတွင် Mercy Corpsသည် လပွတ္တာမှ ဆန်စက်ပိုင်ရှင် ၈ဦး၊ တောင်သူအုပ်စုကိုယ်စားလှယ် ၅ဦးတို့ ကို ဆန်ကုန်သည် ၁၉ဦးနှင့် မန္တလေးတွင် တွေ့ဆုံပေးခဲ့သည်။ တောင်သူအုပ်စုတို့က ဆန်စက်ပိုင်ရှင်များမှ တဆင့် ရောင်းချသော ဆန်အိတ်ရေမှာ ၄,၀၀၀ရှိပြီ ဖြစ်ကာ တန်ဖိုးမှာ ကန်ဒေါ်လာ ၆၁,၀၀၀ ရှိသည်။ ၂၀၁၅ခုနှစ် နှစ်ကုန်တွင် တောင်သူ၂၂အုပ်စုနှင့် ယခင်ဆန်စက်ကြီးပိုင်ရှင် ၈ဦးတို့ကို စာချုပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက် ပေးနိုင်ခဲ့သည်။ ထို့ပြင် ဆန်စက်ပိုင်ရှင်များကို အရောင်းကိုယ်စားလှယ်အဖြစ် ထားကာ လက်လီရောင်းချသူ နှစ်ဦးက စိုက်ပျိုးရေးသုံး စက်ကိရိယာများနှင့် သွင်းအားစုများကို တောင်သူအုပ်စုများထံသို့ ရောင်းချနိုင်ခဲ့သည်။ ကန်ဒေါ်လာ ၄၄၁,၃၂၇ တန်ဖိုးရှိသော စာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

Mercy Crops စီမံချက်သည် မြစ်ဝကျွန်းပေါ်-၃ စီမံကိန်းတွင် ဆက်လက်ပါဝင်မည်ဖြစ်ပြီး အဖွဲ့အစည်း၏ စွမ်းရည်ကို အားဖြည့်ရန်၊ မြစ်ဝကျွန်းပေါ်ဒေသပြင်ပရှိ အဓိကအားဖြင့် မန္တလေးနှင့်ရန်ကုန်မှ တန်ဖိုးမြင့်ဈေးကွက်များနှင့် အချိတ်အဆက်များကို ဖန်တီးရန် ရည်ရွယ်သည်။

## ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုဆိုင်ရာ ကောက်နှုတ်ချက်များ

Proximity Designs (Proximity Finance - PF အဖြစ် လုပ်ငန်းဆောင်ရွက်လျက်ရှိ)သည် ယင်း၏ အသေးစားငွေရေးကြေးရေး လိုင်စင်ကို ၂၀၁၂ခုနှစ် နှောင်းပိုင်းတွင် ရရှိခဲ့သည်။ ၂၀၁၃ခုနှစ် ဇွန်လတွင် "*လုပ်ကွက်ငယ် တောင်သူများ ကို စိုက်ပျိုးရေးချေးငွေ ရရှိစေခြင်း*" စီမံချက်ကို စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ခုနှစ် နှစ်ကုန်တွင် ပိတ်သိမ်းခဲ့သည်။

အဓိကဦးတည်သည်မှာ လယ်ယာကဏ္ဍတွင် ချေးငွေလိုအပ်ချက်ကို ပြေလည်စေမည့် စိုက်ပျိုးရေးချေးငွေများကို ထုတ်ချေးပေးခြင်း ဖြင့် တောင်သူများနှင့် လယ်လုပ်သားများ ဝင်ငွေတိုးစေရန် ဖြစ်သည်။

24 LIFT၏ အိမ်ထောင်စုစစ်တမ်း ၂၀၁၃

25 LIFT၏ IRRIစီမံချက်၂၃(၂၀၁၂-၂၀၁၅)အပြီးသတ်အကဲဖြတ်ချက် ၂၀၁၅ခုနှစ် စက်တင်ဘာလ

26 ibid

သုံးနှစ်အတွင်း Proximity Designsသည် ပဲခူးတိုင်း၊ မြစ်ဝကျွန်းပေါ်ဒေသ၊ ရန်ကုန်တိုင်း၊ အပူပိုင်းဇုန်တို့တွင် ကန်ဒေါ်လာ ၁၀.၃သန်းကို အတိုးနှုန်းသက်သာသော ချေးငွေ ၄၈,၀၀၀ခုအဖြစ် ထုတ်ပေးခဲ့သည်။ ထုတ်ပေးငွေ၏ ၄၃ရာခိုင်နှုန်းမှာ LIFTမှ ဖြစ်သည်။ အသုံးပြုသူ ကျေနပ်မှုစစ်တမ်းတွင် Proximity Financeသည် ဝန်ဆောင်မှုအသုံးပြုသူ တို့၏ လိုအင်အရ အောက်ပါအတိုင်း ပြောင်းလွယ်ပြင်လွယ် ဆောင်ရွက်ပေးခဲ့ကြောင်း ထင်ဟပ်နေသည်_

- PFသည် ဖောက်သည်အသစ်များသို့ ကနဦးချေးငွေကို ကျပ်၂၀၀,၀၀၀(ကန်ဒေါ်လာ၁၆၆)ကို လည်းကောင်း၊ နောက်တစ်ကြိမ် ငွေချေးသူအား ကျပ်၂၅၀,၀၀၀(ကန်ဒေါ်လာ၂၀၈)ကို ယင်း၏ ချေးငွေပြန်ဆပ်မှု မှတ်တမ်းနှင့် ချေးငွေစည်းကမ်းများကို အခြေခံကာ ထုတ်ချေးသည်။
- PFသည် အတိုးငွေပေးသွင်းခြင်းကို သီးနှံအမျိုးအစား၊ ငွေချေးသည့်ကာလ၊ ထုတ်ပေးသည့် အချိန်အပိုင်းအခြားကို လိုက်၍ ၂လ သို့မဟုတ် ၃လတကြိမ် ပုံသေ သတ်မှတ်ခဲ့သည်။
- PFသည် ငွေပြန်ဆပ်ရမည့် အချိန်ဇယားကို သီးနှံပေါ်ချိန်နှင့် ကိုက်ညီအောင် ပြောင်းလဲခဲ့သည်။
- PFသည် အုပ်စုကြီးများ(အဖွဲ့ဝင်၃၀ဦး)အစား အုပ်စုငယ်များ(အဖွဲ့ဝင် ၄ဦးမှ ၈ဦး)သို့ ငွေထုတ်ချေးသည့် မူကို ပြင်လိုက်သည်။

# ရှေ့ကိုမျှော်ကြည့်လျှင် မြစ်ဝကျွန်းပေါ်- ၃ စီမံကိန်းသစ်

မြစ်ဝကျွန်းပေါ် ၁ နှင့်၂မှ ရရှိသော သင်ခန်းစာများကို အခြေခံ၍ မြစ်ဝကျွန်းပေါ်-၃စီမံကိန်းကို ရေးဆွဲရန် ၂၀၁၄ခုနှစ် ဖွန်လတွင် LIFTက သဘောတူညီခဲ့သည်။ မြစ်ဝကျွန်းပေါ်-၃၏ ဦးတည်ချက်မှာ လုပ်ကွက်ငယ် တောင်သူတို့၏ ဆန်စပါးစိုက်ပျိုးမှုကို အရှိန်မြှင့်ရန်နှင့် စီးပွားရေးဖြစ်ထွန်းအောင် ဆောင်ရွက်ရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် ပိုမိုထိတွေ့ ဆောင်ရွက်ရန်ဖြစ်သည်။ ဆန်စပါးတန်ဖိုးကွင်းဆက်တွင် လုပ်ကွက်ငယ်တောင်သူတို့ "တက်လှမ်း"နိုင်ရန် အတွက် အခွင့်အလမ်းများကို ပိုမိုပေးအပ်မည် ဖြစ်သည်။ ဤဒေသတွင်းနှင့် ရန်ကုန်ရှိ လုပ်ခလစာကောင်းသော အလုပ်အကိုင်အခွင့်အလမ်းများသို့ "ထွက်ခွာ"နိုင်ရန် အသက်မွေးမှု ဆိုင်ရာ ကျွမ်းကျင်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းစေရန် ဤစီမံကိန်းက ထောက်ပံ့မည်ဖြစ်သည်။ ၂၀၁၅ခုနှစ် နှောင်းပိုင်းတွင် ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ ၃မြို့နယ် တို့တွင် မြစ်ဝကျွန်းပေါ်-၃ လုပ်ငန်းများကို စတင်နေပြီဖြစ်သည်။ အခြားဒေသအလိုက် စီမံကိန်းအသစ်များကဲ့သို့ပင် မြစ်ဝကျွန်းပေါ်-၃စီမံကိန်းကိုလည်း LIFT၏ ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှု စီမံကိန်းအောက်တွင် ဆောင်ရွက်မည်ဖြစ်သည်။

## အဆင့်မီ မျိုးစပါး ရေရှည်ထောက်ပံ့ခြင်း

ဒေသရေမြေနှင့် ပိုမိုကိုက်ညီသော မျိုးစပါးများဖြစ်ထွန်းအောင် LIFTနှင့် IRRIတို့က အားကျအတုယူဖွယ် ကောင်းအောင် ဆောင်ရွက်နိုင်ခဲ့သည်။[27] နောက်တစ်ဆင့် ဆောင်ရွက်ရန်မှာ အဆင့်မီမျိုးစပါးတို့ကို ဖြန့်ဖြူးရန်နှင့် အရည်အသွေးအာမခံမှုစနစ်များကို ကျင့်သုံးရန်ဖြစ်သည်။ မြစ်ဝကျွန်းပေါ်-၃စီမံကိန်းတွင် ရတနာရောသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန တို့နှင့်အတူ ဒေသခံတောင်သူများ မျိုးစစ်မျိုးမှန် မျိုးစပါးများကို စိုက်ပျိုးရန် ကူညီမည်။ WHH/GRETသည် ဘိုကလေးနှင့် မော်လမြိုင်ကျွန်း မြို့နယ်တို့ရှိ တောင်သူ ၁၀၀၀တို့ မျိုးစပါး ပိုမိုထုတ်လုပ်နိုင်ရန် ဦးတည်လျက် မျိုးစပါး စိုက်ပျိုးသူ အဖွဲ့အစည်းများကို အားဖြည့်ပေးမည်။ ယင်းစပါးတို့ကို ဈေးကွက်တင်ရန် ကူညီမည် ဖြစ်သည်။ ဤမျိုးစပါးများအတွက် ဈေးကွက်များကောင်းမွန်စွာ မဖွံ့ဖြိုးသေးပါက ရေရှည်တည်တံ့မှုကို ရရှိမည်မဟုတ်ပေ။[28] မျိုးစပါးစိုက်ပျိုးသူ အဖွဲ့အစည်းများသည် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ အထောက်အပံ့ကို လိုအပ်နေသည်။ LIFTသည် အတိုင်ပင်ခံတစ်ဦးကို ငှားရမ်းကာ မျိုးစေ့ကဏ္ဍအတွက် မိမိ၏အထောက်အပံ့ကို ဒီဇိုင်းထုတ်ပေးစေရန်နှင့် မျိုးစပါး လိုအပ်ချက်ကို ကောင်းမွန်စွာ ခန့်မှန်းပေးစေရန် ဆောင်ရွက်မည်။

## ပညာပေးလုပ်ငန်းများနှင့် လယ်ယာအကြံပေး ဝန်ဆောင်မှုများ

WHH/ GRET၏ စီမံချက်အသစ်သည် ပညာပေးလုပ်ငန်းကို တောင်သူဦးဆောင်သော ပညာပေးလုပ်ငန်းနှင့် **မလစက** ခေါ် မိသားစုလယ်ယာစီမံခန့်ခွဲရေး အကြံပေးခြင်းတို့ကို ပူးပေါင်းလျက် ချဉ်းကပ်နည်းတစ်ခုတည်းအဖြစ် ကိုင်တွယ်မည် ဖြစ်သည်။[29] ယင်းသည် လယ်ယာလုပ်ငန်းသာမက စီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှု၊ နေ့စဉ်လုပ်ငန်းများတို့တွင် တောင်သူများ သတင်းစုံစွာရယူလျက် ဆုံးဖြတ်နိုင်ကာ လယ်ယာစီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်လာစေရန် ဖြစ်သည်။ လုပ်ငန်းအသစ်သည် ဘိုကလေးနှင့် မော်လမြိုင်ကျွန်းမြို့နယ်များရှိ ကျေးရွာ ၁၄၆ရွာမှ တောင်သူ ၆၀၀၀ တို့ကို ဦးတည်သည်။ ရေရှည်တည်တံ့နိုင်ရန် အတွက် မိမိအဖွဲ့ဝင်များသို့ အကြံပေးဝန်ဆောင်မှုပေးနိုင်ရန် ကိုယ်ထူကိုယ်ထ တောင်သူအဖွဲ့အစည်းများကို အားဖြည့်ပေးခြင်းဖြင့် LIFTက ထောက်ပံ့မည်။[30] ပုဂ္ဂလိကကဏ္ဍက တောင်သူများသို့ သမားရိုးကျမဟုတ်သော သင်တန်းများကို ပေးသည့် အောင်မြင်သော ရှေ့ပြေးစီမံကိန်းများကို LIFTက တိုးချဲ့မည်ဖြစ်သည်။ ဥပမာအားဖြင့် စိုက်ပျိုး-စီးပွားကုမ္ပဏီ တစ်ခုဖြစ်သော ဩဘာသည် သရုပ်ပြ စိုက်ခင်းများကို ထူထောင်ကာ ယင်း၏ ဖောက်သည်များသို့ ဓာတ်မြေဩဇာ ပိုးသတ်ဆေးသင်တန်းများကို ပေးလျက်ရှိသည်။

27 LIFTနှစ်ပတ်လည်အစီရင်ခံစာ၂၀၁၄

28 မြန်မာ့မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေး သို့မဟုတ် အခြေအနေစစ်တမ်း၊ ဖွံ့ဖြိုးရေးဗဟိုဌာနဆန်းသစ်မှုဌာန၊ ဝါခင်နီခင်၊ ၂၀၁၅ခုနှစ် ဇန်နဝါရီလ

29 မလစက အကြောင်းကို LIFT၏နှစ်ပတ်လည်အစီရင်ခံစာ၂၀၁၄တွင် ကြည့်ပါ။

30 ပညာပေးခြင်းနှင့် စိုက်ပျိုးရေးအကြံပေး ဝန်ဆောင်မှုတို့ကို လေ့လာမှု ၂၀၁၅ခုနှစ် မေလ

Mercy Corps၏ မြစ်ဝကျွန်းပေါ်-၂စီမံချက်တွင် ဆန်စက်ပိုင်ရှင်များက တောင်သူအုပ်စုများသို့ ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှုဆိုင်ရာ သမားရိုးကျမဟုတ်သော သင်တန်းများကို ပေးခဲ့ကြသည်။ မြစ်ဝကျွန်းပေါ်-၃ စီမံကိန်းတွင်လည်း Mercy Crops သည် တောင်သူများ၊ ဆန်စက်ပိုင်ရှင်များ၊ သွင်းအားစုကုမ္ပဏီများကို ချိတ်ဆက်မိအောင် ဆောင်ရွက်ခြင်းဖြင့် ဆန်စက်ပိုင်ရှင်များက သွင်းအားစုရောင်းချသူများအဖြစ် တောင်သူအုပ်စုများ မှတဆင့် တောင်သူများသို့ သွင်းအားစုများကို အကြွေးရောင်းချသည့်ပုံစံကို တိုးချဲ့မည်။ Mercy Cropsသည် ဩဘာနှင့် မိတ်ဖက်ပြုခဲ့ပြီး ပညာပေးအရာရှိနှစ်ဦးကို လပွတ္တာတွင် အချိန်ပြည့် ခန့်ထားပေးမည် ဖြစ်သည်။ စီမံချက်က ပေးသော ပူးတွဲရင်းနှီးမြှုပ်နှံမှုနှင့် သင်ရိုးညွှန်းတမ်းရေးဆွဲရေး အထောက်အပံ့များဖြင့် ဩဘာမှ အရာရှိများသည် ရွေးချယ်ထားသော တောင်သူအုပ်စုများသို့ စိုက်ပျိုးရာသီတစ်လျှောက်လုံး သင်တန်းပေးမည် ဖြစ်သည်။ လပွတ္တာမြို့နယ်ရှိ ကျေးရွာ ၁၈၉ရွာမှ တောင်သူစုစုပေါင်း ၃,၀၀၀ ကို ပညာပေးရန် ရည်ရွယ်သည်။

## ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှုနှင့် စုပေါင်းသိုလှောင်မှု

Mercy Corps၏ စီမံချက်သည် တောင်သူများ၊ ဆန်စက်ပိုင်ရှင်များ၊ သွင်းအားစုကုန်သည်များ၏ ဆက်ဆံရေးကို အားဖြည့်ပေးခဲ့သည်။ တွေ့ဆုံခဲ့သော ဆန်စက်ပိုင်ရှင်များက ၂၀၁၆တွင်လည်း စာချုပ်ချုပ်ဆိုရန် ဆန္ဒရှိကြောင်း ပြောပြကြသည်။[31] မြစ်ဝကျွန်းပေါ်-၂ စီမံကိန်းတွင် WHH/ GRETသည် တောင်သူများကို ကြိုက်ဈေး (ပိုကောင်းသည့်ဈေးရမှ) ရောင်းချသည်အထိ စပါးများကို သိုလှောင်ထားနိုင်ရန် ကူညီခဲ့သည်။[32] စုပေါင်းထားသောကြောင့် တောင်သူတို့သည် ကုန်သည်များနှင့် ညှိနှိုင်းနိုင်စွမ်း ပိုရှိလာသည်။ ရန်ကုန်ရှိ ဈေးကွက်ကြီးများသို့ တိုက်ရိုက်ရောင်းချနိုင်သည့် အခွင့်အလမ်းကိုလည်း အကြီးအကျယ် ရလာသည်။ သို့သော် ဤစနစ်တို့မှာ တည်ထောင်ခါစသာ ဖြစ်သောကြောင့် ဈေးနှုန်းအတက်အကျဒဏ်ကို ခံနိုင်ရည် မရှိကြသေးပေ။ WHH/GRET နှင့် Mercy Corpsတို့၏ စီမံချက်အသစ်များသည် အလားအလာရှိသော စီးပွားရေးပုံစံများ၊ အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြုစုပေးခြင်းဖြင့် ထုတ်လုပ်သူအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို ပိုမို ကောင်းမွန်အောင် ဆောင်ရွက်ရန် ဦးတည်မည်။ LIFTဆောင်ရွက်နေသော ၃မြို့နယ်မှ တောင်သူအုပ်စု ၁၇၀ (တောင်သူ ၁၅၀၀ခန့်)ကို ဦးတည်ဆောင်ရွက်မည်။

## ဒေသတွင်းအလုပ်အကိုင်ရရှိမှု

Mercy Corps၏ မြစ်ဝကျွန်းပေါ်-၂စီမံချက်သည် လယ်မဲ့မြေမဲ့များကို ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း၊ ကျွမ်းကျင်မှု များစွာမလိုသော အသေးစား အရောင်းအဝယ်၊ စားသောက်ကုန်ထုတ်လုပ်မှု၊ လက်ဖက်ရည်ဆိုင်ဖွင့်ခြင်း စသော အလုပ်များဖြင့် ဝင်ငွေတိုးအောင် ထောက်ပံ့ခဲ့သည်။ မြစ်ဝကျွန်းပေါ်၃ စီမံကိန်းအောက်တွင် Mercy Corps၏ စီမံချက်အသစ်သည် လပွတ္တာမြို့နယ်ရှိ ကျေးရွာ၂၇၆ရွာမှ လယ်မဲ့မြေမဲ့နှင့် ထိခိုက်လွယ်သော အိမ်ထောင်စု ၁,၄၀၀အတွက် ဦးတည်ဆောင်ရွက်မည်။ အလုပ်အကိုင် အခွင့်အလမ်းသစ်များနှင့် ကိုက်ညီမည့် အဆင့်ထိ ရောက်အောင် ကျွမ်းကျင်မှုတည်ဆောက်ရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် အာရုံစိုက်မည်။

World Visionသည်လည်း ဘိုကလေးမြို့နယ် ကျေးရွာ၃၀မှ လယ်မဲ့မြေမဲ့နှင့် ထိခိုက်လွယ်သော အိမ်ထောင်စုများကို ဦးတည်မည်။ လူငယ်၂၅၀ဦးကို အလုပ်အကိုင်အတွက် သို့မဟုတ် မိမိဘာသာ လုပ်ငန်းထူထောင်နိုင်မည့် နည်းပညာကျွမ်းကျင်မှု တည်ဆောက်နိုင်ရန်၊ အမျိုးသမီး၂၀၀ဦးကို စီးပွားရေးလုပ်ငန်းငယ်များကို စတင်ရန်၊ တိုးချဲ့ရန်၊ လုပ်အားဈေးကွက်တွင် ပါဝင်ဆောင်ရွက်နိုင်မည့် ကျွမ်းကျင်မှုတည်ဆောက်နိုင်ရန်အတွက် ထောက်ပံ့မည်။ အသေးစား မွေးမြူရေးလုပ်ငန်း၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းစေရန်လည်း ထောက်ပံ့မည် ဖြစ်ရာ ရာသီမဟုတ်၍ အားလပ်နေသော လယ်ကွင်းများတွင် လယ်မဲ့မြေမဲ့အိမ်ထောင်စုများကို မျှဝေပေးမည့် အစီအစဉ်များလည်း ပါဝင်သည်။(ရည်မှန်းအိမ်ထောင်စု ၇၅၀)

## ရွှေ့ပြောင်းသွားလာရေး

IOM၏ စီမံချက်အသစ်သည် ရွှေ့ပြောင်းသွားလာရေး၏ ကောင်းကျိုးများကို ကိုင်တွယ်အသုံးပြုရန်နှင့် ရွှေ့ပြောင်းသွားလာရေးနှင့် ဖွံ့ဖြိုးမှုတို့ မည်သို့ချိတ်ဆက်သည်ကို ပိုမို နားလည်စေရန် ဒီဇိုင်း ထုတ်ထားသည်။ ဤစီမံချက်သည် သုံးမြို့နယ်အတွင်းရှိ ရွှေ့ပြောင်းသွားလာရန် အလားအလာရှိသူ ၆,၀၀၀ကို ဘေးကင်းစိတ်ချရသော ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ သင်တန်းနှင့် အထောက်အပံ့ကိုပေးရန် ရည်ရွယ်သည်။ ရွှေ့ပြောင်းသွားလာသူများ၏ အိမ်ထောင်စုများမှ လူပေါင်း ၄,၀၀၀ကိုလည်း ငွေလွှဲပေးပို့ခြင်းနှင့် ငွေကြေးစီမံခန့်ခွဲရေးဆိုင်ရာ သင်တန်းများကို ပေးမည်။ ဤစီမံချက်၏ဒီဇိုင်းကို *နွမ်းပါးမှုလျှော့ချရန်အတွက် လူသား ရွှေ့ပြောင်းမှု နှင့် မြန်မာနိုင်ငံ၏ အားလုံးပါဝင်စေသော ဖွံ့ဖြိုးရေး* စီမံချက်တွင် တွေ့နိုင်သည်။ ယင်းသည် LIFTက ငွေကြေး ထောက်ပံ့နေသော ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ စီမံချက်တစ်ခုဖြစ်သည်။

## အာဟာရ

ရခိုင်ဒေသတွင် ဆောင်ရွက်ခဲ့သော မိခင်များကို ငွေကြေးထောက်ပံ့ခြင်း Maternal Cash Transfer (MCT) ရှေ့ပြေးစီမံချက်၏ အောင်မြင်မှုကို ဆက်ခံကာ မြစ်ဝကျွန်းပေါ်ဒေသတွင်လည်း အလားတူစီမံချက်ဖြင့် ပုညက်မှုကို မြစ်ဝကျွန်းပေါ်-၃စီမံကိန်းက ကိုင်တွယ်မည်။ Save the Children၏ စီမံချက်အသစ်သည် အစိုးရကျန်းမာရေးစနစ်များ၊ 3MDG[33] ၏ အထောက်အပံ့ခံ စီမံချက်တစ်ခုနှင့်အတူ လပွတ္တာမြို့နယ် ရွာ၂၀၀တွင် ဆောင်ရွက်မည်။ ကိုယ်ဝန်ဆောင်နှင့် ၂နှစ်အောက်ကလေးများကို နို့တိုက်ကျွေးနေသော မိခင်၁၀,၀၀၀ခန့်သို့ ငွေကြေးထောက်ပံ့ခြင်းနှင့်အတူ အမူအကျင့်ပြောင်းလဲရေးဆိုင်ရာ သတင်းစကား ပြောကြားမှုများကို ဆောင်ရွက်မည်။ ကျန်းမာရေးဝန်ကြီးဌာနမှ တဆင့် ဤဝန်ဆောင်မှုကို ပေးအပ်နိုင်ရန် ဖြစ်မဖြစ်ကို ဤစီမံချက်က စမ်းသပ်ဆောင်ရွက်မည်။

---

31 စီမံချက်အပြီးသတ်အကဲဖြတ်အစီရင်ခံစာ

32 LIFTနှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၃

33 3MDGဆိုသည်မှာ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်သုံးမျိုး ရန်ပုံငွေကို ဆိုလိုသည်။ ယင်းသည် UNOPSက စီမံအုပ်ချုပ်သော အလှူရှင်အများ စုပေါင်းပါဝင်သော ရန်ပုံငွေဖြစ်ကာ ကျန်းမာရေးကိစ္စကို ဦးတည်ဆောင်ရွက်သည်။

အခြားမိတ်ဖက်အဖွဲ့များကလည်း ဘိုကလေးမြို့နယ်တွင် အာဟာရဆိုင်ရာတွင် ဆောင်ရွက်လျက်ရှိသည်။ WHHသည် ဘိုကလေးမြို့နယ်မှ ကျေးရွာ၁၁ရွာရှိ အိမ်ထောင်စု ၁၀,၀၀၀ထံသို့ သင့်လျော်သောအာဟာရဆိုင်ရာ အလေ့အကျင့်များကို သိရှိအောင်ဆောင်ရွက်မည်။ ရွာ ၄၅ရွာမှ အိမ်ထောင်စု ၉၀၀ထံသို့ ဥရောပသမဂ္ဂက ထောက်ပံ့သော LANN[34] ရှေ့ပြေးစီမံကိန်းမှ ရရှိသော သင်ခန်းစာများကိုအခြေခံကာ ဆောင်ရွက်ပေးမည်ဖြစ်သည်။

WorldFishက ဦးဆောင်သော ယာယီအဖွဲ့ (NAG၊ GRET၊ PACT၊ ငါးလုပ်ငန်းဦးစီးဌာန)သည် မြစ်ဝကျွန်းပေါ်ဒေသတွင် အိမ်ထောင်စု အခြေပြု ငါးမွေးမြူရေးအငယ်စားများကို စရိတ်ကုန်ကျမှုနည်းသော ဒေသခံငါးမျိုးစုံဖြင့် မွေးမြူစေရန် ၂၀၁၅ခုနှစ်တွင် စတင် ဆောင်ရွက်ခဲ့သည်။ ဝင်ငွေတိုးရန်သာမက အာဟာရပြည့်ဝစေရန်လည်း ဖြစ်သည်။ ထို့ပြင် စပါးနှင့်ငါးပူးတွဲ မွေးမြူရန် သို့မဟုတ် တလှည့်စီ ဆောင်ရွက်ရန် စီစဉ်ပေးမည်။ ဤစီမံချက်တွင် အာဟာရပြည့်ဝသော ငါးများကို ပိုမိုစားသုံးခြင်း အပါအဝင် အစားအစာအမည်စုံစားသုံးစေမည့်ရည်မှန်းချက်ဖြင့်အာဟာရဆိုင်ရာအမူအကျင့်ပြောင်းလဲရေးသတင်းစကားပြောကြားမှုကိုလည်း ဆောင်ရွက်မည်။

ရပ်ရွာများရှိ အာဟာရနှင့် တကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ အလေ့အကျင့်များကို ပြောင်းလဲစေရန် ပညာပေးခြင်း၊ သရုပ်ပြခြင်း၊ ကြီးထွားမှုကို တိုင်းတာစစ်ဆေးခြင်း၊ ငါးနှစ်အောက်ကလေးများ၏ အာဟာရကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းတို့ကို ထိရောက်စွာဆောင်ရွက်နိုင်စေရန် ကျန်းမာရေးဝန်ဆောင်သူများကို World Vision စီမံချက်က စီစဉ်ပေးမည်။ ဘိုကလေးမြို့နယ် ကျေးရွာ ၃၀ မှ အမျိုးသမီးများနှင့် အုပ်ထိန်းသူ၁၄၀၀ကို အမူအကျင့် ပြောင်းလဲရေး သတင်းစကား ပြောကြားရန် ဦးတည်သည်။ ကျန်းမာရေးဦးစီးဌာနက ပြုစုပေးသော သင်ရိုးညွှန်းတမ်းကို အသုံးပြုကာ အာဟာရနှင့် ရေနှင့်သန့်ရှင်းရေးဆိုင်ရာ သတင်းစကားတို့ကို ဖြန့်ဖြူးပေးနိုင်ရန် ကျန်းမာရေးဝန်ထမ်းတို့ကို 3MDG၏အထောက်အပံ့ဖြင့် စွမ်းဆောင်ရည် တည်ဆောက်ပေးမည်။

34 Link Agriculture Natural Resource Management and Nutrition (LANN) စိုက်ပျိုးသယံဇာတစီမံခန့်ခွဲမှုနှင့် အာဟာရကဏ္ဍကို ချိတ်ဆက်ခြင်း စီမံချက် သည် အစိုးရကျန်းမာရေးဌာနတို့နှင့် လက်လှမ်းမမီသော ချောင်ကျသည့် နေရာများတွင် ထိခိုက်လွယ်သော လူထုတို့၏ အာဟာရအခြေအနေကို စိုက်ပျိုးရေး၊ သယံဇာတစီမံခန့်ခွဲရေးတို့ဖြင့် ချိတ်ဆက် ကာ တိုးတက်စေသော ဆန်းသစ်သည့် ရပ်ရွာအခြေပြုချဉ်းကပ်နည်း ဖြစ်သည်။

# အသေးစားငွေရေးကြေးရေးဖြင့် ထွက်ခွာခြင်း



ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ သပ်ရပ်သော ရွာတစ်ရွာ၏ အစပ်တွင်ရှိသော ဓမ္မာရုံထဲတွင် အမျိုးသမီးတစ်အုပ်၏ ရှေ့တွင် ဒေါ်ဝင်းဝင်းမော်က ထရပ်လိုက်သည်။ “ဒီမှာ ငါးသိန်း(ကန်ဒေါ်လာ၅၀၀)ပဲ” ဟု သူ့ကို ငွေတစ်ထပ်ကြီး ပေးလိုက်သည့် အမျိုးသမီးက ပြောသည်။ “ကဲ... ပြောပါဦး အမ... ဒါကို ဘယ်လိုသုံးမလဲ”



ဒေါ်ဝင်းဝင်းမော်က ပြုံးလိုက်ပြီး ပြင်ဆင်မည့် ဝယ်ခြမ်းမည့် ပစ္စည်းစာရင်းကို ပြောပြသည်။ ပထမဆုံးအကြိမ် ငွေချေးခြင်း မဟုတ်သောကြောင့် လုပ်ထုံးလုပ်နည်းများကို သူသိပြီးဖြစ်သည်။ ဤငွေကို တစ်လလျှင် ၂.၅ ရာခိုင်နှုန်းဖြင့် တစ်နှစ်အတွင်း ပြန်ဆပ်မည်ဟု သူက ကတိပေးသည်။ သူ့ရည်ရွယ်များ ကို ထုတ်ပြောခြင်းသည် သူနှင့် တစ်အုပ်စုတည်းဖြစ်သော အမျိုးသမီး ၄ဦး ကို အသိပေးချည်နှောင်လိုက်ခြင်းလည်း ဖြစ်သည်။ သူတို့မှာ သက်သေအဖြစ် ရောက်ရှိနေခြင်း ဖြစ်သည်။ စာချုပ်ကို လက်မှတ်ထိုးလိုက်ကာ လူတိုင်းကို ကျေးဇူးစကားဆိုပြီး သူ့အလုပ်ရှိရာသို့ ပြန်လာခဲ့သည်။

အုန်းလုံးတံတား အကျော်ရှိ သစ်ပင်များအုပ်နေသော ဖုန်ထူထူလမ်း ကလေးဆီမှ သူ့လုပ်ငန်းကို မမြင်ရသေးမီကပင် အသံကိုမူ လှမ်း၍ ကြားနိုင်ပေမည်။ သူ့တွင် တစ်ပတ်လျှင် သုံးရက် တစ်နေကုန်မောင်းကာ ဘက်ထရီအိုးများကို အားသွင်းပေးနေသော ဒီဇယ်သုံး မီးစက် တစ်လုံးရှိသည်။ ယနေ့တွင် ဘက်ထရီအိုး အလုံး၅၀ကို အားသွင်းနေသည်။ မိုးရာသီဆိုလျှင် နေရောင်ခြည်ပြားများကို အားမထားရလောက်သောကြောင့်ပို၍ များသည်။ ယင်း ဘက်ထရီတို့ကို ရွာသားများက မီးထွန်းရန်၊ တီဗီဖွင့်ရန်၊ ပန်ကာဖွင့်ရန် အသုံးပြုကြသည်။ ဘက်ထရီပိုင်ရှင်များက အားသွင်းခအဖြစ် ကျပ်၄၀၀ ကို ပေးရသည်။ မြန်မာ့ကျေးလက်အိမ်ထောင်စုများ၏ ၈၄ ရာခိုင်နှုန်းမှာ လျှပ်စစ်မီး မရရှိသောကြောင့် (ကမ္ဘာ့ဘဏ် ၂၀၁၅) သူ့အလုပ်မျိုးမှာ တွင်ကျယ်လှသည်။

သူနှင့် သူ့ခင်ပွန်းတို့သည် ရွာ၏ ဓာတ်အား လိုအပ်ချက်ကို ကိုင်တွယ်နိုင်မည့် နည်းလမ်းကို လွန်ခဲ့သော ၁၀နှစ်က ပင် ဖော်ထုတ်နိုင်ခဲ့သည်။ သို့သော် မီးစက်ဝယ်ရန်အတွက် ရွာမှ ငွေတိုးပေးသူတစ်ဦးထံမှ အတိုးကြီးကြီးနှင့် ချေးငှားခဲ့ရပြီး အကြွေးသံသရာမှ မထွက်နိုင် ဘဲရှိခဲ့သဖြင့် သူ့လုပ်ငန်း ဆုံးရှုံးတော့မည်ဟု ထင်နေမိသည်။ သို့သော် သူတို့ရွာသို့ Pact အသေးစားငွေကြေးအဖွဲ့ ရောက်လာပြီး ရွာမှ ငွေတိုးပေးသူတို့ တောင်းသော အတိုး၏ လေးပုံတစ်ပုံဖြင့် ငွေချေးပေးရန် ကမ်းလှမ်းလာသည်။ အကြွေးများကို ဆပ်နိုင်ပြီး အိမ်သား ၁၁ယောက်ကို ကျွေးမွေးနိုင်မည့် အခြေအနေသို့ ရောက်သွားသည်။ အိမ်သားအချို့မှာလည်း ပျံကျအလုပ်များဖြင့် အိမ်စရိတ်ကာမိအောင် လုပ်ဆောင်နေကြသည်။

ဒေါ်ဝင်းဝင်းမော်သည် လုပ်ငန်းတိုးချဲ့ရန် ငွေထပ်ချေးခဲ့သည်။ ထို့နောက် ထပ်ချေးပြန်သည်။ အမြတ်များ အကြိမ်ကြိမ် ရလာသဖြင့် ယခုနှစ်တွင် ကန်ဒေါ်လာ ၁၆၀၀တန်သော အပေါ့စား ခြွေလှေ့စက်တစ်လုံးနှင့် ယင်းကို ပို့ဆောင်ရန် လှေတစ်စင်းကိုပါ ဝယ်ယူနိုင်ခဲ့သည်။ ကောက်ရိတ်ချိန်တွင် ယင်းကို ငှားရမ်းခြင်းသည် အားထားရသော နောက်ဝင်ငွေရလမ်းတစ်ခု ဖြစ်သည်။

ဘက်ထရီအားသွင်းသည့်ဆိုင်၏ လမ်းတစ်ဘက်တွင် သပ်ရပ်သောသူ့အိမ် ရှိသည်။ အိမ်ရှေ့တွင် ကလေးများ ကစားနေကြသည်။ တစ်ယောက်ကို သူကကောက်ချီလိုက်ပြီး "ကျွန်မမြေး မွေးတုန်းက ၂ပေါင်ပဲ ရှိတယ်"ဟု ပြောသည်။ "သူ့အမေက လေဖြတ်ထားတော့ သူ့ကို နို့မတိုက်နိုင်ဘူး။ သူ ကျန်းကျန်းမာမာဖြစ်လာအောင် ဘိုကလေးမှာ သွားကုတာနဲ့ နို့မှုန့်ဖိုးကိုက ၁၀သိန်းကျော် ၁၂သိန်းလောက် ကုန်တယ်" ကလေးငယ်က သူပန်ထားသော ပန်းများကို ဆွဲနှုတ်နေသည်။ "ဒါပေမယ့် ဒီအလုပ်ကလေးရှိလို့ ပိုက်ဆံရနေလို့ တော်သေးတာပေါ့"

ဒေါ်ဝင်းဝင်းမော်နှင့် သူ့သမီးအငယ်ဆုံးတို့သည် နောက်ထပ် စီးပွားရေးအခွင့်အလမ်းကို မြင်ထားကြသည်။ သူ့သမီး၏ကျွမ်းကျင်မှုဖြင့် ရွာတွင် ပထမဆုံးသော အုပ်ချုပ်ဆိုင်ကို ဖွင့်မည်ဖြစ်ရာ ငွေအရင်းအနှီးသာ လိုအပ် နေသည်။

"ခုလုပ်နေတဲ့ အလုပ်နှစ်ခုကနေ တစ်နည်းနည်းနဲ့ အဆင်ပြေသွားမှာပါ"ဟု ဒေါ်ဝင်းဝင်းမော်က စိတ်ချလက်ချ ပြောလိုက်သည်။

# ၃.၂ အပူပိုင်းဇုန်






## ခြုံငုံဖော်ပြချက်

နိုင်ငံ၏ အတွင်းပိုင်းနယ်မြေအများစုဖြစ်သော အပူပိုင်းဇုန်သည် မိုးရေချိန်လျော့နည်းလာခြင်း၊ မိုးရွာပုံ မမှန်ခြင်းတို့ကြောင့် အလွန်အမင်း ထိခိုက်နေသည်။ နိုင်ငံတွင် ရိက္ခာမဖူလုံဆုံးသော နယ်မြေထဲတွင် ပါဝင်သည်။[35]

ရိက္ခာပြတ်ခြင်း၊ ရေကောင်းရေသန့်ရှားပါးခြင်း၊ သန့်ရှင်းရေးအားနည်းခြင်းကြောင့် ကလေးများ ပုညှက်ချည့်နဲ့သည့် နှုန်းမှာ မြင့်မားလျက်ရှိသည်။[36] အပူပိုင်းဇုန်၏ နွမ်းပါးမှုနှုန်းမှာ မြင့်မားသည်။ ကျေးလက်အိမ်ထောင်စုများ၏ ၃၆ရာခိုင်နှုန်းမှာ တစ်နေ့လျှင် ကန်ဒေါ်လာ ၁.၂၅အောက်သာ ဝင်ငွေရှိကြသည်။[37] ချောင်ကျသောနေရာများတွင် ပိုမို နွမ်းပါးကြသည်။ ယင်းနေရာရှိလူထုမှာ အစိုးရ၏ ဝန်ဆောင်မှုများ၊ အတိုးနှုန်းသက်သာသော ချေးငွေများကို လက်လှမ်းမမီကြပေ။

ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်က အပူပိုင်းဇုန်ရှိ အိမ်ထောင်စုများ ၏ ၁၇ရာခိုင်နှုန်းသည် အလွန်အမင်း ရိက္ခာ မဖူလုံလျက်ရှိပြီး နောက်ထပ် ၂၄ရာခိုင်နှုန်းမှာ အတန်အသင့် ရိက္ခာမဖူလုံကြကြောင်း သတ်မှတ်ထား သည်။ LIFT စစ်တမ်းများက အိမ်ထောင်စုများ၏ ၅၈ရာခိုင်နှုန်း၏ အဓိကဝင်ငွေရလမ်းမှာ သီးနှံစိုက်ပျိုး ခြင်း ဖြစ်ကြောင်း ဖော်ပြထားသော်လည်း ကျပန်း အလုပ်ကို လုပ်ကိုင်သူမှာလည်း ၅၅ရာခိုင်နှုန်း ထိ ရှိနေသည်။[38] ရွှေ့ပြောင်းသွားလာမှုမှာ နေရာ တိုင်း တွင် ရှိနေသည်။ ထို့ကြောင့် ကျေးရွာ လူမှု အဖွဲ့အစည်းမှာလည်း ပြောင်းလဲနေပြီး လင်သားများ မရှိသောကြောင့် အမျိုးသမီးများ သည်လည်း တာဝန်ကို ပို၍ ယူနေကြရသည်။[39]

LIFTသည် အပူပိုင်းဇုန်တွင် ၂၀၁၁ခုနှစ်ကတည်းက ကျွမ်းကျင်မှု တည်ဆောက်ပေးခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သောက်သုံးရေ၊ လူမှုကာကွယ် စောင့်ရှောက်ရေး၊ တောင်သူအဖွဲ့အစည်းများ၊ ဈေးကွက်တင်ရေး အထောက်အပံ့တို့နှင့် သက်ဆိုင်သော စီမံချက် ၁၁ခု ကို စတင်ဆောင်ရွက် ခဲ့သည်။ စီမံချက်နယ်မြေမှာ အပူပိုင်းဇုန် အနှံ့အပြား တွင် တည်ရှိကြပြီး သီးခြားစီ အကောင်အထည်ဖော်နေကြကာ စီမံချက်အချင်းချင်း လည်း အချိတ်အဆက် မရှိကြပေ။ အပူပိုင်းဇုန် စီမံကိန်းအသစ်တွင်မူ စီမံချက်အချင်းချင်း ညှိနှိုင်းကာ ကိုင်တွယ်နိုင်ရန် အားထုတ်မည်။ သင်ယူမှုကိုလည်း ပိုမိုကောင်းမွန်စေမည်ဖြစ်သည်။



*ပုံ ၃.၄။ ၂၀၁၅ခုနှစ်အပူပိုင်းဇုန်တွင် LIFT၏လုပ်ငန်းဆောင်ရွက်မှုများ*

35 မြန်မာနိုင်ငံအပူပိုင်းဇုန်၏ ရိက္ခာနှင့်အာဟာရ လုံခြုံရေးသုံးသပ်ချက် ၂၀၁၃ခုနှစ် ဇွန်နှင့်ဇူလိုင်လ Save the Children, WFP နှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန

36 ရိက္ခာဖူလုံမှုသုံးသပ်ချက် မြန်မာနိုင်ငံအပူပိုင်းဇုန် WFP ၂၀၁၁

37 LIFTအိမ်ထောင်စုစစ်တမ်း ၂၀၁၃

38 LIFTအခြေခံစစ်တမ်း ၂၀၁၃

39 LIFTအခြေခံစစ်တမ်း ၂၀၁၂

*ဇယား ၃.၂ ။ ၂၀၁၅ခုနှစ် အပူပိုင်းဇုန်ရှိ LIFT၏ အထောက်အပံ့ခံ စီမံချက်များ*

| မိတ်ဖက်အဖွဲ့ | တည်နေရာ | ဦးတည်ချက် |
|---|---|---|
| ActionAid | မကွေး | စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးလုပ်ငန်းငယ်များကို ငွေနှင့် ပစ္စည်း ထောက်ပံ့ခြင်း၊ ရေရရှိရေး၊ သင်တန်းများ ၊ CBO/NGOများကို စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း |
| ActionAid | ညောင်ဦး၊ ပခုက္ကူ၊ မြောင် | အမျိုးသမီးများ အသက်မွေးမှုသင်တန်း၊ အလုပ်အကိုင်နှင့် လူမှုရေးဝန်ဆောင်မှုများကို လက်လှမ်းမီစေခြင်း |
| Disabled People's Development Organization (DPDO) | မကွေး | စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးလုပ်ငန်း အသေးစားများ အတွက် ငွေထောက်ပံ့ခြင်း၊ သင်တန်း၊ အာဟာရဆိုင်ရာ |
| Food and Agriculture Organization (FAO) Livestock | တောင်သာ၊ နွားထိုးကြီး၊ ပခုက္ကူ၊ မလှိုင်၊ မြင်းခြံ၊ ရေစကြို | မူဝါဒအဆင့်လုပ်ငန်း၊ အကောင်းဆုံးလုပ်ငန်းလက်စွဲ ပြုစုခြင်း၊ တောင်သူများကို လုပ်ငန်းချေးငွေ ထုတ်ပေးခြင်း |
| HelpAge | မလှိုင်၊ အရာတော် | စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးအငယ်စားများ အတွက် ငွေနှင့်ပစ္စည်းထောက်ပံ့ခြင်း၊ ရေရှိရေး၊ အလုပ်နှင့် ငွေဖလှယ်ခြင်း၊ သင်တန်း၊ အာဟာရဆိုင်ရာ |
| International Fertilizer Development Center (IFDC) | တောင်သာ၊ နွားထိုးကြီး၊ ပခုက္ကူ၊ မလှိုင်၊ မြင်းခြံ၊ ရေစကြို | အကြံပေးဝန်ဆောင်မှုပေးမည့် ဒေသခံ လက်လီရောင်းသမားများကို ထောက်ပံ့ခြင်း |
| IRRI Research | ပခုက္ကူ၊ ပျော်ဘွယ်၊ စစ်ကိုင်း | မိုးခေါင်မှုနှင့် ဆားငန်ဒဏ်ခံ မျိုးစပါးများကို ပါဝင်စမ်းသပ်စိုက်ပျိုးခြင်း |
| Lodestar Company Ltd./ Social Policy and Poverty Research Group (SPPRG) | စစ်ကိုင်း၊ မြောင် | မိခင်များသို့ ငွေကြေးထောက်ပံ့မှုနှင့် ကျေးရွာ လည်ပတ် ရန်ပုံငွေ အပါအဝင် ရပ်ရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေး |
| Save the Children | ပခုက္ကူ၊ မလှိုင်၊ ရေစကြို | မိခင်တို့ကို ငွေကြေးထောက်ပံ့သည့်ရက် ၁၀၀၀ လုပ်ကွက် ထိရောက်မှု၏ နောက်ဆက်တွဲ အာဟာရစီမံချက် |
| Terres des Hommes (TdH) | တောင်သာ၊ နတ်မောက်၊ မြင်းခြံ၊ ရေနံချောင်း | ချောင်ကျသော ကျေးရွာများမှ လယ်မဲ့မြေမဲ့များနှင့် ဝမ်းစာမလုံလောက်သော တောင်သူများ ရေကို ထိရောက်စွာ အသုံးပြုကာ အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကာ ဝင်ငွေနှင့် အာဟာရကောင်းမွန်စေရန်။ |
| UNESCAP | အပူပိုင်းဇုန် အနှံ့အပြား | စက်မှုလယ်ယာပြောင်းလဲခြင်း၊ မျိုးစေ့ထုတ်လုပ်ခြင်း၊ လယ်ယာလုပ်ငန်းတီထွင် ဆန်းသစ်ခြင်းဆိုင်ရာ သင်တန်းဆွေးနွေးပွဲများ ကျင်းပခြင်း အစီရင်ခံခြင်း။ |
| WorldFish | စေတုတ္တရာ၊ ပွင့်ဖြူ | လယ်ယာအတွင်း သုတေသနပြုစေခြင်း၊ အိမ်ထောင်စုအခြေပြု ငါးမွေးမြူရေးအငယ်စားများ (ကန်၊ လှောင်အိမ်၊ လယ်ကွင်း) ကို တိုးချဲ့ခြင်း။ |
| HelpAge | တောင်သာ၊ နထိုးကြီး၊ ပခုက္ကူ၊ မလှိုင်၊ မြင်းခြံ၊ ရေစကြို | လက်ရှိ ကျေးရွာအခြေပြု လူမှုကာကွယ် စောင့်ရှောက်ရေး အစီအစဉ်များကို ထောက်ပံ့ရန်၊ သက်ကြီးလူမှုရေးပင်စင် ပေးအပ်နေသော အစိုးရ စီမံကိန်းနှစ်ခုကို ထောက်ပံ့ရန်၊ မသန်စွမ်းတို့ကို ထောက်ပံ့ရန်။ |

# ၂၀၁၅ခုနှစ်မှ စိတ်ဝင်စားဖွယ်ရာများ



## တောင်သူသင်တန်းများ၊ ရေကို ထိရောက်စွာအသုံးချသည့် နည်းပညာများဖြင့် ပိုမိုကြံ့ကြံ့ခံနိုင်လာခြင်း

၂၀၁၅ခုနှစ်တွင် LIFT၏မိတ်ဖက်အဖွဲ့များသည် ကျေးလက်အိမ်ထောင်စုများ ရာသီဥတုအပြောင်းအလဲနှင့် လိုက်လျောညီထွေ နေထိုင်နိုင်စေရန် ကြံ့ကြံ့ခံနိုင်ရန် ဆက်လက်ထောက်ပံ့ခဲ့ကြသည်။ ယခင်က LIFTသည် တောင်သူများကို သင်တန်းပေးရာတွင် ရပ်ရွာကိုအခြေပြုသောနည်းဖြင့် ဆောင်ရွက်ခဲ့သည်။ သို့သော် ပျံ့နှံ့မှုနှင့် တိုးချဲ့နိုင်မှု အကန့်အသတ်ရှိသည်။ ယခုအခါ LIFTသည် အကြံပေးဝန်ဆောင်မှုနှင့် သင်တန်းများကို ပုဂ္ဂလိကကဏ္ဍ (ဆိုင်ပိုင်ရှင်များ)က ဆောင်ရွက်ရာတွင် ထောက်ပံ့ရန် ဦးတည်သည်။ ကျေးရွာနှင့် မြို့နယ်အဆင့်တွင် သွင်းအားစုအမျိုးမျိုးကို ဖြန့်ဖြူးနေသော ဆိုင်အမြောက်အမြား ရှိသည့်ပြင် ယင်းတို့၏ ဖောက်သည်ထုမှာလည်း ရပ်ရွာအခြေပြု သင်တန်းစီမံချက်တစ်ခုက ရရှိနိုင်သည်ထက် များစွာကြီးမားသည်။ ဤနည်းတွင် အဓိကကျသည်မှာ အစိုးရပညာပေးအရာရှိများနှင့် အကြံဉာဏ်ကို ဝန်ဆောင်ပေးမည့် ဆိုင်ရှင်များဖြစ်သည်။ ဤစီမံချက်သည် တောင်သူများ၊ အစိုးရပညာပေးအရာရှိများ၊ ဆိုင်ရှင်များကို ပတ်ဝန်းကျင် မပျက်စီးသည့် စိုက်ပျိုးရေး၊ လုပ်ကွက်ငယ်တောင်သူများကို ထောက်ပံ့မည့် စက်မှုလယ်ယာဝန်ဆောင်မှုတို့နှင့် ပတ်သက်၍ လေ့ကျင့်ပေးခဲ့သည်။ ရည်ရွက်ချက်မှာ ရေရှည်တည်တံ့သော လက်လီစီးပွားရေးဖြစ်ထွန်းရန် နှင့် တောင်သူများ သက်ဆိုင်ရာ ဝန်ဆောင်မှုများကို သင့်တင့်သောဈေးနှုန်းဖြင့် လက်လှမ်းမီစေရန် ဖြစ်သည်။

ဒီဇင်ဘာလတွင် LIFTသည် မိတ်ဖက်အဖွဲ့အသစ်ဖြစ်သော နိုင်ငံတကာမြေသြဇာဖွံ့ဖြိုးမှုဌာန(IFDC) နှင့် မြို့နယ်၆ခုရှိ သွင်းအားစုရောင်းချသူ ၅၀ဦးကို ယင်းတို့၏ လုပ်ငန်းများတိုးချဲ့ရေး (ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် အခြား စိုက်ပျိုးရေး သွင်းအားစု ရောင်းချရေး)အပြင် စက်မှုစနစ်ဖြင့် စိုက်ပျိုး ထွန်ယက်ရိတ်သိမ်းရေး ဝန်ဆောင်ပေးရန် စာချုပ်ချုပ်ဆိုခဲ့သည်။ IFDC သည် စီးပွားရေးစီမံခန့်ခွဲမှုနှင့် နည်းပညာဆိုင်ရာတို့ကို သင်တန်းပေးခဲ့သည်။ လာမည့်၃နှစ်အတွင်း ခန့်မှန်းတောင်သူ ၃၀,၀၀၀ကို ပစ္စည်းအသစ်များ၊ နည်းပညာအသစ်များ၊ ဝန်ဆောင်မှုများကို ပေးအပ်ရန် စီမံထားသည်။

၂၀၁၅ခုနှစ်တွင် အကောင်အထည်ဖော်ခဲ့သော ထူးခြားသည့် အစီအမံတစ်ခုမှာ ရေချိုရှားပါးပြီး ဟင်းသီးဟင်းရွက် ဈေးကြီးသော ချောင်ကျသည့်နယ်မြေများမှ အိမ်ထောင်စုများကို စားသုံးသီးနှံများ စိုက်ပျိုးနိုင်ရန် ထောက်ပံ့ခြင်းပင် ဖြစ်သည်။ TDHသည် အိမ်ထောင်စုတစ်ခုက ကိုင်တွယ်နိုင်မည့် စားသုံးနိုင်မည့် သို့မဟုတ် တိုးချဲ့ကာ ဈေးကွက် တင်နိုင်မည့် တန်ဖိုးနည်း စိုက်ပျိုးရေးစနစ်များကို မိတ်ဆက်ပေးခဲ့သည်။ ၂၀၁၅ခုနှစ် အောက်တိုဘာလတွင် TDHဝန်ထမ်းများက ကောက်ယူခဲ့သော စစ်တမ်းအရ ယင်းတို့ လုပ်ငန်းဆောင်ရွက်ခဲ့သော မြို့နယ်၂ခုတွင် ဟင်းသီးဟင်းရွက်စားသုံးမှု ၂၃ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း တွေ့ရသည်။ စုစုပေါင်း အိမ်ထောင်စု ၉၃၄စုသည် မြေမဲ့စိုက်ပျိုးနည်းကို လည်းကောင်း၊ အိမ်ထောင်စု ၅၀၄စုမှာ ရေအစက်ချစိုက်နည်းကို လည်းကောင်း စတင် ဆောင်ရွက်ခဲ့ကြသည်။

TDH၏စစ်တမ်းအရ လူထု၏ အစားအသောက်မှာလည်း တိုးတက်လာကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် နွေရာသီတွင်ဖြစ်သည်။ တစ်ပတ်လျှင် လတ်ဆတ်သော ဟင်းသီးဟင်းရွက် ၄-၅မျိုးကို နေ့စဉ်စားသုံးရကြောင်း သတင်းပို့ကြသည်။ ဦးတည်မြို့နယ် ၄မြို့နယ်ရှိ လူထု၏၂၃ရာခိုင်နှုန်းတွင် အနည်းဆုံး တစ်ဦးစီရှိကြသော ၅နှစ်အောက် ကလေးငယ်တို့သည် နွေရာသီအပါအဝင် တစ်လလျှင် ၁၀ကြိမ်မှ အကြိမ်၃၀အထိ လတ်ဆတ်သော ဟင်းသီး ဟင်းရွက်များကို စားသုံးရကြောင်း သတင်းပို့ကြသည်။ အိမ်ထောင်စုတစ်စု တစ်လထုတ်လုပ်သော ဟင်းသီးဟင်းရွက်၏ ပျမ်းမျှတန်ဖိုးမှာ ကျပ်၂,၀၀၀မှ ကျပ်၁၄,၀၀၀ထိ (ကန်ဒေါ်လာ ၁.၆ မှ ၁၂ ထိ) ရှိသည်။

## လူမှုကာကွယ်စောင့်ရှောက်ရေး။ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအတွက် လူမှုရေးသက်စောင့်အဖြစ် ပေးအပ်ရာတွင် အစိုးရကို အထောက်အကူပြုခြင်း

မြို့နယ် ၆ခုလုံးတွင်[40] ဆောင်ရွက်နေသော LIFT၏ အပူပိုင်းဇုန်စီမံကိန်းအသစ်တွင် ပါဝင်သော ကြံ့ကြံ့ခံနိုင်မှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍသည် အစိုးရ၏ *အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာ စီမံချက်*ကို ထောက်ပံ့သည်။ ၂၀၁၅ခုနှစ်တွင် အစိုးရသည် ပထမဆုံးအကြိမ်အဖြစ် အသက်၈၅နှစ် နှင့် အထက် သက်ကြီးရွယ်အို များသို့ လူမှုရေးပင်စင်ကို စမ်းသပ်ပေးအပ်ခဲ့သည်။[41] LIFT၏မိတ်ဖက်အဖွဲ့ SPPRG နှင့် HelpAge တို့သည် ဤစီမံကိန်း၏ ထိရောက်မှုကို ဆန်းစစ်ခဲ့ပြီး အပူပိုင်းဇုန်ကျေးရွာများရှိ ငွေလက်ခံမည့်သူများကို အကောင်းဆုံး ငွေလွှဲပြောင်း ပေးနိုင်မည့်နည်းလမ်းကို ဖော်ထုတ်ရာတွင် အစိုးရကို ကူညီခဲ့သည်။ မိတ်ဖက်အဖွဲ့နှစ်ဖွဲ့လုံးသည် ကျေးရွာအုပ်စုများကို စာရင်းကိုင်ခြင်း၊ စီမံချက်ရေးဆွဲခြင်း၊ စုပေါင်း ဆုံးဖြတ်ခြင်းတို့ကို သင်တန်းပေးခဲ့ကြသည်။

HelpAgeသည် လူမှုဝန်ထမ်းဦးစီးဌာနနှင့် အမျိုးသားအဆင့်နှင့် ဒေသခံအဆင့်တို့တွင် ပူးပေါင်း၍ လူမှုကာကွယ် စောင့်ရှောက်ရေး ရွေ့ပြောင်းဆောင်ရွက်ချက်များကို ပြုလုပ်ခဲ့သည်။ လက်ရှိ ကျေးရွာအခြေစိုက် လူမှုကာကွယ်စောင့်ရှောက်ရေး ယန္တရားများ (ဘုရားဂေါပက၊ စပါးဘဏ်၊ နာရေးကူညီမှုအဖွဲ့)တို့ကို ဖော်ထုတ်ပြီး ယင်းတို့ ပိုမိုထိရောက်ရန်နှင့် ရေရှည်တည်တံ့ရန် ထောက်ပံ့ခဲ့သည်။ အသေးစိတ်ကို အခန်း ၅ လူမှုကာကွယ် စောင့်ရှောက်ရေးကဏ္ဍတွင် ကြည့်ပါ။

40 တောင်သာ၊ နွားထိုးကြီး၊ မလှိုင်၊ မြင်းခြံတို့မှာ မန္တလေးတိုင်းတွင်လည်းကောင်း၊ ပခုက္ကူနှင့် ရေစကြိုတို့မှာ မကွေးတိုင်းတွင်လည်းကောင်း ပါဝင်သည်။

41 ဤအစီရင်ခံစာ၏ စာမျက်နှာ၇၉တွင် ကြည့်ရန်။

## ချို့ငဲ့သူအမျိုးသမီးများအတွက် အသက်မွေးမှုသင်တန်း

၂၀၁၅ခုနှစ်တွင် ရေဘေးနှင့် ရွေးကောက်ပွဲများ ရှိနေခြင်းကြောင့် ခရီးသွားလုပ်ငန်း ကျဆင်းခဲ့သော်လည်း ပုဂံအနီး ညောင်ဦးမြို့နယ်တွင် ActionAid က အကောင်အထည်ဖော်နေသော *လူမှုစီးပွားဖွံ့ဖြိုးမှုကွန်ရက် (Socio Economic Development Network - SEDN)* စီမံချက်သည် ၂၁ရာခိုင်နှုန်း အရောင်းတိုးတက်ခဲ့သည်။ လက်မှုပညာ ကုန်ထုတ်လုပ်သူ အုပ်စုဝင်များ၏ ပျမ်းမျှ တစ်လ ရောင်းရငွေမှာ ကျပ်၇၀,၀၀၀မှ ၈၀,၀၀၀ သို့မဟုတ် ကန်ဒေါ်လာ ၅၈မှ ၆၆ထိ ရှိခဲ့သည်။ ဟိုတယ်ခရီးတိုင်းဒေသကြီးဝန်ကြီးမှ ပေးသော မြေကွက်တွင် ပြခန်းအသစ်တစ်ခုကို ဆောက်ခဲ့သည်။ ပုဂံမြို့သစ်ရ ဟိုတယ်ခရီး ပြန်ကြားရေး ဌာနနှင့် နီးကပ်သည့် ယင်းပြခန်းတွင် ၂၀၁၅ခုနှစ်၌ ကုန်ပစ္စည်း အမည် ၅၁၇မျိုး ကို ရောင်းချရန် ပြသထားသည်။ ၂၀၁၄ခုနှစ်ကထက် ပစ္စည်း၁၁၈မျိုး တိုးလာခြင်းဖြစ်သည်။ SEDNသည် ၇နှစ် လုပ်ငန်းအဖြစ် ဒီဇိုင်းထုတ်ထားပြီး ရေရှည်တည်တံ့မည့် လူမှုစီးပွားရေးအဖွဲ့တစ်ခုအဖြစ် ထူထောင်မည်ဖြစ်သည်။ ၃နှစ်မြောက်ဖြစ်သော ယခုနှစ်တွင်အမျိုးသမီးများသည် အဆင့်မြင့်ထုတ်ကုန်များကို ခရီးသွားဈေးကွက်ရှိ တိုးပွားနေသော ဖောက်သည်များသို့ ပေးသွင်းနေကြသည်။ ဤစီမံချက်၏ နောက်ကဏ္ဍတစ်ခုအနေဖြင့် ယင်းတို့ယခင်က လက်လှမ်းမမီခဲ့သော ဝန်ဆောင်မှု လမ်းညွှန်ကို ပေးအပ်မည်ဖြစ်သည်။ ဥပမာအားဖြင့် ကလေးစောင့်ရှောက်မှု၊ ဥပဒေရေးရာအကူအညီ၊ မှတ်ပုံတင်ကတ်ပြားရရှိရေး စသည်တို့တွင်ဖြစ်သည်။

## တာရှည်ခံမည့် ဒေသခံ အသေးစားငွေရေးကြေးရေးဝန်ဆောင်သူများ ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ခြင်း

PACTကမ္ဘာလုံးဆိုင်ရာ အသေးစားငွေရေးကြေးရေးရန်ပုံငွေ(PGMF)သည် မြန်မာနိုင်ငံ၏ အသေးစား ငွေရေးကြေးရေး ကဏ္ဍတွင် ဦးဆောင်အဖွဲ့တစ်ဖွဲ့ဖြစ်ပြီး ၂၀၁၅ခုနှစ်တွင် အသေးစားရေးငွေကြေးရေးလုပ်ငန်း ၁၆၈ခု၏ စုစုပေါင်းပိုင်ဆိုင်မှု၏ ၄၇ရာခိုင်နှုန်းကို ရထားသည်။ မြန်မာ့ကျေးလက်ချေးငွေလက်လှမ်းမီရေး(MARC) စီမံချက်ကို PGMFက ဆောင်ရွက်ရာတွင် ပြည်တွင်း အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ(MFO)၊ လုပ်ငန်းများ(MFI) တို့၏ အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးရေးကို အာရုံစိုက်သည်။ ၂နှစ်ခွဲမျှသော အချိန်အတွင်းတွင် MARCသည် ဒေသခံMFI ၉ဖွဲ့ကို ထောက်ပံ့ကာ အိမ်ထောင်စု ၅၂,၅၀၀စုတို့အား တာဝန်ယူမှုရှိသော ငွေကြေးဝန်ဆောင်မှုကို ရရှိစေခဲ့သည်။ ဤစီမံချက်သည် MFIတို့၏ လုပ်ငန်းအောင်မြင်မှုနှင့် ဝန်ဆောင်မှုအသုံးပြုသူတို့၏ အကျိုးရှိမှုကို ချိန်ဆကာ တာဝန်ယူမှုရှိသော ငွေကြေးဝန်ဆောင်မှုကို ဖြစ်ထွန်းစေခဲ့သည်။ အပူပိုင်းဇုန်တွင် ၆ဖွဲ့၊ မြစ်ဝကျွန်းပေါ်တွင် ၂ဖွဲ့၊ ရခိုင်တွင် ၁ဖွဲ့တို့က လုပ်ငန်းဆောင်ရွက်ခဲ့သည်။

အပူပိုင်းဇုန်တွင် MARC[42] ၏မိတ်ဖက်အဖွဲ့များထံမှ စပါးမှအပဖြစ်သော ပဲမျိုးစုံ၊ ဆောင်းသီးနှံ (ဟင်းသီး ဟင်းရွက်)၊ အခြားဝင်ငွေရသီးနှံ နှင့် အပင်များ (ပန်း၊ ကွမ်းရွက်စသည်)တို့အတွက် သီးနှံချေးငွေများကို အထူး တောင်းဆိုကြကြောင်း သိရသည်။ တောင်သူတို့မှာ မြန်မာ့လယ်ယာရေးဖွံ့ဖြိုးရေးဘဏ်(MADB)[43] ထံမှ ဤသီးနှံများ အတွက် ချေးငွေများကို မရသလောက်ပင် ဖြစ်သည်။ ထို့ကြောင့် MARC၏ မိတ်ဖက်အဖွဲ့များသည် စပါးမဟုတ်သောသီးနှံဖြစ်သည့် ပဲမျိုးစုံ၊ မြေပဲ၊ နှမ်း၊ ပြောင်းတို့အတွက် ချေးငွေများကို ဦးစားပေးခဲ့သည်။

ဤစီမံချက်သည် ရွာ၅၃၇ရွာမှ ဝန်ဆောင်မှုအသုံးပြုသူ ၂၉,၉၀၀ကို ကန်ဒေါ်လာ၄.၉သန်း ထုတ်ချေးခဲ့ရာ ၆၆ရာခိုင်နှုန်းမှာ စိုက်ပျိုးရေးချေးငွေဖြစ်ပြီး ပျမ်းမျှတစ်ဦးလျှင် ကန်ဒေါ်လာ၁၆၄ကို ထုတ်ချေးခဲ့သည်။ ဤချေးငွေသည် စိုက်ပျိုးစရိတ်၏ ၃၀ မှ ၆၀ ရာခိုင်နှုန်းကို ကာမိစေမည်။ ချေးငွေများကို စိုက်ပျိုးချိန်မစမီ သို့မဟုတ် အစတွင် ထုတ်ပေးသဖြင့် တောင်သူတို့အလုပ်သမားများကို ငှားရမ်းနိုင်သည်။ မျိုးစေ့များ ဓာတ်မြေသြဇာများကဲ့သို့သော သွင်းအားစုများကို ဝယ်ယူနိုင်သည်။

GRET၏ အသေးစားငွေကြေးလုပ်ငန်းများကို အပူပိုင်းဇုန်တွင် ၂၀၁၃ခုနှစ် ဒီဇင်ဘာလတွင် စတင်ခဲ့ရာ ဘုတလင်၊ မုံရွာ၊ ယင်းမာပင်မြို့နယ်များတွင် ဒေသခံ အသေးစားငွေကြေးဌာနတစ်ခုစီ ထူထောင်ခြင်းဖြင့် ငွေကြေးဝန်ဆောင်မှု ကဏ္ဍတွင် ရွေးချယ်စရာ များလာစေရန် ရည်ရွယ်သည်။ GRETသည် မုံရွာတွင် လုပ်ငန်းစခဲ့ပြီး ၂၀၁၅ခုနှစ် ဧပြီလတွင် ယင်းမာပင်သို့ လုပ်ငန်းတိုးချဲ့ခဲ့သည်။ ဘုတလင်တွင်မူ ၂၀၁၆ခုနှစ် နှစ်ဆန်းတွင် လုပ်ငန်းစမည်။ ဤစီမံချက်၏ လုပ်ငန်းဆိုင်ရာရပ်တည်နိုင်မှု အချိုးမှာလည်း ယမန်နှစ်က ၆၈ရာခိုင်နှုန်း ရှိရာမှ ၇၅ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့သည်။ ၂၀၁၅ခုနှစ် နှစ်ကုန်တွင် ကျေးရွာချေးငွေအစီအစဉ် ၅၉ဖွဲ့ကို ဖွဲ့စည်းခဲ့ရာ မုံရွာမြို့နယ် ၃၃ ရွာမှ ၃၈ဖွဲ့နှင့် ယင်းမာပင်မှ ၂၁ဖွဲ့တို့ပါဝင်သည်။ မြို့နယ်နှစ်ခုစလုံးတွင် လွှမ်းခြုံနိုင်မှုမှာ ပျမ်းမျှ ၃၆ရာခိုင်နှုန်း ရှိသည်။ ၂၀၁၅ခုနှစ်တွင် ချေးငွေရရှိခဲ့သူ ၄,၃၂၄ဦးတို့အနက် ၅၁ရာခိုင်နှုန်းက မွေးမြူရေးတွင်၊ ၁၂ရာခိုင်နှုန်းက စိုက်ပျိုးရေးတွင်၊ ၂၃ရာခိုင်နှုန်းက အရောင်းအဝယ်လုပ်ငန်းတွင်၊ ၁၄ရာခိုင်နှုန်းက ယက်ကန်းလုပ်ငန်းတို့တွင် အသီးသီးသုံးစွဲကြမည်။

## အပူပိုင်းဇုန်အတွက် ချေးငွေအမျိုးအစားသစ်များ ဖန်တီးခြင်း

Proximity Finance (PF)၏ *ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေမှု - ရှေ့သို့ချီတက်* စီမံချက်သည် LIFTလုပ်ငန်းဆောင်ရွက်နေသော အပူပိုင်းဇုန်၊ တောင်တန်းဒေသ၊ ရေဘေးသင့်ဒေသတို့တွင် ရှိသော လုပ်ကွက်ငယ် တောင်သူတို့ထံသို့ တာဝန်ယူမှုရှိသော ချေးငွေကို ထုတ်ပေးနေသည်။ ၂၀၁၅ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး လုပ်သက် သုံးလအတွင်းတွင် PFသည် အပူပိုင်းဇုန်တွင် လူ ၅,၉၉၄ဦးကို ငွေထုတ်ချေးခဲ့ပြီး မလှိုင်၊ မုံရွာ၊ ဝေါမြို့နယ်တို့တွင် ရုံးခွဲများကို ဖွင့်လှစ်ခဲ့သည်။

PFသည် ချေးငွေအမျိုးအစားသစ် ၂မျိုးအတွက် သုတေသနပြုခဲ့သည်။ ရွှေ့ပြောင်းသွားလာသူများအတွက် *ရွှေ့ပြောင်းစဉ်*

42 LIFT၏ (Myanmar Access to Rural Credit MARC) စီမံချက်

43 MADB က စပါးအတွက်၁ဧကလျှင် ကျပ်၁၀၀၀၀၀ (ကန်ဒေါ်လာ၈၄)ကို ထုတ်ချေးသည်။ ကျန်သီးနှံများ အတွက် ကျပ်၂၀၀၀၀(ကန်ဒေါ်လာ၁၇) သာ ထုတ်ချေးသည်။

ချေးငွေနှင့် *လုပ်ငန်း* ချေးငွေတို့ ဖြစ်သည်။ စစ်တမ်းရလဒ်များအရ လုပ်ငန်းချေးငွေကို ချေးယူမည့်သူများသည် ဝန်ဆောင်မှုနှင့် ကုန်သွယ်လုပ်ငန်းများကို ဆောင်ရွက်နေကြပြီးဖြစ်သည်။ ဈေးကွက်ရှိ ငွေချေးမည့်သူ ၂၀ရာခိုင်နှုန်းကို ငွေထုတ်ချေးနိုင်မည်ဟု ခန့်မှန်းထားသည်။

*ရွှေ့ပြောင်းသူများကို ပံ့ပိုးသည့်* ချေးငွေမှာ ရွှေ့ပြောင်းသူ၏ မိသားစုများအတွက် ရည်ရွယ်ကာ ဒီဇိုင်းထုတ်ထားသည်။ ရွှေ့ပြောင်း စရိတ်နှင့် အိမ်တွင် ကျန်ခဲ့သူများ၏ ရိက္ခာဖူလုံရေးတို့အတွက် ထောက်ပံ့ရန်ဖြစ်သည်။ ရွှေ့ပြောင်းသွားလာပုံ သုံးမျိုးအလိုက် ချေးငွေထုတ်ပေးမည်။ ကာလတိုရွှေ့ပြောင်းသူတို့မှာ မြစ်ဝကျွန်းပေါ်ဒေသနှင့် တောင်တန်းဒေသ တို့ရှိ စိုက်ပျိုးရေးလုပ်ငန်းများ၊ ဆင်ခြေဖုံးဒေသများရှိ စက်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေကြပြီး၊ ကာလလတ် ရွှေ့ပြောင်းသူတို့မှာ မြို့ပြဆောက်လုပ်ရေး လုပ်ငန်းများတွင် (ပျမ်းမျှ ၄လ)၊ သတ္တုတွင်း လုပ်ငန်းများတွင် (၈လ) လုပ်ကိုင်နေသူတို့ ဖြစ်ကြကာ အချိန်ကြာပြောင်းရွှေ့သူတို့မှာ ပြည်ပတွင် အလုပ်ရှာသူတို့ ဖြစ်သည်။

# ရှေ့ကိုမျှော်ကြည့်လျှင် - အပူပိုင်းဇုန်စီမံကိန်း ၂၀၁၆-၂၀၁၈

၂၀၁၄ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာပါ စီမံချက် ၁၇ခု တို့တွင် ၂၀၁၅ခုနှစ်ကုန်၌ ၅ခုသာ ဆက်လက်ဆောင်ရွက်ဆဲ ဖြစ်သည်။ စီမံချက်ပိတ်သိမ်းချိန်တွင် သင်ခန်းစာဖော်ထုတ်သုံးသပ်ရန် LIFTက အခွင့်အရေးရရှိခဲ့သည်။ ကွင်းဆင်း စောင့်ကြည့် စစ်ဆေးချက်တွင် မှတ်တမ်းတင်ထားသော အောင်မြင်မှုများ၊ စိန်ခေါ်မှုများ၊ စီမံချက် အကဲဖြတ်ချက်များကို အပူပိုင်းဇုန်စီမံကိန်းအသစ်ပြုစုရာတွင် အသုံးပြုခဲ့သည်။ စီမံကိန်းရေးဆွဲရာတွင် အထောက်အကူပြုမည့် စစ်တမ်းအချို့ကိုလည်း အပူပိုင်းဇုန်တွင် ဆောင်ရွက်ခဲ့သည်။[44] အပူပိုင်းဇုန် စီမံကိန်းအသစ်ကို မကွေးတိုင်းမှ ပခုက္ကူနှင့် ရေစကြိုမြို့နယ်၊ မန္တလေးတိုင်းမှ တောင်သာ၊ နွားထိုးကြီး၊ မလှိုင်၊ မြင်းခြံမြို့နယ် ဟူသော မြို့နယ် ၆မြို့နယ်တွင် မြန်မာ့ကျေးလက်အသွင် ပြောင်းလဲရေးတွင် အားလုံးပါဝင်စေရေး၊ အသက်မွေးမှုဖွံ့ဖြိုးရေး၊ အာဟာရပြည့်ဝမှုကိုအလေးမူသော ရိက္ခာဖူလုံရေးတို့ကို ထောက်ပံ့ရန် ဒီဇိုင်းထုတ်ထားသည်။ စီမံကိန်း၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့က တိရစ္ဆာန်အစာနှင့် သီးထွက်နှုန်းတို့ကို ရာသီဥတုအပြောင်းအလဲက သက်ရောက်မှုကို တိုက်ရိုက်ကိုင်တွယ်မည် ဖြစ်သည်။ ဝင်ငွေရလမ်း များပြားရေးကို ထောက်ပံ့မည့် ရွှေ့ပြောင်း သွားလာရေးချေးငွေများကိုလည်း PF က LIFT၏ အပူပိုင်းဇုန် မြို့နယ်တိုင်းတွင် ထုတ်ချေးမည်။

### မျိုးစေ့များ

ပဲတီစိမ်းနှင့် ပဲစဉ်းငုံကဲ့သို့သော အပူပိုင်းဇုန်သီးနှံတို့၏ အဆင့်မြင့်မျိုးစေ့များကို ရရှိရန် ခက်ခဲသည်။ အစိုးရဌာန တို့က မျိုးအသစ်များကို ထုတ်လုပ်နိုင်သော်လည်း မျိုးစစ်မျိုးမှန်တို့ကို လုံလောက်အောင် မျိုးပွားထုတ်လုပ်နိုင်ခြင်း မရှိပေ။ ပုဂ္ဂလိကကဏ္ဍက မျိုးစေ့ထုတ်လုပ်ခြင်း၊ ဈေးကွက်တင်ခြင်းတို့တွင် ပါဝင်လာစေရန် စီးပွားရေးလုပ်ငန်း စီမံချက်တစ်ခုကို LIFTက ရေးဆွဲပြုစုနေသည်။ တောင်သူတို့က ယုံကြည်သည့် အဆင့်မြင့်မျိုးစေ့ ထုတ်လုပ်ရန် အတွက် ပုဂ္ဂလိကနှင့် တောင်သူ သမဝါယမတို့က ပူးတွဲပိုင်ဆိုင်သည့် တိုးချဲ့နိုင်သော ဘက်စုံမျိုးစေ့ထုတ်လုပ်ရေး အလုပ်ရုံတစ်ခုက အဓိကကျသည်။

### စိုက်ပျိုးရေး

အပူပိုင်းဇုန်မှ မြေဆီလွှာသည် ညံ့ဖျင်းသဖြင့် အထွက်တိုးသီးနှံများ စိုက်ပျိုးရန်အတွက် အာဟာရ မလုံလောက်ပေ။ မြန်မာNGOအဖွဲ့ဖြစ်သော ရွှေလွင်ပြင်သည် လက်ရှိစိုက်ပျိုးရေး အကြံပေးဝန်ဆောင်မှုများကို အသုံးပြုကာ သစ်စိမ်းမြေဩဇာ[45] ကို မိတ်ဆက်ပေးမည်။ စိုက်ပျိုးချိန်မတိုင်မီ ကြားကာလတွင် သက်တမ်းတို ရွက်စိမ်းပင်များကို စိုက်ပျိုးကာ ထယ်ထိုး၍ မြေလှန်ကာ မြှုပ်လိုက်ခြင်းဖြင့် မြေဆီလွှာကို အကုန်အကျသက်သာစွာဖြင့် မြေဩဇာဖြည့်ပေးနိုင်ကြောင်း ပြသရန် ဤစီမံချက်က ရည်ရွယ်သည်။ ရွှေလွင်ပြင်သည် တောင်သူများ၊ ပညာပေးရေးဝန်ထမ်းများ နှင့်အတူ ရွာ ၄၂ရွာ တွင် ဆောင်ရွက်မည်။

### အာဟာရ

၂၀၁၅ခုနှစ်က ရခိုင်တွင်လုပ်ခဲ့သော ရှေ့ပြေးဆောင်ရွက်ချက်၏ အောင်မြင်မှုကို အခြေခံကာ Save the Children သည် ယင်း၏ ရက် ၁၀၀၀ အာဟာရစီမံချက်ကို ၂၀၁၆ခုနှစ်တွင် တိုးချဲ့မည်။ ကလေး၏ ပထမ ရက် ၁၀၀၀ (သန္ဓေသား ဘဝမှ နှစ် နှစ်မြောက် မွေးနေ့အထိ)တွင် မိခင် ၁၁,၇၂၀ဦးအား လစဉ်ထောက်ပံ့ငွေ ကျပ်၁၀,၀၀၀(ကန်ဒေါ်လာ ၈ဒေါ်လာခန့်) ကို အာဟာရပြည့်ဝသော အစားအသောက်ဝယ်ရန် နှင့် ကျန်းမာရေးဝန်ဆောင်မှုကို လက်လှမ်းမီစေရန် ထောက်ပံ့မည်။ ဤအချိန်သည် ကြီးထွားမှုနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုအတွက် အချက်အချာအကျဆုံး အချိန် ဖြစ်သည်။ ငွေကြေး ထောက်ပံ့မှုအပြင် ကလေးအသက် ၆လမှစကာ အမည်စုံအစားအသောက်ကို ကျွေးရန် အရေးကြီးကြောင်းကို ကိုယ်ဝန်ဆောင်နှင့်မိခင်များ သိရှိစေမည်။ နွမ်းပါးမှုပပျောက်ရေး တီထွင်ဆန်းသစ်မှုများအဖွဲ့၏ အကူအညီဖြင့် Save the Childrenသည် ကျေးရွာ ၃၄၃ရွာ တွင် ကျပန်းထိန်းချုပ်စစ်ဆေးမှုကို ဆောင်ရွက်ကာ ငွေကြေးထောက်ပံ့မှုနှင့် အမူအကျင့်ပြောင်းလဲရေးဆိုင်ရာ ဆောင်ရွက်မှုများကို ထောက်ပံ့မှု၏ ထိရောက်မှုကို သက်သေအထောက်အထား ပေးအပ်မည်။ Myanmar Professional Social Workers’ Association (MPSWA)ကလည်း ကိုယ်ဝန်ဆောင်နှင့် ကလေးငယ်မိခင်များကို ထောက်ပံ့ရန် အာဟာရ ဆိုင်ရာ အမူအကျင့် ပြောင်းလဲရေးကို ဆောင်ရွက် မည်။ ယင်းသည် ကျပန်းထိန်းချုပ်စစ်ဆေးရာတွင် မပါဝင်သော ၃မြို့နယ်ရှိ



---

44 မြန်မာ့အပူပိုင်းဇုန်တွင် အသက်မွေးမှု၊ ရိက္ခာဖူလုံမှု၊ ကျန်းမာရေးတို့အတွက် ရေစီမံခန့်ခွဲမှုကို တိုးတက်စေခြင်းအပါအဝင်

45 သစ်စိမ်းမြေဩဇာဆိုသည်မှာ အမြစ်နှုတ်ထားသော၊ ရိတ်သိမ်းထားသော အပင်စိမ်းတို့ကို လယ်ကွင်း ထဲတွင် နွမ်းခြောက်သွားစေခြင်းဖြင့် မြေဖုံးအဖြစ်၊ မြေဆီလွှာပြုပြင်မှုအဖြစ် အသုံးပြုခြင်းဖြစ်သည်။ အပင်များကိုစိုက်ကာ စိမ်းလန်းနေဆဲ သို့မဟုတ် ပန်းပွင့်ပြီးစတွင် ထယ်ထိုးကာ မြေကိုလှန်လိုက်ကြသည်။ ယင်းကို ဩဂုတ်နှစ်စိုက်ပျိုးရေးအတွက်လည်း အသုံးပြုသည်။

ကျေးရွာ၉၀မှ အိမ်ထောင်စု ၁၅,၀၀၀ခန့်ကို ဦးတည် ဆောင်ရွက်မည်။

WorldFish ခေါင်းဆောင်သော ယာယီအဖွဲ့(NAG၊ GRET၊ PACT နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ပါဝင်သည်) သည် ၂၀၁၅ခုနှစ်တွင် အိမ်ထောင်စုအခြေပြု ငါးမွေးမြူရေးအငယ်စားများကို စရိတ်ကုန်ကျမှုနည်းသော ဒေသခံ ငါးမျိုးစုံဖြင့် မွေးမြူစေရန် စတင်ဆောင်ရွက်ခဲ့သည်။ ဝင်ငွေတိုးရန်သာမက အာဟာရပြည့်ဝစေရန်လည်း ဖြစ်သည်။ ဤစီမံချက်ကို မြစ်ဝကျွန်းပေါ်ဒေသတွင်လည်း ဆောင်ရွက်နေသည်။

## WASH

ကလေးသူငယ်များသည် အကြိမ်ကြိမ် ဝမ်းပျက်ဝမ်းလျှောနေပါက အာဟာရ အစီအစဉ်များသည် ထိရောက်မည် မဟုတ်ပေ။ ရေမှတဆင့်ကူးစက်သော ရောဂါများကို ကာကွယ်ရန်မှာ ကောင်းမွန်သောတစ်ကိုယ်ရေ သန့်ရှင်းမှု အလေ့အကျင့်များသည်သာ အဓိကဖြစ်သည်။ UN-Habitat ၏ စီမံချက်သည် ကျေးရွာများတွင် သင်တန်းပေးခြင်း အကြံပေးဆွေးနွေးခြင်းတို့ဖြင့် တစ်ကိုယ်ရည် သန့်ရှင်းရေး အမူအကျင့်များကို တိုးတက်စေရန်နှင့် ရေနှင့်သန့်ရှင်းရေး ကဏ္ဍ တိုးတက်ကောင်းမွန်စေမည့် အခြေအနေကို ဖန်တီးပေးရန် ဦးတည်သည်။ ရေရရှိရေးနှင့် သန့်ရှင်းရေး အတွက် အကန့်အသတ်ဖြင့်သာ ထောက်ပံ့ပြီး၊ အိမ်ထောင်စုများကို မိမိတို့ဘာသာ အိမ်သာများ ဆောက်လုပ်ရန် တိုက်တွန်းအားပေးမည် ဖြစ်သည်။ ရေရရှိရေး၊ သန့်ရှင်းရေး အဆောက်အအုံများကို သက်ဆိုင်ရာ ကျေးရွာကသာ ပိုင်ဆိုင်ရမည်ဖြစ်ပြီး ရေရရှိရေးကော်မတီများက တာဝန်ယူကာ လုပ်ငန်းဆောင်ရွက်မည်။ ထိန်းသိမ်းစောင့်ရှောက်မည်ဖြစ်သည်။ LIFTသည် တစ်ရွာတည်းတွင် လုပ်ငန်းအတူ ဆောင်ရွက်နေကြသော UN-Habitat နှင့် HelpAge တို့ကို ပေါင်းစပ်ညှိနှိုင်းပေးမည်။

# ၃.၃ တောင်တန်းဒေသ






# ခြုံငုံဖော်ပြချက်

မြန်မာနိုင်ငံ၏ တောင်တန်းဒေသသည် နိုင်ငံ၏ မြေပြင်ဧရိယာစုစုပေါင်း၏ ၅၅ရာခိုင်နှုန်း ရှိပြီး ယင်းတွင် လူပေါင်း ၂၆သန်း နေထိုင်ကြသည်။ ထူထပ်သော သစ်တောများ၊ သယံဇာတများ ရှိသည့်အပြင် ဆင်းရဲနွမ်းပါးမှု ရိက္ခာမဖူလုံမှုတို့သည် ဤဒေသ၏ ထူးခြားမှုများ ဖြစ်သည်။[46] ဆင်းရဲနွမ်းပါးမှုနှုန်းမှာ အနိမ့်ဆုံးအဖြစ် ကယားပြည်နယ် တွင် ၁၁.၄ရာခိုင်နှုန်း ရှိပြီး အမြင့်ဆုံးအဖြစ် ချင်းပြည်နယ်တွင် ၇၃ရာခိုင်နှုန်းအထိ ရှိသည်။ ဘာသာစကား အမျိုးမျိုးကို ပြောဆိုကြသော လူမျိုးစုများသည် တောင်တန်းဒေသ သို့မဟုတ် တောင်ပေါ်ဒေသတွင် အများဆုံး နေထိုင်ကြသည်။ လွတ်လပ်ရေးရရှိပြီး ကတည်းက ဤလူမျိုးစုအုပ်စု အများအပြားသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိရန်အတွက် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်နေကြသည်။ ၂၀၁၅ခုနှစ်တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေ၊ ကချင်ဒေသ၊ မြောက်ပိုင်းနှင့် အလယ်ပိုင်း ရှမ်းပြည်နယ်တို့တွင် ပဋိပက္ခများ ရုတ်တရက် ထဖြစ်လာခဲ့သည်။

လုပ်ကွက်ငယ်တောင်သူများ၊ ဝမ်းစာဖူလုံရုံ တောင်သူများသည် ရိုးရာ ရွှေ့ပြောင်းတောင်ယာတို့တွင် ဆန်၊ ပြောင်း၊ လူး၊ ဆတ်တို့ကို စိုက်ပျိုးကြသည်။ လှေခါးထစ်လယ်ယာနှင့် ရေသွယ်စနစ်တို့ကို အများအပြား ဆောင်ရွက်လာကြသဖြင့် အချို့ရွာများတွင် ဂျုံ၊ ပဲပုပ်၊ အာလူး စသည်တို့ကို သီးထပ် စိုက်ပျိုးလာနိုင်ကြသည်။ အိမ်ထောင်စု အများအပြားသည် မြို့ကြီးများနှင့် အိမ်နီးချင်း တရုတ်ပြည်တို့သို့ ရောင်းချရန် သီးနှံများကို ပိုမို စိုက်ပျိုးလာနေကြသည်။



တောင်တန်းဒေသ နေရာများစွာသည် လမ်းပန်း ခက်ခဲသဖြင့် သီးခြားဖြစ်နေကြသည်။ အိမ်ထောင်စု များသည် အသိအမြင်သစ်များနှင့် ကျွမ်းကျင်မှုများ၊ ကျန်းမာရေး၊ ပညာရေး၊ အများပြည်သူဝန်ဆောင်မှု များ၊ ပညာပေးမှုများကို သာမက စိုက်ပျိုး ရေးအတွက် ငွေကြေးနှင့် ထုတ်ကုန်ဈေးကွက်၊ စီးပွားရေးဖွံ့ဖြိုးမှု စသည်တို့ကိုလည်း လက်လှမ်း မမီကြပေ။

၂၀၁၅ ခုနှစ်၊ ဇူလိုင်နှင့် ဩဂုတ်လတို့တွင် ချင်းပြည်နယ် ၏ အဓိကဖြစ်သော တောင်တန်းဒေသ များသည် ရေကြီးခြင်း၊ မြေပြိုခြင်းဒဏ်ကို ဆိုးရွားစွာ ခံခဲ့ကြရသည်။ ရွာလုံးကျွတ်ကယ်ဆယ်ရေးစခန်းများ သို့ ရွှေ့ပြောင်းခဲ့ကြရပြီး အချို့ဆိုလျှင် အစိုးရက တည်ပေးသော ရွာသစ်များသို့ ပြောင်းရွှေ့နေထိုင် ကြရသည်။

၂၀၁၁ခုနှစ်မှစ၍ တောင်တန်းဒေသကို LIFTက နိုင်ငံတဝန်း၊ သင်ယူလေ့လာခြင်းနှင့် တီတွင်ဆန်း သစ်ခြင်း ဟူသော လုပ်ကွက်တို့မှတဆင့် ထောက်ပံ့ နေခဲ့သည်။ ၂၀၁၅ခုနှစ်နှစ်ကုန်တွင် စီမံချက် အများစု မှာ ပိတ်သိမ်းပြီး ဖြစ်သည်။ ယေဘုယျအားဖြင့် အကျိုး ခံစားခွင့်ရသူများမှာ ပစ္စည်းများ၊ ကျွမ်းကျင်မှု များ တိုးပွားလာကြပြီး ဝင်ငွေသစ်များကို ရရှိခဲ့ကြ သည်။ အလားအလာရှိသော ငွေရေးကြေးရေး ဝန်ဆောင်မှု ပေးသူများကိုလည်း အောင်မြင်စွာ ထူထောင်နိုင်ခဲ့ပြီဖြစ်သည်။ အသေးစိတ်ကို အခန်း၄ ငွေကြေးဆိုင်ရာ လက်လှမ်းမီမှုတွင် ကြည့်ပါ။

*ပုံ ၃.၅။ ၂၀၁၅ ခုနှစ် တောင်တန်းဒေသရှိ LIFT ၏လုပ်ဆောင်မှု*

၂၀၁၅ခုနှစ်အတွင်းတွင် အရွယ်အစား အတော်အတန် ကြီးမားသော တောင်တန်းဒေသ စီမံကိန်းအသစ်ကို သုံးသပ် ရေးဆွဲခဲ့သည်။ ယင်း၏ စီမံချက်များကို ၂၀၁၆ခုနှစ် နှစ်လယ်တွင် စတင်မည်ဖြစ်ပြီး စီမံကိန်း အသစ်ရေးဆွဲခြင်း လုပ်ငန်းစဉ်ကို ဤအခန်း၏ နောက်ဆုံးပိုင်းတွင် ဖော်ပြထားသည်။ စီမံကိန်းအသစ်သည် ပဋိပက္ခဒဏ်ခံ နယ်မြေများတွင် ထိတွေ့ဆောင်ရွက်ရန်၊ ရွှေ့ပြောင်းခဲ့ရသည့်ရပ်ရွာများကို ကိုင်တွယ်ရန်ဖြစ်သော်လည်း LIFTနှင့် မိတ်ဖက်အဖွဲ့များသည် ဤနယ်မြေများတွင် စီမံချက်များကို စီမံခန့်ခွဲရာ၌ ပြောင်းလွယ်ပြင်လွယ်ရှိရန် လိုအပ်ကြောင်း ကိုးကန့်ဒေသတွင် ဆောင်ရွက်ခဲ့သော CARE စီမံချက်က ထောက်ပြနေသည်။ CARE၏ စီမံချက်ကို ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလတွင် ရပ်ဆိုင်းခဲ့ရပြီး အခြေအနေ တည်ငြိမ်ပါက ပြန်စရန် အသင့် ပြင်ဆင် ထားခဲ့သော်လည်း အခြေအနေမှာ ကောင်းမွန်မလာသဖြင့် ၂၀၁၅ခုနှစ် ဒီဇင်ဘာလတွင် စီမံချက်ကို ပိတ်သိမ်းခဲ့ရသည်။

46 ပြည်သူ့အင်အားနှင့်လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန/UNFPA၂၀၁၄ခုနှစ် သန်းခေါင်စာရင်း၊ မြန်မာ့တောင်တန်းဒေသ တွင် ပြည်နယ် ၇ ခု(ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်ဒေသအချို့ ရှမ်း)နှင့် တိုင်းနှစ်ခု(စစ်ကိုင်း၊ တနင်္သာရီ)တို့ ပါဝင်သည်။

*ဇယား ၃.၃ ၊ ၂၀၁၅ ခုနှစ် တောင်တန်းဒေသရှိ LIFT အထောက်အပံ့ခံ စီမံချက်များ*

| | မိတ်ဖက်အဖွဲ့ | တည်နေရာ | ဦးတည်ချက် |
|---|---|---|---|
| ၁ | Adventist Development and Relief Agency (ADRA) | ဘားအံ | ကရင်ပြည်နယ်ရှိ လူငယ်လူရွယ်များကို နည်းပညာအသက်မွေးမှုသင်တန်းများပေးအပ်ရန် အတွက် ထောက်ပံ့ခြင်း၊ |
| ၂ | CARE International | တာရွှေထန်(ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေ) | လက်ဖက်ခြောက် ထုတ်လုပ်သူအုပ်စုများ ဖွဲ့စည်းခြင်းနှင့် အားဖြည့်ခြင်း၊ |
| ၃ | CESVI | ကျောက်မဲ၊ နောင်ချို၊ | စိုက်ပျိုးရေး မွေးမြူရေး အထွက်တိုးရန်အတွက် ရပ်ရွာနှင့် စိတ်ဝင်စားသောအုပ်စုများကို စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း၊ ကိုယ်ထူ ကိုယ်ထအုပ်စုများ၊ သစ်တောစောင့်ရှောက်ရေး၊ ထင်းစိုက်ခင်း ထူထောင်ခြင်း၊ လောင်စာချွေတာ ရေးမီးဖိုများ ဖြန့်ဖြူးခြင်း၊ |
| ၄ | GRET | တီးတိန်၊ တွန်းဇန်၊ ထန်တလန်၊ ဖလမ်း၊ ဟားခါး၊ | ကိုယ်ထူကိုယ်ထအုပ်စုများကို ရန်ပုံငွေ တိုးတက်ရန် နှင့် အဖွဲ့ဝင်များသို့ ချေးငွေထပ်မံချေးနိုင်ရန် ဦးတည်သော ချေးငွေများ၊ |
| ၅ | ICRAF (World Agroforestry Centre) | ကျောက်မဲ၊ တီးတိန်၊ တွန်းဇန်၊ နောင်ချို၊ လားရှိုး၊ | ချင်းပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ဒေသခံအဖွဲ့အစည်းများ၊ ရပ်ရွာများနှင့်အတူ လယ်ယာသစ်တော ရောနှော စံပြစိုက်ခင်းများ တည်ထောင်ခြင်း၊ သုတေသနပြုခြင်း၊ |
| ၆ | Mercy Corps (in partnership with Swiss Contact) | ကလော၊ ညောင်ရွှေ၊ ပင်လောင်း၊ ပင်းတယ၊ ဖလမ်း၊ ရပ်စောက်၊ | ပညာပေးခြင်း၊သွင်းအားစုများ၊ငွေကြေးဝန်ဆောင်မှုများ၊ ဈေးကွက်သတင်းများ၊ အစိုးရပညာပေး အစီအစဉ်များ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ တို့ဖြင့် တောင်သူများကို ထောက်ပံ့ခြင်း၊ |
| ၇ | Metta Development Foundation | ဆွမ်ပရာဘုံ၊ ပူတာအို၊ မချမ်းဘော၊  အင်ဂျန်းယန်၊ | အထွက်တိုးရန်အတွက် တောင်သူသင်တန်း ကျောင်းများ ထူထောင်ခြင်း၊ |
| ၈ | PRIME | ရှမ်းပြည်နယ်တောင်ပိုင်း၊ | ရေရရှိရေး၊ သွင်းအားစုများ၊ လေ့ကျင့်ရေးနှင့် ပညာပေးရေး၊ငွေရေးကြေးရေးနှင့် ဈေးကွက် လက်လှမ်းမီမှု၊ သရုပ်ပြခြင်း၊ လေ့ကျင့်ရေး နှင့် သုတေသန လယ်ယာတို့ဖြင့် လုပ်ကွက်ငယ်တောင်သူများကို ထောက်ပံ့ခြင်း၊ |
| ၉ | SwissAid | ကျိုင်းတုံ၊ ဆီဆိုင်၊ တောင်ကြီး၊ နောင်မွန်း၊ဗန်းမော်၊မိုးကောင်း၊ မိုးမောက်၊မန်စီ၊ရွှေကူ၊ဝိုင်းမော်၊ ဟိုပုံး၊ | စိုက်ပျိုးရေးအတွက် ထောက်ပံ့ခြင်း၊ ဝင်ငွေရ လုပ်ငန်းများကို ထောက်ပံ့ခြင်း၊ ဈေးကွက် လက်လှမ်းမီမှု၊ ဒေသခံအဖွဲ့အစည်းများကို အားဖြည့်ခြင်း၊ |
| ၁၀ | TAG International | ကလော၊ ညောင်ရွှေ၊ တောင်ကြီး၊ ပင်းတယ၊ ရပ်စောက် | ရှမ်းပြည်နယ်တောင်ပိုင်း ပျားမွေးမြူရေးကဏ္ဍ တိုးတက်ရေး၊ |

# ၂၀၁၅ ခုနှစ်မှ စိတ်ဝင်စားဖွယ်များ

## လုပ်ငန်းသိမ်းစီမံခန့်ခွဲမှုနှင့် ရေရှည်တည်တံ့မှုအလားအလာ

၂၀၁၅ခုနှစ် ပထမနစ်ဝက်တွင် နိုင်ငံတဝန်းစီမံကိန်းအရ GRET၊ Metta၊ SwissAid၊ CESVI၊ ADRA တို့နှင့် လက်တွဲဆောင်ရွက်ခဲ့သော လက်ကျန် တောင်တန်းဒေသစီမံချက်များကို ပိတ်သိမ်းခဲ့သည်။ ADRAက စီမံခန့်ခွဲသော ဘားအံအသက်မွေးဝမ်းကျောင်း ရက်တိုသင်တန်းစီမံချက်လည်း ပြီးဆုံးခဲ့ပြီ ဖြစ်သည်။ အောက်တွင် ယင်းတို့၏ ဆောင်ရွက်ချက်များ၏ ရေရှည်တည်တံ့မှုအလားအလာကို အိမ်ထောင်စုအဆင့်၊ ကျေးရွာအဆင့်၊ အဖွဲ့အစည်းအဆင့်တို့တွင် စစ်ဆေးထားသည်။

## အိမ်ထောင်စုအဆင့်။ အကျိုးခံစားခွင့်ရှိသူများက ကျွမ်းကျင်မှုနှင့် ပစ္စည်းအသစ်များကိုသုံးကာ စီးပွားရေး နှင့် အသက်မွေးမှုလုပ်ငန်းတို့ကို စီမံခန့်ခွဲနေကြသည်။

အစိုးရ၏ အထောက်အပံ့ဖြင့် ADRAက ဘားအံမြို့တွင် ဖွင့်လှစ်ခဲ့သော နည်းပညာနှင့် အသက်မွေးမှုပညာ သင်တန်း စီမံချက်မှ သင်တန်းဆင်း ၆၂ရာခိုင်နှုန်းသည် အလုပ်အကိုင်ရရှိကြောင်း ပြသနေသည်။[47] စီမံချက်၏ အလုပ်သင်အစီအစဉ် သည် အခွင့်အလမ်းတို့ကို ဖန်တီးနေသော အဓိကအကြောင်းအချက်တစ်ခု ဖြစ်ပြီး သင်တန်းသားတို့ကို အလုပ်အကိုင် ရှာပေးကြောင်း တွေ့ရသည်။ ဤစီမံချက်မှရရှိသော အရေးကြီးသည့် သင်ခန်းစာမှာ အလုပ်သင်ကာလ ၁၅ရက် သည် တိုလွန်းကြောင်း ဖြစ်သည်။

CESVIသည် ကျေးရွာအဆင့်တွင် ထိခိုက်လွယ်သော အိမ်ထောင်စုများ(နွမ်းပါးသော၊ အမျိုးသမီးဦးစီးသော အိမ်ထောင်စုများကို ဦးစားပေးသည်)ဝင်ငွေရလမ်းများ ဖြစ်ထွန်းစေရန် ထောက်ပံ့သည်။ လက်သမား နှင့် သံဖြူ အလုပ်များသည် အချိန်ပြည့်အလုပ်ရှိကာ ဝင်ငွေလည်းကောင်းသည်။ အခြားအောင်မြင်သော အလုပ်များမှာ ဆွယ်တာထိုးခြင်း၊ ဆံသ နှင့် အပ်ချုပ်ခြင်းတို့ ဖြစ်သည်။ ဤလုပ်ငန်းများသည် ယခုနှစ်တွင် စီမံချက်က သွင်းအားစုများ ထပ်မပေးတော့သော်လည်း တည်တံ့နေသည်။ ဤစီမံချက်သည် ဘာသာရပ် ၁၂ ခုတွင် လူ ၄၅၇ ဦးကို သင်တန်းပေးခဲ့သည်။ ယင်းတို့အနက် (၆၀ရာခိုင်နှုန်းဖြစ်သော) လူ၂၇၇ဦးသည် တစ်နှစ်ကျော်ကြာသည် အထိ လုပ်ငန်းများကို လုပ်ကိုင်နေဆဲဖြစ်သည်။ (၃၄ရာခိုင်နှုန်းဖြစ်သော) လူ၁၅၆ဦးမှာ ဝင်ငွေ ၂၀ရာခိုင်နှုန်း ကျော် တိုးလာခဲ့သည်။

ရှမ်းပြည်နယ်တောင်ပိုင်းရှိ မေတ္တာအဖွဲ့၏ တောင်သူသင်တန်းကျောင်းတို့ကြောင့် အတန်းလိုက် ကောက်စိုက်ခြင်း၊ စက်ဖြင့် ပေါင်းနုတ်ခြင်း စသည့် စပါးဆိုင်ရာနည်းပညာအသစ်များကို ကျင့်သုံးသည့်နှုန်း တိုးတက်လာသည်။ ဤနှုန်းတို့မှာ ဆက်လက်တည်တံ့မည် ဖြစ်သည်။[48] ခရီးဝေးသောကြောင့် ဆန်ဝယ်ရခက်သောကြောင့် တောင်သူတို့သည် ယင်းတို့ကိုယ်တိုင် လွယ်ကူသော ကုန်ကျစရိတ်နည်းသောနည်းဖြင့် စိုက်လိုကြသည်။

ဤစီမံချက်များကြောင့် ကျေးလက်မှ ဆင်းရဲသောအိမ်ထောင်များတွင် ပိုင်ဆိုင်မှုများ (ဥပမာ၊ မွေးမြူရေး တိရစ္ဆာန်များ၊ လယ်ယာသုံး ကိရိယာများ) သိသာစွာတိုးလာပြီး ဝင်ငွေကောင်းလာသည်။ GRETနှင့်CORADတို့က ထောက်ပံ့ထားသော ချင်းပြည်နယ် ကျေးရွာများတွင် မိမိတို့ဘာသာ လှေကားထစ်လယ်ယာများ၊ ရေသွယ်ယူမှုများတွင် အထူး ရင်းနှီးမြှုပ်နှံခဲ့ကြခြင်းက အိမ်ထောင်စုအဆင့်တွင် ဝင်ငွေရလမ်းများကို ဆက်လက်မြှုပ်နှံဖွယ်ရှိကြောင်းကို ပြသနေသည်။[49]

## ကျေးရွာအဆင့်။ ကျေးရွာသို့ အရင်းအမြစ်အသစ်များကို ထပ်ယူဆောင်မလာပါက ထူထောင်ထားသော စုပေါင်းလုပ်ငန်း အုပ်စုများသည် ရေရှည်ခံနိုင်ဖွယ်မရှိပေ။

CESVIသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (VDC)တို့ကို မျိုးစေ့ဘဏ်ကို အုပ်ချုပ်ရန် ဖွဲ့စည်းခဲ့သည်။ GRET-CORAD တို့ကလည်း တောင်သူအုပ်စုများကို ကျေးရွာတိုင်းတွင် ဖွဲ့စည်းခဲ့သည်။ မေတ္တာအဖွဲ့သည် တောင်သူသင်တန်းကျောင်းများ မှတဆင့် လုပ်ငန်းဆောင်ရွက်ခဲ့သည်။ ထို့အတူ SwissAid ၏ ပြည်တွင်းမိတ်ဖက်အဖွဲ့များသည် စပါးဘဏ်နှင့် ကျေးရွာလည်ပတ် ရန်ပုံငွေများကို တည်ထောင်ခဲ့သည်။ CESVI က တည်ထောင်ခဲ့သော ဖွံ့ဖြိုးရေး ကော်မတီများ၊ မျိုးစေ့ဘဏ်များသည် စွမ်းဆောင်ရည် တည်ဆောက်မှုကို စနစ်တကျဆောင်ရွက်ပြီး မြို့နယ်အဆင့် ဒေသအာဏာပိုင်များနှင့် ချိတ်ဆက်မိပါက အတောင့်တင်းဆုံးဖြစ်ကာ တာရှည်ခံနိုင်စရာအကြောင်း အများဆုံးရှိသည်။ ကျေးရွာလည်ပတ် ရန်ပုံငွေနှင့် မျိုးစေ့ဘဏ် (တစ်ဖက်တွင် ကြည့်ပါ) တို့သည် စီးပွားရေးအရ တာရှည်ခံနိုင်စွမ်းရှိသည်။ တောင်သူသင်တန်းကျောင်းများ၊ တောင်သူအုပ်စုများကိုမူ စွမ်းဆောင်ရည် တည်ဆောက်ရန် အတွက် စည်းရုံးဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ သို့သော် လေ့ကျင့်ရေးနှင့် နည်းပညာသစ်များအတွက် ထောက်ပံ့နေသော မိတ်ဖက်အဖွဲ့များ(မေတ္တာ၊ GRET၊ SwissAid)တို့ကို မှီခိုနေရကြောင်း ထင်ရှားသည်။ ရန်ပုံငွေ ဆက်လက်မရရှိပါက ဤအုပ်စုများသည် တည်ရှိနိုင်ဖွယ်မရှိပေ။

## အဖွဲ့အစည်းအဆင့်။ ဒေသခံဌာနများ/NGO များမှတဆင့် ဝန်ဆောင်မှုပေးအပ်ခြင်း

SwissAid စီမံချက်သည် ပြည်တွင်းNGO၆ဖွဲ့[50] ၏ စွမ်းဆောင်ရည်ကို အားဖြည့်ပေးကာ အသက်မွေးမှုကို ထောက်ပံ့ရန် ရည်ရွယ်ခဲ့ သည်။ ဤအဖွဲ့အစည်းအများစုသည် အသက်မွေးမှုစီမံချက်ဆိုင်ရာ အတွေ့အကြုံ အနည်းငယ်သာ ရှိကြသည်။ ယင်းတို့၏

---

47 ဤစီမံချက်အသေးစိတ်ကို နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၄တွင် တွေ့နိုင်သည်။

48 LIFTနှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၃တွင် ဆွေးနွေးထားသည်။

49 ချင်းပြည်နယ်တွင် မိမိတို့ မထိန်းသိမ်းနိုင်တော့၍ လှေကားထစ်လယ်ယာတို့ကို ရောင်းချရသော ဖြစ်စဉ်များ ရှိသည်။

50 အောင်စကြာ၊ ဗန်းမော်၊ ကချင်မြို့ပြနှင့် ကျေးလက်သာသနာပြု၊ ကရုဏာမြန်မာ၊ မော်ကွန်း၊ တောင်ပိုင်း ရှမ်းပြည် ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

လုပ်ငန်းစဉ်များနှင့် နည်းပညာဆိုင်ရာစွမ်းဆောင်ရည်များမှာ သိသာစွာ တိုးတက်လာသော်လည်း ဝန်ထမ်းနုတ်ထွက်မှုမှာ မြင့်မားလှသည်။ ဘာသာရေးအခြေပြုအဖွဲ့အစည်း ကွန်ရက်ဝင် မဟုတ်ပါက ယင်းတို့၏ ရန်ပုံငွေစုဆောင်းနိုင်စွမ်းမှာလည်း အလွန်နည်းသည်။

GRETသည် CORAD ၏ အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးမှုကို ထောက်ပံ့ခဲ့သဖြင့် ရန်ပုံငွေစုဆောင်းနိုင်လာသည်။ အလှူရှင်များနှင့် စာချုပ်ချုပ်နိုင်လာသည်။ CORADသည် ချင်းပြည်နယ်၏ စိုက်ပျိုးရေးဖွံ့ဖြိုးမှုနှင့် ပတ်သက်သော အသိအမြင်များ၊ နည်းပညာ စွမ်းဆောင်ရည်များ ခိုင်လုံစွာရှိသဖြင့် အလုပ်လုပ်ခဲ့သော ကျေးရွာများနှင့် အချိတ်အဆက်များကို ထိန်းသိမ်းထားနိုင်မည် ဖြစ်သည်။ သို့သော် ပို၍ချောင်ကျသောနေရာများတွင် အလုပ်လုပ်နိုင်မည့် အရည်အချင်းရှိသော ဝန်ထမ်းများကို စုစည်းရန် ကြိုးစားနေရသည်။ ရေရှည်ရပ်တည်နိုင်ရန်မှာ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ရင်းနှီးစွာ ချိတ်ဆက်ထားရန် လိုအပ်မည်။ တောင်တန်းဒေသ စီမံကိန်းအသစ်တွင် LIFTသည် CORADကို ပထမဆုံးအကြိမ်အဖြစ် တိုက်ရိုက်ဆက်သွယ်မည်။

## စပါးဘဏ် မျိုးစေ့ဘဏ်တို့သည် ဒေသ၏လိုအင်များ အခြေအနေများနှင့် ကိုက်ညီရန် လိုအပ်သည်။ တရွယ်တည်းနှင့် အားလုံး မတော်နိုင်ပေ

စပါးဘဏ်၊ မျိုးစေ့ဘဏ်တို့သည် လူမှုကာကွယ်စောင့်ရှောက်ရေး ယန္တရားများ ဖြစ်ကြသည်။ စပါးနှင့် အခြားမျိုးစေ့များ လက်လှမ်းမီမှုကို ကောင်းမွန်စေသည်။ သမားရိုးကျနည်းမှာ ကော်မတီတစ်ရပ်ကိုဖွဲ့ပြီး ဒေသခံ တောင်သူများထံမှ စပါးပေါ်ချိန်တွင် ဝယ်ပြီး သိုလှောင်ထားရန် ဖြစ်သည်။ ဤစပါးတို့ကို ရပ်ရွာက ဆောက်ပေးသော စပါးကျီတစ်ဆောင်တွင် သိုလှောင်ထားသည်။ စပါးရှားသော အချိန်တွင် စပါးဘဏ် အဖွဲ့ဝင်များထံသို့ ပြင်ပမှ ချေးငှားလျှင် ပေးရမည့် အတိုးနှုန်းထက် များစွာလျော့နည်းသောနှုန်းဖြင့် ဖြန့်ဝေပေးသည်။ ထိုစပါးတို့ကို နောက်စပါးပေါ်ချိန်တွင် ပြန်ပေးသွင်းရသည်။ ထို့ကြောင့် နွမ်းပါးသည့်မိသားစုများ ဆန်စပါး ရှားပါးသည့်အချိန်တွင် တွေ့ကြုံရမည့် ဝန်ထုပ်ဝန်ပိုးကို လျှော့ချနိုင်သည်။

LIFT၏ အတွေ့အကြုံအရ စပါးဘဏ်နှင့် မျိုးစေ့ဘဏ်များသည် အမြဲတမ်း မအောင်မြင်နိုင်ပါ။ ဘဏ်များစွာသည် စီမံချက် ပြီးဆုံးသောအချိန်တွင် တဖြည်းဖြည်း ပပျောက်သွားကြသည်။ ထို့အပြင် စပါးဘဏ် သို့မဟုတ် မျိုးစေ့ ဘဏ်သည် ရွာသားတို့၏ လိုအင်ကို ပြည့်မီရန်အတွက် မူရင်းစီမံချက်နှင့် ရွာသားတို့၏လိုအင်ကို ကိုက်ညီအောင် ပြန်လည်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည်။ အောက်ပါ အတွေ့အကြုံနိုင်းယှဉ်ချက်များက သက်ဆိုင်ရာနယ်မြေ၏ သီးခြားအခြေအနေနှင့် လိုအင်များနှင့် ကိုက်ညီအောင် ကျင့်သုံးရမည် ဖြစ်ကြောင်းကို ပြသနေသည်။

*ဇယား ၃.၄ ။ စပါးဘဏ်၊ မျိုးစေ့ဘဏ်လုပ်ငန်းများမှ နမူနာများနှင့် တွေ့ရှိချက်များ*

| ဥပမာများ |
|---|
| မေတ္တာအဖွဲ့က ထောက်ပံ့ထားသော ကချင်ပြည်နယ်ရှိ အုပ်စုများသည် စပါးဘဏ်စနစ်များကို ထူထောင်ထားကြရာ မူအရ ရွာသားအားလုံးကို တန်းတူဝန်ဆောင်မှုပေးရမည် ဖြစ်သည်။ သို့သော် ရွှေ့ပြောင်းတောင်ယာကို အားထားနေရသော တောင်သူတို့မှာ ဝမ်းစာပင် မလုံလောက်သဖြင့် စပါးဘဏ်များကို အားကိုးနေကြရသည်။ ပိုလျှံအောင် ထုတ်လုပ်နိုင်သော မိသားစုများမှာလည်း ထိုစပါးများကို ကျေးရွာပြင်ပတွင် ရောင်းချရန် ဈေးကောင်း ရမည့်အချိန်ကို စောင့်ရန်အတွက်သာ စပါးဘဏ်များကို အားကိုးကြသည်။ ကျန်လယ်မဲ့မြေမဲ့ အိမ်ထောင်စုများမှာ စပါးဘဏ်များမှ မချေးငှားနိုင်ကြပေ။ အကြောင်းမှာ ကောက်ရိတ်ချိန်တွင် စပါးကို တစ်ကြိမ်တည်းဖြင့် ပြန်မဆပ်နိုင်သောကြောင့် ဖြစ်သည်။<br><br>ဖန်းမော်မြို့နယ်ရှိ SwissAid ၏ အထောက်အပံ့ခံ စပါးဘဏ်များသည် တောင်သူများအား စပါးကို ပင်ထောင်ပေးစနစ်ဖြင့် မရောင်းရ စေရန် အဓိကကူညီကြသည်။ ယင်းအလေ့အထသည် ပိုမိုကြွေးထူစေတတ်သည်။ သို့သော် ဤစနစ်သည် ဈေးကွက်မှ ဆန်စပါး အနည်းငယ်ကိုသာ ဝယ်ယူပြီး ယင်းတို့ အလုပ်ရမှသာ နည်းနည်းချင်း ပြန်ဆပ်ကြသော ပျံကျလုပ်သားများနှင့် မကိုက်ညီနိုင်ပေ။ အစည်းအဝေးမှန်မှန်တက်ပြီး စပါးဘဏ်ကိုစီမံရာတွင် ပါဝင်ရန်မှာလည်း အမြဲတမ်းရွှေ့ပြောင်းနေရပြီး အလုပ်ရှာနေရသူ ပျံကျလုပ်သား များအတွက် မလွယ်ကူပါ။ အခြေအနေ ကောင်းသော ရွာသားများသည် ချေးငှားရန် မလိုအပ်သော်လည်း စပါးဘဏ်တွင် ပါဝင်ရန် စိတ်ဝင်စားကြသည်။ အကြောင်းမှာ ယင်းကို ကျေးရွာအတွင်းရှိ လူမှုကာကွယ်စောင့်ရှောက်ရေး ယန္တရားဟု ထင်မြင်ကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် စပါးဘဏ်သည် အဖွဲ့ဝင်များထံမှ စပါးကို စုဆောင်းပြီး အနွမ်းပါးဆုံး ရွာသားများ(သက်ကြီးရွယ်အိုများ၊ အမျိုးသမီးဦးစီးသော အိမ်ထောင်စုများ စသည်)ကို လွတ်လပ်စွာ ဖြန့်ဖြူးနိုင်သည်။ |

| တွေ့ရှိချက်များ |
|---|
| စပါးဘဏ်များသည် မိမိတို့ဝန်ဆောင်မှုပေးမည့် အကျိုးခံစားခွင့်ရှိသူ အမျိုးအစားနှင့်ကိုက်ညီအောင် လုပ်ငန်း ဆောင်ရွက်ရမည် (ဥပမာ - ပျံကျလုပ်သားများ၊ လယ်မဲ့မြေမဲ့မိသားစုများ၊ ကြွေးတင်နေသော တောင်သူငယ်များ၊ တောင်သူကြီးများ)။<br><br>ငွေကြေးစနစ်သည် ကြွေးတင်နေသော တောင်သူငယ်များ သို့မဟုတ် ပျံကျလုပ်သားများနှင့် ကိုက်ညီနိုင်မည် ဖြစ်သော်လည်း တမျိုးတည်းနှင့် နှစ်ဦးစလုံးကိုက်ညီရန် ခဲယဉ်းသည်။ ချေးငွေကို ငွေဖြင့် ပြန်ဆပ်ရမည်၊ ပစ္စည်းဖြင့် ပြန်ဆပ်ရမည်၊ တကြိမ်တည်းဖြင့် ဆပ်ရမည်၊ အကြိမ်ခွဲကာ ဆပ်နိုင်မည် စသည့် ဆုံးဖြတ်ချက်များသည် အချို့ကို ပါဝင်ခွင့်ပြုသော်လည်း အချို့ကိုမူ ချန်ထားနိုင်သည်။ |

တောင်တန်းဒေသ

## ဥပမာများ

ကချင်ပြည်နယ်အတွင်းရှိ မေတ္တာအဖွဲ့၏ အထောက်အပံ့ခံရွာများသည် အလွန်ကွဲပြားခြားနားသည်။ အချို့ရွာများသည် ဆန်စပါးရှားပါးပြီး ဝေးခေါင်သော်လည်း အချို့ရွာများမှာ များစွာပိုလျှံပြီး ဈေးကွက်သို့ အလွယ်တကူ လက်လှမ်းမီကြသည်။ ရှားပါးသောနေရာများတွင် အချို့အဖွဲ့ဝင်များသည် စပါးဘဏ်သို့ ပြန်ဆပ်ရန် စပါးဝယ်ကြရသည်။ သို့သော်လည်း မိမိရွာမှစပါးကို ပြန်ဝယ်ရသည်မှာ အမြဲတမ်း အဆင်မပြေနိုင်ပါ။ အထူးသဖြင့် တောင်သူကြီးများက သူတို့၏စပါးများကို ပွဲစားများထံသို့ ရောင်းချထားပြီးဖြစ်လျှင် ပို၍ အဆင်မပြေနိုင်ပေ။ တစ်ခါတစ်ရံ ဝေးလံသောရွာများမှ စပါးကို သွားဝယ်ရသဖြင့် သယ်ပို့စရိတ် ပိုကုန်ကျသည်။ ငွေသားဖြင့် ပြန်ဆပ်ရန်မှာ တောင်သူငယ်များအဖို့ လွယ်ကူသော်လည်း ကော်မတီက လက်မခံလိုပေ။ အကြောင်းမှာ စပါးများကို ကော်မတီက အခြားမှ လိုက်ဝယ်ရမည် ဖြစ်သည်။

ချင်းပြည်နယ်တွင် UNDPက ထူထောင်ပေးသော စပါးဘဏ်အများစုမှာ သိုလှောင်ရုံ မလိုအပ်ပေ။ ဤစနစ်တွင် ရွာသားများက ငွေစုကာ ဆန်များကို အနီးအနားမြို့များမှ သို့မဟုတ် မြေပြန့်မှ ဝယ်ယူထားကြသည်။ ရည်ရွယ်ချက်မှာ လူမှုကာကွယ်စောင့်ရှောက်ရေး မဆန်လှပေ- အလွန်နွမ်းပါးသော မိသားစုများသည် ဒေသထွက်ပြောင်းဆန်ကို ဈေးပေါစွာဖြင့် စားနိုင်ကြသည်- ဤနယ်မြေတွင် ကြုံနေကျ ဆန်အကြီးအကျယ်ရှားပါးမှုကို ကိုင်တွယ်နိုင်မည့် နည်းလမ်းတစ်ခုသာ ဖြစ်သည်။ မြို့နယ်ဈေးကွက်သို့ တစ်ဦးချင်း သွားရောက်ဝယ်ယူရန်မှာ ကုန်ကျစရိတ် ကြီးမြင့်လှသဖြင့် စုပေါင်းဝယ်ယူမှုသာ ဈေးသက်သာမည်ဖြစ်သည်။

CESVI၏စီမံချက်သည် ရှမ်းပြည်နယ်မြောက်ပိုင်းမှ တောင်သူများကို စပါး၊ မြေပဲ၊ ဂျုံ၊ ပဲပုပ်၊ ပန်းနှမ်း၊ ပဲစဉ်းငုံ မျိုးစေ့များအတွက် ဘဏ်များ ထူထောင်ရန် ထောက်ပံ့ခဲ့သည်။ မျိုးစေ့ဘဏ် ၇၀ ကို အောင်မြင်စွာ ထူထောင်ခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီများက စီမံခန့်ခွဲနေသည်။ တောင်သူအများစုမှာ မျိုးစေ့များကို မိမိတို့ဘာသာ သိုလှောင်နိုင်သော်လည်း မျိုးစေ့ဘဏ်တွင် မျိုးစေ့များကို အပေါင်းအသစ် လဲလှယ်ပေးနိုင်သောကြောင့် ပျက်စီးခြင်းမှ ကာကွယ်နိုင်သည်။ ထို့ကြောင့် မျိုးစေ့ဘဏ်သည် ပြင်ပစိတ်ချရသူများထံမှ မျိုးစေ့များကို မှန်မှန်ဝယ်ယူရန် လိုအပ်လာသည်။

## တွေ့ရှိချက်များ

စပါး/မျိုးစေ့ဘဏ်များသည် ရည်ရွယ်ချက်တာဝန်အမျိုးမျိုးကို ဆောင်ရွက်နိုင်သည်။ ယင်းတို့တွင် အောက်ပါတို့ ပါဝင်သည် _

- ဆန်စပါးအထွက်နည်းပြီး ဈေးကွက်နှင့်ဝေးသော နယ်မြေများတွင် စားသုံးရန်ဆန်စပါး ပိုမိုရရှိရန်
- နောက်ရာသီအတွက် မျိုးစေ့များကို သိမ်းဆည်းရန်
- ရာသီအလိုက် ဈေးအတက်အကျကို စီမံခန့်ခွဲရန်၊
- တောင်သူငယ်များ၏ ကြွေးတင်မှုကို လျှော့ချရန်၊အထူးသဖြင့် ပင်ထောင်ပေးရောင်းရခြင်းကို လျှော့ချရန်
- ရှားပါးသောရာသီတွင် ဆန်စပါးဝယ်ရန် အခက်အခဲတွေ့နေသော ထိခိုက်အလွယ်ဆုံးသူများကို ကာကွယ်ရန်

ဤတာဝန်များအလိုက် သီးခြားလုပ်ငန်းဆောင်ရွက်မှုများကို လိုအပ်သည်။ အောက်ပါတို့နှင့် သက်ဆိုင်မည်_

- စပါးကို ရွာတွင်းမှ သို့မဟုတ် ရွာပြင်မှ ဝယ်ယူမည်၊ တစ်ကြိမ်တည်း သို့မဟုတ် အကြိမ်ကြိမ် ဝယ်ယူမည်
- မျိုးစေ့များကို အဖွဲ့ဝင်များထံမှ အရည်အသွေးထိန်းချုပ်မှု ပါရှိလျက် သို့မဟုတ် မပါရှိဘဲ ဝယ်ယူမည် သို့မဟုတ် စိတ်ချရသော ပေးသွင်းသူထံမှ ဝယ်ယူမည်
- သိုလှောင်ရုံအတွက် ရင်းနှီးမြှုပ်နှံကာ ရေတို သို့မဟုတ် ရေရှည် စီမံခန့်ခွဲမည်
- သတ်မှတ်ထားသောအချိန်တွင် အဖွဲ့ဝင်များကို စပါး သို့မဟုတ် မျိုးစေ့များကို ထုတ်ပေးမည်

## ဥပမာများ

ကချင်ပြည်နယ်ရှိ မေတ္တာအဖွဲ့၏ အထောက်အပံ့ခံ စပါးဘဏ်အုပ်စုများမှ ရွာသားများက စပါးဖြင့် ပြန်လည် ပေးဆပ်ပါက အခက်အခဲများရှိကြောင်း ရှင်းပြကြသည်။ တောင်သူများသည် စပါးမျိုးကွဲများ အရည်အချင်း ညံ့ဖျင်းသော စပါးများကို ပြန်ဆပ်တတ်ကြသည်။ မကြာခဏပင် မသင့်မတင့်ဖြစ်မှုကို ရှောင်လွှဲလို၍ ညံ့ဖျင်းသော စပါးများကို လက်ခံလိုက်ရပြီးမှ အချင်းချင်း ခွဲဝေယူလိုက်ကြရသည်။

ချင်းပြည်နယ်တွင် ဆန်စုပေါင်းဝယ်ယူရာတွင် ငွေသားဖြင့်သာ ဆောင်ရွက်ကြပြီး ဆန်ကို သိုလှောင်မထားဘဲ ချက်ချင်းဝေငှလိုက်သဖြင့် သိုလှောင်စဉ် ဆုံးရှုံးမှုကို ရှောင်ရှားနိုင်သည်။ အချိန်ကြာလာသော် စပါးဘဏ် မျိုးစေ့ဘဏ်များသည် ငွေကြေးစနစ်အသွင်သို့ ပြောင်းလဲလာတတ်သည်။ ဇန်းမော်တွင် ဘဏ်အများ၌ နှစ်စဉ်ပြန်ဆပ်သည့် စပါးအများအပြား ပိုလာသဖြင့် အချို့ကို ရောင်းထုတ်လိုက်ပြီး ကျေးရွာ လည်ပတ်ရန်ပုံငွေအဖြစ် ထူထောင်ထားလိုက်ကြသည်။ အဖွဲ့ဝင်များအတွက်မှာမူ တစ်လလျှင် ၂.၅ ရာခိုင်နှုန်းအတိုးဖြင့် ငွေချေးခြင်းသည် စပါးဘဏ်မှ စပါးချေးရခြင်းထက် ပိုမိုဆွဲဆောင်မှုရှိသည်။ စပါးဖြင့် ပြန်ဆပ်လျှင် တစ်ရာသီကို ၃၀မှ ၅၀ရာခိုင်နှုန်းထိ အတိုးပေးရသည်။ ဤသို့ အတိုးနှုန်းကြီးမြင့်ရန်လည်း လိုအပ်သည်။ အကြောင်းမှာ စပါးကို သိုလှောင်ထားရသည့်အပြင် စပါးဈေးကောင်းသောအချိန်မှ ဖြန့်ဝေပေးရသဖြင့် ဆုံးရှုံး နေသည်။

CESVI၏ မျိုးစေ့ဘဏ်များ အောင်မြင်နေသော်လည်း အများအပြားမှာ တစ်စိတ်တစ်ပိုင်း သော်လည်းကောင်း၊ လုံးလုံးလျားလျား သော်လည်းကောင်း ကျေးရွာ လည်ပတ်ရန်ပုံငွေအဖြစ်သို့ ပြောင်းလဲသွားကြသည်။ အချို့ဘဏ်များတွင် ပိုလျှံလာပါက ရောင်းထုတ်လိုက်နိုင်သည်။ အဖွဲ့ဝင်များကလည်း ဘဏ်များကို ငွေကြေးစနစ်အဖြစ်သို့ ပြောင်းလဲရန် ဖိအားပေးကြသည်။ ယင်းတို့၏ ဦးစားပေးမှုမှာ အဓိကဝင်ငွေရသီးနှံဖြစ်သော ဈေးကြီးသည့် စပ်မျိုး ပြောင်းဖူးမျိုးစေ့များကို ဝယ်ယူရန် ဖြစ်သည်။ စပ်မျိုးမျိုးစေ့များကို တစ်နှစ်မှ တစ်နှစ်သို့ သိုလှောင်၍မရသော၏ကြောင့် မျိုးစေ့ဘဏ်များတွင် သိုလှောင်ရန်ကို သဘောမကျကြပေ။

### တွေ့ရှိချက်များ

စပါးဘဏ်နှင့် မျိုးစေ့ဘဏ်များသည် အလွဲအပြောင်းစရိတ် ကြီးမားနိုင်သည်။ ထို့ကြောင့် စိစစ်ပြီး တတ်နိုင်သမျှ လျှော့ချသင့်သည်။ ပစ္စည်းကို ကိုင်တွယ်သောစနစ်ကို ရှင်းလင်းပြီး ပြောင်းလွယ်ပြင်လွယ်ရှိသည့် ငွေကြေးစနစ် တို့နှင့် နှိုင်းယှဉ်ကြည့်သင့်သည်။ ယင်းသည် ဘဏ်၏ မူရင်းတာဝန်ကို ဖြည့်ဆည်းရာတွင် ပိုမိုထိရောက်နိုင်သည်။

သို့လှောင်ထားပါက ဆုံးရှုံးမှု၊ အရည်အသွေးကျဆင်းမှု၊ ဈေးနှုန်းကွာခြားမှုတို့နှင့် ကြုံရနိုင်သည်။ ပစ္စည်းဖြင့် ပေးဆပ်ခြင်းကို စီမံရန် ခက်ခဲသည်။ အကြောင်းမှာ အဖွဲ့ဝင်များသည် သတ်မှတ်ချိန်တွင် စပါးများမရှိခြင်း၊ အမျိုးအစားမတူခြင်း၊ အရည်အသွေးမမီခြင်းတို့ ဖြစ်နိုင်သည်။ ထို့ကြောင့် အုပ်ချုပ်မှုကော်မတီသည်လည်း စည်းကမ်းများကို တည်အောင် ဆောင်ရွက်ရသည်။ ငွေကြေးကို အခြေခံသည့်စနစ်တွင်မူ ဤသို့ဆောင်ရွက်ရန် မလိုအပ်ပေ။



## စုပေါင်းပိုင်ဆိုင်မှု၏ အကန့်အသတ်များ။ ရှမ်းပြည်နယ်တွင် ပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်ရေး

၂၀၁၃ခုနှစ်တွင် TAGသည် ရှမ်းပြည်နယ်တောင်ပိုင်းသို့ ခေတ်မီပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်ရေးကို မိတ်ဆက်ပေးခဲ့သည်။ မူလက ဤစီမံချက်သည် သင်တန်းဆင်း ပျားမွေးမြူသူအသစ်များကို စုပေါင်းစနစ်ဖြင့် ထောက်ပံ့ခဲ့သည်။ ကျေးရွာစရွာတွင် ရပ်ရွာအခြေပြု စီးပွားရေးလုပ်ငန်းအဖွဲ့များကို အဖွဲ့ဝင် ၁၅ဦးမှ ၂၅ဦးစီ ပါဝင်လျက် အမျိုးသမီးပါဝင်မှု အချိုးမှာလည်း များပြားစွာဖြင့် ဖွဲ့စည်းခဲ့သည်။ တစ်ဖွဲ့လျှင် ပျားအုံ ၅၀စီ ရရှိသည်။ မူလအကြံအစည်မှာ အဖွဲ့ဝင်များသည် အလုပ်ကို ခွဲ၍လုပ်ကြပြီး အကျိုးအမြတ်တို့ကို ဝေမျှကြရန် ဖြစ်သည်။

ဤပုံစံမှာ လက်တွေ့တွင် အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ရသည်။ ပထမ ပန်းနှမ်း[51] ပျားရည်ထုတ်လုပ်မှုရာသီ (အောက်တိုဘာ-ဒီဇင်ဘာ ၂၀၁၄)မှာ မျှော်လင့်ခဲ့သလောက် အခြေအနေမကောင်းပေ။ ရောဂါကျခြင်း ပိုးသတ်ဆေးနှင့် ထိတွေ့မိခြင်းတို့ကြောင့် ပျားအုံအချို့သေကြေပျက်စီးခဲ့သည်။ အခြေအနေမှာ ဆောင်းရာသီတွင် ပိုဆိုးလာသည်။ ပျားမွေးမြူသူ အသစ်များသည် ပျားများကို လောက်ငအောင် ကျွေးမွေးရန် အခက်ကြုံလာသည်။ အချို့အဖွဲ့များကို အခြားနေရာများရှိ နှမ်း၊ ဇီး၊ ရော်ဘာ စသည့် စိုက်ခင်းများသို့ ပျားအုံများကို ပို့ပေးရန် အတွေ့အကြုံရှိသည့် စီးပွားဖြစ် ပျားမွေးမြူသူများ၏ အထောက်အပံ့ဖြင့် စီမံချက်က ကူညီခဲ့ရသည်။ အမှန်တကယ်မှာ ပျားမွေးမြူရေးသည် အချိန်များစွာမပေးရဘဲ ပျားအုံ၅၀ကို ထိန်းသိမ်းကိုင်တွယ်ရန် အဖွဲ့ဝင်တစ်ယောက် နှစ်ယောက်သာ လိုအပ်ကြောင်း အချိန်နှင့်အမျှ ပေါ်လွင်လာသည်။ ထို့ကြောင့် အဖွဲ့များတွင် အဖွဲ့ဝင်အင်အားသည်လည်း စိုးရိမ်ဖွယ်ကောင်းအောင် လျော့ကျသွားသည်။ ထို့အပြင် စုပေါင်းပိုင်ဆိုင်သောပုံစံ ဖြစ်သောကြောင့် မည်သူမျှ ပျားအုံများကို တကယ်ပိုင်ဆိုင်သည်ဟု မခံယူကြတော့ပေ။

ဤအခြေအနေတွင် စီမံချက်သည် မိမိ၏ပုံစံကို ပြောင်းလဲရန် ဆုံးဖြတ်လိုက်ရသည်။ ပျားအုံများ တည်တံ့ပွားများရန် နေရာရွှေ့ပြောင်းပေးရမည်မှာ ထင်ရှားသည်။ ဤသို့ဆိုလျှင် အဖွဲ့ဝင်အချို့သည် ပျားမွေးမြူရေးကို ပင်မ အသက်မွေးဝမ်းကျောင်းမှုအဖြစ် လက်ခံပြီး ပျားအုံများနှင့်အတူ အခြားနေရာများသို့ လိုက်သွားရန် လိုအပ်သည်။ စိတ်ဝင်စားသူ အနည်းငယ်သာရှိသဖြင့် စီမံချက်က မက်လုံးတစ်ခုအနေဖြင့် ထိုသို့ နေရာရွှေ့ပြောင်းသူကို ပျားအုံ ၂၀ ငှားရမ်းပေးခဲ့သည်။ ထိုပျားမွေးမြူသူသည် ယင်းပျားအုံများအပြင် မိမိကို အပ်နှံလိုက်သည့် အဖွဲ့ပိုင်ပျားအုံ များကိုလည်း စောင့်ရှောက်ရသည်။ ယင်းသည် ရွှေ့ပြောင်းနေသည့်အချိန်တွင် ထွက်ရှိသည့် အဖွဲ့ပိုင်ပျားအုံများမှ ပျားရည်များကို ယူမည်ဖြစ်သော်လည်း ကျန်းမာသန်စွမ်းသောပျားအုံများကို အဖွဲ့သို့ ပြန်ပေးရန် အာမခံရသည်။

၂၀၁၆ခုနှစ် ဆောင်းရာသီတွင် ပျားမွေးမြူသူ ၁၃ဦးသည် ပျားအုံများနှင့်အတူ ရွှေ့ပြောင်းနေကြသည်။ ယင်းတို့ကို အတွေ့အကြုံရှိသည့် စီးပွားဖြစ်ပျားမွေးနေသူများနှင့် ပျားမွေးမြူရေးဌာနမှ ကျွမ်းကျင်သူများက ညွှန်ပြပေးကြသည်။ ပျားမွေးမြူသူတစ်ဦးလျှင် ပျားအုံ ၅၀မှ ၇၀ထိ ကိုင်တွယ်နိုင်ပြီး စုစုပေါင်းပျားအုံ ၂၅၀ ပါဝင်သော အုပ်စုဖွဲ့ကာ လုပ်ကိုင်နေကြသည်။ ဝင်ငွေနှင့်ပတ်သက်၍ များစွာမျှော်လင့်ထားကြသည်။ ၂၀၁၅ခုနှစ် နှစ်ကုန် ပန်းနှမ်းရာသီတွင် ပျားအုံအရေအတွက်ကိုလိုက်၍ ပျားမွေးမြူသူတစ်ဦးလျှင် ကျပ်၄၀၀,၀၀၀ကျော် (ကန်ဒေါ်လာ ၃၃၃)ကို ၂လအတွင်း ရရှိနိုင်ခဲ့သည်။ အတွေ့အကြုံရှိလာပြီး ပျားအုံများ ပွားလာပါက တစ်နှစ်ပတ်လုံး ဝင်ငွေကောင်းလာနိုင်ပေမည်။ ပျားအုံများနှင့် ရွှေ့ပြောင်းသွားလာကာ အချိန်ပြည့်ပျားမွေးမြူမည့်သူများ နောက်ထပ် ထွက်ပေါ်လာမည်ဟု မျှော်လင့်ရသည်။

# ရှေ့ကို မျှော်ကြည့်လျှင် - တောင်တန်းဒေသ စီမံကိန်းအသစ်

တောင်တန်းဒေသ စီမံကိန်းမူဘောင်သည် ၂၀၁၅ခုနှစ် ဇန်နဝါရီလအတွင်းက ဆောင်ရွက်ခဲ့သော ကျယ်ပြန့်သည့် အစီရင်ခံစာကို အခြေခံကာ ဒီဇိုင်းရေးဆွဲထားသည်။[52] ၂၀၁၅ခုနှစ် ဇူလိုင်လအတွင်းတွင် အကြံအစည်တင်ပြချက်များကို တောင်းခံခဲ့ပြီး အောက်တိုဘာလအတွင်းတွင် အဆိုပြုလွှာများကို ကန့်သတ်ကာ ခေါ်ယူခဲ့သည်။ ၂၀၁၆ ခုနှစ် နှစ်ဆန်းတွင် ရန်ပုံငွေ ထောက်ပံ့ရန်အတွက် အဆိုပြုလွှာ ၆စောင်ကို ရွေးချယ်ခဲ့ရာ ဒေသခံ NGOများက တင်သွင်းသော အဆိုပြုလွှာ ၃စောင်လည်း ပါဝင်သည်။ စာချုပ်ချုပ်ဆိုရေးအတွက် ဆွေးနွေးလျက်ရှိသည်။

## ပဋိပက္ခမှ ထမြောက်လာသော နယ်မြေများ

တောင်တန်းဒေသအစီအစဉ်သစ်ဖြင့် LIFTသည် ပဋိပက္ခမှ ထမြောက်လာသော နယ်မြေများတွင် ပါဝင်ဆောင်ရွက်မည်။ အထူးသဖြင့် အိုးပစ်အိမ်ပစ် သွားလာရမှု၊ ထိခိုက်လွယ်မှု၊ အစိုးရကို မယုံကြည်မှုတို့ ကာလကြာ မြင့်စွာ တည်ရှိနေသော မြန်မာနိုင်ငံ

51 Guizotia abyssinica- အောက်တိုဘာ၊ ဒီဇင်ဘာလတို့တွင် ပန်းပွင့်သော ဆီထွက်သီးနှံပင်ဖြစ်၍ ရှမ်းပြည်နယ်၏ အဓိက ပျားစာပင် ဖြစ်သည်။

52 www.lift-fund.org/publications.

အရှေ့တောင်ပိုင်းနယ်မြေများတွင် ဖြစ်သည်။ ဒတ်ချ် အစိုးရမဟုတ်သော အဖွဲ့များ စုပေါင်းအဖွဲ့ (CDN) က အဖွဲ့အစည်းများကို ဦးဆောင်ကာ ကရင်ပြည်နယ် သံတောင်ကြီးရှိ ပဋိပက္ခကြောင့် နေရပ်စွန့်ခွာရှောင်တိမ်းနေထိုင်သူ (Internally Displaced Person - IDP)များကို အာဟာရဆိုင်ရာ၊ ရေနှင့်သန့်ရှင်းရေး ၊ စိုက်ပျိုးရေးဆိုင်ရာတို့ကို ထောက်ပံ့မည်။ ကရင်ဖွံ့ဖြိုးရေးကွန်ရက်(KDN)သည် တနသ်ာရီရှိ IDPများကို ကျွမ်းကျင်မှုသင်တန်းများနှင့် သယံဇာတစီမံခန့်ခွဲရေးတို့အတွက် ဦးတည်ဆောင်ရွက်မည်။ ဤနယ်မြေသစ်များတွင် အလုပ်လုပ်ရန်အတွက် LIFTသည် ထိတွေ့ ဆောင်ရွက်မှု စည်းမျဉ်းအသစ်များကို လိုအပ်သည့်အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုလည်း သတိထားရမည် ဖြစ်သည်။ လုပ်ငန်းစဉ်ကို လမ်းညွှန်မည့် LIFT နှင့် မိတ်ဖက်အဖွဲ့များ လိုက်နာရမည့် ပဋိပက္ခကို အလေးထားတုံ့ပြန်သော မူ ၁၂ ရပ်ကို LIFT က ချမှတ်ထားပြီး ဖြစ်သည်။[53]

## အသက်မွေးမှုသင်တန်း

တနသ်ာရီတွင် ထားဝယ်မြို့အနီး၌ KDNသည် ဒေသအာဏာပိုင်များနှင့် ပူးပေါင်းကာ အသက်မွေးမှုသင်တန်းဌာန တစ်ခုကို ထူထောင်မည်။ ယင်းသင်တန်းဌာနသည် ပဋိပက္ခကြောင့်၊ သွားလာမှုကန့်သတ်ချက်ကြောင့်၊ ဘာသာစကား၊ ပညာရေး၊ စီးပွားရေး အကန့်အသတ်တို့ကြောင့် အစိုးရ စက်မှုလက်မှုအထက်တန်းကျောင်းတွင် ပုံမှန် ပညာသင်ကြားခွင့် မရခဲ့သူတို့ကို ဦးတည်သည်။ ဤစီမံချက်သည် ဒုက္ခသည်စခန်းများတွင် KDNက ရရှိခဲ့သော အတွေ့အကြုံများကို အခြေခံမည်။

## အာဟာရ

မြောက်ပိုင်းချင်းပြည်နယ်တွင် LIFT၏ဆောင်ရွက်မှုများကို စီမံချက်သစ်များက ဆက်လက်ဆောင်ရွက်စေမည်။ အာဟာရ ဆိုင်ရာကို ခိုင်မာစွာ အာရုံစိုက်မည်ဖြစ်ပြီး အထူးသဖြင့် ကျား/မရေးရာကိစ္စရပ်များကို အာရုံစိုက်မည်။ Catholic Relief Services (CRS) သည် ပြည်တွင်းမိတ်ဖက်အဖွဲ့ ကရုဏာသာသနာပြုလူမှုရေးအဖွဲ့၊ Myanmar Institute of Integrated Development(MIID)တို့နှင့်အတူ ချင်းပြည်နယ်တွင် အာဟာရချို့တဲ့ခြင်း၏ အကြောင်းရင်းကို ကိုင်တွယ် ဆောင်ရွက်မည့်အပြင် အမူအကျင့်ပြောင်းလဲရေး သတင်းစကားပြောကြားမှုကိုလည်း ပြုလုပ်မည်။ CRSနှင့် ပူပေါင်း၍ CORADသည် အာဟာရဆိုင်ရာစွမ်းရည်များကို တည်ဆောက်မည်ဖြစ်ပြီး အာဟာရကို အလေးထားသော စီမံကိန်းရေးဆွဲမှုဖြစ်အောင် ဆောင်ရွက်မည်ဖြစ်သည်။ CDNသည် သံတောင်ကြီးတွင် အာဟာရဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး သတင်းစကားပြောကြားမှုနှင့် ရေနှင့် အာဟာရပြည့်ဝသော ရိက္ခာများ လက်လှမ်းမီရေးတို့ကို ထောက်ပံ့ပေးမည်ဖြစ်သည်။ IDPများကို ဦးတည်ကာ ပြည်သူ့ဝန်ဆောင်မှုများသို့ ယင်းတို့ လက်လှမ်းမီရေးကို အားဖြည့်ပေးမည်ဖြစ်သည်။

## စိုက်ပျိုးရေးပညာပေးခြင်းနှင့် တန်ဖိုးကွင်းဆက်များ

စီမံကိန်းအသစ်သည် သီးထွက်တိုးရန်၊ လုပ်ကွက်ငယ်တောင်သူများ အခွင့်အလမ်းသစ်များရှာဖွေနိုင်ရေးအတွက် ထောက်ပံ့ရန် ရည်ရွယ်သည်။ ဤအခွင့်အလမ်းသစ်များသည် နယ်မြေဒေသနှင့် ဈေးကွက်အခြေအနေကိုလိုက်၍ အကြီးအကျယ် ကွာခြား သည်။ CORADသည် မြစ်ဝကျွန်းပေါ်ဒေသတွင် GRET ရေးဆွဲဆောင်ရွက်ခဲ့သော "မလစက"နည်းကို သုံး၍ ပညာပေးရန် ထောက်ပံ့မည် ဖြစ်သည်။ MIIDသည် ပြည်နယ်စိုက်ပျိုးရေးကျောင်း/ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့နှင့် ပူးပေါင်းကာ စိုက်ပျိုးရေးပညာပေး လုပ်သားများကို မွေးထုတ်မည်ဖြစ်ရာ အာဟာရဆိုင်ရာ နှင့် စီးပွားရေးသုံးသပ်မှုတို့ ပါဝင်သော သင်ရိုးညွှန်းတမ်းတစ်ခုကို တောင်တန်းဒေသနှင့် ကိုက်ညီအောင် ရေးဆွဲပြုစုလျက်ရှိသည်။ သင်တန်းသားများသည် တောင်သူများနှင့်အတူ သရုပ်ပြလယ်ယာများတွင် အလုပ်လုပ်ကိုင်ခွင့်ရရှိမည်။

တောင်တန်းဒေသတွင် ဈေးကောင်းရမည့်သီးနှံများနှင့် ကိုက်ညီသည့် ရေမြေအခြေအနေ အမျိုးမျိုးရှိသည်။ အခွင့်အလမ်းနှင့် ဈေးကွက်လက်လှမ်းမီမှု ရှိသည့်နေရာများတွင် ထုတ်လုပ်သူအုပ်စုများနှင့်အတူ တန်ဖိုးကွင်းဆက် ကောင်းမွန်ရေးအတွက် မိတ်ဖက်အဖွဲ့များက လုပ်ဆောင်မည်၊ CORAD သည် ပိန်းဥ၊ ချင်း၊ ကြက်သွန်နီ၊ စပျစ် တို့ကို စိုက်ပျိုးသည့် တောင်သူအုပ်စုများက ဈေးကွက်ဆိုင်ရာ ကိစ္စများ၊ အရည်အသွေးကောင်းမွန်ရေး၊ ဈေးကွက်တင်သည့် နည်းလမ်းများကို နားလည်စေရန် ထောက်ပံ့မည်။ CDN နှင့် SNV တို့သည် သံတောင်ကြီးဒေသ၏ ပင်မသီးနှံဖြစ်သည့် ဖာလာစေ့၏ တန်ဖိုးကွင်းဆက်တွင် ပါဝင်နေသော တောင်သူများ နှင့် ကုန်သည်များကို ထောက်ပံ့မည်။ ကချင်နှင့် မြောက်ပိုင်းရှမ်းပြည်နယ်တို့တွင် မေတ္တာဖောင်ဒေးရှင်းသည် တောင်သူအုပ်စုများကို ယင်းတို့၏ သြဂဲနစ်သီးနှံများကို တန်ဖိုးမြင့် ဈေးကွက်များသို့ လက်လှမ်းမီစေရန် ပြင်ဆင်သည့် အလုပ်ရုံငယ်များကို ထူထောင်ရန် ထောက်ပံ့မည်။

53 တောင်တန်းဒေသမူဘောင်နှင့် ပဋိပက္ခကို အလေးမူသော မူများကို www.lift-fund.org/programmes တွင် ဖတ်နိုင်သည်။



# ၃.၄ ရခိုင်ဒေသ





## ခြုံငုံဖော်ပြချက်

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှု အနည်းဆုံး နယ်မြေတစ်ခု ဖြစ်သည်။ လူထု ၇၈ရာခိုင်နှုန်းသည် တစ်နေ့လျှင် ကန်ဒေါ်လာ ၁.၂၅အောက်သာ ဝင်ငွေရရှိကြသည်။[54] UNICEF ၏ နောက်ဆုံးစစ်တမ်းအရ ရခိုင်ပြည်နယ်ရှိ ၅နှစ်အောက် ကလေးအားလုံး၏ ထက်ဝက်ခန့်သည် ပုညှက်နေသည်ဟု သိရသည်။[55] ဤကမ်းရိုး တန်းဒေသသည် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခြင်း၊ မိုးကြီးခြင်း စသော ပြင်းထန်သည့်ရာသီဥတုဒဏ်ကို ခံစားရသည်။ ၂၀၁၅ခုနှစ်ဇူလိုင်လတွင် ကိုမန် ဆိုင်ကလုန်းဒဏ်ကြောင့် လူသောင်းနှင့်ချီကာ အိုးအိမ်မဲ့ခဲ့ရပြီး စပါးသီးနှံများ လုံးဝပျက်စီးခဲ့ရသည်။

ဆန်စပါးသည် ရခိုင်ဒေသ၏ ပင်မသီးနှံ ဖြစ်သော်လည်း အထွက်နှုန်းနည်းပြီး အရည်အသွေးညံ့သည်။ ဆားငန်ရေ တိုးဝင်ခြင်း၊ စိုက်ပျိုးနည်း မထိရောက်ခြင်း၊ ရိတ်သိမ်းချိန်လွန် နည်းနာများနှင့် ကိရိယာများ ညံ့ဖျင်းခြင်းတို့ကြောင့် ဖြစ်သည်။ စည်းကမ်းနှင့်ညီညွတ်သော ငွေကြေးဝန်ဆောင်မှုသို့ လက်လှမ်းမီမှုမှာ အလွန်နည်းပါးသည်။ ကျေးရွာများမှာသီးခြား တည်ရှိနေသောကြောင့် တောင်သူများသည် စပါးဈေးကျ သည့် စပါးပေါ်ချိန်တွင် ရောင်းချကြရသည်။အကြောင်းမှာ သိုလှောင်ရုံ များမရှိခြင်း၊ ဈေးကွက်နှင့် လက်လှမ်းမမီခြင်းတို့ ကြောင့် ဖြစ်သည်။ ဆင်းရဲမှု တာရှည်ခြင်းလူမှုရေး ပဋိပက္ခများ ဖြစ်ပွားလာခြင်း တို့ကြောင့် ရခိုင်ဒေသမှအပြီးအပိုင် ရွှေ့ပြောင်း သွားသူ တိုးပွားနေသည်။



ပုံ ၃.၆ ။ ၂၀၁၅ ခုနှစ် ရခိုင်ဒေသရှိ LIFT ၏ လုပ်ဆောင်မှု

ရခိုင်ဒေသတွင် အကူအညီပေးမည့် အဖွဲ့အစည်းများ လုပ်ငန်းဆောင်ရွက်ရန် အလွန်ခက်ခဲသည်။ ရပ်ရွာများသည် ပြန့်ကျဲနေပြီး အထူးသဖြင့် မိုးရာသီတွင် သွားရောက်ရန် မလွယ်ကူပေ။ မုန်တိုင်းများကြောင့် တယ်လီဖုန်းနှင့် အင်တာနက် အဆက်အသွယ်များ ပြတ်တောက်နိုင်သည်။ ရေလမ်းခရီးမှာ စိတ်မချရဘဲ ကုန်းလမ်းခရီးမှာလည်း သွားလာ၍ မရနိုင်ပေ။ နောက်စိန်ခေါ်မှုတစ်ခုမှာ လူများစုဗုဒ္ဓဘာသာဝင်များနှင့် လူနည်းစု မူဆလင်ဘာသာဝင်တို့၏ လူမျိုးရေးအကြမ်းဖက်မှု ဖြစ်သည်။ ရခိုင်ဒေသရှိ အချို့လူတို့သည် NGOများက မူဆလင်တို့ကိုသာ မျက်နှာသာပေးသည်ဟု မြင်နေကြပြီး နိုင်ငံတကာအဖွဲ့အစည်းများကို ဦးတည်အဖြစ် ထားလာသဖြင့် ၂၀၁၄ခုနှစ် မတ်လအတွင်းတွင် ကုလသမဂ္ဂအဖွဲ့နှင့် NGOများက မိမိတို့၏ ကွင်းဆင်းဝန်ထမ်းများကို ပြန်ခေါ်ယူခဲ့ရသည်။ ဝန်ထမ်းအများစုတို့မှာ ရခိုင်ဒေသသို့ ပြန်လာပြီးဖြစ်သော်လည်း လုပ်ငန်းအခြေအနေမှာ ခက်ခဲနေဆဲ ဖြစ်သည်။

# ၂၀၁၅ ခုနှစ်မှ စိတ်ဝင်စားဖွယ်များ

## တက်လမ်းစီမံကိန်း

၂၀၁၃ခုနှစ်တွင် ဂီရိဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံ ရွာ ၂၂၁ရွာမှ လူတစ်သိန်းခွဲ၏ အသက်မွေးမှုကို ကောင်းမွန်စေရန် ဆောင်ရွက်မည့် တက်လမ်း၏ စီမံကိန်းကို LIFTက ငွေကြေးထောက်ပံ့ခဲ့သည်။ တက်လမ်းစီမံကိန်း ပထမအဆင့် (၂၀၁၃-၂၀၁၅)သည် ကျောက်ဖြူ၊ ပေါက်တော၊ မင်းပြား၊ မြေပုံမြို့နယ်များမှ ရပ်ရွာလူထု ဝင်ငွေတိုးစေရန်၊ ရိက္ခာဖူလုံစေရန် ကြံ့ကြံ့ခံနိုင်ရန်အတွက် ဦးတည် ဆောင်ရွက်ခဲ့သည်။ ဆောင်ရွက်ခဲ့သည့်ကဏ္ဍများတွင် စိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ ငွေကြေးဝန်ဆောင်မှုတို့အပြင် ဘုံအဖြစ် ပါဝင်နေသော အစိုးရနှင့် ထိတွေ့ဆောင်ရွက်မှု၊ ကျားမရေးရာ တန်းတူညီမျှမှုလည်း ပါဝင်သည်။ တက်လမ်းအဖွဲ့တွင် နိုင်ငံတကာ ကယ်ဆယ်ရေးကော်မတီ International Rescue Committee (IRC) ၊ Save the Children၊ Oxfam ၊ နှင့် ပြည်တွင်း NGOတစ်ခုဖြစ်သော Better Life Organization (BLO) တို့ ပါဝင်သည်။ CARE က တက်လမ်းအတွက် M&E ကို ဆောင်ရွက်ပေးသည်။ တက်လမ်းအဆင့်၂သည် ၂၀၁၆ခုနှစ်တွင် စတင်ပြီး ၂၀၁၈ခုနှစ်တွင် အဆုံးသတ်မည်။ တက်လမ်းအဆင့်၂ သည် နောက်ထပ်ရွာများသို့ တိုးချဲ့မည်ဖြစ်ပြီး အာဟာရနှင့် တကိုယ်ရည်သန့်ရှင်းရေးကို အာရုံစိုက်မည်။

54 "မြန်မာ။ ဆင်းရဲမှုကို အဆုံးသတ်ခြင်း၊ အကူးအပြောင်းကာလတွင် ကြီးပွားမှုကို မျှဝေခြင်း" ကမ္ဘာ့ဘဏ် အုပ်စု(၂၀၁၄)

55 UNICEF (၂၀၁၃)၊ ရခိုင်ပြည်နယ်၊ ကလေးများ၏ ကျန်းမာချမ်းသာမှု လျှပ်တပြက်ခြုံငုံသုံးသပ်ချက်

*ဇယား ၃.၅ ။ ၂၀၁၅ ခုနှစ် ရခိုင်ပြည်နယ်ရှိ LIFT အထောက်အပံ့ခံ စီမံချက်များ*

| | မိတ်ဖက်အဖွဲ့ | နေရာ | အဓိက ဆောင်ရွက်ချက်များ |
|---|---|---|---|
| ၁ | Better Life Organization (BLO) | ကျောက်ဖြူ | အုပ်ချုပ်မှုပိုင်းဆိုင်ရာ၊ ငါးလုပ်ငန်းများ |
| ၂ | CARE International | ကျောက်ဖြူ ပေါက်တော၊ မင်းပြား၊ မြေပုံ | တက်လမ်းစီမံကိန်းကို စောင့်ကြည့် အကဲဖြတ်ခြင်း |
| ၃ | CARE International | ရသေ့တောင် | စိုက်ပျိုးရေး၊ သစ်တော၊ လူမှုရေးတွင် အားလုံး ပါဝင်စေမှု |
| ၄ | International Rescue Committee (IRC) | ကျောက်ဖြူ ပေါက်တော၊ မင်းပြား၊ မြေပုံ | စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံ၊ အာဟာရ၊ ရေနှင့်သန့်ရှင်းရေး ၊ အုပ်ချုပ်မှု |
| ၅ | International Rescue Committee (IRC) | မင်းပြား၊ မြေပုံ | စိုက်ပျိုးရေးအခြေခံအဆောက်အအုံ၊ အာဟာရ၊ ရေနှင့်သန့်ရှင်းရေး ၊ အုပ်ချုပ်မှု |
| ၆ | Oxfam GB | ကျောက်ဖြူ | အုပ်ချုပ်မှု၊ ငါးလုပ်ငန်း |
| ၇ | Save the Children | ပေါက်တော | စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံ၊ အာဟာရ၊ ရေနှင့်သန့်ရှင်းရေး ၊ အုပ်ချုပ်ရေး |

*ဇယား ၃.၆ ။ ၂၀၁၅ ခုနှစ် တက်လမ်းစီမံကိန်း၏ အောင်မြင်မှုကောက်နုတ်ချက်*

| လုပ်ငန်း | ၂၀၁၃ နှစ်ကုန် | ၂၀၁၄ နှစ်ကုန် | ၂၀၁၅ နှစ်ကုန် | ရည်မှန်းချက် (ဖေ/၂၀၁၇) | ပြီးစီးမှု% | အမျိုးသမီး % |
|---|---|---|---|---|---|---|
| ဖွဲ့စည်းပြီးသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အရေအတွက် | ၈၀ | ၁၅၁ | ၁၇၅ | ၂၁၄ | ၈၂ % | ၂၉ % (အဖွဲ့ဝင်) |
| တည်ဆောက်ပြီးတာရိုး ကီလိုမီတာ | - | ၄၈ | ၁၄၈ | ၁၂၈ | ၁၁၆ % | - |
| အလုပ်နှင့်ငွေဖလှယ်သည့် ရေကန် နှင့် တာရိုးပြုပြင်ရေးတွင် ပါဝင်သည့် လူဦးရေ | - | ၆,၇၆၅ | ၂၆,၁၄၃ | ၃၃,၀၃၀ | ၇၉ % | ၅၈ % (ပါဝင်သူ) |
| ကုန်ထုတ်လုပ်မှု သင်တန်းဆင်း ဦးရေ | ၂၀၁ | ၇,၇၅၃ | ၂၀,၄၂၆ | ၂၃,၃၁၉ | ၈၈ % | ၂၇ % (ပါဝင်သူ) |
| ကိုယ်ဝန်ဆောင်နှင့် ၂ နှစ်အောက် ကလေးများသို့ ငွေထောက်ပံ့ခြင်း | - | ၆၉၇ အိမ်ထောင်စု ၂၅၃ | ၆,၄၀၂ အိမ်ထောင်စု ၇၄၄ | ၅,၀၄၀ | ၁၂၇ % | ရာနှုန်းပြည့် |
| ငါးဖမ်းရန် အထောက်အပံ့ရရှိသည့် အိမ်ထောင်စုဦးရေ | ၆၃၇ | ၆,၀၉၂ | ၂၀,၆၅၆ | - | - | ၂၀ % |
| ထူထောင်ပြီး ကျေးရွာ ငွေစု/ချေး အသင်းအရေအတွက် | ၁၁ သင်း ၃ ရွာ | ၁၆၂ သင်း ၈၄ ရွာ | ၂၁၀ သင်း ၁၁၅ ရွာ | ၂၁၄ ရွာ | ၅၄ % | ၈၂ % (အဖွဲ့ဝင်) |

## အာဟာရ၊ ရက်၁၀၀၀ မိခင်သို့ ငွေကြေးထောက်ပံ့မှုကို တိုးချဲ့ခြင်း

အာဟာရမြှင့်တင်ရေးလှုပ်ရှားမှု (Scaling Up Nutrition movement) နှင့်အညီ LIFT သည် ကလေးများပုညှက်မှုကို လျှော့ချရန် အာရုံစိုက်ခဲ့သည်။ အစားအသောက်ကောင်းမွန်ရေးနှင့် ကျန်းမာရေးတိုးတက်မှုအတွက် ငွေကြေးထောက်ပံ့ခြင်းသည် တက်လမ်း၏ ဆန်းသစ်တီထွင်မှုအရှိဆုံး လုပ်ဆောင်ချက်ဖြစ်သည်။ ၂၀၁၄ခုနှစ် နှောင်းပိုင်းတွင် Save the Children အဖွဲ့သည် ရခိုင်ဒေသရှိ မိခင်များသို့ ငွေကြေးထောက်ပံ့သည့် အစီအစဉ်အသစ်တစ်ခုကို ရှေ့ပြေး ဆောင်ရွက်ခဲ့သည်။ မိခင်များကို လစဉ် ငွေကျပ် ၁၃,၀၀၀(ကန်ဒေါ်လာ ၁၁) ထောက်ပံ့သည်။ ကလေးငယ်၏ဘဝ ပထမ ရက်၁၀၀၀(သန္ဓေသားဘဝမှ နှစ်နှစ်မြောက်မွေးနေ့အထိ)အတွင်း အာဟာရပြည့်ဝသော အစားအစာနှင့် ကျန်းမာရေးဝန်ဆောင်မှုကို လက်လှမ်းမီစေရန် ဖြစ်သည်။ ဤအချိန်သည် ကြီးထွားမှုနှင့် အသိဉာဏ်ဖွံ့ဖြိုးမှု အတွက် အရေးအကြီးဆုံးအချိန် ဖြစ်သည်။ ထို့ပြင် ကလေးများကို ၆လသားအရွယ် မှစ၍ အစားသောက်အစုံအလင် ကျွေးမွေးရန် အရေးကြီးကြောင်းကိုလည်း မိခင်များကို ပညာပေးသည်။

၂၀၁၅ခုနှစ်အတွင်း ရက်၁၀၀၀အစီအစဉ်၏ ထိရောက်မှုကို ကျပန်းထိန်းချုပ်စမ်းသပ်မှုဖြင့် တိုင်းတာခဲ့သည်။ စီမံချက်ပြင်ပ အလားတူရွာ ၁၅ရွာမှ အမျိုးသမီးများကို အာဟာရနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ပညာပေးသည်။ နောက် ၁၅ ရွာတွင်မူ ငွေကျပ် ၁၃,၀၀၀ နှင့်အတူ ကျန်းမာရေးနှင့်သက်ဆိုင်သော အမူအကျင့်ပြောင်းလဲရေးဆိုင်ရာ ပညာပေးမှု ကိုပါ ဆောင်ရွက် သည်။ စောစောပိုင်းရရှိသော အရည်အချင်းဆိုင်ရာရလဒ်တို့မှာ အားရဖွယ် ဖြစ်သည်။ ငွေကြေးနှင့်အတူ ပညာပေးမှုများကို ရရှိသော မိခင်များသည် စီမံချက်ပြင်ပ အလားတူအုပ်စုဝင် မိခင်များထက် ထွားကြိုင်းသော ကလေးများကို မွေးဖွားကြသည်။ ထို့ပြင် ဤအုပ်စုဝင်များတွင် မိခင်နို့ကိုသာ တိုက်ကျွေးမှုမှာ နှစ်ဆတက်လာပြီး ပုညှက်မှုမှာလည်း ၅ ရာခိုင်နှုန်းလျော့သွားသည်။

## ငါးလုပ်ငန်း

ရခိုင်ဒေသမှ လယ်မဲ့မြေမဲ့မိသားစုများစွာ အတွက် ငါးဖမ်းခြင်းသည် ပင်မဝင်ငွေရလမ်းပင် ဖြစ်သည်။ သို့သော် အလွန်အကျွံ ငါးဖမ်းမှုနှင့် ပတ်ဝန်းကျင် ပျက်စီးလာမှုကြောင့် ငါးလျော့နည်းလာသဖြင့် ရေလုပ်သားများမှာ မိသားစုများကို ဝလင်အောင်ကျွေးရန် ခက်လာသည်။ ၂၀၁၃ခုနှစ်မှစတင်ကာ တက်လမ်းသည် အခြားအဖွဲ့အစည်းများနှင့်အတူ ရခိုင်ပြည်နယ်အစိုးရနှင့် လက်တွဲကာ ငါးအရင်းအမြစ်ကို ကောင်းမွန်စွာ ကိုင်တွယ်နိုင်မည့် ဥပဒေ ရေးဆွဲရန် ဆောင်ရွက်ခဲ့သည်။ ၂၀၁၄ခုနှစ် ဩဂုတ်လတွင် အစိုးရသည် *ရခိုင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေ*ကို ပြဋ္ဌာန်းလိုက်သည်။ အဓိကအပြောင်းအလဲမှာ အောင်မြင်သော ရေလုပ်သားကြီးများကသာ ငါးဖမ်းခွင့်ကို ဝယ်ယူနိုင်ခွင့်ရှိသော တင်ဒါစနစ်ကို အဆုံးသတ်နိုင်ခြင်း ဖြစ်သည်။ ထို့ပြင် ဤဥပဒေအရ ရပ်ရွာရေလုပ်ငန်းအုပ်စုများကို ဖွဲ့စည်းလာနိုင်သည်။ ယင်းတို့၏ အရင်းအမြစ်များကို ထိန်းသိမ်းကြပ်မတ်နိုင်ခွင့်ကို ရွာသားများသို့ ပေးထားသည်။ ယင်းတို့တွင် ပိုက်ကွက် အရွယ်အစား သတ်မှတ်ခြင်း၊ ငါးဖမ်းဇုန်များ တည်ဆောက်ခြင်း၊ ငါးမျိုးပွားချိန် သုံးလ အတွင်း ငါးဖမ်းခွင့်ပိတ်ပင်ခြင်းတို့ ပါဝင်သည်။

၂၀၁၅ခုနှစ်အတွင်းတွင် တက်လမ်းသည် ဤဥပဒေကို အကောင်အထည်ဖော်ရာတွင် လိုအပ်သော နည်းဥပဒေများကို ပြဋ္ဌာန်းရန် အစိုးရကို ထောက်ပံ့ခဲ့သည်။ တတိယမူကြမ်းမှာ ဆွေးနွေးဆဲဖြစ်သည်။ တက်လမ်း၏ လုပ်ဖော်ကိုင်ဖက် များ အားလုံးနှင့် မိတ်ဖက်အဖွဲ့ခွဲဖြစ်သော Network Activities Group တို့သည် ကျောက်ဖြူ၊ ပေါက်တော၊ မြေပုံမြို့နယ်တို့တွင် ရေလုပ်သားများကို ငါးဖမ်းဇုန်များ တည်ထောင်ရန် ဆောင်ရွက်ခဲ့ပြီး မိမိတို့၏အရင်းအမြစ် တို့ကို စီမံခန့်ခွဲရာတွင် အကြံပေးခဲ့ကြသည်။ ဤနှစ်အတွင်းတွင် လူပေါင်း ၅၅၄ဦး တို့သည် ငါးပိုမိုဖမ်းမိနိုင်စေရန်၊ ဖမ်းမိပြီး ငါးများကို ကောင်းမွန်စွာ ထုတ်လုပ်နိုင်စေရန်၊ ဈေးကွက်တင်နိုင်ရန် သင်တန်းတက်ခဲ့ကြသည်။ ဖမ်းမိပြီးနောက်ပိုင်း ထုတ်လုပ်နည်းများကို သိရှိလာသောကြောင့် ရေလုပ်သားငယ်များသည် ဝင်ငွေနှစ်ဆ တိုးတက်လာသည်။ ပုစွန်မွေးမြူရေး၊ ရွှံ့ဂဏန်း အသားတိုးမွေးမြူရေး၊ ဒီရေတောနှင့် လိုက်လျောသော စိုက်ပျိုးရေးဆိုင်ရာသင်တန်းများသို့ ရွာသား ၁၂၀ တက် ရောက်ခဲ့ကြသည်။

## ဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် ကြံ့ကြံ့ခံနိုင်မှု

ကျယ်ပြန့်သော ဘင်္ဂလားပင်လယ်အော်၏ ကမ်းရိုးတန်းပေါ်တွင် တည်ရှိနေသဖြင့် ရခိုင်ပြည်နယ်သည် ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းများနှင့် ရေကြီးခြင်းဒဏ်ကို အတားအဆီးမရှိ ရင်ဆိုင်နေရသည်။ တက်လမ်းအဖွဲ့သည် လယ်ကွင်းများသို့ ဆားငန်ရေမဝင်စေရန်နှင့် သောက်သုံးရေကို ကာကွယ်ပေးရန် တာရိုးများကို တည်ဆောက်ရန် အလုံအလောက် ရင်းနှီးမြှုပ်နှံခဲ့သည်။ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်များတွင် စပါးစိုက်ဧက ၂၂၀၀၀ ကျော်ကို ကာကွယ်ရန် ရေတံခါး ၃၁ခု ပါဝင်သည့် ရေကာတာ ၁၄၈ကီလိုမီတာကို တည်ဆောက်ခဲ့သည်။ ဤအလုပ်အတွက် လူပေါင်း ၂၅,၀၀၀ ကို အလုပ်နှင့်ငွေ ဖလှယ်သည့် အစီအစဉ်ဖြင့် အလုပ်ပေးနိုင်ခဲ့သည်။ ဇူလိုင်လတွင် တိုက်ခတ်ခဲ့သော ကိုမန်မုန်တိုင်းဒဏ်ကို ဤတာရိုးများ၏ ၉၄ရာခိုင်နှုန်း ဖြစ်သော ၁၃၉ကီလိုမီတာတို့က ခံနိုင်ခဲ့သည်မှာ အားရဖွယ်ပင် ဖြစ်သည်။ မုန်တိုင်းဒီရေလှိုင်းတက်မှုကြောင့် ရေတွင်းရေကန်၇၀မှာ ပျက်စီးခဲ့ရသည်။ တက်လမ်းအဖွဲ့သည် အလုပ်နှင့်ငွေဖလှယ်သည့်နည်းဖြင့် အလုပ်သမား ၃၉၆၇ ဦး ကို ငှားရမ်းကာ မိုးရေအချိန်မီ ခံယူနိုင်အောင် ပြင်ဆင်ခဲ့ကြသည်။

## အုပ်ချုပ်မှု ပါဝင်ဆောင်ရွက်မှု တာဝန်ခံမှု

တက်လမ်းသည် ကျေးရွာများကိုယ်တိုင် ဖွံ့ဖြိုးရေးကော်မတီများကို ရွေးချယ်ရန် အားပေးထောက်ခံခဲ့သည့်အပြင် အမျိုးသမီး များကိုလည်း ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်ရန် အားပေးခဲ့သည်။ ၂၀၁၅ခုနှစ်ကုန်တွင် ဤကော်မတီ ၁၇၅ ခုတို့ ဖွဲ့စည်းခဲ့ပြီး အိမ်ထောင်စု ၇၇ရာခိုင်နှုန်းသည် ဆုံးဖြတ်ချက်ချမှတ်ရာတွင်နှင့် ရပ်ရွာစီမံချက်ရေးဆွဲရာတို့တွင် ပါဝင်ခဲ့ကြောင်း တင်ပြကြသည်။ ပါဝင်သူတို့၏ ၆၅ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်သည်။

# မိခင်အသစ်များကို ထောက်ပံ့ခြင်း



၆လသမီး စုလတ်နွယ်သည် မြူးကြွလှုပ်ရှားသော ကလေးငယ်တစ်ဦးဖြစ်ပြီး သူစိတ်ထဲတွင်ရှိသည်များကို စီကနဲ ညံကနဲ အော်၍ အသံပြုတတ်သည်။ ၎င်း၏ညာလက်မှာ ပုံမှန်မဟုတ်သည့်ပုံဖြင့် မွေးလာသော်လည်း ဘ၀အစတွင် ကျန်းကျန်းမာမာဖြင့် လျှောက်လှမ်းနေသည်။

စုလတ်၏မိခင် အေးအေးနွယ်သည် ရခိုင်ပြည်နယ် လွမ်းဦးရွာမှ မိခင်အချင်းချင်းအထောက်အကူပြုအုပ်စု၀င် ဖြစ်ပြီး LIFT၏ တက်လမ်း မိခင်များသို့ ငွေထောက်ပံ့ရေးအစီအစဉ်၏ ထောက်ပံ့မှုကို ရရှိခဲ့သည်။ အေးအေးနွယ် သည် စုလတ်ဘ၀၏ ပထမရက်၁၀၀၀အတွက် လစဉ်ငွေကျပ် ၁၃,၀၀၀ကို ရရှိခဲ့သည်။ ဤထောက်ပံ့ငွေကြောင့် အေးအေးနွယ်သည် ကိုယ်၀န်ဆောင်စဉ်အတွင်း အာဟာရကောင်းစွာ ပြည့်၀ခဲ့ပြီး စုလတ်ကို ၆လတိတိ မိခင်နို့ကိုသာ တိုက်ကျွေးခဲ့ပြီးနောက် အာဟာရပြည့်၀သော အစာများကို ကျွေးမွေးနိုင်မည်ဖြစ်သည်။

သို့သော်ကိုယ်၀န်ဆောင်များ၊နို့စို့ကလေးများ၊ကလေးငယ်များ၏အစားအသောက်ကိုအစဉ်အလာများ၊အယူအစွဲများကသတ်မှတ်ထားတတ်ကြသည်။ ဖွားအေများ၊ လူကြီးများက မွေးများအတွက် မည်သည်က အကောင်းဆုံး ဖြစ်သည်ကို သိရှိသည်ဟု ဆိုတတ်ကြသည်။ တက်လမ်းအစီအစဉ်သည် ရခိုင်ပြည်နယ်တွင် ပုညက်မှုကိုဖြစ်စေသည့် အမြင်များကို စိန်ခေါ်ခဲ့ရသည်။ ကလေးမွေးပြီး တစ်လအတွင်း မိခင်များကို ထမင်းနှင့်ဆားကိုသာ စားစေခြင်း၊ မွေးစကလေးများကို မိခင်နို့နှင့် ဆန်မှုန့်ကို ရော၍ကျွေးခြင်း စသည်တို့ကို စိန်ခေါ်ခဲ့ရသည်။

ယနေ့တွင် တက်လမ်းအစီအစဉ်လက်ထောက် မာမာစိုးသည် မိခင် ၁၆ယောက်ကို နို့ဦးရည်၏ အရေးပါပုံကို ပြောပြနေသည်။ မိခင်နို့သည် အလွယ်တကူရရှိသဖြင့် တန်ဖိုးရှိကြောင်း ဆွေးနွေးကြသည့်အပြင် ရနိုင်သော အခြားနို့များ အကြောင်းကိုလည်း ငြင်းခုံကြသည်။ ယင်းတို့တွင် ဆိတ်နို့၊ နွားနို့၊ ကျွဲနို့၊ နို့ဆီ၊ ကလေးနို့မှုန့်တို့ ပါ၀င်ကြသည်။ ကလေးနို့မှုန့်ကို ရေနှင့် ရောစပ်ရမည်ဖြစ်ရာ ယင်းရေမှာ မသန့်စင်နိုင်သဖြင့် မိခင်များက အမှတ်အနည်းဆုံးသာ ပေးကြသည်။

ဤစီမံချက်၏ ထောက်ပံ့ငွေကို ရရှိသော ကလေးငယ်များ အကျိုးရှိသည်မှာ သံသယဖြစ်စရာ မရှိပေ။ သူတို့သည် ၀၀လင်လင်စားသုံးရပြီး အင်အားအပြည့်အ၀ရှိကြသည်။ သူ့ခင်ပွန်း ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်နေသောကြောင့် အေးအေးနွယ်သည် မိခင်နှင့်အတူ နေရသည်။ တစ်နှစ်လျှင် ၄ကြိမ် အိမ်သို့ ငွေပို့ပေးသော်လည်း ဤထောက်ပံ့ငွေမရမီက အေးအေးနွယ်သည် အာဟာရပြည့်၀သော အစားအသောက်များကို မစားသောက်နိုင်ခဲ့ပေ။ မိခင်အချင်းချင်း အထောက်အကူပြုအဖွဲ့၀င်ဖြစ်သောကြောင့် ယခုအခါ ယုံကြည်မှုနှင့် အသိအမြင် တိုးတက်လာပြီ ဖြစ်သည်။ "အရင်တုန်းကဆိုရင် တခြားသူတွေကို စကားမပြောရဲဘူး၊ ဒါပေမဲ့ ဆရာ မေးတာတွေကို ဖြေနိုင်မှန်း သိလာတော့ ရဲလာတယ်။ ကလေးမွေးပြီးတာနဲ့ ထမင်းကို ကြက်ဥနဲ့ စားနိုင်တယ်။ ကလေးကို အမေ့နို့ပဲ တိုက်တယ်"ဟု အေးအေးနွယ်က ပြောသည်။ စုလတ်၏လက်ကို ပါရဂူနှင့် ပြရန် ငွေစုနေသည်။

တက်လမ်းသည် မြို့နယ်အာဏာပိုင်များနှင့် ဒေသခံအစိုးရဌာနများ၏ ဆက်သွယ်မှုနှင့် ၀န်ဆောင်မှုတို့ကို ပိုမို ထိရောက်စေရန်အတွက် လုပ်ဆောင်နေသည်။ ကျေးရွာ အခြေခံအဆောက်အအုံ စီမံချက်များ ပြီးဆုံးသောအခါ တွင် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာအစိုးရဌာနများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများသို့ ထိန်းသိမ်းရေး နှင့် ဆောက်လုပ်ရေးဆိုင်ရာ လက်စွဲစာစောင်များကို လွှဲပြောင်းပေးအပ်ရန် အခမ်းအနားများ ကျင်းပကြသည်။ ဤ အခြေခံအဆောက်အအုံကို ထိန်းသိမ်းရန် ရွာအချင်းချင်း၊ မြို့နယ်နှင့်ပြည်နယ်အဆင့် အုပ်ချုပ်သူများအချင်းချင်း ကွန်ရက်များ ဖွဲ့ရန်၊ ပူးပေါင်းဆောင်ရွက်ရန် တာ၀န်ရှိမှုကို မျှဝေယူရန် လူတိုင်းကို ကတိက၀တ်ပြုစေသည်။

၂၀၁၅ခုနှစ်တွင် ရခိုင်ပြည်နယ်လွှတ်တော်၊ ပြည်နယ်ဌာနများ၊ မြို့နယ်များ၊ ကျေးလက်ဖွံ့ဖြိုးရေးကော်မတီများမှ ကိုယ်စားလှယ်စုစုပေါင်း ၁,၂၅၇ဦးသည် အုပ်ချုပ်မှု၊ လူမှုရေးဆိုင်ရာ တာ၀န်ခံမှု၊ ခေါင်းဆောင်မှုဆိုင်ရာ သင်တန်း၊ ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ကြသည်။ တက်လမ်းအစီအစဉ်နှင့်သက်ဆိုင်သော အစိုးရဌာနများ၊ နည်းပညာရုံးများမှ အရာထမ်းများနှင့် အပြန်အလှန်ဆက်ဆံမှုရှိသည်ဟု ရပ်ရွာ ၅၀ရာခိုင်နှုန်းက တင်ပြခဲ့သည်။

### ဆက်သွယ်မှု

ရခိုင်လူထုက တက်လမ်းကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံရေးအတွက် အားပေးရန် ဩဇာအာဏာရှိသော *ရခိုင် နေရှင်နယ်ရာ* သတင်းဂျာနယ်တွင် တက်လမ်းစီမံကိန်းနှင့် ပတ်သက်၍ လစဉ် စာတစ်မျက်နှာစာ ဖော်ပြရန် သဘောတူခဲ့သည်။ ဆောင်းပါးများကိုလည်း *မြန်မာတိုင်း*သို့ ပေးပို့ခဲ့ပြီး သတင်းစာဆရာများကိုလည်း လုပ်ငန်းခွင် သို့ ခေါ်ဆောင်သွားကာ မြန်မာ့ကျေးလက်တွင် ကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် ဆင်းရဲနွမ်းပါးမှုကို မြို့ပေါ်ရှိ ဆုံးဖြတ်ချက်ချမှတ်သူများကို ပိုမိုနားလည်စေခဲ့သည်။ ရန်ကုန်သတင်းစာသင်တန်းကျောင်း၊ ဘီဘီစီ၊ လူ့အခွင့်အရေး ရုပ်ရှင်ကွန်ရက်တို့နှင့် ဆက်ဆံရေးကြောင့် တက်လမ်းနှင့် ရခိုင်ကျေးလက်လူထုတို့ကို စိတ်ဝင်စားလာစေသည်။

နှစ်ဘာသာဖြင့်ရေးသားထားသော လက်ကမ်းစာစောင်များ၊ သတင်းအချက်အလက်များကို မြို့နယ်နှင့် ပြည်နယ် အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ၊ မီဒီယာ၊ ရခိုင်ပြည်နယ်တွင် လုပ်ကိုင်နေသော NGO များသို့ ဖြန့်ဝေခဲ့သည်။ ဤစီမံကိန်းလက်အောက်တွင် အကောင်အထည်ဖော်နေသော စီမံချက်အမျိုးမျိုးကို နားလည် စေရန်ဖြစ်သည်။ ငွေရေးကြေးရေးဆိုင်ရာနှင့် ငွေစုဆောင်းခြင်း၏တန်ဖိုးကို သိရှိရန် တက်လမ်း၏ဆောင်ရွက်ချက် များကို နားလည်စေရန်အတွက် ဗီဒီယိုနှင့်ဆလိုက်များကိုလည်း ထုတ်လုပ်ထားသည်။

### အသေးစားငွေရေးကြေးရေး

LIFT၏ အထောက်အပံ့ခံ ပြည်တွင်း အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုဖြစ်သော Wan Lark သည် ၂၀၁၄ ခုနှစ် စက်တင်ဘာလမှ စတင်၍ လုပ်ငန်းဆောင်ရွက်နေခဲ့သည်။ ၂၀၁၅ခုနှစ် နှစ်ကုန်တွင် စစ်တွေနှင့် ပုဏ္ဏားကျွန်းမြို့နယ် များမှ ကျေးရွာ ၃၈ရွာရှိ အိမ်ထောင်စု ၄၉၆၅စုထံသို့ ရောက်ရှိခဲ့ပြီး ဖြစ်သည်။ ၂၀၁၅ခုနှစ်တွင် Wan Lark သည် ကန်ဒေါ်လာ ၃၂၈၁၀၀ တန်ဖိုးရှိသော ချေးငွေများကို ထုတ်ပေးခဲ့ရာ ၄၀ရာခိုင်နှုန်းမှာ ကုန်အရောင်းအဝယ်အတွက်ဖြစ်ပြီး ၁၂ရာခိုင်နှုန်းစီမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက်ဖြစ်ကာ ကျန်၁၀ရာခိုင်နှုန်းမှာ ဝန်ဆောင်မှု အတွက် ဖြစ်သည်။ ပျမ်းမျှ ချေးငွေပမာဏမှာ ကန်ဒေါ်လာ၆၆ ဒေါ်လာ ဖြစ်သည်။ ဖောက်သည်များ၏ ပင်မစီးပွားရေးလုပ်ငန်းမှာ ရေထွက်ကုန်ရောင်းဝယ်ရေး အငယ်စားများဖြစ်သည်။ ချေးငွေနည်းပါးသော်လည်း ဖောက်သည်များမှာ နေ့စဉ်ဝင်ငွေ ရရှိနိုင်သည်။

LIFT သည် ၂၀၁၆ခုနှစ်တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူ၊ ဂွ၊ တောင်ကုတ်၊ သံတွဲ၊ အမ်းမြို့နယ်တို့တွင် အသေးစား ငွေရေးကြေးရေး ရုံးခွဲများဖွင့်ရန် PGMFနှင့် စာချုပ်ချုပ်ဆိုထားသည်။ ဤစီမံချက်အသစ်ကို ၂၀၁၇ခုနှစ်ထိ တိုးချဲ့သွားမည်။

# ရှေ့ကိုမျှော်ကြည့်လျှင်- ရခိုင်ဒေသစီမံကိန်းကို တိုးချဲ့ခြင်း

၂၀၁၅ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ပုံငွေဘုတ်အဖွဲ့သည် ရခိုင်ဒေသတွင် LIFT၏ လုပ်ငန်းများကို တိုးချဲ့ရန် ဆုံးဖြတ်ခဲ့သည်။ တက်လမ်း၏ လုပ်ငန်းများကို တိုးချဲ့ရန်သာမက ပြည်နယ်၏ အခြားနေရာများတွင်လည်း လုပ်ငန်းစတင်မည်ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် စတင်မည့် တက်လမ်းဒုတိယအဆင့်တွင် အာဟာရဆိုင်ရာကဏ္ဍကို သိသာစွာ တိုးချဲ့မည်။ ပေါက်တော၊ မင်းပြား၊ မြေပုံမြို့နယ်ရှိ ကျေးရွာ၁၈၂ရွာမှ အမျိုးသမီး ၁၀၆၅၄ဦးတို့သည် ရက်၁၀၀၀ မိခင်များသို့ငွေထောက်ပံ့မှု စီမံချက်တွင် ပါဝင်လာမည်။ ငွေကြေးနှင့်အတူ မီးမဖွားမီနှင့် မီးဖွားပြီး ကျန်းမာရေးစောင့်ရှောက်မှုကို မိခင်အချင်းချင်း အထောက်အကူပြု အုပ်စုများဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ ဖခင်များ၊ အဖိုးအဖွားများ၊ ကျေးရွာခေါင်းဆောင်များ၊ သားဖွားဆရာမများကိုလည်း အာဟာရဆိုင်ရာ သတင်းစကားများကို ပြောကြားမည်ဖြစ်သည်။ ကလေးများကို ကယ်တင်ပါအဖွဲ့က ရခိုင်ဒေသတွင် ရှေ့ပြေးဆောင်ရွက်ခဲ့သော ဤစီမံချက်၏ အောင်မြင်မှုများကို အခြေခံကာ အခြား LIFT၏ စီမံကိန်းနယ်မြေ နှစ်ခုတွင် (မြစ်ဝကျွန်းပေါ် နှင့် အပူပိုင်းဇုန်) တိုးချဲ့မည်။ ဤစီမံကိန်းများမှ ငွေကြေးထောက်ပံ့မှုနှင့် ချိတ်ဆက်ထားသော အမူအကျင့်ပြောင်းလဲရေး ပညာပေးဆောင်ရွက်မှု၏ အကျိုးရှိမှု အထောက်အထားအခိုင်အမာကို ရရှိမည်ဖြစ်သည်။

ရခိုင်ရပ်ရွာအချို့တွင် သောက်သုံးရေရရှိရန် ခက်ခဲနေသည်မှာ လေဟာပြင်တွင် အညစ်အကြေးစွန့်ပစ်ခြင်းကြောင့်လည်း ဖြစ်သည်။ ထို့ကြောင့် ရေမှတဆင့်ကူးစက်သော ရောဂါများ ဖြစ်ပွားစေသည်။ LIFTသည် ရပ်ရွာဗဟိုပြု ရေနှင့်သန့်ရှင်းရေး လုပ်ငန်းများကို အာဟာရဆိုင်ရာ လုပ်ငန်းများနှင့်အတူ ပူးတွဲဆောင်ရွက်မည်ဖြစ်သည်။ IRC နှင့် ကလေး များကိုကယ်တင်ပါအဖွဲ့တို့သည် စိတ်ချရသော တကိုယ်ရည်သန့်ရှင်းရေး အလေ့အကျင့်များ ဖြစ်ထွန်းရေးကို အိမ်သာဆောက်လုပ်ပုံ သရုပ်ပြခြင်းနှင့် ထောက်ပံ့ခြင်းတို့ဖြင့် ဆောင်ရွက်မည်။ ကျောင်း ၆၈ကျောင်းတွင် လက်ဆေးရန် နေရာများ ဆောက်လုပ်ခဲ့ပြီး တကိုယ်ရေသန့်ရှင်းရေး အသင်းများကိုလည်း ဖွဲ့စည်းပေးမည်။

### ကျွမ်းကျင်မှုနှင့် အသက်မွေးမှုသင်တန်း

လူများစုအဖို့မှာ 'ထွက်ခွာ'ဆိုသည်မှာ မိမိတို့ဒေသတွင် စီးပွားရေးလုပ်ငန်းစတင်ခြင်း၊ အလုပ်ရှာဖွေခြင်းဟု အဓိပ္ပာယ်ရသည်။ သို့သော် မဖွံ့ဖြိုးသောဒေသများတွင် 'ထွက်ခွာ'ဆိုသည်မှာ ဝေးလံသော မြို့ပြဒေသများသို့ နိုင်ငံခြားသို့ ရွှေ့ပြောင်းခြင်းပင်ဖြစ်သည်။ မည်သို့ဖြစ်စေ အလုပ်အကိုင်ကောင်းကောင်းကို ရရန်၊ လုပ်ခ ကောင်းကောင်းရရန်အတွက် အဓိကကျသည်မှာ အလုပ်နှင့်ကိုက်ညီသော ကျွမ်းကျင်မှုရှိခြင်းပင် ဖြစ်သည်။ မြန်မာနိုင်ငံ၏ တရားဝင်/တရားမဝင် နည်းပညာနှင့် အသက်မွေးမှုသင်တန်းများမှာ ဈေးကွက်တောင်းဆိုချက်၏ နောက်တွင် များစွာကျန်ခဲ့ပြီ ဖြစ်သည်။ ရခိုင်ပြည်နယ်ကဲ့သို့သော နွမ်းပါးသည့်နေရာများတွင်မူ အဆင့်မြှင့် သင်တန်းများကို မည်သို့မျှ လက်လှမ်းမမီနိုင်ပေ။

LIFTသည် ရခိုင်ပြည်နယ်ရှိ အစိုးရအသက်မွေးမှုကျောင်းများကိုရော ပြင်ပသင်တန်းများကိုပါ တိုးတက်ကောင်းမွန်စေရန် ကန်ဒေါ်လာ၄၀၂သန်းတန် အစီအစဉ်တစ်ခုကို ၂၀၁၆ခုနှစ်တွင် စတင်မည်။ LIFT၏ ရင်းနှီးမြှုပ်နှံမှုဖြင့် အသက်မွေးမှုသင်တန်းဌာနနှစ်ခုကို မောင်တောမြို့နယ်တွင် ထူထောင်မည်။ ယင်းမြို့နယ်တွင် အစိုးရကျောင်းသော်လည်းကောင်း၊ ပုဂ္ဂလိကပိုင် သော်လည်းကောင်း သင်တန်းကျောင်းများမရှိပေ။ မောင်တောလူဦးရေ၏ ၉၀ ရာခိုင်နှုန်းမှာ မူဆလင်များ ဖြစ်သည်။ ယင်းတို့ကို သွားလာမှုကန့်သတ်ထားသဖြင့် မြို့နယ်ပြင်ပသို့ သင်တန်းများသို့ သွားတက်ရန်မှာ လက်လှမ်းမမီနိုင်ပေ။ LIFT၏ အထောက်အပံ့ဖြင့် လူငယ်၁၄၀၀သည် ပြီးပြည့်စုံသော ဘဝကျွမ်းကျင်မှုများနှင့် လုပ်ရည်ကိုင်ရည်အခြေပြု သင်တန်းများကို အလုပ်သင်ကာလနှင့်တကွ တက်ခွင့်ရကြမည်။

ရခိုင်ဒေသရှိ တာရှည်နေသော IDPအခြေအနေအရ စစ်တွေIDPစခန်းများရှိ လူငယ်၃၆၀၀အတွက် ဘဝနှင့်အသက်မွေးမှုဆိုင်ရာ သင်တန်းပုံစံတစ်ခုကို ငွေထောက်ပံ့မည်။ လူငယ်များကို ထိတွေ့ဆောင်ရွက်လိုစိတ် ရှိအောင်၊ သွားလာမှုကန့်သတ်ထားသည့် အနေအထားတွင်ပင် ကျွမ်းကျင်မှုအသစ်များဖြင့် အကူအညီပေး နိုင်စွမ်းရှိအောင် သင်တန်းကို ပုံစံထုတ်ထားသည်။ ရွှေ့ပြောင်းပြီးနောက် အခြေအနေတွင်လည်း အသုံးဝင်စေရန် အတွက် ကျွမ်းကျင်မှုများကို လွှဲပြောင်းပေးနိုင်ရန် လိုအပ်သည်။ ဤပုံစံကို ပုံတူပွား၍ ရသည့်ပြင် မြန်မာနိုင်ငံရှိ တာရှည်နေသော IDP များအတွက် လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးမှုအထောက်အကူအဖြစ် ပေးနိုင်မည်။

နောင်တွင် LIFT၏အထောက်အပံ့သည် ပို၍ထိရောက်သော အားလုံးပါဝင်စေသော၊ အစိုးရအသက်မွေးမှု သင်တန်းစနစ်ကို အထောက်အကူပြုလာမည်။

## ရသေ့တောင်မြို့နယ်တွင် ရိက္ခာဖူလုံရေးနှင့် ကြံ့ကြံ့ခံနိုင်ရေးကို ထောက်ပံ့ခြင်း

၂၀၁၆ခုနှစ်မှစတင်ကာ စစ်တွေခရိုင်ရှိ လူဦးရေ၁၈၀၀၀၀ နေထိုင်သော ရသေ့တောင်မြို့နယ်သို့ပါ တိုးချဲ့မည် ဖြစ်သည်။ IDPအများစုကို စစ်တွေမြို့နယ်တွင်သာ တွေ့ရသော်လည်း ရသေ့တောင်သည်လည်း လူမျိုးရေး အကြမ်းဖက်မှုများကို ၂၀၁၃ခုနှစ်တွင် တွေ့ကြုံခဲ့ရသည်။ မောင်တောခရိုင်တွင် အတွေ့အကြုံများရှိခဲ့သော CARE ကို မိတ်ဖက်အဖွဲ့အဖြစ် ရွေးချယ်ခဲ့သည်။

CAREသည် ကျေးရွာ ၃၂ရွာရှိ နွမ်းပါးသော အိမ်ထောင်စု၃၉၀၀ကို အထွက်နှုန်းတိုးတက်အောင် ရည်မှန်းထားသည်။(၇ရွာမှာ မူဆလင်ဖြစ်သည်)ရည်ရွယ်ချက်မှာ ပျမ်းမျှ လစဉ်ဝင်ငွေ ၃၀ရာခိုင်နှုန်း တိုးတက်စေရန်ဖြစ်သည်။ ကျေးရွာငွေစုငွေချေးအသင်းများ တည်ထောင်ရန် ကူညီကာ အရင်းအနှီးကို လက်လှမ်းမီစေရေးအတွက် ငွေစုခြင်း ကို အားပေးမည်။ ကျေးရွာသားများကို ငွေရေးကြေးရေးနှင့်ပတ်သက်၍ နားလည်အောင် သင်တန်းပေးပြီး လက်ရှိ အုပ်စုများကို စောင့်ကြည့်စစ်ဆေးရန်နှင့် အုပ်စုအသစ်များကို ထူထောင်နိုင်ရန် ထောက်ပံ့မည်။ သစ်တောနှင့် ရေသယံဇာတကို စီမံခန့်ခွဲတတ်စေရန် ကျေးရွာဘုံသစ်တောများ ထူထောင်ခြင်းကို CAREက ကြီးကြပ်ပေးမည်။ လိုအပ်သောနေရာများတွင် သောက်သုံးရေဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်၊ ထိန်းသိမ်း ပေးမည်။ ဤလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲနိုင်ရန် ရပ်ရွာနှင့် ခေါင်းဆောင်တို့၏ စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှု စွမ်းရည်တို့ကို ဤစီမံချက်က တည်ဆောက်ပေးမည်။ ရပ်ရွာခေါင်းဆောင်များနှင့် အစိုးရအရာရှိများ အပြန်အလှန် တုံ့ပြန်ဆောင်ရွက်စေရန် CARE က ဆောင်ရွက်ပေးမည်။ ၇၀ရာခိုင်နှုန်းသော ပါဝင်သူတို့က ပဋိပက္ခကို ပြေလည်နိုင်စေမည်ဟု ယုံကြည်စိတ်ရှိစေရန် ရည်ရွယ်သည်။



# ရာသီဥတုဒဏ်ခံသည့် စပါးမျိုးတို့ဖြင့် တောင့်ထားခြင်း



မြေယာလုံလောက်မှု သော်လည်းကောင်း၊ အလုပ်အကိုင်ရရှိရေးအတွက် ရွှေ့ပြောင်းသွားလာနိုင်စွမ်း သော်လည်းကောင်း မရှိသည့် အိမ်ထောင်စုများသည် ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန်အတွက် စိုက်ပျိုးရေးကို သက်စောင့် ပိုက်ကွန်အဖြစ် အသုံးပြုကာ 'တောင့်ထား' နိုင်ရန် LIFTက ဦးတည်ပါသည်။

LIFTသည် IRRIကို ငွေကြေးထောက်ပံ့ကာ အစိုးရနှင့်ပူးပေါင်းလျက် ဒဏ်ခံကာ အထွက်ကောင်းသည့်ပြင် မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန်၊ ရခိုင်ပြည်နယ်တို့၏ ရေမြေအခြေအနေနှင့် လိုက်လျောညီထွေဖြစ်သော စပါးမျိုးများကို ဖော်ထုတ်စေခဲ့သည်။ ရခိုင်ဒေသတွင် IRRIသည် တက်လမ်းနှင့် ပူးပေါင်းကာ ၂၀၁၅ခုနှစ် ဒီဇင်ဘာလကုန်အထိ ဆောင်ရွက်ခဲ့သည်။ ယင်းတို့၏ သုတေသနသည် အောင်မြင်ခဲ့သည်။ ၂၀၁၅ခုနှစ် ရေကြီးစဉ်တွင် စပါးမျိုးတစ်ခု၏ စွမ်းဆောင်ရည်ကို မြင်ခဲ့ရသည်။

ဆိုင်ကလုန်းမုန်တိုင်းကိုမန်ကြောင့် လွှမ်းမိုးခဲ့သော ရေများကျအပြီး လေးရက်အကြာတွင် ဦးလှဝင်းသည် အခြား တောင်သူများ ဖြစ်သော ဦးလှသန်းဝင်း၊ ဦးဖြူလုံးတို့ကို မင်းပြားရှိ သူ့လယ်သို့ခေါ်သွားပြီး ဆင်းသွယ်လတ် ကောက်ပင်လေးများ၏ ကြံ့ကြံ့ ခံနိုင်မှုကို ပြသသည်။

ဆင်းသွယ်လတ်သည် ဆားငန်ဒဏ်ခံ ရေနစ်ခံ အထွက်ကောင်းစပါးမျိုးဖြစ်ကာ IRRIနှင့် မြန်မာ့စိုက်ပျိုးရေး သုတေသန ဦးစီးဌာနတို့က ပူးပေါင်းဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ စိုက်ပြီး၁၄ရက်အကြာတွင် ဤကောက်ပင်များသည် ဆိုင်ကလုန်းကြောင့် ၁၀ရက်ကြာ မိုးသည်းထန်မှု၊ ခါးအထိနက်သော ရေနစ်မှု၊ နန်းတင်မှုဒဏ်တို့မှ ရှင်သန်ကျန်ရစ်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ IRRIမှ တင်သွင်းလာသော စပါးမျိုးတစ်မျိုးနှင့် ဒေသခံမျိုးတစ်မျိုးကို စပ်ထားသော စပ်မျိုးစပါး ဖြစ်သည့် ဆင်းသွယ်လတ်သည် သန်မာရှည်လျားသော ရေသောက်မြစ်နှင့် မြေမျက်နှာပြင်အောက်တွင် ဖြန့်ထားသော ဒုတိယတန်းစား

အမြစ်များ ရှိသည်။ ထို့ကြောင့် ကောက်ပင်များသည် စိုက်ပျိုးပြီး ၁၄ရက်အတွင်း ရေကြီးသော်လည်း မသေခဲ့ကြပေ။

ဦးလှဝင်းသည် ကောက်ပင်များ မသေသည်ကို တအံ့တသြဖြစ်နေသည်။ "ဒီအပင်လေးတွေ ရေအောက်မှာ ၁၀ ရက် ရောက်နေတာတောင် မသေလို့ သိပ်ဝမ်းသာတာပဲ။ အရင်က မျိုးတွေဆိုယင် ဒီလောက်မသန်ဘူး။ ရေကြီးတာကို မခံနိုင်ဘူး။ မျောပါကုန်တာပဲ"

ရခိုင်ပြည်နယ်ရှိ ထိခိုက်လွယ်သော ရပ်ရွာများ၏ ရိက္ခာဖူလုံရေးကို ကိုင်တွယ်နေသော တက်လမ်းစီမံကိန်းသည် တောင်သူများအား စပါးမျိုးကွဲများကို စိုက်ရန်၊ အထွက်တိုးအောင် စိုက်နည်းသစ်များကို စမ်းသပ်ရန် အားပေးနေသည်။ တောင်သူသင်တန်းကျောင်းတွင် ဦးလှဝင်းနှင့် သူ့မိတ်ဆွေများသည် စပါးကိုကြဲမည့်အစား စနစ်တကျ စိုက်ရန် သင်ယူခဲ့ကြသည်။ ဤနည်းမှာ လုပ်အားများစွာကုန်သော်လည်း တစ်ဧကလျှင် တင်း ၈၀ထွက်ရာမှ တင်း ၁၄၀ထိ ထွက်စေသည်။

တစ်ဧကရှိသည့် သူ့လယ်တွင် ပျိုးခင်းကိုပြင်ရန် အချိန် ၈ရက် ယူခဲ့ရသည်။ ပထမတွင် ဆင်းသွယ်လတ် မျိုးစပါးများကို အညှောင့်ဖောက်ရသည်။ ထို့နောက် အတန်းလိုက် စနစ်တကျစိုက်နိုင်ရန် သူ့လယ်ကို ၆ ရက် ကြာအောင် ကျွဲများဖြင့် ထွန်ယက်ရသည်။ ၂၅ရက်ကြာသော် ပျိုးပင်များကို မြေသြဇာကျွေးထားသော လယ်မြေထဲတွင်စိုက်ရန် အသင့်ဖြစ်နေပေပြီ။ စိုက်ရန် နောက်ထပ်နှစ်ရက် အချိန်ယူရသည်။

"အရင်ကတော့ ကြံခင်းပဲစိုက်တယ်။ ခုတော့ အတန်းလိုက်စိုက်တယ်။ ဒီတော့ ပေါင်းနှုတ်ရတာ လွယ်တာပေါ့" ဓာတ်မြေသြဇာများကိုလည်း စနစ်တကျ သုံးတတ်နေပြီဖြစ်ကြောင်း သူက ပြောပြသည်။ ကောက်ပင်များ ကြီးလာစဉ်တွင် သုံးကြိမ်ခွဲ၍ ကြဲပက်ပေးရသည်။

"ဒီနှစ်တော့ ဆင်းသွယ်လတ်က အများကြီး ထွက်မယ်လို့ ယုံတယ်"ဟု ဦးလှဝင်းက ပြောသည်။ သူ့အသိပညာကို အသုံးပြုနိုင်ခဲ့သောကြောင့် ကျေနပ်လျက်ရှိပြီး ရွာမှ တောင်သူများကိုလည်း သူ့လိုလိုက်လုပ်ကြရန် တိုက်တွန်းသည်။

သူတို့၏ ရေမြေတွင် မဖြစ်ထွန်းမည်ကို ကြောက်၍ တောင်သူများက မျိုးသစ်များကို စမ်း၍မစိုက်လိုကြပေ။

IRRIသည် စပါးမျိုးသစ်များကို အကောင်းဆုံးစိုက်နည်းများဖြင့် စပါးဇုန်သုံးမျိုးတွင် စမ်းသပ်ကွက်များဖြင့် စိုက်ပြသည်-(၁) အခြေအနေပေး(ရေချို၊ ရေမကြီး)၊ (၂) အခြေအနေမပေး(ရေကြီးနိုင်)၊ (၃) ဆားငန်နိုင် (ရေကြီးနိုင် / မကြီးနိုင်) ဤစမ်းသပ်မှုများက စပါးအထွက်တိုးနိုင်ကြောင်းကို ပြသနေသည်။ ၂၀၁၄ခုနှစ်တွင် ပူးပေါင်းပါဝင်သော တောင်သူတို့သည် တစ်ဟက်တာလျှင် ၁.၄တန်မှ ၂တန်ထိ အထွက်တိုးခဲ့ကြသည်။ ၂၀၁၅ခုနှစ်တွင် အလားတူပင် ၀.၆တန်မှ ၃.၄တန်ထိ အထွက်တိုးခဲ့သည်။

ဤစီမံချက်တွင် မိတ်ဖက်အဖွဲ့များ၊ အဆင့်ဆင့်သော စိုက်ပျိုးသုတေသနဝန်ထမ်းများ၊ တောင်သူများ ပူးပေါင်းပါဝင်ခဲ့ကြသည်။ အနာဂတ်တွင် ဒေသခံလူထုက ဤနည်းနာများနှင့် ကိရိယာများကို မပျက်ဆက်လက် ကျင့်သုံးသွားစေရေးအတွက် သင်တန်းပေးခြင်းကို ဤစီမံချက်က များစွာရင်းနှီးမြှုပ်နှံထားသည်။

# ၄. ဒေသ စီမံကိန်းများကို ပံ့ပိုးခြင်း

သက်ဆိုင်ရာဒေသအလိုက် စီမံကိန်းတို့ကို သီးသန့် ရန်ပုံငွေထောက်ပံ့သည့်အပြင် LIFTသည် ဒေသလေးခုလုံး အတွက် လွှမ်းခြုံသော အထောက်အပံ့များကိုလည်း ပေးအပ်နေသည်။ အထူးသဖြင့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် ထိတွေ့ဆောင်ရွက်မှု၊ ရွှေ့ပြောင်းသွားလာရေးတို့တွင် ဖြစ်သည်။ ဤကဏ္ဍတို့တွင် မူဝါဒဖြစ်ထွန်းရေးနှင့် ပတ်သက်၍ အခန်း၅တွင် ကြည့်ပါ။

## ၄.၁ ။ LIFT၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုစီမံကိန်း

### အဘယ်ကြောင့် LIFTသည် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၌ ရင်းနှီးမြှုပ်နှံရသနည်း

ငွေကြေးဝန်ဆောင်မှုတွင် ဝန်ဆောင်လိုမှုနှင့် လက်လှမ်းမီမှုတို့ အလွန်ကွာဟနေခြင်းသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ စိန်ခေါ်မှုတို့တွင် အကြီးမားဆုံးဖြစ်သည်။ မရောက်ရှိသေးသော သို့မဟုတ် အရောက်နည်းသေးသော ဈေးကွက်များသို့ ပိုမိုလက်လှမ်းမီအောင် ဆောင်ရွက်ခြင်းသည် ကျေးလက်အိမ်ထောင်စုများ စီးပွားရေး အခွင့်အလမ်းကို တိုးချဲ့ရာတွင် အချက်အချာကျသည်။ ထို့ပြင် တိုင်းပြည်၏ လူမှုရေးနှင့်စီးပွားရေးကို အကျိုးပြုမည် ဖြစ်သည်။

စီးပွားရေးအလွှာစုံတို့ ပါဝင်သော ကျေးလက် ငွေရေးကြေးရေးဈေးကွက်တစ်ခု ဖြစ်ထွန်းစေရန်နှင့် ဖွံ့ဖြိုးစေရန် LIFTက သန္နိဋ္ဌာန်ချမှတ်ထားပါသည်။ ကျေးလက်ငွေရေးကြေးရေးဝန်ဆောင်မှုတွင် ချေးငွေများ၊ စုငွေများ၊ ငွေပေးချေခြင်းနှင့် လွှဲပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုများ၊ အာမခံဟူသော နယ်ပယ်စုံပါဝင်သည်။ စိုက်ပျိုးရေးချေးငွေသာမက အသေးစား ငွေရေးကြေးရေးပါ ပါဝင်သည်။ LIFTသည် ကျေးလက် ငွေရေးကြေးရေး ဝန်ဆောင်မှုများကို တာရှည် လက်လှမ်းမီ စေရန်အတွက် စွမ်းဆောင်ရည်ရှိကာ ရေရှည်တည်တံ့မည့် ငွေကြေးဆိုင်ရာ ကြားလူများဖြစ်သော အသေးစား ငွေရေး ကြေးရေး ဝန်ဆောင်သူများ၊ သမဝါယမများနှင့် စီးပွားရေးဘဏ်များ၊ ကျေးလက် ငွေကြေးဈေးကွက်စနစ်ဆိုင်ရာ ချဉ်းကပ်ပုံကို ထင်ဟပ်နေသည့် ဝယ်လိုအားက ဦးဆောင်သော ငွေရေးကြေးရေး ဝန်ဆောင်မှုများတို့၏ ဖွံ့ဖြိုးမှုကို ဦးစားပေးကာ ရင်းနှီးမြှုပ်နှံနေခဲ့သည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်းသည် ဆင်းရဲနွမ်းပါးမှုကို လျော့ပါးစေသော ဆေးစွမ်းကောင်းကြီးဖြစ်သည်ဟု ဆိုခြင်းနှင့် ပတ်သက်၍ စိစစ်မှုများရှိလာသည်။ ထို့ကြောင့် အသေးစားငွေရေးကြေးရေးတွင် ရင်းနှီးမြှုပ်နှံရခြင်းကို အကြောင်းပြရန် LIFTကို တောင်းဆိုခြင်းများ အကြိမ်ကြိမ်ရှိလာသည်။ ငွေချေးသူ အများအပြားသည် စီးပွားရေး လုပ်ငန်းငယ်များတွင် မရင်းနှီးကြဘဲ စီးပွားရေးနှင့်မဆိုင်သည့် ကိစ္စများတွင် ချေးငွေများကို သုံးစွဲတတ်ကြကြောင်း LIFTက အသိအမှတ်ပြုပါသည်။ ဤလုပ်ငန်းသည် ဆင်းရဲနွမ်းပါးသူများအတွက် အလွန်ရေးကြီးသော အရာများစွာကို လုပ်ပေးကြောင်း၊ ဆင်းရဲတွင်းမှ လွတ်နိုင်စွမ်းရှိအောင် ကူညီနိုင်သည်ဖြစ်စေ မဖြစ်စေ ဆင်းရဲနွမ်းပါးမှုကို ရင်ဆိုင်နိုင်အောင် ယင်းတို့ကို ကူညီခဲ့ကြောင်း သိရှိထားသော မိမိတို့၏အတွေ့အကြုံကို အခြေခံကာ LIFTက အသေးစားငွေရေးကြေးရေးလုပ်ငန်းကို ထောက်ပံ့ခြင်း ဖြစ်သည်။ ဆင်းရဲနွမ်းပါးသူတို့၏ဝင်ငွေမှာ နည်းပါးသည့်အပြင် မှန်လည်းမမှန်သည်သာမက ပြတ်တောက်၍ပင် သွားနိုင်သည်။ ဆင်းရဲနွမ်းပါးသူတို့က အသေးစား ငွေရေးကြေးရေးလုပ်ငန်းကို တန်ဖိုးထားကြသည်။ အကြောင်းမှာ ယင်းတို့ လိုအပ်သလောက် မလိုက်လျောသည့်တိုင် ပြင်ပငွေတိုးချေးသူများထက် အားထားရပြီး သက်သာသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးနှင့် အာဟာရကဏ္ဍသို့ အသေးစားငွေရေးကြေးရေးလုပ်ငန်းက ကောင်းကျိုးသက်ရောက်နေကြောင်း ပေါ်လွင်နေခြင်း ဖြစ်နိုင်သည်။ LIFT၏ ၂၀၁၃ခုနှစ် အိမ်ထောင်စုစစ်တမ်းသည် ဤအဆိုကို ထောက်ခံလျက် ငွေတိုးချေးသူ များကို အသုံးပြုသူ LIFT အိမ်ထောင်စုဝင်များ သိသိသာသာ လျော့နည်းသွားကြောင်းကို ပြသည်။[56]

56 LIFTအိမ်ထောင်စုစစ်တမ်း ၂၀၁၃

## အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှု ပေးသူများ

အသေးစားငွေရေးကြေးရေးသည် LIFT၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း၏ အကြီးဆုံးကဏ္ဍ ဖြစ်နေဆဲပင်။ ၂၀၁၅ခုနှစ် နှစ်ကုန်တွင် LIFTသည် အသေးစားငွေရေးကြေးရေးမိတ်ဖက်အဖွဲ့ ၄၁ ဦးကို ထောက်ပံ့လျက်ရှိရာ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်_

- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း ၉ဖွဲ့ (ပြည်တွင်းNGOများ)။ Ar Yone Oo (AYO), Border Development Association (BDO)၊ Ratana Metta Organization (RMO)၊ Environmental Conservation and Livelihood Outreach Foundation (ECLOF)၊ Myanmar Heart Development Organization (MHDO)၊ Social Vision Service (SVS), YMCA, Wan Lark, and The Sun Institute
- Microlead စီမံချက်အောက်ရှိ Asian Confederation of Credit Unions က ထောက်ပံ့သော ငွေချေး သမဝါယမ ၂၄ ဖွဲ့
- အသေးစားငွေကြေးဆိုင်ရာ နိုင်ငံတကာ NGO ၃ ဖွဲ့။ PGMF၊ Proximity Designs၊ GRET(ချင်း ၊ အပူပိုင်းဇုန်)
- နိုင်ငံတကာ အသေးစားငွေကြေးကုမ္ပဏီ ၄ ခု။ ASA International၊ Alliance Myanmar Microfinance၊ Fullerton၊ Vision Fund

စုစုပေါင်းရှာ ၁၂,၆၅၈ရှာ မှဝန်ဆောင်မှုအသုံးပြုသူ တစ်သန်းခန့်ထံသို့ အထက်ပါ အသေးစားငွေကြေးဝန်ဆောင်မှုတို့ ရောက်ရှိနေသည် (နောက်ဆက်တွဲ ၅ တွင် LIFTက ထောက်ပံ့နေသော အသေးစား ငွေရေးကြေးရေး မိတ်ဖက်အဖွဲ့စာရင်းနှင့် ယင်းတို့၏ အောင်မြင်မှုများ အသေးစိတ်ကိုကြည့်ပါ) မြန်မာနိုင်ငံရှိ အသေးစားငွေကြေးဌာန ၁၆၈ ခုက ဝန်ဆောင်မှုပေး နေသော ဝန်ဆောင်မှု အသုံးပြုသူ အရေအတွက်စုစုပေါင်း၏ ၅၅ ရာခိုင်နှုန်းဖြစ်သည်။

## အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှု

PGMFနှင့် IFCတို့သည် အသေးစားငွေရေးကြေးရေး ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲရေး၊ လူသားအရင်းအမြစ် စီမံခန့်ခွဲရေး၊ သတင်းစနစ် စီမံခန့်ခွဲရေး၊ ချေးငွေပုံစံသစ် ဖော်ထုတ်ရေး၊ ဝန်ဆောင်မှု အသုံးပြုသူများ ရှာဖွေခြင်း၊ အသုံးပြုသူများ၏ လူမှုရေးနှင့် စီးပွားရေးအပြောင်းအလဲကို စောင့်ကြည့်ခြင်းစသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ အဖွဲ့အစည်း ဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးတွင် ကူညီလျက်ရှိသည်။

၂၀၁၃ခုနှစ်ဇူလိုင်လတွင် PGMF၏ *မြန်မာ့ကျေးလက်ချေးငွေလက်လှမ်းမီရေး*(MARC) စီမံချက်ကို LIFTက ငွေကြေး ထောက်ပံ့ခဲ့သည်။ ယင်းသည် ပြည်တွင်းNGOများက ဆောင်ရွက်နေသော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း များ၏ အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးမှုကို ဦးတည်ဆောင်ရွက်သည်။ PGMF၏ MARCစီမံချက် သည် အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးပြီး ထောက်ပံ့ငွေအဖြစ် ပြောင်းလဲနိုင်သည့် ချေးငွေစနစ် ကို အသုံးပြုကာ ပြည်တွင်း အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း ၉ဖွဲ့ကို ထောက်ပံ့ခဲ့သည်။ ယင်းအဖွဲ့တို့၏ ဝန်ဆောင်မှု အသုံးပြုသူ စုစုပေါင်းမှာ အိမ်ထောင်စု ၅၃,၀၀၀ခန့် ရှိသည်။ (၂၀၁၄ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း ၈၆ရာခိုင်နှုန်း တိုးတက်ခဲ့သည်) ယင်းအဖွဲ့တို့အနက် ၆ဖွဲ့မှာ အပူပိုင်းဇုန်တွင် လည်းကောင်း၊ ၂ဖွဲ့မှာ မြစ်ဝကျွန်းပေါ်တွင် လည်းကောင်း၊ ၁ဖွဲ့မှာ ရခိုင်ပြည်နယ်တွင် လည်းကောင်း လုပ်ငန်းဆောင်ရွက်နေကြသည်။

အဖွဲ့အားလုံးသည် လုပ်ငန်းဆိုင်ရာ ကိုယ်ပိုင် ရပ်တည်နိုင်သည့်အချိုးသို့ ရောက်ရှိနေကြပြီ ဖြစ်သည်။ ဆိုလိုသည်မှာ ယင်းတို့၏ လုပ်ငန်းစရိတ်အားလုံးကို ဝင်ငွေက ကာမိနေပြီဖြစ်သည်။ ငွေကြေးဆိုင်ရာရပ်တည်နိုင်မှု (ငွေကြေး ဆိုင်ရာ စရိတ်များ ငွေဖောင်းပွနှုန်းများကို ညှိနှိုင်းပြီးနောက် ဝင်ငွေသည် ကုန်ကျစရိတ်ကို ကာမိမှု) ကိုလည်း ၂၀၁၅ခုနှစ် နှစ်ကုန်တွင် AYO၊ BDA၊ MHDO ၃ဖွဲ့တို့က ရောက်နေပြီဖြစ်သည်။ NGO အနေအထားမှ လွတ်လပ်သော အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှုကုမ္ပဏီအဖြစ်သို့ ပြောင်းလဲသောအခါ ယင်းတို့၏ အကြွေးများကိုလည်း ထောက်ပံ့ငွေအဖြစ်သို့ ပြောင်းလဲလိုက်မည်ဖြစ်သည်။ ရည်ရွယ်ချက်မှာ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကို NGO၏အခြားလုပ်ငန်းများမှ ခွဲခြားလိုက်ခြင်းဖြင့် အုပ်ချုပ်မှု ပိုမိုကောင်းမွန်စေရန် ဖြစ်သည်။ LIFT၏ထောက်ပံ့ငွေသည် ၂၀၁၇ခုနှစ်ဖွန်လတွင် ပြီးဆုံးမည် ဖြစ်ပြီး ယင်းအချိန်တွင် MFOအားလုံးသည် ငွေကြေးဆိုင်ရာရပ်တည်နေနိုင်ရန် ရည်ရွယ်သည်။ အဖွဲ့အစည်းအလိုက် ဝန်ဆောင်မှု အသေးစိတ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် အသေးစားငွေကြေးဆိုင်ရာ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံရှိသည့်လူ ရှားပါးသည်။ MFIများသည် ငွေကြေးဆိုင်ရာ အခြေခံကျွမ်းကျင်မှုရှိသူများ ကျောင်းဆင်းများကို စုဆောင်းပြီး လိုအပ်သော သင်တန်းများကို ပေးသည်။ သို့သော် ဌာနတွင်းသင်တန်းသည် စရိတ်ကြီးမားသည်။ သင်တန်းဌာနများကို တောင်းဆိုနေသည်မှာ မှန်သော်လည်း ထိရောက်မှု ရှိမရှိမှာ မသေချာပေ။ (MFIများက အမှန် ကျန်ကျသောသင်တန်းစရိတ်ကို ပေးလိုခြင်း ရှိမရှိ) LIFTသည် မြန်မာအသေးစားငွေရေးကြေးရေးအသင်း (MMFA)[57]ကို နည်းပညာဆိုင်ရာသင်တန်းများဖွင့်ရန် IFCက ဆောင်ရွက်နေသော စီမံချက်မှတဆင့် ထောက်ပံ့နေခဲ့သည်။ ယင်းသင်တန်းတို့တွင် အသေးစား ငွေရေးကြေးရေးဆိုင်ရာ မူဝါဒနှင့်နည်းလမ်းများ၊ ငွေကြေးစီမံခန့်ခွဲမှုနှင့် စာရင်းစစ်ခြင်း၊ ဆုံးရှုံးနိုင်မှုကို စီမံခန့်ခွဲခြင်း၊ လူသားအရင်း အမြစ်စီမံခန့်ခွဲခြင်းတို့ ပါဝင်သည်။

---

57 အသေးစားငွေရေးကြေးရေးဈေးကွက် ဖွံ့ဖြိုးရေးအတွက် အဖွဲ့ကိုယ်စားလှယ်များဖြင့် ဖွဲ့ထားသော အသင်း

*ဇယား၄.၁။ MARCမိတ်ဖက်အဖွဲ့များ၏ အဖွဲ့အစည်းအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ(ဒေသခံ ငွေရေးကြေးရေး အဖွဲ့အစည်းများ ၂၀၁၅)*

| မိတ်ဖက်အဖွဲ့ | နယ်မြေ | ငွေကြေးအရ ရပ်တည်နိုင်စွမ်း ရာခိုင်နှုန်း | | လုပ်ငန်းအရရပ် တည်နိုင်စွမ်း ရာခိုင်နှုန်း | | ငွေချေးသူ ၂၀၁၄ | ငွေချေးသူ ၂၀၁၅ |
|---|---|---|---|---|---|---|---|
| | | ၂၀၁၄ | ၂၀၁၅ | ၂၀၁၄ | ၂၀၁၅ | | |
| AYO (၂နှစ်+) | အပူပိုင်း | ၈၇ | ၁၀၀ | ၁၅၂ | ၁၉၀ | ၄,၇၇၉ | ၅,၇၇၂ |
| BDA (၂နှစ် +) | အပူပိုင်း | ၈၃ | ၁၀၄ | ၁၃၉ | ၁၈၇ | ၅,၂၃၇ | ၆,၀၉၉ |
| RMO (၂နှစ် +) | အပူပိုင်း | ၈၅ | ၉၂ | ၁၄၆ | ၁၇၅ | ၄,၆၄၉ | ၆,၁၆၅ |
| ECLOF (၂နှစ် +) | ဧရာဝတီ | ၈၈ | ၉၇ | ၁၅၀ | ၁၆၈ | ၆,၃၀၅ | ၇,၃၃၉ |
| MHDO (၁နှစ် +) | အပူပိုင်း | ၄၀ | ၁၀၅ | ၅၇ | ၁၉၉ | ၂,၅၀၀ | ၆,၃၉၆ |
| SVS (၁နှစ် +) | အပူပိုင်း | ၃၃ | ၉၂ | ၄၇ | ၁၆၇ | ၁,၇၁၀ | ၅,၈၂၅ |
| YMCA (<၁နှစ်) | ဧရာဝတီ | ၂၀ | ၉၉ | ၃၀ | ၂၀၁ | ၂,၅၆၇ | ၄,၆၈၃ |
| Wan Lark (၁နှစ်) | ရခိုင် | ၃ | ၅၀ | ၃ | ၁၀၆ | ၇၈၇ | ၄,၉၆၅ |
| The Sun (<၁နှစ်) | အပူပိုင်း | ၂ | ၆၀ | ၂ | ၁၁၁ | ၁၉၂ | ၅,၃၄၂ |
| ငွေချေးသူစုစုပေါင်း | | | | | | **၂၈,၂၇၆** | **၅၂,၅၈၃** (၈၆% တိုးတက်) |

IFCသည် ၂၀၁၅ခုနှစ်အတွင်း အသေးစားငွေရေးကြေးရေးဆိုင်ရာ သင်တန်း ၉ခု ကို ဤကဏ္ဍတွင် နိုင်ငံတကာ အလေ့အကျင့်ကောင်းများကို ဖြစ်ထွန်းရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့သည်။ ယင်းသင်တန်းမှာ ပြည်တွင်းနှင့်နိုင်ငံတကာ MFIများ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှ ဝန်ထမ်းများကို ဦးတည်ကာ MMFA၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွင့်လှစ်ခဲ့သည်။ သင်ကြားပေးသော ဘာသာရပ်များမှာ (၁) ငွေကြေးနှင့် စာရင်းကိုင်ခြင်း (၂) အဆုံးအရှုံးကို စီမံခန့်ခွဲခြင်း (၃) လူသားအရင်းအမြစ် စီမံခန့်ခွဲခြင်း (၄) ဌာနတွင်း စာရင်းစစ်ခြင်းတို့ဖြစ်သည်။ ရန်ကုန် နှင့် မန္တလေးတို့တွင် ဖွင့်လှစ်ခဲ့သော ငါးရက်ကြာ သင်တန်းတွင် လူပေါင်း ၂၁၂ ဦး တက်ရောက်ခဲ့ရာ ၁၁၇ဦး (၅၅ ရာခိုင်နှုန်း) မှာ အမျိုးသမီးများ ဖြစ်ကြသည်။ ပထမအကြိမ်သင်တန်း၏ အောင်မြင်မှုကြောင့် MMFA သည် မိမိကိုယ်ပိုင် အသေးစားငွေရေးကြေးရေးသင်တန်းဌာနကို ရန်ကုန်တွင် တည်ထောင်ကာ မြန်မာ့ အသေးစားငွေရေးကြေးရေးဆိုင်ရာ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ နီးနှောဖလှယ်ပွဲများ၊ အလုပ်ဆွေးနွေးပွဲများကို လက်ခံကျင်းပနေသည်။ ၂၀၁၅ခုနှစ် စက်တင်ဘာလတွင် ဤဌာနကို ဖွင့်လှစ်ကာ IFC၏ ကျန်သင်တန်းကို ရန်ကုန်တွင်ဖွင့်ခဲ့သဖြင့် MMFA၏ ဂုဏ်သတင်းမှာ မြင့်တက်လာခဲ့သည်။ မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးကဏ္ဍ၏ ပင်မနေရာ ဖြစ်လာခဲ့သည်။ MMFAသည် တက်ရောက်သူများထံမှ သင်တန်းကြေးကို လက်ခံရရှိသဖြင့် စီးပွားရေးစီမံချက်အရ အဆင်ပြေပါက ဖွင့်လှစ်မည့် သင်တန်းတစ်ခုကို ရေးဆွဲပြုစုနေသည်။

## တာဝန်ခံမှုရှိသော ငွေကြေးဝန်ဆောင်မှုပေးအပ်ခြင်း

နွမ်းပါးသူများကိုအထောက်အကူပြု အကြံပေး အဖွဲ့(CGAP)[58] ၏ အဆိုအရ ဝန်ဆောင်သူ၏ ရေရှည်လုပ်ငန်း ဆောင်ရွက်နိုင်မှု နှင့် ဝန်ဆောင်မှု အသုံးပြုသူတို့၏ လိုအင်ကို ချိန်ညှိရန်အတွက် ဖောက်သည်တို့အား အကာအကွယ်ပေးမှုကို ဝန်ဆောင်မှု၏ ဒီဇိုင်းနှင့် လုပ်ငန်းအဆင့်တိုင်းတွင် ထည့်သွင်းထားရန် အရေးကြီးသည်။[59] အဖွဲ့အစည်းဆိုင်ရာ ကျွမ်းကျင်မှုတည်ဆောက်ရန် LIFT၏ ရင်းနှီးမြှုပ်နှံမှုသည် မြန်မာနိုင်ငံရှိ တာဝန်ခံယူမှုရှိသည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းအတွက် ထူးခြားသောရလဒ်ကို ပေးသည်။ ယင်းမှာ တောင်းဆိုချက်ကို ပြည့်မီသော၊ ငွေကြေးဝန်ဆောင်မှုကို ရှေးရှုသော၊ အသုံးပြုသူတို့၏ တောင်းဆိုချက်က တွန်းအားပေးသော ချေးငွေပုံစံ အမျိုးအစား များပြားမှုပင် ဖြစ်သည်။ LIFTသည် အသေးစားငွေရေးကြေးရေးဆိုင်ရာ အုပ်ချုပ်မှုနှင့် စီးပွားရေး ဖွဲ့စည်းမှု ပိုမိုကောင်းမွန်စေရေးအတွက်လည်း ရင်းနှီးမြှုပ်နှံနေသည် (လုပ်ငန်းဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ ကျွမ်းကျင်မှု)။

## စိုက်ပျိုးရေးချေးငွေများ

ယေဘုယျအားဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းသည် စိုက်ပျိုးရေးချေးငွေပေးအပ်ရန် ဖြစ်သည်ဟု မထင်မြင်ကြပေ။ သို့သော် မြန်မာနိုင်ငံတွင် ထုတ်ပေးနေသောချေးငွေ၏ ၅၀ရာခိုင်နှုန်းမှာ ကာလတို စိုက်ပျိုးရေး လုပ်ငန်းအရင်းအနှီး ဖြစ်နေသည်။ LIFT၏ အသေးစားငွေရေးကြေးရေး မိတ်ဖက်အဖွဲ့များသည် ဝန်ဆောင်မှုအသုံးပြုသူ ၃၇၀,၀၀၀ကျော်သို့ ကန်ဒေါ်လာ သန်း၁၀၀ကျော်ကို စိုက်ပျိုးရေးချေးငွေအဖြစ် ၂၀၁၅ခုနှစ်အတွင်းက ထုတ်ပေးခဲ့သည်။ နှိုင်းယှဉ်ရမည်ဆိုလျှင် LIFT၏ အသေးစားငွေရေးကြေးရေး

58 Consultative Group to Assist the Poor (CGAP) မှတ်စုနံပါတ်၇၃၊ ၂၀၁၁ခုနှစ် စက်တင်ဘာလ
59 ငွေချေးသူ သို့မဟုတ် ငွေအပ်သူ

မိတ်ဖက်အဖွဲ့များက စိုက်ပျိုးရေးအတွက် ထုတ်ပေးသောချေးငွေသည် မြန်မာ့လယ်ယာဖွံ့ဖြိုးမှုဘဏ်က ၂၀၁၃-၂၀၁၄ခုနှစ်အတွင်း ထုတ်ပေးခဲ့သော ချေးငွေစုစုပေါင်း၏ ၁၀ရာခိုင်နှုန်း နီးပါးရှိသည်။

စိုက်ပျိုးရေးချေးငွေများကို ဒီဇိုင်းထုတ်ရာတွင်၊ လုပ်ကွက်ငယ်တောင်သူများ အထောက်အပံ့ဝန်ဆောင်မှုကို ပေးသော စီးပွားရေး လုပ်ငန်းငယ်များသည် ရာသီအလိုက်သာ ဝင်ငွေရခြင်း နှင့် ငွေပေါ်ချိန်ကြာရှည်ခြင်းတို့အပြင် ဆုံးရှုံးနိုင်မှုကိုလည်း ရင်ဆိုင်ရတတ်သည်ကို ထည့်သွင်း စဉ်းစားသင့်သည်။ LIFT၏ အသေးစားငွေရေးကြေးရေး မိတ်ဖက်အဖွဲ့များသည် ၂၀၁၅ခုနှစ် အတွင်းတွင် ဖောက်သည်များနှင့် ပိုမိုလိုက်လျောသော စိုက်ပျိုးရေး ငွေကြေးဝန်ဆောင်မှုများကို စတင်ထောက်ပံ့ခဲ့သည်။ (ဥပမာ ဆိုင်းငံ့ကာလအပါအဝင် အကြွေးဆပ်ချိန် ပိုကြာသော ချေးငွေများ၊ ငါး-ဝယ်စနစ်များ) အဖွဲ့အစည်းဆိုင်ရာ ကျွမ်းကျင်မှု တည်ဆောက်ခြင်းတွင် LIFTက ရင်းနှီးမြှုပ်နှံခဲ့သဖြင့် အသုံးပြုသူဘက်တွင်ရော၊ အဖွဲ့အစည်းဘက်တွင်ပါ ဆုံးရှုံးနိုင်မှုကို ပိုမို စီမံခန့်ခွဲ နိုင်သဖြင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းသည် စိုက်ပျိုးရေးငွေကြေး ဈေးကွက်အတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင် ခဲ့သည်။

မြစ်ဝကျွန်းပေါ်ဒေသရှိ စိုက်ပျိုးရေးချေးငွေအများစုမှာ စပါးအတွက်ချေးယူခြင်းဖြစ်သည်။ ယင်းသည် အများဆုံး စိုက်ပျိုးသောသီးနှံ ဖြစ်သည့်အပြင် လုပ်အားနှင့်သွင်းအားစုကို အများဆုံးလိုအပ်သောကြောင့် ဖြစ်သည်။ တောင်သူများသည် MADB ဘဏ်မှ ချေးငွေများကို စပါးတစ်ဧကလျှင် ကျပ်ငွေတစ်သိန်းနှုန်းဖြင့် အများဆုံး ၁၀ဧကအထိ ချေးယူနိုင်သော်လည်း ထိုချေးငွေများရရန်မှာ အခက်အခဲရှိသည်။ အကြောင်းမှာ ကျေးရွာအုပ်စု တစ်ခုလုံးမှ တောင်သူအားလုံးက ယခင်ချေးငွေများကို အပြည့်အဝပြန်ဆပ်ပြီးမှသာ MADBဘဏ်က ချေးငွေ အသစ်များကို ထုတ်ပေးသောကြောင့်ဖြစ်သည်။ ထို့ကြောင့် မြစ်ဝကျွန်းပေါ်ဒေသတွင် စိုက်ပျိုးချိန်အစဦး လုပ်ငန်း မတည်ရင်းနှီးငွေ လိုအပ်ချက်မှာ အလွန်များပြားသည်။ အခြားဒေသများဖြစ်သော အပူပိုင်းဇုန်၊ တောင်တန်းဒေသ၊ ရခိုင်ဒေသတို့တွင်လည်း အခြားသီးနှံများဖြစ်သော ပဲမျိုးစုံ၊ ဆောင်းသီးနှံများ၊ ဟင်းသီးဟင်းရွက်၊ အခြားဝင်ငွေ ကောင်းသည့် အသီးအနှံများ၊ အပင်များ (ဥပမာ ပန်းများ၊ ကွမ်းရွက်) တို့အတွက် ချေးငွေများ တောင်းခံခြင်းကို ကြုံနေရသည်။ တောင်သူများသည် စပါးမဟုတ်သော အခြားသီးနှံများအတွက် MADBမှ စိုက်ပျိုးရေးချေးငွေကို မရသလောက်ပင် ဖြစ်သည်။

ငွေချေးသူများကလည်း ငွေချေးမည့်ပုံစံအမျိုးမျိုးကို ဖောက်သည်များနှင့် ဆွေးနွေးခဲ့ကြသည်။ ယင်းတို့မှာ ချေးငွေကာလကို တိုးချဲ့ခြင်း၊ ကောက်ခံမည့်အချိန် ပြန်လည်ညှိနှိုင်းခြင်း၊ ချေးငွေပမာဏတိုးပေးခြင်း စသည်တို့ ဖြစ်သည်။ ဥပမာအားဖြင့် Proximity Designsသည် စိုက်ပျိုးရေး ချေးငွေကာလကို ၅လမှ ၉လသို့ ဆက်လက်၍ ၁၁လထိ အချိန်တိုးပေးခဲ့သည်။ စိုက်ပျိုးချိန်နှင့် ပေါက်ဈေးကိုမူတည်၍ ဆောင်ရွက်ခြင်းဖြစ်သည်။ PGMFသည် ကွမ်းရွက် စိုက်ပျိုးသူများထံမှ ပထမ၃လအတွင်း ချေးငွေကောက်ခံခြင်းမပြုပေ၊ ဤပြောင်းလဲမှုများသည် တောင်သူများ အခြားမှ အတိုးကြီးကြီးဖြင့် ငွေချေးကာ အသေးစား ငွေရေးကြေးရေးချေးငွေများကို ပေးဆပ်ရခြင်းမှ ကင်းဝေးစေမည်။

## အသေးစား စီးပွားရေးလုပ်ငန်း ချေးငွေများ

ကျေးလက်ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးချေးငွေ သက်သက် ဖြင့် မလုံလောက်နိုင်ပါ။ လယ်ယာစိုက်ပျိုးနေသော အိမ်ထောင်စုများ အပါအဝင် အသေးစားချေးငွေ ရယူသူများသည် စီးပွားရေးလုပ်ငန်းငယ်များကို စတင်ရန် သို့မဟုတ် တိုးချဲ့ရန် ချေးငွေများကို တောင်းခံတတ်ကြသည်။ အသေးစား မွေးမြူရေးလုပ်ငန်းများသည်လည်း ကျေးလက်အိမ်ထောင်စုတို့၏ အပိုဝင်ငွေကို ထောက်ပံ့နိုင်သည်။ ကျေးလက် စီးပွားရေးလုပ်ငန်းငယ်များလည်း ရှိသေးသည်။ ယင်းတို့မှာ အုန်းတံမြက်စည်းပြုလုပ်ခြင်း၊ တောင်းရက်ခြင်း၊ လက်ယက်ကန်းရက်ခြင်း စသည်တို့ ဖြစ်သည်။ LIFT၏ အသေးစားငွေရေးကြေးရေး မိတ်ဖက်အဖွဲ့တို့သည် ဤအိမ်ထောင်စုများကို အသေးစား စီးပွားရေးလုပ်ငန်း ချေးငွေအဖြစ် ကန်ဒေါ်လာ ၆၇မှ ၂၅၀အထိကို တစ်လလျှင် ၂.၅ရာခိုင်နှုန်း အတိုးဖြင့် ထုတ်ချေးလျက်ရှိသည်။ ဖောက်သည်များသည် လုပ်ငန်းတိုးချဲ့လိုပါက ပိုမို၍ ချေးယူနိုင်သည်။ ၂၀၁၅ခုနှစ်တွင် LIFT၏ အသေးစားငွေရေးကြေးရေးမိတ်ဖက်အဖွဲ့တို့သည် ဝန်ဆောင်မှု အသုံးပြုသူ ၈၀၀,၀၀၀ တို့ကို အသေးစား စီးပွားရေးလုပ်ငန်း ချေးငွေအဖြစ် ကန်ဒေါ်လာ သန်း၁၂၀ကို ထုတ်ချေးပေးခဲ့သည်။

## ငွေချေးသူများ သက်သာချောင်ချိရေးရန်ပုံငွေ

LIFT၏ အသေးစား ငွေရေးကြေးရေးမိတ်ဖက်အဖွဲ့ ၄၀အနက် ၁၄ဦးသည် ငွေချေးသူများ သက်သာ ချောင်ချိရေးရန်ပုံငွေကို စတင်ဆောင်ရွက်ထားသည်။ သေဘေးနှင့် သဘာဝဘေးကိုကြုံရသော ဖောက်သည်များသည် ယင်းရန်ပုံငွေကို ရရှိနိုင်မည်။ ထိုသို့ဖြစ်ပါက ဖောက်သည်များက ပေးဆပ်ရန် ကျန်ရှိသေးသော ချေးငွေများ ကို လျှော်ပေးမည် (ယင်းက အဖွဲ့ကို ဆောင်ရွက်ရမည့် တာဝန်များကို ကျေပွန်စေမည်) သို့မဟုတ် ငွေကြေးလက်ခံ ရရှိမည်။ ဥပမာအားဖြင့် PGMFသည် ယင်း၏ဝန်ဆောင်မှုအသုံးပြုသူ ၆၅,၀၀၀ကျော်သို့ လူမှုဖူလုံရေးရန်ပုံငွေ ကန်ဒေါ်လာ ၂.၈သန်းကို ထုတ်ပေးခဲ့သည်။ ထို့ပြင် တီထွင်ဆန်းသစ်မှု အနေဖြင့် PGMFသည် လူမှုဖူလုံရေးရန်ပုံငွေမှ ကန်ဒေါ်လာ၂၅ မှ ၅၈ထိကို ကလေးမွေးဖွားစရိတ်အဖြစ် ထုတ်ပေးသည်။ ၂၀၁၅ခုနှစ်အတွင်းတွင် အမျိုးသမီး ၄၀,၀၀၀ခန့်သည် ကန်ဒေါ်လာ ၁.၆သန်းကို လက်ခံရရှိခဲ့သည်။

## အာမခံ

ဖူလာတန်မြန်မာ အသေးစားငွေရေးကြေးရေးအဖွဲ့သည် ပုဂ္ဂလိကအာမခံကုမ္ပဏီတစ်ခုနှင့် စာချုပ်ကာ သူ့ဝန်ဆောင်မှုအသုံးပြုသူ သေဆုံးသွားပါက ဆပ်ရန်ကျန်သောအကြွေးများ မဆုံးရှုံးရေးအတွက် အာမခံထားရှိသည်။ ပရီမီယံကြေးမှာ ချေးငွေ၏ တစ်ရာခိုင်နှုန်းဖြစ်သည်။



# “ငွေချေးသမကနေ ငွေစပြီး စုခဲ့တာ ခုတော့ အပ်ချုပ်လုပ်ငန်းကို တိုးချဲ့နိုင်ပြီ”

*ရောဝတီတိုင်းတွင် ACCU ဖြင့် ငွေစုသူ ဒေါ်သီသီဝင်း*

## ငွေချေးသမဝါယမများ

ဤသမဝါယမအသင်းဝင်အင်အားမှာ လွန်ခဲ့သော ၂နှစ်အတွင်း ၈၀၀,၀၀၀မှ သုံးသန်းအထိ တိုးတက်လာသည်။ တရုတ်ထုတ်ကုန်သွင်းကုန်ဘဏ် မှ ချေးငွေ ကန်ဒေါ်လာသန်း၃၀၀ကို ရရှိလာခြင်းကြောင့် ဖြစ်သည်။ LIFTသည် Canadian Cooperative Association(CCA)နှင့် ပူးပေါင်းကာ ‘စံပြ’ငွေချေးသမဝါယမတခုကို ထူထောင်ရန် လုပ်ငန်းစီမံချက်တစ်ခုကို ပြင်ဆင်နေသည်။ ယင်းကို အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံ၏ သမဝါယမ ဆောင်ရွက်ပုံကို ခေတ်မီအောင် ဆောင်ရွက်နိုင်မည့် စင်မြင့်တစ်ခု ဖြစ်လာမည်။ သမဝါယမလုပ်ရှားမှုသည် မြန်မာနိုင်ငံတွင် အဖွဲ့ဝင်ဦးရေအားဖြင့် ဒုတိယအကြီးဆုံး အသေးစား ငွေရေးကြေးရေးဝန်ဆောင်သူ ဖြစ်သည်။[60] အထူး အရေးကြီးသည်မှာ ငွေချေးသမဝါယမများသည် တရုတ်ဘဏ်ချေးငွေများကို ပြန်ဆပ်ပြီးသည်နှင့် အရင်းအနှီးသစ်များကို စည်းရုံးစုဆောင်းရန် ဖြစ်သည်။

ငွေစုခြင်းသည် မြန်မာ့ကျေးလက်ရပ်ရွာတို့တွင် အထူးအဆန်းမဟုတ်ပေ။ ( *စုကြေး* ဆိုသည်မှာ တရားမဝင် ငွေစုငွေချေး အသင်းတစ်ခု ဖြစ်ပြီး စုငွေကို အလှည့်ကျယူကြခြင်း ဖြစ်သည်။ ယင်းတို့ကို စီးပွားရေးကောင်းသော ကျေးလက်တို့တွင် တွေ့ရသည်။) LIFTသည် United Nations Capital Development Fund (UNCDF) နှင့် ပူးပေါင်းကာ မြန်မာနိုင်ငံရှိ စုငွေဦးဆောင်သော ငွေကြေးဌာနများ ဖြစ်ထွန်းရေးအတွက် Microlead စီမံချက်ကို အကောင်အထည် ဖော်သည်။ ဤစီမံချက်၏ မိတ်ဖက်တစ်ဦးဖြစ်သော Asian Confederation of Credit Unions (ACCU) သည် *စုချေး* ကဲ့သို့သော ကျေးလက်ရှိ ငွေစုသည့်အလေ့အကျင့်များနှင့် လိုက်လျောညီထွေဖြစ်သည့် ကျေးရွာအဆင့် သမဝါယမအသစ်များကို ထူထောင်နေသည်။ ACCU သည် နွမ်းပါးသောအိမ်ထောင်စုများကိုသာ ငွေချေး သမဝါယမအသင်းဝင်အဖြစ် လက်ခံမည်။ အသင်းသားများသည် မိမိ၏ ငွေစုနိုင်စွမ်းကိုလိုက်၍ စုငွေကို သတ်မှတ်မည်။ ၂၀၁၃ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၁၅ခုနှစ် နှစ်ကုန်တွင် သမအသင်း၂၄သင်းနှင့် အသင်းသား ၉၇၄၆ဦး ရှိနေပြီ ဖြစ်ကာ စုငွေမှာ ကန်ဒေါ်လာ ၁၀၃,၀၇၅ သို့မဟုတ် တစ်ဦးလျှင် ကန်ဒေါ်လာ၁၁စီ စုဆောင်းပြီး

60 ၂၀၁၃-၁၄ခုနှစ်တွင် MADBသည် ငွေစု/ချေးသူပေါင်း ၃.၉သန်းကို ဝန်ဆောင်မှုပေးခဲ့သည်။

ဖြစ်သည်။ အသင်းသား ၅၀ရာခိုင်နှုန်းက ငွေချေးထားကြရာ ၂၀၁၅ခုနှစ် နှစ်ကုန်တွင် ကြွေးကျန် ကန်ဒေါ်လာ၂၃၀,၅၉၅ ရှိနေရာ တစ်ဦးလျှင် ပျမ်းမျှ ကန်ဒေါ်လာ၄၆၈ ဖြစ်သည်။

## ဘဏ်များ

မြန်မာနိုင်ငံငွေကြေးကဏ္ဍတွင် ဘဏ်များသည် အကြီးဆုံးအစိတ်အပိုင်းဖြစ်ပြီး ငွေကြေးလုပ်ငန်းများ၏ ပိုင်ဆိုင်မှု စုစုပေါင်း၏ ၉၀ရာခိုင်နှုန်း ဖြစ်သည်။[61] သို့သော် ဘဏ်အရေအတွက်မှာ နည်းနေသေးပြီး လူ၁၀၀,၀၀၀ တွင်မှ ဘဏ်တစ်ခု ရှိသည်။[62]

ငွေရေးကြေးရေးလုပ်ငန်းဥပဒေအရ ဘဏ်များသည် အပေါင်ပစ္စည်းမပါဘဲ ငွေမချေးနိုင်ပေ။ ကျေးလက်တွင် အနည်းဆုံး စီးပွားရေး ဘဏ်၅ခုသည် စီးပွားရေးလုပ်ငန်းနယ်ပယ်များကို ငှား-ဝယ်စနစ်ဖြင့် စိုက်ပျိုးရေး ကိရိယာများကို ဝယ်ယူနိုင်ရန် စီစဉ်ပေးနေသည်။ ယေဘုယျအားဖြင့် ပစ္စည်းတန်ဖိုး၏ ၃၀-၄၀ရာခိုင်နှုန်းကို ငှားသူက လက်ငင်းပေးချေရပြီး ပုံစံ၇(လယ်ပိုင်ခွင့်လက်မှတ်)ကိုပါ ပေးထားရန် လိုအပ်သည်။ ပစ္စည်းတန်ဖိုး၏ ၆၀-၇၀ ရာခိုင်နှုန်းကို ပစ္စည်းရောင်းချသူက အာမခံရသည်။ လက်ငင်းငွေချေရခြင်း၊ ပုံစံ၇ကို အပ်နှံရခြင်းတို့ကြောင့် စီးပွားရေးလုပ်ငန်းငယ်များက ငှား-ဝယ်စနစ်ကို လက်လှမ်းမမီကြပေ။ LIFTသည် ရိုးမဘဏ်နှင့် အစုစပ်လုပ်ကာ စီးပွားရေးလုပ်ငန်းငယ်များက စိုက်ပျိုးရေးကိရိယာများကိုဝယ်နိုင်ရန် ငှား-ဝယ်စနစ်ကို ဆောင်ရွက်စေမည်။ ဤအစုစပ်ပြုမှုအရ ငှားရမ်းသူသည် ရိုးမဘဏ်သို့ ပစ္စည်းတန်ဖိုး၏ ၁၀ရာခိုင်နှုန်းကိုသာ ပေးသွင်းရန်လိုပြီး ပုံစံ၇ကို အပ်ရန်လည်း မလိုပေ။ သုံးနှစ်အတွင်း စီးပွားရေး လုပ်ငန်းငယ် ၁၉,၀၀၀ခုကို ဆောင်ရွက်ပေးရန် ဦးတည်ထားသည်။ ၂၀၁၆ခုနှစ် ပထမသုံးလတွင် LIFTနှင့်အစုစပ်လုပ်ကာ ရိုးမဘဏ်သည် ကန်ဒေါ်လာ၃.၈သန်းကို စိုက်ပျိုးရေး ကိရိယာများအတွက် ငွေထုတ်ပေးခဲ့သည်။

## ကျားမရေးရာသုံးသပ်မှု

LIFTက အထောက်အပံ့ခံ အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှု အဖွဲ့တို့သည် အသုံးပြုသူတစ်သန်းကျော်ကို ထောက်ပံ့ခဲ့ရာတွင် ၉၃ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်သည်။ သို့သော် အမျိုးသမီးအချိုး သက်သက်ဖြင့် ကျားမတန်းတူညီမျှမှုကို အသေးစားငွေရေးကြေးရေးဝန်ဆောင်မှု၏ သက်ရောက်မှုအား တိုင်းတာရန် မလုံလောက်ပေ။ တိုင်းတာသင့်သည်မှာ လက်လှမ်းမီမှုနှင့် ရလဒ်များကို ဖြန့်ဖြူးရာတွင် မျှတမှု ရှိမရှိကိုသာ တိုင်းတာသင့်သည်။ LIFTသည် ဤကိစ္စနှင့်ပတ်သက်၍ အပြည့်အစုံ မသုံးသပ်ရသေးပေ။ သို့သော် အတိုင်းအတာအချို့ထိ ဆောင်ရွက်ပြီးဖြစ်သည်။

*ဇယား ၄.၂။ ကျားမရေးရာသုံးသပ်မှု အညွှန်းများ*

| | အမျိုးသမီး | အမျိုးသား | စုစုပေါင်း |
|---|---|---|---|
| ငွေစု/ချေးသူ | ၈၆၆,၉၁၄ (၉၃%) | ၆၇,၅၉၇ (၇%) | ၉၃၄,၅၁၁ |
| ငွေကြေးဆိုင်ရာသင်တန်းဆင်း | ၈၃၄,၄၅၆ (၉၈%) | ၂၂,၂၆၇ (၂%) | ၈၅၆,၇၂၃ |
| အသေးစားငွေရေးကြေးရေးဝန်ထမ်းများ | ၂,၅၄၀ (၆၀%) | ၁,၆၉၀ (၄၀%) | ၄,၂၃၀ |

## ငွေကြေးဆိုင်ရာအသိအမြင်ရှိမှု

အမျိုးသမီးရော အမျိုးသားတို့ကိုပါ အဆင့်မီသော သင့်လျော်သော ငွေကြေးဝန်ဆောင်မှုကို ပေးအပ်ရန် LIFTက မိတ်ဖက်အဖွဲ့များကို ကူညီသည်။ အထူးသဖြင့် ဝန်ဆောင်မှုလက်ခံရရှိသူအားလုံး၏ ၉၂ရာခိုင်နှုန်းဖြစ်သည့် အမျိုးသမီးများအတွက် ပို၍သင့်လျော်စေရန် ဖြစ်သည်။ သာတူညီမျှရလဒ် ပေါ်ထွက်စေရန်အတွက် ငွေကြေးဆိုင်ရာ အသိအမြင်ရှိရေးသင်တန်းကို အမျိုးသမီးရော အမျိုးသားရော ယင်းတို့၏ လိုအင်နှင့်ကိုက်ညီအောင် LIFT၏ မိတ်ဖက်အဖွဲ့တို့က ဒီဇိုင်းထုတ်ထားသည်။ ငွေကြေးဝန်ဆောင်မှုတို့ကို အမျိုးသမီးတို့ ပိုမိုနားလည်မှု၊ ထိရောက်စွာ သုံးစွဲနိုင်မှုတို့ကို ငွေကြေးဝန်ဆောင်မှုသင်တန်းကို တက်ရောက်ခဲ့သည့် အမျိုးသမီး အမျိုးသား ဦးရေနှင့် အချိုးအဆ၊ ယင်းငွေကြေး ဝန်ဆောင်မှုသင်တန်းပေးသည့် မိတ်ဖက်အဖွဲ့အရေအတွက် စသည်တို့နှင့် တိုင်းတာသည်။ ဝန်ဆောင်မှု အသုံးပြုသူ အမျိုးသမီး စုစုပေါင်း၏ ၈၇ရာခိုင်နှုန်းသည် ငွေကြေးဆိုင်ရာသင်တန်းများကို တက်ခဲ့ကြပြီး အမျိုးသားတို့မှာ ၃၁ရာခိုင်နှုန်းသာ တက်ခဲ့ကြသည်။ ယင်းသင်တန်းတွင် ငွေချေးသူတို့၏ ရပိုင်ခွင့်၊ တာဝန်၊ အတိုးနှုန်းများ၊ ရနိုင်သော ငွေကြေး ဝန်ဆောင်မှု အမျိုးအစားတို့ ပါဝင်သည်။

## ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှု

ယင်းကို အသေးစား ငွေရေးကြေးရေးဝန်ဆောင်မှု ပေးသူများထံတွင် အလုပ်လုပ်နေသော အမျိုးသမီး ဦးရေနှင့် အချိုးအဆတို့ဖြင့် တိုင်းတာသည်။ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများတွင် အမျိုးသမီးများပါဝင်ခြင်း၊ ခေါင်းဆောင်ခြင်းကို အမျိုးသမီးများ စီးပွားရေးလုပ်ကိုင်နိုင်စွမ်း၏ အကျိုးကျေးဇူးဟု အမျိုးသားများက မြင်လာနိုင်သည်။ အသေးစား ငွေရေးကြေးရေးဝန်ဆောင်မှုတွင် အမျိုးသမီးပါဝင်မှု အချိုးကြီးမားခြင်းသည် (LIFT၏ မိတ်ဖက်အဖွဲ့တို့၏ ဝန်ထမ်း၆၀ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြ၍) အမျိုးသမီးများသည်လည်း ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုတို့တွင် ညီတူညီမျှ ပါဝင်နေကြောင်းကို ပြနေသည်။

61 GIZ-မြန်မာငွေရေးကြေးရေးကဏ္ဍ(၂၀၁၅ ဖေဖော်ဝါရီ)
62 UNCDFငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုကို ဖြစ်မြောက်စေခြင်း(MAP)၂၀၁၄ခုနှစ်

# ၄.၂။ ပုဂ္ဂလိကကဏ္ဍနှင့် ထိတွေ့ဆောင်ရွက်မှု

## LIFTသည် အဘယ့်ကြောင့် ပုဂ္ဂလိကကဏ္ဍနှင့် ထိတွေ့ဆောင်ရွက်ရသနည်း

စီးပွားရေး ပွင့်လင်းလာသည်နှင့်အမျှ လွှမ်းခြုံမှု၊ သက်ရောက်မှု၊ တာရှည်တည်တံ့မှုတို့ ပိုမိုတိုးပွားလာရန်နှင့် အားလုံးပါဝင်စေသော ကျေးလက်ဒေသကြီးပွားရေးကို ဟန့်တားနေသည့် စနစ်အတွင်းရှိ အတားအဆီးများကို ကိုင်တွယ်ဖြေရှင်းရာတွင် သုံးမည့် သက်သေခံ အခြေအမြစ်တစ်ခုကို ထူထောင်ရန်အတွက် LIFTသည် ပုဂ္ဂလိကကဏ္ဍနှင့် ပိုမို ထိတွေ့ဆက်ဆံလာသည်။ ပုဂ္ဂလိကကဏ္ဍနှင့် လောလောလတ်လတ် ထိတွေ့ဆောင်ရွက်နိုင်မည့် နယ်ပယ်မှာ စိုက်ပျိုးရေး ဖြစ်သည်။ ဝင်ငွေတိုးလာခြင်း၊ မြို့ပြဆန်လာခြင်း၊ နိုင်ငံတကာကုန်သွယ်ရေး လွတ်လပ်လာခြင်းနှင့် ကြီးထွားလာခြင်းတို့ကြောင့် အစဉ်အလာရိက္ခာဈေးကွက် နေရာတွင် အထက်အောက် ပေါင်းစပ်ညှိနှိုင်းရသော ဈေးကွက်အချိတ်အဆက်က ဝင်၍ နေရာယူခဲ့သည်။ ဒေသတွင်းမှ ပစ္စည်းထောက်ပံ့မှု အစား နိုင်ငံအဆင့်၊ ဒေသအဆင့်၊ နိုင်ငံတကာအဆင့် ထောက်ပံ့ရေးကွင်းဆက်များက နေရာယူ လာကြသောကြောင့် ယင်းကွင်းဆက်များကို လက်လှမ်းမီရန်မှာ တင်းကြပ်သော စံချိန်များကို ပြည့်မီရမည် ဖြစ်သည်။[63] မြန်မာနိုင်ငံရှိ လုပ်ကွက်ငယ် တောင်သူများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ဤကွင်းဆက်များတွင် မပါဝင်နိုင်ရန် အဟန့်အတားများရှိနေသည့်ပြင် ငွေကြေးမပြည့်စုံခြင်း၊ သန့်ရှင်းရေးဆိုင်ရာ စည်းမျဉ်းများ ကင်းမဲ့ခြင်း၊ သယ်ယူပို့ဆောင်ရေး၊ ဓာတ်အား၊ ရေ စသည့် အခြေခံ အဆောက်အအုံများ မလုံလောက်ခြင်း၊ အရည်အသွေး တိုးတက်စေသည့် ကွင်းဆက်လှုပ်ရှားသူများ (ဥပမာ။ကိရိယာ၊မျိုးစေ့၊ ဓာတ်မြေဩဇာ ပေးသွင်းသူများ) ချို့ငဲ့ခြင်းတို့ကို နိုင်ငံနှင့်ချီကာ ကြုံတွေ့နေရသောကြောင့် ယှဉ်ပြိုင်နိုင်စွမ်း မရှိပေ။ ဤကဲ့သို့ ခေတ်မီအောင် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍနှင့် ထိတွေ့ဆောင်ရွက်မှု လုံလုံလောက်လောက်ရှိရန် လိုအပ်သည်။ အကြောင်းမှာ အစိုးရနှင့် အလှူရှင်တို့သည် အခြေခံအဆောက်အအုံ၊ သွင်းအားစု၊ ရိက္ခာသိုလှောင်ရုံ၊ ကြိတ်ခွဲ ပြင်ဆင်ခြင်း၊ ဈေးကွက်တင်ခြင်းတို့တွင် လိုအပ်သလောက် ရင်းနှီးမြှုပ်နှံနိုင်မည် မဟုတ်သောကြောင့် ဖြစ်သည်။

LIFTသည် ဒေသအားလုံးတွင် လုပ်ကွက်ငယ် တောင်သူများနှင့် စီးပွားရေးသမားတို့ကို စီးပွားရေးဆန်သော တန်ဖိုးကွင်းဆက်တွင် ပေါင်းစည်းနိုင်ရန် ထောက်ပံ့သည်။ လုပ်ကွက်ငယ်စိုက်ပျိုးရေးတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုကို လှုံ့ဆော်ပေးမည့် ပုဂ္ဂလိကကဏ္ဍအစုစပ်လုပ်ငန်း ဖြစ်ထွန်းရေးကို ဦးတည်သည့် အားလုံးပါဝင်စေသောတန်ဖိုးကွင်းဆက် ဖြစ်ပေါ်ရန် အားထုတ်နေသည်။ ပုဂ္ဂလိကကဏ္ဍနှင့် အစုစပ် ဆောင်ရွက်ရာတွင် LIFT၏ရည်မှန်းချက်မှာ ယှဉ်ပြိုင်နိုင်စွမ်းကို စိန်ခေါ်နေမှုတို့ကို ကျော်လွှားနိုင်မည့် ဖြေရှင်းနည်းများကို လက်တွေ့ပြရန်နှင့် အစုစပ်လုပ်ငန်းတိုင်းသည် လုပ်ကွက်ငယ်တောင်သူများနှင့် အခြား အကျိုးခံစားခွင့်ရှိသူ တို့ကို ထိထိရောက်ရောက် အကျိုးပြုစေရန် ဖြစ်သည်။

## LIFT၏ ပုဂ္ဂလိကကဏ္ဍနှင့် ထိတွေ့ဆောင်ရွက်မှုဆိုင်ရာ မူများ

LIFT၏ရင်းနှီးမြှုပ်နှံမှုတို့ကို ပုဂ္ဂလိကကဏ္ဍနှင့် ထိတွေ့ဆောင်ရွက်မှုဆိုင်ရာမူများက လမ်းညွှန်နေသည်။ ယင်းသည် အားလုံးပါဝင်စေသော စိုက်ပျိုးရေးတိုးတက်မှုကို အာရုံစိုက်မည်ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍကိုလည်း NGO များ၊ CSOများနည်းတူ ဦးစားပေးမိတ်ဖက်အဖွဲ့အဖြစ် ထားရှိမည်။ အောက်ပါမူများကို အထူးပြုသည်–

၁။ *ဈေးကွက်ပုံမမှန်မှုကို အနည်းဆုံးဖြစ်စေရန်။* ။ LIFT၏ ရင်းနှီးမြှုပ်နှံမှုသည် ပြောင်းလဲမှုကို ဖြစ်ပေါ်စေသည့်အပြင် ဖွံ့ဖြိုးရေး ရလဒ်များ ဖြစ်ပေါ်စေမည့် အဆင့်အတန်းတွင် တည်ရှိမည်။

၂။ *စနစ်အပြောင်းအလဲနှင့် စိုက်ပျိုးရေး၏ အဆောက်အအုံဆိုင်ရာ အသွင်ပြောင်းမှုတို့ကို ပံ့ပိုးရန်။* ။ စီ ပွားေ ရး ၊ တိုးတက်ရန်နှင့် ထိုတိုးတက်မှု၏ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်တို့ ရေရှည်တည်တံ့ရန်အတွက် ကျေးလက် အိမ်ထောင်စု များက အခရာကျကြောင်းကို LIFT၏ရင်းနှီးမြှုပ်နှံမှုက လက်တွေ့ပြမည်။ LIFTသည် ပုံတူပွားနိုင်မည့် အောင်မြင်သော ပုဂ္ဂလိက အစုစပ်ပုံစံများကို တည်ဆောက်ကာ ထောက်ပံ့မည်။

၃။ *LIFT၏ ဦးတည်အုပ်စုများသို့ ပြတ်သားသောတန်ဖိုးကို ယူဆောင်လာရန်။* ။ LIFT၏ ရင်းနှီးမြှုပ်နှံမှုသည် ယင်း၏ ဦးတည်အုပ်စုများသို့ ငွေကြေး၊ ဈေးကွက်၊သင်တန်းတို့ကို လက်လှမ်းမီစေမည့် ထင်သာမြင်သာသော အကျိုးကျေးဇူး များကို ပေးနိုင်ရမည်။

၄။ *တိုးပွားလာနိုင်စွမ်းနှင့် ငွေကုန်ကျကျိုးနပ်စေရန်။* ။ LIFT၏ ရင်းနှီးမြှုပ်နှံမှုကြောင့်သာမဟုတ်ပါက မရရှိနိုင်မည့် သို့မဟုတ် နှောင့်နှေးနေမည်ဖြစ်သော ဖွံ့ဖြိုးရေးရလဒ်များကို ဖြစ်ပေါ်စေမည်။ ထို့ပြင် ဤစီမံချက်များကြောင့် ဖန်တီးနိုင်ခဲ့သော အလုပ်အကိုင်အရေအတွက်၊ ငွေအရင်းအနှီးနှင့် နည်းပညာအသစ်များကို လက်လှမ်းမီလာသော ကျေးလက်အိမ်ထောင်စုအရေအတွက်၊ စုဆောင်းနိုင်သော ဖွံ့ဖြိုးရေးရန်ပုံငွေ စသည့် ဖွံ့ဖြိုးရေးသက်ရောက်မှု တို့ကို သိသိသာသာ ရရှိနိုင်ရမည်။

## LIFT၏ ပုဂ္ဂလိကကဏ္ဍနှင့် အားလုံးပါဝင်စေသော စိုက်ပျိုးရေးစီမံချက်တို့မှ မျှော်လင့်ထားသော ရလဒ်များ

ဆင်းရဲနွမ်းပါးမှုနှင့် ရိက္ခာဖူလုံမှုတို့ကို ရေရှည်အကျိုးပြုရန် အလေးထားသည့် စီမံချက်များတွင် LIFTက ရင်းနှီး မြှုပ်နှံသည်။ အခြေခံအဆောက်အအုံနှင့် မတည်ရမည့်ကိရိယာများအတွက်ကို သော်လည်းကောင်း၊ ဈေးကွက်ကို အာမခံသည့် စီမံချက်များ ဖြစ်သော ပုဂ္ဂလိကကဏ္ဍနှင့် အစုစပ် လုပ်ငန်းများအတွက်ကို သော်လည်းကောင်း ဖြစ်နိုင်ပါက LIFT၏ရန်ပုံငွေတို့ကို

---

63 ဥပမာ။ Reardon et al., 2009.

မသုံးစွဲပါ။ ယင်းအစား လုပ်ကွက်ငယ်တောင်သူများ စီးပွားရေးလုပ်ငန်းများတို့ကို သင်တန်းပေးခြင်းနှင့် ထောက်ပံ့ခြင်း၊ ဈေးကွက်သို့ လမ်းဖောက်ပေးခြင်း၊ ဈေးကွက်ဖွံ့ဖြိုးမှုတွင် အတွေ့အကြုံ ရရှိစေခြင်း (ဥပမာ။ မျိုးစေ့ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း) တို့ကို ဆောင်ရွက်ပေးမည့် အစုစပ်လုပ်ငန်း ကိုသာ LIFTက အလိုရှိသည်။ အောက်ပါဇယားတွင် ယနေ့အထိ ပုဂ္ဂလိက ကဏ္ဍနှင့်အစုစပ်ပြုမှုမှ LIFTမျှော်လင့်သည့် ရလဒ်များကို ဖော်ပြထားသည်။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့် အကျိုးတူ လယ်ယာနယ်ပယ်တို့တွင် အဓိက အစုစပ်ပြုမည် ဖြစ်သည်။

*ဇယား ၄.၃။ LIFT၏ ပုဂ္ဂလိကကဏ္ဍအစုစပ်ပြုမှုနှင့် မျှော်လင့်သောရလဒ်များ*

| မျှော်မှန်းရလဒ် | အစုစပ်ပြုမှု |
|---|---|
| စီးပွားဖြစ် တန်ဖိုးကွင်းဆက်တွင် ဈေးကောင်းသည့် သီးနှံများကို စီးပွားဖြစ်စိုက်ပျိုးသူများ အဖြစ်သို့ လုပ်ကွက်ငယ် တောင်သူများကို ပြောင်းလဲခြင်း | ဟိုင်းနကင်/ရတနာရော(ဘီယာချက်ခြင်း)<br>ပရိုင်းအဂရီ(သီးနှံနှင့် ဟင်းခင်းစိုက်ပျိုးခြင်း) |
| လုပ်ကွက်ငယ်တောင်သူများကို စိုက်ပျိုးရေးနည်းလမ်းကောင်းများ၊ မြေဆီလွှာထိန်းသိမ်းခြင်း၊ စိုက်ပျိုးရေထိန်းသိမ်းခြင်း၊ သီးနှံကာကွယ်စောင့်ရှောက်ခြင်းတို့ကို သင်တန်းပေးခြင်း၊ အောင်လက်မှတ်ထုတ်ပေးခြင်း | ဟိုင်းနကင်/ရတနာရော(ဘီယာချက်ခြင်း)<br>ပရိုင်းအဂရီ(သီးနှံနှင့်ဟင်းခင်းစိုက်ပျိုးခြင်း) |
| လုပ်ကွက်ငယ် လယ်ယာစိုက်ပျိုးခြင်းတွင် ရိက္ခာလုံခြုံရေးနှင့် ရေရှည်တည်တံ့မှုကိုဖြစ်စေသော ထုတ်လုပ်မှုစံချိန်များကို ကျင့်သုံးခြင်း | ဟိုင်းနကင်/ရတနာရော(ဘီယာချက်ခြင်း)<br>ပရိုင်းအဂရီ(သီးနှံနှင့်ဟင်းခင်းစိုက်ပျိုးခြင်း) |
| ရာသီဥတုနှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးနည်းပညာများကို မိတ်ဆက်ပေးခြင်း(စက်မှုလယ်ယာ၊ ရေသွင်းခြင်း) | ရိုးမဘဏ်<br>ဟိုင်းနကင်/ရတနာရော(ဘီယာချက်ခြင်း)<br>ပရိုင်းအဂရီ(သီးနှံနှင့်ပန်းမန်စိုက်ပျိုးခြင်း) |
| စိုက်ပျိုးရေးနည်းပညာများအတွက် နှစ်လတ်နှင့် နှစ်ရှည် ငွေထုတ်ချေးခြင်း | ရိုးမဘဏ်<br>ငွေကြေးလဲလှယ်မှု(TCX) |
| လုပ်ကွက်ငယ်တောင်သူနှင့် စီးပွားရေးလုပ်ငန်းငယ်များသို့ နှစ်တို လုပ်ငန်း အရင်းအနှီးထုတ်ချေးခြင်း | ရိုးမဘဏ်<br>ငွေကြေးလဲလှယ်မှု (TCX)<br>ပုဂ္ဂလိကMFIများ |
| လုပ်ကွက်ငယ်တောင်သူများကို မျိုးစေ့ထုတ်လုပ်ရေး၊ ဈေးကွက်တင်ရေး သမဝါယမတစ်ခုအနေဖြင့် စီးပွားဖြစ် မျိုးစေ့ထုတ်လုပ်မှုနှင့် ချိတ်ဆက်ခြင်း | ပြင်ဆင်ဆဲ |
| သဘာဝဘေးအန္တရာယ် အာမခံနှင့် ငွေကြေးဆိုင်ရာ ယန္တရားများကို ဖော်ထုတ်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို သဘာဝဘေးအန္တရာယ် မသက်ရောက်အောင် တားဆီးခြင်း နှင့် စီမံခန့်ခွဲခြင်း | ပုဂ္ဂလိကMFIများ(ရေဘေးပြန်လည် ထူထောင်ရေး အခန်းကို ကြည့်ပါ) |

# LIFT၏ ပုဂ္ဂလိကကဏ္ဍ အစုစပ်လုပ်ငန်းအကြောင်း ဖော်ပြချက်

## ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

ရှေ့အခန်း ၄.၁ တွင် ဖော်ပြထားသကဲ့သို့ ဥပဒေနှင့်ညီသော ငွေကြေးဝန်ဆောင်မှုများကို ကျေးလက်လူထုသို့ ပို့ဆောင်ခြင်းသည် အားလုံးပါဝင်သည့် စိုက်ပျိုးရေးဖွံ့ဖြိုးမှုအတွက် အခြေခံကျသောလိုအပ်ချက် ဖြစ်သည်။ စိုက်ပျိုးရေးကိရိယာများအတွက် အချိန်ပိုင်းဖြင့် ငွေထုတ်ချေးခြင်းကဲ့သို့သော စိုက်ပျိုးရေးဆိုင်ရာ ငွေကြေး ဝန်ဆောင်မှုများကို တောင်းဆိုမှုကို ပြည့်မီရန်မှာ ပုဂ္ဂလိကကဏ္ဍနှင့် ထိတွေ့ဆောင်ရွက်ရန်မှာ အခရာကျသည်။ တစ်ဖက်တွင်ဖော်ပြထားသော အစုစပ်ပြုမှုနှစ်ခုဖြင့် LIFTသည် ကန်ဒေါ်လာသန်း၂၀၀မှ ၂၅၀အထိ ပုဂ္ဂလိက ကဏ္ဍမှ လာရောက်မြှုပ်နှံကာ လုပ်ကွက်ငယ်တောင်သူများသို့ ရေရှည်တည်တံ့သော ဈေးကွက်အချိတ်အဆက်များ နှင့် အထောက်အပံ့များကို ဖန်တီးနိုင်မည်ဟု မျှော်လင့်သည်။

## ရိုးမဘဏ်

ဤစီမံချက်သည် ပို၍ခိုင်မာသော အားလုံးပါဝင်စေသည့် ကျေးလက်ငွေရေးကြေးရေးဈေးကွက်တစ်ခုကို ဖြစ်ပေါ်စေရန် ဟူသော LIFT၏မဟာဗျူဟာနှင့် လုံးဝကိုက်ညီသည်။ ယင်းသည် ရပ်ရွာအဆင့်တွင် စီးပွားရေး ဖွံ့ဖြိုးမှုနှင့် လူမှုဖူလုံမှုကို ဖြစ်စေမည်။

ဤစီမံချက်ကို နယ်မြေဒေသလေးခုစလုံးတွင် ပြုလုပ်မည်ဖြစ်ပြီး ဝန်ဆောင်မှုအသုံးပြုသူ ၁၂၀,၀၀၀ထံသို့ ရောက်ရှိမည်ဟု မျှော်လင့်ထားသည်။ ဤစီမံချက်တွင် အပိုင်းသုံးပိုင်း ပါဝင်သည်_

အသေးစားဈေးကွက် အထောက်အကူ(ကန်ဒေါ်လာ၁.၆သန်း)။ ရိုးမဘဏ်သည် အလွန်သေးငယ်သော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း များနှင့် အလုပ်လုပ်ရန် ကျွမ်းကျင်မှုများကို ယူဆောင်လာမည်။ ဤကဏ္ဍမှာ ရိုးမဘဏ်နှင့် မရင်းနီးပေ။ ဤစီမံချက်သည် သုံးသပ်မှုကို အခြေခံသည့် ငှား-ဝယ်စနစ်ကို ကျင့်သုံးရန် ကူညီမည်။ ထို့ပြင် ကျေးလက်ဒေသ၌ ငွေရေးကြေးရေးဆိုင်ရာ ပညာပေးရန်၊ ငွေစုသည့် အလေ့အထ ဖြစ်ထွန်းစေရန် ထောက်ပံ့မည်။

တစ်ပိုင်းတစ်စ အဆုံးအရှုံး အာမခံရန်ပုံငွေ(ကန်ဒေါ်လာ၁၂.၅သန်း)။ ဤရန်ပုံငွေသည် အခြေခံလိုအပ်သည့် စိုက်ပျိုးရေး ကိရိယာအငယ်စားများကို ငှား-ဝယ်စနစ်ဖြင့် ဝယ်ယူမည့် ဖောက်သည်များ ငွေလက်ငင်းပေးချေရန် မဖြစ်နိုင်သောအခါတွင် အာမခံအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး ရိုးမဘဏ်ကလည်း ကြွေးဆုံးအပေါင်အဖြစ် အသုံးပြုနိုင်မည် ဖြစ်သည်။ ဤတစ်ပိုင်းတစ်စ အဆုံးအရှုံး အာမခံရန်ပုံငွေသည် ရိုးမဘဏ်က ကန်ဒေါ်လာ သန်း၁၀၀ထုတ်ချေးမည့် ငှား-ဝယ်စနစ်ကို ထောက်ပံ့မည်။ ရည်မှန်းထားသော ဖောက်သည်များတွင် လက်သုံး ကိရိယာ သို့မဟုတ် မ,တည် အရင်းအနှီး ကန်ဒေါ်လာ ၃,၅၀၀မှ ၅,၀၀၀အထိကို လိုအပ်နေသည့် လုပ်ကွက်ငယ် တောင်သူများ၊ ကျေးရွာလူထုများ၊ သမဝါယမများ၊ စိုက်ပျိုးရေးဝန်ဆောင်မှုပေးသူများ၊ စိုက်ပျိုး ကုန်ကြိတ်ခွဲ ပြင်ဆင်သည့် လုပ်ငန်းအသေးစားများ၊ အခြားကျေးလက်စီးပွားရေးလုပ်ငန်းများ စသည်တို့ ပါဝင်သည်။

တစ်ဦးချင်း ဖွံ့ဖြိုးမှု စုငွေစာရင်းများ(ကန်ဒေါ်လာ၄သန်း)။ ရိုးမဘဏ်သည် ငွေစုမည့် အစီအစဉ်တစ်ခုကို ထူထောင်ကာ ဤအစီအစဉ်တွင် ပါဝင်သည့် စုငွေအားလုံးကို ပူးပေါင်းထားမည်ဖြစ်သည်။ ဝင်ငွေနည်းသည့် အိမ်ထောင်စုတို့၏ စုငွေအားလုံးနှင့်ဆတူ စီမံချက်က ထည့်ဝင်မည်ဖြစ်သည်။

ထို့အပြင် ရိုးမဘဏ်သည် အခြားပုဂ္ဂလိကကဏ္ဍ အစုစပ်များအတွက်လည်း လမ်းဖွင့်ထားမည်ဖြစ်သည်။ ယင်းတို့မှာ အငယ်စား စီးပွားရေးဖွံ့ဖြိုးမှု၊ စီမံချက် သွယ်ဝိုက် ငွေကြေးထောက်ပံ့မှုတို့ ဖြစ်သည်။ လုပ်ကွက်ငယ် တောင်သူများသည် ပရိုင်းအာဂရီတွင် LIFTက ရင်းနှီးမြှုပ်နှံမှုဖြင့် ထောက်ပံ့ထားသည့် ငှား-ဝယ်စနစ် မှတစ်ဆင့် ရေအစက်ချ စိုက်ပျိုးရေးနည်းပညာများကို လက်လှမ်းမီခဲ့ကြသည်။

## ငွေကြေးလဲလှယ်ရေးအဖွဲ့(The Currency Exchange - TCX)

အသေးစားငွေကြေးဝန်ဆောင်သူများထံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရောက်ရှိရန်အတွက် LIFTသည် ငွေကြေးလဲလှယ်ရေး(TCX)[64] ထံမှ ဆုံးရှုံးမှုမှာ ကာမိစေမည့် အခံရန်ပုံငွေ ဝန်ဆောင်မှုကို ဝယ်ယူရန် စီစဉ်လျက်ရှိသည်။ မြန်မာ့အသေးစား ငွေရေးကြေးရေး ဈေးကွက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အကြီးဆုံးဟန့်တားနေသည်မှာ လက်ရှိသတ်မှတ်ထားသည့် တစ်နှစ်လျှင် ၁၀ရာခိုင်နှုန်း အတိုးနှုန်းပင် ဖြစ်သည်။[65] နိုင်ငံခြားမှ ငွေချေးသူများသည် ယင်းထက် ပိုများသော အတိုးနှုန်းကို တောင်းခံရန် လိုအပ်နေသည်။ (လက်ရှိတွင် တစ်နှစ်လျှင် ၁၇ရာခိုင်နှုန်းအထက်) ယင်းမှာ ကန်ဒေါ်လာနှင့် ယှဉ်ပါက မြန်မာကျပ်ငွေ၏ မတည်ငြိမ်မှုကြောင့် ဖြစ်သည်။ အခံရန်ပုံငွေ ဝန်ဆောင်မှုတစ်ခု ရှိမှသာ နိုင်ငံခြားငွေချေးသူများသည် မြန်မာ့အသေးစား ငွေရေးကြေးရေး ဝန်ဆောင်သူများထံသို့ ၁၀ရာခိုင်နှုန်းနှင့်အောက် အတိုးနှုန်းဖြင့် ငွေချေးနိုင်မည်ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံ၏ ကုန်သွယ်ရေး အခြေအနေကြောင့် ဤဝန်ဆောင်မှုကို မရနိုင်သေးပါ။

LIFT၏ရန်ပုံငွေကို ဈေးကွက်ပေါက်ဈေး အတိုးနှုန်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က သတ်မှတ်ထားပေးသော အမြင့်ဆုံး အတိုးနှုန်း ကွာဟမှုကို ညှိပေးရာတွင်သုံးမည်။ LIFTသည် ကန်ဒေါ်လာ၁၀သန်းကို ရင်းနှီးလိုက်ခြင်းဖြင့် အသေးစား ငွေရေးကြေးရေးကဏ္ဍတွင် ကန်ဒေါ်လာ သန်း၁၀၀ ဝင်ရောက် ရင်းနှီးမြှုပ်နှံလာမည်ဟု မျှော်လင့်သည်။[66] နိုင်ငံခြားရင်းနှီး သူများက လက်ခံနိုင်ဖွယ်ရှိသောအတိုးကို ရကြမည်ဖြစ်ပြီး အသေးစားငွေရေးကြေးရေး လုပ်ငန်းများကလည်း တစ်နှစ်လျှင် ၁၀ ရာခိုင်နှုန်းအတိုးဖြင့် ချေးငွေရရှိနိုင်မည်ဖြစ်၍ အသုံးပြုသူအသစ် ၅သိန်းကို ဝန်ဆောင်လာနိုင်မည်ဖြစ်သည်။

## အကျိုးတူလယ်ယာ

LIFTက ဦးတည်သော အကျိုးတူလယ်ယာပုံစံများသည် လုပ်ကွက်ငယ်တောင်သူများ အဆင့်မီစိုက်ပျိုးရေး သွင်းအားစုများ၊ ထိရောက်ပြီး အပြိုင်အဆိုင်ရှိသည့် ငွေကြေးဝန်ဆောင်မှုများ၊ အားထားရသောဈေးကွက်များ၊ တောင်သူတို့ကို အသိအမြင်တိုးစေမည့် ပညာပေးမှုများကို လက်လှမ်းမီစေရမည်ဖြစ်သည်။

ပရိုင်းအာဂရီ။ ။ ဤစီမံချက်သည် လုပ်ကွက်ငယ်တောင်သူများအတွက် ရေရရှိရေး နည်းပညာများကို မည်သို့ ငွေကြေးထောက်ပံ့ရမည်ကို လက်တွေ့ပြသမည်။ ကောင်းမွန်သော စိုက်ပျိုးရေး အလေ့အကျင့်လက်မှတ်ရရှိရန် သင်တန်းပေးမည်။ အားထားရသော ရေရှည်တည်တံ့သော တန်ဖိုးမြင့်သီးနှံ ပေးသွင်းရေး ကွင်းဆက်သို့ တောင်သူများကို လက်လှမ်းမီစေမည် ဖြစ်သည်။သင့်လျော်သော ရေအရင်းအမြစ် ဖွံ့ဖြိုးမှုနှင့် စီမံခန့်ခွဲမှုတို့ကို ရေနှင့်စွမ်းအင်ကို ချွေတာသည့် အစက်ချရေပေးနည်း နည်းပညာဖြင့် ပေါင်းစပ် လိုက်ခြင်းဖြင့် သီးထွက်နှင့် လုပ်ကွက်ငယ်တောင်သူများ၏ ဝင်ငွေကို

---

64 TCXသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းငွေချေးငှားသူများတို့ ငွေပေါ်ရန်မလွယ်သည့် ဈေးကွက်များတွင် ပေါ်ပေါက်လာ သော အတိုးနှုန်းမကိုက်ညီမှုနှင့် ငွေကြေးကို ထိန်းပေးသော အထူးကိစ္စ ရန်ပုံငွေဖြစ်သည်။ ငွေကြေးမကိုက်ညီမှုကြောင့် ဖြစ်လာသော ဈေးကွက် အခက်အခဲများကို လျော့ပါးစေရန် ရေရှည်တွင် ဒေသခံငွေကြေးဖြင့် ငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်ရန်ဖြစ်သည်။

65 ဗဟိုဘဏ်သည် အတိုးနှုန်း၁၀%(ကျပ်ငွေ)ကျော်ပါက မြန်မာ့အသေးစားငွေရေးကြေးရေး ဝန်ဆောင်သူတို့ ကို ပြည်ပငွေချေးပေးသူတို့ထံမှ ငွေချေးငှားခွင့်မပြုပေ။ သို့ဖြစ်ရာ မြန်မာကျပ်ငွေတန်ဖိုးမှာ အရေးကြီးလာသည်။ အကြောင်းမှာ မြန်မာကျပ်ငွေဖြင့်သာ လုပ်ငန်းလည်ပတ်ရမည် ဖြစ်သည်။ အသေးစားငွေရေးကြေးရေး ချေးငှားရာတွင် အတိုးနှုန်းကို ၃၀%ထက်မပိုရန် သတ်မှတ်ထားပြီး လုပ်ငန်းစရိတ်မှာ ၁၅%ကျော်နေသောကြောင့် ယင်းသည် အသေးစားငွေရေးကြေးရေး ဝန်ဆောင်သူ အားလုံးလောက်ကပင် တောင်းခံမည့် အများဆုံး အတိုးနှုန်းပင်ဖြစ်နေသည်။

66 တကယ့်အားသာချက်မှာ မြန်မာကျပ်ငွေ၏ ကန်ဒေါ်လာနှင့်ယှဉ်က မတည်ငြိမ်မှုနှင့် ရင်းနှီးမြှုပ်နှံသူတို့၏ အမြတ်က ဆုံးဖြတ်မည်။ ယခုလောလောဆယ်အချိန် ခန့်မှန်းချက်မှာ ၁၀ ဆ ဖြစ်သည်။

တိုးပွားစေမည်။ အဆင့်မြင့်ထုတ်ကုန်များကို တစ်နှစ်ပတ်လုံး ထုတ်လုပ်ရမည့် အောက်ခြေအဆင့် ကြိတ်ခွဲထုတ်လုပ်ရေးလုပ်ငန်းများအတွက် တစ်နှစ်ပတ်လုံး ရေရရှိရန်မှာ အခရာကျသည်။ စီမံချက်ကို အဆင့်ဆင့်ဖြင့် ဒီဇိုင်းထုတ်လုပ်ထားရာ အဆင့်တိုင်း၏ ရည်မှန်းချက်ပြည့်မီမှုကို နောက်တစ်ဆင့်က မှီခိုနေရသည်။ သုံးနှစ်အတွင်း ကန်ဒေါ်လာ၅.၉သန်းကို LIFTက ရင်းနှီးမည်။

**ဟိုင်းနကန်/ရတနာရော။** ။ ဆန်ကို ဘီယာချက်သည့် ဟိုင်းနကန်၏ လုပ်ငန်းတွင် တောင်သူရုပ်ရွာများကို ချိတ်ဆက်ပေးခြင်းဖြင့် ယင်းတို့၏ လူမှုစီးပွားအခြေအနေများ တိုးတက်ကောင်းမွန်စေရန် စီမံချက်က ရည်ရွယ်သည်။ အစားအစာဘေးကင်းမှု အလေ့အကျင့်များ၊ သင်တန်းများ၊ အောင်လက်မှတ် ထုတ်ပေးခြင်းများအပြင် ဟိုင်းနကင်က စာချုပ်ချုပ်ဆိုကာ ဘီယာချက်မည့်စပါးများကို ဝယ်ယူမည့် အကျိုးတူလယ်ယာလုပ်ငန်းတို့ဖြင့် လုပ်ကွက်ငယ်တောင်သူ ၁၀၀၀၏ ဝင်ငွေကို တိုးစေရန် စီမံချက်က ဆောင်ရွက်မည်။ ၁၈လအတွင်း LIFT၏ ရင်းနှီးမြှုပ်နှံမှုမှာ ကန်ဒေါ်လာ ၂၁၇,၀၀၀ ဖြစ်သည်။


# ၄.၃။ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် လက်တွဲဆောင်ရွက်ခြင်း

## အဘယ်ကြောင့် LIFTသည် မြန်မာ့အရပ်ဘက်လူမှုအဖွဲ့အစည်းကို ထောက်ပံ့ရသလဲ

LIFT၏ ၂၀၁၄ခုနှစ်မဟာဗျူဟာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းကိုလည်း အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ နည်းတူ အင်အားဖြည့်ပေးခြင်းသည် ပို၍ ရေရှည်တည်တံ့သော အသက်မွေးမှုစနစ်များ[67] ကို ဖြစ်ထွန်းစေကြောင်း အတည့်အလင်း အသိအမှတ်ပြုထားသည်။ လူမှုရေးဆောင်ရွက်မှုများ နိုင်ငံရေးရာ ဆောင်ရွက်မှုများသည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် လည်းကောင်း၊ စီးပွားရေးနှင့် လူမှုရေး သာတူညီမျှဖြစ်ထွန်းရေးတွင် လည်းကောင်း အချက်အချာ ကျသည်။

ထို့ကြောင့် LIFTသည် အသက်မွေးမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ထောက်ပံ့ရန်နှင့် ဖြစ်ထွန်းစေရန်အတွက် ရပ်ရွာလူထု၊ ဒေသအစိုးရ၊ CSOများ၊ ပုဂ္ဂလိကလုပ်ငန်းများတို့၏ စွမ်းဆောင်ရည်ကို အားဖြည့်ပေးခြင်းဟူသော စီမံကိန်းအဆင့် ရလဒ်တစ်ရပ်ကို အတည့်အလင်း ချမှတ်ထားသည်။ ဤရလဒ်ကို တိုင်းတာမည့် အဓိကအညွှန်းမှာ LIFT၏ရန်ပုံငွေကို သုံးစွဲနေရသော ပြည်တွင်းအဖွဲ့အစည်းများ၏ အရေအတွက်ပင်ဖြစ်သည်။ (ဤအစီရင်ခံစာ၏ ဇယား ၂.၃ တွင် စီမံကိန်းအဆင့် နှစ်အလိုက် ရည်မှန်းချက်များ၊ ပြီးစီးမှုများကို ဖော်ပြထားသည်)

*ပုံ ၄.၁ ။ LIFTအထောက်အပံ့ခံသင်တန်းများ(၂၀၁၁-၂၀၁၅)*




## မြန်မာ့အရပ်ဘက်လူမှုအဖွဲ့အစည်းသို့ LIFTထောက်ပံ့မှု၏ အလားအလာ


လုပ်ငန်းစတင်ကတည်းက LIFTသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နည်းလမ်းအမျိုးမျိုးဖြင့် ထိတွေ့ ဆောင်ရွက်ခဲ့သည်။ သင်တန်းပေးခြင်း၊ ကြီးကြပ်ခြင်း၊ သင်ရိုးစာစောင်စာတမ်းပြုစုခြင်း စသည်တို့ ပါဝင်သည်။ ဥပမာအားဖြင့် ၂၀၁၅ခုနှစ်တွင်ပြီးစီးခဲ့သော စီမံချက်တစ်ခုတွင် လူမှုရေးသုတေသနလက်စွဲစာစောင်ကို နှစ်ဘာသာဖြင့် ရေးသားပြုစုခဲ့သည်။ ယင်းသည် ပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ၊ CSOများဖြစ်စေ၊ လူမှုရေးသုတေသန ဆောင်ရွက်ရာတွင် အလွန်အသုံးဝင်သည်။ အထက်ပါဂရပ်တွင် ၂၀၁၅ခုနှစ်မှစ၍ LIFTက ပံ့ပိုးပေးခဲ့သော သင်တန်းများကို အကျဉ်းချုပ် ဖော်ပြထားသည်။ ယနေ့ထိ သင်တန်းစုစုပေါင်း၂,၃၈၁ခုကို ဖွင့်ခဲ့သည်။ သင်တန်းသား ၃၅၇,၀၀၀ တက်ရောက်ခဲ့ရာ ၆၀ရာခိုင်နှုန်းမှာ အမျိုးသမီးဖြစ်သည်။

67 အသက်မွေးမှုစနစ်ဟူသော အကြံအစည်ကို 'အရပ်ဘက်လူမှုအဖွဲ့အစည်းများကို LIFTရန်ပုံငွေမှ ထောက်ပံ့ခြင်း'ဟူသော LIFTက အထောက်အပံ့ခံ အစီရင်ခံစာတွင် သေချာစွာ ဖော်ပြထားသည်။ 'အသက်မွေးမှုစနစ်တို့ကို လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပတ်ဝန်းကျင်အခြေအနေတို့အရ ဖွဲ့စည်းထားကြသည်။ အခြေအနေအားလုံးတွင် အဓိကဇာတ်ကောင်ဖြစ်သော အရပ်ဘက်လူမှုအဖွဲ့အစည်းသည် အသက်မွေးမှုနှင့် ရိက္ခာဖူလုံမှုကို အဆုံးအဖြတ်ပေးသော လူမှုရေးအခြေအနေတို့ကို အထူးထိခိုက်စေ နိုင်သည်။ ထိုကဲ့သို့သော မဟာဗျူဟာသည် အုပ်ချုပ်ရေးနှင့် စီးပွားရေးက အရပ်ဘက်လူမှုအဖွဲ့အစည်း ပေါ်တွင် ရပ်တည်သည်ဟု အသိအမှတ်ပြုသည်'

သို့သော်လည်း သင်တန်းသားများကို သင်တန်းပေးခြင်းသည် အဖွဲ့အစည်းတစ်ခုကို အားဖြည့်ရာ မရောက်ပေ။ မြန်မာCSO အများအပြားသည် ဝန်ထမ်းနှုတ်ထွက်မှုနှင့် အကြီးအကျယ်ရင်ဆိုင်နေရသည်။ ထို့ပြင် သင်တန်းများကို ပေးလိုသူတို့၏ ဆန္ဒအရ ဖွင့်လှစ်နေရသည်(ဆိုလိုသည်မှာ မည်သည့်သင်တန်း အမျိုးအစားကို ဖွင့်မည်ဟု သင်တန်းဖွင့်သူကသာ ဆုံးဖြတ်သည်) CSOများက ယင်းတို့ အလိုရှိသည့် စွမ်းဆောင်ရည်ဆိုင်ရာ အထောက်အပံ့ကိုသာ ပေးစေလိုကြောင်း၊ အသင့်စီစဉ်ထားသော သင်တန်းပုံစံများကို မပေးစေလိုကြောင်း ပို၍ ထုတ်ပြောလာကြသည်။[68] ထို့ကြောင့် LIFTသည် မြန်မာCSOများ ကိုင်တွယ်နေသည့် စီမံချက်၏ ဘတ်ဂျက်များတွင် ပြောင်းလွယ်ပြင်လွယ်ရှိသော သင်တန်းနှင့် စွမ်းဆောင်ရည်တည်ဆောက်ရေး အရင်းအမြစ်များကို ပို၍ ထည့်သွင်းထားသည်။ LIFTသည် လုပ်ငန်းဆောင်ရွက်မှု လမ်းညွှန်ချက်များကို ၂၀၁၄ခုနှစ်တွင် ပြောင်းလဲလိုက်ပြီး မိတ်ဖက်ပြုမှုများ၊ ယာယီအဖွဲ့များတွင် သွယ်ဝိုက်စရိတ်များကို CSOများအပါအဝင် မိတ်ဖက်အဖွဲ့အားလုံးက ယင်းတို့၏ လုပ်ငန်းဘတ်ဂျက်အချိုးအလိုက် မျှဝေကျခံရမည်ဟု ရှင်းရှင်းလင်းလင်းဖော်ပြခဲ့သည်။ ထို့ကြောင့် CSOများသည် ယင်းတို့ရရှိသော ငွေကြေးအနည်းငယ်ကို ဦးစားပေးသတ်မှတ်နိုင်စွမ်း ရှိလာခဲ့ကြသည်။

စီမံချက်တွင် ပြောင်းလွယ်ပြင်လွယ်ရှိသော စွမ်းဆောင်ရည်တည်ဆောက်ရေး အရင်းအမြစ်များကို ထည့်သွင်းခြင်း၏ အောင်မြင်မှု ဆုံးရှုံးမှုသည် LIFT၏ တိုက်ရိုက်/တစ်ဆင့်ခံ မိတ်ဖက်အဖွဲ့ဖြစ်သော မြန်မာCSOများက LIFT၏ရန်ပုံငွေများကို လက်လှမ်းမီမှုရှိသည်ဟု ယူဆချက်ကို မူတည်သည်။ အောက်ပါဂရပ်တွင် မြန်မာCSOများက စီမံခန့်ခွဲသော ရန်ပုံငွေ အချိုးအစား တိုးတက်လာသည်ကို တွေ့နိုင်သည်။ သို့သော် လောလောဆယ် ၂၀၁၅ခုနှစ်၌ LIFTက အဆိုပြုလွှာ အများအပြားကို ခေါ်ယူနေသောကြောင့် ယင်းအချိုးအစား ကျဆင်း သွားကြောင်း တွေ့နိုင်သည်။

*ပုံ ၄.၂ ။ LIFTရန်ပုံငွေကို စီမံခန့်ခွဲနေသော မြန်မာအဖွဲ့အစည်းများ*




## မြန်မာCSOများနှင့် LIFTက အဆိုပြုလွှာခေါ်ဆိုမှု

၂၀၁၅ခုနှစ်တွင် LIFTသည် အဆိုပြုလွှာများကို ၇ကြိမ် ခေါ်ဆိုခဲ့သည်။ အောက်ပါဇယားတွင် နိုင်ငံတကာမှရော ပြည်တွင်းမှပါ လက်ခံရရှိသည့် အဆိုပြုလွှာအရေအတွက်နှင့် အထောက်အပံ့ခံရသော မြန်မာCSOအရေအတွက် တို့ကို တွေ့နိုင်သည်။

ခြုံ၍ပြောရလျှင် မြန်မာCSOများက တင်သွင်းမှုမှာ အလွန်နည်းပါးသည်။ တင်သွင်းပါကလည်း ယင်းအဆိုပြုလွှာ တို့ကို နိုင်ငံတကာအဖွဲ့အစည်းများမှ အဆိုပြုလွှာများနှင့်စာလျှင် LIFTက ရန်ပုံငွေထောက်ပံ့ရန် နည်းပါးသည်။ သို့သော် မကြာမီက CSOများ၏လျှောက်ထားမှုကို ထောက်ပံ့ရန် အစီအစဉ်များ ဆောင်ရွက်ခဲ့သည် (ဤအစီအစဉ်များကို အစီရင်ခံစာ၏ နောက်ပိုင်းတွင် တွေ့နိုင်သည်)။

မြန်မာCSOများက တင်သွင်းသော အဆိုပြုလွှာများကို LIFTက ဆန်းစစ်ခဲ့ရာ ဘုံကိစ္စရပ်နှစ်ခုကို တွေ့ရှိရသည် -

- ဒေသခံCSOများသည် ယင်းတို့၏ အကြံဉာဏ်များနှင့် LIFT၏ စီမံချက်မူဘောင်တို့ကို မကိုက်ညီနိုင်ကြခြင်း။ အဆိုပြုလွှာများသည် တင်သွင်းသူ၏ စီမံချက်များကိုသာ တင်ပြကြပြီး LIFTကပေးသော စီမံချက်မူဘောင်တို့နှင့်

68 ibit.

မကိုက်ညီကြပေ။ ဥပမာအားဖြင့် အဆိုပြုထားသော အလုပ်များကို မည်သို့ အကောင်အထည်ဖော်မည်ကို မရှင်းလင်းပေ။ စီမံချက်အစိတ်အပိုင်းများ အချင်းချင်း ဆက်စပ်ညီညွတ်မှုလည်း မရှိကြပေ။ LIFTက အဆိုပြုလွှာ ခေါ်ယူရာတွင် အသေးစိတ်ဖော်ပြလာလေလေ ဤကိစ္စရပ်ကို တွေ့လာရလေလေ ဖြစ်သည်။

- ဒေသခံCSOတို့က ယင်းတို့၏ ယင်းအတွေ့အကြုံသည် ဤမူဘောင်နှင့် သက်ဆိုင်မှုရှိကြောင်း ဖော်ပြရန် ကြိုးစားအားထုတ်ကြခြင်း။ အချို့CSOများတွင် ကွင်းဆင်းလုပ်ငန်းဆိုင်ရာ စွမ်းရည်ကောင်းကောင်း ရှိကြသည့်ပြင် ယင်းတို့နှင့် အလုပ်လုပ်သည်မှာ ကောင်းသော်လည်း အဆိုပြုလွှာ ဒီဇိုင်းနှင့် တင်ပြပုံတို့မှာ အဆိုပြုလွှာခေါ်ဆိုရာတွင် သတ်မှတ်ထားသော စံချိန်များကို မမီကြပေ။ ထို့ပြင် တစ်ခါတစ်ရံတွင် တောင်သူတို့က လက်မခံလိုကြောင်း ပြသပြီးသော ချဉ်းကပ်နည်းတို့ကိုပင် အဆိုပြုထားကြသည်။

မြန်မာCSOများကိုယ်တိုင်ကလည်း ယင်းတို့၏အဆိုပြုမှု မအောင်မြင်မှုနည်းပါးရခြင်းကို စစ်တမ်းကောက်ရာတွင် ဖော်ထုတ်ခဲ့ကြသည်။ တွေ့ဆုံခဲ့သော အဖွဲ့တို့က ယင်းတို့၏အဆိုပြုလွှာများကို ငြင်းပယ်ခံရခြင်းမှာ အဓိကအားဖြင့် LIFT၏ စီမံချက်မူဘောင် ရှုပ်ထွေးမှုကြောင့် ဟုလည်းကောင်း၊ LIFTနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်း စီမံကိန်းများတို့ 'အံချော်'နေခြင်းကြောင့်ဟု လည်းကောင်း၊ အဆိုပြုလွှာ ကောင်းကောင်းကို ရေးဆွဲနိုင်မည့် အရင်းအမြစ်မရှိခြင်းကြောင့် လည်းကောင်း ဖြစ်ရသည်ဟု ဆိုကြသည်။ (ဥပမာ၊ အချိန်၊ ရန်ပုံငွေ၊[69] အဆိုပြုလွှာရေးသားနိုင်စွမ်း) အားလုံးက ယင်းတို့၏လုပ်ငန်းစဉ်အတွင်းရှိ အရည်အချင်းဆိုင်ရာ ကိစ္စရပ်များကို ဖော်ထုတ်လိုကြသည်။ LIFT၏ အဆိုပြုလွှာခေါ်ယူမှုတွင် ပါဝင်နေသော ပြည်တွင်းNGOတို့က မူလက ဤအခွင့်အရေးကို ကြိုဆိုခဲ့ကြပြီး အခြားကဏ္ဍများ၊ လုပ်ငန်းများသို့ တိုးချဲ့နိုင်ရန် အားပေးခြင်းဟု မှတ်ယူခဲ့ကြသော်လည်း ယင်းတို့၏ *သက်သေမပြရသေးသော စွမ်းရည်များ*သည် ယင်းတို့ကို အကျိုးမဲ့စေသည်၊ ယင်းတို့ကို ယှဉ်ပြိုင်နိုင်စွမ်းကင်းမဲ့စေသည်ကို တွေ့လာကြရသည်။ မျှော်လင့်ထားသည့်အတိုင်းပင် ဘာသာစကားသည်လည်း အဓိက အတားအဆီးကြီးဖြစ်ကြောင်း ဤစစ်တမ်းက တွေ့ရှိခဲ့သည်။ ပြည်တွင်းNGOများသည် အောင်မြင်လိုပါက အင်္ဂလိပ်ဘာသာ စာရေးသူတစ်ဦးကို ငှားရမ်းရန် လိုသည်။

*ဇယား၄.၃။ ၂၀၁၅ ခုနှစ်အတွင်း LIFTက အဆိုပြုလွှာခေါ်ယူရာတွင် ပါဝင်ကြသော CSOအရေအတွက်*

| | ခေါ်ယူသော ငွေပမာဏ (ကန် ဒေါ်လာ သန်း) | အဆိုပြုလွှာစုစုပေါင်း | | | မြန်မာ CSO အဆိုပြုလွှာ | | | |
|---|---|---|---|---|---|---|---|---|
| | | လက်ခံ အရေ အတွက် | ထောက်ပံ့ အရေ အတွက် | ထောက်ပံ့ % | လက်ခံ အရေ အတွက် | ထောက်ပံ့ အရေ အတွက် | ထောက်ပံ့ % | နောက်ပိုင်း အထောက်ပံ့ခံ အရေ အတွက် |
| အပူပိုင်း | ၂၁.၀ | ၃၃ | ၆ | ၁၈ | ၁၀ | ၀ | ၀ | ၂ (၂၀%) |
| မြစ်ဝကျွန်းပေါ် - ၃ | ၁၆.၀ | ၂၉ | ၈ | ၂၈ | ၁၁ | ၀ | ၀ | ၃ (၂၇%) |
| တောင်တန်း ဒေသ | ၄၂.၀ | ၇၅ | ၆ | ၈ | ၁၅ | ၃ | ၂၀ | ၃ (၂၀%) |
| ငွေကြေး ဆိုင်ရာ တွင် အားလုံး ပါဝင် စေမှု | ၄၄.၀ | ၃၂ | ၇ | ၂၂ | ၀ | ၀ | - | ၀ |
| ရခိုင် (အဆိုပြုလွှာ ခေါ်ယူပြီး) | ၂၇.၂ | ၇ | ၇ | ၁၀၀ | ၁ | ၁ | ၁၀၀ | (၁၀၀%) |
| ရွှေ့ပြောင်းသွား လာခြင်း (ပထမဆုံး အဆိုပြုလွှာ) | ၄.၀ | ၂ | ၂ | ၁၀၀ | ၀ | ၀ | - | ၀ |
| ရခိုင်တွင် ကျွမ်းကျင်မှု သင်တန်း | ၄.၂ | ၆ | ၂ | ၃၃ | ၀ | ၀ | - | ၀ |
| စုစုပေါင်း | ၁၅၈.၄ | ၁၈၄ | ၃၈ | ၂၁% | ၃၇ | ၄ | ၁၁% | ၂၂% |

**အပူပိုင်းဇုန်နှင့် မြစ်ဝကျွန်းပေါ် - ၃တို့အတွက်တင်သွင်းသောCSO အဆိုပြုလွှာများကို ရန်ပုံငွေထောက်ပံ့ရန် မဖြစ်နိုင်ကြောင်း တွေ့ရှိရသဖြင့် ရန်ပုံငွေဘုတ်အဖွဲ့သည် လုပ်ငန်းစဉ်အသစ်ကို CSOများအတွက် အတည်ပြုပေးခဲ့သည်။ လျှောက်ထားသော CSOများကို ကူညီမည့် ဆောင်ရွက်ချက်များကို တစ်ဖက်တွင်ကြည့်ပါ။*

69 တွေ့ဆုံခဲ့သော ပြည်တွင်းNGO၄ဖွဲ့သည် ကန်ဒေါ်လာ၃၀၀၀၀ခန့်ကို အဆိုပြုလွှာပြင်ဆင်ရေးအတွက် ရင်းနှီးခဲ့သည်ဟု လေ့လာရေးအဖွဲ့က ခန့်မှန်းသည်။

### LIFTသို့ အဆိုပြုလွှာတင်သွင်းရာတွင် အထောက်အကူပြုမည့် ဆောင်ရွက်မှုများကို အသစ်များ

တစ်ဖက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဇုန်အဆိုပြုလွှာခေါ်ယူရာတွင် မြန်မာ CSOများက တင်သွင်းသည်များကို ရန်ပုံငွေထောက်ပံ့ရန် အရွေးမခံရပေ။ သို့သော်လည်း ရန်ပုံငွေဘုတ်အဖွဲ့သည် LIFT၏မဟာဗျူဟာတွင် ရှင်းလင်းစွာ ဖော်ပြထားသည့်အတိုင်း နိုင်ငံတကာအဖွဲ့အစည်းများနည်းတူ မြန်မာCSO များကိုလည်း မိတ်ဖက်အဖွဲ့အဖြစ် ခေါ်ယူခြင်း၏ တန်ဖိုးကို အသိအမှတ်ပြုသည်။ ထို့ကြောင့် LIFTသည် မြန်မာCSOများတင်သွင်းသည့် လျှောက်လွှာအားလုံးကို ပြန်လည်စိစစ်ပြီး LIFT၏ စီမံချက်မူဘောင်နှင့် မဟာဗျူဟာအရ အသင့်တော်ဆုံး အလားအလာအရှိဆုံး စီမံချက်များကို ဖော်ထုတ်ခဲ့သည်။ ယင်းတို့၏မူရင်း အဆိုပြုလွှာတို့ကို တုံ့ပြန်ချက်များကို အခြေခံကာ ပြန်လည်ရေးဆွဲကာ ပြန်တင်သွင်းခွင့်ကို ပေးခဲ့သည်။ လုပ်ငန်းစဉ်အပြီးတွင် ပြည်တွင်းမိတ်ဖက်အဖွဲ့ ၅ဖွဲ့ကို ကန်ဒေါ်လာ၃.၅သန်းအတွက် စာချုပ်ချုပ်ဆိုခဲ့သည် (အပူပိုင်းဇုန်အတွက် ၂ဖွဲ့ နှင့် မြစ်ဝကျွန်းပေါ်ဒေသအတွက် ၃ဖွဲ့)

တောင်တန်းဒေသအတွက် အဆိုပြုလွှာခေါ်ယူရာတွင် အဆင့်၂ဆင့်(အကြံအစည်တင်ပြချက်ကို လျှောက်ထားသူ အားလုံးမှ၊ ပဏာမရွေးချယ်ခံများထံမှ အဆိုပြုလွှာအပြည့်အစုံ တောင်းခံသည်) ပဏာမရွေးချယ်ခံ မြန်မာCSOများကို ထောက်ပံ့ငွေ အငယ်စား(အများဆုံး ကန်ဒေါ်လာ၅၀၀၀)ကို အဆိုပြုလွှာပြုစုရန်အတွက် ထောက်ပံ့ပေးသည်။ ဤလုပ်ငန်းစဉ် မှာ အောင်မြင်သည်၊ ယင်းထောက်ပံ့ငွေအငယ်စားကို ရရှိသော CSO၅ဖွဲ့မှ ၃ဖွဲ့ကို ရန်ပုံငွေထောက်ပံ့ရန် ရွေးခဲ့သောကြောင့် ဖြစ်သည်။ အောင်မြင်သော တင်သွင်းသူတို့သည် ယင်း ထောက်ပံ့ငွေအငယ်စားကို နည်းအမျိုးမျိုးဖြင့် အသုံးပြုခဲ့ကြသည်။ တန်ဖိုးကွင်းဆက်ကျွမ်းကျင်သူကို ငှားရမ်းခြင်း၊ ကိန်းဂဏန်းအချက်အလက် ထပ်မံစုဆောင်းခြင်းနှင့် ရပ်ရွာလူထုနှင့် ထိတွေ့ဆောင်ရွက်ခြင်း၊ အင်္ဂလိပ်ဘာသာ စာရေးသူများကို ငှားရမ်းခြင်း စသည်တို့ ဖြစ်သည်။ အပြီးသတ်အဆိုပြုလွှာတို့သည် ထောက်ပံ့ကြေးမရရှိပါက တင်သွင်းမည့် အဆိုပြုလွှာတို့ထက် ခိုင်မာသည်ဟု LIFTက မြင်သည်။

# ထောက်ပံ့ငွေအငယ်စား နှင့် မဟာဗျူဟာမြောက် မိတ်ဖက်ပြုခြင်းကို မိတ်ဆက်ခြင်း

### အသေးစားရန်ပုံငွေ

၂၀၁၅ခုနှစ်စောစောပိုင်းတွင် LIFTသည် အတိုင်ပင်ခံတစ်ဖွဲ့နှင့် တွေ့ဆုံကာ LIFTနှင့် CSOများပါ လိုအပ်ချက်ကို ပြည့်ဝစေမည့် နည်းဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းသို့ LIFT၏ ရန်ပုံငွေများ ရောက်ရှိစေမည့်နည်းများကို ရှာဖွေစေခဲ့သည်။[70] ၂၀၁၅ခုနှစ် အောက်တိုဘာလတွင် ရန်ပုံငွေဘုတ်အဖွဲ့သည် ဤအစီရင်ခံစာ၏ အဓိက ထောက်ခံ အကြံပြုချက်တစ်ခုကို အတည်ပြုလိုက်သည်။ ယင်းမှာ LIFT၏ အဓိကဒေသအလိုက် စီမံကိန်းများအပြင် သီးခြား ထောက်ပံ့ငွေ အသေးစားများကို ထူထောင်ရန် ဖြစ်သည်။ အပူပိုင်းဇုန်နှင့် မြစ်ဝကျွန်းပေါ်ဒေသတို့အတွက် တစ်ခုစီ၊ တောင်တန်းဒေသအတွက် နှစ်ခု(ချင်းပြည်နယ်အတွက် လုပ်ကွက်တစ်ခု)တို့ ပါဝင်သည်။ နယ်မြေ အကျယ်အဝန်းမှာ ခြားနားမည်ဖြစ်သည့် မြို့နယ်အဆင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ဦးတည်သည်။

ထောက်ပံ့ငွေအသေးစားရန်ပုံငွေ ထုတ်ပေးရခြင်းမှာ LIFTလုပ်ကိုင်နေသော နယ်မြေများတွင် အသက်မွေးမှုစနစ်များကို အားဖြည့်ပေးရန်ဖြစ်သည်။ ဤရန်ပုံငွေများကို မြို့နယ်အဆင့် သက်ဆိုင်ရာနယ်မြေအခြေပြု လူထု အဖွဲ့အစည်းများ၊ လူမှုရေး အုပ်စုများအား ထောက်ပံ့မည်ဖြစ်သည့်နည်းတူ မြို့နယ်အဆင့် အရပ်ဘက်လူမှုအဖွဲ့ အစည်းများနှင့် အလုပ်လုပ်နေသော တိုင်း/ပြည်နယ်အဆင့် CSOများကိုလည်း လမ်းဖွင့်ထားသည်။ အခြေအနေပေးပါက CSOများ တောင်းဆိုသော စွမ်းဆောင်ရည် တည်ဆောက်မှု များကိုလည်း ဤရန်ပုံငွေမှ ထောက်ပံ့မည်။

ဤရန်ပုံငွေက ထောက်ပံ့မည့် ရန်ပုံငွေပမာဏမှာ အမျိုးမျိုးရှိမည့်အပြင် အရေအတွက်မှာလည်း ဇုန်အလိုက် ကွာခြားမည်။ LIFT၏ ကနဦးခန့်မှန်းချက်တို့ကို အောက်တွင် ဖော်ပြထားသည်။ ဇုန်အလိုက် အဆိုပြုလွှာများကို ၂၀၁၆ ခုနှစ်အတွင်း ခေါ်ယူမည်။

*ဇယား ၄.၄ ။ LIFT၏ ထောက်ပံ့ငွေအသေးစားရန်ပုံငွေ ဒေသအလိုက်ခွဲဝေမှု*

| ဇုန် | ခန့်မှန်းထောက်ပံ့ငွေ(ကန်ဒေါ်လာ) | ခန့်မှန်းအရေအတွက် |
|---|---|---|
| အပူပိုင်းဇုန် | ၁၀,၀၀၀-၁၅,၀၀၀ | မြို့နယ်တစ်ခုလျှင် ၅ခု |
| မြစ်ဝကျွန်းပေါ်ဒေသ | ၃၀,၀၀၀-၁၀၀,၀၀၀ | စုစုပေါင်း ၁၀ခု |
| တောင်တန်းဒေသ | ၁၅,၀၀၀-၁၀၀,၀၀၀ | ပြည်နယ်တစ်ခုလျှင် ၁၀ခု |
| ချင်းပြည်နယ် | ၅,၀၀၀-၁၅,၀၀၀ | မြို့နယ်တစ်ခုလျှင် ၄ခု |

70 ဤအစီရင်ခံစာကို www.lift-fund.orgတွင် တွေ့နိုင်သည်။

### CSOများကို မဟာဗျူဟာမြောက် မိတ်ဖက်ပြုခြင်း

၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် *'အရပ်ဘက်လူမှုအဖွဲ့အစည်းများကို LIFTရန်ပုံငွေဖြင့် ထောက်ပံ့ခြင်း'* အစီရင်ခံစာ တွင်ပါရှိသော ထောက်ခံတင်ပြချက်တစ်ခုကို အတည်ပြုလိုက်သည်။ အရေးအတွက် အကန့်အသတ်ဖြင့် CSOများနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ပြုခြင်းဖြင့် ငွေထောက်ပံ့သူ/လုပ်ငန်းအကောင်အထည်ဖော်သူ ဟူသော ဆက်ဆံရေးမှ ဖွံ့ဖြိုးရေးဆိုင်ရာ ဘုံရည်မှန်းချက်များ အသိအမြင်မျှဝေခြင်းများရှိသည့် ကတိကဝတ်ပြုထားသော အဖွဲ့အစည်းချင်း မိတ်ဖက်ပြုမှုသို့ ပြောင်းလဲရန် ရည်ရွယ်သည်။ အစီရင်ခံစာတွင် ဖော်ပြထားသည်မှာ_ "မဟာဗျူဟာမြောက်မိတ်ဖက်ပြုမှုများ ကြောင့် မူဝါဒအဆင့်နှင့် မဟာဗျူဟာအဆင့်တွင် မိတ်ဖက်အချင်းချင်း ပိုမိုထိတွေ့ဆောင်ရွက်ကြသည်။ မိတ်ဖက်အချင်းချင်း သည် အဖွဲ့အစည်းတစ်ခုအနေဖြင့် တစ်ဦး၏ အားထုတ်မှုကို ထိရောက်မှုရှိရန် တစ်ဦးက ထောက်ပံ့ကြသည်။"

LIFTအတွက်မှာ မဟာဗျူဟာမြောက် မိတ်ဖက်ပြုခြင်းကြောင့် LIFTအတွက်ရော မိတ်ဖက်အတွက်ပါ အရေးပါသော အကျိုးများကို ရရှိသည်။ CSOမိတ်ဖက်များကို မြန်မာနိုင်ငံတွင် ရရန်မလွယ်သော နည်းပညာဆိုင်ရာ၊ မူဝါဒနှင့်ဖွဲ့စည်းမှုဆိုင်ရာ အရင်းအမြစ်များကို ပေးသည်။ LIFTကိုလည်း အခြားနည်းဖြင့် ရရန်မလွယ်သော သီးခြား အကြောင်းရပ်အလိုက် သုံးသပ်ချက်များကို လက်လှမ်းမီစေသည်။ ဤမိတ်ဖက်ပြုမှုတွင် LIFTက CSOတစ်ခုသို့ ငွေထောက်ပံ့ခြင်း ပါဝင်သော်လည်း မည်သည်တို့ကိုသာ ဆောင်ရွက်ရမည်ဟု ကြိုတင်သတ်မှတ်မထားပေ။ ရလဒ် တစ်ခုခုအတွက် အကြမ်းကြမ်း သတ်မှတ် နိုင်သည်။ အထူးသဖြင့် LIFT စီမံကိန်းက မရောက်ရှိသောနေရာများတွင် ဖြစ်သည်။

CSOများဖြင့် မဟာဗျူဟာမြောက်မိတ်ဖက်ပြုခြင်းဖြင့် အောက်ပါတို့ကို ရရှိမည်ဟု LIFTက မျှော်လင့်သည်-

- အရပ်ဘက်လူမှုအဖွဲ့အစည်းကို အားဖြည့်ရန် LIFT၏ အားထုတ်မှု၏ ပိုကောင်းသော မြင်သာသည့် ရလဒ်များ
- အရပ်ဘက်လူမှုအဖွဲ့အစည်းတို့ကို ပိုမိုနားလည်မှုအပါအဝင် မြန်မာနိုင်ငံ၏ လူမှုရေး၊ နိုင်ငံရေး အခြေအနေကို LIFTက ပိုမိုနားလည်မှု
- အသက်မွေးမှုနှင့် ရိက္ခာဖူလုံရေးတို့နှင့် သက်ဆိုင်သော မူဝါဒဆိုင်ရာဆွေးနွေးပွဲများတွင် CSOများ ပိုမိုပါဝင်လာမှု
- အရပ်ဘက်လူမှုအဖွဲ့အစည်း ကွန်ရက်အတွင်းတွင် လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သော အစိုးရဌာနများနှင့် လည်းကောင်း အတို့အလှယ်ဆက်ဆံမှု ပိုများလာခြင်း

၂၀၁၅ခုနှစ်တွင် FSWG အဖွဲ့၊ LCG အဖွဲ့၊ ကျားမတန်းတူညီမျှရေးကွန်ရက် တို့နှင့် မဟာဗျူဟာမြောက် မိတ်ဖက်ပြုခဲ့သည်။ အခြားCSOသုံးဖွဲ့နှင့်လည်း မိတ်ဖက်ပြုရန် ဆွေးနွေးနေသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများကို အားဖြည့်သည့် ချဉ်းကပ်နည်းအမျိုးမျိုးကို သုံးစွဲကာ ယင်းတို့၏ထိရောက်မှု တို့ကို နောက်နှစ်တွင် သုံးသပ်မည်။

# ၄.၄။ LIFT၏ ရွှေ့ပြောင်းသွားလာရေး စီမံကိန်းအသစ်

### အဘယ်ကြောင့် LIFTသည် စိတ်ချရသော ရွှေ့ပြောင်းသွားလာရေးကို ထောက်ပံ့ရသလဲ

နိုင်ငံ၏ ကျေးလက်ဖွံ့ဖြိုးရေးတွင် နိုင်ငံတွင်းနှင့် နိုင်ငံပြင်ပ ရွှေ့ပြောင်းသွားလာရေးသည် အရေးကြီးသော အကြောင်းခံ တစ်ခုဖြစ်ကြောင်း အသိအမှတ်ပြုလျက် LIFTရန်ပုံငွေဘုတ်အဖွဲ့သည် ကန်ဒေါ်လာ ၁၈သန်း ကို ရွှေ့ပြောင်းသွားလာရေး စီမံကိန်းအသစ်အတွက် ၂၀၁၅ခုနှစ်တွင် ခွဲဝေပေးခဲ့သည်။ လယ်မဲ့မြေမဲ့ဖြစ်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ ဝင်ငွေနည်းပါးခြင်း တို့တွင် မြန်မာ့အိမ်နီးချင်းနိုင်ငံများရှိ စီးပွားရေးအခွင့်အလမ်းများနှင့် ပေါင်းစပ်လိုက်သောအခါ ပြည်ပသို့ ရွှေ့ပြောင်းသူ များပြားလာသည်။ ယခုအခါတွင် ထိုင်းနိုင်ငံ၌ မြန်မာရွှေ့ပြောင်းသူ ၄သန်း ရောက်နေပြီး နှစ်စဉ် ကန်ဒေါ်လာ သန်း၉၆၀ခန့်ကို လွှဲပို့ပေးနေခဲ့သည်။[71] ရခိုင်ပြည်နယ်ရှိ အချို့လူများအတွက်မှာ ရွှေ့ပြောင်းသွားလာရေးသည် ဖိနှိပ်မှုမှ လွတ်မြောက်ကြောင်းပင် ဖြစ်သည်။ ရွှေ့ပြောင်းသွားလာရေးသည် လူငယ်များ အလုပ်အကိုင်ရှာဖွေရာတွင် ထောက်ပံ့ပေးရာတွင် အရေးပါလာသည်။ အကြောင်းမှာ မြန်မာ့စီးပွားရေးသည် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍတွင် အလုပ်အကိုင်သစ်များကို ဖန်တီးပေး နေသောကြောင့် ဖြစ်သည်။ ရွှေ့ပြောင်းသွားလာရာတွင်လည်း ခေါင်းပုံဖြတ်ခံရခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ခြင်း၊ ပွဲစားခ ကြီးခြင်း၊ ဝင်ငွေနည်းခြင်း၊ ငွေလွှဲစနစ် အားနည်းခြင်း၊ လုပ်ငန်းခွင်တွင် လူမှုအထောက်အပံ့နှင့် လူမှုအကာအကွယ် ပိုက်ကွန်တို့ မရှိခြင်း စသည့် အန္တရာယ်များရှိနေသည်။ LIFT၏ အထောက်အပံ့မှာ လုပ်အားရွှေ့ပြောင်းသွားလာရေး၏ အကျိုးကျေးဇူးကို အရယူရန်နှင့် ဆိုးပြစ်များကို လျော့ပါးစေရန် ရည်မှန်းသည်။ ဤစီမံကိန်းသည် လူငယ်များနှင့် အမျိုးသမီးများကို ဦးတည်သည်။ ရွှေ့ပြောင်းသူများကို ရန်ကုန်နှင့် ပတ်ဝန်းကျင်ဆင်းရဲသားရပ်ကွက်များသို့ ထောက်ပံ့မှုမှာ အကြီးအကျယ် ကွာဟလျက်ရှိနေသေးသည်။ ထို့ကြောင့် ရွှေ့ပြောင်းသွားလာသည့် လူငယ်များသည် မတရားပြုခံရခြင်း၊ လိင်ကိစ္စအမြတ်ထုတ်ခံရခြင်း၊ အကြမ်းဖက်ခြင်း၊ လစာနည်းခြင်း၊ အခြေခံဝန်ဆောင်မှုများမရရှိခြင်း စသည်တို့နှင့် ကြုံတွေ့ရသည်။ တစ်ခါတစ်ရံ မိမိနယ်မြေတွင် လုပ်အားခ ဈေးပေါသောကြောင့် ယောကျ်ားများက ရွှေ့ပြောင်းသွားကြသဖြင့် အမျိုးသမီးတစ်ဦးတည်းသာ တောင်သူလုပ်နေရသည်။

71 IOMက အရှေ့တောင်နှင့် အရှေ့ပိုင်းရှမ်းပြည်နယ်မှ ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းသွားလာသူ၃၈%ခန့် ရှိသည်ဟု ဆိုသည်။

၂၀၁၅ခုနှစ်တွင် LIFTသည် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာရေး အဖွဲ့အစည်း (IOM)နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)ဟူသော မိတ်ဖက်အဖွဲ့အသစ်နှစ်ဦးနှင့် လက်တွဲခဲ့သည်။ ယင်းတို့သည် လုပ်အား ရွှေ့ပြောင်းသွားလာရေး မူဝါဒများအတွက် သက်သေခံအခြေအမြစ်ကို တည်ဆောက်ကြမည် (အောက်တွင် အသေးစိတ် ဖော်ပြထားသည်) LIFT၏ မိတ်ဖက်အဖွဲ့များ၏ စီမံချက်များတွင် ရွှေ့ပြောင်းသွားလာရေးကဏ္ဍ ဆောင်ရွက်မှုများကိုပါ ထည့်သွင်းရန် IOMက ထောက်ပံ့သည်။

၂၀၁၆ခုနှစ် နှစ်ဦးတွင် ရွှေ့ပြောင်းရေးဆိုင်ရာ အသိအမြင်ရှိမှု၊ ကျွမ်းကျင်မှု တည်ဆောက်ခြင်း၊ ငွေကြေးဆိုင်ရာ သိနားလည်ခြင်း၊ ငွေကြေးဝန်ဆောင်မှုများ၊ ခေတ်မီသော အလုပ်ရှာဖွေသည့် ဝန်ဆောင်မှုများ စသည့် ရွှေ့ပြောင်းသွားလာရေးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို သီးခြား အကောင်အထည်ဖော်မည့် မိတ်ဖက်အဖွဲ့များကို အဆိုပြုလွှာ ခေါ်ယူမည်။

## မူဝါဒချမှတ်သူများနှင့် ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသူများအတွက် ရွှေ့ပြောင်းသွားလာရေးနှင့် ငွေလွှဲပို့ရေးဆိုင်ရာ အသိအမြင်များ

မြန်မာနိုင်ငံတွင် မျှတပြီး အားလုံးပါဝင်စေသည့် ဖွံ့ဖြိုးရေးကို အထောက်အကူပြုရန် လက်ရှိရွှေ့ပြောင်းသွားလာရေး အလေ့အကျင့်များကို မောင်းနှင်နေသည့် အင်အားများနှင့် ရွှေ့ပြောင်းသွားလာရေးပုံစံများ၊ လှုံ့ဆော်တိုက်တွန်းမှုများကို နားလည်ရန်အချက်အချာကျသည်။ ၂၀၁၅ခုနှစ်တွင် LIFTသည် ကမ္ဘာ့ဘဏ်နှင့်အတူ *ရွှေ့လျားနေသောတိုင်းပြည်။ မြန်မာနိုင်ငံ နယ်မြေနှစ်ခုရှိ ပြည်တွင်းရွှေ့ပြောင်းသွားလာမှု* ဟူသော သုတေသန စစ်တမ်းတစ်ခုကို စတင်ခဲ့သည်။ ယင်းစစ်တမ်းအရ သိရှိရသည်မှာ နယ်မြေ၂ခုလုံးတွင် အမျိုးသားများသည် အမျိုးသမီးများထက် သိသိသာသာ ရွှေ့ပြောင်းသွားလာကြကြောင်း၊လယ်မဲ့မြေမဲ့မိသားစုများတွင် ကျန်လူထုထက် ရွှေ့ပြောင်းသွားလာသူ ပို၍ရှိနေတတ်ကြောင်း တွေ့ရှိရပြီး ယင်းသည် ထိုနေရာများတွင် တစ်နှစ်ပတ်လုံး အလုပ်အကိုင်အခွင့်အလမ်းများ မရှိကြောင်းကို ထင်ဟပ်နေသည်။ အမှန်မှာ မြို့ပြတွင် အလုပ်ရရန် သေချာမှု၊ အလုပ်မှန်မှန်ရမှုတို့သည် ရွှေ့ပြောင်းရန် မက်လုံးဖြစ်နေသည်။ ဤစစ်တမ်းတွင် လူမှုရေးကွန်ရက်များသည် ရွှေ့ပြောင်းရေးနှင့်သက်ဆိုင်သော ဆုံးဖြတ်ချက်များကို အထူးလွှမ်းမိုးကြောင်းကိုလည်း တွေ့ရသည်။ အထူးသဖြင့် ဆုံးရှုံးမှုကို စီမံခန့်ခွဲရာတွင် ဖြစ်သည်။ မကွေးနှင့် ဧရာဝတီဒေသ နှစ်ခုမှ စစ်တမ်းရလဒ်များကို ၂၀၁၆ခုနှစ်နှစ်ကုန် လောက်တွင် ရရှိနိုင်မည်။

၂၀၁၆ခုနှစ်မှ ၂၀၁၈ခုနှစ်အထိ LIFTသည် IOM၊ ဆပ်ဆက်တက္ကသိုလ်၊ မေတ္တာဖောင်ဒေးရှင်းတို့ ပါဝင်သော ဆင်းရဲတွင်းမှ ရွှေ့ပြောင်းခြင်း ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ကို ထောက်ပံ့မည်။ ယင်းအဖွဲ့သည် ရွှေ့ပြောင်းရေးပုံစံများ၊ အလားအလာများ၊ ခန့်မှန်းချက်များ၊ ဖွံ့ဖြိုးရေးတွင် သက်ရောက်မှုများတို့ကို အတွင်းကျကျ အထောက်အထား စုံစုံလင်လင်ဖြင့် သုတေသနပြုရမည်ဖြစ်သည်။ IOMနှင့် ဆပ်ဆက်တက္ကသိုလ်တို့သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အိမ်ထောင်စု ၃,၂၀၀ကို စစ်တမ်းကောက်ယူမည်။ ဤသုတေသနသည် ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သူ၊ အရင်းအမြစ်ခွဲဝေမှု (လွှဲပို့သည့်ငွေအပါအဝင်)၊ ကျားမအလိုက် အလုပ်ခွဲဝေမှု၊ လူစုဆောင်းမှုလုပ်ငန်းစဉ်၊ ရွှေ့ပြောင်းသွားလာရေးနှင့် သက်ဆိုင်သော လူမှုရေးသက်ရောက်မှုတို့ကို အထူးပြုမည်ဖြစ်သည်။ အစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍ၊ ဖွံ့ဖြိုးရေးကဏ္ဍတို့မှ အဓိကကျသော ပတ်သက်ဆက်နွယ်သူတို့ကို တိုင်ပင် ဆွေးနွေးမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ ရွှေ့ပြောင်းသွားလာရေးကို အကျိုးသက်ရောက်သော ဥပဒေများ၊ စနစ်များ၊ ပတ်သက်ဆက်နွယ် သူများကိုလည်း စိစစ်သုံးသပ်မည်ဖြစ်သည်။

## လုပ်အားရွှေ့ပြောင်းရေးဆိုင်ရာ မူဝါဒများ တိုးတက်ကောင်းမွန်လာခြင်း

LIFTသည် ပြည်ပဖြစ်စေ ပြည်တွင်းဖြစ်စေ ရွှေ့ပြောင်းသွားလာသူတို့နှင့် သက်ဆိုင်သောမူများကို ပိုမိုကောင်းမွန်စေမည့် အားထုတ်မှုများကို ထောက်ပံ့မည်။ ဤကဏ္ဍတွင် ILOသည် LIFT၏ အဓိကမိတ်ဖက်ဖြစ်သည်။ ရည်ရွယ်ချက်မှာ နိုင်ငံတကာ ရွှေ့ပြောင်းသူများကို နိုင်ငံတကာအလုပ်အကိုင် စံချိန်များ၊ အထူးသဖြင့် လူစုဆောင်းမှု လုပ်ငန်းစဉ်၊ တိုင်ကြားခြင်းကို ဖြေရှင်းသည့် ယန္တရားများ၊ သက်သာချောင်ချိရေးစနစ်တို့ နှင့်အညီ ကာကွယ်ပေးရန် ဖြစ်သည်။ ILOသည် ဝန်ကြီးဌာန၏ ရွှေ့ပြောင်းသွားလာရေးဌာနခွဲနှင့် ဆက်သွယ်ကာ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေတွင် လိုအပ်နေသေးသည့် နည်းဥပဒေများကို ရေးဆွဲရာတွင် အကူအညီပေးနေသည်။ အမျိုးသားအဆင့် လုပ်အားရွှေ့ပြောင်းခြင်းဆိုင်ရာ စီမံချက်နှင့် ရွှေ့ပြောင်းရေးဆိုင်ရာ လွှတ်တော် ရေးရာကော်မတီတို့ကိုလည်း နည်းပညာအထောက်အကူများ ပေးအပ်နေသည်။

အလားတူအရေးကြီးသည်မှာ ကာကွယ်စောင့်ရှောက်ရေး လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန် အရေးတကြီး လိုအပ်နေခြင်းကို ပင်မပတ်သက်ဆက်နွယ်သူများ ပိုမိုသိရှိရန်ဖြစ်သည်။ အထူးသဖြင့် အိမ်အကူများနှင့် သက်ဆိုင်သည်။ အိမ်အကူများ သင့်တင့်သောအလုပ်အကိုင်ဆိုင်ရာ ကွန်ဗင်းရှင်း၁၈၉ကို အတည်ပြုရန်နှင့် သက်ဆိုင်ရာမူဝါဒများ ဖြစ်ထွန်းရန် ရည်ရွယ်သည်။ ပြန်လာသော ရွှေ့ပြောင်းသူများကိုလည်း ဂရုစိုက်ရမည် ဖြစ်သည်။ စာရွက်စာတမ်းများ အလုပ်အကိုင်ဆိုင်ရာ သတင်းများကို လက်လှမ်းမီမှသာလျှင် အောင်မြင်စွာ ပြန်လည်ပေါင်းစည်းနိုင်မည် ဖြစ်သည်။

# ၅. စနစ်အပြောင်းအလဲကို အားထုတ်ခြင်း







## နိဒါန်း

LIFTသည် စနစ်အပြောင်းအလဲ [72]ကို ထိရောက်စေရန်အတွက် 'စလုပ်ရန်' 'တိုးချဲ့ရန်' အားပေးသည့်အနေဖြင့် ရလဒ်များကို လက်တွေ့ပြသခြင်း၊ ဆက်သွယ်ပြောကြားခြင်းဖြင့်လည်းကောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးကို ဟန့်တားနေသော စနစ်အတွင်းရှိ အတားအဆီးများ (ကျေးလက်ဒေသငွေရေးကြေးရေးလုပ်ငန်း)ကို ကိုင်တွယ်ခြင်းဖြင့် လည်းကောင်း၊ မူဝါဒရေးဆွဲ အကောင်အထည်ဖော်နိုင်စွမ်း တည်ဆောက်ပေးခြင်းဖြင့် လည်းကောင်း၊ စီးပွားရေး ဖြစ်နိုင်စွမ်းများကို အစွမ်းကုန်ရရှိစေရန် အာဟာရကောင်းမွန်စေခြင်း၊ ကျွမ်းကျင်မှုဖြစ်ထွန်းစေခြင်း၊ ဝင်ငွေရလမ်း များပြားစေခြင်းဖြင့်လည်းကောင်း ကူညီနေသည်။ ထိုသို့ဆောင်ရွက်ရာတွင် LIFTသည် သြဇာရှိသော အဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုကာ စီမံကိန်းမန်နေဂျာနှင့် စီမံကိန်း ဘုတ်အဖွဲ့တို့ မှတစ်ဆင့် မူဝါဒဆွေးနွေးရာတွင် တိုက်ရိုက် ထိတွေ့ဆောင်ရွက်နေသည့်အပြင်၊ ကဏ္ဍအလိုက် လုပ်ငန်း အဖွဲ့များ၊ ပေါင်းစပ်ညှိနှိုင်းနိုင်မည့် အခွင့်အလမ်း တို့ကိုလည်း ပံ့ပိုးပေးနေသည်။ ဤလုပ်ဆောင်ချက်များကို ဤအခန်းတွင် ဆွေးနွေးမည် ဖြစ်သည်။

၂၀၁၆ခုနှစ်တွင် အစိုးရအသစ် အပြောင်းအလဲကြောင့် အားလုံးပါဝင်စေသော ကျေးလက်ဒေသပြောင်းလဲရေးတွင် အစိုးရ နှင့် ပုဂ္ဂလိကတို့၏ အရင်းအနှီးတို့ကို အစွမ်းကုန်အသုံးပြုနိုင်ရန်အတွက် LIFT၏ အထောက်အထားနှင့် အတွေ့အကြုံ တို့ကို အသုံးပြုလာနိုင်လိမ့်မည်။ ရေရှည်တည်တံ့မှုကို တိုးမြှင့်နိုင်ရန်အတွက် တာဝန်ခံသော ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို အခြေခံကာ ပုဂ္ဂလိကကဏ္ဍနှင့် အစုစပ်ပြု၍ ရင်းနှီးမြှုပ်နှံထားသော စီမံကိန်းများကို ထူထောင်နေသည်။ (အခန်း၄.၂ကိုကြည့်ပါ) ဒုတိယအချက်မှာ ကျေးလက်နေ နွမ်းပါးသူတို့အတွက် လွတ်လပ်စွာ ထုတ်ဖော်သော အသံတို့ကို အားဖြည့်ပေးသည့် ဒေသခံ အရပ်ဘက်လူမှုအဖွဲ့အစည်းတို့ကို ထောက်ပံ့သည်။ (အခန်း၄.၃ကိုကြည့်ပါ) တတိယအနေဖြင့် အားလုံးပါဝင်စေသော ကျေးလက်ဖွံ့ဖြိုးရေး အစီအမံတစ်ခုကို အကောင်အထည်ဖော်ရန် အစိုးရ၏ ဆောင်ရွက်နိုင်စွမ်းကို LIFTက ပံ့ပိုးနေသည်။ (အခန်း၅.၁ကိုကြည့်ပါ)

မူဝါဒဆိုင်ရာကိစ္စရပ်များတွင် LIFT၏ အဓိကထိတွေ့ဆောင်ရွက်မှုများကို ဖော်ပြထားသောဇယားကို နောက်ဆက်တွဲ၆ တွင် တွေ့နိုင်သည်။

# ၅.၁။ အစိုးရ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အမျိုးသားအဆင့် မဟာဗျူဟာ မူဘောင်ကို ပံ့ပိုးခြင်း

LIFTသည် အစိုးရ၏ *ကျေးလက်ဖွံ့ဖြိုးရေးအမျိုးသားမဟာဗျူဟာမူဘောင်*နှင့် ယင်းကို အကောင်အထည်ဖော်မည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းဝန်ကြီးဌာနကို ဆက်လက်ပံ့ပိုးသွားမည်။ ၂၀၁၄ခုနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(DRD)တွင် အချိန်ပြည့် အကြံပေးပုဂ္ဂိုလ်နှစ်ဦးကို စီစဉ်ပေးခဲ့ပြီး ဤမူဘောင်အတွက် စီမံချက်ကို ရေးဆွဲရာတွင် နှင့် အကောင်အထည်ဖော်ရာတွင် ထောက်ပံ့စေခဲ့သည်။ ၂၀၁၅ခုနှစ်တွင် ယင်းတို့ကို LIFT ရွေးချယ်ထားသော နိုင်ငံသား အကြံပေး ၂၅ဦး ထပ်ဆောင်းကာ အောက်ဖော်ပြပါ အလုပ်တို့တွင် အထောက်အပံ့ပြုနေစေခဲ့သည်။

LIFTအကြံပေးအဖွဲ့သည် အောက်ပါနယ်ပယ်နှစ်ရပ်တွင် အလုပ်လုပ်ခဲ့သည်_

**ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးစီမံချက်။** ၂၀၁၄ခုနှစ်တွင် LIFTသည် DRDက အမျိုးသားအဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ မြို့နယ်အဆင့် အဆင့်သုံးဆင့်စလုံးတွင် စွမ်းဆောင်ရည်ဖွံ့ဖြိုးရေး ၃နှစ် စီမံချက်ကို ပြင်ဆင်ရာတွင် ကူညီခဲ့သည်။ ၂၀၁၅ခုနှစ်တွင် ဤစီမံချက်ကို စနစ်တကျ အကောင်အထည်ဖော်ရာတွင် ဤဦးစီးဌာနကို ကူညီရန် ဦးတည်ဆောင်ရွက်ခဲ့သည်။ စုစုပေါင်း လုပ်ငန်း၁၅ခုအနက် ၃ခုကို ထိုနှစ်၏ ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ခဲ့သည်။ DRDမှ အထက်တန်း အရာရှိများပါသော အထူးလုပ်ငန်း အဖွဲ့တစ်ခုကို ထူထောင်ရာတွင် ကူညီခဲ့သည်။ စီမံချက်ကို အကောင်အထည်ဖော်ရန်အတွက် ထိုနှစ်အတွင်း ယင်းအဖွဲ့နှင့် အကြိမ်ကြိမ် တွေ့ဆုံခဲ့သည်။ ထို့ကြောင့် တိုးတက်မှု မှန်မှန်ရရှိနေပြီ ဖြစ်သည်။ DRDမှ အထက်တန်းအရာရှိများသည် (က) ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်းအတွက် အမျိုးသားအဆင့် ပုံစံပြုစုခြင်း၊ (ခ) ၃၄မြို့နယ်ရှိ ရွာ၁၇၀တွင် ရှေ့ပြေးဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲမှုကို ကြီးကြပ်ခြင်း၊ ပုံမှန်သုံးသပ်ခြင်း၊ (ဂ) DRDတွင် မူဝါဒသုတေသနဌာန ထူထောင်ရန်အတွက် လုပ်ငန်းအဖွဲ့တစ်ခုကို ဖွဲ့စည်းကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ယင်းလုပ်ငန်းအဖွဲ့သည် ၂၀၁၅ခုနှစ် နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် ဆောင်ရွက်ခဲ့ပြီး အစီရင်ခံစာကိုလည်း သုံးသပ်ခဲ့ပြီးဖြစ်သည်။

**ပူးပေါင်းပါဝင်သော ကျေးရွာစီမံချက်ရေးဆွဲခြင်းဆိုင်ရာ အမျိုးသားအဆင့် ချဉ်းကပ်ပုံ။** DRDသည် ကျေးရွာစီမံချက် ရေးဆွဲခြင်းဆိုင်ရာ အမျိုးသားအဆင့်ချဉ်းကပ်ပုံကို ရေးဆွဲခဲ့ပြီး ၂၀၁၅ခုနှစ်တွင် နိုင်ငံတစ်ဝန်းရှိ ကျေးရွာ၁၇၀၌ ရှေ့ပြေး ဆောင်ရွက်ခဲ့သည်။ ဤအလုပ်မှာ အလွန်ကြီးမားသဖြင့် LIFTထောက်ပံ့ပေးနေသည့် အဖွဲ့ကို သိသိသာသာ တိုးချဲ့ရန် လိုအပ်လာသည်။ နောက်ထပ် ကျွမ်းကျင်သူ၁၂ဦးကို တိုးမြှင့်ခန့်အပ်ခဲ့ပြီး ကျေးရွာအဆင့်တွင်လည်း ကူညီရန် NGO၅ဖွဲ့နှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်ခဲ့သည်။ ရှေ့ပြေးဆောင်ရွက်ချက် ဖြစ်သော ကျေးရွာ၁၇၀၏ ဖွံ့ဖြိုးရေးစီမံချက်တို့ကို အချိန်မီ ပြုစုကာ အထက်ပါ ချဉ်းကပ်နည်းကို ထူထောင်နိုင်ခဲ့သည်။ ဤရှေ့ပြေးဆောင်ရွက်မှုမှရရှိသော

72 စနစ်အပြောင်းအလဲတွင်- ပိုကောင်းသောကဏ္ဍအလိုက် မူဝါဒများ၊ ပိုထိရောက်သောကဏ္ဍအလိုက် အဖွဲ့အစည်းများ၊ ပိုကောင်းသောကဏ္ဍအလိုက် စီမံမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ အစီအစဉ်များကို ပိုထိရောက်စွာ အကောင်အထည်ဖော်မှုများတို့ ပါဝင်သည်။ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့ ဆက်ဆံရေးသည် စနစ် အပြောင်းအလဲ အောင်မြင်မှုအတွက် အဓိကအကြောင်းရင်းများ ဖြစ်သည်။ သို့သော် နောင်တွင် LIFTက မည်သို့ ဒေသခံ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် NGOများကို ထောက်ပံ့မည်ဆိုသည်မှာလည်း မြေပြင် အခြေအနေတွင် မည်သို့ရှိသည်ကို ဆုံးဖြတ်သည်။

ရလဒ်များနှင့် သင်ခန်းစာတို့ကို အခြေခံလျက် နိုင်ငံတော်အဆင့်နှင့် မြို့နယ်အဆင့် မူဝါဒစီမံနိုင်စွမ်းကို ဦးတည်လျက် ကျေးရွာစီမံချက်ရေးဆွဲခြင်း လုပ်ငန်းစဉ်ကို တိုးချဲ့မည်ဖြစ်သည်။ ဤပုံစံကို နိုင်ငံတော်သမ္မတက အတည်ပြုခဲ့ပြီး ဖြစ်သည်။ ဤအမျိုးသားအဆင့်ပုံစံသည် လမ်းညွှန်ချက်များ၊ လက်စွဲစာအုပ် တို့နှင့်အတူ နိုင်ငံတစ်ဝန်း တိုင်း/ပြည်နယ်၁၄ခုနှင့် နေပြည်တော်နယ်မြေရှိ ကျေးရွာ၁၇၀တို့တွင် ကျေးရွာစီမံချက် ရေးဆွဲခြင်း လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် လမ်းညွှန်ခဲ့သည်။

LIFTသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကိုလည်း စိုက်ပျိုးရေးဖြင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်(National Action Plan for Agriculture - NAPA)ကို ရေးဆွဲနေသည့် လုပ်ငန်းစဉ်ကို ထောက်ပံ့ခဲ့သည်။ ဤစီမံချက်သည် ၂၀၁၁ခုနှစ်တွင် ချမှတ်ခဲ့သော *ဆင်းရဲနွမ်းပါးမှုလျှော့ချရေး နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အမျိုးသားအဆင့် မဟာဗျူဟာ*၏ ဦးစားပေး ကဏ္ဍ၈ခု အနက် တစ်ခုဖြစ်သော စိုက်ပျိုးရေးကဏ္ဍကို ထောက်ပံ့မည်။ ယင်းကဏ္ဍကို DRDက ဦးဆောင်မည်ဖြစ်သည်။ FAOသည် LIFT၏ အထောက်အပံ့ဖြင့် သုံးသပ်မှုများ၊ တိုင်ပင်မှုများကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၅ခုနှစ်နှစ်ကုန်တွင် လုပ်ငန်းစာတမ်း ၁၃စောင်[73] ကို ပြုစုပြီးဖြစ်သောကြောင့် အစီရင်ခံစာမူကြမ်းတစ်စောင်ကို ဝန်ကြီးဌာနသို့ တင်ပြထားသည်။

LIFT၏ မဟာဗျူဟာအသစ်တွင် ဖော်ထုတ်ထားသော ဦးစားပေးမူဝါဒများကို ဦးတည်သော စနစ်အပြောင်းအလဲ လုပ်ဆောင်မှုများမှာ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ အားလုံးပါဝင်စေသော စိုက်ပျိုးရေးတန်ဖိုးကွင်းဆက်၊ မြေယာ လုပ်ပိုင်ခွင့်အာမခံ၊ အာဟာရ၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ ရာသီဥတုပြောင်းလဲမှုကို ကြံ့ကြံ့ခံနိုင်ခြင်း၊ ကျား/မရေးရာတို့ ဖြစ်သည်။ ယင်းတို့ကို အောက်တွင် ဆွေးနွေးထားသည်။

# ၅.၂။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

LIFTသည် ဘက်စုံဆင်းရဲနွမ်းပါးမလျှော့ပါးရေးအတွက် အခရာကျသော တာဝန်ခံယူမှုရှိသည့် ငွေကြေး ဝန်ဆောင်မှုများသို့ ကျေးလက်အိမ်ထောင်စုများက လက်လှမ်းမီစေမည့် ဥပဒေနှင့်ညီသော အသေးစား ငွေရေးကြေးရေးအတွက် ကြီးကြပ်စစ်ဆေးရေး မူဘောင်တစ်ခု ဖြစ်ထွန်းစေရန် ထောက်ပံ့သည်။ ၂၀၁၅ခုနှစ်တွင် ကြီးကြပ်စစ်ဆေးရေး စနစ်အတွင်းရှိ အကန့်အသတ်များနှင့် ငွေကြေးကဏ္ဍဖွံ့ဖြိုးရေး၏ အကန့်အသတ်များကို အာရုံစိုက်ခဲ့သည့်ပြင် မြန်မာနိုင်ငံတွင် ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှု ပိုမိုဖြစ်ထွန်းစေမည့် ထောက်ကူချက်များကို အဆိုပြုခဲ့သည်။

ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးမှု ဦးစီးဌာန(FRD)ရှိ ဒေတာဘေ့စ်သည် MFIများ၏ ဌာနပြင်ပ စောင့်ကြည့်မှု၊ စစ်ဆေးမှု၊ ကြီးကြပ်မှုတို့အတွက် အချက်အချာကျသည်။ FRDတွင် ဌာနတွင်း စစ်ဆေးမှုများလုပ်နိုင်စွမ်းမရှိသောကြောင့် ဌာနပြင်ပလုပ်ဆောင်ချက်များက အသေးစားငွေရေးကြေးရေးကဏ္ဍ၏ စိတ်ချရမှု ခိုင်မာမှုအတွက် ပို၍ အရေးပါလာသည်။ LIFTသည် အချိန်ပြည့်ဝန်ထမ်းတဦး ခန့်ပေးအပ်ကာ MFIဒေတာဘေ့စ်ကို ပြုစုကာ သုံးစွဲစေခဲ့သည်။ ယင်းဒေတာဘေ့စ်ကို MFIများကို ဌာနပြင်ပစောင့်ကြည့်ခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းပြုလုပ်ရာတွင် အုတ်မြစ်အဖြစ် အသုံးပြုမည်။

LIFTသည် FRDနှင့်အတူတကွ အစိုးရသစ်၏ အကြံပေးပုဂ္ဂိုလ်များနှင့် နီးကပ်စွာ ဆက်ဆံလျက်ရှိသည်။မူဝါဒနှင့် ကြီးကြပ်ရေး တို့တွင် ထိတွေ့ဆောင်ရွက်မှု၏ ဥပမာများမှာ PGMF၏ ရခိုင်ဒေသလုပ်ငန်းများ၊ GRET၏ စစ်ကိုင်းတိုင်းအတွင်းရှိ လုပ်ငန်းများကို မှတ်ပုံတင်ရာတွင် လျင်မြန်လာခြင်းပင်ဖြစ်သည်။

အတိုးနှုန်းသတ်မှတ်ချက်များ၏ ပြဿနာများကို လျော့ပါးအောင် ကိုင်တွယ်မည့် ချဉ်းကပ်နည်းတခုကို ရှာဖွေရန် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍတို့နှင့်အတူ LIFTက ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် ချေးယူခြင်းနှင့် ချေးငှားခြင်းတို့တွင် အနိမ့်ဆုံး အမြင့်ဆုံး သတ်မှတ်ချက်အဆင့်ဆင့် (ကျပ်ငွေရော ကန်ဒေါ်လာတွင်ပါ)ရှိခြင်းကြောင့် အသေးစားငွေရေးကြေးရေး ကဏ္ဍတွင် ရောင်းလိုအားဘက်ကို ကန့်သတ်မှုများဖြစ်လာပြီး ငွေပေါ်လွယ်မှု ဖြစ်မလာသောကြောင့် ချေးငွေနည်းနည်းသာ ထုတ်ပေးနိုင်ခြင်း၊ ငွေချေးသူများများကို မချေးနိုင်ခြင်းတို့ ဖြစ်လာရသည်။ ဥပမာအားဖြင့် MFIအများစု၏ အတိုးနှုန်းတည်ဆောက်ပုံမှာ ငွေကြေးအရ ရပ်တည်နိုင်ဖွယ်မရှိပေ။ ချေးငွေ အတိုးနှုန်းကို တစ်နှစ်လျှင် အများဆုံး၃၀ရာခိုင်နှုန်း သတ်မှတ်ထားပြီး အပ်ငွေအတိုးနှုန်းကို တစ်နှစ်လျှင် အနိမ့်ဆုံး ၁၅ရာခိုင်နှုန်း သတ်မှတ်ထားသည်။ ထို့ပြင် ငွေပေါ်လွယ်မှုကို ကန့်သတ်ထားသည့် နောက်တစ်ချက်မှာ အပ်ငွေကို ကြွေးကျန်စုစုပေါင်း၏ ၁၀ရာခိုင်နှုန်းထက်မပိုစေရန် သတ်မှတ်ထားခြင်းပင်ဖြစ်သည်။

ဒုတိယအချက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့က မြန်မာကျပ်ငွေဖြင့် ထုတ်ချေးပေးရာတွင် အများဆုံး အတိုးနှုန်းကို တစ်နှစ်လျှင် ၁၀ရာခိုင်နှုန်းသာ(တရားဝင် မဟုတ်) သတ်မှတ်ထားခြင်းဖြစ်သည်။ ယင်းမှာ ဈေးကွက်တွင် ပေါက်နေသော အတိုးနှုန်း၏ ၁၇ရာခိုင်နှုန်းနှင့်ယှဉ်ပါက မနစ်သက်ဖွယ်ပင် ဖြစ်သည်။[74] MFIများက ထုတ်ချေးရာတွင် အမြင့်ဆုံး ၃၀ရာခိုင်နှုန်း ဖြစ်သောကြောင့် MFIအများစုအတွက် လုပ်ငန်းအကျိုးအမြတ်မှာ ၁၅ရာခိုင်နှုန်းထက် ကျော်လွန်နေသည်။ FRDက သတ်မှတ်ထားသော အမြင့်ဆုံး ၁၀ရာခိုင်နှုန်းဖြင့် MFIက ချေးယူရမည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ၏ ချေးငွေအတိုးနှုန်းကို

---

73 စာတမ်း၁၃စောင်မှာ (၁) သီးနှံထုတ်လုပ်မှု၊ ပညာပေးရေးနှင့် အသုံးချသုတေသန၊ (၂) မွေးမြူရေး၊ (၃) စိုက်ပျိုးရေးနှင့်မြေဆီလွှာ စီမံခန့်ခွဲမှု၊ (၄) ငါးလုပ်ငန်း၊ (၅) သစ်တော၊ (၆) ကမ်းရိုးတန်းဒေသစီမံခန့်ခွဲရေး၊ (၇) ကျေးလက်သမဝါယမ၊ (၈) ကျေးလက်အလုပ်အကိုင်ရရှိမှု၊ (၉) ကျေးလက်ငွေရေးကြေးရေး၊ (၁၀) မြေယာလုပ်ပိုင်ခွင့်၊ (၁၁) ဈေးကွက်တင်ရေးနှင့်ကုန်သွယ်ရေး၊ (၁၂) ရိတ်သိမ်းချိန်လွန်နှင့် စိုက်ပျိုးလုပ်ငန်း၊ (၁၃) ကျားမရေးရာနှင့် လူမှုရေးတွင် အားလုံးပါဝင်စေမှုတို့ ဖြစ်သည်။

74 ဗဟိုဘဏ်သည် အတိုးနှုန်း၁၀%ကျော်ပါက မြန်မာ့အသေးစားငွေကြေးဝန်ဆောင်သူတို့ကို ပြည်ပငွေချေး ပေးသူတို့ထံမှ ငွေချေးငှားခွင့်မပြုပေ။ သို့ဖြစ်ရာ မြန်မာ့ကျပ်ငွေတန်ဖိုးမှာ အရေးကြီးလာသည်။ အကြောင်းမှာ မြန်မာကျပ်ငွေဖြင့်သာ လုပ်ငန်းလည်ပတ်ရမည်ဖြစ်သည်။ ပြည်ပငွေချေးပေးသူတို့က ထိုထက်များစွာပိုသော နှုန်း(လောလောဆယ် တစ်နှစ်လျှင် ၁၇%ထက်ပိုနေ)ဖြင့် တောင်းခံရမည်။ အကြောင်းမှာ မြန်မာကျပ်ငွေသည် ကန်ဒေါ်လာနှင့်ယှဉ်ပါက အလွန်မတည်ငြိမ်သောကြောင့် ဖြစ်သည်။

ဖြေလျှော့လိုက်သည့်တိုင် MFIများက ချေးငွေအတိုးနှုန်းကို ဖြေလျှော့မပေးပါက ငွေချေးယူလိုမှုမှာ ခက်ခဲကျပ်တည်းနေဦးမည် ဖြစ်သည်။ ထိုသို့ ဖြေလျှော့ပေးမည်ဟုလည်း LIFTက မယူဆပါ။ ထို့ကြောင့် LIFTသည် အစိုးရနှင့်ရော ပုဂ္ဂလိကကဏ္ဍနှင့်ပါ ပူးပေါင်းပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ လက်ခံနိုင်ဖွယ်ရှိသော အမြတ်အစွန်း ကို ရရှိစေရန်၊ MFIများလည်း အကြွေး အတွက် ငွေထောက်ပံ့မှုကို တစ်နှစ်လျှင် ၁၀ရာခိုင်နှုန်းဖြင့် လက်ခံရရှိစေရန် နည်းလမ်းကို ရှာလျက်ရှိသည်။ LIFT၏ ငွေကြေး လဲလှယ်မှုအဖွဲ့(TCX)နှင့် ပူးပေါင်းဆောင်ရွက်မှု ဖော်ပြချက်ကို အခန်း၄.၁တွင် ကြည့်ပါ။

# ၅.၃။ အားလုံးပါဝင်သော စိုက်ပျိုးရေးတန်ဖိုးကွင်းဆက်

LIFTသည် Myanmar Agricultural Network (MAN)၏ အမှုဆောင်ကော်မတီဝင်တစ်ဦးဖြစ်သည်။ ယင်းသည် ကမ္ဘာ့ စီးပွားရေးဖိုရမ်နှင့် အာဆီယံတို့၏ မဟာမိတ်ဖြစ်သော ဂရိုးအာရှတို့၏ အဖွဲ့ဝင်ဖြစ်သည်။ MANသည် မြန်မာအစိုးရနှင့် ပြည်တွင်းပြည်ပမှ ကုမ္ပဏီများ၊ အဖွဲ့အစည်း၄၀ကို ကိုယ်စားပြုပြီး မြန်မာနိုင်ငံ၏ အားလုံးပါဝင်စေသော စိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံမှုကို အရှိန်မြှင့်ပေးမည့် ပတ်သက်ဆက်နွယ်သူအများပါဝင်သော စင်မြင့်တစ်ခု ဖြစ်သည်။ LIFTသည် MAN၏ မဟာဗျူဟာမြောက် ရည်မှန်းချက်ဖြစ်သော ရေရှည်တည်တံ့ကာ အားလုံးပါဝင်စေသော စီးပွားရေးဖွံ့ဖြိုးမှုနှင့် အထူးပင် အံဝင်ခွင်ကျဖြစ်သည်။

MANသည်မြန်မာ*၃၀း၃၀*မျှော်မှန်းချက်ဟူသောမြန်မာနိုင်ငံတွင် ၂၀၃၀ပြည့်နှစ်၌ ကန်ဒေါ်လာ ၃၀ဘီလျံတန်ဖိုးရှိသည့်စိုက်ပျိုးရေး ထွက်ကုန်များကို ထုတ်လုပ်ရန် ရည်ရွယ်သည်။ အထူးသဖြင့် လုပ်ကွက်ငယ်တောင်သူများ ကို အထူးပြုမည်ဖြစ်သည်။MAN၏ ရည်မှန်းချက်မှာ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးစေရန်နှင့် လုပ်ကွက်ငယ်တောင်သူတို့၏ အသက်မွေးမှု ပိုမိုကောင်းမွန် စေရန် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်သည်_

- အသိပညာ၊ သတင်း၊ သွင်းအားစုများ၊ နည်းပညာတို့ကို ပိုမိုလက်လှမ်းမီစေခြင်းဖြင့် လုပ်ကွက်ငယ်တောင်သူတို့၏ ကုန်ထုတ်လုပ်နိုင်စွမ်းကို တိုးမြှင့်ခြင်း၊ တောင်သူသင်တန်းများ လိုအပ်ကြောင်းကို အထူးအသိအမှတ်ပြုသည်။

- ငွေကြေးကို လက်လှမ်းမီရန် တရားဝင်ဈေးကွက်များနှင့် ချိတ်ဆက်မှု၊ အခြေခံ အဆောက်အအုံ ဆိုင်ရာတွင် ရင်းနှီး မြှုပ်နှံခြင်းကို လှုံ့ဆော်ပေးမှုတို့ဖြင့် လုပ်ကွက်ငယ်တောင်သူတို့၏ အမြတ်အစွန်းကို တိုးတက်စေခြင်း။

- လုပ်ကွက်ငယ်တောင်သူများကို နိုင်ငံတကာနှင့်ပြည်တွင်း စံချိန်စံနှုန်းများကို လိုက်နာစေရန် ကူညီခြင်း၊ အသိအမှတ်ပြု လက်မှတ်ရရှိစေခြင်းတို့ဖြင့် ရိက္ခာ၏ စိတ်ချရမှု၊ အရည်အသွေး ကောင်းမွန်မှုတို့ကို အမှန်တကယ်ဖြစ်စေခြင်း။

၂၀၁၅ခုနှစ်တွင် မြန်မာနိုင်ငံ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် ၂ကြိမ်တွေ့ဆုံခဲ့ပြီး အားလုံးပါဝင်သော စိုက်ပျိုးရေး ဖွံ့ဖြိုးမှု တွင် ကြုံတွေ့နေရသော ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့သည်။ ယင်းတို့တွင် ပြည်တွင်းပြည်ပမှ စိုက်ပျိုးရေးကဏ္ဍ တွင် ပိုမိုရင်းနှီးမြှုပ်နှံလာစေရန်နှင့် စိုက်ပျိုးရေးကို ခေတ်မီလာစေရန် ဆောင်ရွက်ရမည့်တို့ကို ဆွေးနွေးခဲ့သည်။ LIFTသည် အမျိုးသားစီးပွား လူမှုအကြံပေးကောင်စီ(National Economic Social Advisory Council - NESAC)နှင့် နီးကပ်စွာ ဆောင်ရွက် နေသည်။ ယင်းသည် MAN၏ အမှုဆောင် ကော်မတီဝင် တစ်ဦးဖြစ်သည်။ MANနှင့် နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်ခြင်း ဖြင့် NESACက ပြုစုသော ပင်မစိုက်ပျိုးရေးမူဝါဒ ထိတွေ့ဆောင်ရွက်မှုများကို ဖော်ပြသည့် လုပ်ငန်း စာစောင် တစ်ခုကို USAIDနှင့် LIFTတို့၏ အကူအညီဖြင့် ပြုစုနေပြီး ယင်းကို အစိုးရအသစ်နှင့် ဆွေးနွေးမည်။

၂၀၁၆ခုနှစ် ဧပြီလတွင် ပြီးစီးခဲ့သော ဤစာတမ်းတွင် အဓိကအဆိုပြုချက်မှာ အောက်ပါအတိုင်းဖြစ်သည်_

- ယခင်က မြန်မာ့စိုက်ပျိုးရေးကဏ္ဍကို ရောင်းလိုအား လိုအပ်ချက်များက မောင်းနှင်နေသည်။ နောင်တွင် စိုက်ပျိုး-ရိက္ခာကဏ္ဍနှင့် စိုက်ပျိုး-စီးပွားရေးတို့၏ ထောက်ပံ့ရေးကွင်းဆက်ကို ပင်မအားဖြင့် မြန်မာ့စားသုံးသူများသာဖြစ်သော်လည်း ပြည်ပဈေးကွက်များလည်း ပါဝင်မည့် ဈေးကွက်ကသာ မောင်းနှင်မည်ဖြစ်သည်။

- ယခင်က မြန်မာ့စိုက်ပျိုးရေးဆိုင်ရာ ရောင်းလိုအား လိုအပ်ချက်များကို အစိုးရက ပြဋ္ဌာန်းသည်။ နောင်တွင် စိုက်ပျိုး-ရိက္ခာကဏ္ဍနှင့် စိုက်ပျိုး-စီးပွားရေးတို့၏ ထောက်ပံ့ရေးကွင်းဆက်ကို လုပ်ကွက်ငယ်တောင်သူများနှင့် ပြည်တွင်းပြည်ပ ပုဂ္ဂလိကကဏ္ဍတို့က ဦးဆောင်မည်ဖြစ်သည်။ အစိုးရသည် ပွင့်လင်းမြင်သာပြီး တာဝန်ခံသည့်မူဝါဒ၊ ထိန်းချုပ်မှု မူဘောင်များ၊ ပင်မ လူမှုရေးနှင့် အခြေခံအဆောက်အအုံများအပြင်၊ အဆင့်မီသော စိတ်ချရသော ထိရောက်သော စိုက်ပျိုး-ရိက္ခာ စနစ်များ၊ ယင်းတို့မှ ထုတ်လုပ်ပြီး စားသုံးသည့် ထုတ်ကုန်များကို ဖြစ်ထွန်းစေသော ပြည်သူ့ ရင်းနှီး မြှုပ်နှံမှုများဖြင့်သာ ထောက်ပံ့သင့်သည်။

- ယခင်က မြန်မာ့စိုက်ပျိုးရေးကဏ္ဍကို လွှမ်းမိုးနေသော မူဝါဒများသည် သီးနှံထုတ်လုပ်ရန်ကိုသာ အာရုံစိုက်သည်။ နောင်တွင် စိုက်ပျိုး-ရိက္ခာကဏ္ဍနှင့် စိုက်ပျိုး-စီးပွားရေး ထောက်ပံ့ရေး ကွင်းဆက်သည် မဏ္ဍိုင်ကြီး၃ရပ် ပါဝင်သော မဟာဗျူဟာကိုမှီ၍ ဖြစ်ပေါ်လာမည်။ ယင်းတို့မှာ _ လုပ်ကွက်ငယ်တောင်သူများ၏ ပွင့်လင်းစွာဆုံးဖြတ်ခြင်း၊ စိုက်ပျိုး-ရိက္ခာထုတ်ကုန်အမျိုးမျိုးကို ထုတ်လုပ်ခြင်း၊ သွင်းအားစုပေးသွင်းသူများ၊ ထုတ်လုပ်မှုတိုးတက်စေသော နည်းပညာ၊ အသိအမြင်နှင့် တင်ပြသူများ (အထက်ဌာနအားလုံး)၊ အားထားရသော ထုတ်ကုန်ဈေးကွက်များ သို့ လက်လှမ်းမီမှု နှင့် ထောက်ပံ့ရေးကွင်းဆက်များ(အောက်ဌာနများ)တို့ဖြင့် ထောက်ပံ့မှုတို့ ဖြစ်သည်။

LIFTသည်မီရိုဂန်ပြည်နယ်တက္ကသိုလ်နှင့်ပူးပေါင်းကာငါးမွေးမြူရေးသည်မြန်မာနိုင်ငံ၏ရိက္ခာဖူလုံရေးတွင်အရေးမကြီးဟူသော အမြင်ကို ပယ်ဖျက်ရန် အားထုတ်ခဲ့သည်။ ယင်းအမြင်နှင့် ဆန့်ကျင်ဖက်အနေဖြင့် မီရိုဂန် ပြည်နယ်တက္ကသိုလ်က ဆောင်ရွက်ခဲ့သော သုတေသန(LIFT၏ စီမံချက်)တွင် တွေ့ရှိရသည်မှာ မွေးမြူရေးငါး၏ တန်ဖိုးကွင်းဆက်သည် လျင်မြန်စွာ ဖြစ်ထွန်းနေပြီး ငါးသည်လည်း ပြည်တွင်းရိက္ခာဖူလုံရေးတွင် အရေးပါလာကြောင်း၊ အကြောင်းမှာ မြန်မာစားသုံးသူများအတွက် ယင်းသည် တိရစ္ဆာန် ပရိုတိန်းအရင်းအမြစ်အကြီးဆုံး ဖြစ်ကြောင်း၊ အိမ်ထောင်စုများသည် ငါးအတွက် ဆန်ဖိုးလောက်ပင် သုံးစွဲကြကြောင်း ဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသမှ မွေးမြူရေး ငါးအထွက်နှုန်းသည် တစ်နိုင်ငံလုံး၏ မွေးမြူရေး ငါးအထွက်နှုန်း အားလုံး၏ ၉၀ရာခိုင်နှုန်းရှိပြီး ငါးကန်ဧရိယာတိုးချဲ့မှုနှင့် အထွက်နှုန်း တိုးတက်မှုတို့ကြောင့် လွန်ခဲ့သော ၁၀စုနှစ်အတွင်း ၂၅၀ရာခိုင်နှုန်း တိုးတက်လာသည်။ ထိုသို့ လျင်မြန်စွာတိုးတက်ခဲ့သော်လည်း ထုတ်လုပ်သည့် နည်းပညာ သော်လည်းကောင်း၊ မွေးမြူသည့် ငါးမျိုးစိတ်များ သော်လည်းကောင်း များပြားခြင်းမရှိလာပေ။

ရှမ်းပြည်နယ်တွင် ဟင်းသီးဟင်းရွက်စျေးကွက် ဖြစ်ထွန်းရေးစီမံချက်ကို Mercy Corpsက အကောင်အထည်ဖော်ခဲ့သည်။ ဟင်းသီးဟင်းရွက်ကဏ္ဍ အရှိန်မြှင့်တင်ရေးလုပ်ငန်း အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ယင်းသည် အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးမှု မိတ်ဖက်များ ပါဝင်သော ပတ်သက်ဆက်နွယ်သူအများပါဝင်သည့် စင်မြင့်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ ဟင်းသီးဟင်းရွက် ကဏ္ဍကို ဖွံ့ဖြိုးရန် အရှိန်မြှင့်တင်မည် ဖြစ်ပြီး ပြီးပြည့်စုံသော ဟင်းသီးဟင်းရွက်ကဏ္ဍ မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲခဲ့သည်။ ဤစီမံချက် သည် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ၃၇ဦးပါဝင်သော အစည်းအဝေးကို ပံ့မှန်ကျင်းပပေးလျက်ရှိသည်။ ယင်းတို့တွင် ကုန်သည် အသင်းများနှင့် နိုင်ငံတကာကုမ္ပဏီများလည်း ပါဝင်သည်။

# ၅.၄။ မြေယာလုပ်ပိုင်ခွင့်အာမခံ

## အမျိုးသားမြေအသုံးချမှုမူဝါဒ မူကြမ်း နောက်ဆုံးအခြေအနေ

၂၀၁၄ခုနှစ် အောက်တိုဘာလမှစ၍ အမျိုးသားမြေအသုံးချမှုမူဝါဒ (NLUP) မူကြမ်းရေးဆွဲရာတွင် အစိုးရသည် ပတ်သက် ဆက်နွယ်သူများနှင့် ထိတွေ့ဆောင်ရွက်ရန် ကြိုးစားအားထုတ်ခဲ့သည်။ ကျွမ်းကျင်သူများနှင့် လူထုတို့ထံမှ ပိုမိုပူးပေါင်း ဆောင်ရွက်မှုနှင့် တုံ့ပြန်ချက်များရရှိရန် မူလက သတ်မှတ်ထားသည့် နောက်ဆုံးအချိန်ကို ရွှေ့လိုက်သည်။ ၆ကြိမ်မြောက်နှင့် နောက်ဆုံးမူကြမ်းကို မျက်နှာစုံညီအစည်းအဝေးတွင် တင်ပြပြီး ၂၀၁၆ခုနှစ် ဇန်နဝါရီလတွင် အစိုးရအဖွဲ့က အတည်ပြုခဲ့သည်။

မြေယာမဏ္ဍိုင်အုပ်စု (Land Core Group - LCG)သည် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရာတွင် အချက်အချာ ကျသည့်နေရာမှ ပါဝင်ခဲ့သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းတို့၏ တုံ့ပြန်ချက်ကို ထည့်သွင်းစဉ်းစားရန် မူဝါဒ ရေးဆွဲရေး ကော်မတီသို့ ထောက်ပံ့ခဲ့သည်။ ယင်းသို့ဆောင်ရွက်ရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ နှင့် ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလတွင် ပူးပေါင်းဆောင်ရွက်ခြင်းလည်း ပါဝင်သည်။ LCGသည် ယင်း၏ကွန်ရက်ကို စည်းရုံးရန်နှင့် ဆွေးနွေးတိုင်ပင်မှုများတွင် အဖွဲ့ဝင်များကို ကူညီရာတွင် LIFT၏ ရန်ပုံငွေကို LCGက အသုံးပြုခဲ့သည်။ လန်ဒေစာကျေးလက်ဖွံ့ဖြိုးရေးဌာန၏ အဆိုအရ "... ၆ကြိမ်မြောက်မူကြမ်းတွင် အလွန်သိသာသော တိုးတက်ပြောင်းလဲမှု များကို ပြုလုပ်ခဲ့ကြသည်...ဤမူကြမ်းတွင် နွမ်းပါးသူများကို အကျိုးပြုသည့် မြေယာမူဝါဒနှင့် ဥပဒေမူဘောင်တို့ကို ရှင်းလင်းစွာ ဖော်ပြထားသည်။ ယင်းတို့တွင် အရေးအကြီးဆုံး အခြေခံမူဝါဒနှစ်ရပ် ပါဝင်သည်_(၁)အသေးစားလုပ်ကွက်ငယ် စိုက်ပျိုးရေးကို ဖြစ်ထွန်းစေသည့် ကာကွယ်ပေးသည့် မြေယာ လုပ်ပိုင်ခွင့် ရရှိရန် အဓိကကျသော ချဉ်းကပ်နည်းတစ်ခု (၂) လယ်မဲ့မြေမဲ့ပြဿနာကို ကိုင်တွယ်ရန် မဖြစ်မနေလိုအပ်မှု၊ ထို့ပြင် ၆ကြိမ်မြောက်မူကြမ်းတွင် ဓလေ့ထုံးတမ်းဆိုင်ရာ မြေပိုင်ခွင့်နှင့် အမျိုးသမီးတို့၏ မြေပိုင်ခွင့်ကို ထည့်သွင်းခဲ့သည့်အပြင် မြေအသိမ်းအဆည်းခံရမှုနှင့် ပြည်တွင်းပဋိပက္ခကြောင့် နေရာပြောင်းရွှေ့ရသူတို့ကို ပြန်လည်ပေးအပ်ရေးကိစ္စရပ်များကို ကောင်းမွန်စွာ ကိုင်တွယ်နိုင်ခဲ့သည်။ ထို့ပြင် ယင်းသည် လူထုသို့ ဦးတည်ပြီး အမျိုးသားမြေယာဥပဒေ ပြုစုရေးအတွက် အတိုင်ပင်ခံလုပ်ငန်းစဉ်ကို ဆောင်ရွက်သည်"

အားနည်းချက်များရှိနေသေးသော်လည်း လုပ်ငန်းစဉ်တစ်ခုလုံးကို ခြုံကြည့်ပါက ထောက်ခံတင်ပြချက်များကို ဆင်ခြင် သုံးသပ်ခဲ့သည့်အတွက် ထူးခြားသည့်အောင်မြင်မှုပင်ဖြစ်သည်။ အမျိုးသားမြေအသုံးချမှုမူဝါဒသည် ဤမူဝါဒနှင့်မကိုက်ညီသည့် တည်ဆဲဥပဒေများကို အစားထိုးမည့်၊ ပြင်ဆင်မည့်၊ ကျော်လွန် ပယ်ဖျက်မည့် ဥပဒေသစ်၏ အခြေခံဖြစ်လာမည်ဟု မျှော်လင့်သည်။ မိမိ၏ မိတ်ဖက်ဖြစ်သော LCG၊ GRET၊ UN-Habitatတို့နှင့်အတူ LIFTသည် ဤမူဝါဒလုပ်ငန်းစဉ်များကို ထောက်ပံ့ပြီး စစ်တမ်းများကို ကောက်ယူကာ နယ်မြေဒေသအမျိုးမျိုးရှိ မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ လုပ်နည်းလုပ်ဟန်များကို မူဝါဒချမှတ်သူတို့ထံသို့ တင်ပြမည်။

GRETသည် မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တို့တွင် စစ်တမ်းကောက်ပြီးနောက် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်တွင် စူးစမ်းလေ့လာခဲ့သည်။ ဤနေရာသည် အသက်ဝင်နေသော မြေယာစျေးကွက်၊ တက်ကြွနေသော မြေယာဆိုင်ရာ ခန့်မှန်းချက်များ၊ ပြောင်းလဲနေသော ကျေးလက်အသက်မွေးမှုများတည်ရှိရာ ဆင်ခြေဖုံးအရပ် ဖြစ်သည်။ ဤစီမံချက်သည် ဆင်ခြေဖုံးမြေယာလူပ်ရှားမှုကို မှတ်တမ်းတင်ရန် နည်းစနစ်ကို ရေးဆွဲပြီးနောက် ယခုအခါ ချင်းပြည်နယ်၊ ဟားခါးမြို့အနီးရှိ လေ့လာရေးဒေသများနှင့် အခြားတောင်တန်းဒေသများသို့ ရွှေ့ပြောင်း လာခဲ့သည်။ GRET၏လေ့လာမှုမှ သိရှိရသည်မှာ အပြောင်းအလဲမြန်သည့် ဤပတ်ဝန်းကျင်တွင် မြေယာဆိုင်ရာ ကိစ္စရပ်များ များစွာရှိကြောင်း ဖြစ်သည်။ ထို့ပြင်အသိအမြင်၊ ပါဝင်ဆောင်ရွက်မှု၊ အလှူရှင်၏ သတိထားမှု စသည်တို့တွင် ဟာကွက်ကြီးများ ရှိနေသည်။ ဤစီမံချက်သည် သီးခြား သုတေသီများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ UN-Habitat တို့နှင့် လုပ်ငန်းအဖွဲ့တစ်ခုကိုဖွဲ့ကာ ဤကိစ္စရပ် များကို ပိုမိုအာရုံစိုက် ဆောင်ရွက်မည်။



## မြေယာအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးစီမံချက်

မြန်မာနိုင်ငံတွင် ရင်းနှီးရမည့် ငွေ၏အတိုးကြီးမားခြင်း၊ ဥပဒေကြပ်မတ်မှုအားနည်းခြင်းတို့ကြောင့် ဖွံ့ဖြိုးမှု မညီမမျှ ဖြစ်ကာ မြေဈေးလည်း ကြီးမားနေသည်။ လူအများအပြား အထူးသဖြင့် တောင်သူတို့မှာ မြေပိုင်ခွင့်သည် ယင်းတို့ပိုင်သမျှ ပစ္စည်းတွင် အဖိုးအတန်ဆုံးဖြစ်ကာ စောင့်ရှောက်ကာကွယ်ရန်လည်း လိုအပ်နေသည်။ အစိုးရ၏ မြေယာရုံးဖြစ်သော လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (DALMS)[75] တွင် မြေစာရင်းများကို ထိန်းသိမ်းထားသော်လည်း စနစ်များ၊ မှတ်တမ်းများကို အနှစ်၆၀အတွင်း ကောင်းမွန်စွာ ထိန်းသိမ်းထားခြင်း မရှိခဲ့ပေ။ အဆောက်အအုံများသည် ယိုယွင်းပျက်စီးနေပြီး ကိရိယာများသည်လည်း ခေတ်မမီတော့ပေ။ သို့သော် ဤဌာန၏ရုံးများတွင် ဝန်ထမ်းများကို ပြည့်စုံစွာ ခန့်ထားပြီး ယင်းဝန်ထမ်းများသည် စိုက်ပျိုးရေးအစီရင်ခံစာများ၊ မြေခွန်တွက်ချက်ခြင်းတို့ဖြင့် အလုပ်များ နေကြသည်။

၂၀၁၂ခုနှစ် *လယ်ယာမြေဥပဒေ*အရ ထုတ်ပေးသော မြေအသုံးချခွင့်လက်မှတ်သည် မြေယာသိမ်းဆည်းခြင်း ခံရဖွယ်ရှိမှုကို လျော့ပါးစေပြီး ပိုမိုစိတ်ချစေရန် ရည်ရွယ်ခဲ့သည်။ ၂၀၁၃ခုနှစ် နှစ်ဦးတွင် ကျေးလက်ဒေသတွင် မြေကွက်၁၆သန်း ရှိသည်ဟု ခန့်မှန်းထားသည်။ ယင်းတို့အနက် အနည်းငယ်သည်သာ အမည်ပေါက်ပိုင်ဆိုင်ကြသည်။ အရှိန်မြှင့်စီမံကိန်းအရ ဤဌာနသည် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ၉.၃သန်းကို ၂၀၁၃-၁၄ခုနှစ် အတွင်း ထုတ်ပေးခဲ့သည်။ ကျန်၇သန်းတို့မှာ အမည်ပေါက်ခြင်းမရှိပေ(ကျေးလက်ရှိ လူနေထိုင်သည့် မြေကွက်များ နှင့် လယ်ယာမြေများအပါအဝင်)။

စာချုပ်စာတမ်းမှတ်ပုံတင်စနစ်နှင့် ပိုင်ဆိုင်ခွင့်မှတ်ပုံတင်များမှာလည်း ဖရိုဖရဲဖြစ်နေသည်။ UN-Habitat က ဆောင်ရွက်ခဲ့သည့် မြေယာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးစီမံချက်(Land Administration and Management Project - LAMP)သည် မြေယာမှတ်ပုံတင်ခြင်းကို ခေတ်မီစေရန် စနစ်သစ်များကို တည်ဆောက်နေသည်။ ဤစနစ်သစ်များ လုပ်ငန်းစဉ်များသည် DALMS၏ စွမ်းဆောင်ရည်ကို တည်ဆောက်ရန် ရည်ရွယ်ထားသည့် အနာဂတ်အမျိုးသားစီမံကိန်းတစ်ရပ်တွင် ပါဝင်လာမည်။

၂၀၁၅ခုနှစ်တွင် LAMP သည် မြင်းခြံနှင့် သာယာဝတီမြို့နယ်တို့တွင် ရှေ့ပြေးအစီအစဉ်ဖြင့် မြေပုံရေးဆွဲနည်း အသစ်များကို တပ်ဆင်စေပြီး အသုံးပြုတတ်အောင် ဝန်ထမ်းများကို သင်ကြားပေးခဲ့သည်။ DALMSဝန်ထမ်းများသည် အစဉ်အလာကွင်းမြေပုံ[76] ၁၀ချပ်ကို ခေတ်မီအောင် ရေးဆွဲခဲ့သည်။ ယင်းတို့တွင် မြို့နယ်တစ်ခုချင်း၏ မြေပိုင်ဆိုင်မှုတန်ဖိုး၊ အကျယ်အဝန်းတို့ကို ဖော်ပြထားသည်။ LAMP က တည်ထောင်ပေးသော လုပ်ငန်းစဉ်အသစ်များကို အသုံးပြုခဲ့ရာတွင် အောက်ပါတို့ ပါဝင်သည်- (၁) အမှုတွဲများ၊ လယ်ယာမြေပိုင်ဆိုင်မှု မှတ်ပုံတင်ခြင်းများကို စကင်ဖတ်ကာ ကုတ်သွင်းခဲ့ခြင်း၊ (၂)ကွင်းမြေပုံများကို စကင်ဖတ်ကာ ပုံရိပ်များကို မွမ်းမံခြင်း၊ (၃)ပထဝီဝင် သတင်းအချက်အလက်စနစ်(GIS)တွင် မြေကွက်များကို ဖော်ပြရန် ကွင်းမြေပုံများကို ဒစ်ဂျစ်တယ်စနစ်သွင်းခြင်း၊ (၄) ကွင်းမြေတိုင်းခြင်းကို ခေတ်နှင့်အညီ မွမ်းမံခြင်း၊ (၅) မြေပုံတွင် ပါဝင်သောနယ်မြေများမှ အမျိုးသမီးများ အမျိုးသားများကို အသိပေးခြင်း ပညာပေးခြင်း။ ထို့ပြင် ယခင်က တိုင်းတာခြင်းမရှိခဲ့သောနေရာများတွင် ကွင်းမြေ တိုင်းဆင်းကာ ကွင်းမြေပုံများရေးဆွဲပြီး လယ်ယာမြေပိုင်ဆိုင်ခွင့် ထုတ်ပေးရာတွင် အခြေခံအဖြစ် သုံးစွဲသည်။

LAMP ကြုံရသော အခက်အခဲအများစုမှာ အမှားများကို ဖော်ထုတ်ခြင်း၊ မြေယာမှတ်တမ်းတို့ကို မှန်ကန်အောင် ပြင်ဆင်ရခြင်းတို့ ဖြစ်သည်။ အထူးပရိုဂရမ်တစ်ခုကို ရေးဆွဲကာ အမှားများကို ဖော်ထုတ်ရန်နှင့် ပြင်ဆင်ရန် အသုံးပြုခဲ့ရသည်။ အနှစ်၅၀ကြာအောင် မဆောင်ရွက်နိုင်ခဲ့သည့် မြို့ပြကြေးတိုင်မြေတိုင်းခြင်းအတွက် DALMS ကို ဤစီမံချက်က ပြင်ဆင်ပေးခဲ့သည်။ မကြာသေးမီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ကျေးလက်ရှိ လူနေထိုင်သည့် မြေကွက်များကို ပိုင်ဆိုင်ခွင့်ပြုမည့် ရှေ့ပြေးအစီအစဉ်ကို စတင်ရန် အမိန့်ထုတ်ခဲ့သည်။ ပိုင်ဆိုင်ခွင့်ပြုရမည့် မြေကွက်များမှာ သန်းနှင့်ချီ၍ ရှိနေသည်။

75 ယခင်က ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနဟု ခေါ်တွင်ခဲ့သည်။
76 ကွင်းမြေပုံဆိုသည်မှာ အစဉ်အလာ ကြေးတိုင်မြေပုံများဖြစ်ပြီး အကျယ်အဝန်း၊ တန်ဖိုးနှင့် ပိုင်ဆိုင်မှုကို ဖော်ပြသည်။

အမျိုးသားမြေအသုံးချမှုမူဝါဒသည် မြေယာအုပ်ချုပ်ရေးကို အောင်မြင်စွာပြုပြင်ပြောင်းလဲနိုင်မည့် အခွင့်အရေးများရှိသည်။ လွှမ်းခြုံသည့်ပင်မဥပဒေ ပြဋ္ဌာန်းပြီးပါက DALMS၏ တာဝန်နှင့်ပတ်သက်သောနည်းဥပဒေများကို ပြဋ္ဌာန်းပေးရန် ရှိသည်။ ယင်းတာဝန်တို့မှာ မြေယာမှတ်ပုံတင်ခြင်း၊ လယ်ယာမြေဥပဒေကို ပြန်လည်သုံးသပ်ရေးဆွဲခြင်း၊ ကြေးတိုင်မြေတိုင်းနှင့် မြေပုံရေးဆွဲခြင်း၊ မြေခွန်တွက်ချက်ခြင်း၊ ကြေးတိုင်ကိန်းဂဏန်းအချက်အလက်များ တင်ပြမှုကို စီမံခန့်ခွဲခြင်းတို့ဖြစ်သည်။ထို့ကြောင့် တစ်နိုင်ငံလုံးရှိ မြေယာအုပ်ချုပ်ရေးရုံးများကို ခေတ်မီ အောင် အင်အားတောင့်တင်းအောင် DALMSက ဆောင်ရွက်ရ ဦးမည်။

ဇယား ၅.၁ တွင် LAMPက ပြုစုထားသော မြေယာမှတ်တမ်းထိန်းသိမ်းသည့် လုပ်နည်းများကို ဖော်ပြထားသည်။ ယင်းတို့သည် အမျိုးသားမြေအသုံးချမှုဝါဒ ထွက်ပေါ်လာရေးကို ထောက်ပံ့နေသည်။

*ဇယား ၅.၁ ။ အမျိုးသားမြေအသုံးချမှုမူဝါဒကို ထောက်ပံ့ရန် LAMP၏ ဆောင်ရွက်ချက်များ*

| NLUP(၂၀၁၆) ပုဒ်မ | LAMPက ထောက်ပံ့ပုံ |
|---|---|
| ၆(ခ)...နိုင်ငံတော်၏ မြို့ပြ နှင့် ကျေးလက်နေပြည်သူအားလုံး၏... မြေလုပ်ပိုင်ခွင့် ခိုင်မာစေရန် | LAMPသည် - မှတ်တမ်းများထိန်းသိမ်းရာတွင် အရည်အသွေးထိန်းချုပ်မှုကို ပိုကောင်းစေရန်၊ ကွင်းမြေပုံများနှင့် မြေယာပိုင်ဆိုင်ခွင့်များကို အချိန်နှင့် တစ်ပြေးညီဖြစ်စေရန်၊ မြို့ပြနှင့် ကျေးလက်ဒေသများအတွက် မြေယာ မှတ်တမ်း စီမံခန့်ခွဲရေးစနစ်များကို ကွန်ပျူတာစနစ်အတွင်းသို့ သွင်းရန် စနစ်သစ်များကို ဒီဇိုင်းထုတ်ကာ အကောင်အထည်ဖော်ခဲ့သည်။ ဤလုပ်ဆောင်ချက်အသစ်များသည် မြေယာ လုပ်ပိုင်ခွင့်အာမခံမှုကို အားဖြည့်ပေးသည့်အပြင် DALMS ဝန်ထမ်းများနှင့် လူထု၏ ယုံကြည်ချက်ကို ပိုမိုကောင်းမွန်စေသည်။ |
| ၈(ခ) လုပ်ထုံးလုပ်နည်းများ ၏ ရှင်းလင်း လွယ်ကူခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု တိုး တက်ဖြစ်ထွန်းခြင်းတို့ ပါဝင် စေခြင်းဖြင့် တရားဥပဒေ စိုးမိုး ရေးနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို မြှင့်တင်ရန် | မြေတိုင်းခြင်း၊ မြေပုံရေးဆွဲခြင်း၊ မြေယာပိုင်ဆိုင်ခွင့်ထုတ်ပေးခြင်း၊ မြေယာ မှတ်တမ်းစီမံခန့်ခွဲခြင်း တို့နှင့်သက်ဆိုင်သော မြေယာအုပ်ချုပ်ရေး၏ ပင်မလုပ်ငန်း တို့သည် LAMP၏ လုပ်ငန်းစဉ်များ အရည်အသွေးထိန်းချုပ်ရေး လုပ်နည်းလုပ်ဟန်များနှင့် သက်ဆိုင်သည်။ ဒေတာဘေ့စ်သို့ ထည့်သွင်းသော ကနဦး ဒေတာများနှင့် နောက်ထပ်အလွှဲအပြောင်းများကို ဒေတာဘေ့စ်ထဲတွင် သိမ်းထားခြင်းဖြင့် တာဝန်ခံမှုနှင့် တာဝန်ယူမှုကို တိုးပွားစေသည်။ ပျောက်နေသော ရှေ့နောက်မညီသော မြေယာမှတ်တမ်းတို့ကို အတည်ပြုရေးအတွက် ထုတ်နုတ်ကာ ထင်ထင်ရှားရှား ပြထားသည်။ |
| ၈(ဂ) ပြည်သူက သတင်း အချက်အလက်များကို အလွယ်တကူ ရယူသုံးစွဲရေး အပါအဝင် မြေယာသတင်း အချက်အလက်များ စီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်စေရန် | LAMPသည် မြို့နယ်အဆင့်တွင် ဒေတာဘေ့စ်ဆာဗာစနစ်များကို တပ်ဆင်ပေးခဲ့သည်။ကွန်ပျူတာ စနစ်သွင်းထားသော ဒေတာဘေ့စ်တွင် မြေယာမှတ်တမ်းများ ထည့်သွင်းခြင်းသည် ထိရောက်သော မြေယာသတင်းစီမံခန့်ခွဲရေးနှင့် အစိုးရနှင့် ပြည်သူတို့၏ လက်လှမ်းမီမှုတို့၏ ပထမ ခြေလှမ်းပင်ဖြစ်သည်။ |
| ၈(င) မြေအသုံးချမှုနှင့် မြေ အရင်းအမြစ်များ စီမံခန့် ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ ချမှတ် ဆောင်ရွက်ရာတွင် ပြည်သူများ ပိုမိုပါဝင် ဆွေးနွေးခွင့်ပြုရန် | LAMPသည် ပြန်ကြားခြင်း၊ ပညာပေးခြင်း၊ ဆက်သွယ်ခြင်းဆိုင်ရာ အစီအစဉ်တစ်ခုကိုထူထောင်ခဲ့သည်။ ယင်းသည် - မြေယာမှတ်တမ်းများ၊ အတည်ပြုခြင်း ဆိုင်ရာလုပ်ငန်းများကို ရပ်ရွာလူထုက လက်လှမ်းမီရေးအတွက်ထောက်ပံ့ရန်၊အဓိကကျသောမြေယာကိန်းဂဏန်းအချက်အလက်များကို မြေယာစစ်တမ်းတွင် တောင်သူတို့က ဖြည့်သွင်းရာတွင် ကူညီရန်၊ ရလဒ်ကို လူသိထင်ရှား ထုတ်ပြန်ကြေညာရာတွင် တောင်သူတို့အား တုံ့ပြန်ပေးရန် ဖြစ်သည်။ ထုတ်ပြန်ကြေညာချိန်တွင် တောင်သူက ကန့်ကွက်နိုင်မည်ဖြစ်သည်။ |
| ၈(စ) မြေနှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရာ တွင် ဗဟိုချုပ်ကိုင်မှု လျှော့ ချရန် | DALMS၏ မှတ်တမ်းအားလုံး လုပ်ငန်းစဉ်အားလုံးသည် မြို့နယ်အဆင့်တွင် အခြေခံသည်။ |

# ၅.၅။ အာဟာရဆိုင်ရာ

၂၀၁၅ခုနှစ်တွင် LIFTသည် ကုလသမဂ္ဂအဖွဲ့များ၊ NGOများ၊ အစိုးရနှင့်အခြားပတ်သက်ဆက်နွယ်သူများနှင့်အတူ အာဟာရနှင့်ပတ်သက်၍ အထူးသဖြင့် အမျိုးသမီးနှင့်ကလေးများအတွက် ရင်းနှီးမြှုပ်နှံရန် လိုအပ်ကြောင်း အလေးထား ဆောင်ရွက်ရာတွင် သိသာစွာ ခရီးရောက်ခဲ့သည်။ ကမ္ဘာတွင် တာရှည်အာဟာရချို့တဲ့မှုဒဏ်ကို ပြင်းထန်စွာ ခံစားနေရသော နိုင်ငံ ၃၆နိုင်ငံ တွင်ပါဝင်သော မြန်မာနိုင်ငံအတွက် အထူးအရေးကြီးသည်။[77] ဆင်းရဲ နွမ်းပါးဆုံးသူတို့တွင်လည်း ကလေးသူငယ် ပုညက်မှုနှုန်းမှာ ၅၀ရာခိုင်နှုန်းခန့်ရှိသည်။[78]

LIFT၏ မဟာဗျူဟာသစ်(၂၀၁၄)တွင် အာဟာရကောင်းမွန်မှုကို ဦးစားပေးပြီး အဓိကရလိုသော အကျိုးဇရပ်တွင် ထည့်သွင်းထားသည်။ ၂၀၁၅ခုနှစ်အတွင်း LIFTက ရေးဆွဲခဲ့သော စီမံကိန်းများတွင် ချဉ်းကပ်နည်းပေါင်းစုံဖြင့် ပုညက်မှုကို

77 Save the Children - Global stunting reduction target: focus on the poorest or leave millions behind, May 2012
78 Multiple Indicator Cluster Survey (MICS) 2009-2010, UNICEF

လျှော့ချရန် ဒီဇိုင်းထုတ်ထားသည်။ မိမိတို့၏ စီမံချက်များတွင် အာဟာရဆိုင်ရာကို ထည့်သွင်းလာသည့် မိတ်ဖက်အဖွဲ့လည်းများပြားလာသည်။ ၂၀၁၅ခုနှစ်တွင် LIFTက ချပေးခဲ့သော ထောက်ပံ့ကြေး ၁၂ခုမှာ အာဟာရနှင့်သက်ဆိုင်သည် သို့မဟုတ် အလေးထားသည်။ အဖွဲ့အစည်း၁၂ခုဖြစ်သော(World Vision, WHH-GRET, WorldFish, Mercy Corps, Save the children, IOM, FAO, HelpAge, IFDC, SPPRG, UN-Habitat သည် အာဟာရဆိုင်ရာရည်မှန်းချက်များကို ယင်းတို့၏ စီမံချက်များတွင် ထည့်သွင်းခဲ့သည်။ စီမံချက်အသစ် ၁၀ခု(IOM, Mercy Corps, WHH-GRET, World Vision, Save the Children, HelpAge, IFDC, SPPRG, UN-HABITAT)တို့သည် အာဟာရပညာပေးရေး ဆောင်ရွက်မှုများကို ထည့်သွင်းထားသည်။

၂၀၁၅ခုနှစ်တွင် LIFT၏ ယုတ္တိဗေဒမူဘောင်တွင် အာဟာရဆိုင်ရာအညွှန်းများကို ထည့်သွင်းခဲ့သည်။ ယင်းအညွှန်းတို့တွင် ငါးနှစ်အောက်ကလေးများတွင် အသင့်အတင့်ပုညှက်မှု၊ ၅နှစ်အောက်အောက်ကလေးများ ဝမ်းပျက်ဝမ်းလျှောဖြစ်မှု၊ အာဟာရဆိုင်ရာသတင်းများ ရောက်ရှိသော အိမ်ထောင်စု၊ ၆လမှ ၂၃လအတွင်း ကလေးများ သင့်တင့်သော အမည်စုံ စားသုံးနိုင်မှု၊ မိခင်နို့သက်သက် တိုက်ကျွေးမှု၊ သန့်ရှင်းရေး အဆောက်အအုံများ ကောင်းမွန်မှု၊ ရေအရင်းအမြစ် ကောင်းမွန်မှု တို့ပါဝင်သည်။ ဤအာဟာရဆိုင်ရာအညွှန်းများဖြင့် LIFTသည် အာဟာရဆိုင်ရာ အကောင်အထည်ဖော်နိုင်မှုတို့ကို တိုင်းတာနိုင်မည်။

လူမှုအဖွဲ့အစည်းသို့ အာဟာရ၏ အကျိုးသက်ရောက်မှု၏ သက်သေအထောက်အထားတို့ကို ကမ္ဘာအနှံ့မှ တိုးတက်ရရှိနေသော်လည်း မြန်မာနိုင်ငံမှ ကိန်းဂဏန်းတို့မှာ အကန့်အသတ်ဖြင့်သာ ရှိနေသေးသည်။ ကလေး၏ ပထမရက်၁၀၀၀အတွင်း (သန္ဓေသားဘ၀မှ နှစ်နှစ်မြောက် မွေးနေ့အထိ) အာဟာရကောင်းမွန်မှုသည် အမျိုးသား ကုန်ထုတ်လုပ်မှုကို ၁၁ရာခိုင်နှုန်းအထိ တိုးစေနိုင်သည်။ လုပ်ခကို ၅ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းထိ တိုးစေနိုင်သည်။ ဆင်းရဲမှုကို လျှော့ချနိုင်သည်။ အမျိုးသမီးများကို လုပ်ကိုင်နိုင်စွမ်းရှိစေသည်။ ပညာသင်ကြားရာတွင် ပိုမိုအောင်မြင်စေသည်။ ကလေးသေဆုံးနှုန်းကို သိသိသာသာ လျှော့ချနိုင်သည်ဟု ကမ္ဘာ့တဝန်းမှ သုတေသနများက ပြနေသည်။ ကမ္ဘာတဝန်းလုံးတွင် အာဟာရအတွက် ငွေ ၅ဒေါ်လာကို ရင်းနှီးလိုက်ပါက ကုန်ထုတ်တိုးမှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုစရိတ် လျှော့သွားမှုတို့ကြောင့် အနည်းဆုံး ၁၆ဒေါ်လာ ပြန်ရသည်။[79] အာဟာရကို အလေးမူသည့် လုပ်ဆောင်ချက်နှင့် အာဟာရကို အဓိကထားသော လုပ်ဆောင်ချက်တို့ကို ပေါင်းစပ်ပါက သိသာစွာ အကျိုးထူးလာမည်။ LIFTသည် အရေးကြီးသောသတင်းအချက်အလက်များကို စုဆောင်းနိုင်သည့် အနေအထားတွင် ရှိသည်။

**မိခင်များသို့ ငွေကြေးထောက်ပံ့ခြင်း။** အာဟာရနှင့်ပတ်သတ်၍ LIFT၏ အထူးခြားဆုံး ဆောင်ရွက်ချက်တခုမှာ ရခိုင်၊ မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဇုန်ဒေသတို့တွင် စတင်ခဲ့သော မိခင်များသို့ ငွေကြေးထောက်ပံ့မှုပင် ဖြစ်သည်။ ကလေးငယ်၏ ဘ၀အစ ပထမ ရက်ပေါင်း၁၀၀၀အတွင်း အာဟာရပြည့်ဝသော အစားအသောက်များကို ဝယ်ရန်၊ ကျန်းမာရေး ဝန်ဆောင်မှုများကို လက်လှမ်းမီစေရန် ငွေကျပ်၁၃၀၀၀(ကန်ဒေါ်လာ၁၁ခန့်)ကို မိခင်တို့အား လစဉ်ထောက်ပံ့မှု ကို ၂၁၀၄ခုနှစ်တွင် ရခိုင်ဒေသ၌ စတင်ခဲ့သည်။ ငွေသားအပြင် ကိုယ်ဝန်ဆောင်နှင့် မိခင်များသည် အမျိုးအမည် စုံလင်သော အစားအသောက်၏ အရေးကြီးပုံကိုလည်း သိနားလည်ခွင့်ရရှိခဲ့ကြသည်။[80] ဤရှေ့ပြေးအစီအစဉ်၏အောင်မြင်မှု ကိုအခြေခံကာ အလားတူစီမံချက်များကို မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တို့တွင်လည်း စတင်ခဲ့သည်။စုစုပေါင်း ကန်ဒေါ်လာ၁၄.၅သန်းကို မိခင်နှင့်ကလေးများ ၅၄,၀၀၀သို့ ထောက်ပံ့မည့် စီမံချက်များကို LIFTက အကောင်အထည်ဖော်နေသည်။ ငွေကြေးထောက်ပံ့မှုနှင့်အတူ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ သတင်းစကားတို့ကိုပါ ပြောကြားရန် အထိရောက်ဆုံးနည်းလမ်းကို ဆုံးဖြတ်ရန်အတွက် စီမံချက်များ၏ ထိရောက်မှုကို တိုင်းတာမည့် ကျပန်းထိန်းချုပ်စမ်းသပ်မှုတို့ကို ဒီဇိုင်းထုတ်ထားသည်။

**အထောက်အထားအခြေအမြစ်ကို ကောင်းမွန်အောင်ပြုပြင်ခြင်း။** ၂၀၁၅ခုနှစ်တွင် LIFTသည် LEARNအဖွဲ့ကို ထောက်ပံ့ကာ မြန်မာနိုင်ငံ၏ လွန်ခဲ့သော ငါးနှစ်က ရိက္ခာနှင့်အာဟာရဖူလုံမှု ကိန်းဂဏန်းများကို အရင်းအမြစ် အားလုံးမှ စုစည်းကာ သုံးသပ်စေခဲ့သည်။ ရိက္ခာဖူလုံမှု၊ အသက်မွေးမှု၊ အာဟာရတို့၏ အချိတ်အဆက်များကို တစ်နိုင်ငံလုံးအတွက်သာမက LIFT၏ ဦးတည်ဒေသများအတွက်ပါ နားလည်နိုင်ရန် ဖြစ်သည်။ ကလေးသူငယ် အာဟာရအခြေအနေနှင့် စီမံကိန်း၏ အခြားအရေးပါသော ကိန်းရှင်များ(ဝင်ငွေ၊ အသက်မွေးမှု၊ ရိက္ခာဖူလုံမှု၊ ရေသန့်ရှင်းရေး၊ တစ်ကိုယ်ရည် သန့်ရှင်းမှု စသည်) တို့၏ ချိတ်ဆက်မှုတို့ကို ၂၀၁၃ခုနှစ် LIFT၏ အိမ်ထောင်စုစစ်တမ်းမှ အာဟာရနှင့်သက်ဆိုင်သော ကိန်းဂဏန်းများကို ဒုတိယတန်းစားသုံးသပ်ခြင်းဖြင့် ရှာဖွေခဲ့သည်။ ဤစစ်တမ်းမှ ဖော်ထုတ်ချက်မှာ LIFTနယ်မြေအားလုံးတွင်အာဟာရ မပြည့်ဝသည့်နှုန်းမှာ မြင့်နေသော်လည်း နယ်မြေအလိုက် ကွာခြားချက်များ ရှိနေကြောင်းပင် ဖြစ်သည်။ ဥပမာအားဖြင့် တောင်တန်းဒေသတွင် ပုညှက်မှုနှုန်းမှာ အလွန်မြင့်နေသော်လည်း ချည့်နဲ့မှုနှုန်းမှာ နိမ့်ကြောင်း၊ ထို့အတူ ဝမ်းပျက် ဝမ်းလျှောဖြစ်မှုမှာ အခြားနေရာများမှာထက် တောင်တန်းဒေသတွင် ပို၍တွေ့ရကြောင်း၊ ရခိုင်နှင့် မြစ်ဝကျွန်းပေါ်ဒေသတို့တွင် ကလေးငယ်များ၏ အာဟာရမှာ အထူးညံ့ဖျင်းကာ ကလေးတိုင်းလောက်ပင် လိုအပ်သလောက် အစားအစာအမည်စုံ မစားကြရကြောင်းကိုပါ အစီရင်ခံစာတွင် တွေ့ရသည်။

## ပင်မအစားအစာများမှတစ်ဆင့် အဏုအာဟာရများကို ပိုမိုလက်လှမ်းမီစေခြင်း

PATHသည် အားဖြည့်ဆန်ကို မိတ်ဆက်ပေးကာ စီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်နေသည်။ အမျိုးသားအာဟာရသုတေသနဌာန (National Nutrition Centre - NNC) နှင့် ပူးပေါင်းကာ ဤစီမံချက်သည် အားဖြည့်ဆန်ကို စားသုံးသူများက တိုက်ရိုက်ဝယ်ယူရန်သာမက အစိုးရနှင့် NGO တို့က ထောက်ပံ့ထားသော လက်ရှိအစာနှင့် အာဟာရအစီအစဉ်များက ဖြန့်ဖြူးရန်ကိုပါ နှီးဆော်လျက် ရှိသည်။ ဆန်ကို အားဖြည့် ခြင်း(သံ၊ ဇင့်၊ နိုင်ယာစင်၊ ဗီတာမင်ဘီ၆၊ ဗီတာမင်ဘီ၁၊ ဗီတာမင်အေ၊ ဖော်လစ် အက်ဆစ်၊ ဗီတာမင်ဘီ၁၂တို့ကို ပေါင်းစပ်ပေးခြင်း)ကို ဆန်ကြိတ်ခွဲနေစဉ် ဆောင်ရွက်ရပြီး၊ လက်ရှိတွင် ပြည်တွင်းမှ ဆန်များကို ဆန်စက် ၆စက်တွင် ဆောင်ရွက်လျက် ရှိသည်။(အသေးစိတ်ကို နောက်ဆက်တွဲ၆တွင် ကြည့်ပါ)

79 Hoddinott, J et al "Adult consequences of growth failure in early childhood" American Society for Nutrition, 2013

80 အခန်း၃ ရခိုင်ဒေသတွင် အသေးစိတ်တွေ့နိုင်သည်။

**ကောင်းမွန်သောအာဟာရအလေ့အကျင့်များတိုးပွားစေခြင်း။** အခန်း၃တွင် ဖော်ပြထားသော ဒေသအလိုက် ဆောင်ရွက် ချက် များအပြင် အမျိုးသားအဆင့်တွင်လည်း အောက်ပါတို့ကို ၂၀၁၅ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည်_

- LIFTသည် LEARN၊ NNC တို့နှင့်အတူ မိမိတို့ထုတ်လုပ်သော ရက် ၁၀၀၀ဗွီဒီယိုကို ဖွန်လအတွင်းတွင် စတင်ဖြန့်ဖြူးခဲ့သည်။ ယင်းဗွီဒီယိုကို တီဗွီက ထုတ်လွှင့်သည့်အပြင် ဤပွဲအကြောင်းကို ပုံနှိပ်မီဒီယာနှင့် တီဗွီတို့က ဖော်ပြခဲ့သည်။ ဤဗွီဒီယို၏ ရေဒီယိုပုံစံဖြင့် အသံလွှင့်ရုံများက ထုတ်လွှင့်ခဲ့သည်။
- LEARNသည် ပတ္တမြားအက်ဖ်အင်မ်နှင့်အတူ တိုက်ရိုက်ထုတ်လွှင့်မှုများ၊ ရေဒီယို ဇာတ်လမ်းတိုများ အပါအဝင် အာဟာရ အသံလွှင့်အစီအစဉ်များကို ဩဂုတ်လမှ အောက်တိုဘာလအတွင်း ထုတ်လွှင့်ခဲ့သည်။
- မြန်မာနိုင်ငံရှိ မိခင်နို့တိုက်ကျွေးနှုန်းကို မကျဆင်းစေရန်အတွက် ၂၀၁၅ခုနှစ်အတွင်းတွင် UNICEFနှင့် အာဟာရမြှင့်တင်ရေး လုပ်ရှားမှုတို့ အပါအဝင် ပတ်သက်ဆက်နွယ်သူများနှင့် ပူးပေါင်းကာ အစိုးရမှ ထုတ်ပြန်ထားသည့် မိခင်နို့အစားထိုး ပစ္စည်းများ ဈေးကွက်တင်ခြင်းအမိန့်ကို ဖောက်ဖျက်ခြင်းကို စောင့်ကြည့်သည့် စနစ်များကို အင်အားဖြည့်ပေးခဲ့သည်။

# ၅.၆။ လူမှုကာကွယ်စောင့်ရှောက်ရေး

LIFTသည် လူမှုကာကွယ်စောင့်ရှောက်ရေးကို ငွေကြေးထောက်ပံ့ခြင်းကဲ့သို့သော သီးခြားဆောင်ရွက်ချက်များဖြင့် လည်းကောင်း၊ အသက်မွေးမှုစီမံချက်များကဲ့သို့သော အခြားဆောင်ရွက်ချက်များဖြင့် လည်းကောင်း အကောင်အထည်ဖော် ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် အားလုံးပါဝင်စေမှု၊ တန်းတူညီမျှမှုတို့ကို ဖြစ်ထွန်းစေသည်။[81]

*အမျိုးသားလူမှုကာကွယ်ရေး မဟာဗျူဟာစီမံချက်*ကို အစိုးရက ၂၀၁၄ခုနှစ် ဒီဇင်ဘာလတွင် အတည်ပြုခဲ့ရာတွင် လူမှုရေးအထောက်အကူနှင့်သက်ဆိုင်သော အဓိကစီမံကိန်း ၈ခု ကို လူမှုဖူလုံရေး၊ ကယ်ဆယ်ရေး၊ ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနက ဦးစားပေးခဲ့သည်။[82] HelpAgeသည် *အမျိုးသားလူမှုကာကွယ်ရေး မဟာဗျူဟာစီမံချက်*ကို အသက်ဝင်စေရာတွင် ဝန်ကြီးဌာန၏ ဦးဆောင်မှုအခန်းကို အားဖြည့်ပေးခဲ့သည်။ ဝန်ကြီးဌာနက အသက်ကြီးရွယ်အိုများသို့ ငွေထောက်ပံ့ရေးအတွက် စီမံချက်ရေးဆွဲရာတွင် ဤစီမံချက်က ထောက်ပံ့ခဲ့သည်။ လူမှုရေးပင်စင်ကုန်ကျစရိတ်နှင့် ပတ်သက်သော မူဝါဒနှစ်ရပ်ကိုလည်းကောင်း၊ ကုန်ကျစရိတ်ပုံစံကိုလည်းကောင်း ရေးသားပြုစုကာ ဝန်ကြီးဌာနကို မျှဝေပေး ခဲ့သည်။ ကုန်ကျစရိတ်ဇယားတို့ကို ဝန်ကြီးဌာနက အဓိကစီမံကိန်းများတွင် ငွေခွဲဝေမှုလောက်ငစေရန် အသုံးပြုသည်။ ၂၀၁၅ခုနှစ် စောစောပိုင်းတွင် ဝန်ကြီးဌာနသည် အဓိကစီမံကိန်းများကို စတင်ဆောင်ရွက်ရန် ကျပ်ငွေသန်း၅၀၀ကို ရရှိသည်။ ယင်းငွေများကို အသက်၉၀နှင့် အထက်ရှိသူများကို တစ်လုံးတည်း ငွေထောက်ပံ့ခဲ့ရာ လူပေါင်း ၂၃,၈၇၉ဦးတို့ လက်ခံ ရရှိခဲ့ကြသည်။ ရထိုက်သူများဆိုင်ရာ ဒေတာဘေ့စ်ကို ရေးဆွဲပြုစုရန် ဤစီမံချက်က ထောက်ပံ့ခဲ့သည်။

၂၀၁၅ခုနှစ် ရေဘေးသင့်ပြည်သူများကို ငွေထောက်ပံ့ရန်အတွက် လမ်းညွှန်ချက်များ ရေးဆွဲရာတွင်လည်းကောင်း၊သက်ကြီး ရွယ်အို များကို စောင့်ရှောက်ရေးသင်တန်း စာအုပ်စာတမ်းများကိုလည်းကောင်း ဤစီမံချက်က ထောက်ပံ့ခဲ့သည်။ ထို့ပြင် *သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ* ရေးဆွဲရန် နည်းပညာနှင့် ငွေကြေးအထောက်အပံ့ကိုလည်း ဤစီမံချက်က ပေးအပ် ခဲ့သည်။ ယခုအခါ ဤဥပဒေမူကြမ်းကို ဥပဒေရေးရာစိစစ်မှုများပြုလုပ်ပြီး လွှတ်တော်သို့ တင်ပြတော့မည်ဖြစ်သည်။

## ငွေကြေးထောက်ပံ့မှုများ

၂၀၁၅ခုနှစ်တွင် LIFTက ထောက်ပံ့ခဲ့သော လူမှုကာကွယ် စောင့်ရှောက်ရေး စီမံချက်တို့တွင် ရလဒ်ကို ဝေမျှရန်နှင့် သင်ယူရန် အတွက် ငွေကြေးထောက်ပံ့မှုအမျိုးမျိုးကို စမ်းသပ်ခဲ့သော ရှေ့ပြေးအစီအစဉ်များလည်း ပါဝင်သည်။[83]

HelpAgeနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနတို့သည် LIFT၏ ငွေကြေးအထောက်အပံ့ဖြင့် တစ်နှစ်တာငွေထောက်ပံ့မှုကို မြို့နယ်နှစ်ခု တွင် ပြုလုပ်ခဲ့သည်(ကချင်ပြည်နယ် မိုးကောင်းမြို့နယ်နှင့် ရေဝတီတိုင်း ဖျာပုံမြို့နယ်)။ ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများအတွက် ဖြစ်သည်။ ဤစီမံချက်က လက်တွေ့ အတွေ့အကြုံနှင့် သင်ခန်းစာများကို လူမှုဝန်ထမ်းဦးစီးဌာနသို့ ပေးလိုသောကြောင့် ဖြစ်သည်။ ထို့ပြင် ဘဏ်ဝန်ဆောင်မှုများ မရှိသလောက်ဖြစ်သည့်အပြင် အစိုးရ ကလည်း ပုံမှန်ငွေကြေးထောက်ပံ့ဖူးသည့် အတွေ့အကြုံလည်း မရှိသောကျေးရွာများတွင် ငွေကြေးထောက်ပံ့၍ ဖြစ်နိုင် မဖြစ်နိုင်ကို အထောက်အထားအခြေပြုကာ ဖော်ထုတ်ရန်လည်း ရည်ရွယ်သည်။ နောင်တွင် တစ်နိုင်ငံလုံး၌ စီမံချက်ကို အကောင်အထည်ဖော်မည်ဆိုပါက ဤရှေ့ပြေးအတွေ့အကြုံတို့ကို အသုံးပြုနိုင်ပေမည်။

ချဉ်းကပ်နည်း၂နည်းကို အသုံးပြုခဲ့သည်_

- မိုးကောင်းတွင် အသက်၈၀နှင့်အထက်ရှိသူများကို ပံ့ပိုးခြင်းဖြင့် စမ်းသပ်ခဲ့သည်။ HelpAgeက သက်ကြီးရွယ်အို ၇၃၆ဦးကို လစဉ် ကျပ်ငွေ၁၀,၀၀၀စီ ထောက်ပံ့ခဲ့သည်။ လက်ခံရမည့်သူကို ဖော်ထုတ်ခြင်း၊ ငွေပေးခြင်း၊ ကျေးရွာများ သို့ ငွေပေးပို့ခြင်းတို့ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ)က ဆောင်ရွက်သည်။

81 လူမှုကာကွယ်စောင့်ရှောက်ရေးလမ်းညွှန်ချက်မူကြမ်း၊ LIFT ၂၀၁၆။
82 အမျိုးသားလူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက် အထင်ကရစီမံကိန်းများ (၁) ကလေး၂နှစ် သားအထိ မိခင်နှင့်ကလေးတို့ကို ငွေထောက်ပံ့ခြင်း၊ (၂) ကလေးတို့ကို ငွေထောက်ပံ့ခြင်း၊ (၃) မသန်စွမ်း သူတို့ကို ငွေထောက်ပံ့ခြင်း(အသက်၆၅နှစ်အထိ)၊ (၄) ကျောင်းသားအားလုံးကို အစားအစာကျွေးခြင်း၊ (၅) အစိုးရအလုပ်အကိုင်၊ အသက်မွေးမှုပညာရေးနှင့် လေ့ကျင့်ရေး၊ (၆) အသက်၆၅နှစ်နှင့်အထက် ပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်၊ (၇)သက်ကြီးပိုင်းများ၏ ကိုယ်ထူကိုယ်ထအုပ်စုများ၊ (၈) ပေါင်းစည်းထားသော လူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ
83 မိခင်များသို့ ငွေကြေးထောက်ပံ့ခြင်းကို ဤအစီရင်ခံစာ၏ အာဟာရကဏ္ဍတွင် ဖော်ပြထားသည်။

- ဖျာပုံတွင် ကိုယ်ဝန်ဆောင်နှင့် နှစ်နှစ်အောက်ကလေးမိခင်များ၊ အသက် ၇၀နှင့် အထက် ရှိသူများကို ငွေကြေး ထောက်ပံ့ခဲ့သည်။ ကလေးမိခင် ၅၂၀၊ ကိုယ်ဝန်ဆောင် ၁၄၁၊ သက်ကြီးရွယ်အို ၂၉၀ဦးတို့ အကျိုးခံစားခွင့်ရခဲ့ကြသည်။ ကနဦးတွင် ကိုယ်ဝန်ဆောင်မိခင်များသို့ လစဉ်လည်းကောင်း၊ သက်ကြီးရွယ်အိုများသို့ သုံးလတစ်ကြိမ်လည်းကောင်း ငွေထုတ်ပေးခဲ့သည်။ နောက်လကြာ သောအခါ ကိုယ်ဝန်ဆောင်များရော လူကြီးရွယ်အိုများကိုပါ သုံးလတစ်ကြိမ် ငွေထုတ်ပေးရန် အစိုးရဝန်ထမ်းများက အကြံပြုကြသည်။ ငွေထုတ်ပေးခြင်းအကျိုးခံစားခွင့်ရှိသူ စာရင်းအတည် ပြုခြင်း တို့ကို HelpAgeနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းတို့က ဆောင်ရွက်ကြသည်။

Save the Childrenကလည်း မိခင်များသို့ ငွေကြေးထောက်ပံ့ခြင်းကို ရခိုင်ဒေသတွင် ၂၀၁၄ခုနှစ်မှ စတင် ဆောင်ရွက်ခဲ့ သည်။ ကနဦးရလဒ်တို့မှာ အားရဖွယ်ရာဖြစ်သည်။ ယင်းတို့ကို ရေပိုင်းမှ သက်ဆိုင်ရာ အခန်းများတွင် ကြည့်ပါ။

# LIFT၏ ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ ချဉ်းကပ်နည်း

ကြံ့ကြံ့ခံနိုင်မှုကို LIFTက အောက်ပါအတိုင်း_ လူတစ်ဦးချင်းဖြစ်စေ၊ အိမ်ထောင်စုဖြစ်စေ၊ ရပ်ရွာဖြစ်စေ၊ ရာသီဥတုအပြောင်း အလဲ သို့မဟုတ် စီးပွားရေးအကျပ်အတည်း*ကြောင့် ဖြစ်လာရသော ခြောက်ခြားမှုများ၊ ဖိစီးမှုများကို ရင်ဆိုင် နိုင်စွမ်းနှင့် ပြန်လည် နာလန်ထူနိုင်စွမ်း တိုးတက်လာမှုဟု အဓိပ္ပာယ်ဖွင့်ပါသည်။ ဤသို့ ခြောက်ခြားရမှု၊ ဖိစီးမှုတို့နှင့်ကြုံနေ ရသည့် တိုင် လူတို့အား ဆက်လက် ကြီးပွားစည်ပင်နိုင်စွမ်းရှိစေသော အသက်မွေးမှုသည် ကြံ့ကြံ့ခံနိုင်ပေသည်။LIFTနှင့် မိတ်ဖက် အဖွဲ့တို့သည် လူများ ရင်ဆိုင်နေရသောဘေးများကို သုံးသပ်ရန်၊ ယင်းတို့ကို တိုက်ရိုက်ကိုင်တွယ်မည့် ဆောင်ရွက်ချက် တို့ကို ဖန်တီးရန် မျှော်လင့်သည်။ ဥပမာအားဖြင့် သက်တမ်းတို ဆားငန်ဒဏ်ခံစပါးမျိုးတို့ကို မြစ်ဝကျွန်းပေါ် ဒေသ သို့မဟုတ် ရခိုင်ဒေသတွင်လည်းကောင်း ရေငတ်ဒဏ်ခံစပါးမျိုးကို အပူပိုင်းဇုန်တွင်လည်းကောင်း ဖြစ်ထွန်းစေခြင်းတို့ ဖြစ်သည်။

LIFT၏ အပြောင်းအလဲသီအိုရီတွင် ကြံ့ကြံ့ခံမှုသည် အောက်ပါတို့ကြောင့် တိုးတက်လာမည်_

- လုပ်ကွက်ငယ်တောင်သူတို့၏ ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် လယ်ယာအခြေပြု ထုတ်ကုန် တိုးလာခြင်း
- လုပ်ကွက်ငယ်တောင်သူတို့အတွက် ဈေးကွက်လက်လှမ်းမီမှု၊ ဈေးကွက်အခြေအနေပေးမှု တိုးလာခြင်း
- လုပ်ကွက်ငယ်တောင်သူများနှင့် လက်မဲ့မြေမဲ့များ လယ်ယာပြင်ပလုပ်ငန်းများတွင် အလုပ်အကိုင်ရရှိမှု၊ စိတ်ချရမှု တိုးလာခြင်း
- လုပ်ကွက်ငယ်တောင်သူများနှင့် လက်မဲ့မြေမဲ့များ အတိုးနှုန်းသက်သာသော ငွေရေးကြေးရေး ဝန်ဆောင်မှုများသို့ လက်လှမ်းမီမှု တိုးလာခြင်း
- အာဟာရ၊ တစ်ကိုယ်ရည်သန့်ရှင်းမှု၊ ရေနှင့် အညစ်အကြေးဆိုင်ရာ အလေ့အကျင့်များ တိုးတက်လာခြင်း
- လုပ်ကွက်ငယ်တောင်သူများနှင့် လက်မဲ့မြေမဲ့များ သယံဇာတများကို လက်လှမ်းမီရေးနှင့် ရေရှည်သုံးစွဲနိုင်ရေး အာမခံနိုင်မှုရှိခြင်း
- ရိက္ခာဖူလုံရေးနှင့် အသက်မွေးမှုလုံခြုံရေးကို ထောက်ပံ့ရန်၊ ဖြစ်ထွန်းရန်အတွက် ဒေသခံတို့၏ စွမ်းဆောင်ရည် အားပြည့်လာခြင်း

ဝင်ငွေနှင့် အာဟာရကို နောက်ကြောင်းလိုက်ရန်အတွက် LIFTသည် ကြံ့ကြံ့ခိုင်နိုင်မှုအတွက် ထပ်ဆောင်းအညွှန်း များကို ချမှတ်ထားသည်။ ယင်းတို့တွင် (၁)အိမ်ထောင်စုပစ္စည်းပိုင်ဆိုင်မှု ပေးမှတ် (၂) ဝင်ငွေရလမ်းအမျိုးမျိုးရှိမှု ပေးမှတ် (၃) LIFT၏ အထောက်အပံ့ကြောင့် ကြံ့ကြံ့ခံနိုင်မှု တိုးတက်လာသည့် လူဦးရေစုစုပေါင်းတွက်ချက်မှု တို့ဖြစ်သည်။

*စီးပွားရေး အကျပ်အတည်းတွင် ဈေးကွက်အတက်အကျ၊ စီးပွားရေး အသွင်ကူးပြောင်းမှုကြောင့် စီးပွားရေး အခွင့်အလမ်း ပြောင်းလဲမှုတို့ ပါဝင်သည်။ လူ့ဘဝဖိစီးမှုတို့တွင် တဦးချင်း သော်လည်းကောင်း အိမ်ထောင်စုလိုက် သော်လည်းကောင်း အချိန်နှင့်အညီ ရင်ဆိုင်ရသော အိမ်ထောင်ပြုခြင်း၊ အသက်ကြီးရင့်ခြင်း စသည့် အဓိက အပြောင်းအလဲများကြောင့် တွေ့ကြုံရသော စီးပွားရေးအကန့်အသတ် အမျိုးမျိုးကို ထင်ဟပ်နေသည်။

## လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များကို ထူထောင်ခြင်း

မိခင်များသို့ ငွေကြေးထောက်ပံ့ခြင်း အပါအဝင် ကျေးရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေးယန္တရားများကို ရန်ပုံငွေ ထောက်ပံ့သည့် အခြားသော ငွေကြေးထောက်ပံ့မှုနည်းလမ်းတခုကို SPPRG စီမံချက်ဖြင့် စစ်ကိုင်းတိုင်းရှိ ရွာ၄၀တွင် ရှေ့ပြေး ဆောင်ရွက်ခဲ့သည်။ ဤစီမံချက်က အစီရင်ခံစာ၃စောင်ကို တင်ပြသည်။ *လူမှုကာကွယ် စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးမှုလုပ်ငန်း များအတွက် အစဉ်အလာလူမှုရေးအဖွဲ့အစည်းများကို အသုံးပြုခြင်း၊ လူမှုရေး ပေါင်းစည်းညီညွတ်မှု၊ ကြံ့ကြံ့ခိုင်မှု*။[84] ၂၀၁၆ ခုနှစ် ဖွန်လတွင် ဤစီမံချက်သည် ရပ်ရွာအခြေပြု လူမှုကာကွယ် စောင့်ရှောက်ရေးအုပ်စုများကို သင်တန်းပေးပြီး၊ လူမှု ကာကွယ်စောင့်ရှောက်ရေး ပေးသည့် ယန္တရားတခုကို တည်ထောင်မည်။ ဤစီမံချက်သည် မူဝါဒဆိုင်ရာ အသိအမြင် များနှင့် နောင်တွင် အကောင်အထည်ဖော်မည့်ပုံစံ များကို ဖန်တီးနိုင်မည်ဟု မျှော်လင့်ရသည်။

84 LIFT၏ မူဝါဒထိတွေ့ဆောင်ရွက်မှုဇယားကိုလည်း ကြည့်ပါ။ ဤစာတမ်းများကို ယင်းတို့၏ ဝက်ဘ်ဆိုက် www.spprg.orgတွင် ဖတ်နိုင်သည်။

### ငွေချေးသူများအတွက် လူမှုဖူလုံရေး/သက်သာချောင်ချိရေး ရန်ပုံငွေများ

LIFT၏ အသေးစားငွေရေးကြေးရေး မိတ်ဖက်၄၁ဦးတွင် ၁၄ဦးသည် ဝန်ဆောင်မှု အသုံးပြုသူများအတွက် ငွေချေးသူ သက်သာချောင်ချိရေး ရန်ပုံငွေတို့ကို ထူထောင်ထားသည်။ ငွေချေးသူများအနေဖြင့် သေဆုံးသည့်အခါ၊ သဘာဝဘေးတို့နှင့် ကြုံတွေ့ပါက ရရှိမည် ဖြစ်သည်။ ၂၀၁၅ခုနှစ်အတွင်း အမျိုးသမီး ၄၀,၀၀၀ခန့်သည် ကန်ဒေါ်လာ၁.၆သန်းကို ထောက်ပံ့ခြင်း ရရှိခဲ့ရသည်။ အသေးစိတ်ကို ဤအစီရင်ခံစာ၏ အခန်း၄.၁တွင် ကြည့်ပါ။

# ၅.၇။ ရာသီဥတု အပြောင်းအလဲကို ကြံ့ကြံ့ခံနိုင်မှု

ကမ္ဘာပေါ်တွင် ရာသီဥတုအပြောင်းအလဲဘေးကို ခံရဖွယ်အရှိဆုံး ၁၀နိုင်ငံတွင် မြန်မာနိုင်ငံလည်း ပါဝင်သည်။[85] မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာန၏ အဆိုအရ မြန်မာ့ရာသီဥတုသည် ပြောင်းလဲနေသည်။ ပြီးခဲ့သော နှစ်၆၀ အတွင်း သိသာထင်ရှားသော အလားအလာများကို တွေ့ခဲ့ရသည်။ ယင်းတို့တွင် ပျမ်းမျှအပူချိန် မြင့်တက်လာခြင်း၊ ယေဘုယျအားဖြင့် မိုးများခဲ့သော်လည်း အချို့ဒေသများတွင် မိုးနည်းမည့် အလားအလာများရှိခြင်း၊ အနောက်တောင်မုတ်သုံလေ အဝင်နောက်ကျပြီး အထွက်စောခြင်းတို့ ပါဝင်သည်။ အစွန်းရောက်သည့် ရာသီဥတုဖြစ်ရပ်များ တိုးပွားလာပြီး ပင်လယ်ရေလည်း မြင့်တက်လာသည်။ [86]၂၀၁၅ခုနှစ် ဇူလိုင်နှင့် သြဂုတ်လများအတွင်း ကြုံခဲ့ရသော ရေကြီးမှု မြေပြိုမှုတို့က မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် အစွန်းရောက်သော ရာသီဥတုတို့၏ ဒဏ်ကို အဘယ်မျှမခံနိုင်ကြောင်းကို ပြသနေသည်။ စိုက်ဧက၁.၄သန်း (၅၂၇,၀၀၀ ဟက်တာ)တို့ ရေလွှမ်းခံရသည်။သီးနှံဧက ၈၄၁၀၀၀ (၃၄၁,၀၀၀ ဟက်တာ) ပျက်စီးခဲ့သည်။ မွေးမြူရေး တိရစ္ဆာန်ကောင်ရေ ၂၄၂၀၀၀ခန့် သေကြေခဲ့သည်။ [87] မြန်မာနိုင်ငံရှိ မုန်တိုင်းဒီရေတက်လာမည့်နေရာများတွင် နေထိုင်သည့်လူဦးရေမှာ ၂၀၅၀ ပြည့်နှစ်တွင် ၂.၈သန်းမှ ၄.၆သန်းအထိ တိုးတက်လာဖွယ်ရှိသည်။

လူနှင့် ရပ်ရွာတို့ ကြံ့ကြံ့ခံနိုင်မှုကို တည်ဆောက်ရန်မှာ LIFT၏ မဟာဗျူဟာထဲတွင် အခိုင်အမာပါဝင်သည်။ ရာသီဥတု အပြောင်းအလဲကို ကြံ့ကြံ့ခံနိုင်မှုမှာ ယင်းတွင် အဓိကပါဝင်သည်။ LIFTသည် မြန်မာနိုင်ငံအစိုးရ၏ *၂၀၁၂ခုနှစ် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုအတွက် ပြင်ဆင်ရေးလုပ်ငန်းအစီအစဉ်*နှင့် အညီ ဆက်လက် ဆောင်ရွက်မည်ဖြစ်ပြီး ယင်း၏ စိုက်ပျိုးရေး၊ သစ်တော၊ ရေလုပ်ငန်း စီမံကိန်းများကိုလည်း ရာသီဥတုနှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးမူဝါဒများနှင့်အညီ ဆောင်ရွက်မည်။

---

85 ဂျာမန်ကမ္ဘာလုံးရာသီဥတုဘေးအန္တရာယ်အညွှန်း ၂၀၁၅ အရ၊ ဟွန်ဒူရပ်စ်၊ မြန်မာနှင့် ဟေတီတို့သည် ၁၉၉၄ခုနှစ်နှင့် ၂၀၁၃ခုနှစ်ကြားတွင် ပြင်းထန်သော ရာသီဥတုဘေးကြောင့် အဆိုးရွားဆုံးထိခိုက်ခဲ့သည်ဟု ဆိုသည်။

86 ကမ္ဘာလုံးရာသီဥတုပြောင်းလဲမှုမဟာမိတ်(Global Climate Change Alliance - GCCA)

87 ဤအစီရင်ခံစာ၏ စာ၂၃တွင် ကြည့်ပါ။



*ဇယား ၅.၂။ ရာသီဥတုအပြောင်းအလဲကို ကြံ့ကြံ့ခံနိုင်မှုနှင့် လိုက်လျောညီထွေမှုဆိုင်ရာ LIFT၏ အထောက်အပံ့ ဥပမာများ*

| ရာသီဥတုအပြောင်းအလဲနှင့် လိုက်လျောညီထွေမှု ဆောင်ရွက်ချက်များ | ၂၀၁၅ခုနှစ် LIFTအထောက်အပံ့ခံ ဥပမာများ |
|---|---|
| ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံသော စိုက်ပျိုးရေး စနစ်မျိုး ထူထောင်ရန် တောင်သူများကို ထောက်ပံ့ခြင်း | ကြံ့ကြံ့ခံနိုင်သော မျိုးများ ထုတ်လုပ်ခြင်း။ ရာသီဥတုအပြောင်းအလဲကြောင့် ဖြစ်လာမည့် ရေမြေအခြေအနေနှင့် လိုက်လျောညီထွေရှိသော စပါးမျိုးများကို စမ်းသပ်စိုက်ပျိုးရန် LIFTက ဆက်လက်ထောက်ပံ့သည်။ IRRIသည် လယ်ယာ နှင့် ဆည်မြောင်းဝန်ကြီး ဌာနနှင့်ပူးပေါင်းကာ ဒဏ်ခံအထွက်တိုးပြီး ဒေသခံတောင်သူတို့အကြိုက် အရည်အသွေးရှိသော စပါးမျိုးသစ်များကို မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်၊ ရခိုင်ဒေသ တို့တွင် စမ်းသပ်စိုက်ပျိုးရန် ဦးတည်သည်။*၂၀၁၆ခုနှစ်အတွက် ပဲမျိုးစုံမျိုးစေ့ ထုတ်လုပ်ရန်အတွက် အစိုးရနှင့်အတူ အလုပ်လုပ်ရန် ရန်ပုံငွေများကို ဖယ်ထားသည်။ ပုဂ္ဂလိကကဏ္ဍသည် မျိုးစေ့များကို ပွားများကာ ဈေးကွက်တင်မည်ဖြစ်သည်။ အပူပိုင်းဇုန်ရှိ ရာသီဥတုအပြောင်းအလဲနှင့် သင့်လျော်မည့် အဆင့်မြင့်မျိုးစေ့များကို ထုတ်လုပ်ရန် ရည်ရွယ်သည်။ *ဤအစီရင်ခံစာ၏ စာ ၅၉ တွင်ကြည့်ပါ |
| | **သီးနှံအမျိုးအစားများပြားခြင်း။** LEADနှင့် ရတနာရောတို့သည် မြစ်ဝကျွန်းပေါ် ဆားငန်ရေ တိုးဝင်သော နေရာများတွင် နွေစပါးအမျိုးမျိုးကို စမ်းသပ်စိုက်ပျိုးရာတွင် ဦးဆောင်ခဲ့ရာ အောင်မြင်မှုမှာ အမျိုးမျိုးရှိသည်။ |
| | **ရိတ်သိမ်းချိန်လွန်လုပ်ငန်းစဉ်များ။** GRET၊ WHH၊ IRRIတို့သည် မြစ်ဝကျွန်းပေါ် ဒေသတွင် ရိတ်သိမ်းချိန်လွန် အလေအလွင့်ကို လျှော့ချရန် ဆောင်ရွက်ခဲ့ကြသည်။ ယင်း အလေအလွင့်သည် ခန့်မှန်းရခက်သောရာသီဥတုနှင့် ဆက်စပ်နေသည်။ အခြောက်လှန်းသောကိရိယာများ ရာသီဥတုဒဏ်ခံနိုင်သော သိုလှောင်မှုများကို ယင်းတို့က မိတ်ဆက်ပေးခဲ့သည်။ သို့ဖြင့် စပါးဈေးအနည်းဆုံးဖြစ်သော စပါးထွက်ချိန်တွင် မရောင်းဘဲ သိုလှောင်ထားနိုင်မည် ဖြစ်သည်။ |
| | **ရာသီဥတုကို အလေးမူသော အကြံပေးဝန်ဆောင်မှုများ။** Proximity Designsက သုတေသနလုပ်၍ရသော ရလဒ်ဖြင့် မြစ်ဝကျွန်းပေါ်ဒေသ ဆားငန်ရေဝင်သော နေရာများတွင် နွေစပါးစိုက်ပျိုးနိုင်ခဲ့သည်။ သက်တမ်းတို ဒဏ်ခံစပါးမျိုးကိုသုံးကာ ရေတွင် ဆားငန်ဓာတ်အနည်းဆုံးဖြစ်သောအချိန်တွင် ရေတင်ကာ စိုက်ပျိုးခဲ့သည်။* Global GAP (good agricultural practices) လက်မှတ်ကို လုပ်ကွက်ငယ်တောင်သူများသို့ ရတနာရော၊ ဟိုင်းနကန်၊ ပရိုင်း၊ Mercy Corps တို့မှတစ်ဆင့် ထုတ်ပေးနေသည်။ ထို့ပြင် UNESCOသည် တောင်သူတို့ကို အချိန်နှင့် တပြေးညီ သတင်းစကားများ၊ ရာသီဥတုသတင်း၊ အကြံဉာဏ်များကိုပေးရန် မိုဘိုင်းလ်အပလီကေးရှင်းတခုကို ရေးသားနေသည်။<br><br>*၂၀၁၄ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ စာမျက်နှာ၃၀ တွင် ကြည့်ပါ |
| သယံဇာတစီမံခန့်ခွဲမှု | **ရေစီမံခန့်ခွဲမှု**<br><br>၁။ စက်တင်ဘာလတွင် LIFTသည် ရေသယံဇာတနှင့် သုံးစွဲရေးဦးစီးဌာနနှင့် ကန်ဒေါ်လာ၅သန်းတန် စာချုပ်ချုပ်ဆိုကာ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ပျော့ရွာ မြစ်ရေတင်စီမံကိန်း ပြင်ဆင်မွမ်းမံခဲ့သည်။ ဤစီမံချက်သည် တောင်သူ ၁,၀၀၀တို့ကို မိုးရေကိုသာ လုံးဝမှီခိုနေသောဘဝမှ လွတ်မြောက်စေမည်။ ဤစီမံချက်သည် ရေတင်စီမံကိန်း၏ အလားအလာကို တိုးတက်စေမည့် လုပ်ထုံးလုပ်နည်းများကို ဖော်ထုတ်ကာ လက်တွေ့ဆောင်ရွက်ပြမည့် ရေ့ပြေးအစီအစဉ်လည်း ပါဝင်မည်။<br><br>၂။ ချင်းပြည်နယ်ရှိ ရပ်ရွာများသည် တစ်နှစ်လျှင် ၆လထိကြာအောင် ရေပြတ်ခြင်းကို တွေ့ကြုံနေရသည်။ GRET/CORADသည် တောင်ပေါ်ဒေသ ရွာ၁၀၀ကို လေ့ခါးထစ် လယ်ယာများအတွက် စိတ်ချရသော ရေသွယ်ယူနိုင်အောင် ကူညီပေးကာ ထောက်ပံ့ပေးခဲ့သည်။<br><br>၃။ ရခိုင်ဒေသတွင် တက်လမ်းစီမံကိန်းသည် လယ်မြေများကို ရေငန်တိုးဝင်မှုနှင့် မုန်တိုင်းဒီရေတို့မှ ကာကွယ်ပေးခဲ့သည်။ ၂၀၁၅ခုနှစ်နှစ်ကုန်တွင် ရေတံခါး၃၁ခု၊ မြေအောက်မြောင်း၂၇ခု တို့ပါဝင်သော တောင့်တင်းသည့်ရေကာတာ ၁၄၈ကီလိုမီတာကို တည်ဆောက်ကာ စပါးစိုက်လယ်မြေ ၂၂,၂၉၇ဧကကို ကာကွယ်ပေးခဲ့သည်။<br><br>၄။ Terre des Hommes အဖွဲ့သည် ရေကိုထိရောက်စွာ သုံးစွဲသောနည်းပညာများ ဖြစ်သော ရေအစက်ချ စိုက်ပျိုးနည်းနှင့် မြေမဲ့စိုက်ပျိုးနည်းတို့ကို အပူပိုင်းဇုန်တွင် မိတ်ဆက်ပေးခဲ့သည်။ Proximity Designsအဖွဲ့ကလည်း ရေဖူလုံစေရန် ကျေးရွာ ရေကန်များကို ပြန်လည်တည်ဆောက်ပေးခဲ့သည်။<br><br>၅။ ၂၀၁၆ခုနှစ်တွင် LIFTသည် အပူပိုင်းဇုန်မြို့နယ် ၂ခုတို့တွင် မြေအောက်ရေ အရင်းအမြစ်တို့ကို မြေပုံရေးဆွဲရန် လေ့လာစေပြီး ပြီးပြည့်စုံသော ရေစီမံခန့်ခွဲမှုစီမံချက်ကို ပြုစုမည်။ |

| | |
|---|---|
| | **သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း***။ ကမ္ဘာ့သီးနှံသစ်တောဌာနနှင့် ပြည်တွင်းမိတ်ဖက် အရာရှိ ဦးတို့ကို ရန်ပုံငွေထောက်ပံ့ကာ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် စီမံချက် တစ်ခုကို အကောင်အထည်ဖော်ခဲ့သည်။ ယင်းပြည်နယ်နှစ်ခုလုံးသည် သစ်တော ပြုန်းတီးမှုကြောင့် မြေဆီလွှာအဆင့်အတန်းနိမ့်ကျလာနိုင်သည်။ ချင်းပြည်နယ်တွင် ရေကြီးခြင်းကြောင့် စီမံကိန်းစတင်ရန် ခက်ခဲခဲ့ရသည်။ သို့သော် ယခုအခါ သစ်ပင်များကို စိုက်ထားပြီး ၂၀၁၆ခုနှစ် မိုးရာသီတွင် သီးနှံစတင်စိုက်ပျိုးမည်။<br><br>*သီးနှံသစ်တောရောနှောစိုက်ပျိုးရာတွင် လယ်ယာအတွင်းနှင့် ပတ်ဝန်းကျင်တွင် သီးနှံနှင့် မွေးမြူရေး တိရစ္ဆာန်တို့ကို အကျိုးဖြစ်စေမည့် သစ်ပင်များကို သီးသန့် စိုက်ပျိုးခြင်း ဖြစ်သည်။ မြေပြိုကျပျက်စီးမှုနှင့် ဓာတ်မြေသြဇာ အသုံးပြုရမှုတို့ကို လျော့ကျစေသည်။ |
| | **ဘုံသစ်တော။** MERNနှင့် CAREတို့ ယခင်က ဆောင်ရွက်ပြီးသော၊ ဆောင်ရွက်မည် ဖြစ်သော ဘုံသစ်တောအဖြစ် မှတ်ပုံတင်မည်ဖြစ်သည့် စီမံချက်တို့သည် ပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးကို အလေးထားခဲ့သည်။ |
| လယ်ယာပြင်ပ စီးပွားရေးလုပ်ငန်းငယ် များဖြင့် အိမ်ထောင်စု ဝင်ငွေရလမ်း များပြားစေခြင်း | **လယ်ယာပြင်ပ စီးပွားရေးလုပ်ငန်းငယ်များကို ငွေကြေးထောက်ပံ့ခြင်း။** LIFT၏ ငွေကြေး ဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်းသည် နိုင်ငံတစ်ဝန်းလုံးတွင် တာဝန်ယူမှုရှိသော ချေးငွေများကို ထုတ်ချေးကာ လယ်ယာနှင့် လယ်ယာမှအပ စီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ခဲ့သည်။ ရည်ရွယ်ချက်မှာ ဝင်ငွေရလမ်းများကို များပြားလာစေပြီး အိမ်ထောင် စုများသည်လည်း ချောက်ချားမှုများ၊ အခက်အခဲများကို ရင်ဆိုင်နိုင်စွမ်း တိုးတက်လာ မည်။ LIFT၏ မိတ်ဖက်အဖွဲ့များသည် ၂၀၁၅ခုနှစ်တွင် ဝန်ဆောင်မှု သုံးသူ တစ်သန်းခန့်ကို ငွေကြေး ဝန်ဆောင်ပေးခဲ့သည်။ |
| | **လယ်ယာပြင်ပ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်း။** စီမံကိန်းနယ်မြေတိုင်းတွင် လယ်ယာပြင်ပ အသက်မွေးမှုများဖြင့် ဝင်ငွေရလမ်းအမျိုးမျိုးဖြစ်စေရန် ဦးတည်ရပ်ရွာများ ကို LIFTက ထောက်ပံ့ခဲ့သည်။ လယ်ယာပြင်ပ အသက်မွေးမှုအများအပြားမှာ သဘာဝဘေးကြောင့် ထိခိုက်မှုနည်းပြီး ခက်ခဲသော အချိန်များတွင်လည်း အသက်မွေးမှု အထောက်အပံ့ကို ဆက်ပေးနေဆဲ ဖြစ်သည်။ |
| | **အသေးစားစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးရေး။** ဘားအံရှိ အစိုးရ၏ နည်းပညာနှင့်သက်မွေးမှု ပညာသင်ကျောင်းကို ထောက်ပံ့နေသည့် ADRA၏ စီမံချက် သည် သင်တန်းဆင်း၆၂ရာခိုင်နှုန်းကို အပ်ချုပ်စက်ပြင်၊ ကွန်ပျူတာ စသော ကိုယ်ပိုင်လုပ်ငန်းများကို ထူထောင်နိုင်စေခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် CESVIကဆောင်ရွက်နေသော ဝင်ငွေရလုပ်ငန်းများ တွင်လည်း ဝမ်းစာမလုံလောက် သော လယ်ယာလုပ်ငန်းမှ 'ထွက်ခွာ'စေနိုင်ခဲ့သည်။ နိုင်ငံတစ်ဝန်းတွင် လုပ်ကိုင်နေသော ဆစ်ဒနီတက္ကသိုလ်/ EDNAစီမံချက်သည် အသေးစားစီးပွားရေးလုပ်ငန်းများကို အနီးကပ် လမ်းညွှန်ပေးနေသည်။ |
| | **ရွှေ့ပြောင်းသွားလာရေး။** LIFTသည် စိတ်ချရသော ရွှေ့ပြောင်းသွားလာမှုကို ဖိစီးမှုကို တုံ့ပြန်မှုအနေဖြင့်သော်လည်းကောင်း၊ အခွင့်အလမ်းအနေဖြင့်လည်းကောင်း ထောက်ပံ့ သည်။၂၀၁၅ခုနှစ်တွင် ကန်ဒေါ်လာ၁၈သန်းတန်ဖိုးရှိသော ရွှေ့ပြောင်းသွားလာရေး စီမံကိန်းကို စတင်ခဲ့သည်။ အခန်း၄.၄တွင် အသေးစိတ်ကို ကြည့်နိုင်သည်။ |
| ခံနိုင်ရည်မရှိမှုကို လျော့ပါးစေသည့် ရပ်ရွာလူထု ချဉ်းကပ်နည်း | **ကျေးရွာလုပ်ငန်းစီမံချက်၊ ဘေးအန္တရာယ်အသင့်ဖြစ်မှုနှင့် စီမံခန့်ခွဲမှု**<br><br>၁။ မြစ်ဝကျွန်းပေါ်ဒေသတွင် World Visionသည် ရပ်ရွာအဆင့်ရှိ ဘေးအန္တရာယ် စီမံ ခန့်ခွဲရေးကော်မတီများနှင့် ဘေးအန္တရာယ် အသင့်ဖြစ်ရေးစီမံချက်များ ရေးဆွဲရေးကို အားဖြည့်ပေးသည်။ ယင်းစီမံချက်တို့ကို မြို့နယ်ရာသီဥတု အပြောင်းအလဲကိုင်တွယ်ရေး စီမံချက်တွင် ထည့်သွင်းပေးသည်။ ဤစီမံချက်သည် ရပ်ရွာနှင့် ဌာနဆိုင်ရာတို့ ရာသီဥတု အန္တရာယ်ကို နားလည်လာစေရန်၊ အလျင်အမြန်တုံ့ပြန်တတ်ရန်၊ ရာသီဥတုပြင်းထန် လာပါက ကြံ့ကြံ့ခံနိုင်ရေး အလေ့အကျင့်များကို တိုးချဲ့ရန် ပွားများရန်ဆောင်ရွက်မည်။<br><br>၂။ ထို့အတူ Mercy Corpsသည်လည်း ကြံ့ကြံ့ခံနိုင်မှုမဟာဗျူဟာမြောက် အကဲဖြတ်ချက် (Strategic Resilience Assessment - STRESS)တစ်ခုကို ၂၀၁၄ခုနှစ်က အပူပိုင်းဒေသတွင် ဆောင်ရွက်ခဲ့သော (STRESS) နည်းလမ်းများကိုသုံးစွဲကာ မြစ်ဝကျွန်းပေါ်ဒေသ အတွက် ဆောင်ရွက်နေသည်။ ဤလုပ်ငန်းစဉ်ကိုသုံးကာ ကြံ့ကြံ့ခံနိုင်မှုကို တည်ဆောက်ရန် မဟာဗျူဟာတစ်ခုကို ပြုစုရန် (သို့မဟုတ်မွမ်းမံရန်)နှင့် ကြံ့ကြံ့ခံနိုင်မှုကို တိုင်းတာရန် ဖြစ်သည်။ |

# ၅.၈။ ကျားမရေးရာ

၂၀၁၅ခုနှစ်တွင် LIFTသည် ယင်း၏ ကျားမရေးရာမဟာဗျူဟာကို ပြန်လည်ရေးဆွဲရန် ခြေလှမ်းစခဲ့သည်။ ၂၀၁၆ခုနှစ် နှစ်ဆန်းတွင် ပြန်လည်သုံးသပ်ရန် စီစဉ်ထားသည်။ မြန်မာနိုင်ငံရှိ အမျိုးသမီးများ၊ လူငယ်များ၏အခြေအနေကို လည်းကောင်း၊ ကျားမရေးရာကို အခြေခံသည့် ပြတ်သားသည့်ရည်မှန်းချက်များ၊ ရလဒ်များနှင့် ကျားမရေးရာ၏ သက်ရောက်မှုများကို နောက်ကြောင်းပြန်လိုက်ခြင်းကို လည်းကောင်း ပိုမိုကောင်းမွန်စေမည့် လက်တွေ့ကျသော၊ စီမံကိန်းကို ဦးတည်သော ခြေလှမ်းများကို မဟာဗျူဟာအသစ်ဖြင့် ရှာဖွေမည်။

ဤနှစ်တွင် ထူးခြားသော မူဝါဒဆိုင်ရာအောင်မြင်မှုကို LIFT၏ မိတ်ဖက်အဖွဲ့ ကျားမတန်းတူညီမျှရေးကွန်ရက် (GEN)က ရရှိခဲ့သည်။ ယင်းသည် အခြားအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ အမျိုးသားမြေအသုံးချမှုမူဝါဒ ရေးဆွဲသူ များထံသို့ ကျားမရေးရာကို သတိပြုကာ မူဝါဒရေးဆွဲရန် စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။ GEN၏ စစ်တမ်းဖြစ်သော *ဆိတ်ဆိတ်နေခြင်း၏နောက်ကွယ်တွင် - အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းနှင့် အမျိုးသမီးများ၏ ခံနိုင်ရည်စွမ်း* သည် အမျိုးသမီးများအား အကြမ်းဖက်ခြင်းမှ ကာကွယ်သည့် ဥပဒေရေးဆွဲရာတွင် အဖိုးတန် အထောက်အထားများကို ပေးသည်။(၂၀၁၆ခုနှစ်တွင် အတည်ပြုရန်)[88]

မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် အခက်အခဲများကို ရင်ဆိုင်နေရဆဲပင်ဖြစ်သည်။ လေ့လာခဲ့သောနေရာတိုင်းတွင်ပင် ၂၀၀၈ခုနှစ် အခြေခံဥပဒေတွင် တူညီသော အလုပ်အကိုင်အတွက် တူညီသော လစာနှင့်အခွင့်အရေးကို အာမခံထားသော်လည်း အမျိုးသားနှင့် အမျိုးသမီးတို့ လုပ်အားခမတူညီကြောင်း ကို GEN၏ အစီရင်ခံစာဖြစ်သော *ရှုံးမထွက်သာအစဉ်အလာ*တွင် မှတ်တမ်းတင်ထားသည်။ အထူးသဖြင့် အိမ်ထောင်မရှိသူနှင့် မုဆိုးမများ ငွေချေးလိုပါက အဟန့်အတားများ ရှိနေသေးသည်။ အချို့ရပ်ရွာဓလေ့အရ အမျိုးသမီးများ အမွေဆက်ခံခွင့် မရှိခြင်းသည် အမျိုးသမီးများ၏ အသက်မွေးမှုအခွင့်အလမ်းများအတွက် ပြဿနာကြီးပင်ဖြစ်သည်။

LIFTသည် အမျိုးသမီးများ ချေးငွေကို လက်လှမ်းမီစေရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ LIFT၏ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဖောက်သည်များ၏ ၉၉ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ကြသည်။ စိုက်ပျိုးရေးတွင် လုပ်အားခများမှာ မတူညီဘဲ ရှိနေသေးသည်။ ဒေသအချို့တွင် သဘောမတူကြောင်း သိရှိရသော်လည်း LIFTသည် အလုပ်နှင့်ငွေဖလှယ်ရာတွင် ကျားမတူညီစွာ ပေးချေစေရန် လိုလားသည်။ ချင်းပြည်နယ်တွင် ရေကြီး၊တောင်ပြိုပြီးနောက် အခြားဖွံ့ဖြိုးရေးမိတ်ဖက်များနှင့်အတူ အလုပ်လုပ်ကိုင်နေသော LIFTက မိသားစုများ မိမိခြေထောက်ပေါ်မိမိ ပြန်ရပ်တည်နိုင်စေရန် လူတစ်ယောက်၏ တစ်နေ့လုပ်အားခကို ကျပ်၅၀၀၀နှုန်း ပေးအပ်ရန် ဆုံးဖြတ်ခဲ့သည်။ တက်လမ်းစီမံကိန်းတွင် အလုပ်နှင့်ငွေဖလှယ်ရာ၌ အမျိုးသမီးရော အမျိုးသားပါ ကျပ်၃၀၀၀နှုန်း ပေးချေခဲ့သည်။

LIFT၏ ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ လုပ်ငန်းသစ်သည်လည်း ရွှေ့ပြောင်းသွားလာသူဖြစ်စေ၊ ကျန်ရစ်သူဖြစ်စေ အမျိုးသမီးများကို အထောက်အကူပြုရန် ဒီဇိုင်းထုတ်ထားသည်။ မိသားစုဆိုင်ရာ အကန့်အသတ်များက အမျိုးသမီးများ ရွှေ့ပြောင်းသွားလာရေးကို ချုပ်ကိုင်ထားသည်။ အိမ်ထောင်စုမှ အမျိုးသားများ ရွှေ့ပြောင်းသွားလာမှုကြောင့် ကျန်ခဲ့သည့် အမျိုးသမီးများက ဝန်ထုပ်ဝန်ပိုးကို ပိုခံကြရသည်။ LIFT၏အာဟာရဆိုင်ရာလုပ်ငန်းသစ်သည်လည်းအမျိုးသမီးများအတွက်အထူးဒီဇိုင်းထုတ်ထားသည်။အကြောင်းမှာ အမျိုးသမီးတို့သည် ရိက္ခာမလုံလောက်လျှင် မိသားစုကို ဦးစားပေးကျွေးမွေးကာ သူတို့ကိုယ်သူတို့ အနစ်နာခံလေ့ရှိသောကြောင့် ဖြစ်သည်။ အာဟာရပြည့်ဝသောအစာများအတွက် သုံးစွဲရန် ကိုယ်ဝန်ဆောင် သို့မဟုတ် အသက်၂နှစ် အောက်ကလေးရှိသူ မိခင်များသို့ LIFTက ငွေကြေးထောက်ပံ့မည်။

*ဇယား ၅.၃။ ၂၀၁၅ခုနှစ် ကျားမရေးရာနှင့်သက်ဆိုင်သည့် ကောက်နှုတ်ချက်များ*

| သက်ရောက်သော နယ်ပယ် | ၂၀၁၅ခုနှစ် LIFT၏ လုပ်ဆောင်ချက် |
|---|---|
| သုတေသနနှင့် အကြံဉာဏ်ပေးအပ်ခြင်း | LIFT၏ မိတ်ဖက်အဖွဲ့ GENသည် ၂၀၁၅ခုနှစ်တွင် အဓိကကျသော သုတေသန အစီရင်ခံစာ ၂စောင်ကို ထုတ်ဝေခဲ့သည်- *ဆိတ်ဆိတ်နေခြင်း၏နောက်ကွယ်တွင် - အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းနှင့် အမျိုးသမီးများ၏ ခံနိုင်ရည်စွမ်း၊ ရှုံးမထွက်သာ အစဉ်အလာ မြန်မာ့ယဉ်ကျေးမှုစံများ၊ လူမှုရေး အလေ့အကျင့်များ၊ ကျားမတန်းတူညီမှုများ။* ဤအစီရင်ခံစာတို့ကို အစိုးရအရာရှိများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများသို့ မျှဝေပေးခဲ့သည်။ ထို့အပြင် ပညာပေးစာစောင်၆ခု*ကိုလည်း အင်္ဂလိပ်၂ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ GENသည် ဤစာတမ်း များကို အသုံးပြု၍ ကျားမတန်းတူညီမျှမှုကို ဟန့်တားနေသော မြန်မာနိုင်ငံ၏ ဥပဒေများနှင့် မူဝါဒများ ကို ပြောင်းလဲရန် ဆွေးနွေးလှုံ့ဆော်နေသည်။<br><br>GENသည် အရပ်ဘက်လူမှုအဖွဲ့အစည်း မိတ်ဖက်အဖွဲ့များနှင့်အတူ အမျိုးဘာသာ စောင့်ရှောက်ရေး ဥပဒေမူကြမ်း၄စောင်ကို အတည်မပြုရန် ဆွေးနွေးလှုံ့ဆော်ခဲ့သည်။ ယင်း ဥပဒေကြမ်းများတွင် ကိုးကွယ်ရာဘာသာပြောင်းလဲခြင်းနှင့် ဘာသာမတူသူများ ထိမ်းမြား လက်ထပ်ခြင်းတို့ကို ကန့်သတ်ထားသည်။ အခြားCSOကြီးများ၊ ဘာသာပေါင်းစုံအုပ်စု ကိုယ်စားလှယ်များနှင့်အတူ GENသည် လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံကာ မိမိတို့၏ အမြင်များကို တင်ပြခဲ့သည်။** |
| | GENသည် လူမှုဝန်ထမ်းဦးစီးဌာနနှင့်အတူ ဌာနဆိုင်ရာ အရာရှိများ၊ တပ်မတော်မှ ကိုယ်စားလှယ်များ၊ CSOများသို့ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး ဥပဒေကို ရှင်းပြခဲ့သည်။ ဤဥပဒေ၏ မူကြမ်းမှာ အသင့်ဖြစ်နေသော်လည်း အတည်မပြုရသေးပေ။ ဤဥပဒေသည် အမျိုးသမီးများကို အကြမ်းဖက်ခြင်းမှ ကာကွယ်မည့် ပထမဆုံး ဥပဒေဖြစ်လာမည်။<br><br>*ကျားမရေးရာနှင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ မီဒီယာ၊ အားကစား၊မူဝါဒ<br><br>**ဥပဒေကြမ်း၄ခုအနက် ၂ခုမှာ ၂၀၁၅ခုနှစ်မေလနှင့် စက်တင်ဘာလတို့တွင် ဥပဒေအဖြစ် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ ၃နှစ် သားဆက်ခြားရန်နှင့် ဗုဒ္ဓဘာသာအမျိုးသမီးများ၊ ဗုဒ္ဓဘာသာဝင်မဟုတ်သူနှင့် လက်ထပ်ခြင်းကို တားမြစ်သည့် ဥပဒေတို့ ဖြစ်သည်။ |

88 နောက်ဆက်တွဲ၅ပါ LIFT၏ မူဝါဒဆိုင်ရာ ထိတွေ့ဆောင်ရွက်မှုဇယားကိုလည်း ကြည့်ပါ။

| | |
|---|---|
| မြေယာ | မြန်မာနိုင်ငံတွင် အမျိုးသမီးများ မြေယာပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ရှင်းလင်းခြင်း၊ စိတ်ချရခြင်း မရှိခဲ့ပေ။ အမျိုးသမီးအများစုသည် မြေယာကို မှတ်ပုံတင်ရမှန်းပင် မသိကြပေ။ အချို့နေရာများတွင် ယဉ်ကျေးမှုစံများအရ မြေပိုင်ခွင့်မရှိပေ။ GENသည် အမျိုးသားမြေအသုံးချမှု စိစစ်ရေး ကော်မတီက ဦးစီးကျင်းပသော လူထုအတိုင်ပင်ခံ အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်ကာ အမျိုးသားမြေအသုံးချမှုမူဝါဒတွင် ကျားမတန်းတူညီမျှမှု ပါဝင်စေရေးအစီရင်ခံစာကို တင်သွင်းခဲ့သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း GENသည် LIFT၏ လုပ်ဖော်ကိုင်ဖက် မြေယာမဏ္ဍိုင်အုပ်စုအပါအဝင် အခြားအဖွဲ့အစည်းများနှင့်အတူ မူဝါဒတွင် အမျိုးသမီးများအမြင် ပါဝင်စေရေးအတွက် စည်းရုံးဆောင်ရွက်ခဲ့ရာ အောင်မြင်မှုရခဲ့သည်။ ဤမူဝါဒကို အစိုးရကအတည်ပြုပြီးဖြစ်သည်။ မြေယာမဏ္ဍိုင်အုပ်စုသည် ကျားမရေးရာနှင့် မြေယာနှင့်ပတ်သက်၍ ထပ်မံသုတေသနပြုလုပ်ရန် စီမံနေသည်။ |
| အာဟာရ | LIFTအထောက်အပံ့ခံ LEARNအဖွဲ့၏ မူဝါဒတွင် ကျားမရေးရာလည်း ပါဝင်သည်။ ယင်း အဖွဲ့သည် အာဟာရပညာပေးဗီဒီယိုများ၊ ရေဒီယိုအသံလွှင့်ချက်များ ထုတ်လုပ်နေရာ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက်လည်း ပါဝင်သည်။ အသေးစိတ်ကို အာဟာရ အခန်းတွင် ကြည့်ပါ။ |
| အသက်မွေးမှု သင်တန်း | LIFTအထောက်အပံ့ခံ SEDNစီမံချက်ကို ActionAidက အကောင်အထည်ဖော်ရာတွင် အမျိုးသမီးများ၏ စီးပွားရေးရပိုင်ခွင့်များနှင့် လုပ်ကိုင်နိုင်စွမ်းရှိမှု၊ ပြည်သူ့ဝန်ဆောင်မှုများသို့ လက်လှမ်းမီမှု၊ တရားမဝင်ပညာရေး၊ လူမှုရေးကွန်ရက် ဖွံ့ဖြိုးရေးတို့ကို ဦးတည်သည်။ ဤစီမံချက်သည် မကွေးတိုင်းရှိ နွမ်းပါးသည့် အမျိုးသမီးများကို လက်မှုပညာပစ္စည်း ထုတ်လုပ်မှုနှင့် ဈေးကွက်တင်နိုင်မှု စွမ်းရည်တို့ကို ပေးအပ်ခဲ့သည်။ သင်တန်းတိုင်းတွင် ကလေးထိန်းဌာနကိုပါ စီစဉ်ပေးခဲ့သဖြင့် အမျိုးသမီးများမှာ သင်တန်းတွင် ပို၍တက်ရောက် နိုင်ခဲ့ကြသည်။သင်တန်းဆင်း အမျိုးသမီးများပါဝင်သော SEDN၏ အမျိုးသမီးကုန်ထုတ် လုပ်သူများသည် အမျိုးသမီးတစ်ဦး တစ်လလျှင် ကျပ်၇၀၀၀၀မှ ၈၀၀၀၀ထိ အပိုဝင်ငွေ ရရှိ ခဲ့သည်။ ဤစီမံချက်သည် အမျိုးသမီးများနှင့်တကွ သူတို့၏ ခင်ပွန်းများကိုပါ ကျားမရေးရာ အသိအမြင်တို့ ဖွင့်ပေးခဲ့သည်။ |
| လူမှုကာကွယ်စောင့်ရှောက်ရေး သင်တန်း | လူမှုကာကွယ်စောင့်ရှောက်ရေးစီမံချက်များတွင် ကျားမရေးရာကို ပေါင်းစည်းရန်အတွက် လုဒ်စတားသည် ဒေသခံအမျိုးသမီးများကို စစ်ကိုင်းရှိ ယင်း၏စီမံချက်တွင် အလုပ်သင်များအဖြစ် သင်ကြားပေးခဲ့သည်။ ထိုသို့သင်ကြားပေးသဖြင့် ဒေသခံလူသားအရင်းအမြစ်ထုကို ကြီးထွားစေခဲ့သည့်အပြင် အမျိုးသမီးများ၏ အလုပ်အကိုင်အခွင့်အလမ်းမှာလည်း ကောင်းမွန်လာခဲ့သည်။ ကျားမရေးရာအသိအမြင်ကို သင်တန်းများတွင် ထည့်သွင်းခဲ့သည့် အပြင် ပေါင်းသင်း ဆက်ဆံရေးစွမ်းရည်နှင့် ရပ်ရွာလူထုစည်းရုံးရေးစွမ်းရည်ကိုလည်း သင်တန်းတွင် ထည့်သွင်းခဲ့သည်။ |



## အမျိုးသမီးများနှင့် ထိတွေ့ဆောင်ရွက်မှုဆိုင်ရာ ကိန်းဂဏန်းများ

LIFT၏ အထောက်အပံ့ကို ခံစားရသူများ၏ ၆၄%

LIFTအထောက်အပံ့ခံ ချေးငွေကို ရရှိသူများ၏ ၉၂%

အသေးစားငွေကြေးကို အသုံးပြုကာ စီးပွားရေးလုပ်ငန်းများ ထူထောင်သူများ၏ ၈၁%

LIFTအထောက်အပံ့ခံသင်တန်းများကို တက်ရောက်သူများ၏ ၆၀%

လုပ်ငန်းထူထောင်သည့် LIFTသင်တန်းဆင်းများ၏ ၆%

တက်လမ်းစီမံကိန်း ငွေစုငွေချေးအဖွဲ့ဝင်များ၏ ၈၉% သည် အမျိုးသမီးများဖြစ်ကြသည်။

# ၅.၉။ လေ့လာမှုနှင့် စစ်တမ်းများ

LIFT၏ စာကြည့်တိုက်တွင် လေ့လာမှုမှ တွေ့ရှိချက်များ၊ အစီရင်ခံစာများ၊ စစ်တမ်းများ စုစုပေါင်း၇၂စောင်ရှိသည်။ ယင်းတို့သည် အသိအမြင်မျှဝေရန် ကောင်းမွန်သောစီမံကိန်းဒီဇိုင်းဆွဲရန် မူဝါဒဆွေးနွေးလှုံ့ဆော်ရာတွင် အထောက်အထားအဖြစ် အသုံးပြုရန် ဆောင်ရွက်ခဲ့သည်။ ၂၀၁၅ခုနှစ်တွင် LIFTသည် အသိအမြင်မျှဝေရန် အတွက် လေ့လာတွေ့ရှိချက် စာတမ်း၁၆စောင်ကို ထုတ်ဝေခဲ့သည်။ ယင်းတို့၏ အီလက်ထရွန်နစ် မိတ္တူများကို www.lift-fund.org/publicationsတွင် တွေ့နိုင်သည်။ စာတမ်း အကျဉ်းချုပ်များကို နောက်ဆက်ဂတွင် တွေ့နိုင်သည်။ ၂၀၁၅ခုနှစ်တွင် LIFTသည် ယင်း၏ စာတမ်းများကို ပြည်တွင်း စာကြည့်တိုက် ၁၁ခုသို့ ပေးပို့ခဲ့သည်။

အောက်ပါတို့မှာ ၂၀၁၅ခုနှစ်တွင် ဆောင်ရွက်ခဲ့သော သို့မဟုတ် တင်ပြခဲ့သော LIFTရန်ပုံငွေ ထောက်ပံ့မှုဖြင့် ဆောင်ရွက်သော လေ့လာမှုများ၏စာရင်းဖြစ်သည်_

1. Qualitative Social and Economic Monitoring Round 4 (QSEM 4)
2. LIFT Household Tracker 2014-15
3. Preliminary and Qualitative Impact Assessment of Microfinance
4. An Analysis of Farm Production Economics in Myanmar
5. Livelihoods and Social Change: QSEM Round Five Report
6. A Country on the Move: Domestic Migration in Two Regions of Myanmar – a QSEM thematic study
7. LIFT Uplands Scoping Report
8. Introduction to Social Research Methods
9. What Holds Vegetable Farmers Back?
10. Annual Report 2014 (long and short versions, EN and MM)
11. Study on Extension and Advisory Services
12. Village Organisation Study
13. Village Revolving Funds The Emergence of Farmers' Organisations in Myanmar
14. Improving Water Management in Myanmar's Dry Zone for Food Security, Livelihoods and Health
15. Supporting Civil Society with LIFT funds

# ၆။ ရန်ပုံငွေ စီမံခန့်ခွဲခြင်း







# ၆.၁။ အုပ်ချုပ်ရေး ကိစ္စရပ်များ

၂၀၁၄ခုနှစ်တွင် LIFT၏ အုပ်ချုပ်မှုတွင် အစိုးရနှင့် အခြားပတ်သက်ဆက်နွယ်သူတို့ကို ပိုမိုနေရာပေးရန်အတွက် အစိုးရက ဦးဆောင်သော အထက်တန်းအတိုင်ပင်ခံအုပ်စုတစ်ခုကို ထူထောင်ခဲ့သည်။ ပထမအကြိမ်အစည်းအဝေး ကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီးက သဘာပတိမှူခဲ့သည်။ ဘဏ္ဍာရေး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ၊ အလုပ်အကိုင်အလုပ်သမားနှင့် လူမှုဝန်ထမ်း ဟူသော ဝန်ကြီးဌာနတို့မှ အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ထို့ပြင် ပြည်တွင်းနှင့် နိုင်ငံတကာ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဤအဖွဲ့၏ ရည်ရွယ်ချက်၊ စည်းမျဉ်းစည်းကမ်း၊ အဖွဲ့ဝင်ဖြစ်မှုတို့ကို ဆွေးနွေးကာ သဘောတူခဲ့ကြသည်။ ဤအစည်းအဝေးတွင် ၂၀၁၄ခုနှစ်အတွင်း အကောင်အထည်ဖော်ခဲ့သော LIFT၏ ဆောင်ရွက်ချက်များကို သုံးသပ်ခဲ့ပြီး ၂၀၁၅ခုနှစ်အတွက် ဦးစားပေးလုပ်ငန်းများကိုလည်း သဘောတူခဲ့ကြသည်။ အနာဂတ်တွင် ကောင်းမွန်သော မူဝါဒနှင့် အသုံးစရိတ်ဆိုင်ရာ ဆုံးဖြတ်ရေးအတွက် အစိုးရကို သတင်းအချက်အလက်ပေးမည့် သက်သေခံအထောက်အထားများကို ယင်း၏ စီမံချက်များက ဖော်ထုတ်စေရန် LIFTက ဆောင်ရွက်သင့်ကြောင်း အားလုံးက သဘောတူခဲ့ကြသည်။

# ၆.၂။ LIFT၏ ရန်ပုံငွေခွဲဝေမှု

LIFTသည် ရန်ပုံငွေဘုတ်အဖွဲ့၏ မူဝါဒများနှင့်အညီ ရန်ပုံငွေများကို မည်မျှအထိ ခွဲဝေပေးခဲ့သည်ကိုလည်းကောင်း၊ ပွင့်လင်းမြင်သာမှုရှိသည်ကိုလည်းကောင်း တိုင်းတာရန် အညွှန်းနှစ်ခုကို အသုံးပြုခဲ့သည်။ အောက်ပါဇယားတွင် တွေ့ရှိသည့်အတိုင်း ရန်ပုံငွေစီမံခန့်ခွဲရေးရုံး(FMO)သည် ငွေရေးကြေးရေးနှင့် စီမံခန့်ခွဲရေးတွင် ခိုင်မာစွာ ကိုင်တွယ်ထားပြီး အဆက်မပြတ် အကောင်အထည်ဖော်လျက်ရှိသည်။ ၂၀၁၄ခုနှစ် FMO စာရင်းစစ်အစီရင်ခံစာတွင် တွေ့ရှိချက် မရှိခဲ့ပါ။ မိတ်ဖက်အဖွဲ့များ၏ စီမံချက်၄၄ခု၏ အသုံးစရိတ်များကို ၂၀၁၅ခုနှစ်တွင် စာရင်းစစ်ခဲ့ရာတွင် အထူးဦးစားပေးအဆင့် တွေ့ရှိချက် ၈ခုသာ ရှိသည်။

| အညွှန်း | ၂၀၁၆ ရည်မှန်းချက် | ၂၀၁၅ ရည်မှန်းချက် | ၂၀၁၅ ပြီးစီးမှု | ပြီးစီးမှုရာခိုင်နှုန်း |
|---|---|---|---|---|
| FB၏ အကြံပြုချက်များကို သတ်မှတ်ချိန်အတွင်း FM ၏ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း | ၁၀၀% | ၁၀၀% | ၉၅%* | ၉၅% |
| FMရော IPများအတွက်ပါ အထူးဦးစားပေးဟု စာရင်းစစ်များက သတ်မှတ်သော စာရင်းစစ်နယ်ပယ် ရာခိုင်နှုန်း နှင့် အရေအတွက် | ၀ (အဖွဲ့အားလုံးအတွက်) | ၀ (အဖွဲ့အားလုံးအတွက်) | ၈ (အဖွဲ့အားလုံးအတွက်)** | |

*၂၀၁၅ခုနှစ်တွင် FB အစည်းအဝေး၃ကြိမ်မှ FBမှ အတည်ပြုသော ဆောင်ရွက်ချက်၁၁၃ခုနှစ်ကို ချမှတ်ခဲ့ရာတွင် ၁၀၇ခုကို သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ပြီးဖြစ်သည်။


**IPများ၏ အထူးဦးစားပေးသတ်မှတ်ချက်၈ချက်သာ တွေ့ရှိခဲ့ပြီး FMအတွက်မရှိခဲ့ပါ။ ၂၀၁၅ခုနှစ်အတွက် အသုံးစရိတ်ကို ၂၀၁၆ခုနှစ်တွင် စာရင်းစစ်မည် ဖြစ်သည်။

၂၀၁၅ခုနှစ်တွင် စီမံချက်အသစ်၃၇ကို စာချုပ်လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၄ခုနှစ်ကမူ စီမံချက်အသစ်၁၃ခု ကိုသာ လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၅ခုနှစ်နှစ်ကုန်တွင် စီမံချက်၇၆ခု ပြီးဆုံးခဲ့ပြီး ဆောင်ရွက်ဆဲ ၅၄ခုရှိသည်။[89] စာချုပ်သစ်များအတွက် ညှိနှိုင်းစေ့စပ်မှုသည် FMOအတွက် အလုပ်ဝန်ပိစေခဲ့သည်။ ၂၀၁၅ခုနှစ် ဒီဇင်ဘာတစ်လတည်းတွင်ပင် စာချုပ်၂၀ကို လက်မှတ်ရေးထိုးခဲ့သည်။

89 GEN, LCG, FSWG, IOMတို့ ၂၀၁၅ခုနှစ် ဒီဇင်ဘာလတွင် လက်မှတ်ထိုးပြီးဖြစ်၊ သို့သော် ထောက်ပံ့မှုနှင့် လုပ်ငန်းများမှာ ၂၀၁၆ခုနှစ် ဇန်နဝါရီလ၁ရက်နေ့မှ စတင်မည်။


*ဇယား ၆.၂။ ရန်ပုံငွေထောက်ပံ့မှုအလိုက် စီမံချက်အခြေအနေ*

| လုပ်ကွက် | လက်မှတ်ထိုးပြီး ရန်ပုံငွေစာချုပ် | | ဆောင်ရွက်ပြီး စီမံချက် | ဆောင်ရွက်ဆဲ စီမံချက် | စာချုပ် ပြင်ဆင်မှု | |
|---|---|---|---|---|---|---|
| | ၂၀၁၄ နှစ်ကုန် ထိ | ၂၀၁၅ နှစ်ကုန် ထိ | | | ၂၀၁၄ ဒီဇင်ဘာ ထိ | ၂၀၁၅ ဒီဇင်ဘာ ထိ |
| မြစ်ဝကျွန်းပေါ်-၁ | ၂၂ | ၂၂ | ၂၂ | ၀ | ၃၁ | ၃၁ |
| နိုင်ငံအဝန်း | ၁၉ | ၁၉ | ၁၈ | ၁ | ၄၃ | ၄၇ |
| မြစ်ဝကျွန်းပေါ်-၂ | ၁၀ | ၁၀ | ၁၀ | ၀ | ၂၂ | ၂၅ |
| အခြား(တိုက်ရိုက် ထောက်ပံ့မှုနှင့် QSEM) | ၃ | ၃ | ၂ | ၁ | ၅ | ၆ |
| သင်ယူခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၂၅ | ၃၀ | ၈ | ၂၂ | ၁၅ | ၄၀ |
| ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၈ | ၁၆ | ၅ | ၁၁ | ၅ | ၁၁ |
| ရခိုင်ဒေသ | ၄ | ၁၀ | ၄ | ၆ | ၅ | ၆ |
| အပူပိုင်းဇုန် | ၂ | ၇ | ၂ | ၅ | ၂ | ၃ |
| မြစ်ဝကျွန်းပေါ်-၃ | ၀ | ၅ | ၀ | ၅ | ၀ | ၀ |
| တောင်တန်းဒေသ | ၀ | ၅ | ၅ | ၀ | ၀ | ၀ |
| ပုဂ္ဂလိကကဏ္ဍ | ၀ | ၂ | ၀ | ၂ | ၀ | ၀ |
| ရွှေ့ပြောင်းသွားလာရေး | ၀ | ၁ | ၀ | ၁ | ၀ | ၀ |
| **စုစုပေါင်းချုပ်** | **၉၃** | **၁၃၀** | **၇၆** | **၅၄** | **၁၃၂** | **၁၆၉** |




*ပုံ ၆.၁။ LIFT၏ အသုံးစရိတ်စုစုပေါင်း(ကန်ဒေါ်လာသန်းဖြင့်) ၂၀၁၀မှ ၂၀၁၅*

*ပုံ ၆.၂။ ၂၀၁၅ခုနှစ် နှစ်ကုန်ရှိ မိတ်ဖက်အဖွဲ့အမျိုးအစားအလိုက် ထောက်ပံ့ငွေအမျိုးအစား*




# ၆.၃။ ရန်ပုံငွေစီးဆင်းမှုနှင့် မိတ်ဖက်များ၏ စွမ်းဆောင်ရည်

LIFTသည် ရန်ပုံငွေစီးဆင်းမှုကို တိုင်းတာရန် အညွှန်း၂ခုကို အသုံးပြုခဲ့သည်။ အောက်ပါဇယားတွင် ပါဝင်သည့်အတိုင်း LIFT၏ မိတ်ဖက်အဖွဲ့များသည် LIFT၏ လုပ်ငန်းလမ်းညွှန်များကို လိုက်နာကြသည်။ ငွေကြေးထိန်းချုပ်မှုမှာ နေသားတကျရှိနေသည်။ ၂၀၁၅ခုနှစ်တွင် စာရင်းစစ်ဝင်ခဲ့သော စီမံချက်၄၄ခုတွင် အသုံးစရိတ် စုစုပေါင်း၏ ၁.၀၉ရာခိုင်နှုန်းသာလျှင် အရည်အချင်းမပြည့်မီဟု သတ်မှတ်ခြင်းကို ခံရသည်။

*ဇယား၆.၃။ ၂၀၁၅ခုနှစ် ရန်ပုံငွေစီးဆင်းမှုနှင့် မိတ်ဖက်များ၏ စွမ်းဆောင်ရည်ရလဒ်များ*

| အညွှန်း | LIFT ရည်မှန်းချက် ၂၀၁၆ | ၂၀၁၅ ရည်မှန်းချက် | ၂၀၁၅ နှစ်ကုန် ပြီးစီးမှု | ပြီးစီးမှု ရာခိုင်နှုန်း |
|---|---|---|---|---|
| မိတ်ဖက်များနှင့် ချုပ်ဆိုထားသော စာချုပ်များအရ FB က ထုတ်ပေးသော ရန်ပုံငွေ% | ၈၇% | ၈၇% | ၉၉% | ၁၁၄% |
| FMက ငွေကြေးစနစ် သုံးသပ်ပြီးသော IP% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |

*၂၀၁၄ခုနှစ် အသုံးစရိတ်ကို စာရင်းစစ်ရာတွင် တွေ့ရှိသော အကျုံးမဝင်သည့် အသုံးစရိတ်စုစုပေါင်းနှင့် IP အသုံးစရိတ်စုစုပေါင်းအချိုးကို အခြေခံကာ တွက်ချက်ထားခြင်းဖြစ်သည်။ အကျုံးမဝင်သည့် အသုံးစရိတ် စုစုပေါင်းမှာ ကန်ဒေါ်လာ ၂၈၂,၂၈၉ ဖြစ်၍ IP၏ အသုံးစရိတ်စုစုပေါင်းချုပ်၏ ၁.၀၉%ရှိသည်။

FMOသည် ကျေးရွာ၂၀၅ရွာသို့ ကွင်းဆင်းစစ်ဆေးမှု ၅၈ကြိမ် ပြုလုပ်ခဲ့သည်။ ၂၀၁၄ခုနှစ်တွင် ကျေးရွာ ၃၆၆ရွာသို့ ၁၇၇ကြိမ် ကွင်းဆင်း စစ်ဆေးခဲ့သည်။ ၂၀၁၄ခုနှစ်ထက် လျော့နည်းရခြင်းမှာ စီမံချက်အများအပြား ပြီးစီးသွားပြီ ဖြစ်ပြီး စီမံကိန်းအသစ်များ စတင်နေခြင်းကြောင့် ဖြစ်သည်။ ၂၀၁၅ခုနှစ်တွင် စတင်မည့် ဒေသအလိုက်နှင့် အကြောင်းအရာအလိုက် စီမံကိန်းအသစ်များကို ဒီဇိုင်းထုတ်နိုင်ရန် FMOဝန်ထမ်းတို့သည် ထပ်မံကွင်းဆင်းခဲ့ကြသည်။

မိတ်ဖက်အဖွဲ့အားလုံး၏ စီမံချက်ခန့်ခွဲမှုစွမ်းဆောင်ရည်ကို စစ်ဆေးရန် 'မီးပွိုင့်ပုံစံ' ပြသည့်စနစ်ကို ဆက်လက် ကျင့်သုံးသည်။ ၂၀၁၅ခုနှစ်က လုပ်ဆောင်ချက်များကို အောက်ပါဇယား၆.၅တွင် အကျဉ်းချုပ်၍ ဖော်ပြထားသည်။ ခြုံ၍ မှန်မှန်တိုးတက်နေပါက စိုးရိမ်ဖွယ်နည်းပါးကြောင်းကို 'အစိမ်း' ဖြင့်လည်းကောင်း၊ ကျနေပါက စိုးရိမ်ဖွယ်များပါက 'အနီ' ဖြင့်လည်းကောင်း ပြသည်။ မိတ်ဖက်အဖွဲ့တို့သည် အချိန်မီသတင်းအစီရင်ခံခြင်း၊ ဘတ်ဂျက် အစီအမံရေးဆွဲခြင်း၊ စာရင်းစစ်ကန့်ကွက်ချက်ကို ဖြေရှင်းခြင်းတို့တွင် အထူးကောင်းမွန်လာကြောင်းကို ပြနေသည်။

*ဇယား ၆.၄။ ၂၀၁၅ခုနှစ်အတွင်း လက်မှတ်ထိုးခဲ့သော ထောက်ပံ့မှုများ(စီမံချက်၃၇ခု)*

| စဉ် | မိတ်ဖက်အဖွဲ့အမည် | ထောက်ပံ့သော စီမံကိန်း | အရေအတွက် (ကန်ဒေါ်လာ) |
|---|---|---|---|
| ၁ | World Vision Myanmar | မြစ်ဝကျွန်းပေါ် - ၃ | ၁,၅၆၀,၁၃၈ |
| ၂ | Mercy Corps | မြစ်ဝကျွန်းပေါ် - ၃ | ၄,၃၃၈,၁၉၇ |
| ၃ | Welthungerhilfe | မြစ်ဝကျွန်းပေါ် - ၃ | ၃,၈၉၆,၅၆၄ |
| ၄ | Save the Children | မြစ်ဝကျွန်းပေါ် - ၃ | ၃,၂၅၃,၃၉၀ |
| ၅ | International Organization of Migration (IOM) | မြစ်ဝကျွန်းပေါ် - ၃ | ၇၄၉,၁၀၀ |
| ၆ | Lodestar Company Ltd. / SPPRG | အပူပိုင်းဇုန် | ၈၇၉,၂၈၇ |
| ၇ | Food and Agriculture Organization (FAO) | အပူပိုင်းဇုန် | ၄,၄၀၀,၀၀၀ |
| ၈ | International Fertilizer Development Centre (IFDC) | အပူပိုင်းဇုန် | ၄,၄၆၀,၀၀၀ |
| ၉ | Save the Children | အပူပိုင်းဇုန် | ၄,၉၄၂,၈၄၂ |
| ၁၀ | HelpAge | အပူပိုင်းဇုန် | ၄,၂၀၀,၀၀၀ |
| ၁၁ | Pact Global Microfinance Fund (PGMF) | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၁,၇၀၀,၀၀၀ |
| ၁၂ | Proximity Designs | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၅,၀၉၇,၁၆၄ |
| ၁၃ | World Vision Myanmar/Vision Fund | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၄,၅၀၀,၀၀၀ |
| ၁၄ | GRET | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၁,၃၂၀,၁၇၆ |
| ၁၅ | Pact Global Microfinance Fund (PGMF) | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၈,၃၂၃,၄၉၇ |
| ၁၆ | Yoma Bank | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၁၈,၀၇၀,၀၀၀ |
| ၁၇ | Michigan State University | သင်ယူခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၂,၁၉၉,၁၇၈ |
| ၁၈ | WorldFish | သင်ယူခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၃,၂၈၄,၅၉၂ |
| ၁၉ | Gender Equality Network (GEN) | အရပ်ဘက်လူမှုအဖွဲ့အစည်း | ၁,၉၇၂,၁၆၅ |
| ၂၀ | Land Core Group (Land Consulting Group Co., Ltd.) | အရပ်ဘက်လူမှုအဖွဲ့အစည်း | ၁,၆၉၉,၄၆၆ |
| ၂၁ | Food Security Working Group (FSWG) | အရပ်ဘက်လူမှုအဖွဲ့အစည်း | ၁,၆၂၂,၉၅၈ |
| ၂၂ | International Organization of Migration (IOM) | ရွှေ့ပြောင်းသွားလာရေး | ၁,၉၉၉,၂၁၇ |
| ၂၃ | Radanar Ayar | ပုဂ္ဂလိကကဏ္ဍ | ၂၁၆,၃၂၅ |
| ၂၄ | PRIME | ပုဂ္ဂလိကကဏ္ဍ | ၅,၈၈၄,၈၆၂ |
| ၂၅ | International Rescue Committee (IRC) | ရခိုင် | ၁၀,၅၀၀,၀၀၀ |
| ၂၆ | CARE International | ရခိုင် | ၉၆၄,၄၆၃ |
| ၂၇ | Oxfam | ရခိုင် | ၉၃၅,၀၇၆ |

| | | | |
|---|---|---|---|
| ၂၈ | Save the Children | ရခိုင် | ၁၀,၃၀၀,၀၀၀ |
| ၂၉ | CARE | ရခိုင် | ၃,၅၁၉,၁၄၇ |
| ၃၀ | Better  Life Organization (BLO) | ရခိုင် | ၁,၀၁၆,၉၀၂ |
| ၃၁ | Pact Global Microfinance Fund (PGMF) - Flood response | ရေဘေးတုံ့ပြန်မှု | ၂,၄၃၄,၀၀၀ |
| ၃၂ | Vision Fund | ရေဘေးတုံ့ပြန်မှု | ၅၀၀,၀၀၀ |
| ၃၃ | Choklei Organization for Rural and Agricultural Development (CORAD) | ရေဘေးတုံ့ပြန်မှု | ၉၂,၉၀၂ |
| ၃၄ | Choklei Organization for Rural and Agricultural Development (CORAD) | တောင်တန်းဒေသ | ၇,၀၉၃ |
| ၃၅ | Center for Resources Mobilization (CRM) | တောင်တန်းဒေသ | ၇,၃၆၆ |
| ၃၆ | Karen Development Network (KDN) | တောင်တန်းဒေသ | ၁၁,၉၉၃ |
| ၃၇ | Metta Development Foundation | တောင်တန်းဒေသ | ၂၉,၉၃၄ |
| | **စုစုပေါင်း** | | **၁၂၀,၈၈၇,၈၉၄** |

*ဇယား ၆.၅ ။ စီမံကိန်းစီမံခန့်ခွဲမှု အညွှန်းချုပ် ဝါစိမ်းနီပုံစံ(၂၀၁၅)*

| | အညွှန်း | နည်း(စိမ်း) | | အလယ်အလတ်(အဝါ) | | များ(အနီ) | |
|---|---|---|---|---|---|---|---|
| | | သတ်မှတ်နှုန်း | ထောက်ပံ့ငွေရာခိုင်နှုန်း | သတ်မှတ်နှုန်း | ထောက်ပံ့ငွေ ရာခိုင်နှုန်း | သတ်မှတ်နှုန်း | ထောက်ပံ့ ငွေ % |
| ၁ | အကြောင်အထည်ဖော်နှုန်း | > ၉၀% လမ်းကြောင်းမှန် | ၃၅% | ၇၁ –၉၀% လမ်းကြောင်းမှန် | ၃၀% | ≤၇၀% လမ်းကြောင်းမှန် | ၃၅% |
| ၂ | နှစ်စဉ်အသုံးစရိတ် | >၉၀% သုံးပြီး | ၂၃% | ၇၁- ၉၀% သုံးပြီး | ၃၂% | ≤၇၀% သုံးပြီး | ၄၅% |
| ၃ | အချိန်မှန်အစီရင်ခံမှု | ၀ ရက်နောက်ကျ | ၆၁% | ၁ - ၇ ရက်နောက်ကျ | ၃၀% | >၈ ရက်နောက်ကျ | ၉% |
| ၄ | အစီရင်ခံစာပြည့်စုံမှု | ၁၀၀% ပြည့်စုံ | ၉၅% | ၇၁ - ၉၉% ပြည့်စုံ | ၀% | ≤၇၀% ပြည့်စုံ | ၅% |
| ၅ | စီမံခန့်ခွဲမှုနိုင်မှု | ၀ ခုတွေ့ရှိ | ၈၈% | ၁-၃ခုတွေ့ရှိ | ၁၃% | >၃ ခုတွေ့ရှိ | ၀% |
| ယေဘုယျနှုန်း* ၂၀၁၅ | | ၄၁% | | ၄၅% | | ၁၄% | |
| ၂၀၁၄ ** | | ၅၁% | | ၃၇% | | ၁၂% | |
| ၂၀၁၃ | | ၄၈% | | ၄၁% | | ၁၁% | |
| ၂၀၁၂ | | ၃၂% | | ၄၁% | | ၃၂% | |

* အညွှန်း၅ခု၏ တစ်ခုစီဆုံးရှုံးနိုင်မှု အနည်းအများအလိုက်ချိုင့်တွက်ချက်တားခြင်းဖြစ်သည်။

** အစီရင်ခံစာအမှားယွင်းမှုတစ်ခုကြောင့် ဤအစီရင်ခံစာပါ ၂၀၁၄ခုနှစ်ဆိုင်ရာကိန်းဂဏန်းများတို့ကွဲလွဲနေသည်။

## ၆.၄။ ဆက်သွယ်ရေး

၂၀၁၅ခုနှစ်တွင် LIFTသည် ပရိသတ်အမျိုးမျိုးနှင့် ကိုက်ညီအောင် တက်ကြွသော မဟာဗျူဟာအသစ်အရ ဆက်နွယ်ဆောင်ရွက်ခဲ့သည်။ အသစ်ပြန်ဒီဇိုင်းထုတ်ထားသော ဝက်ဘ်ဆိုက် www.lift-fund.org ကို ၂၀၁၅ခုနှစ် ဇန်နဝါရီလတွင် လွှင့်တင်ခဲ့သည်။ ယင်းဝက်ဘ်ဆိုက်ကို LIFT၏ စီမံကိန်းအသစ်များနှင့် ဆက်သွယ်ရာတွင် အသုံးပြုပြီး တစ်လလျှင် ဝင်ရောက်ကြည့်ရှုသူ ၂,၅၀၀ ရှိရာမှ ၅,၀၀၀ အထိ တိုးတက်လာသည်။ ဤနှစ်အတွင်း ဆောင်းပါး ၈၈စောင်ကို ထုတ်ဝေခဲ့သည်။

LIFTသည် ယင်း၏ လူမှုကွန်ရက်စင်မြင့်တို့ကို ဖေ့စ်ဘုတ် www.facebook.com/liftfund ၊ တွစ်တာ www.twiller.com/LIFT-fund ၊ ယူကျူဘ် www.youtube.com/user/liftfund တို့တွင် အဆင့်မြှင့်ခဲ့သည်။ ယင်းတို့ကို လူထုတို့ လေ့လာအသုံးပြုနိုင်ရန်နှင့် ဝက်ဘ်ဆိုက်ပေါ်တွင် သတင်းများ တင်ပေးရန် အသုံးပြုခဲ့သည်။ အောင်မြင်မှုကြောင့် ပတ်သက်ဆက်နွယ်သူများနှင့် အတို့အပြန်ဆက်သွယ်လာခဲ့ကြသည်။ အောက်ပါ ဇယား၆.၆ တွင် ကြည့်ပါ။ ဖေ့စ်ဘုတ်တွင် 'like' ကြသူဦးရေ မှာ ၂၀၁၅ခုနှစ်အတွင်း ၁,၅၀၀မှ ၆,၅၀၀ထိ တိုးလာသည်။

**LIFTသုံးလပတ်သတင်းစာ**ကို မေလတွင် ၅ဝရာခိုင်နှုန်း အဖွင့်နှုန်းဖြင့် စတင်ထုတ်ဝေခဲ့သည်။ ဆာဗာကန့်သန့်မှု ပြဿနာများကြောင့် LIFTက သတင်းစာကို ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ပို့ခဲ့ခြင်းများကိုပါ ထည့်သွင်းစဉ်းစားပါက ဤနှုန်းထက် ပိုနိုင်ပေသည်။

**မီဒီယာများနှင့်ဆက်ဆံရေးနှင့် လွှမ်းခြုံမှု။** ၂၀၁၅ခုနှစ်အတွင်း ပြည်တွင်းသတင်းစာတို့တွင် ပျမ်းမျှ နှစ်ပတ်လျှင် တစ်ကြိမ်မျှ LIFTအကြောင်းပါဝင်သည်။ မြန်မာတိုင်းတွင် သတင်းဆောင်းပါးများ(ကျန်းမာရေး၊ ပညာရေး၊ အစား အသောက် အချပ်ပိုတို့တွင်)ပါဝင်နေသည်။

**အသိအမြင်စီမံခန့်ခွဲမှု။** #LIFTLearningအပြင် ဤဝက်ဘ်ဆိုက်ကို အလေ့အကျင့်ကောင်းများနှင့် သင်ခန်းစာများ ကို ပြန့်ပွားစေရန် အသုံးပြုသည့် www.lift-fund.org/best-practices။ ပွဲလမ်းများနှင့် သင်တန်းများကို www.lift-fund.org/events ။ ဘလော့ဂ်ရှစ် (www.lift-fund.org/blog)တို့သည် LIFT၏ မဟာဗျူဟာကို ရှင်းပြသည်သာ မက အပြန်အလှန်ဆွေးနွေးမှုနှင့် တွေးခေါ်မှုကိုပါ လှုံ့ဆော်ပေးသည်။ LIFTသည် မိမိ၏ အသိအမြင်နှင့် သင်ခန်းစာတို့ကို စနစ်တကျမျှဝေခြင်းမရှိသောကြောင့် ဒုတိယနှစ်ဝက်တွင် LIFT၏ အသိအမြင်စီမံခန့်ခွဲမှု ကောင်းမွန်စေမည့်နည်းလမ်းကို စူးစမ်းခဲ့သည်။ ထို့ကြောင့် ပြင်ပအတိုင်ပင်တစ်ဦးကို မိမိ၏ အသိအမြင်စီမံခန့်ခွဲ မှုအလားအလာကို သုံးသပ်စေခဲ့သည်။ နိုင်ငံတကာအသိအမြင် စီမံခန့်ခွဲမှု သုံးသပ်သူတစ်ဦးကို ၂၀၁၆ခုနှစ် နှစ်ဆန်းတွင် ခန့်ထားခဲ့သည်။

နိဝင်ဘာလ ရွေးကောက်ပွဲများကြောင့် LIFTသည် အစိုးရနှင့် နှစ်စဉ်ဖိုရမ်ကို မကျင်းပနိုင်ခဲ့ပေ။ မိတ်ဖက်အဖွဲ့များအတွက် စိတ်ကူးစိတ်သန်းဖလှယ်ပွဲကို ရန်ကုန်တွင်လည်းကောင်း၊ နှစ်စဉ်ဖိုရမ်ကို နေပြည်တော်တွင်လည်းကောင်း ၂၀၁၆ ခုနှစ်တွင် ကျင်းပမည်။

*ဇယား ၆.၆။ ၂၀၁၅ခုနှစ်အတွင်းLIFT၏ ဖေ့စ်ဘုတ်နှင့်တွစ်တာ မီဒီယာလှုံ့ဆော်မှုများ*

| လှုံ့ဆော်မှု | အသေးစိတ် |
|---|---|
| LIFTဓာတ်ပုံပြိုင်ပွဲ ၂၀၁၅ ခုနှစ် မတ်လ | 'like' အသစ်၃၅၀ကို ရခဲ့ပြီး၊ မိတ်ဖက်အဖွဲ့များက ကြိုက်နှစ်သက်ကြောင်း သိရသည်။ ဆုရ ရတနာရောဓာတ်ပုံမှာ 'like' ၄၆၁ ခု ရသည်။ ယင်းကို ၂၀၁၄ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ မျက်နှာဖုံးအဖြစ် အသုံးပြုခဲ့သည်။ |
| ၂၀၁၅ခုနှစ် အမျိုးသမီးများနေ့ | နိုင်ငံတကာနှင့် မြန်မာအမျိုးသမီးနေ့များ၊ ကျေးလက်အမျိုးသမီးနေ့တို့ကို အွန်လိုင်းပေါ်တွင် တင်ပေးခဲ့သည်။ |
| #LiftLearning | မေလတွင် စတင်ခဲ့ပြီး ရည်ရွယ်ချက်မှာ LIFT၏ စစ်တမ်းနှင့်လေ့လာချက် ဂုဏ်ကျော်နှင့် ယင်းတို့စတင်သောပွဲများကို လူများအသိထားမိစေရန် ဖြစ်သည်။ ၂၀၁၅ခုနှစ်တွင် လေ့လာချက်နှင့်ပွဲလမ်း ၇ခုကို ကြော်ငြာခဲ့သည်။ |
| #LIFTDonorProfiles | အိုင်ယာလန်၊ လူဇင်ဘတ်၊ မစ်ဆူဘီရှီကော်ပိုရေးရှင်းတို့ ပါဝင်ခဲ့ကြသည်။ |
| LIFTPeople | အကျိုးခံစားခွင့်ရှိသူတို့၏ ဓာတ်ပုံ၊ ဗီဒီယို၊ ဇာတ်လမ်းတိုများကို တင်ပြရန် ဤခေါင်းစဉ်ကို သုံးသည်။ |

# ၆.၅။ တာဝန်ခံမှုနှင့် သင်ယူမှုတို့အတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း(MEAL)

၂၀၁၅ခုနှစ် နှစ်ဆန်းတွင် LIFTသည် ယင်း၏ စောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်းဆိုင်ရာ ချဉ်းကပ်နည်းနှင့် နည်းလမ်းများကို ပြန်လည်ဒီဇိုင်းထုတ်ခဲ့သည်။ LIFT၏ မဟာဗျူဟာအသစ်နှင့် အံဝင်ရန်၊ M&E ရလဒ်များ ပိုမို တိကျရန်၊ ပိုမိုသက်ဆိုင်စေရန်၊ သင်ယူမှုကို ပိုမိုအာရုံစိုက်ရန်တို့အတွက်ဖြစ်သည်။ ဤအပြောင်းအလဲမှ တာဝန်ခံမှု နှင့် သင်ယူမှုတို့အတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း(MEAL)မူဘောင်[90] ကို ရေးဆွဲခဲ့သည်။ ရည်ရွယ်ချက်မှာ LIFTနှင့် မိတ်ဖက်အဖွဲ့တို့က ခိုင်မာသော အထောက်အထားများကို ဖော်ထုတ်ကာ စွမ်းဆောင်ရည်ကို တိုင်းတာရန်နှင့် ပိုမိုတိုးတက်စေရန်အတွက် လည်းကောင်း၊ မြန်မာနိုင်ငံရှိ ကျေးလက်ဖွံ့ဖြိုးရေး မူဝါဒနှင့် လုပ်ငန်းအလေ့အကျင့်များကို ဩဇာသက်ရောက်စေရန်အတွက် လည်းကောင်း အသုံးပြုရန် ဖြစ်သည်။ ဤမူဘောင်အသစ်ကို ရေးဆွဲအကောင်အထည်ဖော်ခြင်းဖြင့် M&E စနစ်များ၊ FMO နှင့် မိတ်ဖက်အဖွဲ့များ၏ စွမ်းဆောင်ရည်နှင့် လုပ်ငန်းအလေ့အကျင့်များ အဆင့်မြင့်လာမည်ဖြစ်သည်။

LIFT၏ MEALမူဘောင်သစ်၏ အဓိကအချက်အလက်များတွင် အောက်ပါတို့ ပါဝင်သည်_

- M&Eကို ဆောင်ရွက်ရန် LIFT၏ တာဝန်ရည်ရွယ်ချက်ကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းရှင်းလင်းလင်း ရည်ရွယ် ဖော်ပြခြင်း
- LIFTအဆင့်မှ စီမံကိန်းအဆင့်၊ စီမံချက်အဆင့်အလိုက် MEAL၏ လွှမ်းခြုံမှုနှင့် တာဝန်များကို ဖော်ပြထားသော အဆင့်သုံးဆင့်ပါ MEALမူဘောင်ကို ဖန်တီးခြင်း
- အဆင့်တိုင်းတွင် မျှော်မှန်းထားသော အပြောင်းအလဲလုပ်ငန်းစဉ်ကို အများသဘောတူစေရန်နှင့် MEAL ကို စနစ်တကျ ချဉ်းကပ်ရာတွင် ကျောထောက်နောက်ခံပြုရန် အပြောင်းအလဲသီအိုရီ(TOC)များကို ရေးသား ပြုစုသုံးစွဲခြင်း
- အသစ်ရေးဆွဲသော ယုတ္တိဗေဒမူဘောင်၊ စီမံချက်တိုင်းတာရေးမူဘောင်များ ရေးဆွဲပြုစုခြင်း
- အဆင့်တိုင်းရှိ ရှင်းလင်းသော အကဲဖြတ်သင်ယူသည့် မေးခွန်းများ(Evaluation and Learning Question - ELQ)ကို ဖော်ထုတ်ခြင်း
- မိမိ၏ အကောင်အထည်ဖော်မှုများကို တိုင်းတာရန်၊ စီမံကိန်းများ၊ စီမံချက်များတို့မှ သင်ယူရန် LIFTက အသုံးပြုသောနည်းလမ်းနှင့် နည်းနာများကို ပြင်ဆင်ပြုစုခြင်း

### M&E၏ ပို၍တိကျသော တာဝန်များ

LIFT၏ MEAL မူဘောင်အသစ်တွင် အဓိက သို့မဟုတ် အခြေခံလုပ်ငန်းတာဝန် သုံးရပ်ရှိသည်- (၁) *တာဝန်ခံမှု (ရှင်းလင်းသက်သေပြခြင်း)* လုပ်ဆောင်ချက်တို့သည် တစ်စုံတစ်ခုသော ရလဒ်အကျိုး ရည်မှန်း ချက်ပန်းတိုင်သို့ ဦးတည်နေကြောင်း၊ ယင်းကို ရယူရာတွင်လည်း ကျွမ်းကျင်စွာ၊ ထိရောက်စွာ၊ ငွေကုန်ကျ ရကျိုးနပ်စွာဖြင့် ရယူသည်ကို ပြသခြင်း၊ (၂) *အထောက်အထားကို အခြေခံသော သင်ယူနားလည်ခြင်း (တိုးတက်စေခြင်း)* စီမံကိန်း၊ စီမံချက်တို့၏ ဒီဇိုင်းနှင့် အကောင်အထည်ဖော်မှုကို ပို၍ ကောင်းမွန် တိုးတက်စေရန် အသုံးပြုသည့် မည်သည့် မဟာဗျူဟာ၊ ပါဝင်ပတ်သက်မှု၊ ချဉ်းကပ်ပုံ၊ လုပ်ဆောင်ချက်တို့သည် သက်ဆိုင်ရာ အခြေအနေကို လိုက်၍ မည်မျှအထိ အဘယ်ကြောင့် ထိရောက်သည်၊ မထိရောက်သည်ကို သိမြင်သည့် အသိအမြင်နှင့် အထောက်အထားကို တည်ဆောက်ခြင်း၊ (၃) *မူဝါဒကို ဩဇာသက်ရောက်ခြင်း (လမ်းညွှန်ခြင်း)* မူဝါဒနှင့် ကျင့်သုံးမှုနည်းနာတို့နှင့် သက်ဆိုင်သော အထောက်အထားများကို ဖော်ထုတ်အသုံးပြုကာ အစိုးရ၏ မူဝါဒများ၊ အစိုးရစီမံကိန်းများ၏ ဒီဇိုင်းနှင့် အကောင်အထည်ဖော်မှုတို့အား တင်ပြခြင်း

### MEALမူဘောင်၏ အဆင့်သုံးဆင့်ဖွဲ့စည်းပုံ

တာဝန်တို့ကို ကျေပွန်ရန်နှင့် လိုအပ်သော သတင်းအမျိုးအစားတို့ကိုပေးနိုင်ရန်အတွက် LIFTသည် အဆင့်သုံးဆင့် ရှိသော MEALမူဘောင်ကို ရေးဆွဲပြုစုခဲ့သည်-

- **LIFTအဆင့်။** အသစ်မွမ်းမံထားသော ယုတ္တိဗေဒမူဘောင်တွင် ဖော်ပြထားသော အညွှန်းများက အခြေခံရန်အတွက် LIFT၏ TOCအသစ်များကို ပေးရန် နှင့် သုံးသပ်သော သင်ယူသော မေးခွန်းတစုံကို ဖြေရန် FMOတွင် တာဝန်ရှိသည်။
- **နယ်မြေအလိုက် စီမံကိန်းများ။** LIFT၏ အကျိုးရလဒ်များပေါ်ထွက်လာရန် စီမံကိန်းအစိတ်အပိုင်းများသည် မည်သို့ပေါင်းစည်းလာရမည်ဟု ညွှန်ပြနေသော အသေးစိတ် TOCများ နယ်မြေအလိုက် စီမံကိန်းများတွင် ရှိကြသည်။ သက်ဆိုင်ရာစီမံချက်တို့ဖြင့် ဖြေရန် တောင်းခံရမည့် အချက်အချာကျသော မေးခွန်းများကို ထွက်ပေါ်စေမည့် သုံးသပ်သော သင်ယူသော မေးခွန်းများလည်း ယင်းတို့တွင် ရှိကြသည်။
- **စီမံချက်/မိတ်ဖက်အဖွဲ့အဆင့်။** သက်ဆိုင်ရာနယ်မြေစီမံကိန်းတို့၏ သီးခြားကဏ္ဍအလိုက် ယင်းတို့က မည်သို့ ဆောင်ရွက် ပေးမည်ကို ညွှန်ပြနေသော အသေးစိတ် TOCများ စီမံချက်တို့တွင်ရှိကြသည်။ ထို့ပြင် ယင်းတို့က တိုက်ညှိ အစီရင်ခံရမည့် အညွှန်းများ၊ သတင်းများကို မည်သို့စုဆောင်းရမည်ဟု အသေးစိတ် ဖော်ပြနေသော တိုင်းတာရေးစီမံချက်များအပြင် သုံးသပ်ခြင်း၊ သင်ယူခြင်းဆိုင်ရာ မေးခွန်းများလည်း စီမံချက်များတွင် ရှိကြသည်။

---

90 MEALမူဘောင်နှင့် အပြောင်းအလဲသီအိုရီကို LIFT၏ ဝက်ဘ်ဆိုက်တွင် တွေ့နိုင်သည်။

## ပြောင်းလဲမှုသီအိုရီများ

LIFT၏ ၂၀၁၄မဟာဗျူဟာကို အကျဉ်းချုံ့ထားသော၊ LIFTက ရလဒ်များကို ရယူရန် ရည်မှန်းထားသော ပြောင်းလဲမှု နယ်ပယ်ကြီးများနှင့် ယင်းတို့ကို ရယူမည့်နည်းလမ်းများကို ဖော်ပြထားသော အဆင့်မြင့်ပြောင်းလဲမှု သီအိုရီ LIFTတွင် ရှိသည်။ ဤရလဒ်များတွင် LIFT၏ ပန်းတိုင်၊ တာဝန်အဆင့်အကျိုး၄ရပ်၊ စီမံကိန်းအဆင့်ရလဒ် ၈ရပ်တို့ ပါဝင်သည်။ ယင်းတို့ကို ယေဘုယျသာ အဓိပ္ပာယ်ဖွင့်ပြထားသည်။ ထို့ကြောင့် သက်ဆိုင်ရာ စိုက်ပျိုး-ဂေဟဇုန်နှင့် လိုက်အောင် ပြောင်းလဲ ကျင့်သုံးနိုင်သည်။

နယ်မြေအဆင့်စီမံကိန်းအဆင့်တွင် ပြုလုပ်သူကို ဗဟိုပြုသည့် မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန်၊ ရခိုင်ဒေသ စီမံကိန်းများအတွက် ပြောင်းလဲမှုသီအိုရီများကို LIFTကပြုစုထားပြီး တောင်တန်းဒေသအတွက်မှာ ဆောင်ရွက်ဆဲဖြစ်သည်။ သက်ဆိုင်ရာ စီမံကိန်းများမှ ရယူရန် စီမံထားသည့် အကျိုးရလဒ်များ၊ ယင်းအပြောင်းအလဲများကို ဆောင်ရွက်ပေးမည့် ပြုလုပ်သူများ ယင်းတွင် ပါဝင်သည်။ ပြုလုပ်သူဗဟိုပြု TOC က စီမံကိန်းအစိတ်အပိုင်းများ (ဥပမာ၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ အကြံပေးဝန်ဆောင်မှု၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ အာဟာရ၊ ရွှေ့ပြောင်းသွားလာမှု စသည်)တို့သည် စီမံကိန်းရလဒ်များကို မည်သို့ ဖြစ်ပေါ်စေမည်ကို ပြနေသည်။

သက်ဆိုင်ရာစီမံကိန်းမူဘောင် ပြောင်းလဲမှုသီအိုရီကို အခြေခံကာ ယင်းတို့၏ စီမံချက်များက စီမံကိန်းရလဒ်များ ထွက်ပေါ်လာအောင် မည်သို့ ဆောင်ရွက်မည်ကို ဖော်ပြသော ပြောင်းလဲမှုသီအိုရီများကို IPတို့က ပြုစုသည်။

## LIFT၏ ယုတ္တိဗေဒမူဘောင်

LIFT၏ မဟာဗျူဟာသစ်ကို ပိုမိုထင်ဟပ်စေရန် FMOသည် LIFT၏ ယုတ္တိဗေဒမူဘောင်အသစ်ကို ရန်ပုံငွေဘုတ်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ကျွမ်းကျင်သူများနှင့် အကြိမ်ကြိမ်တိုင်ပင်ကာ ပြုစုခဲ့သည်။ ယင်းတွင် တာဝန်အဆင့် အညွှန်း ၁၁ခုနှင့် စီမံကိန်းအဆင့် အညွှန်း၂၈ခုတို့ ပါဝင်သည်။ ယင်းတို့တွင် အညွှန်းအသစ်၂၄ခု၊ အနည်းငယ်မွမ်းမံထားသော်လည်း ယခင်က ယုတ္တိဗေဒမူဘောင် အချက်အလက်များကို အသုံးပြုနိုင်သည့် အညွှန်း၉ခု၊ ယခင် အညွှန်း၃ခုတို့ ပါဝင်ကြသည်။ အပြည့်အစုံကို နောက်ဆက်တွဲ၃တွင် ကြည့်ပါ။

## သုံးသပ်သည့် သင်ယူသည့် မေးခွန်းများ

ပိုမိုအာရုံစိုက်နိုင်ရန်နှင့် အသုံးဝင်သည့် အသိအမြင်များ ရရှိရန်အတွက် LIFT၏ MEALမူဘောင်တွင် သုံးသပ်သည့် သင်ယူသည့် မေးခွန်း (ELQ)များကို အဆင့်တိုင်းတွင် ထည့်သွင်းထားသည်။ LIFTအဆင့်တွင် မေးခွန်း၆ခုကို သုံးသပ်ရေးအတွက်ရော သင်ယူရေးအတွက်ပါ ထည့်သွင်းထားသည်။ ယင်းတို့သည် DAC၏ သုံးသပ်မှုစံနှုန်းကို အကြမ်းဖျင်း လိုက်နာပြီး LIFT၏ သက်ဆိုင်မှု၊ ထိရောက်မှု၊ သက်ရောက်မှု၊ ကျွမ်းကျင်မှု၊ တာရှည်တည်တံ့မှုတို့ကို မေးထားသည်။ ထို့ပြင် မူဝါဒတွင် ဩဇာသက်ရောက်မှုနှင့် ကျားမရေးရာ တန်းတူညီမျှမှုဆိုင်ရာ ELQများလည်း ရှိသေးသည်။ ယင်းမေးခွန်းတို့ကို LIFTအဆင့်တွင် ပြုလုပ်သော သုံးသပ်မှုများကို စုပေါင်း၍လည်းကောင်း၊ စီမံကိန်းအဆင့် စီမံချက်အဆင့် ELQများဖြင့်လည်းကောင်း ဖြေဆိုမည်။

## LIFT၏ တိုင်းတာရေးနှင့် အချက်အလက်စုဆောင်းရေးနည်းလမ်းများ

၂၀၁၈ခုနှစ်အတွင်းတွင် LIFTသည် MEALနှင့်သက်ဆိုင်သော လေ့လာမှုကြီး၂ခုကို ဒီဇိုင်းထုတ်ကာ ဆောင်ရွက်ခဲ့သည်။ ယင်းတို့မှာ နှစ်ဝက်အိမ်ထောင်စုစစ်တမ်းနှင့် ကမ္ဘာ့ဘဏ်က ဆောင်ရွက်သော ပဋ္ဌမအကြော့ QSEM စီမံချက်တို့ဖြစ်သည်။

**အိမ်ထောင်စုစစ်တမ်း။** ၂၀၁၅ခုနှစ် နှစ်ဝက်အိမ်ထောင်စုစစ်တမ်းတွင် ကြံ့ကြံ့ခံနိုင်မှုအညွှန်း၊ အမျိုးသမီးများ အမည်စုံစားသုံးနိုင်မှု ပေးမှတ်၊ အာဟာရနှင့် ရေနှင့်သန့်ရှင်းရေး ဆိုင်ရာ ပိုမိုပြည့်စုံသော မေးခွန်းများ၊ ၂နှစ်အောက် ကလေးမိခင် တို့၏ လက်မောင်းလုံးပတ်တိုင်းခြင်း စသည်တို့ကို ပြည့်စုံစွာ မေးထားသည်။ စစ်တမ်းကောက်ယူမည့် နမူနာ အရွယ်အစားကိုလည်း အိမ်ထောင်စု ၄၈၀၀ ထိ တိုးထားပြီး LIFT၏ မဟာဗျူဟာဟောင်း(၂၀၁၁)အရ ဆောင်ရွက်ခဲ့သော စီမံကိန်းများ၏ ပန်းဝင်မျဉ်းအဖြစ်လည်းကောင်း၊ (၂၀၁၄)မဟာဗျူဟာအသစ်အရ ဆောင်ရွက်မည့် စီမံကိန်းသစ်များ၏ တာထွက်မျဉ်း အဖြစ် လည်းကောင်း အသုံးပြုရန် စစ်တမ်းကောက်မည်။

**QSEM။** LIFT၏ မဟာဗျူဟာအသစ်နှင့် ပိုမိုအံဝင်ရန် LIFTနှင့် ကမ္ဘာ့ဘဏ်တို့သည် လူမှုစီးပွားအရည်အသွေး ဆိုင်ရာ စောင့်ကြည့်စစ်ဆေးမှုကို ပြန်လည်ဒီဇိုင်းရေးဆွဲခဲ့သည်။ ယင်းသည် ကြံ့ကြံ့ခံနိုင်မှု၊ မြေယာပိုင်ဆိုင်ရေး ကိစ္စရပ်များ၊ အာဟာရ၊ ကျားမရေးရာ၊ ပုဂ္ဂလိကကဏ္ဍ၊ 'ထွက်ခွာ'သည့်ပုံစံအမျိုးမျိုးတို့ကို ပို၍အာရုံစိုက်ခဲ့သည်။ ထို့ပြင် နမူနာကောက်ခဲ့သည့် ကျေးရွာတို့တွင် ပဋိပက္ခမှ ထမြောက်လာသည့် နယ်မြေတို့မှလည်း ပါဝင်သည်။ ယင်းကို *အသက်မွေးမှုနှင့် လူမှုရေးအပြောင်းအလဲ၊ QSEအစီရင်ခံစာများ*ဟု အမည်ပြင်ဆင်ခဲ့သည်။

M&E ဌာနသည် ၂၀၁၅ခုနှစ်တွင် အကဲဖြတ်မှု ၁၂ကြိမ် ဆောင်ရွက်ခဲ့သည်။[91]

91 သက်တမ်းဝက် ပြန်လည်သုံးသပ်ချက် (တက်လမ်း)၊ သက်ရောက်မှုသုံးသပ်ချက် (အသေးစားငွေကြေး)၊ meta-အကဲဖြတ်ချက်(အပြီးသတ် စီမံချက်အကဲဖြတ်ချက်၊ လုပ်ငန်းစဥ်၊ ရလဒ်၊ အသုံးပြုပုံ)၊ စီမံချက်အပြီးသတ် အကဲဖြတ်ချက် ၉ခု၊

# ၆.၆။ ဘဏ္ဍာရေး

၂၀၁၅ခုနှစ် ဒီဇင်ဘာလ၃၁ရက်နေ့တွင် LIFTအလှူရှင်များ၏ ထည့်ဝင်ငွေများ အောက်ပါအတိုင်းဖြစ်သည်-

*ဇယား၆.၇။ ၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၃၁ရက်နေ့၏ LIFTသို့လှူဒါန်းမှု စုစုပေါင်း(ကန်ဒေါ်လာ)*

| အလှူရှင် | လက်မှတ်ရေးထိုး ကတိကဝတ်ဖော်ပြမှု* | % |
|---|---|---|
| ဩစတြေးလျ | ၁၈,၅၆၈,၃၇၄ | ၄.၃ |
| ဒိန်းမတ် | ၉,၉၉၁,၅၆၆ | ၂.၃ |
| ဥရောပသမဂ္ဂ | ၁၃၀,၀၁၉,၆၂၇ | ၃၀.၄ |
| ပြင်သစ် | ၁,၃၁၉,၈၀၀ | ၀.၃ |
| အိုင်ယာလန် | ၈၄၂,၅၈၀ | ၀.၂ |
| အီတလီ | ၈၅၂,၀၄၀ | ၀.၂ |
| မစ်ဆူဘီရှီ | ၂၀၀,၀၀၀ | ၀.၀ |
| နယ်သာလန် | ၂,၉၅၀,၀၀၀ | ၀.၇ |
| နယူးဇီလန် | ၈၀၉,၆၅၀ | ၀.၂ |
| ဆွီဒင် | ၂,၇၂၅,၇၇၆ | ၀.၆ |
| ဆွစ်ဇာလန် | ၁၈,၁၈၇,၂၉၅ | ၄.၃ |
| ယူနိုက်တက်ကင်းဒမ်း | ၂၃၀,၆၉၀,၉၃၀ | ၅၄.၀ |
| အမေရိကန်ပြည်ထောင်စု | ၅,၀၀၀,၀၀၀ | ၁.၂ |
| UNDP/ PGMF | ၄,၈၄၅,၃၉၄ | ၁.၁ |
| အလှူငွေစုစုပေါင်း | ၄၂၇,၀၀၃,၀၃၂ | |
| အတိုးရငွေ | ၁,၀၈၁,၈၀၇ | |
| **စုစုပေါင်း** | **၄၂၈,၀၈၄,၈၃၉** | |

**ကတိကဝတ်ပြုမှုများမှာ ငွေလဲနှုန်းကြောင့် ၂၀၁၄ခုနှစ်ကိန်းဂဏန်းများနှင့် အနည်းငယ် ကွာခြားနိုင်သည်။*

*ဇယား၆.၈။ ၂၀၁၅ခုနှစ်အတွက် LIFT၏ အသုံးစရိတ်*

| လုပ်ငန်း | ဘတ်ဂျက် (ကန်ဒေါ်လာ) | အမှန်တကယ် သုံးစွဲမှု ( ကန်ဒေါ်လာ ) | ပိုသုံး / (လိုသုံး) | % |
|---|---|---|---|---|
| စီမံကိန်းအကောင်အထည်ဖော်ခြင်း | | | | |
| IPများသို့ ရန်ပုံငွေထောက်ပံ့ခြင်း | ၆၅,၅၃၃,၅၆၃ | ၅၇,၈၉၂,၄၆၅ | (၇,၆၄၁,၀၉၈) | -၁၂% |
| အလှူငွေမဟုတ်သော အထောက်အပံ့* | ၁၉၈,၃၁၂ | ၄၇၂,၅၈၆ | ၂၇၄,၂၇၄ | ၁၃၈% |
| သုတေသန | ၁,၉၀၀,၆၄၃ | ၁,၆၅၁,၂၂၈ | (၂၄၉,၄၁၅) | -၁၃% |
| FMO လုပ်ငန်းစရိတ် | ၄,၆၈၄,၉၁၇ | ၃,၃၉၂,၁၁၆ | (၁,၂၉၂,၈၀၁) | -၂၈% |
| FBသို့ ထောက်ပံ့ခြင်း | ၁၁၇,၄၂၅ | ၂၈,၇၆၀ | (၈၈,၆၆၅) | -၇၆% |
| အုပ်ချုပ်မှု | ၁,၀၉၈,၃၀၇ | ၉၃၂,၇၀၈ | (၁၆၅,၅၉၉) | -၁၅% |
| **စုစုပေါင်း** | **၇၃,၅၃၃,၁၆၇** | **၆၄,၃၆၉,၈၆၃** | **(၉,၁၆၃,၃၀၄)** | **-၁၂%** |

**အလှူငွေ မဟုတ်သော အထောက်အပံ့မှာ အတည်ပြုပြီး ဘတ်ဂျက်တွင် သုတေသနခေါင်းစဉ်အောက်တွင် ပါဝင်သည်။ ရှင်းလင်းစေရန် ခွဲပြထားခြင်းဖြစ်သည်။*

# နောက်ဆက်တွဲများ







# နောက်ဆက်တွဲ ၁။ LIFTဆောင်ရွက်သော စီမံချက်များနှင့် တည်နေရာများ

၂၀၁၅ခုနှစ်တွင် LIFTသည် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်၊ တိုင်း၁၃ခုရှိ၊ ခရိုင်၃၃ခု၊ မြို့နယ်၉၃မြို့နယ်တို့တွင် လုပ်ငန်းဆောင်ရွက်ခဲ့သည်။

| | မြို့နယ် အရေအတွက် | ခရိုင် အရေအတွက် | တိုင်း/ပြည်နယ် အရေအတွက် |
|---|---|---|---|
| LIFTလုပ်ငန်းဆောင်ရွက်ခဲ့သည့် စုစုပေါင်း | ၁၆၉ | ၄၈ | ၁၃ |
| ၂၀၁၅ခုနှစ်တွင် လုပ်ငန်းဆောင်ရွက်ဆဲ | ၉၃ | ၃၃ | ၁၃ |

*နောက်ဆက်တွဲဇယား ၁.၁။ ၂၀၁၅ခုနှစ် ဒီဇင်ဘာလကုန်တွင် LIFTလုပ်ငန်းဆောင်ရွက်နေဆဲ မြို့နယ်များ*

| ပြည်နယ်/တိုင်း | | ခရိုင် | | မြို့နယ်များ |
|---|---|---|---|---|
| ၁ | ဧရာဝတီ | ၁ | ဟသ်ာတ | ဟသ်ာတ၊ အင်္ဂပူ၊ ကြံခင်း၊ မြန်အောင်၊ ဇလွန် |
| | | ၂ | လပွတ္တာ | လပွတ္တာ၊ မော်လမြိုင်ကျွန်း |
| | | ၃ | မအူပင် | ဓနုဖြူ၊ မအူပင်၊ ညောင်တုံး၊ ပန်းတနော် |
| | | ၄ | မြောင်းမြ | အိမ်မဲ၊ မြောင်းမြ၊ ဝါးခယ်မ |
| | | ၅ | ပုသိမ် | ကျုံပျော်၊ သာပေါင်း၊ ငပုတော |
| | | ၆ | ဖျာပုံ | ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်၊ ဖျာပုံ |
| ၂ | ပဲခူး | ၇ | ပဲခူး | ပဲခူး၊ ဒိုက်ဦး၊ ကဝ၊ ညောင်လေးပင်၊ ရွှေကျင်၊ သနပ်ပင်၊ ဝေါ |
| | | ၈ | ပြည် | ပေါင်းတည်၊ ပြည်၊ ရွှေတောင်၊ သဲကုန်း |
| | | ၉ | တောင်ငူ | တောင်ငူ၊ ရေတာရှည် |
| | | ၁၀ | သာယာဝတီ | ကြို့ပင်ကောက်၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ နတ်တလင်း၊ အုတ်ဖို၊ သာယာဝတီ၊ ဇီးကုန်း |
| ၃ | ချင်း | ၁၁ | ဖလမ်း | ဖလမ်း၊ ဟားခါး၊ တီးတိန်၊ ထန်တလန်၊ တွန်းဇံ |
| ၄ | ကချင် | ၁၂ | ဗန်းမော် | ဗန်းမော်၊ မန်စီ၊ မိုးမောက်၊ ရွှေကူ |
| | | ၁၃ | မိုးညှင်း | မိုးကောင်း |
| | | ၁၄ | မြစ်ကြီးနား | အင်ဂျန်းယန်၊ မြစ်ကြီးနား၊ ဝိုင်းမော် |
| | | ၁၅ | ပူတာအို | မချန်းဘော၊ နောင်မွန်း၊ ပူတာအို၊ ဆွမ်ပရာဘုံ |
| ၅ | ကရင် | ၁၆ | ဖားအံ | လှိုင်းဘွဲ့၊ ဖားအံ၊ သံတောင်ကြီး |
| | | ၁၇ | ကော့ကရိတ် | ကော့ကရိတ် |

| | | | | |
|---|---|---|---|---|
| ၆ | မကွေး | ၁၈ | မကွေး | ချောက်၊ မြို့သစ်၊ မကွေး၊ နတ်မောက်၊ တောင်တွင်းကြီး၊ ရေနံချောင်း |
| | | ၁၉ | မင်းဘူး | မင်းဘူး၊ စလင်း၊ စေတုတ္တရာ |
| | | ၂၀ | ပခုက္ကူ | မြိုင်၊ ပခုက္ကူ၊ ပေါက်၊ ဆိပ်ဖြူ၊ ရေစကြို |
| | | ၂၁ | သရက် | အောင်လံ၊ ကံမ |
| ၇ | မန္တလေး | ၂၂ | ကျောက်ဆည် | ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင် |
| | | ၂၃ | မန္တလေး | အမရပူရ |
| | | ၂၄ | မိတ္ထီလာ | မလှိုင်၊ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်း |
| | | ၂၅ | မြင်းခြံ | ကျောက်ပန်းတောင်း၊ မြင်းခြံ၊ နွားထိုးကြီး၊ ငါန်းဇွန် ၊ တောင်သာ |
| | | ၂၆ | နေပြည်တော် | လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်း၊ ပုဗ္ဗသီရိ |
| | | ၂၇ | ညောင်ဦး | ညောင်ဦး |
| | | ၂၈ | ပြင်ဦးလွင် | မတ္တရာ |
| | | ၂၉ | ရမည်းသင်း | ပျော်ဘွယ်၊ ရမည်းသင်း |
| ၈ | မွန် | ၃၀ | သထုံ | ဘီးလင်း၊ ကျိုက်ထို၊ သထုံ |
| ၉ | ရခိုင် | ၃၁ | ကျောက်ဖြူ | အမ်း၊ ကျောက်ဖြူ |
| | | ၃၂ | စစ်တွေ | မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပေါက်တော၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင် ဂွ၊ သံတွဲ၊ တောင်ကုတ် |
| | | ၃၃ | သံတွဲ | |
| ၁၀ | စစ်ကိုင်း | ၃၄ | ကလေး | ကလေး |
| | | ၃၅ | မုံရွာ | အရာတော်၊ ချောင်းဦး၊ မုံရွာ၊ ဆားလင်းကြီး၊ ယင်းမာပင် |
| | | ၃၆ | စစ်ကိုင်း | မြောင်၊ မြင်းမူ၊ စစ်ကိုင်း |
| | | ၃၇ | ရွှေဘို | ခင်ဦး၊ ရွှေဘို၊ ဝက်လက်၊ ရေဦး |
| ၁၁ | ရှမ်း | ၃၈ | ကျောက်မဲ | ကျောက်မဲ၊ သီပေါ |
| | | ၃၉ | လားရှိုး | လားရှိုး |
| | | ၄၀ | လောက်ကိုင် | ကျိုင်းတုံ၊ နောင်ချို၊ လောက်ကိုင် |
| | | ၄၁ | လွိုင်လင် | မိုင်းကောင် |
| | | ၄၂ | မိုင်းဖြတ် | မိုင်းဖြတ် |
| | | ၄၃ | တာချီလိတ် | တာချီလိတ်၊ တာလေ |
| | | ၄၄ | တောင်ကြီး | ဟိုပုံး၊ ဆီဆိုင်၊ ကလော၊ ရပ်စောက်၊ ညောင်ရွှေ၊ ပင်းတယ၊ ပင်လောင်း၊ တောင်ကြီး၊ ရွာငံ |
| ၁၂ | တနင်္သာရီ | ၄၅ | ထားဝယ် | ထားဝယ် |
| ၁၃ | ရန်ကုန် | ၄၇ | ရန်ကုန် (မြောက်) | ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(အရှေ့)၊ ဒဂုံမြို့သစ်(မြောက်)၊ ဒဂုံမြို့သစ်(တောင်)၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သာကေတ |
| | | ၄၈ | ရန်ကုန် (တောင်) | ကော့မှူး၊ ကွမ်းခြံကုန်း၊ ကျောက်တန်း၊ သန်လျင်၊ တွံတေး |

# နောက်ဆက်တွဲ ၂။ ၂၀၁၅ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော/ ပိတ်သိမ်းပြီးသော စီမံချက်များ

*နောက်ဆက်တွဲဇယား ၂.၁။ ၂၀၁၅ဒီဇင်ဘာ၃၁ရက်ထိ လက်မှတ်ရေးထိုးခဲ့သော အထောက်အပံ့များ*

| စဉ် | IPအမည် | လုပ်ကွက် | ငွေပမာဏ (ကန်ဒေါ်လာ) | စီမံချက်သက်တမ်း | စီမံချက်အမည် |
|---|---|---|---|---|---|
| ၁ | World Vision Myanmar | မြစ်ဝကျွန်းပေါ်-၃ | ၁,၅၆၀,၁၃၈ | ၉-၉-၂၀၁၅ မှ ၃၁-၁၂-၂၀၁၈ထိ | ဘိုကလေးတွင် အသက်မွေးဝမ်းကျောင်းမှုများကို ဖြစ်ထွန်းစေခြင်း |
| ၂ | Mercy Corps | မြစ်ဝကျွန်းပေါ်-၃ | ၄,၃၃၈,၁၉၇ | ၁-၁၀-၂၀၁၅ မှ ၃၀-၉-၂၀၁၈ ထိ | လယ်ယာကို ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း၊ စိုက်ပျိုးရေး၊ ကျွမ်းကျင်မှုအလုပ်အကိုင်တို့ဖြင့် ဝင်ငွေ တိုးစေခြင်း |
| ၃ | Welthungerhilfe | မြစ်ဝကျွန်းပေါ်-၃ | ၃,၈၉၆,၅၆၄ | ၁-၁၀-၂၀၁၅ မှ ၃၀-၉-၂၀၁၈ ထိ | မြစ်ဝကျွန်းပေါ်ကျေးလက်ဒေသ ရေရှည်တည်တံ့သော အသက်မွေးမှု ဖွံ့ဖြိုးရေးကို အရှိန်မြှင့်ခြင်း |
| ၄ | Save the Children | မြစ်ဝကျွန်းပေါ်-၃ | ၃,၂၅၃,၃၉၀ | ၁၁-၁၂-၂၀၁၅ မှ ၃၁-၁၂-၂၀၁၈ ထိ | ကြံ့ကြံ့ခံမှု၊ အာဟာရ ပြည့်ဝရေး စုပေါင်းဆောင်ရွက်မှု တို့ကို တည်ဆောက်ခြင်း |
| ၅ | International Organization of Migration | မြစ်ဝကျွန်းပေါ်-၃ | ၇၄၉,၁၀၀ | ၁၅-၁၂-၂၀၁၅ မှ ၃၁-၈-၂၀၁၈ ထိ | ရွှေ့ပြောင်းသွားလာမှုကို အသက်မွေးမှု မဟာဗျူဟာ အဖြစ် မြစ်ဝကျွန်းပေါ်ဒေသတွင် အသုံးပြုခြင်း |
| ၆ | Lodestar Co.Ltd./ SPPRG | အပူပိုင်းဇုန် | ၈၇၉,၂၈၇ | ၃-၆-၂၀၁၈ မှ ၂-၆-၂၀၁၈ ထိ | ရပ်ရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်များ - ကနဦးစံပြ စီမံချက်၏ ထိရောက်မှုနှင့် ကျွမ်းကျင်မှု |
| ၇ | Food and Agriculture Organization (FAO) | အပူပိုင်းဇုန် | ၄,၄၀၀,၀၀၀ | ၃၀-၁၁-၂၀၁၅ မှ ၃၁-၁၂-၂၀၁၅ ထိ | မွေးမြူရေးတိရစ္ဆာန်များ၏ ကျန်းမာရေး၊ ကုန်ထုတ်စွမ်းအား၊ ဈေးကွက် တင်ခြင်းတို့ကို ကောင်းမွန်စေခြင်း ဖြင့် အပူပိုင်းဇုန် တောင်သူများ၏ အသက်မွေးမှုကို တိုးတက် ကောင်းမွန်စေခြင်း |
| ၈ | International Fertilizer Development Centre (IFDC) | အပူပိုင်းဇုန် | ၄,၄၆၀,၀၀၀ | ၂-၁၂-၂၀၁၅မှ ၃၁-၁၂-၂၀၁၈ ထိ | အပူပိုင်းဇုန် စိုက်ပျိုးရေး-သွင်းအားစုနှင့် လယ်ယာဝန်ဆောင်မှု စီမံချက် |
| ၉ | Save the Children | အပူပိုင်းဇုန် | ၄,၉၄၂,၈၄၂ | ၁၁-၁၂-၂၀၁၅ မှ ၃၁-၁၂-၂၀၁၈ ထိ | သင်ယူခြင်း၊ အထောက်အထား ဖော်ထုတ်ခြင်း၊ မူဝါဒ အပြောင်းအလဲ ဖြစ်စေရန် ဆွေးနွေးတိုက်တွန်းဆောင်ရွက်ခြင်း |
| ၁၀ | HelpAge | အပူပိုင်းဇုန် | ၄,၂၀၀,၀၀၀ | ၁၅-၁၂-၂၀၁၅ မှ ၃၁-၁၂-၂၀၁၈ ထိ | အပူပိုင်းဇုန် လူမှုကာကွယ်စောင့်ရှောက်ရေး |
| ၁၁ | Pact Global Microfinance Fund (PGMF) | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၁,၇၀၀,၀၀၀ | ၁-၉-၂၀၁၅ မှ ၃၁-၈-၂၀၁၈ ထိ | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုကို လက်လှမ်းမီခြင်း စီမံချက် |
| ၁၂ | Proximity Designs | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၅,၀၉၇,၁၆၄ | ၁-၁၀-၂၀၁၅ မှ ၃၀-၆-၂၀၁၈ ထိ | ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှု ရှေ့သို့ဆက်ခြင်း |

| | | | | | |
|---|---|---|---|---|---|
| ၁၃ | World Vision Myanmar/ Vision Fund | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၄,၅၀၀,၀၀၀ | ၁၂-၁၁-၂၀၁၅ မှ ၃၁-၁၂-၂၀၁၈ ထိ | တောင်တန်းဒေသအတွက် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု |
| ၁၄ | GRET | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၁,၃၂၀,၁၇၆ | ၁၄-၁၂-၂၀၁၅ မှ ၃၁-၁၂-၂၀၁၈ ထိ | ချင်း MFI/ချင်းပြည်နယ်တွင် ရေဘေးသင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ချက် |
| ၁၅ | Pact Global Microfinance Fund (PGMF) | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၈,၃၂၃,၄၉၇ | ၁၄-၁၂-၂၀၁၅ မှ ၃၁-၁၂-၂၀၁၈ ထိ | ရခိုင်ပြည်နယ်တွင် ငွေကြေးဆိုင် ရာတွင် အားလုံးပါဝင်စေမှုကို လက်လှမ်းမီစေခြင်း |
| ၁၆ | Yoma Bank | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၁၈,၀၇၀,၀၀၀ | ၁၈-၁၂-၂၀၁၅ မှ ၃၁-၁၂-၂၀၁၈ ထိ | ရိုးမဘဏ် စိုက်ပျိုး-စီးပွား ငွေကြေး စီမံကိန်း |
| ၁၇ | Michigan State University | သင်ယူလေ့လာခြင်း နှင့် တီထွင်ဆန်းသစ်ခြင်း | ၂,၁၉၉,၁၇၈ | ၁-၇-၂၀၁၅ မှ ၃၀-၆-၂၀၁၈ ထိ | မြန်မာနိုင်ငံ စိုက်ပျိုးစားကုန် တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးရေး၊ ကျေးလက်နေ နွမ်းပါးသူတို့ အသက်မွေးမှုအတွက် ပါဝင်ပတ်သက်ခြင်း |
| ၁၈ | WorldFish | သင်ယူလေ့လာခြင်း နှင့် တီထွင်ဆန်းသစ်ခြင်း | ၃,၂၈၄,၅၉၂ | ၂၁-၉-၂၀၁၅ မှ ၃၁-၁၂-၂၀၁၈ ထိ | မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ သောငါးမွေးမြူရေးကို ဖြစ်ထွန်း စေခြင်းဖြင့် ဧရာဝတီမြစ်ဝကျွန်း ပေါ်ဒေသနှင့် အပူပိုင်းဇုန်ရှိ ရပ်ရွာများတွင် ရိက္ခာဖူလုံရန်နှင့် ဝင်ငွေတိုးတက်ရန် |
| ၁၉ | Gender Equality Network (GEN) | အရပ်ဘက်လူမှုအဖွဲ့အစည်း | ၁,၉၇၂,၁၆၅ | ၁-၁-၂၀၁၆ မှ ၃၁-၁၂-၁၈ ထိ | မြန်မာနိုင်ငံတွင် ကျားမတန်းတူ ညီမျှရေးကို တိုး၍ စိတ်နှစ် ဆောင်ရွက်ခြင်း |
| ၂၀ | Land Core Group (Land Consulting Group Co., Ltd.) | အရပ်ဘက်လူမှုအဖွဲ့အစည်း | ၁,၆၉၉,၄၆၆ | ၁-၁-၂၀၁၆ မှ ၃၁-၁၂-၂၀၁၈ ထိ | မြေနှင့်သယံဇာတကို တန်းတူညီမျှ လက်လှမ်းမီထိန်းချုပ်ရေး ကို ဖြစ်ထွန်းစေခြင်း |
| ၂၁ | Food Security Working Group (FSWG) | အရပ်ဘက်လူမှုအဖွဲ့အစည်း | ၁,၆၂၂,၉၅၈ | ၁-၁-၂၀၁၆ မှ ၃၁-၁၂-၂၀၁၈ ထိ | မြန်မာနိုင်ငံတွင် ရိက္ခာဖူလုံရေး အတွက် အရင်းအမြစ်များနှင့် မိတ်ဖက်များကို အသုံးချခြင်း (အဆင့်၂) |
| ၂၂ | International Organization of Migration (IOM) | ရွှေ့ပြောင်းသွားလာရေး | ၁,၉၉၉,၂၁၇ | ၁-၁-၂၀၁၆ မှ ၃၁-၁၂-၂၀၁၈ ထိ | မြန်မာနိုင်ငံတွင် ဆင်းရဲမှု လျော့ချရေးနှင့် အားလုံးပါဝင် စေသော ဖွံ့ဖြိုးရေးအတွက် လူသားရွှေ့ပြောင်းမှုကို အရင်း အနှီးပြုလုပ်ခြင်း |
| ၂၃ | Radanar Ayar | ပုဂ္ဂလိကကဏ္ဍနှင့် ထိတွေ့ဆောင်ရွက်ခြင်း | ၂၁၆,၃၂၅ | ၂၀-၁၁-၂၀၁၅ မှ ၃၁-၅-၂၀၁၇ ထိ | ရိက္ခာဘေးကင်းရေးစီမံချက် (ဟိုင်းနကင်) |
| ၂၄ | PRIME | ပုဂ္ဂလိကကဏ္ဍနှင့် ထိတွေ့ဆောင်ရွက်ခြင်း | ၅,၈၈၄,၈၆၂ | ၁၄-၁၂-၂၀၁၅မှ ၃၁-၁၂-၂၀၁၈ ထိ | အသက်မွေးမှုနှင့် လုပ်ကွက်ငယ် တောင်သူများ ကြီးပွားရေး အတွက် ရေ |
| ၂၅ | International Rescue Committee (IRC) | ရခိုင်ဒေသ | ၁၀,၅၀၀,၀၀၀ | ၂၃-၁၁-၂၀၁၅ မှ ၃၁-၁၂-၂၀၁၈ ထိ | တက်လမ်း ရေရှည်စားနပ်ရိက္ခာ ဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းမှု အစီအစဉ် အဆင့်၂ |
| ၂၆ | CARE International | ရခိုင်ဒေသ | ၉၆၄,၄၆၃ | ၄-၁၂-၂၀၁၅ မှ ၃၀-၁၂-၂၀၁၇ ထိ | တက်လမ်းအဆင့်၂အတွက် M&E နှင့် သင်ယူရေး |

| | | | | | |
|---|---|---|---|---|---|
| ၂၇ | Oxfam | ရခိုင်ဒေသ | ၉၃၅,၀၇၆ | ၄-၁၂-၂၀၁၅ မှ ၂၈-၂-၂၀၁၈ ထိ | တက်လမ်း ရေရှည်စားနပ်ရိက္ခာ ဖူလုံမှုနှင့် အသက်မွေးဝမ်း ကျောင်းမှုအစီအစဉ် အဆင့်၂ |
| ၂၈ | Save the Children | ရခိုင်ဒေသ | ၁၀,၃၀၀,၀၀၀ | ၈-၁၂-၂၀၁၅ မှ ၃၁-၁၂-၂၀၁၈ ထိ | တက်လမ်း ရေရှည်စားနပ်ရိက္ခာ ဖူလုံမှုနှင့် အသက်မွေးဝမ်း ကျောင်းအစီအစဉ် အဆင့်၂ |
| ၂၉ | Care International | ရခိုင်ဒေသ | ၃,၅၁၉,၁၄၇ | ၁၀-၁၂-၂၀၁၅ မှ ၃၁-၁၂-၂၀၁၈ ထိ | ရသေ့တောင်မြို့နယ်ရှိ အိမ် ထောင်စုများ၊ ရပ်ရွာများတွင် ရိက္ခာဖူလုံရေး၊ ကြံ့ကြံ့ခံနိုင်ရေး စည်းလုံးရေးအတွက် ထောက်ပံ့ခြင်း |
| ၃၀ | Better Life Organization (BLO) | ရခိုင်ဒေသ | ၁,၀၁၆,၉၀၂ | ၁၁-၁၂-၂၀၁၅ မှ ၂၈-၂-၂၀၁၇ ထိ | တက်လမ်း ရေရှည်စားနပ်ရိက္ခာ ဖူလုံရေးနှင့် အသက်မွေးဝမ်း ကျောင်းအစီအစဉ် အဆင့်၂ |
| ၃၁ | Pact Global Microfinance Fund (PGMF) | ရေဘေး တုံ့ပြန် ဆောင်ရွက်ချက် | ၂,၄၃၄,၀၀၀ | ၁-၉-၂၀၁၅ မှ ၃၁-၁၂-၂၀၁၅ ထိ | အသေးစားငွေကြေး ပြန်လည် ထူထောင်ရေးအတွက် ရေဘေး နောက်ပိုင်း စိုက်ပျိုးရေး |
| ၃၂ | Vision Fund International | ရေဘေး တုံ့ပြန် ဆောင်ရွက်ချက် | ၅၀၀,၀၀၀ | ၁၁-၁၂-၂၀၁၅ မှ ၃၁-၇-၂၀၁၆ ထိ | ဟသ်ာတ၊ ပုသိမ်၊ စစ်ကိုင်း၊ ဖားအံတို့အတွက် ရေဘေး သက်ရောက်မှုနှင့် ပြန်လည် ထူထောင်ရေး အဆိုပြုလွှာ |
| ၃၃ | Choklei Organization for Rural and Agricultural Development (CORAD) | ရေဘေး တုံ့ပြန် ဆောင်ရွက်ချက | ၉၂,၉၀၂ | ၁-၉-၂၀၁၅ မှ ၃၁-၁၂-၂၀၁၅ ထိ | မြောက်ပိုင်းချင်းပြည်နယ်ရှိ ဘေးသင့်မိသားစုများအတွက် ရိက္ခာနှင့် ပစ္စည်း ပြန်လည် ထူထောင်ရေး ထောက်ပံ့ခြင်း |
| ၃၄ | Choklei Organization for Rural and Agricultural Development (CORAD) | တောင်တန်း ဒေသ | ၇,၀၉၃ | ၄-၁၁-၂၀၁၅ မှ ၃၁-၁၂-၂၀၁၅ ထိ | မြောက်ပိုင်းချင်းပြည်နယ်ရှိ သီးနှံ အမျိုးအမည် များပြားလာရေးနှင့် စီးပွားရေးပေါင်းစည်းလာရေး အတွက် အဆိုပြုလွှာ ပြင်ဆင်ရန် |
| ၃၅ | Centre for Resources Mobilisation (CRM) | တောင်တန်း ဒေသ | ၇,၃၆၆ | ၅-၁၁-၂၀၁၅ မှ ၃၀-၁၂-၂၀၁၅ ထိ | တီထွင်ဆန်းသစ်သော အသက်မွေးမှုနှင့် တန်ဖိုးကွင်းဆကစီမံချက် အဆိုပြု လွှာပြင်ဆင်ရန် |
| ၃၆ | Karen Development Network | တောင်တန်း ဒေသ | ၁၁,၈၉၃ | ၆-၁၁-၂၀၁၅ မှ ၃၁-၁၂-၂၀၁၅ ထိ | အိမ်ပစ်ယာပစ်လာခဲ့ရသူများ အသက်မွေးမှုမြှင့်တင်ရေး အတွက် အဆိုပြုလွှာပြင်ဆင်ရန် |
| ၃၇ | မေတ္တာဖွံ့ဖြိုးမှု ဖောင်ဒေးရှင်း | တောင်တန်း ဒေသ | ၂၉,၉၃၄ | ၉-၁၁-၂၀၁၅ မှ ၃၁-၁၂-၂၀၁၅ ဆထိ | တောင်တန်းဒေသအတွက် တင်သွင်းမည့် စီမံချက် အဆိုပြု လွှာနှစ်စောင်ကို အပြည့်အစုံ ပြင်ဆင်ရန် |
| | စုစုပေါင်း | | ၁၂၀,၈၈၇,၈၉၄ | | |

*နောက်ဆက်တွဲဇယား ၂.၂။ ၂၀၁၅ခုနှစ် ဒီဇင်ဘာ၃၁ရက်တွင် ပိတ်သိမ်းခဲ့သော အထောက်အပံ့များ*

| | IPအမည် | လုပ်ကွက် | ပိတ်သိမ်း ရက်စွဲ | စီမံချက်အမည် |
|---|---|---|---|---|
| ၁ | GRET | နိုင်ငံတဝန်း | ၃-၇-၂၀၁၅ | ချင်းပြည်နယ်မြောက်ပိုင်း၅မြို့နယ်တွင် ရေရှည်ခံ သော အသက်မွေးမှုနှင့် သယံဇာတစီမံခန့်ခွဲမှု |
| ၂ | Metta Development Foundation | နိုင်ငံတဝန်း | ၃၁-၅-၂၀၁၅ | လုပ်ကွက်ငယ်တောင်သူများ၏ စားနပ်ရိက္ခာ ဖူလုံမှုကို မြှင့်တင်ပေးမည့် တောင်သူသင်တန်း ကျောင်း(LIFT-FFS) |
| ၃ | HelpAge | နိုင်ငံတဝန်း | ၃၀-၆-၂၀၁၅ | အသက်မွေးဝမ်းကျောင်းမှုကို မျှတသော/အားလုံး ပါဝင်နိုင်သော ချဉ်းကပ်မှုပုံစံဖြင့် စီးပွားရေးအရ ထိခိုက်လွယ်မှုကို လျှော့ချခြင်း |
| ၄ | Disabled People's Development Organisation (DPDO) | နိုင်ငံတဝန်း | ၃၁-၃-၂၀၁၅ | အပူပိုင်းဇုန်ဒေသအတွင်း မသန်စွမ်းသူများ၏ အနာဂတ်အတွက် မျိုးစေ့ချခြင်း |
| ၅ | CESVI | နိုင်ငံတဝန်း | ၃၀-၆-၂၀၁၅ | ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲနှင့် နောင်ချို မြို့နယ်တွင် အသက်မွေးဝမ်းကျောင်းမှု လုံခြုံရေး |
| ၆ | SwissAid | နိုင်ငံတဝန်း | ၃၁-၃-၂၀၁၅ | အရပ်ဘက်လူမှုအဖွဲ့အစည်းများကို အားဖြည့် ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းမှုကို တိုးတက် စေခြင်း |
| ၇ | ActionAid | နိုင်ငံတဝန်း | ၁၁-၄-၂၀၁၅ | အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဦးဆောင်သော အပူပိုင်းဇုန်လူထုအခြေပြု အသက်မွေးမှု အရင်း အမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေး |
| ၈ | Welthungerhilfe | မြစ်ဝကျွန်း ပေါ်၂ | ၃၀-၉-၂၀၁၅ | ဘိုကလေး/မော်ကျွန်းမြို့နယ်တို့တွင် အားလုံး ပါဝင်သော စီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေမည့် တန်ဖိုးကွင်းဆက်ကို တည်ဆောက်ခြင်း |
| ၉ | Link Emergency Aid & Development (LEAD) | မြစ်ဝကျွန်း ပေါ်၂ | ၄-၇-၂၀၁၅ | စားနပ်ရိက္ခာဖူလုံမှုကို အရှိန်တိုးမြှင့်ခြင်း၊ နည်းပညာ ဆိုင်ရာ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သွင်းအားစုများ ပေးအပ်ခြင်းဖြင့် တောင်သူများ၊ မြေယာမဲ့ လယ် လုပ်သားများကို စားနပ်ရိက္ခာဖူလုံစေခြင်း(ဧရာဝတီ တိုင်း လပွတ္တာခရိုင်၊ ပြင်စလူမြို့နယ်ခွဲရှိ ကုန်းကြီး နှင့် တည်ပင်ကိုင်းကျေးရွာအုပ်စု) |
| ၁၀ | Proximity Designs | မြစ်ဝကျွန်း ပေါ်၂ | ၃၀-၄-၂၀၁၅ | ဘိုကလေး၊ မော်ကျွန်း၊ လပွတ္တာရှိ ထိခိုက်ခံရ လွယ်သော ရပ်ရွာများသို့ အသက်မွေးဝမ်းကျောင်း မှု အထောက်အပံ့ပေးခြင်း |
| ၁၁ | Mercy Corps | မြစ်ဝကျွန်း ပေါ်၂ | ၃၁-၈-၂၀၁၅ | ပြန်လည်ထူထောင်ခြင်းမှသည်- ဈေးကွက်က ဦးဆောင်သည့် ဆင်းရဲနွမ်းပါးသူများ အကျိုးဖြစ် ထွန်းစေမည့် စီးပွားရေးတိုးတက်မှု |
| ၁၂ | Pact | မြစ်ဝကျွန်း ပေါ်၂ | ၃၁-၅-၂၀၁၅ | မြစ်ဝကျွန်းပေါ်ရှိ မုန်တိုင်းဒဏ်ခံစားခဲ့ရသော ဆင်းရဲနွမ်းပါးသူများ အသက်မွေးမှု ကောင်းမွန်ရေး အတွက် ရေရှည်ခံသော အသေးစားငွေကြေး လုပ်ငန်း |
| ၁၃ | Proximity Designs - IDE | အပူပိုင်းဇုန်/ မြစ်ဝကျွန်းပေါ် | ၃၁-၁၂-၂၀၁၅ | လုပ်ကွက်ငယ်တောင်သူများ စိုက်ပျိုးရေးချေးငွေ ရရှိစေခြင်း |
| ၁၄ | Food and Agriculture Organization(FAO) | အပူပိုင်းဇုန် | ၃၁-၁-၂၀၁၅ | အပူပိုင်းဒေသစီမံကိန်း ဖွံ့ဖြိုးရေးနှင့် ဖော်ဆောင် ရေး |
| ၁၅ | International Rescue Committee (IRC) | ရခိုင်ဒေသ | ၃၁-၁၂-၂၀၁၅ | တက်လမ်း ရေရှည်စားနပ်ရိက္ခာဖူလုံမှုနှင့် အသက် မွေးဝမ်းကျောင်းမှုအစီအစဉ် |

| | | | | |
|---|---|---|---|---|
| ၁၆ | Choklei Organisation for Rural and Agricultural Development (CORAD) | တောင်တန်း ဒေသ | ၃၁-၁၂-၂၀၁၅ | မြောက်ပိုင်းချင်းပြည်နယ်ရှိ ဘေးသင့်မိသားစုများ အတွက် ရိက္ခာနှင့်ပစ္စည်း ပြန်လည်ထူထောင်ရေး ထောက်ပံ့ခြင်း |
| ၁၇ | Choklei Organisation for Rural and Agricultural Development (CORAD) | တောင်တန်း ဒေသ | ၃၁-၁၂-၂၀၁၅ | မြောက်ပိုင်းချင်းပြည်နယ်ရှိ သီးနှံအမျိုးအမည် များပြားလာရေးနှင့် စီးပွားရေးပေါင်းစည်းလာရေး အတွက် အဆိုပြုလွှာပြင်ဆင်ရန် |
| ၁၈ | Centre for Resources Mobilization (CRM) | တောင်တန်း ဒေသ | ၃၁-၁၂-၂၀၁၅ | တီထွင်ဆန်းသစ်သော အသက်မွေးမှုနှင့် တန်ဖိုး ကွင်းဆက်(ILVC)စီမံချက် အဆိုပြုလွှာပြင်ဆင်ရန် |
| ၁၉ | Karen Development Network (KDN) | တောင်တန်း ဒေသ | ၃၁-၁၂-၂၀၁၅ | အိမ်ပစ်ရာပစ်လာခဲ့ရသူများ အသက်မွေးမှု မြှင့်တင် ရေးအတွက် အဆိုပြုလွှာပြင်ဆင်ရန်(ELDP) |
| ၂၀ | Metta Development Foundation | တောင်တန်း ဒေသ | ၃၁-၁၂-၂၀၁၅ | တောင်တန်းဒေသအတွက် တင်သွင်းမည့် စီမံချက် အဆိုပြုလွှာ၂စောင်ကို အပြည့်အစုံ ပြင်ဆင်ရန် |
| ၂၁ | Pact Global Microfinance Fund (PGMF) - Flood response | ငွေကြေးဆိုင် ရာတွင် အားလုံးပါဝင်စေမှု | ၃၁-၁၂-၂၀၁၅ | အသေးစားငွေကြေးထူထောင်ရေးအတွက် ရေဘေး နောက်ပိုင်း စိုက်ပျိုးရေး |
| ၂၂ | Inya Institute | သင်ယူလေ့ လာခြင်းနှင့်တီထွင် ဆန်းသစ်ခြင်း | ၃၀-၆-၂၀၁၅ | လူမှုသုတေသနနည်းလမ်းများ၊ မြန်မာ-အင်္ဂလိပ် လက်စွဲစာစောင် |
| ၂၃ | Adventist Development and Relief Agency (ADRA) | သင်ယူလေ့ လာခြင်းနှင့်တီထွင် ဆန်းသစ်ခြင်း | ၁၀-၄-၂၀၁၅ | အသက်မွေးမှုအထောက်အကူပြုသင်တန်း(VTSL) |
| ၂၄ | International Rice Research Institute (IRRI) | သင်ယူလေ့ လာခြင်းနှင့်တီထွင် ဆန်းသစ်ခြင်း | ၃၀-၉-၂၀၁၅ | မြစ်ဝကျွန်းပေါ်ဒေသအောက်ပိုင်းရှိ ဆန်စပါးကို အခြေခံသော ကျေးလက်အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမှုများကို တိုးတက်ကောင်း မွန်စေခြင်း |
| ၂၅ | ActionAid - Gender Equality Network (GEN) | သင်ယူလေ့ လာခြင်းနှင့်တီထွင် ဆန်းသစ်ခြင်း | ၃၁-၁၂-၂၀၁၅ | မြန်မာနိုင်ငံရှိ အမျိုးသမီးများဘဝ တိုးတက်မြင့်မား ရေးအတွက် ဆော်ဩစည်းရုံးခြင်း |
| ၂၆ | IRRI - Research | သင်ယူလေ့ လာခြင်းနှင့်တီထွင် ဆန်းသစ်ခြင်း | ၂၇-၁၁-၂၀၁၅ | ဆန်စပါးစိုက်ပျိုးရေးပတ်ဝန်းကျင်တွင် သဘာဝ ပတ်ဝန်းကျင်နှင့် စီမံခန့်ခွဲမှုတို့ကို အသိပညာ မြှင့်တင်ပေးခြင်းဖြင့် ဘေးအန္တရာယ် လျှော့ချရေးနှင့် အရင်းအမြစ်များ တိုးမြှင့်ရေး |
| ၂၇ | CARE International | သင်ယူလေ့ လာခြင်းနှင့်တီထွင် ဆန်းသစ်ခြင်း | ၃၁-၁၂-၂၀၁၅ | ကိုးကန့်ဒေသရှိ ယခင် ဘိန်းစိုက်တောင်သူများ အတွက် လက်ဖက်ခြောက်စီးပွားရေးဝန်းကျင် ဖြစ်ထွန်းရေး |
| ၂၈ | ActionAid | တိုက်ရိုက် အထောက်အပံ့ | ၁၁-၄-၂၀၁၅ | ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် အသက်မွေး ဝမ်းကျောင်းစနစ်များအတွက် ဒေသခံ စွမ်းဆောင် ရည်ကို တည်ဆောက်ခြင်း |

# နောက်ဆက်တွဲ၃။ LIFT၏ ယုတ္တိဗေဒမူဘောင် ၂၀၁၅-၂၀၁၈

**အညွှန်းများစာရင်း** ၂၀၁၆ခုနှစ် ဧပြီလ၂၉ရက်

**တာဝန်။ မြန်မာကျေးလက်နေဆင်းရဲနွမ်းပါးသူတို့၏ ဝင်ငွေနှင့် စားနပ်ရိက္ခာအဆင့်အတန်းကို မြှင့်တင်ရန်အတွက် ကြံ့ကြံ့ခံနိုင်သော အသက်မွေးဝမ်းကျောင်းမှုများနှင့် ရိက္ခာဖူလုံမှုတို့ကို ဖြစ်ထွန်းအောင်ဆောင်ရွက်ပေးရန်**

| **တာဝန်အဆင့်အညွှန်းများ** |
| --- |
| **တာဝန်အဆင့်အကျိုး(PO)၁။ ကျေးလက်နေအိမ်ထောင်စုများ ဝင်ငွေတိုးတက်ခြင်း** |
| PO ၁.၁။ ဝင်ငွေတိုးလာသော LIFTအိမ်ထောင်စုအရေအတွက်(အိမ်ထောင်ဦးစီး၏ လိင်ဖြင့် ခွဲခြား ဖော်ပြရန်)<br>အဓိပ္ပာယ်ဖွင့်ဆိုချက်။ ဤအညွှန်းသည် ယမန်နှစ်ထက် ဝင်ငွေတိုးလာသည်ဟု တင်ပြကြသော LIFTအိမ်ထောင်စု စုစုပေါင်း၏ အရေအတွက်ကို တိုင်းတာသည်။ ကိန်းဂဏန်းအရင်းအမြစ် - အိမ်ထောင်စုစစ်တမ်း။ |
| PO ၁.၂။ LIFTရွာများရှိ ဆင်းရဲနွမ်းပါးမှုသတ်မှတ်မျဉ်းအောက်တွင် ရှိနေသော အိမ်ထောင်စု%( အိမ်ထောင်ဦးစီး၏ ကျား/မ ခွဲခြား ဖော်ပြရန်)<br>အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် LIFTကျေးရွာများရှိ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မှုမျဉ်းအောက်တွင် ရှိနေသော အိမ်ထောင်စု%ကို တိုင်းတာသည်။ ဆင်းရဲနွမ်းပါးမှုသတ်မှတ်မျဉ်းမှာ (၂၀၁၅မတိုင်မီက) ကန်ဒေါ်လာ ၁.၂၅ဖြစ်ပြီး (၂၀၁၅နောက်ပိုင်းတွင်) ကန်ဒေါ်လာ၁.၉သာ လူတစ်ဦးလျှင် တစ်နေ့ရရှိငွေကို ပြည်တွင်းငွေကြေးသို့ ၂၀၁၅ခုနှစ် ဝယ်ခြမ်းနိုင်မှုနှုန်းဖြင့် ပြောက်ထားခြင်းဖြစ်ပြီး သက်ဆိုင်သော စားသုံးသူဈေးနှုန်းအညွှန်းကို အသုံးပြုကာ ငွေဖောင်းပွနှုန်းနှင့် ညှိနှိုင်းထားသည်။ တွက်ချက်ရာတွင် လူတစ်ဦး ပျှမ်းမျှနေ့စဉ် အစားအသောက် စရိတ်ကို အခြေခံထားသည်။ ဤအိမ်ထောင်စုက စားသုံးသော စားကုန်များသည် မိမိတို့ဘာသာ ထုတ်လုပ်ပါကလည်း ပြင်ပမှဝယ်ယူသကဲ့သို့ပင် တန်ဖိုးသင့်ကာ တွက်ချက်သည်။ ဆင်းရဲနွမ်းပါးမှုနှုန်းကို ခန့်မှန်းရန်အတွက် နမူနာကောက်ရာတွင် တွေ့ရှိသော ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုဝင်များ၏ ဦးရေကို နမူနာကောက်သည့် အိမ်ထောင်စုဝင်များ၏ စုစုပေါင်းဦးရေနှင့် စားသည်။ ကိန်းဂဏန်းအရင်းအမြစ် - အိမ်ထောင်စုစစ်တမ်း။ |
| **တာဝန်အဆင့်အကျိုး(PO)၂။ ဆင်းရဲသောကျေးလက်အိမ်ထောင်စုများ ချောက်ချားမှုများ စိတ်ဖိစီးမှုများ၊ အကျိုးမဲ့မည့်အခြေအနေများနှင့် ရင်ဆိုင်ရပါက ကြံ့ကြံ့ခံနိုင်မှုရှိခြင်း** |
| PO ၂.၁။ ပစ္စည်းပိုင်ဆိုင်မှုရမှတ် တိုးတက်လာသော LIFTအိမ်ထောင်စုအရေအတွက်(အိမ်ထောင်ဦးစီး၏ ကျား/မ ခွဲခြား ဖော်ပြရန်)<br>အဓိပ္ပာယ်ဖွင့်ဆိုချက်။ အိမ်ထောင်စုတစ်ခု (က) ပစ္စည်းမည်မျှကို ပိုင်ဆိုင်လာသည်၊ (ခ) ချောက်ချားမှု စိတ်ဖိစီးမှုတို့နှင့် တွေ့ဆုံပါက ပစ္စည်းမည်မျှကို ရောင်းချရသည်၊ ဆုံးရှုံးရသည် ဆိုသည်ကို ပစ္စည်းပိုင်ဆိုင်မှုဖြင့် တိုင်းတာနိုင်သည်။ ဤရမှတ်သည် အဓိကပစ္စည်း၂၅မျိုး  စံစာရင်းကို အခြေခံသည်။ ကိန်းဂဏန်းအရင်းအမြစ် - အိမ်ထောင်စုစစ်တမ်း။ |
| PO ၂.၂။ ဝင်ငွေရလမ်းတိုးမှု ရမှတ်တိုးတက်လာသော LIFTအိမ်ထောင်စုအရေအတွက် (အိမ်ထောင်ဦးစီး၏ ကျား/မ  ခွဲခြား ဖော်ပြရန်)<br>အဓိပ္ပာယ်ဖွင့်ဆိုချက်။ ဤအညွှန်းကို အိမ်ထောင်စုတစ်ခုရရှိနေသော ဝင်ငွေရလမ်းအရေအတွက်ဖြင့် တိုင်းတာသည်။ ဝင်ငွေရလမ်းများပြားခြင်းဖြင့် ဝင်ငွေရလမ်းတစ်ခုခုကို ခြိမ်းခြောက်လာမည့် အန္တရာယ်ကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်သည်။ ကိန်းဂဏန်း အရင်းအမြစ် - အိမ်ထောင်စုစစ်တမ်း။ |
| PO ၂.၃။ ကြံ့ကြံ့ခံနိုင်လာပြီး ကိုင်တွယ်ဖြေရှင်းနိုင်စွမ်း တိုးတက်လာသည့် လူဦးရေ(ကျား/မ  ခွဲခြား ဖော်ပြရန်)<br>အဓိပ္ပာယ်ဖွင့်ဆိုချက်။ ဤအညွှန်းသည် LIFTက ထောက်ပံ့ခဲ့မှုကြောင့် ကြံ့ကြံ့ခံနိုင်မှုတိုးတက်လာသော လူတစ်ဦးချင်းနှင့် အိမ်ထောင်စုများကို ပေါင်းစပ်ဖော်ပြထားသော အညွှန်းဖြစ်သည်။ ကိန်းဂဏန်းအရင်းအမြစ် - အိမ်ထောင်စု စစ်တမ်း။ |

**တာဝန်အဆင့်အကျိုး PO၃။ အမျိုးသမီးများနှင့် ကလေးများ အာဟာရတိုးတက်ကောင်းမွန်ခြင်း**

PO ၃.၁။ လက်ခံနိုင်ငဖွယ် အမယ်စုံစားသုံးနိုင်မှုရမှတ်ရှိသည့် LIFTအိမ်ထောင်စုအရေအတွက်(အိမ်ထောင်ဦးစီး၏ ကျား/မ ခွဲခြား ဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် FANTA (Food and Nutrition Technical Assistance)၏ HDDSအမှတ်ပေးစနစ်ကို သုံးစွဲသည်။ အိမ်ထောင်စုများ ရိက္ခာ လက်လှမ်းမီမှုနှင့် စားသုံးနိုင်မှုကို တိုင်းတာရန် အသုံးပြုသည်။ မြန်မာနိုင်ငံ၏ 'လက်ခံနိုင်ဖွယ်' ရမှတ်မှာ ၄ ဖြစ်သည်။ (အာဟာရဆိုင်ရာ နည်းပညာ ကော်မတီ၏ ပညာရှင်အဆိုပြုချက်)အချက်အလက်ကိန်းဂဏန်းအရင်းအမြစ် - အိမ်ထောင်စုစစ်တမ်း။

PO ၃.၂။ ရိက္ခာဖူလုံမှု တစ်လထက် တိုးလာသော LIFTအိမ်ထောင်စုအရေအတွက် (အိမ်ထောင်ဦးစီး၏ ကျား/မ ခွဲခြား ဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤရိက္ခဖူလုံမှုအညွှန်းသည် အနည်းဆုံး၁၁လ ရိက္ခာဖူလုံခဲ့သော အိမ်ထောင်စု အရေအတွက် တိုင်းတာသည်။ ယင်းသည် MAHFPကို အခြေခံသည်။ အိမ်ထောင်စု၏ ရိက္ခာလက်လှမ်းမီမှုကို အကျိုးပြုသော ဘ၀ အတွက် လိုအပ်သည့် အာဟာရကို ပြည့်မီရန် အရေအတွက်ရော အရည်အသွေးပါ လုံလောက်စွာ အိမ်ထောင်စုဝင်အားလုံး စားသုံးနိုင်စွမ်း အဖြစ် အဓိပ္ပာယ်ဖွင့်သည်။ အချက်အလက်ကိန်းဂဏန်းအရင်းအမြစ် - အိမ်ထောင်စုစစ်တမ်း။

PO ၃.၃။ LIFTရွာများမှ အသင့်/အလွန်ပုညှက်သော ၅နှစ်အောက်ကလေး%(ကျား/မ အသက်အုပ်စုဖြင့် ခွဲခြား ဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် ၀လမှ ၅၉လ အတွင်းရှိ ပုညှက်သောကလေးများ၏ ရာခိုင်နှုန်းကို တိုင်းတာသည်။ ပုညှက်ခြင်းသည် အသက်အလိုက်-အရပ်အတိုင်းအတာဖြစ်၍ တာရှည်စွာ အာဟာရ မပြည့်ဝခြင်းကို ထင်ဟပ်သည်။ ဤအညွှန်းကို ကြံ့ကြံ့ခံနိုင်မှု၏ ကာလရှည်အညွှန်းဟု မြင်သည်။ အကြောင်းမှာ ပုညှက်ခြင်းသည် ယင်းအိမ်ထောင်စုက ခြောက်ခြားမှုများ စိတ်ဖိစီးမှုများကို မရင်ဆိုင် မဖြေရှင်းနိုင်မှုကြောင့် ဖြစ်ပေါ်သည့်ပြင် လူတဦး၏ ကိုယ်စိတ်ချမ်းသာမှုနှင့် ကုန်ထုတ်စွမ်းအားကိုပါ တစ်သက်တာလုံး သွယ်ဝိုက် ထိခိုက်စေမည်ဖြစ်သည်။ ကိန်းဂဏန်းအရင်းအမြစ် - အိမ်ထောင်စုစစ်တမ်း။

PO ၃.၄။ ပြီးခဲ့သော ရက်သတ္တပတ်၂ပတ်အတွင်း ဝမ်းလျှောဝမ်းပျက်ဖြစ်ခဲ့သည့် ကလေးများ အမျိုးအစား(ကျား/မ အသက်အုပ်စုဖြင့် ခွဲခြားဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် ပြီးခဲ့သော ရက်သတ္တပတ်၂ပတ်အတွင်း ဝမ်းလျှောဝမ်းပျက်ဖြစ်ခဲ့သည့် ကလေးများ အချိုးအဆကို တိုင်းတာသည်။ ဝမ်းလျှောဝမ်းပျက်ဖြစ်ရခြင်းမှာ အမျိုးမျိုးသော ဖိစီးမှုနှင့် အခြေအနေ တို့ကြောင့် ဖြစ်သည်။ အာဟာရ၊ ရေနှင့် အညစ်အကြေးစွန့်ပစ်မှု၊ တစ်ကိုယ်ရည် သန့်ရှင်းမှုအခြေအနေ တို့ကြောင့် ဖြစ်ရသကဲ့သို့ အာဟာရဆိုင်ရာ ရလဒ်များကိုလည်း သိသာစွာ သက်ရောက်မှုရှိကြောင်းကို ရှင်းလင်းဖော်ပြနေ သည်။ ကိန်းဂဏန်းအရင်းအမြစ် - အာဟာရ စစ်တမ်း။

**တာဝန်အဆင့်အကျိုး(PO)၄။ ဆင်းရဲနွမ်းပါးသူများ အကျိုးဖြစ်ထွန်းစေမည့် မူဝါဒများနှင့် ပြည်သူ့ဘဏ္ဍာသုံးစွဲမှု တိုးတက် ကောင်းမွန်ခြင်း**

PO ၄.၁။ LIFTက သြဇာသက်ရောက်သော အစိုးရကဏ္ဍ/ကျေးလက်ဖွံ့ဖြိုးရေးမူဝါဒ အမျိုးအစားနှင့် အရေအတွက်

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် LIFT၏ အထောက်အပံ့ခံ မိတ်ဖက်အဖွဲ့များနှင့် LIFT၏ ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး တို့က ဆောင်ရွက်ခဲ့သော မူဝါဒ သြဇာသက်ရောက်ရေး လုပ်ဆောင်ချက်တို့၏ ရလဒ်ကို ဖော်ပြသည်။ ယင်းတွင် မူဝါဒရေးဆွဲရေး လုပ်ငန်းစဉ် မူဝါဒအသစ်များရေးဆွဲခြင်း၊ လက်ရှိ မူဝါဒတို့၏ စာကိုယ်နှင့် ချဉ်းကပ်ပုံတို့၏ အပြောင်းအလဲများ စသည်တို့ ပါဝင်သည်။ ကိန်ဂဏန်းအရင်းအမြစ် - FMOနှင့် IP။

PO ၄.၂။ LIFTက သြဇာသက်ရောက်သောအစိုးရကဏ္ဍ/ကျေးလက်ဖွံ့ဖြိုးရေးဘတ်ဂျက်ခွဲဝေမှုနှင့် သုံးစွဲမှု

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် အစိုးရကဏ္ဍာဘတ်ဂျက်ခွဲဝေမှုနှင့် သုံးစွဲမှုသို့ LIFT၏ အလုပ်တို့က သြဇာ သက်ရောက်မှု ကိုပြသည်။ PO ၄.၁ က မူဝါဒအပြောင်းအလဲကို အာရုံစိုက်သော်လည်း ဤအညွှန်းကမူ ယင်းသည် (က) ဘတ်ဂျက်ခွဲဝေမှု၊ (ခ) သုံးစွဲမှုတို့ ပိုတိုးလာခြင်း၊ သုံးစွဲမည့်ရည်မှန်းချက်မှန်ကန်ခြင်း ရှိ/မရှိ သို့မဟုတ် မည်သည့် အတိုင်းအတာထိရှိသည်ကို ဖော်ထုတ်ရန် ရည်ရွယ်သည်။ ကိန်းဂဏန်းအရင်းအမြစ် - FMOနှင့် IP။

**စီမံကိန်းအဆင့်အညွှန်းများ**

**စီမံကိန်းအဆင့်ရလဒ် PR၁။ လုပ်ကွက်ငယ်တောင်သူများ၏ ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းနှင့် လယ်ယာအခြေပြု ထုတ်လုပ်မှုများ**

PR ၁.၁။ အကြံပေးဝန်ဆောင်မှုရောက်ရှိသည့် LIFTအိမ်ထောင်စုအရေအတွက်(အိမ်ထောင်ဦးစီး၏ ကျား/မ ခွဲခြား ဖော်ပြရန်)

အဓိပ္ပာယ်ဖွင့်ဆိုချက်။ ဤအညွှန်းသည် လွန်ခဲ့သော တစ်နှစ်အတွင်းက LIFT၏ အထောက်အပံ့ခံ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အကြံပေးဝန်ဆောင်မှုများ ရောက်ရှိခဲ့သည့် ကျေးလက်အိမ်ထောင်စုများ၏ အရေအတွက်ကို တိုင်းတာသည်။ IPများက တိုက်ရိုက်ပေးသော၊ IPများက ထောက်ပံ့ထားသော ကိုယ်စားလှယ်များ(ဥပမာ၊ လက်လီရောင်းချသူများ)၊ အဖွဲ့များ၊ အဖွဲ့အစည်းများ(အစိုးရပုဂ္ဂလိက၊ NGO)တို့မှတစ်ဆင့် သွယ်ဝိုက်၍ပေးသော ဝန်ဆောင်မှုအားလုံး ပါဝင်သည်။ ကိန်းဂဏန်းအရင်းအမြစ် - IP

PR. ၁.၂။ ကောင်းမွန်တိုးတက်သော လုပ်နည်းလုပ်ဟန်များ၊ သွင်းအားစုများ၊ နည်းပညာများကို စမ်းသပ်/ကျင့်သုံးသော LIFT အိမ်ထောင်စု အရေအတွက်(အိမ်ထောင်ဦးစီး၏ ကျား/မ ခွဲခြား ဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် အကြံပေးဝန်ဆောင်(PR ၁.၁) ရောက်ရှိသဖြင့် တိုးတက်သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးရေးဆိုင်ရာ လုပ်နည်းလုပ်ဟန်များ၊ နည်းပညာများကို မိမိတို့ပိုင် မြေယာများတွင်(သဘာဝအင်း အိုင်များ၊ အစိုးရမြေနှင့် ဘုံပိုင်မြေများတွင် သစ်တောစိုက်ခြင်းတို့မပါဝင်)စမ်းသပ် (တစ်နှစ်) ကျင့်သုံး(နှစ်နှစ်)ခဲ့သော အိမ်ထောင်စု အရေအတွက်ကို တိုင်းတာသည်။ ကိန်းဂဏန်းအရင်းအမြစ် - အိမ်ထောင်စုစစ်တမ်း။

PR ၁.၃။ သီးနှံထုတ်လုပ်မှုတိုးတက်လာသော LIFTအိမ်ထောင်စုအရေအတွက် (အိမ်ထောင်ဦးစီး၏ ကျား/မ ခွဲခြား ဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် လုပ်နည်းလုပ်ဟန်အသစ်(PR၁.၂)ကို ကျင့်သုံးလျက်ရှိပြီး ယမန်နှစ် ကထက် သီးနှံ အထွက် တိုးတက်လာသည်ဟု တင်ပြသော အိမ်ထောင်စုအရေအတွက်ကို တိုင်းတာသည်။ ကိန်ဂဏန်းအရင်းအမြစ် - အိမ်ထောင်စုစစ်တမ်း။

**စီမံကိန်းအဆင့်ရလဒ် PR၂။ လုပ်ကွက်ငယ်တောင်သူများ ဈေးကွက်လက်လှမ်းမီမှုနှင့် ဈေးကွက်အခြေအနေ တိုးတက်လာခြင်း**

PR ၂.၁။ ထုတ်လုပ်သူအုပ်စုဝင် LIFTအိမ်ထောင်စုဝင်အရေအတွက်(အိမ်ထောင်ဦးစီး၏ ကျား/မ ခွဲခြားဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် အိမ်ထောင်စုဝင် အနည်းဆုံးတစ်ဦးက ငွေကြေးအရ လုပ်ကိုင်နေသော ထုတ်လုပ်မှုအုပ်စုတွင် ပါဝင်နေသော အိမ်ထောင်စုအရေအတွက်ကို ရေတွက်သည်။ 'ငွေကြေးအရလုပ်ကိုင်နေသော' ဆိုသည်မှာ ယင်းအုပ်စုတွင် ငွေဖြင့်ဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေ ဝင်ငွေရော ကုန်ကျစရိတ်ပါ ရှိရမည်။ ထုတ်လုပ်သူအုပ်စုတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးမွေးမြူရေး၊ ငါးဖမ်းခြင်း၊ စီးပွားရေး၊ ဈေးကွက်တင်ခြင်း၊ ကြိတ်ခွဲ ပြင်ဆင်ခြင်း၊ ဝယ်ခြင်းရောင်းခြင်း စသည်တို့ကို လုပ်ကိုင်သည့် အုပ်စုတို့ ပါဝင်သည်။ ငွေစုငွေချေးသက်သက် ကိုသာ လုပ်သော MFIများ၊ VSLAများ၊ ကိုယ်ထူကိုယ်ထ အဖွဲ့ များမပါဝင်ပေ။ ကိန်းဂဏန်းအရင်းအမြစ် - IP။

PR.၂.၂။ ဈေးကွက်တင်သည့် လုပ်နည်းလုပ်ဟန်အသစ်များကို ကျင့်သုံးနေသော LIFTအိမ်ထောင်စုအရေအတွက် (အိမ်ထောင်ဦးစီး၏ ကျား/မ ခွဲခြားဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် ဈေးကွက်တင်သည့် လုပ်နည်းလုပ်ဟန်အသစ်တစ်ခု သို့မဟုတ် အများ (ဈေးကွက်သစ်သို့ ရောင်းချခြင်း၊ အခြားအချိန်တွင် ရောင်းချခြင်း၊ ထုတ်ကုန်ကြိတ်ခွဲပြင်ဆင်ရာတွင် အခြားနည်း တစ်ခုကို သုံးခြင်း၊ ဈေးကောင်းရရန် ညှိနှိုင်းစေ့စပ်ခြင်း၊ စုပေါင်းဝယ်ယူခြင်း၊ စုပေါင်းရောင်းချခြင်း၊ အကျိုးတူလယ်ယာကို သုံးခြင်း၊ အဆင့်မီထုတ်ကုန်ကို ရောင်းချနိုင်ရန် ရွေးသန့်ခြင်း စသည်တို့ အပါအဝင်)ကို သုံးစွဲ သည်ဟု တင်ပြသော အိမ်ထောင်စုအရေအတွက်ကို တိုင်းတာသည်။ ကိန်ဂဏန်းအရင်းအမြစ် - အိမ်ထောင်စု စစ်တမ်း။

PR ၂.၃။ စိုက်ပျိုးရေး/မွေးမြူရေး/ရေလုပ်ငန်းတို့မှ အကျိုးအမြတ်ပိုရလာသည့် LIFTအိမ်ထောင်စုအရေအတွက် (အိမ်ထောင်ဦးစီး၏ ကျား/မ ခွဲခြားဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် လယ်ယာဖြစ်စေ၊ အများပိုင်အရင်းအမြစ်တစ်ခုခုကို လက်လှမ်းမီမှုဖြင့် ဖြစ်စေ အသက်မွေးမှုတစ်ခုခုကို LIFT၏ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ထောက်ပံ့မှုဖြင့် ဆောင်ရွက်ရာတွင် အမြတ်ပိုရလာသည်ဟု တင်ပြသော အိမ်ထောင်စုအရေအတွက် တိုင်းတာသည့် ကိန်းဂဏန်းအရင်းအမြစ်။ အိမ်ထောင်စုစစ်တမ်း။

**စီမံကိန်းအဆင့်ရလဒ် PR ၃။ လုပ်ကွက်ငယ်တောင်သူများနှင့် လယ်မဲ့မြေမဲ့များအတွက် လယ်ယာနှင့်မဆိုင်သော အလုပ်အကိုင် တိုးတက်လာခြင်း**

PR ၃.၁။ စိုက်ပျိုးရေးမဟုတ်သော ကျွမ်းကျင်မှု ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ခံရသော LIFT အိမ်ထောင်စု အရေအတွက်(အိမ်ထောင်ဦးစီး၏ ကျား/မ ခွဲခြား ဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် လယ်ယာကိုအခြေမခံသော/အိမ်တွင်း အခြေခံသော သင်တန်းများ - ရွှေ့ပြောင်း သွားလာရေးနှင့်ပတ်သက်သော အသိအမြင်သင်တန်းများ၊ အလုပ်အကိုင်ရရှိရေးဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများ၊ စီးပွားရေး လုပ်ငန်းငယ်များ၊ အသေးစား စီးပွားရေးလုပ်ငန်းသင်တန်းများ စသည်တို့ကို တက်ရောက် ခဲ့သော အမျိုးသမီး၊ အမျိုးသားများ ဦးရေကို တိုင်းတာသည်။ ကိန်းဂဏန်းအရင်းအမြစ် - IP။

PR ၃.၂။ လုပ်ငန်းထူထောင်နိုင်သော/အလုပ်ရသော သင်တန်းဆင်းဦးရေ (ကျား/မ ခွဲခြားဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် သင်တန်းဆင်း(PR ၃.၁)ပြီးသူများထဲမှ မိမိကိုယ်ပိုင်လုပ်ငန်း (အသေးစား နှင့် အလတ်စားလုပ်ငန်း)ထူထောင်နိုင်သူ သို့မဟုတ် အလုပ်ရသွားသူ စုစုပေါင်း အရေအတွက်ကို တိုင်းတာသည်။ အသေးစား နှင့် အလတ်စားလုပ်ငန်း ဆိုသည်မှာ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဝင်ငွေရရှိစေရန် ကုန် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းသော လုပ်ငန်းများပါဝင်သည်။ အလုပ်အကိုင်ဆိုသည်မှာ အလုပ်ရှင်ထံမှ လုပ်ခ ရရှိသော အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့် ဖြစ်စေ၊ ရာသီလိုက်ဖြစ်စေ၊ တစ်နှစ်ပတ်လုံးဖြစ်စေ လုပ်ဆောင်ချက်ကို ဆိုလိုသည်။ ယင်းအလုပ်သည် ရွာတွင်း၌ဖြစ်စေ၊ အခြားရွာတွင် ဖြစ်စေ၊ မြို့နယ်တွင်ဖြစ်စေ၊ အဝေးအလံတွင် ဖြစ်စေ(ရွှေ့ပြောင်းသွားလာခဲ့သည်)တည်ရှိနိုင်သည်။ ကိန်းဂဏန်းအရင်းအမြစ် - အိမ်ထောင်စု စစ်တမ်း။

PR ၃.၃။ စိုက်ပျိုးရေးမဟုတ်သော အလုပ်ဖြင့် ဝင်ငွေတိုးတက်လာသော LIFTအိမ်ထောင်စုအရေအတွက် (အိမ်ထောင်ဦးစီး၏ ကျား/မ ခွဲခြားဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် စိုက်ပျိုးရေးမဟုတ်သောအလုပ်ဖြင့် ဝင်ငွေတိုးတက်လာသည်ဟု ယင်းတို့က ထင်မြင်သော အိမ်ထောင်စုအရေအတွက်ကို တိုင်းတာသည်။ ကိန်းဂဏန်းအရင်းအမြစ် - အိမ်ထောင်စု စစ်တမ်း။

**စီမံကိန်းအဆင့်ရလဒ်PR၄။ လုပ်ကွက်ငယ်တောင်သူများနှင့် လယ်မဲ့မြေမဲ့များ သက်သာသော ငွေကြေး ဝန်ဆောင်မှုများကို လက်လှမ်းမီလာခြင်း**

PR ၄.၁။ ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်သော LIFT၏ MFIများ

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် LIFTက ထောက်ပံ့နေသော MFIများအနက် ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်သော အရေအတွက်ကို တိုင်းတာသည်။ နှစ်စဉ်ဝင်ငွေသည် နှစ်စဉ်ကုန်ကျစရိတ်များကိုကျော်လွန် မှသာ ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်သည်။ ကိန်းဂဏန်းအရင်းအမြစ် - FMOနှင့် IP။

PR ၄.၂။ ငွေကြေးဝန်ဆောင်မှုသို့ လက်လှမ်းမီသော LIFTမိသားစုအရေအတွက်(အိမ်ထောင်ဦးစီး၏ ကျား/မ ခွဲခြား ဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် ချေးငွေ၊ စုငွေ၊ အာမခံ၊ အခြားငွေကြေးဝန်ဆောင်မှုများကို လက်လှမ်းမီ နိုင်စွမ်းရှိသော ဦးတည် အိမ်ထောင်စုအရေအတွက်ကို တိုင်းတာသည်။ ယင်းတို့ကို VSLAများ၊ ဘဏ်များ၊ MFIများ၊ အခြား ငွေစုငွေချေးအဖွဲ့များ စသည့်လမ်းကြောင်း အမျိုးမျိုးဖြင့် ရရှိနိုင်သည်။ လက်လှမ်းမီနိုင်စွမ်းရှိသော ဆိုသည်မှာ ဤအိမ်ထောင်စုများသည် အထက်ပါ ငွေကြေးဌာနများက လွှမ်းခြုံနိုင်သည့် မြေပြင်အနေအထားတွင် ရှိနေခြင်းကို ဆိုသည်။ အကြိမ်ကြိမ် ငွေချေးခဲ့သည်ဖြစ်စေ၊ ဝန်ဆောင်မှုရယူခဲ့သည်ဖြစ်စေ စစ်တမ်းကောက်သည့် အချိန်အပိုင်းအခြားအတွင်းတွင် အိမ်ထောင်စုတိုင်းကို တစ်ကြိမ်သာ ရေတွက်သင့်သည်။ ကိန်းဂဏန်းအရင်းအမြစ် - FMOနှင့် IP။

PR ၄.၃။ ငွေကြေးဝန်ဆောင်မှုတို့ကို အသုံးပြုနေသော LIFTအိမ်ထောင်စုအရေအတွက်(အိမ်ထောင်ဦးစီး၏ ကျား/မ ခွဲခြား ဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် ဦးတည် အိမ်ထောင်စုတို့တွင် အမှန်တကယ် လက်လှမ်းမီပြီး ချေးငွေ၊ စုငွေ၊ အာမခံ၊ အခြားငွေကြေးဝန်ဆောင်မှုများကို ယင်းတို့ကိုပေးသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ထားသဖြင့် သုံးစွဲနေရသူ အိမ်ထောင်စုအရေအတွက်ကို တိုင်းတာသည်။ ဤသို့ ထည့်သွင်းရေတွက်ခံရရန်အတွက် အိမ်ထောင်စုတစ်စုသည် ချေးငွေ၊ အာမခံ စသည့် ငွေကြေးဝန်ဆောင်မှုတစ်ခုခုကို လျှောက်ထားခဲ့ပြီး ရရှိခဲ့ရမည် သို့မဟုတ် ငွေစုအဖွဲ့တစ်ခုကို ထူထောင်ပြီး သုံးစွဲခဲ့ရမည်။ ကိန်းဂဏန်းအရင်းအမြစ် - FMOနှင့် IP။

**စီမံကိန်းအဆင့်ရလဒ် PR ၅။ အာဟာရ၊ ရေနှင့်သန့်ရှင်းမှု၊ တစ်ကိုယ်ရည် သန့်စွမ်းမှုတိုးတက်ခြင်း**

PR၅.၁။ အာဟာရဆိုင်ရာ သတင်းအချက်အလက်များသို့ လက်လှမ်းမီသော LIFTအိမ်ထောင်စုအရေအတွက် (အိမ်ထောင်ဦးစီး၏ ကျား/မ ခွဲခြား ဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် အောက်ပါတို့နှင့်သက်ဆိုင်သော အာဟာရသတင်းအချက်အလက်တို့ကို LIFT၏ ဆောင်ရွက်မှုကြောင့် လက်လှမ်းမီသော အိမ်ထောင်စုအရေအတွက်ကို တိုင်းတာသည် (၁) ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်တို့အတွက် သင့်လျော်သော ကျန်းမာရေးအမူအကျင့်များ (၂) ကလေးများ ပထမ ရက်၁၀၀၀အတွင်း သင့်လျော်သော အာဟာရနှင့် စောင့်ရှောက်မှု အမူအကျင့်များ။ ကိန်းဂဏန်းအရင်းအမြစ် - IP။

PR ၅.၂။ ရပ်ရွာအတွင်းရှိ အမျိုးသမီးနှင့်ကလေးများ၏ အာဟာရလိုအင်ကိုသိသော LIFTအိမ်ထောင်စုများမှ အမျိုးသား/ အမျိုးသမီးဦးရေ(ကျား/မ ခွဲခြားဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် ၂နှစ်အောက်ကလေးများရှိ အမျိုးသား၊ အမျိုးသမီးများသည် မိခင်ကလေး ကျန်းမာရေးနှင့် အာဟာရ (Maternal Child Health and Nutrition - MCHN)ဆိုင်ရာ အသိအမြင်ကို တိုင်းတာသည်။ အဓိကထားသော MCHN အသိအမြင် ၄ခုမှာ (၁) ကိုယ်ဝန်ဆောင်စဉ်အတွင်း အနည်းဆုံး၄ကြိမ် ဆေးရုံဆေးခန်းကို ပြရခြင်း၊ (၂) ကိုယ်ဝန်ဆောင်စဉ် အစားပိုစားရခြင်း၊ (၃) မိခင်နို့ကို စောစီးစွာတိုက်ရခြင်း၊ (၄) ၆လသားအရွယ်တွင် ဖြည့်စွက်စာ စတင်ကျွေးမွေးရခြင်းတို့ ဖြစ်သည်။ ၂နှစ်အောက်ကလေးရှိကြောင်း ထုတ်ပြောပြသူ အမျိုးသား၊ အမျိုးသမီးတိုင်းကို ဤအညွှန်းနှင့် သက်ဆိုင်သော မေးခွန်းများကို ဖြေခိုင်းသည်။ ကိန်းဂဏန်းအရင်းအမြစ် - အာဟာရစစ်တမ်း။

PR ၅.၃။ 'လက်ခံနိုင်ဖွယ်' အမည်စုံစားသုံးနိုင်သော ၆လမှ ၂၃လအရွယ် ကလေးများဦးရေ(ကျား/မ ခွဲခြားဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် မိခင်နို့မှအပ အနည်းဆုံးလက်ခံနိုင်ဖွယ်အစားအစာများ (Minimum Acceptable Diet - MAD)ကို စားရသော ၆လမှ ၂၃လအရွယ် ကလေးများဦးရေကို တိုင်းတာသည်။ ဤ MAD အညွှန်းသည် အသက်အရွယ် အုပ်စုအလိုက် သင့်တော်သော အစာကျွေးသည့် အနည်းဆုံးကြိမ်နှုန်းနှင့် အနည်းဆုံးအမည်စုံလင်မှုတို့ကို တိုင်းတာသည်။ ကလေးတစ်ဦးသည် အသက်အရွယ် အလိုက် ဤအချက်နှစ်ချက်နှင့်တကွ မိခင်နို့တိုက်ကျွေးမှု အခြေအနေကိုပါ ပြည့်မီပါက MADကို ရရှိသည်ဟု ယူဆသည်။ ကိန်းဂဏန်းအရင်းအမြစ် - အာဟာရစစ်တမ်း။

PR ၅.၄။ လွန်ခဲ့သော ၂၄နာရီအတွင်းတွင် မိခင်နို့ကိုသာ စို့ခဲ့ရသော နို့စို့ကလေး(အသက်၅လအတွင်း)အရေ အတွက်(ကျား/မ ခွဲခြားဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် စစ်တမ်းမကောက်မီနေ့က မိခင်နို့သက်သက်ကိုသာ တိုက်ကျွေးခဲ့သော အသက်၅လ အတွင်း ကလေးများ၏ အရေအတွက်ကို တိုင်းတာသည်။ မိခင်နို့သက်သက်ဆိုသည်မှာ မိခင်နို့ (မိခင် ထံမှဖြစ်စေ အခြားသူထံမှ ဖြစ်စေ)အပြင် ဓါတ်ဆား၊ ဗိုက်တာမင်များ၊ သတ္တုဓာတ်များ၊ ဆေးဝါးများ စသည်တို့ကို ရရှိခြင်းကို ဆိုလိုပြီး အစားအစာနှင့် ရေအပါအဝင် အရည်များ မပါဝင်ရပေ။ ကိန်းဂဏန်းအရင်းအမြစ် - အာဟာရ စစ်တမ်း။

PR ၅.၅။ ကောင်းမွန်သော ရေနှင့်သန့်ရှင်းရေးစနစ်ကို သုံးစွဲနေသော LIFTအိမ်ထောင်စုအရေအတွက် (အိမ်ထောင်ဦးစီး၏ ကျား/မ ခွဲခြား ဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းဖြင့် ကောင်းမွန်သောရေနှင့်သန့်ရှင်းရေးစနစ်ကို သုံးစွဲနေသော LIFTအိမ်ထောင်စု အရေအတွက်ကို တိုင်းတာသည်။ ယင်းတွင် အများသုံးမိလ္လာစနစ်နှင့် ဆက်သွယ်ခြင်း၊ ရေဆိုးကန်စနစ်နှင့် ဆက်သွယ်ခြင်း၊ ရေလောင်းအိမ်သာ၊ ရိုးရိုးကျင်းအိမ်သာ၊ လေဝင်လေထွက်ကောင်းသော ကျင်းအိမ်သာ စသည်တို့ ပါဝင်သည်။ ကိန်းဂဏန်း အရင်းအမြစ် - အိမ်ထောင်စုစစ်တမ်း။

PR ၅.၆။ စိတ်ချရသော ရေအရင်းအမြစ်ကို သုံးစွဲနေသော LIFTအိမ်ထောင်စုအရေအတွက် (အိမ်ထောင်ဦးစီး၏ ကျား/မ ခွဲခြား ဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် စိတ်ချရသော ရေအရင်းအမြစ်ကို သုံးစွဲနေသော LIFTအိမ်ထောင်စု အရေအတွက် ကို တိုင်းတာသည်။ ယင်းတို့တွင် အိမ်တိုင်ရာရောက် ရေသွယ်ခြင်း၊ အများသုံးရေဘုံပိုင်၊ အဝီစိတွင်း၊ ကာကွယ်ထားသော လက်တူးရေတွင်း၊ ကာကွယ်ထားသော စမ်းရေထွက်၊ မိုးရေသိုလှောင်မှု(ယင်းတို့သည် ကောင်းမွန်သော ရေအရင်းအမြစ်များဖြစ်သည်)ကာကွယ်ထားသော ရေကန်များ(ကာကွယ်ထားသော ရေအရင်းအမြစ်)တို့ ပါဝင်သည်။ ကိန်းဂဏန်းအရင်းအမြစ် - အိမ်ထောင်စုစစ်တမ်း။

**စီမံကိန်းအဆင့်ရလဒ် PR ၆။ လုပ်ကွက်ငယ်တောင်သူများနှင့် လယ်မဲ့မြေမဲ့များ သယံဇာတများကို လက်လှမ်းမီရေးနှင့် ရေရှည်အသုံးပြုနိုင်ရေး အာမခံချက်ရှိခြင်း**

PR ၆.၁။ အများပိုင်မြေယာအရင်းအမြစ် စီမံခန့်ခွဲမှုတွင် ပါဝင်ကြသည်။ LIFTရွာအရေအတွက်(အမျိုးအစားအလိုက် ဖော်ပြရန်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် အများပိုင် မြေယာအရင်းအမြစ် သို့မဟုတ် သယံဇာတ(သစ်တော၊ စားကျက်မြေ၊ လမုကနစိုတော၊ သဘာဝအင်းအိုင်၊ တာရိုး၊ ရေနှင့် မြေထိန်းသိမ်းရေး)တို့ကို လက်ရှိ ကိုင်တွယ်နေသော LIFTကျေးရွာ အရေအတွက်ကို တိုင်းတာသည်။ ကိန်ဂဏန်းအရင်းအမြစ် - ကျေးရွာမှတ်တမ်း

PR ၆.၂။ ကာကွယ်ထားသော/စီမံခန့်ခွဲထားသော သယံဇာတထံမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ အကျိုးရှိသော LIFTအိမ်ထောင်စု အရေအတွက်(အမျိုးအစားအလိုက်)

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် အိမ်ထောင်စုဝင်တစ်ဦးက ကာကွယ်ထားသော/စီမံခန့်ခွဲထားသော သယံဇာတနှင့် ထိတွေ့ သို့မဟုတ် ထိတွေ့ဆောင်ရွက်မှုရှိသော အိမ်ထောင်စုအရေအတွက်ကို တိုင်းတာသည်။ ကိန်းဂဏန်းအရင်းအမြစ် - အိမ်ထောင်စုစစ်တမ်း။

**စီမံကိန်းအဆင့်ရလဒ် PR ၇ ။ အသက်မွေးမှုနှင့် စားနပ်ရိက္ခာဖူလုံစေရေးတွင် ထောက်ပံ့ရန်အတွက်နှင့် ဖြစ်ထွန်းစေရန် အတွက် ရပ်ရွာလူထု၊ ဒေသအစိုးရ၊ CSOများ၊ ပုဂ္ဂလိကလုပ်ငန်းများတို့၏ စွမ်းဆောင်ရည်ကို အားဖြည့်ပေးခြင်း**

PR ၇.၁။ ပြည်တွင်အဖွဲ့အစည်းများက စီမံခန့်ခွဲနေသော LIFT၏ ရန်ပုံငွေရာခိုင်နှုန်း

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် ပြည်တွင်းအဖွဲ့အစည်းများက စီမံခန့်ခွဲနေသော LIFT၏ ရန်ပုံငွေ ရာခိုင်နှုန်းကို တိုင်းတာသည်။ ယင်းတို့သည် အစိုးရ၊ ပုဂ္ဂလိက၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတို့ ဖြစ်နိုင်သည်။ ဤအညွှန်းတွင် LIFTက (မိတ်ဖက်အဖွဲ့များဖြစ်သည့်) ပြည်တွင်းအဖွဲ့အစည်းများသို့ တိုက်ရိုက် လွှဲပြောင်း ပေးလိုက်သော ရန်ပုံငွေများ။ ပြည်ပမိတ်ဖက် အဖွဲ့များက (တစ်ဆင့်အထောက်အပံ့ခံ) ပြည်တွင်းအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးသော ရန်ပုံငွေများ ပါဝင်သည်။ ဤကိစ္စ တို့တွင် အရေးပါသည်မှာ ရန်ပုံငွေများသည် ပြည်တွင်းအဖွဲ့အစည်းများ၏ ဌာနဆိုင်ရာငွေစာရင်းအတွင်းသို့ ဝင်ရမည် ဖြစ်ပြီး ယင်းရန်ပုံငွေများကို စီမံခန့်ခွဲခြင်း၊ သုံးစွဲခြင်းတို့အတွက် ယင်းတို့တွင် တာဝန်ရှိရမည်။ ကိန်းဂဏန်းအရင်းအမြစ် - FMOနှင့် IP ။

PR ၇.၂။ ရိက္ခာနှင့်အသက်မွေးမှုဖူလုံစေရေးတွင် ပါဝင်ရန်အတွက် အထောက်အပံ့ခံရသော ဒေသခံ NGOအမျိုးအစားနှင့် အရေအတွက်

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် ရိက္ခာနှင့်အသက်မွေးမှုဖူလုံစေရေးတွင် ပါဝင်ရန်အတွက် အထောက်အပံ့ခံရသော ဒေသခံ NGOအမျိုးအစားနှင့်အရေအတွက်ကို တိုင်းတာသည်။ ယင်းအဖွဲ့တို့တွင် ကျေးရွာအဖွဲ့အစည်းများ (CBOများ၊ VDCများ၊ VSLAများ စသည့်)ထုတ်လုပ်သူအဖွဲ့အစည်းများ၊ တောင်သူအစည်းအရုံးများ၊ အလုပ် သမားအစည်းအရုံးများ၊ ဝင်ငွေတိုးအုပ်စုများ၊ ငွေကြေးအုပ်စုများ(SHGများအပါအဝင်)၊ ဒေသခံCSOများ၊ NGOများ၊ အစိုးရဌာနများ၊ ရုံးများ ပါဝင်သည်။ အထောက်အပံ့တွင် သင်တန်းများ၊ နည်းပညာအထောက်အကူများ၊ ပစ္စည်းများထောက်ပံ့ခြင်း၊ တိုးတက်ပြောင်းလဲရန် တိုက်တွန်းအားပေးခြင်း၊ ကွန်ရက်ဖွဲ့ခြင်း၊ အချိတ်အဆက်များ ပြုလုပ်ပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စည်းရုံးလှုံ့ဆော်မှုများတွင် ပါဝင်စေခြင်းတို့ ပါဝင်သည်။ ကိန်းဂဏန်း အရင်းအမြစ် - FMOနှင့် IP။

PR ၇.၃။ ရိက္ခာနှင့်အသက်မွေးမှုဖူလုံစေရေးတွင် လှုပ်ရှားဆောင်ရွက်နေသော အထောက်အပံ့ခံ ဒေသခံ NGO အမျိုးအစား နှင့် အရေအတွက်

အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် ပါဝင်ဆောင်ရွက်နေသော ဒေသခံNGO (PR ၇.၃) အရေအတွက်ကို တိုင်းတာသည်။ 'လှုပ်ရှားဆောင်ရွက်'ဟူသောစကား၏ အဓိပ္ပာယ်မှာ အုပ်စုအမျိုးအစားအလိုက် ခြားနားမည် ဖြစ်သည်။ FMOနှင့် IPတို့သည် 'လှုပ်ရှားဆောင်ရွက်'ဟူသောစကား၏ အဓိပ္ပာယ်ဖော်ပြချက်ကို သက်ဆိုင်ရာ အုပ်စု၏ သဘောသဘာဝကိုလိုက်၍ သဘောတူသတ်မှတ်ကြရန်လိုသည်။ ကိန်းဂဏန်းအရင်းအမြစ် - FMOနှင့် IP။

| စီမံကိန်းအဆင့်ရလဒ် PR ၈။ ဆင်းရဲနွမ်းပါးသူများ အကျိုးရှိစေမည့် ဖွံ့ဖြိုးရေးအတွက် မူဝါဒနှင့်သက်ဆိုင်သော အထောက်အထားများကို ပြုစုခြင်း |
|---|
| PR ၈.၁။ LIFTက ထောက်ပံ့ကာ ကျင်းပခဲ့သော မူဝါဒဆိုင်ရာအခမ်းအနားများအရေအတွက်<br><br>အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် LIFTနှင့် မိတ်ဖက်အဖွဲ့တို့က ကျင်းပခဲ့သော မူဝါဒ သြဇာသက်ရောက်ရေး ပွဲလမ်းများ၏ အရေအတွက်ကို နောက်ကြောင်းပြန်လိုက်သည်။ မူဝါဒဆိုရာတွင် ဥပဒေများ၊ ဥပဒေမူဘောင်များ၊ အုပ်ချုပ်မှုလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများ၊ ပုဂ္ဂလိကကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှုများ၊ ကုန်သွယ်ရေး၊ သွင်းအားစု၊ မြေယာနှင့် သယံဇာတစီမံခန့်ခွဲမှု၊ အာဟာရဆိုင်ရာတို့ကို စွမ်းဆောင်နိုင်သော ပတ်ဝန်းကျင်ကို ဖြစ်စေသည့် ဌာနဆိုင်ရာစီစဉ်မှုများလည်း ပါဝင်သည်။ အခမ်းအနားဟုဆိုရာတွင် အလုပ်ရုံဆွေးနွေးပွဲများ၊ လူထုတွေ့ဆုံပွဲများ၊ မိန့်ခွန်းများ၊ တင်ပြပွဲများ၊ အစည်းအဝေးများ၊ ဆွေးနွေးသည့် ဖိုရမ်များ၊ ဆွေးနွေးတိုက်တွန်းသည့်ပွဲများ စသည့် မူဝါဒရေးဆွဲရေးကို တိုက်ရိုက်၊ သွယ်ဝိုက် သြဇာသက်ရောက်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သည့်ပွဲများအားလုံးပါဝင်သည်။ ကိန်းဂဏန်းအရင်းအမြစ် - FMOနှင့် IP။ |
| PR ၈.၂။ LIFTက ထုတ်ဝေပြီး ပတ်သက်ဆက်နွယ်သူတို့ထံသို့ ဖြန့်ချီခဲ့သော မူဝါဒရေးရာ စာအုပ်စာတမ်းများ အရေအတွက်<br><br>အဓိပ္ပာယ်ဖော်ပြချက်။ ဤအညွှန်းသည် LIFT၏ FMOရော မိတ်ဖက်အဖွဲ့များကပါ ထုတ်ဝေခဲ့သော စာအုပ်စာတမ်း၊ စီမံချက်များသည် မူဝါဒရေးဆွဲရာတွင် တင်ပြရန် ရည်ရွယ်သည်။ ယင်းတို့တွင် သုတေသနစာတမ်းများ၊ မူဝါဒရှင်းလင်းပွဲများ၊ မှတ်တမ်းများ၊ အမှုတွဲများ၊ ထုတ်ဝေပြီးဆောင်းပါးများ၊ တီဗီ၊ သတင်းစာ၊ ဂျာနယ်၊ ရေဒီယိုနှင့် အခြားမီဒီယာတို့မှ တင်ပြပို့ချက်များ၊ အကဲဖြတ်အစီရင်ခံစာများ စသည့် မူဝါဒကို သြဇာ သက်ရောက်စေရန် ရည်ရွယ်ထားသမျှအားလုံး ပါဝင်သည်။ ဌာနတွင်း စာရွက်စာတမ်းများနှင့် စီမံချက်အကဲဖြတ် အစီရင်ခံစာများ မပါဝင်ပါ။ မူဝါဒတစ်ခုတည်းအတွက် မူဝါဒကိုဦးတည်သည့် စာအုပ်စာတမ်းတစ်ခုမက ရှိနိုင်သည်- (ဥပမာ။ အင်္ဂလိပ်နှင့်အခြားဘာသာများနှင့်ထုတ်ဝေခြင်းများ၊ NGOများ၊ ပုဂ္ဂလိက၊ အစိုးရတို့အတွက် သီးခြား ထုတ်ဝေခြင်းများ)ယင်းတို့အားလုံးကို ရေတွက်သည်။ ကိန်းဂဏန်းအရင်းအမြစ် - FMOနှင့် IP။ |

# နောက်ဆက်တွဲ ၄။ မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်၊ တောင်တန်းဒေသ၊ ရခိုင်ဒေသတို့တွင် စီမံချက် ဆောင်ရွက်ချက်များ

*နောက်ဆက်တွဲဇယား ၄.၁။ ၂၀၁၅ခုနှစ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသရှိ စီမံချက်၁၅ခု၏ အရေးပါသော တင်ပြချက်များ*

| စဉ် | IP၊ အမည်၊ အချိန် သတ် မှတ်ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | ActionAid - Thadar Consortium။<br><br>ဧရာဝတီမြစ်ဝကျွန်း ပေါ်ဒေသတွင် အသက်မွေးဝမ်း ကျောင်းမှုစနစ်များ အတွက် ဒေသခံ စွမ်းဆောင်ရည်ကို တည်ဆောက်ခြင်း<br><br>၁၆-၉-၂၀၁၁ မှ ၁၅-၉-၂၀၁၄ထိ ။ ကန်ဒေါ်လာ ၁,၉၉၇,၄၈၈<br><br>ပိတ်သိမ်း | ဘိုကလေးနှင့် မော်လမြိုင်ကျွန်းမြို့နယ်၊ ကျေးရွာအုပ်စု၆ခု၊ ကျေးရွာ၂၄ရွာ ပါဝင်သည်။ စုစုပေါင်းအိမ်ထောင်စု၂,၀၈၃စု ကို စီမံချက်ကာလအတွင်း ထောက်ကူခဲ့သည်။<br><br>- စီမံချက်ကို တိုးချဲ့ရာတွင် CBOများ၏ စီမံခန့်ခွဲမှုစနစ်များ၊ ကွန်ရက်ဖွဲ့မှုများ၊ အခြားCBOများနှင့်ပူးပေါင်းဆောင်ရွက်မှု၊ ရပ်ရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပိုင်ဆိုင်မှုစိတ်ထားရှိစေခြင်း၊ သီးခြားလုပ်ငန်း ဆောင်ရွက်နိုင်စွမ်း တိုးတက်စေခြင်းတို့ကို ဦးစားပေးခဲ့သည်။ CBO၂၄ဖွဲ့တို့ ပါဝင်ခဲ့သည်။<br><br>- ကျေးရွာ၂၄ရွာတွင် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ် ၂၄ခု ကို အကောင်အထည်ဖော်ခဲ့သည်။ အိမ်ထောင်စု ၁,၈၁၇စုတို့ ပါဝင်ပြီး သက်ကြီးရွယ်အိုများသို့ ငွေထောက်ပံ့ခြင်း၊ ကျောင်းသားများကို အာဟာရ အစားအစာကျွေးခြင်း၊ ခိုနားရာနေရာများ တည်ဆောက်ခြင်းနှင့် ကျန်းမာရေး ပြဿနာများ စသည် အတွက် ရန်ပုံငွေများကို လက်လှမ်းမီခဲ့ကြသည်။ |

| | | |
|---|---|---|
| ၂ | IOM (International Organization for Migration)<br><br>မြစ်ဝကျွန်းပေါ်ဒေသ တွင် ရွှေ့ပြောင်းသွားလာရေးကို အသက်မွေး မှု မဟာဗျူဟာအဖြစ် အသုံးပြုခြင်း<br><br>၁၅-၁၂-၂၀၁၅ မှ ၃၁-၈-၂၀၁၈ ထိ<br><br>ကန်ဒေါ်လာ ၇၄၉,၁၀၀<br><br>ဆောင်ရွက်ဆဲ | ဤစီမံချက်သည် ရွှေ့ပြောင်းသွားလာရေးနှင့် ဖွံ့ဖြိုးရေးကို လေ့လာမှု ပြုလုပ်မည်။ ရွှေ့ပြောင်းသွားလာရေးစီမံကိန်းအတွက် အသိအမြင်တို့ကို ဖော်ထုတ်မည်။ LIFTနှင့် စီမံကိန်းမိတ်ဖက်တို့ကို ရွှေ့ပြောင်းသွားလာရေးကဏ္ဍအား ဂရုပြုသော စီမံကိန်း ရေးဆွဲခြင်းတွင် ထောက်ပံ့မည်။ စိတ်ချရသော ရွှေ့ပြောင်းသွားလာရေးကို ထောက်ပံ့မည်။ ရွှေ့ပြောင်းသွားလာသူရှိသော အိမ်ထောင်စုများကို ထောက်ပံ့မည်။<br><br>လုပ်ငန်းအစပျိုးမှုအဆင့်-<br><br>- MEALစီမံချက်ရေးဆွဲခြင်း<br><br>- အခြေခံမျဉ်းစစ်တမ်း<br><br>- အခြား LIFT၏ မြစ်ဝကျွန်းပေါ်ဒေသIPများနှင့် တွေ့ဆုံကာ ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် ရွှေ့ပြောင်းသွားလာရေးကိုပါ ကိုင်တွယ်ရာတွင် ထောက်ပံ့ခြင်း |
| ၃ | IRRI (International Rice Research Institute)<br><br>မြစ်ဝကျွန်းပေါ်ဒေသ အောက်ပိုင်းရှိ ဆန်စပါး အခြေခံကျေးလက် အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမှုကို တိုးတက်ကောင်းမွန်စေခြင်း<br>၁၇-၂-၂၀၁၀ မှ ၃၀-၉-၂၀၁၅ ထိ<br><br>ကန်ဒေါ်လာ၂,၁၀၀,၀၀၀<br><br>ပိတ်သိမ်း | ဤစီမံချက်တွင် အပိုင်း၂ပိုင်းပါဝင်သည်-(၁) စပါးမျိုးသစ်များ သရုပ်ပြ စိုက်ပျိုးရာတွင် ပါဝင်ဆောင်ရွက်ခြင်း (၂) အကောင်းဆုံးစိုက်နည်းနှင့် LIFT၏ IPများ၊ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၏ သုတေသန နှင့် ပညာပေးဝန်ထမ်းတို့၏ စွမ်းဆောင်ရည်ကို အားဖြည့်ခြင်းတို့ ဖြစ်သည်။<br><br>- မျိုးကောင်းများနှင့် စိုက်နည်းကောင်းများကို ပေါင်းစပ်မှုနှင့် တောင်သူတို့၏ စိုက်နည်းတို့ကို ယှဉ်လျက် အကြောင်းအရင်းခံ ၄ချက်အတွက် စမ်းသပ် စိုက်ပျိုးသည်။ ဒဏ်ခံမျိုးနှင့် စိုက်နည်းကောင်း တို့မှ ရေမကြီးသောနေရာတွင် ၂၀%နှင့် ရေကြီးနိုင်သော နေရာများ တွင် ၃၀% (၁တန်/ဟက်တာ သို့ ၀.၄တန်/ဧက) ပေါင်းစည်းထားသောအကောင်းဆုံးစိုက်နည်းစနစ်များ ဖြင့်ရသော ဝင်ငွေသည် တောင်သူ စိုက်နည်း ဖြင့်ရသော ဝင်ငွေထက် ရေမကြီးသောနေရာတွင် ၆% နှင့် ရေကြီးနိုင်သောနေရာတွင် ၈%ပိုသည်။<br><br>- တောင်သူတို့ကို ထုတ်ပေးသော စပါးမျိုးအလိုက် ရရှိသော ကိန်းဂဏန်း တို့ကို သုံးသပ်ပြီး စပါးမျိုးနှင့် အကောင်းဆုံးစိုက်နည်းတို့ကို ထောက်ခံ တင်ပြသည်။ ယင်းတို့ကို နယ်မြေအလိုက် ရာသီအလိုက် အပြီးသတ်ပြုစုသည်။<br><br>- IRRI ရိတ်သိမ်းချိန်လွန်အဖွဲ့က အပြန့်လိုက် အခြောက်ခံစက်တစ်လုံး တပ်ဆင်ပေးသော ကျေးရွာများတွင် ရပ်ရွာမျိုးစေ့ဘဏ်များကို ထူထောင်ခဲ့သည်။ သိုလှောင်နိုင်အားမှာ တင်း၂,၀၀၀ဖြစ်သည်။ ရပ်ရွာက ယင်းအတွက် ဘုံမြေကို ပေးသည်။<br><br>- ရိတ်သိမ်းချိန်လွန်သင်ယူမှုမဟာမိတ်မူဘောင်အရ ရိတ်သိမ်းချိန်လွန် နှင့် တန်ဖိုးကွင်းဆက်သုံးသပ်ချက်မှ ဖော်ထုတ်သော နည်းပညာများ ကို မိတ်ဆက်၊ စမ်းသပ်၊ ပြောင်းလဲခြင်းတို့ကို လိုအပ်သလို လက်တွေ့စမ်းသပ်ကာ ဆောင်ရွက်ခဲ့သည်။(လေလုံပိတ်သိုလှောင်မှု၊ အပြန့် လိုက်အခြောက်ခံစက်၊ နေရောင်ခြည်သုံး အခြောက်ခံစက်၊ အပေါ့စား ခြွေလှေ့စက်၊ စပါးရိတ်စက်)<br><br>- စီမံချက်အပြီးသတ်အကဲဖြတ်မှုကို ၂၀၁၅ခုနှစ် ဖွန်လတွင် ဆောင်ရွက် ခဲ့သည်။ |

| | | |
|---|---|---|
| ၄ | IRRI Research and Mapping (International Rice Research Institute)<br><br>ဆန်စပါးစိုက်ပျိုးသည့် ပတ်ဝန်းကျင်တွင် ဆုံးရှုံးနိုင်ခြေများကို လျှော့ချ ခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှုကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း<br><br>၂၈-၈-၂၀၁၂ မှ ၂၇-၁၁-၁၅ ထိ<br><br>ကန်ဒေါ်လာ ၁,၆၂၇,၈၈၀<br><br>ပိတ်သိမ်း | ဤစီမံချက် အဓိကအစိတ်အပိုင်း၃ခုပါရှိပြီး GISမြေပုံရေးဆွဲခြင်း၊ ပါဝင် သုတေသနပြုမှု၊ စွမ်းဆောင်ရည်တည်ဆောက်ရေးနည်း ကိရိယာတို့ ဖြစ်သည်။<br><br>- မြစ်ဝကျွန်းပေါ်ဒေသ မြို့နယ်များရှိ ပတ်သက်ဆက်နွှယ်သူတို့က အတည်ပြု ပေးသော MODIS ပုံရိပ်များဖြင့် ရေးဆွဲသော သီးနှံပုံစံမြေပုံများ<br>- မြစ်ဝကျွန်းပေါ် ၃မြို့နယ်အတွက် ကွင်းဆင်းပြီး အခြေခံ ဆားပေါက်မှု ကိန်းဂဏန်းများကို သုံးသပ်ကာ ရာသီအလိုက် ဆားပေါက်မှုကို မြေပုံ ဆွဲခြင်း<br>- မြစ်ဝကျွန်းပေါ်၃မြို့နယ်အတွက် ဂြိုဟ်တုပုံရိပ် အခြေခံရေကြီးမှုမြေပုံများကို ရာသီအလိုက် ထင်ရှားအောင် ရေးဆွဲခြင်း<br>- စီမံချက်က စတင်စိုက်ပျိုးကာ အကဲဖြတ်ခဲ့သော စပါးမျိုး၂မျိုးကို အမျိုးသားမျိုးစေ့ကော်မတီက ပွားများကာ ထုတ်ဝေရန် လက်ခံခဲ့သည်။<br>- ဒဏ်ခံရမှုနယ်ပယ်(ရေငတ်၊ ရေမြုပ်၊ ဆားငန်၊ မြေအငန်ဓာတ်များ) အလိုက် အကောင်းဆုံးစိုက်နည်းစနစ်အတွက် လမ်းညွှန်ချက်များ အဖြစ် စိုက်ပျိုးစီးပွားလေ့လာမှု အဓိကတွေ့ရှိချက်များကို အနှစ်ထုတ်ခြင်း။<br>- ပေါင်းစည်းအကောင်းဆုံးစိုက်နည်း(ဒဏ်ခံမျိုးနှင့် တီထွင်ဆန်းသစ် သော စိုက်နည်းများပေါင်းစပ်ခြင်း)ကို ထောက်ခံတင်ပြချက်အလိုက် သရုပ်ပြခြင်းကို မြစ်ဝကျွန်းပေါ်ဒေသ ဦးတည်မြို့နယ်များတွင် ဆောင်ရွက်ခဲ့သည်။<br>- ပြည်တွင်းတက္ကသိုလ်များနှင့် ပညာပေးလုပ်ငန်းများရှိ ပြည်တွင်း ဝန်ထမ်းများကို ရည်ရွယ်လျက်၊ မြစ်ဝကျွန်းပေါ်ရှိ စပါးစိုက်နယ်မြေ များရှိ အသက်မွေးမှု တိုးတက်ရေး၊ အဆုံးအရှုံးလျှော့ချရေး ဆိုင်ရာ စီမံချက်၏ ချဉ်းကပ်ပုံများကို ပြည့်စုံစွာ ဖော်ပြထားသည့် သင်ကြားရေး စာအုပ်စာတမ်းများကို အညွှန်းစာအုပ်စာတမ်းများနှင့် အတူ ပြင်ဆင်ခဲ့သည်။<br>- ၂၀၁၅ခုနှစ် ဖွန်လတွင် စီမံချက်အပြီးသတ်အကဲဖြတ်မှုကို ဆောင်ရွက် ခဲ့သည်။ |
| ၅ | Link Emergency Aid and Development (LEAD)<br><br>စားနပ်ရိက္ခာဖူလုံမှုကို အရှိန်တိုးမြှင့်ခြင်း၊ နည်းပညာဆိုင်ရာ စိုက်ပျိုး မွေးမြူဆိုင်ရာ သွင်းအား စုများ ပေးအပ်ခြင်းဖြင့် တောင်သူများ မြေယာ မဲ့လုပ်သားများကို စားနပ် ရိက္ခာဖူလုံစေခြင်း<br><br>၅-၇-၂၀၁၁ မှ ၄-၇-၂၀၁၄ထိ။<br><br>ကန်ဒေါ်လာ ၃၉၉,၉၉၄<br><br>ပိတ်သိမ်း | ဤစီမံချက်သည် တောင်သူငယ်များသို့ မိုးစပါးနှင့်ဆောင်းသီးနှံတို့ကို စိုက်ပျိုးရန် သွင်းအားစုများနှင့် နည်းပညာအကြံဉာဏ်တို့ကို ပေးခဲ့သည်။ ဆားငန်ဒဏ်ခံမျိုးစပါး တိုးပွားများကာ ဖြန့်ဝေပေးခဲ့သည်။ ကိရိယာအချို့(ရိတ်သိမ်းစက်၊ ခြွေလှေ့စက်) တို့ကိုလည်း ထောက်ပံ့ခဲ့သည်။ အပြန်အလှန် လေ့လာရေးခရီးစဉ်တို့ကို စီစဉ်ပေးခဲ့သည်။ ထို့ပြင် တောင်သူမဟုတ်သူ/ လယ်မဲ့မြေမဲ့များကိုလည်း အသေးစားမွေးမြူရေးများ၊ အိမ်ခြံ၊ သစ်သီးပင် ဥယျာဉ်များ စိုက်ပျိုးရန် ထောက်ပံ့ခဲ့သည်။<br><br>ဤစီမံချက်သည် စိတ်ဝင်စားသူများကို အုပ်စုဖွဲ့ကာ ကျေးရွာလည်ပတ် ရန်ပုံငွေထူထောင်ပေးခဲ့သည်-<br><br>- ဤစီမံချက်သည် အိမ်ထောင်စု ၁,၅၇၇ စုသို့ မိုးစပါး၊ ဆောင်းသီးနှံ၊ မွေးမြူရေးတို့ ဆောင်ရွက်ရန် ထောက်ပံ့ခဲ့သည်။<br>- မိုးစပါး။ မျိုးစပါးသစ်များက ယခင်မျိုးတို့ထက် ၂၀ရာခိုင်နှုန်း ပိုထွက်သည်ဟု တောင်သူများက တင်ပြကြသည်။<br>- ဆောင်းသီးနှံ။ စီမံချက်က ဖရဲ၊ မြေပဲ၊ နှမ်း၊ ကုလားပဲမျိုးစေ့များကို ထောက်ပံ့ပေးသည်။ ယင်းတို့အနက် ဖရဲသည် ပင်လယ်ကမ်းနားတွင် ရေချိုတွင်းရေများကိုသုံး၍ စိုက်ရာ အအောင်မြင်ဆုံးဖြစ်သည်။<br>- မွေးမြူရေး။ အထောက်အပံ့ခံတို့၏ ၆၂ရာခိုင်နှုန်းမှာ ဝက်မွေးကြပြီး ၃၂ရာခိုင်နှုန်းမှာ ကြက်မွေးကြသည်။ အထောက်အပံ့ခံ အများစုတို့က စီမံချက်၏ထောက်ပံ့မှုကြောင့် ဝင်ငွေတိုးလာကြောင်း တင်ပြကြသည်။ ယင်းဝင်ငွေကို မိသားစုစားသုံးရန်၊ ကလေးများကို ပညာသင်ပေးရန်၊ ပြန်ရင်းနှီးမြှုပ်နှံရန် သုံးကြသည်။<br>- စီမံချက်အပြီးသတ်အကဲဖြတ်မှုကို ၂၀၁၅ခုနှစ် မေလတွင် ပြုလုပ်ခဲ့သည်။ |

| | | |
|---|---|---|
| ၆ | Mercy Corps -Ar Yone Oo။<br><br>ပြန်လည်ထူထောင်ခြင်း မှသည်- ဈေးကွက်က ဦးဆောင်သည့် နှမ်းပါး သူများ အကျိုးဖြစ်ထွန်း စေမည့် စီးပွားရေး တိုး တက်မှု<br><br>၁-၇-၂၀၁၁ မှ ၃၁-၈-၂၀၁၄ ထိ။<br><br>ကန်ဒေါ်လာ ၄,၂၈၇,၄၃၁<br><br>ပိတ်သိမ်း | ဤစီမံချက်တွင် အပိုင်း၂ပိုင်းပါဝင်သည်- (၁)အရင်းအနှီး ချို့တဲ့နေသော လယ်ပိုင်သည့် တောင်သူအိမ်ထောင်စုများကို အုပ်စုဖွဲ့ပေးခြင်း၊ စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း၊ သွင်းအားစုများ ထောက်ပံ့ခြင်းဖြင့် တောင်သူထုတ်လုပ်သူအုပ်စုများ ထူထောင်ပေးခြင်း (၂) လယ်မဲ့မြေမဲ့ မိသားစုသို့ အုပ်စုဖွဲ့ပေးခြင်း၊ စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း၊ သွင်းအားစု ထောက်ပံ့ခြင်းဖြင့် ဝင်ငွေတိုးအုပ်စုများ ထူထောင်ပေးခြင်းတို့ ဖြစ်သည်။ ဤစီမံချက်သည် ဈေးကွက်ဖွံ့ဖြိုးရေး ချဉ်းကပ်နည်း ပေါင်းစုံကို အာရုံစိုက်ခဲ့သည်။ ယင်းတို့တွင် ဈေးကွက်တွင်လှုပ်ရှားနေသူများကို မိတ်ဖက်ပြုပေးခြင်း၊ တောင်သူ များကို သီးနှံဝယ်မည့်သူများ၊ သွင်းအားစု ရောင်းချပေးမည့်သူများနှင့် ချိတ်ဆက် ပေးမည့် ဈေးကွက် ကြားလူများကို ထူထောင်ပေးခြင်း၊ စီးပွားရေးဖြစ်နိုင်/မဖြစ်နိုင် လက်တွေ့ပြနိုင်ရန် အကျိုးတူပူးပေါင်းရန် စမ်းသပ်စီစဉ်ပေးခြင်းတို့ ပါဝင်သည်-<br><br>- လပွတ္တာ မျိုးစပါးလေ့လာမှုကို IRRI၏ အထောက်အကူဖြင့် ဆောင်ရွက်ခဲ့သည်။ ယင်း၏ရည်ရွယ်ချက်မှာ ၂ခုရှိသည်-ကြားနယ် မြေတွင် တောင်သူတို့ စိုက်ပျိုးလိုသည့် မျိုးများအကြောင်း ပိုသိရှိ ရန်၊ လပွတ္တာမြို့နယ်ရှိ မျိုးစပါးထုတ်လုပ်သူတို့၏ အောင်မြင်ရသော အကြောင်းရင်းခံများအကြောင်းကို သိရန်ဖြစ်သည်။<br><br>- ပြီးခဲ့သော ၁၂လအတွင်း ၃၀%သော တောင်သူတို့သည် ပိုကောင်းသော မျိုးစပါးများကို သုံးခဲ့ကြောင်း အိမ်ထောင်စုစစ်တမ်းအရ သိရ သည်။<br><br>- FPE/IGG ၁၇၄ဖွဲ့သည် ပိုးသတ်ဆေး အသုံးပြုနည်းသင်တန်း တက်ခဲ့ ကြသည်။<br><br>- FPEအဖွဲ့ဝင် ၃၂၄ဦးတို့သည် အဓိကကျသော စိုက်ပျိုးနည်းသင်တန်းများ တက်ခဲ့ကြသည်။<br><br>- သီးခြားလွတ်လပ်သော စစ်တမ်းတစ်ခုအရ ၁,၂၈၇ဦး သို့မဟုတ် IGG အဖွဲ့ဝင်၆၀%ခန့်သည် ထောက်ပံ့ငွေအသေးစား(ပျမ်းမျှ ကန်ဒေါ်လာ ၅၀)ကို စီမံချက်ကာလအတွင်း ရရှိခဲ့ကြသည်။ |
| | | - အထောက်အပံ့ခံ IGGအဖွဲ့ဝင်၇၉%သည် ဟင်းသီးဟင်းရွက်စိုက်ပျိုး နေသည် သို့မဟုတ် လောလောဆယ် အမြတ်ရမည့် အခြားစိုက်ပျိုးရေး လုပ်ငန်းငယ်များကို ဆောင်ရွက်နေသည်။<br><br>- အကျိုးတူလယ်ယာလုပ်ခြင်း။<br><br>- ဆန်စက်အကြီးစားပိုင်ရှင်၈ဦးနှင့် သွင်းအားစုရောင်းသူ ၂ဦး တို့နှင့် ချုပ်ဆိုခဲ့သော စာချုပ်တန်ဖိုးမှာ ကန်ဒေါ်လာ ၃၇၄,၄၅၂ ရှိသည်။<br><br>- FPE/ဆန်စက်ပိုင်ရှင်တို့နှင့် မွန္တလေးကုန်သည်တို့အကြား အရောင်းအဝယ် တိုးတက်လာသည်။ ဩဘာသည် ဓာတ်မြေဩဇာတို့ကို ပေးသွင်းရန် ဆန်စက်ပိုင်ရှင်တို့နှင့် ခိုင်မာစွာ ချိတ်ဆက်ထားနိုင်သည်။<br><br>- စီမံချက်အပြီးသတ်အကဲဖြတ်မှုကို ၂၀၁၅ခုနှစ် ဖွန်လတွင် ဆောင်ရွက် ခဲ့သည်။ |

| | | |
|---|---|---|
| ၇ | Mercy Corps-Ar Yone Oo- Swiss Contact<br><br>လပွတ္တာကို ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ကျွမ်းကျင်မှု၊ အလုပ်အကိုင်တို့ဖြင့် ဝင်ငွေတိုးစေခြင်း<br><br>၁-၁၀-၂၀၁၅ မှ ၃၀-၉-၂၀၁၈ ထိ<br><br>ကန်ဒေါ်လာ ၄,၃၃၈,၁၉၇<br><br>ဆောင်ရွက်ဆဲ | ဤစီမံချက်သည် FPEတို့ကို ဝန်ဆောင်မှုပေးခြင်း(သွင်းအားစု ထောက်ပံ့ခြင်း၊ ပညာပေးခြင်း၊ ကိရိယာငှားရမ်းခြင်း၊ ဈေးငွေလက်လှမ်းမီနေခြင်း၊ စက်ပိုင်ရှင်များနှင့် အကျိုးတူလယ်ယာဆောင်ရွက်ခြင်း)တို့ဖြင့် လည်းကောင်း၊ လယ်မဲ့မြေမဲ့တို့ကို အသက်မွေးမှု၊ စီးပွားရေး၊ ဘဝသက်တာ ကျွမ်းကျင်မှုများ၊ ရွှေ့ပြောင်းသွားလာရေးနှင့်ဆိုင်သည့် သတင်းများ၊ ရန်ကုန်အခြေပြုအလုပ်ရှင်များနှင့် ချိတ်ဆက်ပေးခြင်းတို့ဖြင့် လည်းကောင်း ထောက်ပံ့မည်။<br><br>လုပ်ငန်းအစမျိုးမှုအဆင့်<br><br>- မြစ်ဝကျွန်းပေါ်မြို့နယ်သုံးခုတွင် WHH/GRETတို့နှင့် ပူးပေါင်းကာ မဟာဗျူဟာမြောက် ကြံ့ကြံ့ခံနိုင်မှုအကဲဖြတ်ခြင်းကို ဆောင်ရွက်ခဲ့သည်။<br><br>- အခြေခံမျဉ်းစစ်တမ်း<br><br>- စီမံချက်၏ MEALစီမံချက်ကို ပြုစုခြင်း |
| ၈ | Pact<br><br>မြစ်ဝကျွန်းပေါ်ဒေသရှိ မုန်တိုင်းဒဏ်ခံ ဆင်းရဲနွမ်းပါးသူများ၏ အသက်မွေးဝမ်းကျောင်းမှုကို ကောင်းမွန်စေမည်။ ရေရှည်တည်တံ့သော အသေးစား ငွေကြေးလုပ်ငန်း<br><br>၀၁-၁-၂၀၁၄ မှ ၃၁-၅-၂၀၁၅ ထိ<br><br>ကန်ဒေါ်လာ ၄၄၀,၈၂၀<br><br>ပိတ်သိမ်း | UNDPမှတစ်ဆင့် LIFTက ထောက်ပံ့ခဲ့သော PGMFလုပ်ဆောင်မှုများကို ၂၀၁၁ခုနှစ်မှ ၂၀၁၃ခုနှစ်ထိ ဆောင်ရွက်ခဲ့ပြီးမှ တိုးချဲ့ခဲ့ပြီး ၂၀၁၅ခုနှစ် မေလအထိ PGMFကို တိုက်ရိုက်ထောက်ပံ့ခဲ့သည်။<br><br>- PGMFသည် ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ ၃မြို့နယ်၊ ရွာ၁၂၁ရွာ မှ ဝန်ဆောင်မှုအသုံးပြုသူ ၃၁,၆၂၇ဦးကို ကန်ဒေါ်လာ၉.၃သန်း ထောက်ပံ့ခဲ့ သည်။ ဈေးငွေ၏ ၅၅%ကို အသေးစား စီးပွားရေးများတွင် လည်းကောင်း ၊ ၂၄%ကို စိုက်ပျိုးရေးတွင်လည်းကောင်း၊ ၂၁%ကို မွေးမြူရေး တွင် လည်းကောင်း ရင်းနှီးမြှုပ်နှံခဲ့ကြသည်။<br><br>- PGMFသည် ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်ခဲ့သည်။ ထို့ကြောင့် ဆင်းရဲသောအိမ်ထောင်စုများနှင့် လုပ်ကွက်ငယ်တောင်သူတို့ကို စီမံချက် အချိန်နောက်ပိုင်းတွင်လည်း ဆက်လက်ထောက်ပံ့နေသည်။ |
| ၉ | Proximity Designs<br><br>လုပ်ကွက်ငယ်လယ်သ မားများကို စိုက်ပျိုးရေး ဈေးငွေရရှိစေခြင်း<br><br>၁-၀၁-၂၀၁၃ မှ ၃၀-၁၁-၂၀၁၅ ထိ<br><br>ကန်ဒေါ်လာ၂,၃၀၀,၀၀၀<br><br>ပိတ်သိမ်းပြီး | ဤစီမံချက်အရ Proximity Finance (PF) သည် အတိုးသက်သာသော ဈေးငွေ ကန်ဒေါ်လာ ၁၀.၃သန်းကို ဈေးငွေ ၄၇,၈၈၄စု အဖြစ် ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ မြစ်ဝကျွန်းပေါ်ဒေသတို့တွင် ထုတ်ချေးခဲ့သည်။ ယင်းချေးငွေ ၏ ၃၄.၁%ဖြစ်သော ကန်ဒေါ်လာ၂.၂၇၂သန်းကို LIFTက ထောက်ပံ့ခဲ့သည်။<br><br>- စစ်တမ်းကောက်ယူချက်အရ PFသည် ကနဦးချေးငွေ ကျပ်၂၀၀,၀၀၀ အစား နောက်အကြော့တွင် ကျပ်၂၅၀,၀၀၀ကို ယင်းတို့၏ ငွေပြန်ဆပ်မှုနှင့်ချေးငွေသတ်မှတ်ချက်တို့အရ ထုတ်ချေးပေးခဲ့သည်။<br><br>- PFသည် အတိုးငွေကိုလည်း သီးနှံအမျိုးအစား၊ ချေးငွေကာလ၊ ပြန်ဆပ်မှုတို့ကို မူတည်၍ ၂လ သို့မဟုတ် ၃လတစ်ကြိမ် အတိုးငွေ ပုံသေသတ်မှတ်ထားသည်။ |
| | | - PFသည် အုပ်စုကြီး(လူဦးရေ၃၀)အစား အုပ်စုငယ်(၄ဦးမှ၈ဦး)သို့ ချေးငွေထုတ်ချေးသည့်စနစ်သို့ ပြောင်းလိုက်သည်။<br><br>- သီးခြားMFIဖြစ်စေရန် PFသည် မှတ်ပုံတင်ခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ အကောင်းဆုံး ဖွဲ့စည်းမှုလုပ်ငန်းစဉ်များကို စူးစမ်းနေသည်။ Proximity Designsအုပ်ချုပ်မှုအဖွဲ့သည် အဖွဲ့သစ်PF၏ပိုင်ဆိုင်မှုနှင့် အုပ်ချုပ်မှုကို စဉ်းစားလျက်ရှိသည်။ |

| | | |
|---|---|---|
| ၁၀ | Proximity Designs<br><br>ဘိုကလေး၊ မော်လမြိုင်ကျွန်းနှင့် လပွတ္တာရှိ ထိခိုက်ခံရလွယ်သော ရပ်ရွာများသို့ အသက် မွေးဝမ်းကျောင်း အထောက်အပံ့ပေးခြင်း<br><br>၁၁-၀၁-၂၀၁၂ မှ ၃၀-၄-၂၀၁၅ ထိ<br><br>ကန်ဒေါ်လာ၂,၆၉၁,၂၇၉<br><br>ပိတ်သိမ်း | ဤစီမံချက်သည် အဓိကအပိုင်း၂ပိုင်းပါရှိသည်။ (၁) ကျေးရွာဆက်သွယ်မှုကို ကောင်းမွန်စေရန်၊ အလုပ်နှင့်ငွေဖလှယ်သည့် စီမံချက်များဖြင့် လယ်ယာမဟုတ်သော ဝင်ငွေအခွင့်အလမ်းများကို ဖန်တီးရေး၊ (၂) လုပ်ကွက်ငယ်တောင်သူ၏ စပါးထွက်နှုန်းကို တိုးစေခြင်းဖြင့် ရိက္ခာဖူလုံ ရေးနှင့် ဝင်ငွေတိုးတက်ရေး၊ ဓာတ်မြေသြဇာမှီခိုမှု လျော့ပါးရေး၊ ပိုးမွှား ရောဂါကြောင့် စပါးအထွက်လျော့ပါးမှုကို လျှော့ချရေး<br><br>- Proximity Designsသည် သုံးမြို့နယ်ရှိ ကျေးရွာအုပ်စု ၉၁စု၊ ၁၈၃ရွာတွင် ရေကန်များ၊ လမ်းများကဲ့သို့သော အခြေခံအဆောက်အအုံတို့အတွက် ငွေထောက်ပံ့ခဲ့သည်။ အလုပ်နှင့်ငွေကို ဖလှယ်သောနည်းဖြင့် စီမံချက်တစ်ခုတွင် ပျမ်းမျှကုန်ကျစရိတ် ကျပ်၄,၉၄၈,၆၇၉ကို ပျမ်းမျှ အလုပ်သမား ၁၀၆ဦး(၂၇%မှာ အမျိုးသမီးများဖြစ်ကြသည်)ကို ငှားရမ်းခဲ့သည်။ တစ်ဦးလျှင် ပျမ်းမျှ၁၄ရက် အလုပ်လုပ်ကြရာ ဝင်ငွေပျမ်းမျှ တစ်ဦးလျှင် ကျပ်၅၃,၅၆၀စီ ရခဲ့ကြသည်။ စုစုပေါင်းအိမ်ထောင်စု ၁၅,၄၅၅တို့ အကျိုးခံစားခွင့်ရခဲ့ကြသည်။<br><br>- ခန့်မှန်းတောင်သူ အိမ်ထောင်စု၁၉,၀၀၀တို့သည် တောင်သူအကြံပေးဝန်ဆောင်မှုမှပေးသော ရွက်စိမ်းမြေသြဇာ၊ သီးထပ်စိုက်နည်း၊မျိုးစေ့ရွေးချယ်ခြင်း၊ ရောဂါပိုးမွှားထိန်းချုပ်ခြင်းဆိုင်ရာနည်းနာများကို ကျင့်သုံးခဲ့ကြသည်။ စီမံချက် အပြီးသတ်အကဲဖြတ်မှုကို ၂၀၁၅ခုနှစ်ဖွန်လတွင် ဆောင်ရွက်ခဲ့သည်။ ဘိုကလေး နှင့် မော်လမြိုင်ကျွန်း မြို့နယ်ရှိ ဆားပေါက်သောနယ်မြေနှင့် ရေငန်တိုးဝင်သောနယ်မြေများတွင်မှ တောင်သူများသည် ဤစီမံချက်၏ နည်းပညာအထောက်အပံ့ဖြင့် သီးထပ်စိုက်ပျိုးနိုင်ခဲ့ကြသည်။ သီးထက်ရော ဝင်ငွေပါ တိုးလာကြသည်။ အပင်များကျန်းမာရန်နှင့် သီးနှံအထွက်တိုးရန် ရေကာတာ ၁၀ခုကိုလည်း တည်ဆောက်ပေးခဲ့သည်။ ထို့ကြောင့် အိမ်ထောင်စု ၄၀၉စုကို အကျိုးပြုခဲ့သည်။ ယင်းတို့၏ လယ်၅၈၉၄ဧကမှာ ဘိုကလေး နှင့် မော်လမြိုင်ကျွန်းမှ အထိခိုက်လွယ်ဆုံး ကျေးရွာ၂၄ရွာတွင် တည်ရှိသည်။ |
| ၁၁ | Radanar Ayar<br><br>ဘိုကလေးမြို့နယ်တွင် လူမှု-စီးပွားရေးနှင့် ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး<br><br>၁၁-၁-၂၀၁၂ မှ ၁၀-၁-၂၀၁၆ ထိ<br><br>ကန်ဒေါ်လာ ၁,၁၆၉,၉၄၁<br><br>ပိတ်သိမ်းပြီး | ဤစီမံချက်သည် အဆင့်မြင့်မျိုးစပါးထုတ်လုပ်ရေးအတွက် တိုးတက်သော နည်းပညာများကို ကျင့်သုံးရန်၊ တောင်သူတို့ကို သင့်လျော်သော အသိအမြင်နှင့် သတင်းတို့ဖြင့် လုပ်ကိုင်နိုင်စွမ်းရှိစေခြင်း၊ တောင်သူများကို စည်းရုံးကာ အဓိကပစ္စည်းနှင့် ငွေကြေးထုတ်ပေးခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့သည်-<br><br>- တောင်သူ၂၁၉၂ဦးကို အဆင့်မြင့်မျိုးစပါးများ၊ အကြံပေးဝန်ဆောင်မှု များ ပေးအပ်ခဲ့သည်။<br><br>- မျိုးစပါးထုတ်လုပ်ရေးအတွက် မျိုးစပါးစိုက်သူ ၂၀၀ကို လေ့ကျင့်ပေးခဲ့သည်။ ၅၄ဦးတို့သည် မျိုးစေ့ထုတ်လုပ်ရေးကို ဘိုကလေးမြို့နယ်တွင် ဆက်လုပ်နေသည်။<br><br>- မျိုးစစ်မျိုးမှန် မျိုးစပါးတင်း၆၈၀၀ကို ၂၀၁၅ခုနှစ်အတွင်း ထုတ်လုပ်ပြီး တောင်သူအချင်းချင်းသို့ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ ဆန်စက်များ၊ NGOများသို့ ရောင်းချခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။<br><br>- ရွာ ၁၈ရွာ တွင် ကျီ၁၈ဆောင်ကို ဆောက်ခဲ့ပြီး တောင်သူအုပ်စုများက စီမံခန့်ခွဲနေကြသည်။<br><br>- စီမံချက်အပြီးသတ်အကဲဖြတ်ခြင်းကို ၂၀၁၅ခုနှစ် မေလတွင် ဆောင်ရွက်ခဲ့သည်။ |

| | | |
|---|---|---|
| ၁၂ | Save the Children<br><br>တောက်ပသောနေ့ဝန်း - ကြံ့ကြံ့ခံနိုင်မှု၊ စုပေါင်း ဆောင်ရွက်မှုတို့ကို တည်ဆောက်ခြင်း<br><br>၁၁-၁၂-၂၀၁၅ မှ ၃၁-၁၂-၂၀၁၈ထိ<br><br>ကန်ဒေါ်လာ ၃,၂၅၃,၃၉၀<br><br>ဆောင်ရွက်ဆဲ | ဤစီမံချက်သည် ကလေးသန္ဓေတည်ချိန်မှ ၂နှစ်မြောက်မွေးနေ့အထိ ရက်ပေါင်း ၁၀၀၀အတွင်း မိခင်များကို ငွေကြေးထောက်ပံ့မည့်အပြင် အမူအကျင့်ပြောင်းလဲရေး သတင်းစကားပြောကြားမှုကိုလည်း ဆောင်ရွက်မည်။ ယင်းကို လက်ရှိ 3MDG စီမံကိန်းနှင့် ပေါင်းစည်းမည်ဖြစ်ပြီး မြို့နယ် ကျန်းမာရေး လုပ်သားများမှတစ်ဆင့် ငွေလွှဲပေးမည်။ အာဟာရကောင်းမွန်ရေးနှင့် တစ်ကိုယ်ရည် သန့်ရှင်းမှု ကောင်းမွန်ရေး ဖြစ်ထွန်းစေမည်။ လပွတ္တာ ကျေးလက် ကျန်းမာရေးစနစ်အတွင်းရှိ ကျန်းမာရေးလုပ်သားများ ပင်မ ကျန်းမာရေး စောင့်ရှောက်မှုအပြင် အာဟာရဆိုင်ရာကိုပါ ဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်တည်ဆောက်ပေးမည်။<br><br>- လုပ်ငန်းအစပျိုးအဆင့်<br><br>- ကျန်းမာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း<br><br>- အခြေခံမျဉ်းစစ်တမ်း<br><br>- MEALစီမံချက်ရေးဆွဲခြင်း |
| ၁၃ | WHH (Welthungerhilfe)<br><br>ဘိုကလေးအလယ်ပိုင်း တွင် အားလုံးပါဝင်သော စီးပွားရေး တိုးတက်မှုကို ဖြစ်ပေါ်စေမည့်တန်ဖိုး ကွင်းဆက် တည်ဆောက်ခြင်း<br><br>-၁၆-၆-၂၀၁၁ မှ ၃၀-၉-၂၀၁၅ ထိ<br><br>ကန်ဒေါ်လာ ၄,၁၀၂,၈၅၅<br><br>ပိတ်သိမ်း | ဤစီမံချက်သည် ဘိုကလေးမြို့နယ်မှ လုပ်ကွက်ငယ်တောင်သူများနှင့် လယ်မဲ့မြေမဲ့များ ရေရှည်ရိက္ခာဖူလုံစေရန် ဝင်ငွေတိုးစေရန် CBO များက စီမံခန့်ခွဲသော ဈေးကွက်အခြေပြုချဉ်းကပ်နည်းဖြင့် ဆောင်ရွက်ရန် ဦးတည်သည်။<br><br>- ဤစီမံချက်သည် ကျယ်ပြန့်စွာ ပညာပေးရန်အတွက် နည်းနာအမျိုးမျိုး၊ လုပ်ဆောင်မှုအမျိုးမျိုးကို အသုံးပြုခဲ့ရာတွင် သရုပ်ပြစိုက်ခင်းများ၊ တောင်သူသင်တန်းကျောင်းများ၊ သင်တန်းကျောင်းများ၊ နည်းပညာ သင်တန်းများ၊ မလစက၊ အပြန်အလှန်လေ့လာရေးခရီးများ ပါဝင်သည်။ အိမ်ထောင်စု ၇,၄၀၀ထံသို့ ရောက်ရှိခဲ့သည်။<br><br>- အားလုံးပါဝင်အာမခံသောစနစ်ကို မျိုးစပါးထုတ်လုပ်ရေးအတွက် စမ်းသပ်ခဲ့သည်။ စပါး ၉၃၇တင်းကို (မျိုးလေးမျိုး)ထုတ်လုပ်ခဲ့သည်။ အရည်အသွေးစမ်းသပ်မှုများပြုလုပ်ခဲ့ရာ ၁၅%သာ အရည်အချင်း မမီပေ။ ရောင်းချခဲ့သော ၈၈၉တင်းတွင် ၄၈၈.၆တင်းကို တောင်သူများကို လည်းကောင်း၊ ၂၀၅တင်းမှာ မော်လမြိုင်ကျွန်းမှ အာဏာပိုင်များနှင့် စိုက်ပျိုးရေးဌာနကိုလည်းကောင်း၊ ၁၁၃တင်းမှာ ဆန်စက် ပိုင်ရှင်များ ကိုလည်းကောင်း၊ ၈၁.၅တင်းမှာ ဒေသခံအဖွဲ့အစည်းများသို့ လည်းကောင်း အသီးသီးရောင်းချခဲ့သည်။<br><br>- ဤစီမံချက်သည် CBOများနှင့်အတူ ဝယ်လိုအားက မောင်းနှင်သော စိုက်ပျိုးရေးဝန်ဆောင်မှုကို ဖြစ်ပေါ်စေရန် ယင်းတို့၏စွမ်းဆောင်ရည် ကို တိုးတက်စေခဲ့သည်။ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့ကို ချိတ်ဆက် ပေးခဲ့သည်။ VDC ၄၉ဖွဲ့သည် ကျေးရွာအခြေပြု တိရစ္ဆာန်ကျန်းမာရေး လုပ်သားသင်တန်းများကို ဖွင့်ခဲ့သည်။ ရပ်ရွာစိုက်ပျိုး-စီးပွားဖွံ့ဖြိုးရေး စင်မြင့် ၆ခုကို ဖွဲ့စည်းခဲ့သည်။ VDC ၇ဖွဲ့သည် စပါးကြိုဝယ် စနစ်ကို ဆောင်ရွက်ကာ စပါးကိုစုထားပြီး စုရုံးရောင်းခဲ့ကြသည်။ ၅ဖွဲ့ သည် စပါးလှောင် ငွေချေးစနစ် ကိုသုံးကာ ဆန်စက်ပိုင်ရှင်များ၊ ကုန်သည်များနှင့်ချိတ်ဆက်ခဲ့ကြသည်။ ငှား-ဝယ်စနစ်ဖြင့် ပုဂ္ဂလိက စက်ကိရိယာရောင်းချသူများနှင့် အဖွဲ့ ၇ဖွဲ့ က ချိတ်ဆက်ခဲ့သည်။ စုစုပေါင်း အိမ်ထောင်စု ၇၁၅စု သည် ဤဝန်ဆောင်မှုကို လက်လှမ်းမီခဲ့သည်။<br><br>- ကျားမရေးရာလေ့လာမှုကို မြစ်ဝကျွန်းပေါ်-၃စီမံချက်အတွက် သတင်းပေးရန် ပြုလုပ်ခဲ့သည်။ |

| | | |
|---|---|---|
| ၁၄ | WHH (Welthungerhilfe)<br><br>မြစ်ဝကျွန်းပေါ် ကျေးလက်စီးပွားရေး ရေရှည်တည်တံ့ရေး<br><br>၁-၁၀-၂၀၁၅ မှ ၃၀-၀၉-၁၈ ထိ<br><br>ကန်ဒေါ်လာ ၃,၈၉၆,၅၆၄<br><br>ဆောင်ရွက်ဆဲ | ဤစီမံချက်သည် ထုတ်လုပ်သူအဖွဲ့များကို စွမ်းဆောင်ရည်တည်ဆောက်မှု၊ ဖွဲ့စည်းပုံတို့ဖြင့် ထောက်ပံ့မည်။ ယင်းအဖွဲ့တို့က မျိုးကောင်းမျိုးသန့်၊ သွင်းအားစု၊ စုပေါင်းသိုလှောင်မှု၊ ပစ္စည်းကိရိယာ ငှား-ဝယ်စနစ်၊ ရိတ်သိမ်းချိန်လွန်၊ ဈေးကွက်တင်ခြင်းဆိုင်ရာ သတင်းများကို တောင်သူတို့ အားပေးမည်။ မြေမဲ့ယာမဲ့နှင့် ထိခိုက်လွယ်သော မိသားစုတို့ကိုလည်း လယ်ယာ မဟုတ်သော အသက်မွေးမှု(ဥယျာဉ်ခြံစိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါး မွေးမြူရေး)တို့နှင့် အသေးစား စီးပွားရေးလုပ်ငန်းများအတွက် ထောက်ပံ့ မည်။ အာဟာရနှင့် အခြေခံသန့်ရှင်းမှုဆိုင်ရာ အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်ရေး၊ပြန့်ပွားရေး ကိုလည်း ဆောင်ရွက်မည်။ အထူးသဖြင့် မိခင်နှင့် ကလေးတို့ကို ရက် ၁၀၀၀ အတွင်းတွင် လည်းကောင်း၊ ချို့ငဲ့သော အိမ်ထောင်စုများကို လည်းကောင်း ဦးစားပေးမည်။<br><br>အစပျိုးမှုအဆင့်<br><br>- ထိခိုက်လွယ်ဆုံးလူထု၏ ကြံ့ကြံ့ခံနိုင်မှုကို ဖော်ထုတ်ရန် STRESS အကဲဖြတ်မှုကို ဆောင်ရွက်ခြင်း<br><br>- အခြေခံမျဉ်းစစ်တမ်း<br><br>- MEALစီမံချက်ရေးဆွဲခြင်း<br><br>- နိုဝင်ဘာလတွင် PGSတောင်သူများ လေ့လာရေးကို လိုက်ပါသူ ၂၇ဦးနှင့် ဆောင်ရွက်ခဲ့၊ တောင်သူကွင်းဆင်းစစ်ဆေးခြင်း (၅၁ဦး ပါဝင်ခဲ့၊ သက်ဆိုင်ရာမြို့နယ် စိုက်/ဦးစီး၊ WHH၊ ရတနာရောဝန်ထမ်းများပါ တက်ရောက်<br><br>- ၂၀၁၅ ဒီဇင်ဘာလကုန် မိုးစပါးထုတ်လုပ်မှု<br><br>- စပါး ၃၃၅တင်းကို PGSများက နောက်ရာသီအတွက် သိမ်းဆည်း<br><br>- ၁၃၄တင်း ကြိုမှာထားသော တောင်သူများကို ရောင်းချ<br><br>- ၁,၂၇၃တင်းကို ထုတ်လုပ်သူအသင်းများ ပူးပေါင်းမှုဖြင့် သိမ်းထား |
| ၁၅ | WorldFish<br><br>ဧရာဝတီမြစ်ဝကျွန်းပေါ် နှင့် အပူပိုင်းဇုန်တို့တွင် ရိက္ခာဖူလုံရေးနှင့် ဝင်ငွေတိုးရေးအတွက် ရေရှည် တည်တံ့သော ငါးမွေးမြူရေး<br><br>၂၁-၉-၂၀၁၅ မှ ၃၁-၁၂-၂၀၁၈ ထိ<br><br>ကန်ဒေါ်လာ ၃,၂၈၄,၀၀၀<br><br>ဆောင်ရွက်ဆဲ | ဤစီမံချက်တွင် ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဇုန်မှ လုပ်ကွက်ငယ်တောင်သူ ၅,၀၀၀တို့က လယ်ယာအခြေခံသုတေသနနှင့် အိမ်ထောင် အခြေပြုအသေးစားငါးမွေးမြူရေးကို တိုးချဲ့ရန်အတွက် ထောက်ပံ့မည်။(ကန်၊ လှောင်အိမ်၊ လယ်ကွင်း)၊ ဦးတည်ကျေးရွာများ ပြည်တွင်း မိတ်ဖက်များ (အထူးသဖြင့် အသေးစား ငွေရေးကြေးရေး မိတ်ဖက်များ၊ အစိုးရ ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေ) ထံမှ အသိအမြင်မျှဝေခြင်း၊ သင်ကြားရေး စာရွက်စာတမ်းများ ထုတ်လုပ်ခြင်းဖြင့် နောက်ထပ် အိမ်ထောင်စု ၅၀၀၀သို့လည်း တိုးချဲ့မွေးမြူမည့် အဆင့်တွင် ရောက်ရှိမည် ဖြစ်သည်။<br><br>အစပျိုးမှုအဆင့်<br><br>- လေ့လာမှုကို မြစ်ဝကျွန်းပေါ်ဒေသတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည်။ အလားအလာရှိသည့်  ငါးမွေးမြူရေးနည်းပညာများကို ဖော်ထုတ်ပြီး သင်ယူရေးအဆင့်တွင် စမ်းသပ်မည်<br><br>- စီမံချက်ဝန်ထမ်း စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ ငါးမွေးမြူရေး နည်းပြသင်တန်းအဖြစ် ဝန်ထမ်း၉ဦးကို ဒီဇင်ဘာလအတွင်း ဆောင်ရွက်ခဲ့၊ ဘင်္ဂလားဒေ့ရှ် လေ့လာရေးခရီးစဉ်ပါဝင်<br><br>- မိတ်ဖက်အဖွဲ့များနှင့် သဘောတူညီချက် အပြီးသတ်ခြင်း။ GRET၊ Network Activties Group(NAG)၊ ငါးလုပ်ငန်းဦးစီးဌာန<br><br>- အခြေခံမျဉ်းစစ်တမ်း<br><br>- MEALစီမံချက်ပြုစုခြင်း |

*နောက်ဆက်တွဲဇယား ၄.၂။ ၂၀၁၅ခုနှစ်အတွင်း အပူပိုင်းဇုန်ဒေသရှိ စီမံချက်၁၃ခု၏ အရေးပါသော တင်ပြချက်များ*

| စဉ် | IP ၊ အမည်၊ အချိန်သတ်မှတ် ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | ActionAid<br><br>အပူပိုင်းဇုန်တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းက ဦးဆောင်သော အသက်မွေးဝမ်းကျောင်းမှု အရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်မှု<br><br>၁၂-၆-၂၀၁၁ မှ ၁၁-၄-၂၀၁၅ ထိ<br><br>ကန်ဒေါ်လာ၂,၄၅၇,၁၆၉<br><br>ပိတ်သိမ်းပြီး | ၂၀၁၅ခုနှစ် ဧပြီလ၁၁ရက်နေ့တွင် သက်တမ်းကုန်ဆုံးသော ၁၀လတာ တိုးချဲ့စဉ် အချိန်တွင် မူလပြည်တွင်းအဖွဲ့အစည်း ၆ခုအနက် ၄ခုဖြစ်သော (ရတနာမေတ္တာ၊ စွမ်းရည်ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း၊ အရှိုချင်းရေနစ်အသင်းတော်(ACBC) ပတ်ဝန်းကျင် Environmental Conservation and Livelihoods Outreach Foundation (ECLOF) တို့ ပါဝင်ခဲ့သည်။(ကျန်နှစ်ဖွဲ့မှာ လုပ်ငန်းသိမ်းသွားပြီ ဖြစ်သည်) စီမံချက်က ထူထောင်ပေးခဲ့သော VDCတို့သည် စွမ်းဆောင်ရည် တိုးတက်လာကြကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတို့တွင် ခေါင်းဆောင်များအဖြစ် တာဝန်ယူနေကြသည်။ ကျေးရွာ အမှုဆောင်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တို့တွင် အရင်းအမြစ် တာဝန်ခံ များအဖြစ် ထောက်ပံ့နေကြသည်။ CBOများ အချင်းချင်း ချိတ်ဆက်ထားကြပြီး ရပ်ရွာများနှင့်သက်ဆိုင်ရာ အစိုးရဌာနများလည်း ပူးပေါင်းညှိနှိုင်းမှု တိုးတက်လာကြသည်။<br><br>ရိက္ခာဖူလုံမှု၊ ရေကောင်းရေသန့်လက်လှမ်းမီမှုလည်း တိုးတက်လာသည်။အသက်မွေးမှု အခွင့်အလမ်းများကိုလည်း ဖန်တီးနိုင်ခဲ့ပြီး ထောက်ပံ့ခဲ့ကြသည်။ သင်တန်းဆင်း၈၃% ခန့်(၂၃၆ဦးအနက် ၁၉၇ဦး)သည် ယင်းတို့ တတ်မြောက်လာခဲ့သော အသက်မွေးမှု ကျွမ်းကျင်မှုများဖြင့် ဝင်ငွေဖန်တီးနေကြသည်။ |
| ၂ | ActionAid-SEDN<br><br>ဒေသတွင်း ဖွံ့ဖြိုးရေး အတွက် လူမှု-စီးပွား ဖွံ့ဖြိုးရေးကွန်ရက်<br><br>၈-၃-၂၀၁၃ မှ ၇-၃-၂၀၁၇ ထိ<br><br>ကန်ဒေါ်လာ ၁,၃၁၂,၉၃၆<br><br>ဆောင်ရွက်ဆဲ | ၂၀၁၅ခုနှစ်တွင် ရေဘေးနှင့် ရွေးကောက်ပွဲများရှိခြင်းကြောင့် ခရီးသွားလုပ်ငန်း ကျဆင်းခဲ့သော်လည်း SEDN၏ ရောင်းရငွေမှာ ပြီးခဲ့သော နှစ်ကထက် ၂၂% တက်လာသည်။(၂၀၁၄=ကျပ်၄,၂၆၃,၅၂၈ (သို့မဟုတ် ကန်ဒေါ်လာ၃၈,၆၂၇)၊ ၂၀၁၅=ကျပ်၅၁,၇၀၆,၅၆၀(သို့မဟုတ် ကန်ဒေါ်လာ ၄၃,၀၈၈)<br><br>ဝန်ကြီးဌာနမှပေးသော မြေကွက်တွင် ပြခန်းတစ်ခုကို တည်ဆောက်ခဲ့သည်။ ပုဂံမြို့သစ် အလယ်ရှိ လက်မှုပညာထုတ်လုပ်သူကွန်ရက်ပြခန်းသည် ထူးခြားသော ထောက်ပံ့မှု တစ်ခုဖြစ်ကာ မြန်မာ့အထည်အလိပ် တို့ကို တင်ပြပေးသော ကွန်ရက် ကို ဝန်ကြီးဌာန၏ အသိအမှတ်ပြုရာလည်း ရောက်သည်။ အသက်မွေးမှုသင်တန်းဆင်း အမျိုးသမီးထုတ်လုပ်သူအုပ်စု ဝင် အမျိုးသမီးတို့သည် ထုတ်ကုန်အသစ် ၁၁၈မျိုးကို ထပ်မံထုတ်လုပ်ခဲ့ရာ စုစုပေါင်း ၅၁၇မျိုးရှိပြီ ဖြစ်သည်။ |
| ၃ | DPDO (Disabled People Development Organization)<br><br>အပူပိုင်းဇုန်တွင် မသန်စွမ်းသူများအတွက် ဆောင်ရွက်ခြင်း<br><br>၃၁-၁-၂၀၀၁မှ ၃၁-၃-၂၀၁၅ ထိ<br><br>ကန်ဒေါ်လာ ၃၃၄,၁၆၀<br><br>ပိတ်သိမ်းပြီး | ဤစီမံချက်ကို မကွေးတိုင်းသုံးမြို့နယ်တွင် ဆောင်ရွက်ခဲ့သည်။ စီမံချက် ကာလအတွင်း ကိုယ်ထူ ကိုယ်ထ၅၇ဖွဲ့ကို မသန်စွမ်းသူများဖြင့် ဖွဲ့စည်း ခဲ့သည်။ ယင်းတို့၏ ကျေးရွာ လည်ပတ် ရန်ပုံငွေမှာ ကန်ဒေါ်လာ ၈၁,၃၀၀မှ ၂၃၀,၇၄၁ထိ တိုးတက်လာသည်။ အဖွဲ့ဝင်များ၏ စိုက်ပျိုးရေးမွေးမြူရေး ကျွမ်းကျင်မှုနှင့် အသိအမြင်ကို တိုးတက်လာစေ ခဲ့သည်။ ထို့ကြောင့် အသားတိုးကြက်နှင့် ဝက်ခြံကြီးများကို စီမံခန့်ခွဲလာနိုင်သည်။<br><br>အမျိုးသမီးများ၏ ခေါင်းဆောင်မှုကဏ္ဍမှာလည်း သင်တန်းများကြောင့် တိုးလာသည်။ ယင်းတို့သည် အဖွဲ့စီမံခန့်ခွဲရေးရာထူးများ၏၅၈%တွင် တာဝန်ယူနေကြသည်။ အာဟာရ နှင့်တစ်ကိုယ်ရည် သန့်ရှင်းရေး အသိအမြင်များလည်း တိုးတက်လာပြီး၊ ရွာတွင်ဖွင့်လှစ်ပေးသော သင်တန်းအမျိုးမျိုး ကြောင့် မသန်စွမ်းသူများအချင်းချင်း စည်းလုံးညီညွတ်မှုမှာလည်း သိသာလာသည်။<br><br>မသန်စွမ်းသူများ၏ အိမ်ထောင်စု၈၁%မှာလည်း အနည်းဆုံး၅% သီးထွက် တိုးလာ သည်။ ၅၂%ကျော်မှာလည်း အစားအသောက်နှင့် အခြားအိမ်သုံး စရိတ်များအတွက် လုံလောက်သောဝင်ငွေ ရရှိလာသည်။ |

| | | |
|---|---|---|
| ၄ | FAO Livestock<br><br>မွေးမြူရေး တိရစ္ဆာန်တို့၏ ကျန်းမာရေး၊ ထွက်နှုန်း၊ ဈေးကွက်တင်မှု ကောင်းမွန်စေခြင်းဖြင့် အပူပိုင်းဇုန်ရှိ တောင်သူတို့၏ အသက်မွေးမှုကို တိုးတက်ကောင်းမွန်စေခြင်း<br><br>၃၀-၁၁-၂၀၁၈ မှ ၃၁-၁၂-၂၀၁၈ ထိ<br><br>ကန်ဒေါ်လာ ၄,၄၀၀,၀၀၀<br><br>ဆောင်ရွက်ဆဲ | ဤစီမံချက်မှာ စတင်ဆဲအဆင့်တွင်ရှိသေးသည်။ မွေးမြူရေး ဦးစီးဌာနက အတည်ပြုခဲ့ပြီး တိုင်းနှင့် နိုင်ငံတော် အဆင့် ကလည်း ဆက်လက်ထောက်ပံ့မည်။စီမံချက် ရေးဆွဲ အကောင်အထည်ဖော်ရာတွင် အစိုးရဝန်ထမ်းများကလည်း ထိတွေ့ ဆောင်ရွက်မည် ဖြစ်သည်။ ဤစီမံချက်သည် မွေးမြူရေး တိရစ္ဆာန်များ ကျန်းမာရေး၊ အထွက်တိုးရေး၊ မွေးမြူရေး ထွက်ကုန်ရောင်းချရေးတွင် အကန့်အသတ် လျှော့ချရေး၊ မွေးမြူရေး၊ ကုသရေး၊ အာဟာရ တို့တွင် ကောင်းမွန်သောလုပ်နည်းများ ထူထောင်ရေးတို့ကို ဆောင်ရွက်မည်။ |
| ၅ | HelpAge<br><br>အသက်မွေးဝမ်းကျောင်းမှုကို ညီမျှသော အားလုံး ပါဝင်စေသော နည်းဖြင့် ဆောင်ရွက်ကာ စီးပွားရေး ထိခိုက်ခံလွယ်မှုကို လျှော့ချခြင်း (REVEAL)<br><br>၁၅-၁၂-၂၀၁၀ မှ ၃၀-၆-၂၀၁၅ ထိ<br><br>ကန်ဒေါ်လာ ၃,၄၁၃,၈၂၄<br><br>ပိတ်သိမ်းပြီး | ဤစီမံချက်သည် ကျေးရွာရှိ ပြဿနာများကို ကိုင်တွယ်မည့် VDCနှင့် အခြားအုပ်စုများကို ဖွဲ့စည်းပေးသည်။ ကျေးရွာရှိ ထိခိုက်လွယ်မှုကို ပိုမို သိမြင်ရန် သင်တန်းများကဆောင်ရွက်ပေးသည်။ ပတ်ဝန်းကျင်မှ အထောက်အကူများ၊ အရင်းအမြစ်များကို အလိုအပ်ဆုံး သူများထံသို့ ရောက်စေခြင်းဖြင့် ကျေးရွာရှိ အထိခိုက်လွယ်ဆုံးသူတို့ကို ကူညီသည်။ ဤ ပုံစံကို အခြားပြည်နယ်/တိုင်းတို့ကလည်း အတုယူကြသည်။<br><br>မြို့နယ် VDCအဖွဲ့က လက်ကားဈေးကွက်၊ မြို့နယ်ဈေးကွက်တို့တွင် လက်ရက်ထည်များကို ရောင်းချကာ ရန်ပုံငွေများကို ထူထောင်နိုင်ခဲ့သည်။ ဝင်ငွေ၏ ၅၀%ကို ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းတွင် သုံးစွဲကြသည်။ သက်ကြီးရွယ်အိုတို့၏ဘဝမှာလည်း တိုးတက်လာသည်။ VDCက အထောက်အပံ့၊ ဆေးဝါး၊ သက်ကြီးပင်စင်တို့ကို စည်းရုံးပေးသည်။ အာဟာရပြည့်ဝသော အစားအစာ၊ နေအိမ်အခြေပြု စောင့်ရှောက်ရေးတို့ကို လည်း ဆောင်ရွက်ပေးသည်။ |
| ၆ | IFDC (International Fertilizer Development Centre)<br><br>အပူပိုင်းဇုန်စိုက်ပျိုးရေး သွင်းအားစုနှင့် လယ်ယာဝန်ဆောင်မှုစီမံချက်<br><br>၂-၁၂-၂၀၁၅ မှ ၃၁-၁၂-၂၀၁၈ထိ<br><br>ကန်ဒေါ်လာ ၄၄၆,၀၀၀<br><br>ဆောင်ရွက်ဆဲ | IFDCသည် ပခုက္ကူတွင် ရုံးဖွင့်ကာ စီမံချက်နယ်မြေအတွင်းရှိ လက်လီရောင်းချမှု ကို စစ်တမ်းကောက်နေသည်။ ဤစီမံချက်က ထောက်ပံ့မည့် လက်လီအရောင်းသမား ၅၀ကို ရွေးချယ်ရာတွင်၊ အချက်အလက်အခြေပြုကာ ဆုံးဖြတ်နိုင်စေမည်။ |
| ၇ | IRRI (International Rice Research Institute)<br><br>ဆန်စပါးစိုက်ပျိုးရေး ပတ်ဝန်းကျင်တွင် အသက်မွေးဝမ်းကျောင်းမှု တိုးတက်စေရေးနှင့် ဘေးအန္တရာယ်လျှော့ချရေး<br><br>၂၈-၈-၂၀၁၂ မှ ၂၇-၁၁-၂၀၁၅ ထိ<br><br>ကန်ဒေါ်လာ ၁,၆၂၇,၈၈၀<br><br>ပိတ်သိမ်းပြီး | ဤစီမံချက်တွင် အပိုင်းသုံးပိုင်းပါဝင်သည်-GISမြေပုံရေးဆွဲရန်၊ ပါဝင်ဆောင်ရွက်သုတေသနပြုရန်၊ မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဇုံတွင် စွမ်းဆောင်ရည် ဆိုင်ရာနည်းကိရိယာများကို ဖော်ထုတ်ရန်တို့ ဖြစ်သည်-<br><br>- အပူပိုင်းဇုန်အတွက် သီးနှံပုံစံမြေပုံများကို ဂြိုဟ်တုပုံရိပ်အသုံးပြုကာ ပုံများရေးဆွဲသည်။ ယင်းကို အပူပိုင်းဇုန်အလယ်ပိုင်းရှိ ဦးတည် မြို့နယ် တို့တွင် မြေပြင်၌ ပတ်သက်ဆက်နွယ်သူတို့(LIFT၏ IPများ စိုက်ပျိုးရေး ဦးစီးဌာန)က အသေးစိတ် အတည်ပြုပေးသည်။ |

| | | |
|---|---|---|
| | | - အပူပိုင်းဇုန်၏ အခြေအနေနှင့် လိုက်လျောမည့်အပြင် ပညာပေးရာတွင် ထောက်ပံ့နိုင်မည့် စပါးမျိုးများနှင့် စိုက်နည်းတို့ကို ဖော်ထုတ်ရန် ဤစီမံချက်က စမ်းသပ်၊ အတည်ပြု၊ သရုပ်ပြခဲ့သည်။ (IR64 NIL)စပါး မျိုးသစ်နှစ်မျိုးကို အမျိုးသား မျိုးစေ့ကော်မတီက ပွားများဖြန့်ဝေရန် သဘောတူပြီးဖြစ်သည်။ ဒဏ်ခံရမှုနယ်ပယ်(ရေငတ်၊ ရေမြုပ်၊ ဆား ငန်၊ မြေအငန်ဓာတ်များ) အလိုက် အကောင်းဆုံးစိုက်နည်း အတွက် လမ်းညွှန်ချက်များအဖြစ် စိုက်ပျိုး စီးပွားလေ့လာမှု အဓိက တွေ့ရှိချက်များကို အနှစ်ထုတ်ကာ ပေါင်းစည်း အကောင်းဆုံး စိုက်နည်း(ဒဏ်ခံမျိုးနှင့် တီထွင်ဆန်းသစ်သောစိုက်နည်းများ ပေါင်းစပ် ခင်း)ကို ထောက်ခံတင်ပြချက်အလိုက် ဦးတည်မြို့နယ်များတွင် ဆောင်ရွက်ခဲ့သည်။<br><br>- ပြည်တွင်းတက္ကသိုလ်များနှင့် ပညာပေးလုပ်ငန်းများရှိ ဝန်ထမ်းများ အတွက် ရည်ရွယ်လျက် အပူပိုင်းဇုန်ရှိ စပါးစိုက်နယ်မြေများရှိ အသက်မွေးမှုတိုးတက်ရေး၊ ဆုံးရှုံးမှုလျှော့ချရေး စီမံချက်၏ ချဉ်းကပ်ပုံများကို ပြည့်စုံစွာဖော်ပြထားသည့် သင်ကြားရေး စာအုပ်စာတမ်းများကို အညွှန်းစာအုပ်စာတမ်းများနှင့်အတူ ပြင်ဆင်ခဲ့သည်။ |
| ၈ | Lodestar Company Ltd./ SPPRG<br><br>ရပ်ရွာအခြေပြု လူမှုကာကွယ် စောင့်ရှောက်ရေးစနစ်များ - ကနဦး စီမံချက်၏ ထိရောက်မှု<br><br>၃-၆-၂၀၁၅ မှ ၂-၆-၂၀၁၈ ထိ<br><br>ကန်ဒေါ်လာ ၈၇၉,၂၈၇<br><br>ဆောင်ရွက်ဆဲ | ဤစီမံချက်သည် စစ်ကိုင်းတိုင်းအစိုးရနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ကာ နိုင်ငံရေးအရ ဆောင်ရွက်လိုစိတ်ကို လှုံ့ဆော်ရန်နှင့် လူမှုကာကွယ် စောင့်ရှောက်ရေး လွှဲပေးရန်အတွက် စဉ်ဆက်မပြတ် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန် နည်းလမ်းများ ဧကန် ဖြစ်ပေါ်စေရန် ဆောင်ရွက်ခဲ့သည်။<br><br>ကျေးရွာမှ အလုပ်သင်များကို စုဆောင်းကာ စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း၊ ကျေးရွာတွင် ရွေးချယ်ခြင်းစသော စီမံချက်ပြင်ဆင်မှုများကို ဆောင်ရွက်ပြီးဖြစ်သည်။ ရပ်ရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေး အတွက် မ,တည်ငွေများကိုလည်း ထုတ်ပေးပြီးဖြစ်သည်။<br><br>ဤစီမံချက်သည် လမ်းညွှန်စာတမ်း ၃စောင်ကို ထုတ်ဝေခဲ့သည်-'လူမှု ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရိုးရာလူမှု အဖွဲ့အစည်းများဖြင့် ဆောင်ရွက်ခြင်း' (ရိုးရာအဖွဲ့အစည်းတို့၏ အလားအလာ နှင့် ရွေးချယ်ရန် နှုန်းစံများလမ်းညွှန်)၊ ဒုတိယစာစောင်မှာ 'လူမှုရေးပိုင်း စည်းလုံးလာမှု' ဖြစ်ပြီး ရပ်ရွာလူထုများအကြား စည်းလုံးမှုဝါဒနှင့် ယင်းကိုတိုင်းတာနိုင်မည့် နည်းများကို တင်ပြထားသည်။ တတိယမှာ 'ကြံ့ကြံ့ခံနိုင်မှု မူဘောင်နှင့် ချဉ်းကပ်နည်းများ' ဖြစ်သည်။ |
| ၉ | Save the Children<br><br>သင်ယူခြင်း အထောက်အထား ဖော်ထုတ်ခြင်း၊ မူဝါဒအပြောင်း အလဲဖြစ်စေရန် ဆွေးနွေး တိုက်တွန်းဆောင်ရွက်ခြင်း<br><br>၁၁-၁၂-၂၀၁၅ မှ ၃၁-၁၂-၂၀၁၈ ထိ<br><br>ကန်ဒေါ်လာ ၄,၉၄၂,၈၄၂<br><br>ဆောင်ရွက်ဆဲ | ဤစီမံချက်သည် ၂၀၁၅ခုနှစ် ဒီဇင်ဘာလလယ်တွင် အစပျိုး အဆင့်တွင်သာ ရှိသေးသည်။<br><br>ဤစီမံချက်သည် ကိုယ်ဝန်ဆောင်မိခင် နှင့် သားသည်မိခင်တို့ကို လပေါင်း ၂၀မှ ၃၀ထိ လစဉ် ငွေကြေးထောက်ပံ့မှု၏ သက်ရောက်မှုကို စမ်းသပ်ရန် ထိန်းချုပ်စစ်ဆေးမှုကို ဆောင်ရွက်မည်။ |
| ၁၀ | TdH (Terr des Hommes)<br><br>မြေမဲ့ယာမဲ့များနှင့် အချို့တဲ့ဆုံး တောင်သူများ အတွက် မြေမဲ့စိုက်ပျိုးခြင်း နှင့် အခြား ရေချွေတာသော နည်းပညာ အသစ်များ | TdHသည် မြေမဲ့စိုက်ပျိုးရေးကို အမျိုးသား၊ အမျိုးသမီး ၉၃၄ဦးကို လည်းကောင်း၊ ရေအစက်ချ စိုက်နည်းကို ၅၀၄ဦးကိုလည်းကောင်း သင်တန်းပေးခဲ့သည်။<br><br>ရွာ ၃၆ရွာ တွင် ကျေးရွာပညာပေးရေးအရာရှိတို့က ဤနည်း၂ခုလုံးနှင့် စပ်လျဉ်းသော အကြံဉာဏ်များကို ပေးနေကြသည်။<br><br>သင်တန်းဆင်းတို့သည် လေလုံပိတ် စိုက်ပျိုးရုံ ၆၀၅ ဆောင်နှင့် ရေအစက်ချစနစ် ၂၄၅၃ခု တို့ကို ချောင်ကျပြီး ရေရှားသည့် ရွာ၃၆ရွာတို့တွင် ထူထောင်ထားကြသည်။ |

| | | |
|---|---|---|
| | ၁-၂-၂၀၁၄ မှ ၃၁-၁-၂၀၁၇ ထိ<br><br>ကန်ဒေါ်လာ ၁,၃၁၈,၅၁၉<br><br>ဆောင်ရွက်ဆဲ | မြေမဲ့စိုက်နည်းမှ အရွက်စားဟင်းသီးဟင်းရွက်၂၃၀,၉၀၉ပင် နှင့် အခြား (အသီး၊ ဥ၊ အစေ့စား)ဟင်းသီးဟင်းရွက်များတို့ကို ထုတ်လုပ်ခဲ့သည်။ ရေအစက်ချစနစ်မှလည်း ၁၀,၆၇၃ ကီလိုဂရမ် အလေးချိန်ရှိသော ဟင်းသီး ဟင်းရွက်တို့ကို ထုတ်လုပ်ခဲ့သည်။ ထို့ကြောင့် ကျေးရွာအဆင့်တွင် အိမ်ထောင်စု ၁,၄၃၈စုကို တိုက်ရိုက်၊ ကျန် ၂,၅၃၈ ကို သွယ်ဝိုက်၍(ဝယ်၍ ဝေမျှ၍) အကျိုးပြုခဲ့သည်။ ရွာတိုင်းတွင် အာဟာရနှင့် ချက်နည်းပြုတ်နည်း သင်တန်းများကို ဖွင့်ခဲ့သည်။<br><br>TdHသည် ဤစိုက်နည်းနှစ်ခုတို့က ကျေးလက် သောက်ရေအရင်းအမြစ်ကို မသုံးစေရန် အတွက် ရေကန်များကို ပြင်ခဲ့၊ ရေတွင်းအသစ်များကို တူးခဲ့ သည်။ ရေကော်မတီက ယင်းတို့ကို စီမံခန့်ခွဲသည်။ ထုတ်လုပ်မှု တိုးတက်လာသဖြင့် ဈေးကွက်သို့တင်ရန် ဟင်းသီးဟင်းရွက် ထုတ်လုပ်သူအဖွဲ့များ ကိုလည်း ထူထောင်ပေးခဲ့သည်။ ယင်းတို့မှာ စီမံခန့်ခွဲရေးနှင့် ငွေရေးကြေးရေး သင်တန်းတက်ခဲ့ကြသည်။ |
| ၁၁ | UNESCAP (United Nations Economic and Social Commission for Asia and the Pacific)<br><br>အပူပိုင်းဇုန်တွင် အသက်မွေးဝမ်းကျောင်းမှု ကောင်းမွန်စေရေး အတွက် ကျေးလက် စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးမှုပေါင်းစည်း အစီအစဉ်<br><br>၁-၁-၂၀၁၄ မှ ၃၁-၁၂-၂၀၁၆ ထိ<br><br>ကန်ဒေါ်လာ ၁,၁၀၄,၉၀၅<br><br>ဆောင်ရွက်ဆဲ | ၂၀၁၅ခုနှစ် နှစ်ကုန်ခန့်တွင် ဤစီမံချက်သည် လေ့လာမှု ၆ခု ကို ဆောင်ရွက်ပြီး ဖြစ်သည်။ (အကြောင်းအရာ၃ခု လေ့လာမှု၂ခုစီ)ယင်းတို့ကို ၂၀၁၆ခုနှစ် တွင် ထုတ်ပြန်မည်။ အကြောင်းအရာတိုင်းတွင် မူဝါဒ၊ အဖွဲ့အစည်း၊ လုပ်ငန်းစဉ် နှင့် ပတ်သက်ဆက်နွယ်သူတို့ တည်နေရာပြမြေပုံတို့ ပါဝင်မည်။ အကြောင်းအရာတို့မှာ-<br><br>- မျိုးစေ့ဖွံ့ဖြိုးရေးအတွက် တန်ဖိုးကွင်းဆက်<br>- လယ်ယာသုံးစက်ကိရိယာငှားရမ်းမှု<br>- ရာသီဥတုဒဏ်ခံစိုက်ပျိုးရေးအတွက် တောင်သူတို့ ဦးဆောင်သော တီထွင်ဆန်းသစ်မှု<br><br>'မြန်မာနိုင်ငံတွင် တောင်သူတို့က ဦးဆောင်သော ရာသီဥတုဒဏ်ခံ စိုက်ပျိုးရေးဆိုင်ရာ တီထွင်ဆန်းသစ်မှုကို ဖြစ်ထွန်းစေခြင်း'၊ 'အပူပိုင်းဇုန် တွင် လယ်ယာသုံးစက်ကိရိယာငှားရမ်းမှု ဖြစ်နိုင်မည့်ပတ်ဝန်းကျင်' ဟူသော ခေါင်းစဉ်တို့ဖြင့် အလုပ်ရုံဆွေးနွေးပွဲများကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း မန္တလေး၌ ပြုလုပ်ခဲ့သည်။ အစိုးရ၏ သက်ဆိုင်ရာ ဌာနကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍ၊ INGOများ၊ LNGOများ တက်ရောက်ခဲ့ကြသည်။ |
| ၁၂ | WorldFish<br><br>အသေးစား ငါးမွေးမြူရေး လုပ်ငန်းရေရှည် ဖြစ်ထွန်းစေခြင်း<br><br>၂၁-၉-၂၀၁၅ မှ ၃၁-၁၂-၂၀၁၈ ထိ<br><br>ကန်ဒေါ်လာ ၃,၂၈၄,၅၉၂<br><br>ဆောင်ရွက်ဆဲ | (ဧရာဝတီမြစ်ဝကျွန်းပေါ်ဇယားတွင်လည်း ဖော်ပြထားသည်) အစပျိုးမှု အဆင့်-<br><br>- အပူပိုင်းဇုန်တွင် ကျယ်ကျယ်ပြန့်ပြန့် လေ့လာခဲ့သည်။ အလားအလာ ရှိသည့် ငါးမွေးမြူရေးနည်းပညာများကို ဖော်ထုတ်ပြီး သင်ယူရေး အဆင့်တွင် စမ်းသပ်မည်<br>- စီမံချက်ဝန်ထမ်း စွမ်းဆောင်ရည်တည်ဆောက်ခြင်း။ စီမံချက်ဝန်ထမ်း ၉ဦး (မိတ်ဖက်များ၏ ဝန်ထမ်းများအပါအဝင်)ကို ဘင်္ဂလားဒေ့ရှ်သို့ လေ့လာရေးခရီး စေလွှတ်ခဲ့သည်။  ဘင်္ဂလားဒေ့ရှ် WorldFish က ဒီဇင်ဘာလတွင် ငါးမွေးမြူရေးနှင့် အာဟာရနည်းပြသင်တန်း ပေးခဲ့သည်။ ယင်းတို့၏ ဆောင်ရွက်ဆဲ 'ဝင်ငွေနှင့်အာဟာရအတွက် ငါးမွေးမြူရေး' စီမံချက်အတွေ့အကြုံကို အခြေခံသည်။<br>- မိတ်ဖက်အဖွဲ့များနှင့် သဘောတူညီမှုအပြီးသတ်ခြင်း။ Pactနှင့် ငါးလုပ်ငန်း ဦးစီးဌာန။<br>- အခြေခံစစ်တမ်း<br>- MEAL စီမံချက်ပြုစုခြင်း |
| ၁၃ | HelpAge International (Myanmar)<br><br>အပူပိုင်းဇုန် လူမှုကာကွယ်စောင့်ရှောက်ရေး<br><br>၁၅-၁၂-၂၀၁၅ မှ ၃၁-၁၂-၂၀၁၈ ထိ<br><br>ကန်ဒေါ်လာ ၄,၂၀၀,၀၀၀<br><br>ဆောင်ရွက်ဆဲ | ဤစီမံချက်ကို ဝန်ထမ်းခန့်အပ်ခြင်း၊ ရွေးချယ်ထားသောမြို့နယ်များတွင် ရုံးများဖွင့်ခြင်း စသည့် ပြင်ဆင်မှုများကို စတင်နေသည်။<br><br>ဤစီမံချက်သည် အစိုးရ၏ သက်ကြီးရွယ်အိုပင်စင်စီမံကိန်းနှင့် မသန်စွမ်းသူ ထောက်ပံ့မှုတို့ကို ရှေ့ပြေးစမ်းသပ်မည်။ စီမံချက်၏ အခြားအပိုင်းမှာ အထိခိုက်လွယ်ဆုံးသူများ အတွက် ကျေးရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေး ယန္တရားများကို ရှေ့ပြေး စမ်းသပ်မည် ဖြစ်သည်။ |

*နောက်ဆက်တွဲဇယား၄.၃။ ၂၀၁၅ခုနှစ်အတွင်း တောင်တန်းဒေသရှိ စီမံချက်၁၃ခု၏ အရေးပါသော တင်ပြချက်များ*

| စဉ် | IP ၊ အမည်၊ အချိန်သတ်မှတ် ချက်၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | ADRA (Adventist Development and Relief Agency)<br><br>အသက်မွေးဝမ်းကျောင်းမှုကို ထောက်ပံ့မည့် အသက်မွေးပညာသင် တန်း<br><br>၁၀-၄-၂၀၁၄ မှ ၁၀-၄-၂၀၁၅ ထိ<br><br>ကန်ဒေါ်လာ ၁၀၀,၀၀၀<br><br>ပိတ်သိမ်းပြီး | - သင်ရိုးညွှန်းတမ်းသုံးခု(အခြေခံကွန်ပျူတာသင်တန်း၊ စိုက်ပျိုး/ အသေးစား စက်ပြင်သင်တန်း၊ အဆင့်မြင့်စက်ချုပ်)ကို ထိုင်းနိုင်ငံ OVECက မြန်မာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသို့ ပေးခဲ့ပြီး ယင်းတို့ကို ဘားအံTHSတွင် အသုံးပြုခဲ့သည်။<br><br>- မတ်လတွင် အကဲဖြတ်ခြင်း သင်ခန်းစာဖော်ထုတ်ခြင်း အစည်းအဝေး ကို ဆောင်ရွက်ခဲ့ပြီး ထိုင်းကိုယ်စားလှယ်အဖွဲ့နှင့် အစိုးရဝန်ထမ်းများ တက်ခဲ့ကြသည်။<br><br>- အပြီးသတ်အကဲဖြတ်ချက်အရ သင်တန်းဆင်း၁၁၁ဦး ၆၃%မှာ သင်တန်းဆင်းပြီး သုံးလအတွင်း အလုပ်အကိုင်ရရှိကာ ဝင်ငွေ တိုးလာကြောင်း သိရသည်။ |
| ၂ | CARE International in Myanmar<br><br>ကိုးကန့်ဒေသရှိ ယခင် ဘိန်းစိုက်တောင်သူများ အတွက် လက်ဖက် ခြောက်<br><br>၁၃-၇-၂၀၁၂ မှ ၃၁-၁၂-၂၀၁၅<br><br>ကန်ဒေါ်လာ ၇၆၈,၁၉၉<br><br>ပိတ်သိမ်းပြီး | - ဤစီမံချက်သည် ကျေးရွာ ၁၇ရွာမှ အဖွဲ့ဝင် ၇၃၅ဦးဖြင့် တာရှေ့ထန် လက်ဖက်အသင်း ကို ထူထောင်ထောက်ပံ့ခဲ့သည်။<br><br>- ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလတွင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ခဲ့သဖြင့် စီမံချက်ဧရိယာမှ ထွက်ခွာခဲ့ရသည်။ နိုဝင်ဘာလ လက်ဖက် စိုက်ခင်း ပြန်ထူထောင်ရန် CAREက ကြိုးပမ်းသည့်အချိန်အထိ စီမံချက်ကို ရပ်ဆိုင်းထားရသည်။ သို့သော် လုံခြုံမှုမရှိခြင်းကြောင့် ဒီဇင်ဘာလကုန်တွင် စီမံချက်ကို ပိတ်သိမ်းရန် ဆုံးဖြတ်ခဲ့ရသည်။ |
| ၃ | CESVI<br><br>ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲ နှင့်နောင်ချို မြို့နယ်တို့တွင် အသက် မွေးဝမ်းကျောင်းမှုလုံခြုံရေး<br><br>၁၄-၁၀-၂၀၁၀ မှ ၃၀-၆-၂၀၁၅ ထိ<br><br>ကန်ဒေါ်လာ ၂,၂၈၈,၂၄၃<br><br>ပိတ်သိမ်းပြီး | - တိုးချဲ့သည့်ကာလတွင် စီမံချက်သည် ကျေးရွာ၁၀၁မှ ၇၀ကို ပိုမိုကောင်းမွန်သော ကျေးလက်ဖွံ့ဖြိုးရေး ကော်မတီအဖြစ် ထောက်ပံ့ခဲ့သည်။ ယင်းကို ပါဝင်ဆောင်ရွက် သော အကဲဖြတ်မှုဖြင့် ရွေးခြင်းဖြစ်သည်။ ယင်း ရွာ၇၀လုံး သည် ကျေးရွာလုပ်ငန်းစီမံချက်ကို ပြန်လည်ရေးဆွဲခဲ့သည်။<br><br>- ၂၀၁၅ခုနှစ် မတ်လတွင် ကော်မတီအဖွဲ့ဝင်၁၄၅ဦးသည် မြို့နယ်အာဏာပိုင် များနှင့်တွေ့ဆုံကာ ယင်းတို့၏ စီမံချက်တို့ကို ရှင်းပြခဲ့သည်။<br><br>- ကော်မတီ အဖွဲ့ဝင် ၉၂၈ဦး(အမျိုးသမီး၄၉၆ပါဝင်)သည် ယင်းတို့စွမ်းဆောင်ရည် ကို အကဲဖြတ်ရန်နှင့် စွမ်းဆောင်ရည်လိုအပ်ချက်တို့ကို ဖော်ထုတ်ရန် သင်တန်း တက်ရောက်ခဲ့ကြသည်။<br><br>- ဤစီမံချက်သည် ၈ရွာတွင် မျိုးစေ့ဘဏ်များဖွင့်ခဲ့ပြီး တောင်သူ ၁,၇၁၉ဦးကို ထောက်ပံ့ခဲ့သည်။<br><br>- မွေးမြူရေးဘဏ်၏ အထောက်အပံ့ဖြင့် အိမ်ထောင်စု ၉၁၇စု တို့သည် ဝက်နှင့်ဆိတ်များကို မွေးခဲ့ကြသည်။<br><br>- မြို့နယ် မွေးမြူရေး ဦးစီးဌာနက တိရစ္ဆာန်ကျန်းမာရေးလုပ်သား ၆၅ဦးကို အဆင့်မြင့်တိရစ္ဆာန် ဆေးကုသရေးကို လေ့ကျင့်ပေးခဲ့သည်။<br><br>- အသက်မွေးမှု သင်တန်းဆင်း ၄၅၇ဦးအနက် ၂၇၇ဦး သို့မဟုတ် ၆၀% သည် ယင်းတို့၏ လုပ်ငန်းများကို အားဖြည့်ကာ ဝင်ငွေတိုးလာခဲ့သည်။<br><br>- ဤစီမံချက်သည် ကျောင်းဥယျာဉ် ၃၁ခုကို ထူထောင်ပေးခဲ့ရာ အာဟာရ ကြွယ်ဝသော ဟင်းသီးဟင်းရွက်နှင့်သစ်သီးများကို ကလေးများက စိုက်ပျိုး စားသုံးနိုင်ခဲ့သည်။ |

| | | |
|---|---|---|
| ၄ | GRET (Groupe de Recherche et d`Echanges Technologies)<br><br>ချင်းပြည်နယ်မြောက်ပိုင်း ၅မြို့နယ်တွင် ရေရှည်ခံ သော အသက်မွေးမှုနှင့် သယံဇာတ စီမံအုပ်ချုပ်မှု<br><br>၄-၁၁-၁၀ မှ ၃-၇-၁၅ ထိ<br><br>ကန်ဒေါ်လာ၃,၄၇၁,၂၀၅<br><br>ပိတ်သိမ်းလျက်ရှိ | - CORAD (Choklei Organization for Rural and Agricultural Development) သည် ၂၀၁၄ခုနှစ်တွင် မှတ်ပုံတင်ရန် လျှောက်ထားခဲ့သည်။ နိုင်ငံတော်အဆင့်တွင် ဆောင်ရွက်ဆဲအချိန်တွင် ချင်းပြည်နယ် အစိုးရထံမှ ယာယီမှတ်ပုံတင်ခွင့်ရထားသည်။<br>- CORADသည် ကျေးရွာအခြေပြုအဖွဲ့ ၁၀၅ဖွဲ့ ကို သင်တန်းနှင့် နည်းပညာအမျိုးမျိုးကို ထောက်ပံ့ခဲ့သည်။ အဖွဲ့ဝင် ၃,၄၉၉ဦး တွင် ၁,၂၇၇ဦး မှာ အမျိုးသမီးဖြစ်သည်။ ယင်းအဖွဲ့တို့သည် ရပ်ရွာလုပ်ငန်း စီမံချက်များ ရေးဆွဲကြသည်။ စီမံချက်ကာလအတွင်း လုပ်ငန်း ၁၂၈ခု၊ (လှေကားထစ်လယ်ယာ၊ ရေသွယ်ယူခြင်း၊ ငါးကန်၊ စပျစ်ခင်း၊ ကော်ဖီခင်း) တို့ကို အကောင်အထည်ဖော်ခဲ့ကြသည်။<br>- အတွေ့အကြုံဝေမျှသည့် အစည်းအဝေးများကို ရွာ၁၇၄ရွာတွင် ပြုလုပ်ခဲ့ရာ တက်ရောက်သူ ၅၉၃၆ဦး (အမျိုးသမီး၂၅၉၄ ဦး)ရှိသည်။ စုပေါင်းလုပ်ငန်းများ၏ လုပ်ငန်းစဉ်များ၊ ရလဒ်များကို အခြားရွာသားများ နှင့် ဆွေးနွေးကာ ထင်မြင်ချက်များကို စုဆောင်းခဲ့သည်။<br>- သီးနှံသစ်တောစိုက်ခင်း၊ ဂေဟဗေဒ၊ ရေစီမံခန့်ခွဲမှုဆိုင်ရာ သင်ရိုး လက်စွဲ စာစောင် ၃စောင်ကိုလည်း ပြုစုခဲ့သည်။<br>- ဧပြီလတွင် CORAD ဘုတ်အဖွဲ့ဝင်(တောင်သူကိုယ်စားလှယ်၄ဦး၊ တောင်သူမဟုတ်သူ၂ဦး၊ ဝန်ထမ်း၆ဦး)တို့ကို စီမံချက်သက်တမ်း စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု၊ ပဋိပက္ခဖြေရှင်းရေး၊ အပြောင်းအလဲစီမံခန့်ခွဲရေး တို့ကို သင်တန်းတိုများပေးခဲ့သည်။ |
| ၅ | GRET<br><br>ချင်းMFIကို အဖွဲ့အစည်း အသွင်ပြောင်းလဲခြင်းဖြင့် ကျေးလက်ငွေကြေး ဈေးကွက်များကို တိုးချဲ့ခြင်း<br><br>၁-၁၂-၂၀၁၅ မှ ၃၁-၁၂-၂၀၁၈ ထိ<br><br>ကန်ဒေါ်လာ ၁,၃၂၀,၁၇၆ (ရေဘေးတုံ့ပြန်မှုအတွက် အပါအဝင်)<br><br>ဆောင်ရွက်ဆဲ | လုပ်ငန်းဆောင်ရွက်သည့် ပထမလတွင် GRETသည် အစည်းအဝေး ခေါ်ကာ Chin MFIကို ကုမ္ပဏီမှတ်ပုံတင်ရေးလုပ်ငန်းစဉ်အတွက် လိုအပ် သောဖွဲ့စည်းပုံကို ဆွေးနွေးခဲ့သည်။ GRETသည် ဥပဒေကုမ္ပဏီတစ်ခုကို ရွေးကာ မှတ်ပုံတင်ရေးလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်စေလျက် ရှိသည်။ |
| ၆ | ICRAF(World Agroforestry Centre)<br><br>ရွှေ့ပြောင်းတောင်ယာ စနစ်ကို အစားထိုးမည့် သီးနှံသစ်တော ရောနှော စိုက်ပျိုးခြင်းနည်း<br><br>၂၂-၁၀-၂၀၁၄ မှ ၂၁-၁၀-၂၀၁၈ ထိ<br><br>ကန်ဒေါ်လာ ၅၉၉,၈၉၆<br><br>ဆောင်ရွက်ဆဲ | - ICRAFသည် ရေဆင်းသစ်တောတက္ကသိုလ်နှင့်အတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက သဘောတူညီမှု စာချွန်လွှာ မရရှိသေးသော်လည်း စီမံချက်ကို အကောင်အထည်ဖော်ရန် သဘောတူညီချက်ရပြီးဖြစ်သည်။ ယခုအခါ ICRAFသည် ဤဝန်ကြီးဌာနနှင့် သီးခြားဖြစ်လာသော သစ်တောတက္ကသိုလ်နှင့် သဘောတူညီမှု စာချွန်လွှာ ရရှိရန် ညှိနှိုင်းနေသည်။<br>- စီမံချက်သည် မိတ်ဖက်အဖွဲ့နှစ်ဦးဖြစ်သည့် အရုဏ်ဦးနှင့် မြောက်ပိုင်းချင်းပြည်နယ် တီးတိန်တွင်လည်းကောင်း၊ သဘာဝထိန်း သိမ်းရေးနှင့် ရပ်ရွာဖွံ့ဖြိုးရေးစီမံချက်နှင့် တောင်ပိုင်း ရှမ်း ပြည်နယ် ပင်လောင်းတွင်လည်းကောင်း လုပ်ကိုင်ရန် သဘောတူ လက်မှတ်ရေးထိုးပြီးဖြစ်သည်။ ဤနှစ်နေရာလုံးတွင် နိုက်ထြိုဂျင် ဓာတ်ကို ထိန်းသိမ်းနိုင်သော သစ်ပင်များကို စံပြ စိုက်ခင်း ထူထောင်မည်။<br>- ICRAFသည် လုပ်ငန်းအစပျိုးဆွေးနွေးပွဲတစ်ရပ်ကို ‘သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၊ အထက်မြန်မာပြည်တွင် ရွှေ့ပြောင်းတောင်ယာကို အစားထိုးခြင်း’ဟူသော ခေါင်းစဉ်ဖြင့် နေပြည်တော်တွင် ၂၀၁၅ခုနှစ် စက်တင်ဘာလရက် တွင် ကျင်းပခဲ့သည်။ |


129

| | | |
|---|---|---|
| ၇ | Mercy Corps (in partnership with Swiss Contact)<br><br>ရှမ်းပြည်နယ်တောင်ပိုင်း နှင့် ချင်းပြည်နယ်တွင် လုပ်ကွက်ငယ် လယ် သမားများအတွက် ဟင်းသီးဟင်းရွက် ဈေးကွက်ပြုလုပ်ပေးခြင်း<br><br>၁၇-၆-၂၀၁၄ မှ ၁၀-၆-၂၀၁၇<br><br>ကန်ဒေါ်လာ၄၀၀၀၀၀၀<br><br>ဆောင်ရွက်ဆဲ | ၁။မြေပြင်အနေအထား အကန့်အသတ်ကြောင့် စီမံချက်ကို ချင်းပြည်နယ်မှ ရခိုင်ပြည်နယ်သို့ ရွှေ့လိုက်ရသည်။ စီမံချက် နယ်မြေမှာ ရခိုင်ပြည်နယ်အစိုးရက အတည်ပြုပေးသော ကျောက်တော်၊ စစ်တွေ၊ မြောက်ဦးမြို့နယ်တို့ ဖြစ်လာသည်။<br><br>၂။ဦးတည်ထားသည့် ၆မြို့နယ်မှ တောင်သူ၂,၀၀၅ဦး ကို အုပ်စု၁,၀၇၃ အဖြစ် ဖွဲ့လိုက်သည်။ East West Seedsက တောင်သူ ၁,၇၆၉ဦး ကို နည်းပညာသင်တန်းပေးပြီး သရုပ်ပြစိုက်ခင်း ၁၃၄၃ ကိုလည်း ထူထောင်ခဲ့သည်။<br><br>၃။ဤစီမံချက်သည် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ပျိုးဗန်း၊ မြေဖုံး ပလပ်စတစ်အကာ အစ၊ နိုင်လွန်ဆန်ကာများအတွက် ထောက်ပံ့ရေး ကွင်းဆက်ကို ထူထောင်ပေးခဲ့သည်။<br><br>၄။ဤစီမံချက်သည် ဟင်းသီးဟင်းရွက်ကဏ္ဍ အရှိန်မြှင့်တင်ရေး လုပ်ငန်းအဖွဲ့(Vegetable Sector Acceleration Task Force - VSAT)ကို ထူထောင်ခဲ့သည်။ ယင်းတွင် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ ဖွံ့ဖြိုးရေး မိတ်ဖက်များ စသည်တို့ ပါဝင်ပြီး မြန်မာ့ ဟင်းသီးဟင်းရွက် ကဏ္ဍ ဖွံ့ဖြိုးရေးကို အရှိန်မြှင့်တင်မည် ဖြစ်သည်။ VSATသည် မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲခဲ့သည်။ VSATသည် ပုံမှန်အစည်းအဝေးများကို ကျင်းပနေပြီး ယင်းတွင်အစိုးရ၊ ပုဂ္ဂလိက၊ နိုင်ငံတကာကုမ္ပဏီများမှ ကိုယ်စားလှယ်၃၇ဦးတို့ ပါဝင်သည်။ |
| ၈ | မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း<br><br>လုပ်ကွက်ငယ်လယ်သမားများ စားနပ်ရိက္ခာဖူလုံမှုကို မြှင့်တင်ပေးမည့် တောင်သူသင်တန်း ကျောင်း<br><br>၉-၁၂-၂၀၁၀ မှ ၃၁-၅-၂၀၁၅ ထိ<br><br>ကန်ဒေါ်လာ ၁,၅၈၂,၁၀၃<br><br>ပိတ်သိမ်းပြီး | - ကချင်ပြည်နယ်တွင် ရွာ၂၀၅ စပါးဘဏ်များကို ထူထောင်ခဲ့ရာ တောင်သူ ၅၃၅(အမျိုးသား ၃၁၃ ၊ အမျိုးသမီး ၂၂၂)ဦးကို အကျိုးပြုခဲ့သည်။<br><br>- မေတ္တာဖောင်ဒေးရှင်းသည် ဘက်စုံပိုးမွှားနှိမ်နင်းရေးစီမံခန့်ခွဲမှု ကို ယမန်နှစ်က ရေးဆွဲခဲ့သည်။ ရှမ်းပြည်နယ် ၁၁ရွာ၊ ကချင်ပြည်နယ်၂၂ရွာတို့တွင် ကြက်သွန်ဖြူနှင့် အာလူး စိုက်ပျိုးရာတွင် ဘက်စုံပိုးမွှားနှိမ်နင်းရေး စီမံခန့်ခွဲမှု နည်းနာများ သုံးစွဲခဲ့ရာ၊ ကျန်အခင်းများနှင့် တန်းတူ သို့မဟုတ် အထွက်တိုးခဲ့သည်။ |
| ၉ | PRIME<br><br>လုပ်ကွက်ငယ်တောင်သူများ ကြီးပွားရေး နှင့် အသက်မွေးမှုလုပ်ငန်းများအတွက် ရေ<br><br>၁၄-၁၂-၂၀၁၅ မှ ၃၁-၁၂-၂၀၁၈ ထိ<br><br>ကန်ဒေါ်လာ ၅,၈၈၄,၈၆၂<br><br>ဆောင်ရွက်ဆဲ | - အထွေထွေ အထောက်အပံ့ သဘောတူညီချက်ကို ၂၀၁၅ခုနှစ် ဒီဇင်ဘာလတွင် LIFTနှင့် လက်မှတ်ရေးထိုးခဲ့သည်။<br><br>- ဟဲဟိုးတွင် စီမံချက်ရုံး ဖွင့်လှစ်ခဲ့သည်။<br><br>- စီမံချက်နယ်မြေကို စီမံချက်အဖွဲ့နှင့်အတူ ရွေးချယ်ရန် ပြင်ဆင်ခဲ့သည်။ |

| | | |
|---|---|---|
| ၁၀ | SWISSAID<br><br>အရပ်ဘက်လူမှုအဖွဲ့အစည်းများကို အားဖြည့်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းမှုကို တိုးတက်ကောင်းမွန်စေခြင်း<br><br>၁-၃-၂၀၁၁ မှ ၃၁-၃-၂၀၁၅ ထိ<br><br>ကန်ဒေါ်လာ ၁,၂၆၀,၉၄၅<br><br>ပိတ်သိမ်းပြီး | - ကချင်နှင့်ရှမ်းပြည်နယ်ရှိ ဒေသခံဖွံ့ဖြိုးရေးအဖွဲ့ ၆ဖွဲ့ ကို အဖွဲ့အစည်းဆိုင်ရာနှင့် နည်းပညာဆိုင်ရာ ထောက်ပံ့ခဲ့သည်။ ယမန်နှစ်က ဗန်းမော်နှင့် တောင်ပိုင်းရှမ်းပြည်နယ်ရှိ ဖွံ့ဖြိုးရေးအဖွဲ့ တို့ကို ထောက်ပံ့ခဲ့သည်။<br><br>- တောင်သူ ၁၂၆ဦး ကို မြေဆီလွှာထိန်းသိမ်းရေးကိုလည်းကောင်း၊ ၈၂ဦးကို တီကျစ်စာမြေဆွေးပြုလုပ်ရေးကိုလည်းကောင်း သင်ကြားပေးခဲ့ပြီး တောင်သူ၂၇၈ဦးကို သွင်းအားစုများ ထောက်ပံ့ခဲ့သည်။<br><br>- စပါးဘဏ် အသစ်ရလုံး ဆောက်လုပ်ရန် ဆောက်လုပ်ရေးပစ္စည်းများ ထောက်ပံ့ခပြီး အိမ်ထောင်စု ၂၅၈စု အကျိုးပြုနိုင်မည်ဖြစ်သည်။ စုစုပေါင်း စပါးဘဏ်၁၇ခုကို ထူထောင်ပေးခဲ့သည်။<br><br>- စိုက်ပျိုးမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် ပူးပေါင်းကာ ရွာသား ၃၆၆ဦး ကို မြေယာပိုင်ဆိုင်ခွင့်မှတ်ပုံတင်ရေး သတင်းအချက်အလက်များ ပံ့ပိုးပေးခဲ့သည်။ ဤသင်တန်းဆင်းများကို လယ်လုပ်ပိုင်ခွင့် လက်မှတ်များ လျှောက်ထားရန် အားပေးခဲ့သည်။ ထို့နောက်တွင် ရွာသားများက စုပေါင်းလျှောက်ထားခဲ့ကြသည်။ အခြားရွာသားများကလည်း သူတို့၏သစ်တောများကို ဘုံသစ်တောမြေဟု မှတ်ပုံတင်ရန် လုပ်ငန်းစခဲ့ကြသည်။ |
| ၁၁ | TAG International<br><br>ပျားစီမံချက်။ ရှမ်းပြည်နယ်တွင် ခေတ်မီပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်ခြင်းကို မိတ်ဆက်ပေးခြင်းနှင့် တိုးချဲ့ခြင်း<br><br>၂၃-၁၀-၂၀၁၃ မှ ၃၁-၃-၂၀၁၆ ထိ<br><br>ကန်ဒေါ်လာ ၇၁၆,၃၄၁<br><br>ဆောင်ရွက်ဆဲ | - စက်တင်ဘာလတွင် ပျားမွေးမြူရေး အရင်းအမြစ်စင်တာကို ပင်းတယတွင် တရားဝင် ဖွင့်လှစ်ခဲ့သည်။<br><br>- စင်တာတွင် အလိုအလျောက် ပုလင်းသွင်းစက်ဖြင့် လည်ပတ်လျက် ရှိသည်။<br><br>- ပျားထွက်ပစ္စည်းထုတ်လုပ်ရေးသင်တန်းများ(ပျားဖယောင်းတိုင်၊ ပျားပရုပ်ဆီစသည်)ဖွင့်ပေးသည်။ အမျိုးသမီး ၄၃ဦးကို လေ့ကျင့်ပေးခဲ့သည်။<br><br>- ၂၀၁၅ခုနှစ် ပန်းနှမ်းပျားရည်ရာသီတွင် စီးပွားဖြစ်ပျားမွေးမြူသူတို့ကို ပျားဘုရင်မအကန့်များ၊ အချိုဓာတ်တိုင်းမီတာများ၊ ဖော့ပျားအုံများကို အစမ်းသုံးကြည့်ရန် အခမဲ့ထုတ်ပေးသည်။<br><br>- ပြောင်းဖူးနှင့်နေကြာတွင် ပျားဖြင့် ဝတ်မှုန်ကူးခြင်းကို သရုပ်ပြရန် ခြံနှစ်ခြံကို ဝန်ကြီးဌာနအကူအညီဖြင့် ထူထောင်ခဲ့ရာ နေကြာ အထွက်၂၂%၊ ပန်းနှမ်းအထွက်၆၂%တိုးလာကြောင်း တွေ့ရသည်။ ဝတ်မှုန်မကူးနိုင်ရန် ဆန်ကာများကာထားသော ပြောင်းစိုက်ခင်း တွင်မူ အထွက်မတိုးပေ။ သရက်သီး အထွက်နှုန်းမှာ၆၇%တိုးလာပြီး ဘက်စုံပိုးမွှားနှိမ်နင်းရေး စီမံခန့်ခွဲမှုနည်းနာများကို မသုံးသော သရက်ခြံမှာ ၁၀%သာ တိုးသည်။<br><br>- တောင်သူ ၃၇၅ဦး(အမျိုးသမီး ၁၁၀)တို့သည် ဟဲဟိုးသရုပ်ပြခြံသို့ သွားရောက်လေ့လာခဲ့သည်။<br><br>- ၂၀၁၅ခုနှစ်တွင် ပျားမွေးမြူလုပ်ငန်းအဖွဲ့ ၁၆ဖွဲ့သည် ပျားအုံ ၈၉၄ အုံ မှ ဆီးသီးရာသီတွင် ပျားရည် ၄တန်ကို လည်းကောင်း၊ ပန်းနှမ်းရာသီတွင် ပျားရည် ၈.၅၈ တန်ကို လည်းကောင်း ရရှိခဲ့သည်။<br><br>- ယခုအခါ ပျားအုံများကို ကိုယ်ပိုင်ယူကြရန် စီမံချက်က စီစဉ်သည်။ ပျားမွေးမြူသူ ၁၃ဦးသည် ပျားအုံ၂၈၀ကို ပိုင်ဆိုင်နေကြပြီ ဖြစ်သည်။ |

| | | |
|---|---|---|
| ၁၂ | CORAD(Choklei Organisation for Rural and Agricultural Development)<br><br>ရေဘေးတုံ့ပြန်ချက်<br><br>စက်တင်ဘာ၂၀၁၅ မှ ဒီဇင်ဘာ ၂၀၁၅<br><br>ကန်ဒေါ်လာ ၉၂,၉၀၂<br><br>ပိတ်သိမ်းပြီး | - CORADသည် ဖူလိုင်လအတွင်းက မြေပြိုမှုဒဏ်ခံ ချင်းပြည်နယ် မြောက်ပိုင်းရွာ ၅၅ရွာမှ အိမ်ထောင်စု ၁၆၁၅စုကို ထောက်ပံ့ခဲ့သည်။<br><br>- အလုပ်နှင့်ငွေ ဖလှယ်သောစနစ်ဖြင့် ရွာ၂၀ တွင် လှေကားထစ် လယ်ယာ ၈၉ဧကကို အိမ်ထောင်စု ၃၂၂စုက ပြန်ထူထောင်ခဲ့သည်။ ရွာ ၃၄ရွာ တွင် ၇၈၅ဧကကို ရေပေးမည့် ရေသွယ်စနစ်များကို အိမ်ထောင်စု ၆၈၉စု တို့က ပြန်ထူထောင်ခဲ့သည်။<br><br>- ရေသွယ်ပစ္စည်းများကို ဧက၃၀၀အတွက် ထုတ်ပေးခဲ့ရာ ၂၄ရွာမှ အိမ်ထောင်စု ၃၈၉စု တို့ကို အကျိုးပြုခဲ့သည်။<br><br>- (အာလူး၊ ပဲမျိုးစုံ၊ ကြက်သွန်ဖြူ၊ ဂေါ်ဖီထုပ်၊ ဂေါ်ဖီပွင့်၊ ကြက်သွန်၊ ပန်းနှမ်း) မျိုးစေ့များကို ရွာ၃၆ရွာရှိ မြေ ၉၂ဧက တွင် စိုက်ပျိုးရန် အိမ်ထောင်စု ၇၉၇သို့ ထောက်ပံ့ခဲ့သည်။ |
| ၁၃ | World Vision Myanmar/ Vision Fund<br><br>တောင်တန်းဒေသ အတွက် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံချက်<br><br>၂၃-၁၀-၂၀၁၃ မှ ၃၁-၃-၂၀၁၆ ထိ<br><br>ကန်ဒေါ်လာ ၄,၅၀၀,၀၀၀<br><br>ဆောင်ရွက်ဆဲ | - ကျိုင်းတုံ၊ တာလေ၊ ဘားအံ၊ လားရှိုးနှင့် သီပေါတို့တွင် ရုံးခွဲများ ဖွင့်ထားသည်။<br><br>- ရုံးခွဲသစ်များအတွက် ဝန်ထမ်းများခန့်အပ်နေသည်။<br><br>- ခေတ်မီအကြွေးစနစ်ဆော့ဖ်ဝဲကို ငွေချေးသူ၏ မှတ်တမ်းတွင် ထည့်ပေးသည်။ |

*နောက်ဆက်တွဲဇယား ၄.၄။ ၂၀၁၅ခုနှစ်အတွင်း ရခိုင်ဒေသအတွင်း ရခိုင်ဒေသတွင် တက်လမ်းစီမံကိန်း (အဆင့်၁+၂)၏ အရေးပါသော တင်ပြချက်များ*

| စဉ် | IP ၊ အမည်၊ အချိန်သတ်မှတ်ချက်၊ ဘတ်ဂျက်အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | တက်လမ်းအဆင့်၁<br><br>ရေရှည်ရိက္ခာဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းမှု စီမံကိန်း အဆင့်၁<br><br>၁-၃-၂၀၁၃ မှ ၃-၁၂-၂၀၁၅ ထိ<br><br>အဆင့်၁ဘတ်ဂျက် ကန်ဒေါ်လာ၁၄,၁၀၄,၉၆၅<br><br>ပထမအဆင့် ၂၀၁၅ခုနှစ် ဒီဇင်ဘာတွင် ပိတ်သိမ်းသည်။<br><br>အဆင့်၂<br><br>၁-၁-၂၀၁၆ မှ ၃၁-၁၂-၂၀၁၈ ထိ<br><br>အဆင့်၂ဘတ်ဂျက် ကန်ဒေါ်လာ ၂၃,၇၁၆,၄၄၀ | - တက်လမ်းအဆင့်၂အတွက် ၂၀၁၆ခုနှစ် ဇန်နဝါရီမှ ၂၀၁၈ခုနှစ် ဒီဇင်ဘာအထိ၊ ကန်ဒေါ်လာ၂၄သန်းခန့် တိုးချဲ့အတည်ပြုခဲ့သည်။<br><br>- မိတ်ဖက်အဖွဲ့တို့မှာ အဆင့်၁ အတိုင်း ဖြစ်သည်။ IRC၊ Save the Children၊ Oxfam၊ BLOနှင့် M&Eလုပ်ငန်းကို CAREက ဆောင်ရွက်မည်။<br><br>- အဆင့်၂တွင် ရွာအသစ်များ၊ ကဏ္ဍအသစ်များကို တိုးချဲ့ကိုင်တွယ်မည်။ မိခင်များ ငွေကြေးထောက်ပံ့မှုနှင့် WASHကို ပေါက်တော၊ မင်းပြား၊ မြေပုံ တို့တွင် တိုးချဲ့မည်။<br><br>- ရသေ့တောင်မြို့နယ်တွင် အသက်မွေးမှုစီမံချက်တစ်ခုကို CARE က ဆောင်ရွက်မည်။<br><br>- PGMFနှင့် ရိုးမဘဏ်တို့မှတစ်ဆင့် ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှု လုပ်ကွက်အသစ်အတွက် ကန်ဒေါ်လာ၁၀သန်း ထည့်ဝင်မည်။<br><br>- ကျွမ်းကျင်မှု၊ အသက်မွေးမှုဆိုင်ရာလုပ်ကွက်သစ်အတွက် ထောက်ပံ့မည်။<br><br>- Mercy Corpsဖြင့် မြောက်ဦးတွင် ဟင်းသီးဟင်းရွက်ထုတ်လုပ်မှုကို ဈေးကွက်နှင့်ချိတ်ပေးမည်။<br><br>တက်လမ်းအဆင့်၁မှ ရွေးကောက်ရလဒ်များ<br><br>- စပါးစိုက် လယ်ဧက၂၂,၂၉၇ကို ကာကွယ်သော ရေတံခါး၃၁ခု၊ တာအောက်မြောင်း၂၇ခု ပါသော ရေကာတာ၉၂.၅မိုင်<br><br>- ဆိုင်ကလုန်းကိုမန်၏ ဒဏ်ကို ကြံ့ကြံ့ခံခဲ့သော ရေကာတာ၈၇မိုင်<br><br>- အလုပ်နှင့်ငွေ ဖလှယ်ရာတွင် ပါဝင်ခဲ့ကြသော ကျေးရွာသူ၊သား ၂၆၁၄၃ဦး<br><br>- ရှေ့ပြေး စီမံချက် ရွာများတွင် မိခင်သို့ ငွေကြေးထောက်ပံ့ပြီး ၁နှစ်အတွင်း ကလေးသူငယ် ပုညက်မှု ၅.၁%ကျဆင်းမှု<br><br>- ၂၀၁၃ခုနှစ် အခြေခံစစ်တမ်းတွင် ၆လအောက်ကလေး မိခင်နို့ သက်သက် တိုက်ကျွေးမှု၁၆.၂%ရှိရာမှ ၂၄.၇%သို့ တိုးတက်လာခြင်း<br><br>- အိမ်ထောင်စုနှင့် ရပ်ရွာအဆင့်တွင် ငွေကြေးဆိုင်ရာ ဆုံးဖြတ်ရာတွင် ပါဝင်လာသူ အမျိုးသမီးမှာ ၆၉% ရှိလာခြင်း<br><br>- ကျေးရွာငွေစု/ချေးအသင်း(VSLA)၂၁၀ဖွဲ့စည်းပြီး အမျိုးသမီးအများစုက ဦးစီးသော အသေးစားလုပ်ငန်းများသို့ ကန်ဒေါ်လာ ၃၀၀,၀၀၀ အကျိုးပြုခဲ့သည်။ |

# နောက်ဆက်တွဲ၅။ ၂၀၁၅ခုနှစ် နှစ်ကုန်တွင် LIFT၏ အသေးစား ငွေရေးကြေးရေးမိတ်ဖက်တို့၏ အကောင်အထည်ဖော်နိုင်မှုများ

| | IPအမည် | လုပ်ငန်းဆိုင်ရာ ရပ်တည်နိုင်မှု | ငွေကြေးဆိုင်ရာ ရပ်တည်နိုင်မှု | ဝန်ဆောင်မှု အသုံးပြုသူ | အမျိုးသမီး | အမျိုးသမီး % | ရွာ | စွန့်စားနိုင်ခြေ ရက်၃၀ အထက် | ပိုင်ဆိုင်မှု | ချေးငွေ လက်ကျန် | စုငွေ လက်ကျန် |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | PGMF | ၁၅၁% | ၁၂၉% | ၆၇၃,၈၂၈ | ၆၆၀,၃၅၁ | ၉၈% | ၁၀,၀၆၂ | ၀.၅၇% | ၁၂၆,၂၅၈,၄၄၈ | ၁၁၂,၅၈၄,၆၆၂ | ၃၄,၅၆၆,၁၅၀ |
| ၂ | Vision Fund | ၆၆% | ၆၂% | ၅၈,၉၄၃ | ၅၁,၂၈၀ | ၈၇% | ၃၇၆ | ၀.၀၀% | ၈,၈၇၃,၈၉၃ | ၈၀၃၅,၇၈၉ | - |
| ၃ | Proximity Finance | ၁၀၅% | ၁၀၃% | ၄၇,၈၈၄ | ၁၀,၅၃၄ | ၂၂% | ၁,၂၂၅ | ၃.၉၉% | ၉,၇၁၀,၉၅၇ | ၅,၉၈၀,၃၆၁ | - |
| ၄ | GRET (Chin MFI) | ၁၃၇% | ၁၀၅% | ၉,၆၄၇ | ၉,၄၅၄ | ၉၈% | ၁၀၅ | ၀.၄၀% | ၁၈၇၂,၀၀၀ | ၁,၅၄၀,၀၀၀ | - |
| ၅ | GRET (Dry Zone) | ၇၅% | ၅၂% | ၄,၃၂၄ | ၃,၇၆၂ | ၈၇% | ၅၅ | ၀.၀၀% | ၉၀၁,၀၇၃ | ၄၀၄,၃၆၀ | - |
| ၆ | ASA Myanmar | ၅၄% | ၃၂% | ၃၁,၃၉၇ | ၃၁,၃၉၇ | ၁၀၀% | ၈၈ | ၀.၀၀ % | ၂,၃၀၆,၅၅၀ | ၂,၀၈၀,၅၇၅ | ၄၅၉,၇၀၇ |
| ၇ | Alliance Myan-mar | ၁၉% | ၁၉% | ၁၀,၀၆၀ | ၈,၈၅၃ | ၈၈% | ၁၀၆ | ၀.၀၀ % | ၉၃၇,၁၉၇ | ၇၅၈,၂၃၁ | ၇၉,၄၈၀ |
| ၈ | Fullerton | ၃၅% | ၅၅% | ၃၆,၀၉၆ | ၃၃,၅၆၉ | ၉၃% | ၁၀၄ | ၀.၀၀ % | ၆,၄၆၁,၉၄၀ | ၃,၈၉၂,၈၁၈ | ၂၁၃,၀၃၉ |
| ၉ | Ar Yone Oo | ၁၉၀% | ၁၀၀% | ၅,၇၇၂ | ၅,၇၁၄ | ၉၉% | ၆၉ | ၀.၀၀ % | ၆၄၃,၄၃၅ | ၃၉၁,၉၅၄ | ၁၃၈,၆၄၈ |
| ၁၀ | Border Development Assoication | ၁၈၇% | ၁၀၄% | ၆,၀၉၉ | ၆,၀၃၈ | ၉၉% | ၅၈ | ၀.၀၀ % | ၆၇၇,၄၈၅ | ၅၈၁,၅၄၉ | ၁၂၈,၈၁၆ |
| ၁၁ | Ratana Metta Organization | ၁၇၅% | ၉၂% | ၆,၁၆၅ | ၆,၁၀၃ | ၉၉% | ၃၈ | ၀.၀၀ % | ၆၀၇,၃၃၈ | ၅၃၃,၇၈၅ | ၁၀၄,၉၁၃ |
| ၁၂ | Environmental Conservation and Livelihood Outreach Foundation - ECLOF | ၁၆၈% | ၉၇% | ၇,၃၃၉ | ၇,၂၆၆ | ၉၉% | ၉၀ | ၀.၀၀ % | ၆၇၉,၇၃၄ | ၆၇၂,၆၁၇ | ၁၅၄,၀၄၃ |
| ၁၃ | Myanmar Heart Development Organization | ၁၉၉% | ၁၀၅% | ၆,၃၉၆ | ၆,၃၃၂ | ၉၉% | ၆၄ | ၀.၀၀ % | ၄၉၄,၀၈၂ | ၄၆၀,၅၁၃ | ၇၄,၆၉၀ |
| ၁၄ | Social Vision Services | ၁၆၇% | ၉၂% | ၅,၈၂၅ | ၅,၇၆၇ | ၉၉% | ၅၉ | ၀.၀၀ % | ၄၇၇,၁၂၈ | ၄၂၉,၇၃၅ | ၇၁,၁၅၂ |
| ၁၅ | YMCA | ၂၀၁% | ၉၉% | ၄,၆၈၃ | ၄,၆၃၆ | ၉၉% | ၅၄ | ၀.၀၀ % | ၄၈၄,၁၅၉ | ၄၂၄,၉၁၇ | ၅၈,၉၇၂ |
| ၁၆ | Wan Lark | ၁၀၆% | ၅၀% | ၄,၉၆၅ | ၄,၉၁၅ | ၉၉% | ၃၆ | ၀.၀၀ % | ၄၃၃,၄၉၉ | ၂၆၆,၄၂၇ | ၄၂,၂၇၅ |
| ၁၇ | The Sun | ၁၁၁% | ၆၀% | ၅,၃၄၂ | ၅,၂၈၉ | ၉၉% | ၆၉ | ၀.၀၀ % | ၃၄၀,၉၂၉ | ၂၉၁,၉၀၈ | ၄၄,၈၂၁ |
| ၁၈ | ငွေချေးသမ ၂၄ဖွဲ့ [၁၄] | ၁၂၃% | N/A | ၉,၇၄၆ | ၅,၆၅၃ | ၅၈% | ၁၈၀ | ၀.၁၄% | ၂၅၃,၃၀၁ | ၂၃၀,၅၀၉ | ၁၀၃,၀၇၅ |
| | စုစုပေါင်း LIFT ၏ မိတ်ဖက် ၄၁ ဖွဲ့ | | | ၉၃၄,၅၁၁ | ၈၆၆,၉၁၄ | ၉၃% | ၁၂,၈၃၈ | | ၁၆၂,၄၃၃,၁၄၇ | ၁၃၉,၅၆၀,၇၁၁ | ၃၆,၃၂၉,၇၈၃ |
| | မြန်မာနိုင်ငံရှိ MFI ၁၆၈ ဖွဲ့ | | | ၁,၆၈၂,၁၄၇ | | | | | ၂၆၇,၅၇၆,၅၀၂ | ၂၀၇,၇၇၇,၇၈၄ | ၅၀,၆၅၄,၅၄၈ |
| | LIFT၏ အသေးစား ငွေရေးကြေးရေး မိတ်ဖက်များ၏ ဆောင်ရွက်မှု | | | ၅၆% | | | | | ၆၁% | ၆၇% | ၇၂% |

# နောက်ဆက်တွဲ၆။ ၂၀၁၅ခုနှစ် မူဝါဒဆိုင်ရာထိတွေ့ဆောင်ရွက်မှုများ

| ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | |
|---|---|
| အကြောင်းအရာ။<br>**အသေးစားငွေကြေးဆိုင်ရာကဏ္ဍအလိုက်ဌာနအလိုက် ဖွံ့ဖြိုးမှု**<br><br>LIFT IP။ **MFI ၁၆ခုနှင့် IFC**<br><br>ပူးပေါင်းသူ။<br>**မြန်မာအသေးစားငွေကြေးအသင်း (MMFA)** | IFCသည် MMFAကို အသေးစားငွေရေးကြေးရေးတွင် သင်တန်းများ ဖွင့်လှစ်ရေး၊ မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းရေးဆွဲရေးများတွင် ကူညီနေသည်။ ၂၀၁၅ခုနှစ် ဖွန်လတွင် MMFAသည် အသေးစားငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေးများကို ခေါ်ယူခဲ့ရာ MFIများ၊ ရင်းနှီးမြှုပ်နှံသူများ၊ LIFT ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး အပါအဝင် အလှူရှင်များ တက်ရောက်ခဲ့ကြသည်။ လုပ်ငန်းအဖွဲ့ဝင်များသည် နှစ်လလျှင် တစ်ကြိမ် တွေ့ဆုံပြီး မူဝါဒနှင့် ကြီးကြပ်ရေးဆိုင်ရာတို့ကို ဆွေးနွေးကြသည်<br><br>၂၀၁၅ခုနှစ်နှစ်ကုန်တွင် မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်း အရှိန်မြင့်ရန် အတွက် မူဝါဒပြုပြင်ပြောင်းလဲရန် ထောက်ခံတင်ပြချက်များပါဝင်သော စာတမ်းတစ်စောင် ကို လုပ်ငန်းအဖွဲ့က အောင်မြင်စွာ ရေးဆွဲနိုင်ခဲ့သည်။ ယင်းစာတမ်းတွင် အောက်ပါမူဝါဒ တို့ကို ပြုပြင်ရန် ထောက်ခံတင်ပြထားသည်_<br><br>- MFIအဖွဲ့ဝင်များ၏ အပ်ငွေကန့်သတ်ချက်များကို ရုပ်သိမ်းရန်<br>- ချေးငွေကန့်သတ်ချက်များကို လျှော့ချရန်<br>- အပ်ငွေအတွက် အနည်းဆုံးအတိုးကို လျှော့ချရန်<br>- အပ်ငွေအတွက် ငွေပေါ်မှုအချိုးကို လျှော့ချရန်<br>- ငွေကြေးပုံစံအမျိုးမျိုးကို တိုးချဲ့ရန်<br><br>ယင်းစာတမ်းတွင် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန ၏ ကြီးကြပ်စစ်ဆေးရေးစွမ်းရည် တည်ဆောက်ရန် အရေးကြီးမှုကိုလည်း ထောက်ပြထားသည်။<br><br>MMFAသည် ဤစာတမ်းကို ဆွေးနွေးရန်နှင့် ၂၀၁၆ခုနှစ် နှစ်ဦးတွင် အစိုးရကို တင်ပြရန် စီမံထားသည်။ |

| ရိက္ခာဖူလုံမှု | |
|---|---|
| အကြောင်းအရာ။<br>**မူဝါဒဆိုင်ရာဆွေးနွေးလှုံ့ဆော်ရန်အတွက် ရိက္ခာဖူလုံမှုမူဝါဒကို သုံးသပ်ခြင်း**<br><br>LIFT IP။<br>စားနပ်**ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ (FSWG)** | ၀၁၅ခုနှစ်တွင် FSWGသည် ပြည့်စုံသော ရိက္ခာဖူလုံရေးမူဝါဒသုံးသပ်မှု၅ခုကို ပြုလုပ်ခဲ့သည်။<br><br>**တောင်သူကာကွယ်ရေးနှင့် သက်သာချောင်ချိရေး နည်းဥပဒေများ** ပြန်လည်ရေးဆွဲရာတွင် ထောက်ခံတင်ပြချက်အချို့ကို FSWGက ဩဇာသက်ရောက်မှုရှိခဲ့သည်။ ဤသို့ ဆောင်ရွက်နိုင်ရန် FSWGသည် လူထုဆွေးနွေးတိုင်ပင်ပွဲများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်ပြင် အလုပ်ရုံ ဆွေးနွေးပွဲ တစ်ခုကိုလည်း ပြုလုပ်ပြီး တွေ့ရှိချက်များကို နည်းဥပဒေများ သုံးသပ်မှု အပြီးသတ်စာတမ်းတွင် ပေါင်းစုထည့်သွင်းပေးခဲ့သည်။ ယင်းစာတမ်းကို ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း ဖွံ့ဖြိုးရေးကော်မတီ(Agricultural, Livestock and Fisheries Development Committee - ALFDC)သို့ ၂၀၁၅ခုနှစ် ဧပြီလ ၂ရက်နေ့တွင် တင်သွင်းခဲ့သည်။ ALFDCက စာတမ်းပါအချက်အလက် တို့ကို လက်ခံပြီး နည်းဥပဒေပြန်လည်ရေးဆွဲရာတွင် ထည့်သွင်းခဲ့သည်။ မူဝါဒရှင်းလင်း ချက်စာတမ်းတစ်စောင်ကို ၂၀၁၆ခုနှစ် ပထမသုံးလပတ်အတွင်း ထုတ်ပြန်မည်ဟု မျှော်လင့်သည်။<br><br>၂<br>**မျိုးစေ့ဥပဒေနှင့် မူဝါဒ**<br>၂၀၁၄ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၅ခုနှစ် မတ်အတွင်း FSWGသည် မျိုးစေ့ဥပဒေနှင့် မူဝါဒ တို့ကို မူဝါဒ၊ ပတ်သက်ဆက်နွယ်သူတို့၏ အနေအထားကို သုံးသပ်ရန်၊ မျိုးစေ့ ဈေးကွက်ကို ဖော်ထုတ်ရန် လေ့လာခဲ့သည်။ ဈေးကွက်နှင့်အားသာချက်တို့ကို ဖော်ထုတ် ခဲ့ပြီး ဆွေးနွေးတိုက်တွန်းရန် မဟာဗျူဟာ နှင့် လုပ်ငန်းစီမံချက်တို့ကို ပြုစုခဲ့သည်။(လုပ်ကွက်ငယ် တောင်သူတို့ကို အထူးအာရုံစိုက်ခဲ့သည်) မူဝါဒအုပ်စုခွဲမှ အကောင်အထည်ဖော်ရန် ဖြစ်သည်။ အပြီးသတ်အစီရင်ခံစာကို ၂၀၁၅ခုနှစ် ဒီဇင်ဘာလတွင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ |

| | |
|---|---|
| | **မြန်မာ့ဆန်စပါးမူဝါဒ သုံးသပ်ချက်**<br>မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်က ပြုစုခဲ့သော ဆန်စပါးမူဝါဒသည် ရှေ့ဆက် မူဝါဒရေးဆွဲရန် အတွက် မူဘောင်ကောင်းတစ်ခုပင်ဖြစ်သည်။ ယင်းကို အခြေခံကာ FSWGသည် ထောက်ခံ တင်ပြချက်အချို့ကို အဆိုပြုခဲ့သည်။ ယင်းတို့တွင် မျိုးစေ့ကဏ္ဍကို ထူထောင်ရန်၊ ဘဏ်လုပ်ငန်းကို ပြင်ဆင်ရန်၊ တောင်သူတို့ကို ငွေရေးကြေးရေးနှင့်ပတ်သက်၍ သင်တန်းပေးရန်၊ စာချုပ်စာတမ်းချုပ်ဆိုမည်ဆိုပါက ရှေ့တွင် ကြုံတွေ့ရဖွယ်တို့ကို စဉ်းစားတတ်အောင် ယင်းတို့ကို ကူညီရန်၊ မြေစမ်းသပ်တတ်လာအောင် လုပ်ပေးရန်၊ လယ်ယာမြေဥပဒေကို ပြန်လည်သုံးသပ်ရန်၊ လက်ရှိစိုက်ပျိုးရေးဖွံ့ဖြိုးမှု နှင့်ပတ်သက်သော မြန်မာသီးသန့်မူဘောင်တစ်ခုကို ပြုစုရန်တို့ ပါဝင်သည်။ ဤသုံးသပ်ချက်၏ အီလက်ထရွန်နစ်မိတ္တူကို FSWG ရန်ကုန်ရုံးတွင် ရနိုင်သည်။<br><br>**စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ လေ့လာမှု ၂၀၁၅ခုနှစ် ဧပြီလမှ အောက်တိုဘာလအထိ**<br>ဤသုတေသနကို ရိက္ခာဖူလုံရေး၊ ကျေးလက်အသက်မွေးမှု စသည်တို့အတွက် စိုက်ပျိုး ရေးတွင် ကုမ္ပဏီကြီးများ၊ လုပ်ကွက်ငယ်တောင်သူများတို့၏ ရင်းနှီးမြှုပ်နှံမှုတို့၏ သက်ရောက်မှုကို ပိုမို နားလည်စေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ *'စိုက်ပျိုးရေး ရင်းနှီး မြှုပ်နှံမှု ဥပဒေ'* နှင့် သက်ဆိုင်သော ပတ်သက်ဆက်နွယ်သူများအနေအထားကိုလည်း သုံးသပ်သည်။ ထို့ကြောင့် FSWGသည် ဤသုတေသနရိက္ခာဖူလုံမှုကို ကိုင်တွယ်မည့် နွမ်းပါးသူများအကျိုးရှိစေမည့် လုပ်ထုံးလုပ်နည်းကောင်းတို့အတွက် လိုအပ်သော အထောက်အထားကို ဤသုတေသနမှ ရရှိသည်။ ဤသုတေသနတွင် အမှုတွဲလေ့လာ ချက်၃ခုပါဝင်သည်။ ကြံ၊ ဖရဲ၊ လက်ဖက်တို့ကို လေ့လာထားသည်။ အပြီးသတ်အစီရင် ခံစာနှင့် မူဝါဒစာတမ်းကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ၂၀၁၅ခုနှစ် နိုဝင်ဘာလတွင် ဖြန့်ချီခဲ့သည်။<br><br>**တောင်သူအစည်းအရုံး ရုပ်လုံးဖော်လေ့လာမှု**<br>၂၀၁၅ခုနှစ် နှစ်ဆန်းတွင် GRETနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံရှိ တောင်သူ အစည်းအရုံးတို့၏ တွန်းအားစုကို ပိုမိုသိရန်နှင့် ယင်းတို့၏ အမျိုးအစားကို ပုံဖော်ကြည့်ရန်ဖြစ်သည်။ သုတေသန၏ ကနဦးနည်းကိရိယာအဖြစ် မူတည်ရာအလုပ် ဆွေးနွေးပွဲကို မတ်လတွင်၊ ကိန်းဂဏန်း ကောက်ယူမှု အလုပ်ဆွေးနွေးပွဲကို ဇွန်လတွင် အသီးသီးဆောင်ရွက်ခဲ့သည်။ ထို့နောက် ကိန်းဂဏန်းကောက်ယူမှုကို တိုင်းနှင့်ပြည်နယ် ၁၁ခုတွင် ဆောင်ရွက်ခဲ့သည်။ ရန်ကုန်၊ မကွေး၊ စစ်ကိုင်း၊ မန္တလေး၊ ပဲခူး၊ ဧရာဝတီ၊ ရခိုင်၊ တနင်္သာရီ၊ ရှမ်း၊ ချင်း၊ ကယားတို့တွင် ဖြစ်သည်။ အပြီးသတ် အစီရင်ခံစာနှင့် တောင်သူ အစည်းအရုံးများလမ်းညွှန်ကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ၂၀၁၆ခုနှစ် ပထမသုံးလပတ်တွင် ဖြန့်ချီမည်။ |

| ကျားမရေးရာ | |
|---|---|
| အကြောင်းအရာ။<br>**အမျိုးသမီးများကို အကြမ်းဖက်မှုများ ဆိုင်ရာ ဥပဒေပြုခြင်း**<br><br>LIFT IP။ **ကျားမ ရေးရာတန်းတူညီမျှ ရေးကွန်ရက်(GEN)**<br><br>ပူးပေါင်းသူ။ **ActionAid** | အမျိုးသမီးများကို အကြမ်းဖက်ခြင်းမှ တားဆီးကာကွယ်ရေးဥပဒေကို အပြီးသတ်ရေးဆွဲရာတွင် GENက ဆက်လက်ဦးဆောင်နေသည်။ ယင်းဥပဒေသည် အမျိုးသမီးတို့ကို ကျန်းမာစွာ၊ အကျိုးရှိစွာ၊ ထိတွေ့ဆက်ဆံလျက် နေစေနိုင်မည့် ဥပဒေ အကာအကွယ်ကို ဖြစ်စေမည်၊ အကြမ်းဖက်မှုမှ ကင်းဝေးစေမည် ဖြစ်သည်။ ဥပဒေ မူကြမ်းမှာ ၂၀၁၄ခုနှစ် ဒီဇင်ဘာလတွင် ပြီးစီးခဲ့သော်လည်း လူမှုဝန်ထမ်းဦးစီးဌာနက မြန်မာ့ဥပဒေဝေါဟာရနှင့် အရေးအသားတို့နှင့် ကိုက်ညီစေရန် စကားအသုံးအနှုန်းနှင့် စာကိုယ်တို့ကို ပြင်ဆင်ခဲ့သောကြောင့် အကြိမ်ကြိမ် ပြန်လည်ပြင်ဆင်ရသည်။ နောက်ဆုံးတွင် ဥပဒေတစ်ခုလုံးကို မြန်မာဥပဒေပညာရှင်ကြီးတစ်ဦးက ပြန်ရေးသားပြီး၊ GENနှင့် ကုလသမဂ္ဂ ကျားမရေးရာအုပ်စုတို့က ပြန်လည်သုံးသပ်ကာ ဥပဒေရေးသားရေး လုပ်ငန်းအဖွဲ့နှင့် ပြန်လည်ဆွေးနွေးပြီး မှတ်ချက်များ၊ တည်းဖြတ်မှုများ၊ ငြင်းခုန်မှုများ၊ ဆွေးနွေးမှုများ၊ တဖန် ပြန်လည်သုံးသပ်မှုများ စသည်တို့ပါဝင်သော လုပ်ငန်းစဉ်တစ်ခု ဖြစ်လာသည်။ |
| အကြောင်းအရာ။<br>**အမျိုးသမီးများ ဖွံ့ဖြိုး တိုးတက်ရေး ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)**<br><br>LIFT IP။ GEN | နိုင်ငံတော်အဆင့် ကျားမရေးရာမဟာဗျူဟာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းကို ကိုယ်စားပြုကာ ကျားမတန်းတူညီမျှရေးနှင့် အမျိုးသမီးများ စွမ်းဆောင်နိုင်ရေးကဏ္ဍ လုပ်ငန်းအဖွဲ့(Gender Equality and Women’s Empowerment Sector Working Group - GEWE SWG)တွင် GEN ပါဝင်ခွင့်ရအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ယင်းအဖွဲ့သည် ဤမဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ရမည့် တရားဝင် အဖွဲ့အစည်းဖြစ်သည်။ ထို့ပြင် GENနှင့် အမျိုးသမီး အဖွဲ့အစည်းများ ကွန်ရက်(Women’s Organization Network - WON) တို့သည် GEWE SWGနှင့်အပြိုင် အရပ်ဘက်လူမှုအဖွဲ့အစည်း တစ်ရပ်အဖြစ် ဖွဲ့စည်း နိုင်ခဲ့သည်။ GEN-WONအုပ်စုသည် အဖွဲ့ဝင်အားလုံးပါဝင်သည့် အစီရင်ခံစာကို ပြုစုခဲ့သည်။ ယင်းသည် GENနှင့် WONတို့၏ အဖွဲ့ဝင်များ၏ လှုပ်ရှားမှုများကို ပြည့်စုံစွာ ဖော်ပြထားသည်။ ယင်းသည် ဟာကွက်များကိုပါ ဖော်ထုတ်ထားပြီး ယင်းတို့ကို ကိုင်တွယ်ရန် အစိုးရ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများသို့ အရေးကြီးသော ထောက်ခံတင်ပြချက်များကိုပါ ပေးအပ်သည်။ |

| | |
|---|---|
| အကြောင်းအရာ။<br>**ကျားမရေးရာကို စိတ်ပါဝင်စားသော မြေယာမူဝါဒ**<br><br>LIFT IP။ GEN | မြေယာမူဝါဒဖြစ်ထွန်းရေးအတွက် GEN၏ လုပ်ငန်းအဖွဲ့သည် 'အမျိုးသား မြေအသုံးချမှု မူဝါဒတွင် ကျားမတန်းတူညီမျှမှု ပါဝင်စေရေးသို့' ဟူသော အစီရင်ခံစာကို အစိုးရထံ တင်သွင်းခဲ့သည်။ လပေါင်းများစွာ မူဝါဒရေးဆွဲသူများနှင့် စည်းရုံးဆွေးနွေးပြီးနောက်တွင် GENသည် မူဝါဒတွင် အမျိုးသမီးများအတွက် အမြင်ကို ထည့်သွင်းနိုင်ခဲ့သဖြင့် ၂၀၁၅ခုနှစ်၏ အချက်အခြာကျသည့် အောင်မြင်မှုပင် ဖြစ်သည်။ ဤမူဝါဒကို ပြည်ထောင်စုအစိုးရ က အတည်ပြုပြီးဖြစ်သည်။ |

| **အားလုံးပါဝင်စေသော တန်ဖိုးကွင်းဆက်** | |
|---|---|
| အကြောင်းအရာ။<br>**ဟင်းသီးဟင်းရွက် ကဏ္ဍ ဖွံ့ဖြိုးရေး**<br><br>LIFT IP။ **Mercy Corps**<br><br>ပူးပေါင်းသူ။<br>**Swisscontact, East-West Seed International, လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန** | Mercy Corps 'ဟင်းသီးဟင်းရွက်ဈေးကွက်အလုပ်ဖြစ်စေရေး' စီမံချက်သည် ဟင်းသီးဟင်းရွက် ကဏ္ဍ အရှိန်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ကို ၂၀၁၅ခုနှစ် မတ်လ တွင် ထူထောင်ပေးနိုင်ခဲ့သည်။ ယင်းတွင် အစိုးရ၊ ပုဂ္ဂလိက၊ အရပ်ဘက်လူမှုအဖွဲ့အစည်း များ ပါဝင်ပြီး စိုက်နည်း၊ မျိုးစေ့ကဏ္ဍ၊ သွင်းအားစုများကို ဘေးကင်းထိရောက်စွာ သုံးစွဲရေး၊ အလေအလွင့် လျှော့ချရေး၊ ဈေးကွက်ဝယ်လိုအား ဖန်တီးရေး စသော အရေးပါသော ကိစ္စများကို ကိုင်တွယ်ကြသည်။<br><br>စီမံချက်သည် လုပ်ငန်းအဖွဲ့ကို လုပ်ငန်းစရိတ်ထောက်ပံ့သည်။ လုပ်ငန်းအဖွဲ့ အစည်းအဝေး နှစ်ကြိမ် ခေါ်ပြီး ၂၀၁၆ခုနှစ်အတွက် အစီအစဉ်နှင့် လုပ်ငန်းများကို အဆိုပြုခဲ့သည်။ ယင်းတွင် မြန်မာ မျိုးစေ့ အသင်း နှင့်အတူ မျိုးစေ့ကဏ္ဍ မဟာဗျူဟာရေးဆွဲရန်၊ ပိုးသတ်ဆေးဝါး မှတ်ပုံတင်ခြင်း၊ ဈေးကွက်တင်ခြင်း၊ ကြတ်မတ်ခြင်းတို့ကို တိုးတက်ကောင်းမွန်စေရန်၊ ဟင်းသီးဟင်းရွက်ကဏ္ဍတွင် မြန်မာစားသုံးသူတို့၏ အကျိုးကိုကို ပထမဆုံးအကြိမ် စစ်တမ်းကောက်ရန်တို့ ပါဝင်သည်။ လုပ်ငန်းအဖွဲ့သည် ၂၀၁၅ခုနှစ်တွင် ဟင်းသီးဟင်းရွက်ကဏ္ဍ မူဝါဒကို မူကြမ်းရေးဆွဲခဲ့သည်။<br><br>*'ဘာကြောင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးသူများ နောက်တွန့်နေရသလဲ။ လုပ်ကွက်ငယ် တောင်သူစီမံကိန်းအတွက် ဟင်းသီးဟင်းကွက်ဈေးကွက်ကို အလုပ်ဖြစ်စေသည့် ပဋိပက္ခ၊ အုပ်ချုပ်ရေး၊ ဈေးကွက်ဆိုင်ရာ သုံးသပ်ချက်'* အစီရင်ခံစာကိုလည်း ရေးသားခဲ့သည်။ အချို့သော အကြောင်းအရင်းများက ဟင်းသီးဟင်းရွက်စိုက်ပျိုးသူတို့ကို ထိခိုက်စေကြောင်း(ဥပမာ။ ဈေးနှုန်းမတည်ငြိမ်ခြင်း၊ သွင်းအားစု အရည်အသွေး မမှန်ကန်ခြင်း၊ အဆင့်မြင့် ဟင်းသီးဟင်းရွက် ဝယ်လိုအားနည်းခြင်း)ကို ဖော်ပြထားပြီး တောင်သူတို့၏ ဝင်ငွေတိုးအောင် ယင်းအားနည်းချက်များကို လျှော့ချရန်၊ ဈေးကွက်စနစ်ကြီးများတွင်ပါဝင်ရန် မူဝါဒဆိုင်ရာ ထောက်ခံတင်ပြချက်များလည်း ပါဝင်သည်။ |

| **မြေယာလုပ်ပိုင်ခွင့်အာမခံ** | |
|---|---|
| အကြောင်းအရာ။<br>**အမျိုးသားမြေအသုံး ချမှုမူဝါဒ တိုက်တွန်း ဆွေးနွေးခြင်း**<br><br>LIFT IP။ **LCG** | LCGအုပ်စုသည် မြေယာဆိုင်ရာ ဆွေးနွေးလှုံ့ဆော်မှုအစည်းအဝေးများတွင် တက်ကြွစွာ ထိတွေ့ဆောင်ရွက်ခဲ့ရာတွင် အမျိုးသားမြေအသုံးချမှုမူဝါဒ ကျွမ်းကျင်သူ အစည်းအဝေးများလည်း ပါဝင်သည်။ ယင်းမူဝါဒရေးဆွဲရေးကော်မတီတွင် ဆွေးနွေးတိုက်တွန်းသူ အဖြစ် အချက်အခြာနေရာမှ ပါဝင်ပြီး ယင်းမူဝါဒကောင်းမွန်စေရန် အထူးလုပ်ကိုင်ခဲ့သည်။ ယင်းသည် အောက်ပါတို့ကို စည်းရုံးဆောင်ရွက်ခဲ့သည်_<br><br>- ဖေဖော်ဝါရီလတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့နှင့် NLUPနှင့်ပတ်သက်၍ စည်းရုံးဆွေးနွေးခြင်း<br>- ဓလေ့ထုံးတမ်းဆိုင်ရာ မြေအသုံးချမှုနှင့် ရွှေ့ပြောင်းတောင်ယာတို့ကို ဆွေးနွေးခဲ့ပြီး NLUPကို ပြန်လည်ရေးဆွဲရန် အစိုးရ၏ အားထုတ်မှုကို ပံ့ပိုးခြင်း<br>- မေလတွင် အင်းလေးကန်၌ ကျင်းပသော အာဆီယံလူမှုရေးသစ်တောကွန်ရက် ညီလာခံတွင် ဓလေ့ထုံးတမ်း ဆိုင်ရာမြေအသုံးချမှုနှင့် ရွှေ့ပြောင်းတောင်ယာကို တင်ပြခြင်း<br>- ဆွေးနွေးလှုံ့ဆော်ရေး ညှိနှိုင်းသူတစ်ဦးကို ဂျာရမ်းကာ ပျိုးပင်အဖွဲ့နှင့်အတူ မြေပိုင်ဆိုင်ခွင့်ကို အသိအမြင်တိုးစေရန် ပြည်နယ်/တိုင်း ၉ခုရှိ နိုင်ငံရေးပါတီများသို့ သင်တန်းပေးခြင်း<br>- မြန်မာနိုင်ငံရှိ ဥရောပသမဂ္ဂအဖွဲ့နှင့် ၂ကြိမ်တွေ့ဆုံခြင်း၊ ဘရပ်ဆဲလ်မှ ဧည့်သည် အဖွဲ့နှင့်တွေ့ဆုံကာ မြေယာကိစ္စများအခြေအနေ နှင့် လူ့အခွင့်အရေးဆက်စပ်ပုံကို ရှင်းပြခြင်း<br>- ရန်ကုန်နှင့် မန္တလေးတွင် ကျင်းပသော အစည်းအဝေးများတွင် ဓလေ့ထုံးတမ်းဆိုင် ရာ မြေအသုံးချမှုကို တင်ပြခြင်း၊ Transtional Institute / Land in our Hands အလုပ်ရုံ ဆွေးနွေးပွဲများတွင် သတင်းအချက်အလက်ပေးခြင်း |

| | |
|---|---|
| အကြောင်းအရာ။<br>**ကျေးလက်မြေယာလက်လှမ်းမီမှုနှင့် မြေယာပိုင်ဆိုင်မှု အာမခံတို့ကို နက်နဲစွာ သိမြင်ခြင်း**<br><br>LIFT IP။ **GRET**<br><br>ပူးပေါင်းသူ။ **LCG, WHH** | မြေယာလက်လှမ်းမီမှုနှင့် မြေယာပိုင်ဆိုင်မှုအားမခံကိစ္စတို့ကို အာရုံစိုက်ပြုစုထားသော GRET၏ *'မြန်မာနိုင်ငံ၏ မူဝါဒဆွေးနွေးပွဲတွင် ပါဝင်ဆောင်ရွက်ရန်အတွက် ကျေးလက်မြေယာကိစ္စရပ်များကို နားလည်ခြင်း'* ဟူသော အစီရင်ခံစာတွင် မြေယာလက်လှမ်းမီမှု အမျိုးမျိုး၊ မြေယာဈေးကွက်၊ မြေယာပိုင်ဆိုင်မှုအာမခံ၊ အပူပိုင်းဇုန်နှင့် မြစ်ဝကျွန်းပေါ် ဒေသတို့တွင် မြေယာပိုင်ဆိုင်မှုလုပ်ငန်းစဉ် စသည်တို့ကို ဖော်ထုတ်ထားသည်။ ဤဒေသ နှစ်ခုအတွက် သုတေသနအစီရင်ခံစာ၏ နောက်ဆုံးမူကြမ်းကို ပြုစုပြီး ဖြစ်သည်။ ထို့အတူ ရန်ကုန်(ထန်းတပင်မြို့နယ်) ချင်းပြည်နယ်(ဟားခါးမြို့နယ်)တို့အတွက်လည်း ဆောင်ရွက်နေသည်။<br><br>*'မြန်မာ့မြေယာသတင်းလွှာ'* သတင်းစာစောင် ၅စောင်ကိုလည်း ထုတ်ဝေထားပြီး မြန်မာနိုင်ငံနှင့် မဟာမဲခေါင်နယ်မြေမှ ပတ်သက်ဆက်နွယ်သူများထံသို့ ဖြန့်ဝေထားသည်။ |
| အကြောင်းအရာ။<br>**အမျိုးသားအဆင့် မြေယာစီမံခန့်ခွဲမှု စွမ်းရည်ကို အားဖြည့်ပေးခြင်း**<br><br>LIFT IP။ **UN-Habitat**<br><br>ပူးပေါင်းသူ။<br>**လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန(DALMS)** | UN-Habitat၏ စီမံချက်၏ရည်ရွယ်ချက်မှာ ၂၀၁၂ခုနှစ် မြေယာဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ရာတွင် ထောက်ပံ့ရန်ဖြစ်သည်။ DALMS၏ စွမ်းဆောင်ရည် တည်ဆောက်ရာတွင် အထောက်အကူပြုမည်ဖြစ်ပြီး စိတ်ချရသော ပိုင်ဆိုင်မှု သတင်းအချက်အလက်များ နောက်ဆုံးထုတ်မြေပုံများဖြင့် မြေယာစီမံခန့်ခွဲရေးစနစ်ကို ယင်းဦးစီးဌာနက ထူထောင်နိုင်စေရန်ဖြစ်သည်။<br><br>၂၀၁၅ခုနှစ်တွင် ကွင်းမြေပုံများကို ခေတ်မီအောင် မြင်းခြံနှင့် သာယာဝတီမြို့နယ်တို့တွင် ရှေ့ပြေးစီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည်။ တစ်နိုင်ငံလုံးတွင် မြေပုံများ ခေတ်မီအောင် နောင်အခါ ဆောင်ရွက်လျှင် ဤအတွေ့အကြုံကို သုံးနိုင်မည် ဖြစ်သည်။ |

| **အာဟာရ** | |
|---|---|
| အကြောင်းအရာ။<br>**ပင်မအစားအစာများမှ တစ်ဆင့် အဏုအာဟာရများကို ပိုမို လက်လှမ်းမီ စေခြင်း/ အားဖြည့်ဆန် မူဝါဒ ရေးဆွဲခြင်း**<br><br>LIFT IP။ **PATH**<br><br>ပူးပေါင်းသူများ။<br>**အမျိုးသားအဟာရ သုတေသန ဌာန(NNC)၊ အစား အသောက်နှင့်ဆေးဝါး ကွပ်ကဲရေး ဦးစီဌာ၊ PSI/ National Development Intiative Consulting Group, Myanmar Business Development Consultancy** | PATH၏ *'မြန်မာ့အားဖြည့်ဆန်စီမံချက်'*သည် မြန်မာလူဦးရေတစ်ရပ်လုံးသို့ အားဖြည့် ဆန်ကို မိတ်ဆက်ပေးရန်နှင့် စီးပွားရေးဖြစ်ထွန်းစေရန် ရည်ရွယ်သည်။ ယင်းသည် *'အစာ အာဟာရဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်'* ၂၀၁၁-၂၀၁၅ကို အကောင်အထည်ဖော်ရာတွင် ထောက်ပံ့ခဲ့သည်။ ယင်းတွင် မြန်မာနိုင်ငံတွင် အဏု အာဟာရများ ချို့တဲ့မှုကို ကိုင်တွယ်မည့် အားဖြည့်အစားအစာ စီမံချက်များတို့ ဖော်ထုတ်ထားသည်။<br><br>ဤစီမံချက်၏ပင်တိုင်ဌာနမှာ အမျိုးသားအာဟာရ သုတေသနဌာန(NNC)ဖြစ်သည်။ ဤစီမံချက်သည် အားဖြည့်ဆန်ကို စားသုံးသူများက တိုက်ရိုက်ဝယ်ယူရန် သာမက၊ အစိုးရနှင့် NGOတို့က ထောက်ပံ့နေသော လက်ရှိ အစာနှင့် အာဟာရအစီအစဉ်များက ဖြန့်ဖြူးရန်ကိုပါ ဆော်သြလျက်ရှိသည်။<br><br>ထိုသို့ဆောင်ရွက်ရန် PATHသည်_<br><br>-ထောက်ပံ့ရေးကွင်းဆက်တစ်ခုနှင့် ဖြန့်ချိရေးလမ်းကြောင်းတစ်ခုကို တည်ဆောက်နေသည်။ ယင်းသည်-<br><br>- PATH၏ UltraRiceနည်းပညာကို ရွေးချယ်ထားသော အစားအစာ ထုတ်လုပ်သူတို့ကို လွှဲပြောင်းပေးမည်။ ယင်းတို့က အားဖြည့်စပါးများကို ထုတ်လုပ်ပြီး ဆန်စက်ပိုင်ရှင်များသို့ ရောင်းမည်။<br>- ဆန်စက်ပိုင်ရှင်များ၊ ကုန်သည်များ၊ လက်လီရောင်းချသူများ ဝင်ငွေတိုးစေရန် တန်ဖိုးမြင့်ထုတ်ကုန်ဈေးကွက်ဝေစု ပို၍ ရလာစေရန် လမ်းခင်းပေးမည်။<br>- PSIနှင့်အတူပူးပေါင်းကာ မြန်မာ့စားသုံးသူများအတွက် အသစ်အဆန်းဖြစ်နေသော အားဖြည့်ဆန်ကို လူထု၏ဝယ်လိုအား ရှိလာစေရန် လူထုတွင်း ဈေးကွက်တင်ပေးမည့် လုပ်ငန်းများကို ဆောင်ရွက်မည်။<br>- ဆန်ကို အားဖြည့်ရေးလုပ်ငန်းအဖွဲ့ကို ထူထောင်ကာ မူဝါဒဆိုင်ရာတွင် ဖြစ်ထွန်းစေရန် ဆောင်ရွက်မည်။ |

| | |
|---|---|
| | ၂၀၁၅ခုနှစ်အတွင်းတွင် Gold Powerသည် ဩဂုတ်လတွင် စပါးများကို အားဖြည့်ပေးပြီး၊ ဆန်စက်ပိုင်ရှင်တို့က ၂၀၁၅ခုနှစ်နောက်ဆုံးသုံးလပတ်တွင် အားဖြည့်ဆန်များကို ထုတ်လုပ်ခဲ့ကြသည်။ ယင်းဆန်များကို ၂၀၁၆ခုနှစ်တွင် စတင်ရောင်းချရန် စီမံထားပြီး လူထုထံသို့ ရောက်စေရန် မိမိဆန္ဒအလျောက် ထုတ်လုပ်သူ လက်လီ ဖြန့်ချီသူများကို ရှာဖွေနေသည်။ ထို့ပြင် အခြား ဖွံ့ဖြိုးရေး ဆောင်ရွက်သူတို့ထံမှ ဝယ်လိုအားကိုလည်း ရှာဖွေနေသည်။ WFPသည် ပြည်တွင်းတွင် ထုတ်လုပ်သော အားဖြည့်ဆန်ကို HIV/AIDSနှင့် TBရောဂါသည်များကို ၂၀၁၆ခုနှစ်တွင် ဖြန့်ဖြူးရန် ဆန္ဒရှိကြောင်း ပြောပြသည်။ PATHသည် NNCနှင့်အတူ ပူးပေါင်းကာ ဆန်ကို အားဖြည့်ရေးလုပ်ငန်းအဖွဲ့အား တရားဝင်ဖြစ်စေရန် ကုလသမဂ္ဂ အဖွဲ့များ၊ NGOများ၊ CSOများနှင့်အတူ ဆောင်ရွက်နေသည်။ ယင်းသည် ဆန်ကို အားဖြည့်ရေးဆိုင်ရာ အမျိုးသားမူဝါဒတစ်ခုအား ရေးသားပြုစုနေသည်။ ပထမမူကြမ်းတွင် ဓာတုပေါင်းစပ်မှုနှင့် အရည်အသွေးထိန်းချုပ်မှု လုပ်ငန်းစဉ်များ ပါဝင်ရာ ယင်းကို ရေးဆွဲ၍ ပြီးစီးလုပြီ ဖြစ်သည်။ |

| ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်း | |
|---|---|
| အကြောင်းအရာ။<br>**အမျိုးသားစိုက်ပျိုးရေး လုပ်ငန်းစီမံချက် ရေးဆွဲခြင်း**<br><br>LIFT IP။ **FAO**<br><br>ပူးပေါင်းသူ။<br>**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန** | နိုင်ငံတော်အစိုးရက *'ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအမျိုးသား အဆင့်မဟာဗျူဟာ'*၏ စိုက်ပျိုးရေးကဏ္ဍအဖြစ် *'အမျိုးသားအဆင့် စိုက်ပျိုးရေးလုပ်ငန်းစီမံချက်'* (NAPA)ကို ရေးဆွဲရန်အတွက် နည်းပညာအထောက်အပံ့ ပေးရန် FAOကို တောင်းခံလာရာ LIFTက FAOအား ထိုသို့ဆောင်ရွက်ရန် ရန်ပုံငွေထောက်ပံ့ခဲ့သည်။ FAOသည် ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ MOAIနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန တို့ထံမှ သတင်းအချက်အလက်များကို အသုံးပြုကာ အကောင်အထည် ဖော်ခဲ့သည်။<br><br>ဤစီမံချက်တွင် အဆင့်၂ဆင့် ပါဝင်သည်_<br><br>-စိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးစေခြင်းဖြင့် ဆင်းရဲမှုကို လျှော့ချရာတွင် ကိုင်တွယ်ရမည့် အဓိကကိစ္စများကို ဖော်ထုတ်ရန် စိုက်ပျိုးရေးကဏ္ဍကို ကျယ်ပြန့်စွာ သုံးသပ်ပေးခြင်း<br><br>-အဆင့်၁တွင် ဖော်ထုတ်ခဲ့သော ကိစ္စရပ်များကို ထိရောက်စွာ မည်သို့ ကိုင်တွယ်နိုင်မည်ကို လမ်းညွှန်ခြင်း<br><br>အဆင့်၁အတွက် သီးနှံ၊ မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် မြေဆီလွှာ စီမံခန့်ခွဲမှု၊ ငါးလုပ်ငန်း၊ သစ်တော၊ ကမ်းရိုးတန်းဒေသ စီမံခန့်ခွဲမှု၊ ကျေးလက်သမဝါယမ၊ ကျေးလက် အလုပ်အကိုင် ရရှိရေး၊ ကျေးလက် ငွေရေးကြေးရေး၊ မြေယာလုပ်ပိုင်ခွင့်၊ ဈေးကွက်တင်ရေးနှင့် ကုန်သွယ်ရေး၊ ရိတ်သိမ်းချိန်လွန်နှင့် စိုက်ပျိုးအခြေခံလုပ်ငန်း၊ ကျားမရေးရာနှင့် လူမှုရေး တွင် အားလုံးပါဝင်စေမှုဟူသော အကြောင်းအရာ ၁၃ခုကို လေ့လာခဲ့သည်။ (ယင်းကို သီးနှံ၊ သစ်တော၊ မွေးမြူရေး၊ ငါးလုပ်ငန်းကဏ္ဍများဖြင့် ပေါင်းစပ်မည်) ဤ လေ့လာချက် များကို သုံးသပ်ကာ ပေါင်းစပ်ပြီး မူကြမ်းတစ်စောင်ကို ပြုစု ခဲ့သည်။ တိုင်ပင်ဆွေးနွေးပွဲများ ပြုလုပ်ပြီး ဝန်ကြီးဌာနသုံးခုနှင့်အတူ မြို့နယ်၊ တိုင်း/ ပြည်နယ်၊ နိုင်ငံတော်အဆင့်တို့ တွင် အမျိုးသားအဆင့်အတိုင်ပင်ခံ ညီလာခံတစ်ခုကိုလည်း ကျင်းပခဲ့သည်။ |
| အကြောင်းအရာ။<br>**ပြည်နယ်အဆင့်တွင် ငါးလုပ်ငန်းကို ပူးတွဲ စီမံခန့်ခွဲခြင်း**<br><br>LIFT IP။ **OxfamGB**<br><br>ပူးပေါင်းသူ။<br>**ရခိုင်ပြည်နယ်အစိုးရ၊ MoLFRD၊ IRC၊ BLO၊ CARE၊ Save the Children၊ ရခိုင်သဟာရ ကဲ့သို့သော CSOများ** | မူလက LIFTသည် တက်လမ်းမိတ်ဖက်များကို ငွေထောက်ပံ့ပြီး *၂၀၁၄ခုနှစ် ရခိုင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေ* ရေးဆွဲရာတွင် နည်းပညာအထောက်အပံ့ပေးကာ ဥပဒေတွင် ရပ်ရွာအခြေပြု ငါးလုပ်ငန်း ပူးတွဲစီမံခန့်ခွဲမှုကို ပါဝင်စေရန် ဆောင်ရွက်ခဲ့သည်။ ၂၀၁၅ခုနှစ်တွင်လည်း Oxfam GBသည် ယင်းဥပဒေကို အကောင်အထည်ဖော်ရာတွင် လိုအပ်မည့် နည်းဥပဒေများ ရေးဆွဲရေးအတွက် ရခိုင်ပြည်နယ်အစိုးရကို ဆက်လက် ထောက်ပံ့ပေးနေခဲ့သည်။ ရခိုင်ငါးလုပ်ငန်း မိတ်ဖက်စင်မြင့် မှတစ်ဆင့် Oxfam GBသည် ရခိုင်သဟာရအသင်းကဲ့သို့သော CSOများနှင့်အတူ ရခိုင်အစိုးရက နည်းဥပဒေများ ရေးဆွဲရာတွင် ပူးပေါင်းလျက်ရှိသည်။ ထို့ကြောင့် နည်းဥပဒေနှစ်စောင်ကို ရေးဆွဲကာ အတည်ပြုပြီးဖြစ်သည်။ တတိယတစ်စောင်ကို ပြည်နယ်အစိုးရနှင့် တိုင်ပင်ဆွေးနွေးနေ သည်။ |

| | |
|---|---|
| အကြောင်းအရာ။ **ကျေးလက်ဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင် ကို အသက်သွင်းခြင်း**<br><br>LIFT IP။ **LIFT ကိုယ်တိုင်**<br><br>ပူးပေါင်းသူ။ **MoLFRD** | LIFTသည် DRDကို ပြည့်စုံသော စွမ်းဆောင်ရည်တည်ဆောက်မှု ၄နှစ်စီမံကိန်း(Comprehensive Capacity Development Plan - CCDP)ကို ရေးဆွဲရာတွင်လည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်းကိုလည်း ကျင့်သုံးရန်လည်းကောင်း ပံ့ပိုးခဲ့သည်။ မြန်မာနိုင်ငံတွင် ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် လမ်းညွှန်ဖြစ်သည်ဟု အစိုးရက အတည်ပြုပေးခဲ့သော ကျေးလက်ဒေသ ဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို အကောင်အထည်ဖော်ရာတွင် ယင်းလည်း ပါဝင်သည် ဟု အစိုးရက ယူဆသည်။<br><br>နိုင်ငံတကာနှင့်ပြည်တွင်းမှ ကျေးလက်ဖွံ့ဖြိုးရေးကျွမ်းကျင်သူတစ်ဦးစီတို့သည် DRDတွင် ရုံးထိုင်ကာ ဝန်ထမ်းများနှင့်အတူ ၂၀၁၄ခုနှစ်က DRDရေးဆွဲရာတွင် ကူညီခဲ့သော CCDPကို အပြီးသတ်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။<br><br>ထို့ပြင် CCDP၏ ဦးစားပေးစီမံချက်ဖြစ်သော အမျိုးသားအဆင့် ကျေးလက်ဖွံ့ဖြိုးရေး စီမံချက်ပုံစံကို ရေးဆွဲရန် DRD၊ အခြားCSOများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိ ကြသည်။<br><br>အထက်ကဖော်ပြခဲ့သော ကျွမ်းကျင်သူများဦးဆောင်သည့် LIFTအဖွဲ့သည် DRDကို ကျွမ်းကျင်မှုတည်ဆောက်ရေးတွင် ထောက်ပံ့လျက်ရှိသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲရန် ရပ်ရွာလူထုဝန်ထမ်းတို့နှင့်အတူ အလုပ်ဆွေးနွေးပွဲများ ပြုလုပ်ပေးခဲ့သည်။<br><br>LIFTအဖွဲ့သည် ကျေးရွာ၁၇၀သို့ ကွင်းဆင်းကာ ယင်းရွာတို့၏ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင် နည်းပညာ အထောက်အကူများ ပေးအပ်ခဲ့သည်။<br><br>LIFTအဖွဲ့သည် DRDအမှုဆောင်ကော်မတီနှင့်အတူ ရှေ့ပြေးလုပ်ငန်းမှ အတွေ့အကြုံများကို အခြေခံကာ ၃၀၅မြို့နယ်ရှိ ကျေးရွာ ၆၃,၈၈၉ရွာ တွင် ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲခြင်းလုပ်ငန်းကို တိုးချဲ့ရန် မဟာဗျူဟာ တစ်ရပ်ကို ရေးဆွဲခဲ့သည်။ |

| **လူမှုကာကွယ်စောင့်ရှောက်ရေး** | |
|---|---|
| အကြောင်းအရာ။ **လူမှုကာကွယ် စောင့်ရှောက်ရေးမူဝါဒရေး ဆွဲရန် ဒေသခံ အထောက်အထား ဖော်ထုတ်ခြင်း**<br>LIFT IP။ **SPPRG**<br><br>ပူးပေါင်းသူ။ **DRD, FAO, DSW, ActionAid, Leprosy Mission Myanmar** | လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ဆင်းရဲမှုလျော့ပါးရေးအတွက် အထောက်အထား အခြေအမြစ်ကို အားဖြည့်ရန် SPPRG၏ *အားလုံးပါဝင်သော အသက်မွေးမှုနှင့် လူမှုကာ ကွယ်စောင့်ရှောက်မှု သုတေသနစီမံချက်က 'ကျေးလက်ဒေသရှိ ဆင်းရဲမှု၊ ထိခိုက်လွယ် မှု၊ လူမှုကာကွယ်စောင့်ရှောက်ရေး အတိုင်းအတာများ'* စာတမ်းကို ၂၀၁၅ခုနှစ်တွင် DRD၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထုတ်ဝေခဲ့ရာ ယင်းကို FAOက အချို့တဝက် ငွေကြေးထောက်ပံ့ခဲ့သည်။ ယင်းအစီရင်ခံစာတွင် ပြည်နယ်/တိုင်းအသီးသီးမှ အိမ်ထောင်စု ၂၂,၀၀၀ ထံမှ သက်သေခံအထောက်အထားများကို စုစည်းဖော်ပြထားသည်။<br><br>ချင်း၊ စစ်ကိုင်း၊ ဧရာဝတီဟူသော ပြည်နယ်/တိုင်း၃ခုမှ လူ၁၆၀ဦးကို တွေ့ဆုံမေးမြန်းထားသော ဆင်းရဲမှု ကြွေးမြီဆိုင်ရာ တွေ့ရှိချက်များတို့လည်း ယင်းတွင်ပါဝင်သည်။ ထို့ပြင် ဆင်းရဲမှုလျှော့ချရန် ထောက်ခံတင်ပြချက် ၁၀ချက်ကိုလည်း ပါဝင်သေးသည်။ ၂၀၁၅ခုနှစ် ဒီဇင်ဘာလတွင် ယင်းကို အွန်လိုင်းမှ ထုတ်ဝေထားပြီး မူဝါဒအနှစ်ချုပ်အဖြစ် ပြုစုကာ သမ္မတရုံးသို့လည်း ပေးပို့ထားသည်။ |

| | |
|---|---|
| အကြောင်းအရာ။ **လူမှုကာကွယ်စောင့်ရှောက်ရေးမူဝါဒ ရေးဆွဲအကောင်အထည်ဖော်ရာတွင် အစိုးရကို လုပ်ဆောင်နိုင်စွမ်းကို အားကောင်းစေခြင်း**<br><br>LIFT IP။ **HelpAge**<br><br>ပူးပေါင်းသူ။ **လူမှုဝန်ထမ်းဦးစီးဌာန** | *လူမှုကာကွယ်စောင့်ရှောက်ရေးကို တိုးချဲ့ရာတွင် ကောင်းစွာဆောင်ရွက်နိုင်ရန် လူမှုဝန်ထမ်းဝန်ကြီးဌာနကို အားဖြည့်ပေးရေးစီမံချက်*မှတစ်ဆင့် HelpAgeသည် ယင်းဝန်ကြီးဌာနကို အားဖြည့်ထောက်ပံ့ခဲ့သည်။ ယင်းသည် *လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်*ကို ဦးဆောင်ရေးသားလျက် ရှိပြီး HelpAgeသည် ယင်းစီမံချက်ကို လုပ်ဆောင်ချက်အဖြစ် ပြောင်းလဲရန် ၂၀၁၅ခုနှစ်တွင် အားထုတ်ခဲ့သည်။ ဝန်ကြီးဌာန သည် အစိုးရထံမှ ဘတ်ဂျက်တောင်းခံခဲ့သော်လည်း တိုးတက်မှုမရှိလှပေ။ ထို့ကြောင့် ဤ စီမံချက်ကို နိုင်ငံတစ်ဝန်းလုံးတွင် အကောင်အထည်မဖော်ရသေးပေ။<br><br>၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်တွင် လူမှုရေးပင်စင်စီမံကိန်းအဖြစ် တစ်ကြိမ်တည်းဘတ်ဂျက် ကျပ်သန်း၅၀၀ကို ချပေးခဲ့သည်။ ယင်းဘတ်ဂျက်ကို အသက်၉၀နှင့်အထက် လူ ၂၃,၈၇၉ဦး တို့ကို တစ်ကြိမ်တည်းပေးငွေ အဖြစ် ဝန်ကြီးဌာနက သုံးခဲ့သည်။ ယင်းသို့ ထုတ်ပေးနိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနကို ဤစီမံချက်က အသက်၉၀နှင့်အထက်အတွက် လူဦးရေဆိုင်ရာ ဒေတာဘေ့စ်ကို ပြုစုပေးခဲ့သည်။ |
| | အစိုးရသည် ၂၀၁၅ခုနှစ် ရေဘေးသင့် အိမ်ထောင်စုများသို့လည်း ငွေကျပ် ၃၁သန်း ထောက်ပံ့ခဲ့သည်။ ဒုဝန်ကြီး၏ တောင်းခံချက်အရ ဤစီမံချက်သည် ငွေထုတ်ပေးရေး ဆိုင်ရာ လမ်းညွှန်ချက်များနှင့် သက်ကြီးရွယ်အိုများကို စောင့်ရှောက်ရေးဆိုင်ရာ သင်ကြားရေး စာရွက်စာတမ်းများကိုလည်း ပေးခဲ့သည်။<br><br>အစိုးရဘတ်ဂျက်မှ မဟုတ်ဘဲ LIFTထောက်ပံ့ငွေဖြင့် မြို့နယ်၂ခု(ကချင်ပြည်နယ် မိုးကောင်းမြို့နယ်နှင့် ဧရာဝတီတိုင်း ဖျာပုံမြို့နယ်)တို့တွင် ကလေးများ၊ ကိုယ်ဝန်ဆောင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများတို့ကို တစ်နှစ်တာ ရှေ့ပြေးငွေထောက်ပံ့ရန် ဤစီမံချက်နှင့် ဝန်ကြီးဌာနတို့က ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်နိုင်ရန် ဝန်ကြီး ဌာနမှ ဝန်ထမ်းတို့ကို ဤစီမံချက်က သင်တန်းပေးခဲ့သည်။ နောင်တွင် တစ်နိုင်ငံလုံးသို့ တိုးချဲ့အကောင်အထည်ဖော်ရာတွင် ရှေ့ပြေးအတွေ့အကြုံတို့ကို အသုံးပြုနိုင်မည် ဖြစ်သည်။<br><br>လူမှုကာကွယ်စောင့်ရှောက်ရေးဥပဒေနှင့်ပတ်သက်၍ ဤစီမံချက်သည် *သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ* ရေးဆွဲရာတွင် နည်းပညာရော ငွေကြေးပါ ထောက်ပံ့ခဲ့သည်။ ယင်း ဥပဒေကို ဆွေးနွေးတိုင်ပင်မှုများ အကြိမ်ကြိမ်ပြုလုပ်ပြီး၊ လွှတ်တော်သို့ မတင်သွင်းမီ အပြီးသတ်ဥပဒေရေးရာ သုံးသပ်ချက်ကို ပြုလုပ်နေပြီဖြစ်သည်။ |

# နောက်ဆက်တွဲ ၇။ ၂၀၁၅ခုနှစ်တွင် တင်ပြခဲ့သော LIFT၏ လေ့လာမှုများ

| စဉ် | အမည် နှင့် ပြုစုသူ | |
|---|---|---|
| ၁ | **LIFT၂၀၁၄-၁၅ အိမ်ထောင်စု အညွှန်းပြစစ်တမ်း**<br><br>Myanmar Marketing Research and Development (MMRD) | **တာဝန်။** LIFTသည် အိမ်ထောင်စုစစ်တမ်းအပြည့်ကို နှစ်နှစ်တစ်ကြိမ် ကောက်ယူသည်။ ၂၀၁၃ခုနှစ်တွင် နောက်ဆုံးကောက်ယူခဲ့သည်။ သို့သော် ၂၀၁၄ခုနှစ်အတွက် ယုတ္တိဗေဒ မူဘောင် အထမြောက်မှု ကိန်းဂဏန်းကို ရရှိရန် ၂၀၁၃ခုနှစ် အိမ်ထောင်စုစစ်တမ်းကို အလျှာလိုက် အညွှန်းပြလေ့လာမှုကို ၂၀၁၄ခုနှစ် နှောင်းပိုင်းတွင် ဆောင်ရွက်ခဲ့သည်။<br><br>**နည်းလမ်း။** အရည်အသွေးဆိုင်ရာမေးခွန်းလွှာကို ၂၀၁၃ခုနှစ်စစ်တမ်းတွင် တွေ့ဆုံခဲ့သော အကျိုးခံစားရသူ အိမ်ထောင်စု ၃,၂၀၀၏ ၂၅ရာခိုင်နှုန်းကို ကျပန်းနမူနာ ကောက်ယူခဲ့သည်။ ထောက်ပံ့ခံ ၃၆ရွာနှင့် စီမံချက်ပြင်ပ အလားတူ ၁၂ရွာတို့မှ အိမ်ထောင်စု၁၆စုစီကို မေးမြန်းခဲ့သဖြင့် စုစုပေါင်း အိမ်ထောင်စု ၇၈၄စု (ထောက်ပံ့ခံအိမ်ထောင်စု ၅၇၆စု ၊  စီမံချက်ပြင်ပ အလားတူရွာများမှ ၂၀၈စု) ဖြစ်သည်။ ဝင်ငွေ၊ သီးထွက်၊ ရိက္ခာအမည်စုံစားသုံးမှု၊ ရိက္ခာဖူလုံမှု ဟူသော အညွှန်းများဖြင့် စီမံကိန်း၏ သက်ရောက်မှုကို တိုင်းတာသည်။<br><br>**အဓိကတွေ့ရှိချက်။** စစ်တမ်းမှ တွေ့ရှိချက်များနှင့် တာဝန်အဆင့် အကျိုးအညွှန်းများကို တိုက်ကြည့်ပါက ၂၀၁၃ခုနှစ်နှင့် ၂၀၁၄ခုနှစ်တို့ကြားတွင် သိသာသော တိုးတက်မှုအချို့ရှိကြောင်း တွေ့ရသည်။ ဥပမာအချို့ကို ဖော်ပြရလျှင် ဝင်ငွေအမြင့်ရရှိသည့်အုပ်စု (၂၀၁၅ခုနှစ် ဇန်နဝါရီလ စပါးပေါ်ချိန် အပြီးတွင် ကျပ် ၁၅၀,၀၀၀နှင့်အထက်)၏ လစဉ် ဝင်ငွေမှာ တိုးလာသည်။ HDDS ရမှတ်ကောင်းလာသည်။ လယ်ထွန်စက်၊ သီးနှံ သိုလှောင်သည့် ဆိုင် စသည့် စက်ကိရိယာများကို သုံးစွဲ သို့မဟုတ် လက်လှမ်းမီသည့် အိမ်ထောင်စု များလာသည်။ ၂၀၁၄ခုနှစ်တွင် ရိက္ခာပြတ်လပ်မှုမှာ LIFTရွာများ ရော စီမံချက်ပြင်ပ အလားတူရွာများတွင်ပါ တိုးလာသော်လည်း စီမံချက်ပြင်ပ အလားတူရွာများတွင် ပို၍ နှုန်းမြင့်သည်။ ရိက္ခာပြတ်လပ်မှုကို နှိုင်းယှဉ်ပါက ဝင်ငွေအုပ်စု၂စုရှိ အိမ်ထောင်စုများ(ဝင်ငွေ နိမ့်= ကျပ်၁၅၀,၀၀၀အောက်၊ ဝင်ငွေမြင့်= ကျပ်၁၅၀,၀၀၀နှင့်အထက်) အနက် LIFT ကျေးရွာများ၏ ၈၀ရာခိုင်နှုန်းနှင့် စီမံချက်ပြင်ပ အလားတူရွာများ၏ ၉၀ရာခိုင်နှုန်းသော ရိက္ခာပြတ်လပ်သူတို့မှာ ၂၀၁၄ခုနှစ်က ဝင်ငွေနိမ့်သော အိမ်ထောင်စုများမှ ဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် နောင်တွင် ဝင်ငွေနိမ့်သော အုပ်စုကို LIFTပို၍ အာရုံစိုက်ကာ ထောက်ပံ့သင့်ပေသည်။ LIFT၏လုပ်ဆောင်ချက်များကြောင့် အကျိုးထိရောက်မှုရှိနေသည်မှာ ရှင်းလင်းသော်လည်း ထိခိုက်လွယ်မှုမှာ များစွာရှိနေပေသေးသည်။ |

| | | |
|---|---|---|
| ၂ | **အသေးစား ငွေရေးကြေးရေး ၏ သက်ရောက်မှု ကို ပဏာမ အရည်အသွေး ဆန်းစစ်ခြင်း**<br><br>ဂျုံးဟောလ် | **တာဝန်။** ဘဏ္ဍာရေးဝန်ကြီးဌာန၊ အလှူရှင်များ၊ အသေးစားငွေရေးကြေးရေးဝန်ဆောင် သူများ အတွက် ဝန်ကြီးဌာန၏ တောင်းခံချက်အရ LIFT၏ အထောက်အပံ့ခံ MFIများ ၂၀၁၂ခုနှစ်တွင် လုပ်ငန်းလိုင်စင်ရလာသော အခြားMFIများ၏ အသေးစားငွေရေး ကြေးရေး ဝန်ဆောင်မှုများကို ဆန်းစစ်ကာ ယင်းတို့၏ ဝန်ဆောင်မှုသုံးသူများသို့ သက်ရောက်မှုကို ဖော်ထုတ်ပြီး ဝင်ငွေနိမ့်အိမ်ထောင်စုများသို့ ထောက်ပံ့နေသော အသေးစားငွေရေးကြေးရေး ဝန်ဆောင်သူများ ကြုံတွေ့နေရသောကိစ္စများ၊ စိန်ခေါ်မှု များကို နားလည်စေရန်၊ အသေးစား ငွေရေးကြေးရေးဈေးကွက် ဖွံ့ဖြိုးရေးအတွက် ထောက်ခံတင်ပြချက်များကို ပေးအပ်ရန် ဖြစ်သည်။<br><br>**နည်းလမ်း။** အမှုတွဲအလိုက် လေ့လာနည်း<br><br>**အဓိကတွေ့ရှိချက်များ။** (၁) အသေးစားငွေရေးကြေးရေးကြောင့် ချေးငွေကို သက်သက်သာသာ လက်လှမ်းမီလာသောကြောင့် MFIများကို လူတို့နှစ်သက်လာခြင်းဖြစ်သည်။ (၂) ဝန်ဆောင်မှု အသုံးပြုသူ အများစု (အဆင်းရဲဆုံးသူများမပါဝင်)အဖို့ အခြား ချေးငွေတစ်မျိုးမျိုး (ပြင်ပငွေချေးသူ များ၊ လက်ကားကုန်သည်၊ ပစ္စည်းသွင်းသူ)ကို လက်လှမ်းမီကြသော်လည်း အသေးစား ငွေရေးကြေးရေးချေးငွေများက ပို၍ သက်သာသည်။ ဤချေးငွေများကို လက်လှမ်းမီကြသဖြင့် အသုံးပြုသူများအဖို့ ရင်းနှီးငွေမှ ပို၍ အကျိုးအမြတ်ရရှိသည်။ (၃) အသေးစားငွေကြေးချေးငွေတို့ကို အဓိကအားဖြင့် ဝင်ငွေရလမ်းတွင် အသုံးပြုကြသည်မှာလည်း သင့်လျော်သည်။ ဤချေးငွေအားဖြင့် မိမိတို့၏လုပ်ငန်းတွင် ပို၍မြှုပ်နှံနိုင်သည်။ အမြတ်ရမည့် ရောင်းကုန်တို့ကို ဝယ်နိုင်သည်။ ကုန်ထုတ်တိုးစေမည့် စက်ကိရိယာတို့ကို ဝယ်နိုင်သည်။ သယ်ပို့စရိတ်ကို ကျခံနိုင်သည်။ (၄) ဝန်ဆောင်မှုအသုံးပြုသူ အများစုမှာ ချေးငွေအခြေအနေကို ကျေနပ်ကြသည်၊ အတိုးနှုန်း သက်သာသည်၊ ချေးငွေအမျိုးအစား များပြားသည်၊ အရစ်ကျ ငွေပေးသွင်းနိုင်သည်၊ စိုက်ပျိုးရေးချေးငွေ ၏အရင်းကို ချေးယူချိန်အဆုံးတွင်မှ တလုံးတခဲတည်းဆပ်နိုင်သည်၊ အပေါင်ပစ္စည်း မလိုအပ် ဤအချက်တို့မှာ ဤချေးငွေ၏ အားသာချက်ဟု ထုတ်ပြောကြသည်။ (၅) စီးပွားရေးသက်ရောက်မှုမှာ အောက်ပါတို့ ဖြစ်ကြသည်- အမြတ်နှင့်ဝင်ငွေ တိုးလာခြင်း၊ လုပ်ငန်းသစ်များ ချဲ့ထွင်နိုင်ခြင်း၊ အကျိုးအမြတ်ပိုရမည့် ကုန်များကို ထုတ်လုပ်နိုင်ခြင်း၊ လုပ်ငန်း ချဲနိုင်ခြင်း(ရောင်းကုန်အမျိုးအမည်၊နေရာ)၊အကျိုးရှိသည့် စီးပွားရေး ပိုင်ဆိုင်မှု တိုးလာခြင်း၊ (၆) စီးပွားရေးမဟုတ်သော အခြားအကျိုးသက်ရောက်မှုများလည်း ရှိသေးသည်။ အိမ်ပြင်ကြောင်းကို အများဆုံးကြားသိရပြီး လုပ်ငန်းအမြတ်ဖြင့် ဆောင်ရွက်ခြင်း ဖြစ်သည်။ ပြင်ပငွေချေးသူများထံမှ ငွေချေးရခြင်းမျိုး မရှိတော့ဟု ထပ်တလဲလဲကြားရသည်။ ယင်းတို့ထက် MFIများကို ပို၍သဘောကျသည်မှာ ထင်ရှားသည်။ (၇) အားနည်းချက်နှင့် ပတ်သက်၍ ချေးငွေမလည်ပတ်မီ စောစောပိုင်းတွင် အကြိမ်ကြိမ်ပေးဆပ်ရန်ရှိသဖြင့် အလုပ်ပိုလုပ်ရသည်။ တစ်ခါတစ်ရံ လုပ်ငန်းမှ အမြတ်မပေါ်မီ အချိန်တွင် ပေးအပ်ရသည်။ အထူးသဖြင့် အမြတ်ပေါ်အောင် လနှင့်ချီ၍ကြာသော စိုက်ပျိုးရေး မွေးမြူရေးတို့ တွင် ရင်းနှီးရလျှင် ဖြစ်သည်။ စိုက်ပျိုးရေးချေးငွေကို တစ်လုံးတစ်ခဲတည်းဆပ်ရခြင်းကို ပို၍ နှစ်သက်ကြသည်။ ဤကိစ္စကို ဖြေလျှော့ပေးသောကြောင့် ဖြစ်သည်။ တစ်ခါတစ်ရံ စီးပွားရေးဆုံးရှုံးသဖြင့် နေ့စားလုပ်ရန် လိုအပ်လာတတ်သည်။ |
| ၃ | **မြန်မာ့လယ်ယာ ထုတ်ကုန် စီးပွားရေးကို သုံးသပ်ခြင်း**<br><br>ဤလေ့လာမှုကို ကမ္ဘာ့ဘဏ်မှ ဆာဂျီဗိုယာက ကြီးကြပ်ပြီး စိုက်ပျိုးစားကုန် အတိုင်ပင်ခံ (Agrifood Consulting International ACI)က ဆောင်ရွက်သည် | **တာဝန်။** (၁) မြန်မာနိုင်ငံတွင် စိုက်စရိတ်နှင့် အမြတ်ရနိုင်စွမ်း အသိအမြင်ကွာဟချက် ကို ဖြည့်ရန်၊ (ဥပမာ။  မျိုးစေ့နှင့် မြေဩဇာအသုံးပြုပုံ၊ လယ်လုပ်ကွက်ငယ်နှင့် လယ်လုပ်ကွက်ကြီး၊ နွေစပါးနှင့် မိုးစပါး တို့၏ အကျိုးအမြတ်ရနိုင်စွမ်း ကွာခြားချက် စသည်) (၂) သီးနှံစိုက်နည်း၊ ထုတ်လုပ်မှု၊ သွင်းအားစုထောက်ပံ့ရေး အရင်းအမြစ်၊ ထုတ်ကုန် ရောင်းချရန် ဈေးကွက်စသည်တို့နှင့် ပတ်သက်သော တောင်သူတို့၏ အမြင်ကို ရယူရန်<br><br>**နည်းလမ်း။** ၂၀၁၃ခုနှစ် နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း စစ်ကိုင်း၊ ပဲခူး၊ ဧရာဝတီတိုင်း နှင့် ရှမ်းပြည်နယ်တို့တွင် ပထမအသုတ် စစ်တမ်းကောက်ခဲ့သည်။ ယင်းကိန်းဂဏန်း တို့ကို ဒုတိယအဆင့်အဖြစ် အောက်တိုဘာလလယ်မှ ၂၀၁၄ခုနှစ် မေလလယ်အထိ ဆန်စပါးနှင့် ပဲမျိုးစုံ ဒုတိယရာသီအတွက် ကောက်ယူရသော ကိန်းဂဏန်းများနှင့် ပေါင်းစပ်သည်။ စစ်တမ်းအဖွဲ့သည် မြို့နှင့်နီးကပ်သော သီးထပ်စိုက်နိုင်သောရွာများကို ရွေးချယ်ခဲ့သည်။ ပဲခူး၊ စစ်ကိုင်း၊ ဧရာဝတီနှင့် တောင်ကြီးဒေသတို့တွင် ကျပန်းစနစ်ကို သုံးကာ ကျေးရွာများကို ကြိုတင်ရွေးချယ်ခဲ့သည်။ ရှမ်းပြည်နယ်တွင်မူ လုံခြုံရေးအရ ကျပန်းကောက်ယူရန် မဖြစ်နိုင်။ ထို့ကြောင့် မြို့နယ်အုပ်ချုပ်ရေးရုံးမှ ကိန်းဂဏန်းများ ကိုသာ အားထားရသည်။ ကျေးရွာများတွင် သတ်မှတ်ထားသော သီးနှံအနည်းဆုံး တစ်မျိုးကို စိုက်ပျိုးသော၊ သီးထပ်စိုက်တောင်သူများကိုသာ နမူနာကောက်ယူသည်။<br><br>အဓိကတွေ့ရှိချက်များ။ ပဏာမတွေ့ရှိချက်တို့ကို LIFT၏နှစ်ပတ်လည်ဖိုရမ်များတွင် မျှဝေခဲ့ပြီး ဖြစ်သည်။ စစ်တမ်း၂ခု၏ရလဒ်တို့ကို ၂၀၁၆ခုနှစ် ဧပြီလတွင် တင်ပြမည်။ |

| | | |
|---|---|---|
| ၄ | **မြန်မာ့အသက် မွေးမှုနှင့် လူမှုရေး အပြောင်းအလဲ QSEM ပဉ္စမ အကြော့**<br><br>Enlightened Myanmar Research(EMR) နှင့် ကမ္ဘာ့ဘဏ် | **တာဝန်။** LIFT၏ IPများ၊ FMOနှင့် ရန်ပုံငွေဘုတ်အဖွဲ့၊ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရနှင့် အခြား ပတ်သက်ဆက်နွယ်သူများအတွက်<br><br>မြန်မာနိုင်ငံ၏ ကျေးလက်အသက်မွေးမှုအခြေအနေကို စစ်ဆေးကာ နားလည်ရန်၊ မြန်မာ့ကျေးလက်တွင် မည်သို့အသက်မွေးနေရသည်၊ ထိုသို့ အသက်မွေးရန် မည်သည့် အကြောင်းရင်းများက ပုံသွင်းနေသည်။ လူမှုရေးနှင့် အဖွဲ့အစည်းဆိုင်ရာ အချက်အလက်တို့က လူတို့၏ အသက်မွေးမှု ရွေးချယ်ချက်နှင့် ရလဒ်တို့ကို မည်သို့ထိရောက်စေသည်ကို စူးစမ်းရန်ဖြစ်သည်။ ယခုအကြော့မှာ ၅ကြော့မြောက် ဖြစ်သည်။ ပထမအကြော့ QSEMကို ၂၀၁၂ခုနှစ်က ဆောင်ရွက်ခဲ့သည်။<br><br>**နည်းလမ်း။** QSEM ၅ကြော့မြောက်တွင် လူတွေ့မေးခြင်း ၅၃၉ကြိမ်နှင့် ဦးတည်အုပ်စု ဆွေးနွေးပွဲအကြိမ်၂၀၀ကို ဆောင်ရွက်ခဲ့ရာ ချင်း၊ မကွေး၊ မန္တလေး၊ ရခိုင်၊ ရှမ်း၊ ဧရာဝတီဒေသတို့ရှိ ရွာ ၅၄ရွာမှ လူ၁,၀၀၀ ခန့်တို့က ပါဝင်ဆောင်ရွက်ခဲ့သည်။<br><br>**အဓိကတွေ့ရှိချက်များ။** ချင်း၊ ရှမ်း၊ ဧရာဝတီဒေသတို့တွင် စိုက်ပျိုးရေးအခြေခံ အသက်မွေးမှု တို့ တိုးတက်လာကြောင်း မှတ်တမ်းတင်ရမည်။ ကျန်ဒေသတို့တွင် ရာသီဥတုဒဏ်ကို ခံနေရဆဲဖြစ်ကြောင်း တွေ့ရသည်။ ရှမ်းပြည်နယ်မှ တောင်သူတို့သည် သီးနှံ အမျိုးမျိုးထုတ်လုပ်ပြီး တရုတ်ဈေးကွက်သို့ ပြောင်းဖူးကို အဓိကတင်ပို့နိုင်သောကြောင့် အကျိုးရှိကြသည်။ စိုက်ပျိုးမြေ ပိုများလာသည်။ ရွှေ့ပြောင်းတောင်ယာမှ အခြေချ လယ်ယာစိုက်ပျိုးခြင်းကို ပြောင်း၍ လုပ်ကိုင်လာသည်။ အထွက်နှုန်းမှာ တိုးနေသည်။ အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသ ဆန်စပါးစိုက်ပျိုးရေးတွင် ဖြစ်သည်။ ယခင်ကထက် စပါးနှစ်သီးစိုက်သူ ပိုများလာသည်။ ထို့ပြင် လယ်ယာပြင်ပ ကျေးလက်အသက်မွေးမှု အမျိုးအမည် ပို၍ များလာသည်။ ယခင်အကြော့များကထက် ကျေးလက်ချေးငွေ လက် လှမ်းမီမှု ပို၍ တိုးလာသည်။ MADBဘဏ်က ပို၍ ထိုးဖောက်လာသည်။ ငွေပို၍ ထုတ်ချေးလာသည်။ MADBက အတိုးနှုန်းလျှော့ချသည်။ NGOများက ကျေးလက်ကို ပို၍ ထိုးဖောက်လာလေလေ ချေးငွေရလမ်း အမျိုးအမည်များ လာလေလေ ဖြစ်သည် တို့ကိုလည်း တွေ့ရှိခဲ့သည်။ မြေယာမှတ်ပုံတင်ခြင်းမှာ ပျံ့နှံ့နေပြီး မြေယာပိုင်ဆိုင်မှုမှာ လည်း ထင်ရှားခိုင်မာလာနေသည်။ ယင်းမှာလည်း ထူးခြားသော အလားအလာ ဖြစ်သည်။ မြေယာမှတ်ပုံမတင်သော ရွာအနည်းငယ်သာရှိသည်။ မြေယာမှတ်ပုံတင်မှု တိုးနေသော်လည်း မြေယာအသုံးပြုပုံ၊ မြေယာပိုင်ဆိုင်မှုဖြေရှင်းချက်၊ မြေယာဈေးတက်မှုတို့မှာ မပြောင်းလဲသေးပေ။<br><br>အစိုးရဝန်ဆောင်မှု ပိုများလာကြောင်း ရွာလူထုက မြင်ကြသည်။ ဥပမာ။ ကျောင်း ဆောက်ပေးခြင်း၊ ချေးငွေ လက်လှမ်းမီလာခြင်း၊ ဒေသတွင်း အခြေခံအဆောက်အအုံ များ ဝန်ဆောင်မှု ဆက်လက်တိုးလာမည်ဟု မျှော်လင့်ချက်က အမှန်တကယ်တိုးသည်ထက် ပိုသည်။ သို့ဖြစ်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို မတွေ့ခဲ့ရပေ။<br><br>ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့ အာဏာ ပိုရှိလာကြောင်း တွေ့ခဲ့ရသည်။ ရွှေ့ပြောင်း သွားလာမှု သိသာစွာတိုးလာသည်။ ရန်ကုန်မှ လုပ်အားလိုအပ်ချက် တိုးလာသည့်ပြင် ကျေးလက်အိမ်ထောင်စုများမှာ အခြားနည်းဖြင့် ဝင်ငွေရှာရန် လိုအပ်လာခြင်းကြောင့် ဖြစ်သည်။ |

| | | |
|---|---|---|
| ၅ | **ရွှေ့လျားနေသော တိုင်းပြည်။ မြန်မာ နိုင်ငံ နယ်မြေနစ်ခု ရှိ ပြည်တွင်းရွှေ့ ပြောင်းသွားလာမှု**<br><br>MSR, Indochina Research တို့မှ ကျွမ်းကျင်သူ၏ နည်းပညာ လမ်းညွှန်မှုဖြင့် ပြုစုသည် | **တာဝန်။** ယခင်ဆောင်ရွက်ခဲ့သော QSEMအစီရင်ခံချက်များတွင် ပြည်တွင်း ရွှေ့ပြောင်း သွားလာမှု သိသာစွာ တိုးတက်နေကြောင်း ဖော်ပြချက်အရ ဤလေ့လာမှုကို ဆောင်ရွက်သည်။ဒေသတွင်း နိုင်ငံအများတွင် ပြည်တွင်းရွှေ့ပြောင်းသွားလာမှုသည် ဆင်းရဲမှု လျှော့ချရေး၊ ကြံ့ကြံ့ခံနိုင်သော အသက်မွေးမှုတည်ဆောက်ရေးတို့တွင် အရေးကြီးလာသည်။ သို့သော် ဆင်းရဲနွမ်းပါးသော ရွှေ့ပြောင်းသွားလာသည့် အိမ်ထောင်စုများ၊ ရွှေ့ပြောင်းသူများရှိသည့် ရပ်ရွာများတွင် ထိခိုက်ဖွယ်များ ရှိနေသည်။ နည်းနာအမျိုးမျိုးကို တွဲဖက်အသုံးပြုကာ အရေအတွက်အနည်းအများဖြင့် ရွှေ့ပြောင်းသူများအကြောင်း၊ ရွှေ့ပြောင်းမှုပုံစံများကို သုတေသနပြုသည်။ အရည်အသွေးဆိုင်ရာနည်းလမ်းများဖြင့် ရွှေ့ပြောင်း သွားလာရေး မဟာဗျူဟာများ ဖြစ်ပေါ်စေသည့် အကြောင်းရင်းများ၊ ကျန်ရစ်ခဲ့သူတို့ထံ သက်ရောက်မှုများကို စူးစမ်းသည်။<br><br>**နည်းလမ်း။** အရည်အသွေးသုတေသန<br><br>**အဓိကတွေ့ရှိချက်များ။** ထွက်ခွာခဲ့ရာအရပ်နှင့် ရွှေ့ပြောင်းရာအရပ်တို့၏ လုပ်ခ မတူညီမှုသည် အဓိကမကျဘဲ မြို့ပြဒေသတွင် အလုပ်ရရန် သေချာမှု၊ အလုပ်မှန်မှန်ရမှုသည်သာ ရွှေ့ပြောင်းသွားလာရေးတွင် အဓိကလှုံ့ဆော်မှုဖြစ်သည်။ ရွှေ့ပြောင်းသွားလာရေးနှင့် သက်ဆိုင်သော အထူးသဖြင့် ဆုံးရှုံးနိုင်မှုမှ ကာကွယ်ရန် လူမှုကွန်ရက်များကို အသုံးပြုကြောင်း တွေ့ရသည်။<br><br>အိမ်ထောင်စုတို့သည် ရွှေ့ပြောင်းသွားလာရေး အခွင့်အလမ်းတို့ကို သတိကြီးစွာထား၍ စူးစမ်းကြသည်။<br><br>ပြည်တွင်းရွှေ့ပြောင်းသွားလာရန် ကုန်ကျစရိတ်မှာ နည်းပါးသည်။ ထို့ကြောင့် တစ်ဦးချင်းအနေဖြင့် ဆောင်ရွက်နိုင်ကြသည်။ သို့မဟုတ် မိသားစုတို့က ထောက်ပံ့နိုင်ကြသည်။ |
| ၆ | **တောင်တန်း ဒေသလေ့လာရေး အစီရင်ခံစာ**<br><br>အယ်ရင် အင်မ် ဘက်ကာ ဦးဆောင်သော အဖွဲ့ | **တာဝန်။** ရှုပ်ထွေးသော တောင်တန်းဒေသအခြေအနေနှင့် သက်ဆိုင်သော လိုအင်များ၊ ရလဒ်များ၊ ဆောင်ရွက်ဖွယ်ရာများတို့ကို ဖော်ထုတ်ရာတွင် ကူညီရန်<br><br>LIFT၏ တောင်တန်းဒေသမူဘောင်ကို ထောက်ပံ့မည့် အကြောင်းပြချက်တစ်ခုကို ပေးရန်အတွက် နောက်ခံအကြောင်းအရာ၊ အဓိကတွေ့ရှိချက်၊ တောင်တန်းဒေသ၏ ဦးစားပေးများ၊ သင်ခန်းစာများ၊ အခြားစီမံချက်များနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ၊ ဆုံးရှုံးနိုင်ဖွယ်များ၊ ထောက်ခံတင်ပြချက်များတို့ကို တင်ပြရန်၊ ဤလေ့လာချက်တွင် ပဋိပက္ခ အခြေအနေနှင့်တကွ ပဋိပက္ခကို အလေးထား တုံ့ပြန်သော အသက်မွေးမှုဖြေရှင်းချက် ဖြစ်နိုင်ဖွယ်များ ကိုပါ ဖော်ထုတ်တင်ပြကာ သုံးသပ်ထားသည်။<br><br>**နည်းလမ်း။** ရလဒ်များနှင့် ဆောင်ရွက်နိုင်ဖွယ်ရာများကို ဖော်ထုတ်သည်<br><br>**အဓိကတွေ့ရှိချက်များ။** ဤအစီရင်ခံစာကို ဇူလိုင်လတွင် တောင်တန်းဒေသစီမံကိန်း အတွက် အကြံအစည်တင်ပြချက်တောင်းခံရာတွင် အထောက်အကူပြုစာတမ်းအဖြစ် ထုတ်ဝေခဲ့သည်။ |
| ၇ | **လူမှုသုတေသန နည်းလမ်းများ မြန်မာ- အင်္ဂလိပ် လက်စွဲစာစောင်**<br><br>Inya Institute | **တာဝန်။** မြန်မာစာဖတ်သူတို့အား လူမှုရေးသုတေသနနည်းလမ်းများနှင့် မိတ်ဆက်ပေးသော အင်္ဂလိပ်/မြန်မာဖြင့် ပြုစုထားသော နှစ်ဘာသာစာတမ်း ဖြစ်သည်။ ယင်းတို့သည် လူမှုရေးစီမံချက်တို့ကို အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေမည်။ အထူးသဖြင့် အောက်ပါတို့တွင် ဖြစ်သည်-<br><br>- လူမှုရေးစီမံချက်တို့က ဦးတည်သော လူမှုအဖွဲ့အစည်းအကြောင်းကို ပိုမို သိနားလည်ရန် ပြုလုပ်သည့် သုတေသန<br><br>- မူလစီမံချက်ကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှုကို သုံးသပ်နိုင် မည့် စောင့်ကြည့်စစ်ဆေးခြင်း<br><br>- ပြီးစီးသွားသော စီမံချက်၏ ရည်မှန်းချက်များ ရောက်၊ မရောက် သုံးသပ်ရာတွင် ကူညီမည့် အကဲဖြတ်ခြင်း |
| ၈ | LIFTနှစ်ပတ်လည် အစီရင်ခံစာ ၂၀၁၄၊ အပြည့်အစုံနှင့် ကောက်နုတ်ချက် | |

| | | |
|---|---|---|
| ၉ | **ဘာကြောင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးသူများ နောက်တွန့်နေရသလဲ**<br><br>ရှမ်းပြည်နယ်တောင်ပိုင်း နှင့် ချင်းပြည်နယ်တွင် လုပ်ကွက်ငယ် လယ်သမားများ အတွက် ဟင်းသီးဟင်းရွက် ဈေးကွက် ဖြစ်မြောက်စေခြင်း စီမံချက်<br><br>Mercy Corps in partnership with Swisscontact and East-West Seed International | **တာဝန်။** ဟင်းသီးဟင်းရွက်ဈေးကွက်စနစ်နှင့် တန်ဖိုးကွင်းဆက်တလျှောက်လုံး လုပ်ငန်း ထမ်းဆောင်ရာတွင် တိုးတက်ကောင်းမွန်စေရန် စီမံချက် သည် အိမ်ခြံအဆင့်မှ နိုင်ငံတော်မူဝါဒအဆင့်အထိ ဆောင်ရွက်သည်။ ဟင်းသီးဟင်းရွက်ဈေးကွက်ကို အားဖြည့်ပေးသည်။ စွမ်းဆောင်နိုင်သော ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေသည်။ ဈေးကွက် ကို ငွေရေးကြေးရေးဝန်ဆောင်မှုနှင့် စိုက်ပျိုးရေးသွင်းအားစုတို့ဖြင့် ထောက်ပံ့နေသည်။<br><br>**နည်းလမ်း။** လက်ရှိကိန်းဂဏန်းအချက်အလက်များနှင့် နိုင်ငံရေးစီးပွားရေးအခြေအနေ တို့ကို သုံးသပ်သည်။ ဤကဏ္ဍတွင် ပါဝင်သူများနှင့် အဓိကတင်ပြသူများကို လူတွေ့မေးမြန်းသည်။ တောင်သူတို့အား ကောက်ယူသည့် စီမံချက်၏ အခြေခံမျဉ်း စစ်တမ်းနှင့် ထပ်တိုးမေးခွန်းနစ်ခုကို လူ ၂၀၀ကျော်အား မေးမြန်းသည်။<br><br>**အဓိကတွေ့ရှိချက်များ။** ဤသုတေသနက တွေ့ရှိရသည်မှာ ရှမ်းပြည်နယ်တောင်ပိုင်းမှ ဟင်းသီးဟင်းရွက် စိုက်တောင်သူတို့သည် အကြောင်းရင်းခံအမျိုးမျိုးတို့ကြောင့် ထိခိုက် လွယ်နေသည့်အတွက် အရဲစွန့်လိုစိတ် မရှိကြပေ။ ထို့ကြောင့် တီထွင်ဆန်းသစ်ခွင့်၊ အဆင့်မြင့်သွင်းအားစုများကို ဝယ်ယူခွင့်တို့ လျော့နည်းရပြန်သည်။ ယင်းတို့၏ ထိခိုက် လွယ်မှုကို မဖြေရှင်းနိုင်ပါက အထူးသဖြင့် လုပ်ကွက်ငယ်တောင်သူတို့သည် ဈေးကွက်အခွင့်အလမ်းအသစ်တို့ကို အလေးမူနိုင်မည် မဟုတ်ပေ။ အရဲမစွန့်လိုသော စိတ်သည် စိုက်နည်းကောင်းများ အကြံပေးသည်ကို ဂရုစိုက်နိုင်မည် မဟုတ်ပေ။ |
| ၁၀ | **ပညာပေးခြင်းနှင့် အကြံပေး ဝန်ဆောင်မှုတို့ကို လေ့လာမှု**<br><br>AFC Consultant International | **တာဝန်နှင့်နည်းလမ်း။** မြန်မာနိုင်ငံရှိ လယ်ယာအကြံပေးဝန်ဆောင်မှု၏ ရောင်းလိုအား နှင့် ဝယ်လိုအား နှစ်ဘက်လုံးကို အရည်အသွေးသုံးသပ်ရန် LIFTက ဤလေ့လာမှုကို ဆောင်ရွက်စေသည်။<br><br>**အဓိကတွေ့ရှိချက်များ။** (၁) ဤလေ့လာမှုမှ တွေ့ရသည်မှာ တောင်သူတို့အား နည်းပညာ သင်တန်းပေးသည့်စနစ် မရှိပါ။ မျိုးဆက်သစ် တောင်သူတို့အတွက် နည်းပညာအသစ်များနှင့် ပတ်သက်၍ အကြံပေးမှု မရှိပါ။ နစ်လတ်အနေအထားတွင် တောင်သူများကို လုပ်ငန်းရှင်များ ဖြစ်လာနိုင်စွမ်းရှိအောင် နည်းပညာသင်တန်းများ တွင် လယ်ယာလုပ်ငန်းများကိုပါ ထည့်သွင်းရန် ပိုမို အားထုတ်ရန် လိုသည်။ ထို့ပြင် ကျေးလက်မှ လူငယ်များကို လယ်ယာလုပ်ငန်းကို ရွေးချယ်လာစေရန် ဆောင်ရွက်ရန် လည်း အလားတူ အရေးကြီးသည်။ (၂) လူထု၏ဘဏ္ဍာဖြင့် အပြည့်အဝကျခံကာ နိုင်ငံအနှံ့ အဓိကသီးနှံအားလုံးအတွက် ပညာပေးလုပ်ငန်းကို ထိရောက်အောင် ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်သည်ဟူသော အယူအဆသည် လက်တွေ့မကျသည့် အတွက် ပြင်ဆင်ရန်လိုအပ်သည်။ ယင်းစနစ်သည် အရင်းအမြစ်များ အားနည်းပြီး တရားဝင်မဟာဗျူဟာတစ်ရပ်လည်း မရှိပေ။ ဘတ်ဂျက်အကန့်အသတ်ကြောင့် ကျေးရွာများသို့ အကြိမ်ကြိမ်မသွားနိုင်ကြ၊ လုပ်မြဲအလုပ်များ ထက်ပို၍ အခြား ဘာမှ မလုပ်နိုင်ကြပေ။ (၃) ပုဂ္ဂလိကကဏ္ဍမှာ ဖွံ့ဖြိုးမှုအလွန်မြန်ဆန်သည်။ အဓိကမှာ ဓာတ်မြေဩဇာ နှင့် အခြားဓာတုပစ္စည်းများတွင်ဖြစ်သည်။ ယင်းတို့အချင်းချင်းလည်း ပြိုင်ဆိုင်နေကြသည်။ ယင်းတို့သည် အဆင့်တိုင်းတွင် အရေးပါသော သတင်းနှင့် အကြံပေးသူများ ဖြစ်လာကြသည်။ သို့သော် အစိုးရနှင့် ပုဂ္ဂလိကဝန်ဆောင်မှုတို့အကြား အဆက်ပြတ်နေကြသည်။ အစိုးရနှင့်ပုဂ္ဂလိကတို့ တရားဝင်လမ်းကြောင်းဖြင့်မဟုတ်ဘဲ အတူတူ လုပ်ကိုင်နေကြသော်လည်း အစိုးရသည် ယင်း၏ မည်သည့်ဌာန အလုပ်ကို မည်သည့် ပုဂ္ဂလိက ကဏ္ဍက လုပ်ကိုင်နေကြောင်းကို ပြန်လည်သုံးသပ်ရန်လိုသည်။ ၎င်းတွင် တောင်သူတို့အား ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာအန္တရာယ်မှ ကာကွယ်ရန်လည်း ပါဝင်သည်။ |

| | | |
|---|---|---|
| ၁၁ | **ကျေးရွာအဖွဲ့အစည်း စစ်တမ်း**<br><br>ဂျော့ဂျ်ကော်လက် | **တာဝန်။** ကျေးရွာအဖွဲ့အစည်းများသို့ LIFTကပေးသော အထောက်အပံ့၏ ထိရောက်မှုကို အကဲဖြတ်ရန်နှင့် LIFT၏ အနာဂတ်စီမံကိန်းများ ကောင်းမွန်ရေးအတွက် ထောက်ခံအကြံပြုချက်များ၊ သင်ခန်းစာများကို ပေးအပ်ရန်<br><br>**နည်းလမ်း။** LIFTက စီမံချက်များ ဆောင်ရွက်နေသော ပြည်နယ်/တိုင်း၁၀ခုရှိ မြို့နယ် ၂၈ မြို့နယ် မှ ကျပန်းရွေးကောက်ခဲ့သည့် ကျေးရွာ၅၀တွင် ၂၀၁၄ခုနှစ် မေလမှ ဇွန်လအထိ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ပင်မတင်ပြသော ၁၄၃ဦးကို လူတွေ့မေးမြန်းကာ အုပ်စုလိုက် ဆွေးနွေးပွဲ ၂၈၇ပွဲကိုလည်း ဆောင်ရွက်ခဲ့သည်။<br><br>**အဓိကတွေ့ရှိချက်များ။** (၁) အထောက်အပံ့ရသော ကျေးရွာများ၏ လူမှုရေးနှင့် ဖွဲ့စည်းပုံအခြေအနေကို LIFT၏ စီမံချက်များက သိသာစွာ သက်ရောက်ခဲ့သည်။ နမူနာ ကျေးရွာ တို့တွင် IPတို့က ပျမ်းမျှအဖွဲ့ ၂ဖွဲ့ စီခန့် ထူထောင်ခဲ့ကြသည်။ လက်ရှိအဖွဲ့များနှင့် အလုပ်မလုပ်ဘဲ အဖွဲ့သစ်များကို ထူထောင်ခဲ့ကြသည်။ (၂) ထောင်နှင့်ချီသော ဤအဖွဲ့များသည် မြန်မာနိုင်ငံ၏ ရပ်ရွာဖွံ့ဖြိုးမှုကို အထူးအကျိုးပြုဖွယ်ရှိသည်။ သို့သော် ဤလေ့လာမှုမှတွေ့ရှိရသော အထောက်အထားတို့အရ LIFT၏ စီမံချက်တိုင်းသည် လူမှုရေးအရင်းအနှီးကို သတိပြုသင့်သလောက် မပြုခဲ့ကြပေ။ ယေဘုယျအားဖြင့် LIFT၏ သက်တမ်းတိုစီမံချက်များ၏ လိုအပ်သော ယာဉ်များအဖြစ် အဖွဲ့များကို အမြန် ဖွဲ့ခဲ့ကြသည်။ (၃) အဖွဲ့များစွာတို့တွင် အသစ်ဖွဲ့စည်းခြင်းဖြစ်သော်လည်း စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး အထောက်အကူ အနည်းဆုံးသာရရှိကြောင်း တွေ့ရသည်။ စီမံရေး ကော်မတီအဖွဲ့ဝင်များက ငွေကြေးစီမံခန့်ခွဲရေးသင်တန်း ပေးစေလိုကြောင်း၊ ယင်းတို့၏ လုပ်ငန်းကို အုပ်ချုပ်ရန် တိကျသော စည်းမျဉ်းစည်းကမ်းများ မရှိကြောင်း တင်ပြကြသည်။ စီမံချက်အပြီးတွင် လုပ်ဆောင်မည့် အစီအစဉ်ရှိကြသူ နည်းပါးသည်။ (၄) သို့သော် တာရှည်ဆောင်ရွက်ရန် ရည်ရွယ်မထားသော အဖွဲ့များသည်ပင် မိမိတို့ရပ်ရွာ အတွက် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လိုကြသည်။ ဥပမာအားဖြင့် အလုပ်နှင့် ငွေဖလှယ်သော အဖွဲ့များ ဖြစ်သည်။ မိမိတို့လုပ်အားဖြင့် မိမိတို့ ရပ်ရွာဖွံ့ဖြိုးမှုကို သိသာစွာ ဆောင်ရွက်နိုင်ခဲ့ကြသဖြင့် နမူနာကောက်ခဲ့သော အဖွဲ့အားလုံး၏ ထက်ဝက်ခန့်က လုပ်ငန်းသစ်များကို ဆက်လက်ဆောင်ရွက်လိုနေကြသည်။<br><br>ထောက်ခံတင်ပြချက်များမှာ-<br><br>(၁) အကယ်၍ သင့်လျော်သောအဖွဲ့တစ်ခုခု ရပ်ရွာတွင်ရှိနှင့်ပါက (အဖွဲ့သစ်ကို ဖွဲ့မည့်အစား) ယင်းသည် ကိုက်ညီ မညီ၊ စိတ်ဝင်စား မစား၊ LIFT၏ စီမံချက်ကို ထောက်ခံရန် စည်းရုံး၍ ရ မရ ကို စူးစမ်းသင့်သည်။ (၂) အဖွဲ့များကို အဆင့်လိုက် စွမ်းဆောင်ရည် တည်ဆောက်ပေးမည့် စီမံချက်များထားရန်၊ IPများက တာဝန်ကို လျှော့၍ ယူသွားရန်၊ လုပ်ငန်းသိမ်းမဟာဗျူဟာများ၊ ယင်းတို့ထူထောင်ခဲ့သောအဖွဲ့များ ရေရှည် တည်တံ့ရန်အတွက် စီမံချက်များ ရေးဆွဲထားဖို့ IPများကို တိုက်တွန်းရန်၊ (၃) LIFT သည် (IPများသာမက) ကျေးရွာအဖွဲ့များကို မိမိဘာသာ မောင်းနှင်နိုင်စွမ်းရှိအောင် စွမ်းဆောင်ရည် တည်ဆောက်ပေးရေး ရည်ရွယ်သင့်သည်၊ ဆိုလိုသည်မှာ ယင်းအဖွဲ့တို့တွင် အနာဂတ်၏စီမံချက်၊ စီမံခန့်ခွဲနိုင်စွမ်း၊ လုပ်ငန်း အကောင်အထည်ဖော်နိုင်စွမ်း ရှိရန်နှင့် အထောက်အပံ့ရနိုင်သော အခြားလမ်းများကို သိရှိရန် ဖြစ်သည်။ (၄) ကျေးရွာ အဖွဲ့အချင်းချင်း ကွန်ရက်ဖွဲ့ရေး အားပေးရန်(ယင်းတို့၏ အလားအလာကို အသုံးချရန်၊ အချင်းချင်းထောက်ပံ့ရန်၊ သင်ယူရန်၊ လုပ်နိုင်စွမ်း၊ ပြောဆိုနိုင်စွမ်းရှိရန်) (၅) တောင်သူ အုပ်စုများအပါအဝင် ကျေးရွာအဖွဲ့များကို တိုက်ရိုက်ထောက်ပံ့မည့် ချဉ်းကပ်ပုံများ၊ လမ်းကြောင်းများကို ရှာဖွေရန် (IPများမှတစ်ဆင့်မဟုတ်ဘဲ IPများကို အနည်းဆုံး တာဝန်ယူစေလျက်) (၆) အဆင်းရဲဆုံး အထိခိုက်လွယ်ဆုံး ကျေးရွာများကို ထောက်ပံ့မည့် နည်းလမ်းများကို စူးစမ်းရန် စမ်းသပ်ရန်တို့အတွက် ရန်ပုံငွေ ပိုမိုခွဲဝေသင့်သည်။ |

| | | |
|---|---|---|
| ၁၂ | **ကျေးရွာ လည်ပတ်ရန်ပုံငွေ လေ့လာမှု**<br><br>Developments Facilitators, Consultant Group | **တာဝန်။** ဤလေ့လာမှု၏ ရည်မှန်းချက်မှာ ကျေးရွာ လည်ပတ်မှု ရန်ပုံငွေများ၏ အခန်းကဏ္ဍ၊ ထိရောက်မှု၊ တည်တံ့နိုင်မှုတို့ကို အကဲဖြတ်ရန်၊ ကျေးလက်ဒေသတွင် ငွေကြေးဝန်ဆောင်မှုကို မည်မျှအထိ ရေရှည် လက်လှမ်းမီစေမည်ကို သိရှိရန် ဖြစ်သည်။<br><br>**နည်းလမ်း။** ရွာ၂၅ရွာတွင် နမူနာကောက်ခဲ့သည်။ ၂၃ရွာမှာ အပူပိုင်းဇုန် စစ်ကိုင်း၊ မကွေး၊ မန္တလေးတိုင်းတို့တွင် ရှိသည်။ ကျန်၂ရွာမှာ ပဲခူးတိုင်းနှင့် ရှမ်းပြည်နယ်မှ ဖြစ်သည်။ နမူနာကောက်ယူသော စုစုပေါင်းရွာမှာ ၂၀၈ရွာဖြစ်ပြီး DPDO၊ Thadar ၊ ADRA၊ Mercy Corps၊ MCS ဟူသော မိတ်ဖက်အဖွဲ့၅ဖွဲ့ တို့က စီမံချက်များကို အကောင်အထည် ဖော်နေကြသည်။ ရန်ပုံငွေ၏ အကျိုးခံစားရသူ ၄၅၃ဦးကို မေးခွန်းလွှာဖြင့် မေးခဲ့သည်။ ထို့ပြင် လူပေါင်း ၅၀၀ ထံမှလည်း အရည်အသွေးဆိုင်ရာနည်းများ ဖြစ်သည့် ဦးတည်အုပ်စုဆွေးနွေးပွဲများ စသည်တို့ဖြင့် သတင်းထပ်မံရယူခဲ့သည်။<br><br>**အဓိကတွေ့ရှိချက်များ။** ချေးငွေများကို ပို၍လက်လှမ်းမီလာခြင်းသည် ကျေးရွာ လည်ပတ် ရန်ပုံငွေ၏ အဓိက ရလဒ်ဖြစ်သည်။ ရန်ပုံငွေ လုပ်ငန်းဆောင်ရွက်ရန် မိတ်ဖက်အဖွဲ့တို့က ထူထောင်ထားသော ကျေးရွာအဖွဲ့ နှစ်မျိုးရှိသည်။ ကိုယ်ထူကိုယ်ထ နှင့် ဖွံ့ဖြိုးရေး ကော်မတီများ ဖြစ်သည်။ ရန်ပုံငွေ၏ အဓိက လုပ်ငန်းမှာ ချေးငွေထုတ်ပေးခြင်းဖြစ်ပြီး ချေးငွေ ၂မျိုး ရှိသည်။ ငွေချေးခြင်းမှာ လူကြိုက်အများဆုံးဖြစ်ကာ အဖွဲ့တိုင်းတွင် တွေ့ရသည်။ နောက်တစ်မျိုးမှာ ပစ္စည်းဘဏ် ဖြစ်သည်။ ချေးငွေများကို ပစ္စည်းဖြင့် ထုတ်ပေးပြီး စပါးဘဏ်များ မှတစ်ပါး ပစ္စည်းဖြင့်  ပြန်ဆပ်ရသည်။ ငွေစုခြင်းမှာ ကိုယ်ထူကိုယ်ထ အဖွဲ့တိုင်းတွင် တွေ့ရပြီး အချို့ဖွံ့ဖြိုးရေး ကော်မတီများတွင်လည်း တွေ့ရသည်။ သို့သော် ငွေစုခြင်းမှာ အကန့်အသတ်ဖြင့်သာ ရှိသည်။<br><br>အသုံးပြုပုံမှာ စိုက်ပျိုးရေးတွင် အများဆုံး(၄၃ရာခိုင်နှုန်း)၊ စီးပွားရေးလုပ်ငန်းငယ်များ (၃၃ရာခိုင်နှုန်း)၊ မွေးမြူရေး(၂၇ရာခိုင်နှုန်း)တို့ ဖြစ်သည်။ စီးပွားရေးကိစ္စအတွက် မဟုတ်ဘဲ အခြားကိစ္စအတွက် အသုံးပြုကြသည်ကိုလည်း တွေ့ရသည်။ စားသုံးရန် (၂၈ ရာခိုင်နှုန်း)၊ ကျန်းမာရေး(၂၁ရာခိုင်နှုန်း)၊ ပညာရေး(၁၇ရာခိုင်နှုန်း)တို့ဖြစ်သည်။ ၇၀ရာခိုင်နှုန်းသော ငွေချေးသူတို့မှာ ချေးငွေကြောင့် ဝင်ငွေတိုးတက်ခဲ့သည်။ ဝင်ငွေရလမ်းအမျိုးမျိုး ဖြစ်စေရန်(၃၂ရာခိုင်နှုန်း)၊ လက်ရှိအသက်မွေးမှုလုပ်ငန်းကို ချဲ့ထွင်ရန် (၂၉ရာခိုင်နှုန်း)အသုံးပြုကာ ချေးငွေကို ဝင်ငွေတိုးစေရန် အသုံးပြုကြောင်း ဖော်ပြကြ သည်။<br><br>ငွေချေးသူ၇၃ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြပြီး၊ ၂၃ရာခိုင်နှုန်းမှာ အိမ်ထောင်ဦးစီးများ ဖြစ်ကြသည်။ အမျိုးသမီးတို့အနေဖြင့် ရန်ပုံငွေထံမှရရှိသော အကျိုးကျေးဇူးများမှာ ငွေစုနိုင်/ငွေချေး နိုင်ခြင်း၊ ဝင်ငွေတိုးခြင်း၊ လက်ရှိဝင်ငွေရလမ်းကို ကောင်းမွန်တိုးတက်အောင်ပြုနိုင်ခြင်း၊ အသိပညာတိုးခြင်း၊ လူမှုကွန်ရက် ဖြစ်ထွန်းခြင်းတို့ ဖြစ်ကြသည်။<br><br>ရန်ပုံငွေများသည် ရပ်ရွာသို့ သိသာစွာ ကောင်းကျိုးသက်ရောက်သည်။ ယင်းတို့တွင် လမ်းဖောက်ခြင်း၊ ရေတွင်းတူးခြင်း၊ သစ်ပင်စိုက်ခြင်း၊ ကျောင်းသားများကို ထမင်းကျွေး ခြင်း၊ ဘာသာရေးဆောင်ရွက်ခြင်း၊ သဘာဝဘေးအန္တရာယ် အသိအမြင်ပေးခြင်းနှင့် လျှော့ချခြင်း၊ ရေနှင့်သန့်ရှင်းရေးကိစ္စ ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ သက်ကြီးရွယ်အို များ၊ အလွန်ဆင်းရဲသူများ၊ မသန်စွမ်းသူများကဲ့သို့သော ချို့ငဲ့သူများကို ကူညီကြသည်။<br><br>ကျေးရွာလည်ပတ်ရန်ပုံငွေမှာ LIFTထံမှ မိတ်ဖက်အဖွဲ့များရရှိသော ရန်ပုံငွေအတိုင်းအတာ အရသာ ရရှိသည်။ ရန်ပုံငွေများကို စေတနာ့ဝန်ထမ်း ဆောင်ရွက်နေကြပြီး အဖွဲ့ခေါင်းဆောင်တို့က အသုံးစရိတ်အကုန်အကျ သက်သာအောင် ကူညီနေကြရသည်။<br><br>စီမံချက်များ ပိတ်သိမ်းပါက ကိုယ်ထူကိုယ်ထအဖွဲ့များ၊ ဖွံ့ဖြိုးရေးကော်မတီများ ရင်ဆိုင်ရမည်တို့မှာ ရန်ပုံငွေသာ မကပေ။ စောင့်ကြည့်စစ်ဆေးခြင်း၊ အရေးယူဆောင်ရွက်ခြင်း မရှိပါက စာရင်းအင်း ထိန်းသိမ်းခြင်း၊ ပုံမှန်အစည်းအဝေးခေါ်ခြင်း စသော စီမံခန့်ခွဲမှုများ ယိုယွင်းလာနိုင်သည်။ |

| | | |
|---|---|---|
| ၁၃ | **တောင်သူအဖွဲ့အစည်း လေ့လာမှု**<br><br>GRET/FSWG | **တာဝန်။** မြန်မာနိုင်ငံရှိ တောင်သူအဖွဲ့အစည်းတို့၏ အားကို သိရှိရန် ရည်ရွယ်သည်။ ပို၍တိကျစွာ ပြောရလျှင် (၁) တောင်သူအဖွဲ့အစည်းများကို သုံးသပ်ရန် ကိုင်တွယ်ရမည့် ချဉ်းကပ်နည်းကို ပြုစုရန်၊ (၂) သုံးသပ်ပြီးနောက် အမျိုးသားအဆင့် ထူးခြားမှုကို အမျိုးအစားတည်ဆောက်ရန်၊ (၃) တောင်သူအဖွဲ့အစည်းတို့ကို အကျိုးသက်ရောက်စေသူတို့ နှင့် ဆိုင်သော အသိအမြင်နှင့် ယင်းတို့ကို အားဖြည့်ပေးရန်အတွက် ဖော်ထုတ်ရန်။<br><br>**နည်းလမ်း။** တိုင်းနှင့်ပြည်နယ်တို့တွင် GRET၏ သုတေသနအဖွဲ့နှင့် FSWGအဖွဲ့တို့က လူတွေ့ မေးမြန်းခဲ့သည်။ သုတေသနအဖွဲ့က ပြုစုထားသော မူဘောင်အရ အရည်အသွေးဆိုင်ရာ ကိန်းဂဏန်းတို့ကို အဓိက စုဆောင်းသည်။ သုတေသနလုပ်ငန်းကို ၂၀၁၅ခုနှစ် မေလမှ ဇူလိုင်လအတွင်း ဆောင်ရွက်ခဲ့သည်။<br><br>**အဓိကတွေ့ရှိချက်များ။** ဤနိုင်ငံတွင် တောင်သူအဖွဲ့များနှင့်ပတ်သက်၍ ရှင်းလင်းစွာ သဘောပေါက်မှု မရှိပေ။ တောင်သူအဖွဲ့အစည်းဟူသော ဝေါဟာရကိုပင် အမျိုးမျိုးအဓိပ္ပါယ် ကောက်ကြသည်။ ထို့ကြောင့် နိုင်ငံ၏ကန့်သတ်ချက်နှင့် ကိုက်ညီသော အဓိပ္ပာယ်ဖွင့်ချက်ကို ရှင်းလင်းပြသရန် ကြိုးစားရသည်။ အသင်းဝင်ဖြစ်မှု၊ တာဝန်၊ ရန်ပုံငွေ၊ ဖွဲ့စည်းပုံစသည့် တောင်သူ အဖွဲ့များ၏ အမျိုးအစားကို ရေးဆွဲပြီး ဖြစ်သည်။ ဤအစီရင်ခံစာတွင် ဒေသအလိုက် တောင်သူ အဖွဲ့အစည်းများ ဖြစ်ပေါ်လာပုံ၊ အခြားပတ်သက်ဆက်နွယ်သူများ (ဒေသနှင့်ဗဟိုအစိုးရများ၊ အလှူရှင်များ၊ NGOများ)က အသိအမှတ်ပြုခြင်း ထောက်ပံ့ခြင်း မရှိသော်လည်း ယင်းတို့၏ အဖွဲ့ဝင်တို့ကို လူမှုရေး စီးပွားရေး ဝန်ဆောင်ပေးနေပုံများကို အထူးပြု ဖော်ပြထားသည်။ |
| ၁၄ | **အရပ်ဘက်လူမှု အဖွဲ့အစည်းများ ကို LIFTရန်ပုံငွေ မှ ထောက်ပံ့ခြင်း**<br><br>မတ် ဒက်စ်မင်၊ ဂျာတူးဆိုင်၊ စန္ဒာမျိုး | **တာဝန်။** LIFTက CSOတို့ကို ထောက်ပံ့ငွေမှာ ယခုနှစ်များအတွင်း ကျဆင်းလာသည်။ ၂၀၁၅ခုနှစ်တွင် LIFT၏ အထောက်အပံ့ခံ စီမံချက်များကို ခေါ်ယူခဲ့သည်။ ဤလေ့လာမှုတွင် ယင်းဖြစ်ထွန်းမှု ၂၃ ကို စဉ်းစားသုံးသပ်သည်။ ယင်းတို့ကို CSO၏ အမြင်ကို သုံးသပ်ပြီး ထောက်ခံတင်ပြချက်တို့ကို ပြုသည်။<br><br>**နည်းလမ်း။** LIFTက ရန်ပုံငွေထောက်ပံ့မည့် မြို့နယ်များရှိ CSO၃၆ခုနှင့် တိုင်ပင် ဆွေးနွေးချက်ကို အဓိကအခြေပြုသည်။ ယင်းမြို့နယ်များတွင် CSOများ လှုပ်ရှားဆောင်ရွက်နေသည်ဟု သေချာနိုင်သည်။ တိုင်ပင်ဆွေးနွေးမှုမှာ မိနစ်၁၂၀မှ ၁၅၀အတွင်း ကြာမြင့်သည်။ အုပ်စုများ၊ အဖွဲ့များ၊ ပုဂ္ဂိုလ်တစ်ဦးချင်းတို့နှင့် ရန်ကုန်တွင် အစည်းအဝေး ၁၇ကြိမ် ထပ်မံကျင်းပခဲ့သည်။<br><br>**အဓိကတွေ့ရှိချက်များ။** CSOများကို ယန္တရားအသစ်များ သက်သက်ဖြင့်သာထောက်ပံ့ပါက ထိရောက်မည်မဟုတ်ကြောင်း ဤလေ့လာမှုက ကောက်ချက်ချ ပါသည်။ မဟာဗျူဟာဆိုင်ရာ ယုံကြည်မှုနှင့် အဖွဲ့အစည်းဆိုင်ရာလုပ်ထုံးလုပ်နည်းတို့ ပြောင်းလဲရန် လိုအပ်မည်။ လက်ရှိ ရန်ပုံငွေထောက်ပံ့မှုသည် CSOများနှင့် ပတ်သက်သော LIFT၏ရည်ရွယ်ချက်ကို ပြည့်မီစေမည်မဟုတ်ပေ။ CSOတို့၏ ဆိုလိုချက်ကိုလည်း ကိုင်တွယ်နိုင်မည်မဟုတ်ပေ။ ငွေကြေးထောက်ပံ့မည့် ယန္တရားအသစ်နှစ်ခုကို အဆိုပြုထားသည်။<br><br>ထောက်ခံတင်ပြချက်များမှာ-<br><br>- LIFTနှင့် CSOတို့၏ မဟာဗျူဟာမြောက် ဆက်ဆံရေးကို ပြန်လည် ရှင်းလင်း ဖော်ပြပြီး သက်ဆိုင်သော ပတ်သက်ဆက်နွယ်သူတိုင်းက အတည်ပြုသည်<br>- CSOများသို့ LIFT၏ အထောက်အပံ့ဆိုင်ရာ အဆိုပြုအညွှန်းကို ရေတွက်သည်။<br>- ၂၀၁၆ခုနှစ် ဒီဇင်ဘာလတွင် ၂၀၁၅ခုနှစ်တွင် စာချုပ်ချုပ်ထားသော အထောက်အပံ့ခံ CSOများ ထပ်ဆင့်အထောက်အပံ့ခံ CSOများသို့ 'သွယ်ဝိုက် ဘတ်ဂျက်ခွဲဝေမှု' ဆိုင်ရာ စစ်တမ်းကောက်ခဲ့သည်။ CSOများနှင့် မဟာဗျူဟာ မြောက် မိတ်ဖက်ပြုမှုတို့ကို ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇ခုနှစ်တို့ တွင် ပြုလုပ်ခဲ့သည်။<br>- အသေးစားအထောက်အပံ့ ၃ခု ကို လုပ်ငန်းနယ်မြေသုံးခုတွင် ၂၀၁၅-၂၀၁၈ခုနှစ်တို့အတွက် ပြုလုပ်ခဲ့သည်။<br>- CSOထောက်ပံ့မှုအသစ်ကို ၂၀၂၁ခုနှစ် ဒီဇင်ဘာအထိ ရည်မှန်းထားသည်။ |

| | | |
|---|---|---|
| ၁၅ | **မြန်မာ့အပူပိုင်းဇုန်တွင် အသက်မွေးမှု၊ ရိက္ခာဖူလုံမှု၊ ကျန်းမာရေးတို့ အတွက် ရေစီမံခန့်ခွဲမှုကို တိုးတက်စေခြင်း**<br><br>International Water Management Institute | **တာဝန်။** အမျိုးသားမဟာဗျူဟာ၊ အလှူရှင်တို့၏ ရင်းနှီးမြှုပ်နှံမှုတို့နှင့် စပ်လျဉ်းသော ဆုံးဖြတ်ချက်တို့ကို ချမှတ်ရာတွင် အစိုးရအရာရှိများနှင့် ဖွံ့ဖြိုးရေးအဖွဲ့များက အသုံးပြုရန် အထောက်အထားအခြေပြု သုတေသနကို ဆောင်ရွက်ရန်<br><br>မြန်မာ့အပူပိုင်းဇုန်၏ ရေအရင်းအမြစ်တို့ကို သုံးသပ်ရန် ရေရနိုင်မှု၊ လက်လှမ်းမီမှု၊ စီမံခန့်ခွဲမှု တို့နှင့် စပ်လျဉ်းသော အဓိကကိစ္စရပ်များကို အကဲဖြတ်ရန်<br><br>ဒေသရပ်ရွာလူထု၏ အသက်မွေးမှုနှင့် ရိက္ခာဖူလုံမှုတိုးတက်စေမည့် ရေစီမံခန့်ခွဲမှုကို ရင်းနှီးမြှုပ်နှံရမည့် ဦးစားပေးနယ်မြေတို့ကို ဖော်ထုတ်ခြင်း<br><br>**နည်းလမ်း။** (၁) အပူပိုင်းဇုန်ရှိ ရေအရင်းအမြစ်များနှင့်သက်ဆိုင်သော လက်ရှိသတင်း အချက်အလက်များ ထုတ်ဝေပြီးစာရွက်စာတမ်းများကို သုံးသပ်လေ့လာခြင်း၊ (၂) NGO များအပါအဝင် ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ အစိုးရဌာနများနှင့် အပူပိုင်းဇုန်ကျေးရွာများ ရေစီမံကိန်းများအကြောင်း ဆွေးနွေးခြင်း၊ (၃) ကျေးရွာအဆင့်စစ်တမ်း<br><br>**အဓိကတွေ့ရှိချက်များ။** အပူပိုင်းဇုန်၏ ပတ်ဝန်းကျင်နေအထား၊ စိုက်ပျိုးရေးစနစ်၊ ရေ လက်လှမ်းမီမှု၊ ဆည်မြောင်းစနစ်တို့မှာ အမျိုးမျိုးရှိသောကြောင့် လွှမ်းခြုံထားသော တစ်ခုတည်းသော ဖြေရှင်းချက်ထက် လိုအပ်ချက်ကိုလိုက်၍ သီးခြားစီ ဆောင်ရွက်ရမည်ကို ဤအစီရင်ခံစာက အသိအမှတ်ပြုပါသည်။<br><br>ဆည်ရေပေးရေးစနစ်သည် ဝင်ငွေနှင့် အသက်မွေးမှုကို သက်ရောက်မှုရှိကြောင်းနှင့် အပူပိုင်းဇုန်တွင် စိုက်ပျိုးရေ စီမံခန့်ခွဲမှုအတွက် ရင်းနှီးမြှုပ်နှံရန်အတွက် အောက်ပါ အဓိကအချက် ၅ချက် ကို ပိုမိုသိရှိရန် လိုအပ်ကြောင်း ဤလေ့လာချက်က တွေ့ရှိခဲ့ပါ သည်_<br><br>- တရားဝင်ဆည်မြောင်းစနစ်သည် စွမ်းဆောင်ရည်နိမ့်ကျနေကြောင်း<br>- မြေအောက်ရေသည် အချက်အခြာကျသော်လည်း အကန့်အသတ်ရှိ ကြောင်း<br>- အငယ်စား ရေစီမံခန့်ခွဲမှုနည်းပညာများသည် အကျိုးရှိကြောင်း<br>- မြေဆီလွှာနှင့်ရေ ထိန်းသိမ်းရေးကို အရေးယူဆောင်ရွက်ရန် လိုအပ် ကြောင်း<br>- ရေအရင်းအမြစ်တို့ကို စီမံခန့်ခွဲရန် သတင်းအချက်အလက်လိုအပ်နေသေး ကြောင်း<br><br>ထောက်ခံတင်ပြချက်များ<br><br>ရေနှင့်ပတ်သက်သည့် ထိရောက်သော အချက်အလက် စီမံခန့်ခွဲရေးစနစ်တစ်ခု ချက်ချင်း လိုအပ်နေသည်။ ယင်းတွင် ခေတ်ပြိုင် စောင့်ကြည့်ရေးကွန်ရက်များ၊ သင့်လျော်သော အချက်အလက် ကောက်ယူမှု နည်းစနစ်များ၊ ခေတ်မီ၍ လက်လှမ်းမီသော ဒေတာဘေ့စ်နှင့် သုံးသပ်မည့် နည်းကိရိယာများ ပါဝင်ရမည်။ အထူးသဖြင့် မြေအောက်ရေအရင်းအမြစ် စီမံခန့်ခွဲရေးအတွက် အရေးကြီးပြီး ချက်ချင်းလိုအပ်နေသည်။ အရင်းအမြစ်ရှိ၊ မရှိ မစိစစ်ဘဲ မြေအောက်ရေ ထုတ်ယူပါက အလွန်အကျွံ ထုတ်ယူခြင်း၊ ရေတွင်း တည်နေရာ မသင့်လျော်ခြင်းတို့ကြောင့် အရင်းအနှီးများ ဆုံးရှုံးရဖွယ်ရှိသည်။ |

| | | |
|---|---|---|
| ၁၆ | **IRRIစီမံချက် ၂ခု၏ အပြီးသတ် အကဲဖြတ်ချက်** | **တာဝန်။** ဤအစီရင်ခံစာသည် ၂၀၁၁ခုနှစ်နှင့် ၂၀၁၅ခုနှစ်အတွင်း အကောင်အထည်ဖော်ခဲ့သော တစ်ခုနှင့်တစ်ခု ဆက်စပ်မှု အလွန်နီးကပ်သည့် LIFTအထောက်အပံ့ခံ စီမံချက်၂ခုတို့၏ အပြီးသတ် အကဲဖြတ်ချက်ကို တင်ပြထားသည်။ အကဲဖြတ်ရာတွင် စီမံချက်၏ ယုတ္တိဗေဒ မူဘောင် နှင့် LIFT၏ ယုတ္တိဗေဒမူဘောင်တို့ကို အခြေခံကာ စီမံကိန်း၏ အကျိုးရလဒ်တို့ကို သုံးသပ်ရန်ဖြစ်သည်။ အသက်မွေးမှုကိစ္စများကို အခြေခံသော အကဲဖြတ်မှု၏ ရည်မှန်းချက်တို့မှာ_<br><br>- စီမံချက်ဆောင်ရွက်မှုတို့၏ ရလဒ်များကို ရည်မှန်းထားသောရလဒ်၊ ရည်မှန်းချက်တို့နှင့် ယှဉ်ကာ လွတ်လပ်စွာ သုံးသပ်ရန်<br>- အကောင်အထည်ဖော်မှု၊ စီမံခန့်ခွဲခြင်း၊ အဟန့်အတားနှင့် အခက်အခဲတို့ ကို စီမံခန့်ခွဲမှု တို့ကို လွတ်လပ်စွာသုံးသပ်ရန်<br>- မည်သည့် အပြောင်းအလဲဖြစ်ပေါ်သည် (အကျိုးရှိ/အကျိုးမဲ့)၊ စီမံချက် ကြောင့် မည်သည့် အတိုင်းအတာအထိ ထိုသို့ ဖြစ်ပျက်သည်၊ မည်မျှ တာရှည်ခံသည်တို့ကို ဖော်ထုတ်ရန်နှင့် ရှင်းပြရန်<br>- ဖြန့်ဖြူးမှုစရိတ်နှင့် အထောက်အပံ့များ အပါအဝင်၊ ရင်းနှီးမြှုပ်နှံမှုများ၊ ဆက်စပ်နေသော လုပ်ဆောင်ချက်များတို့အရ ရရှိပြီးသော သို့မဟုတ် နောင်မှ ရလာမည့် ငွေကြေးကုန်ကျရကျိုးနပ်မှုကို သုံးသပ်ရန်၊<br><br>**နည်းလမ်း။** 'မြစ်ဝကျွန်းပေါ်ဒေသအောက်ပိုင်းရှိ ဆန်စပါးအခြေခံကျေးလက်အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမှုကို တိုးတက်ကောင်းမွန်စေခြင်း' သို့မဟုတ် 'IRRI A' စီမံချက်တွင် (၁) တောင်သူတို့၏ သီးနှံထွက်နှုန်းနှင့် ဝင်ငွေကို တိုးတက်စေမည့် တိုးတက်ကောင်းမွန်သော မျိုးစပါးနှင့် စိုက်နည်း (ရိတ်သိမ်းချိန်လွန် အပါအဝင်)ကို ဖော်ထုတ်ရန် ပူးပေါင်းပါဝင်သော သုတေသနနှင့် သရုပ်ပြခြင်းကို ဆောင်ရွက်ခြင်း(၂) ပညာပေးရေး/မျိုးစေ့ဖြန့်ဖြူးရေး စီးဆင်းမှု ကောင်းမွန်စေရန် မိတ်ဖက် NGOများနှင့် DOA၊DARတို့မှ ဝန်ထမ်းတို့ကို စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း၊ 'ဆန်စပါး စိုက်ပျိုးရေးပတ်ဝန်းကျင်တွင် အသက်မွေးဝမ်းကျောင်းမှု တိုးတက်စေရန်၊ အဆုံးအရှုံး လျှော့ချရေး' သို့မဟုတ် 'IRRI B' စီမံချက်ကိုလည်း ဤချဉ်းကပ်နည်းအတိုင်း အပူပိုင်းဇုန်တွင် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် သုတေသနအတွက် ဦးတည်ရွေးချယ်ရန် နှင့် နောက်ကြောင်းလိုက်ရန်၊ ပညာပေးလုပ်ငန်းများတွင် သုံးစွဲရန် ဂြိုဟ်တုပုံရိပ်များဖြင့် GISနည်းပညာကို သုံးကာ ထောက်ခံ တင်ပြမည့် နယ်မြေမြေပုံများကို ရေးဆွဲခဲ့သည်။<br><br>**အဓိကတွေ့ရှိချက်များ။** IRRI A(မြစ်ဝကျွန်းပေါ်)ကိုရော IRRI B(အပူပိုင်းဇုန်နှင့် မြစ်ဝကျွန်းပေါ်) ကိုပါ ကောင်းမွန်စွာ အကောင်အထည်ဖော်ပြီး အောင်မြင်မှုများ ရှိသည်။ သီးခြားစီမံချက်များ ဖြစ်သော်လည်း နစ်လမ်းသွား ချဉ်းကပ်နည်းကို အသုံးပြုထားသည်။ ပူးပေါင်း ပါဝင်သော သုတေသနနှင့် သရုပ်ပြခြင်းတို့ဖြင့် တောင်သူတို့ စပါးသီးထွက် တိုးလာစေရန်နှင့် ဝင်ငွေ တိုးစေရန်၊ပညာပေးရေး စွမ်းရည်တိုးစေရန် ဆောင်ရွက်ခဲ့သည်။ IRRI B စီမံချက်တွင် သုတေသနအတွက်ဦးတည် ရွေးချယ်ရန် နှင့် နောက်ကြောင်းလိုက်ရန်၊ ပညာပေးလုပ်ငန်းများတွင် သုံးစွဲရန် ဂြိုဟ်တု ပုံရိပ်များဖြင့် GISနည်းပညာကို သုံးကာ ထောက်ခံတင်ပြမည့် နယ်မြေဒေသ မြေပုံများကို ရေးဆွဲခဲ့သည်။ IRRI Bကို IRRI A ဆောင်ရွက်ပြီး လအနည်းငယ်ကြာမှ ဆောင်ရွက်ခဲ့သော်လည်း ယင်းတို့သည် ပူးပေါင်းဆောင်ရွက်ကြပြီး အပြီးသတ် အလုပ်ရုံ ဆွေးနွေးပွဲများကို ကျင်းပခဲ့ကြသည် (IRRI Aက ၂၀၁၅ခုနှစ် စက်တင်ဘာလတွင်၊ IRRI Bက နိုဝင်ဘာလတွင်ဖြစ်သည်)<br><br>ထောက်ခံတင်ပြချက်များ_<br><br>- LIFTသည် IRRIကို ပင်မအကောင်အထည်ဖော်သူအဖြစ် နောက်ဆက်တွဲ စီမံချက်များတွင် ထောက်ပံ့သင့်သည်<br>- LIFTသည် DOA, DARနှင့် ဝန်ကြီးဌာနတို့၏ စနစ်များနှင့်စွမ်းဆောင်ရည် တို့ကို လက်တွေ့သင်ကြားပေးသင့်သည်<br>- LIFTသည် အထောက်အပံ့ခံမိတ်ဖက်အဖွဲ့တို့ကို အဆင့်မြင့်မျိုးစေ့ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုတို့ကို ဆောင်ရွက်ရန် အားပေးသင့်သည်<br>- သက်တမ်း၂နှစ်ထက်ကျော်သော စီမံချက်တိုင်း သက်တမ်းဝက်သုံးသပ်မှု ပြုသင့်သည်။ လိုအပ်ချက်အရ သုံးသပ်မှု အတိမ်အနက်ကို ညှိနှိုင်းရပေမည် |

**အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ**

UNOPS ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး

အမှတ် ၁၂ (အို)၊ ပြည်သူ့လမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်

ဖုန်း ။ ။ ၀၁ - ၆၅၇ ၂၈၀~၇၊ ဖက်စ် ၀၁ - ၆၅၇ ၂၇၉

အီးမေးလ် ။ ။ lift@unops.org

lift-fund.org | facebook.com/liftfund| twitter.com/liftfund

LIFT ကို UNOPS မှ စီမံခန့်ခွဲသည်